www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၉၅-ခုနှစ်၊ ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်
ဒီဒီး(နိုကွန်) စိစစ်တည်းဖြတ်သည့်

# ဂန္ဓာရ
မဂ္ဂဇင်း

**အကြံပေး**
ဦးစိန်မျိုးမြင့်
ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**
မောင်မောင်လတ်

အမှတ်(၂၆၈)၊ ၂၀၁၇ နိုဝင်ဘာလ

၆။ ဗိုလ်တာထောင် ကိုဦး
သမိုင်းဝင် ဆုတောင်းပြည့်
ဆံတော်ရှင် ရွှေစာရံစေတီတော်
၁၆။ ဌေးသစ္စာ(ပညာရေး)
ထူးမြတ်ထွတ်ခေါင် မယ်လွင်တောင်သို့တစ်ခေါက်
၂၀။ မောင်မြေသင်း(ကသာ)
ကဏ္ဍူမွေတော် ဓာတ်မြတ်ကျော်



၂၆။ မောင်ထည်ဝါ(ပျော်ဘွယ်)
မိဘကျေးဇူးဆပ် ခေါင်းလောင်းအလှူတော်
၃၂။ မြမဉ္ဇူဝေ(ကျုံမငေး)
ဗုဒ္ဓဘုရားရှင်၏ ကြည်ညိုဖွယ်ရာ
မုဒြာဟန်များနှင့် မှတ်သားဖွယ်ရာ မုဒြာဟန်များ
၄၂။ နန္ဒာမိုးကြယ်
ညတစ်ည၏ အနားသတ်မျဉ်း
၄၈။ ကိုရွှေမြသန်း
အနော်ရထာမင်းအား သိကြားမင်းပေးသော
အိပ်မက်များနှင့် ရှင်အရဟံပေးသည့်
ဂါထာမန္တန်တော်
၅၆။ ကိုမောင်သန်းဝင်း
စိပ်ပုတီးဟူသည်
၆၄။ ဓမ္မဃောသက အရှင်သြဘာသ
နောင်တရှင်းတမ်း
၆၈။ ထက်ဘုန်းလူ
ဒါနကထာ(၅)
၇၂။ မောင်ဉာဏ်စိန်
သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်
၇၆။ မျိုးချစ်နွယ်(စလင်း)
နွားခွေ့သော်ငြား ဒွန်းစဏ္ဍား လားရာသုကတိ
၇၉။ ရန်နိုင်
လူနှစ်ယောက် ပုံပြင်က ပေးသော အတွေး
၈၂။ ရွှေတာလေး(လွယ်လင်)
အခိဋ္ဌာန်ပြု ကျင့်ကြံအားထုတ်သူများ
သတိထားဖွယ်ရာ အလှည့်ကြီး(၆)မျိုး
၈၆။ ဖိုးခေါင်းသား
ဘိုးဝါယမ
၉၄။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဖူးပွင့်ဝေဖြာ ဗုဒ္ဓသာသနာတော်





www.burmeseclassic.com

www.burmeseclassic.com

၁၀၀။ ကိုကိုလတ်(ဆည်မြောင်း)
ရေလက်ကြား၊ ဆင်အောင်းမသားနှင့်
ဗုဒ္ဓကျမ်းဂန်လာ အောင်းသတ္တဝါ
၁၀၄။ ပုရောဟိတ် ဆရာဦးမြတ်စံ
သဗ္ဗသျှိုပီယ(ကရဝိက်ငှက်) လက်ဖွဲ့အစီအရင်
၁၀၇။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
အကြွေးပူကိစ္စဟူသမျှ အေးစေလိုက
ခာတ်ယတြာချေကြ
၁၁၀။ သာထက်ဇော်(မကွေး)
နိမိတ်အကြောင်း လေ့လာကြည့်ရာဝယ်
၁၁၄။ မောင်ဝဏ္ဏ(IC)
သချာဗေဒဖြင့် လူတစ်ယောက်၏
စိတ်နေစိတ်ထားကို ကြိုတင်သိမြင်ခြင်း
၁၂၀။ မင်းနေထွန်း(ကန့်ဘလူ)
သောင်လည်းထွန်း ကမ်းပါးစွန်းလည်းပြို
၁၂၃။ ဦးကိုကိုကြီး(စစ်ဆေးရေး)
အတိတ်၊ နိမိတ်နှင့် ယတြာ
၁၂၈။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၃၄။ ဘုန်းမြတ်မင်း
သမ္မတထရန့်ကို စိန်ခေါ်ဝံ့သော မဟာရာဇယုဂ်
၁၃၈။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ



၁၄၄။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လဂ်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၄၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၅၂။ ဆရာကံထူး(ဝေဒသုတေသီ)
ကံထူးနှင့် ကံအောင်





www.burmeseclassic.com

www.burmeseclassic.com

၁၅၈။ ဆရာကံထူး(ဝေဒသုတေသီ)
ကျောင်းသားကျောင်းသူ ဗေဒင်ကူ
၁၆၄။ ဆရာရန်အောင်ဟိန်း(B.Sc)
ရေတွင်းထဲသို့ကျ သေဆုံးရသော ဓာတာနှင့် ကေ.ပီစနစ် အယူအဆ
၁၆၈။ ဟိန်း(ဘူမိ)
ဂေါ်ဖီထုပ်မိသားစုဝင်များ၏ ကုသပေးနိုင်သော စွမ်းအားများ
၁၇၂။ ဆရာဦးသီဟ(တိုင်းရင်းဆေး)
ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါ ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ
၁၇၄။ ရဲမြတ်တင်
ရိုးသားမိလေခြင်း
၁၈၀။ စိုးယဉ်ထွန်း
ပဝါတစ်ထည်၏ ဂမ္ဘီရ
၁၈၈။ မောင်လှ
မြေအ
၁၉၂။ ဖိုးကျော့
မုန်တိုင်းခေါ်၍ စွယ်တော်ဖူးခဲ့ရခြင်း
၂၀၂။ ချစ်မင်းသူ
လောကဝဋ်ငရဲ
၂၀၈။ ညိုရောင်
နတ်ဆိုင်းမတီးရတဲ့ရွာ
၂၁၈။ ဂါဦးနွန်းကို
အပြုစားသန်သူ
၂၂၄။ ဒါရိုက်တာမျိုးဇော်အောင်
ဝံပုလွေအော်သံ
၂၃၈။ ကျော်မင်းညွန့်(လှည်းကူး)
ကိုယ်တွေ့ သရဲခြောက်ခံရခြင်း
၂၄၄။ ကောင်းသော်
မာယာရှင် သရဲမ
၂၄၉။ မျိုးကြီး(အမရဋ္ဌာနေ)
ကာလဝိဘက် နှောက်ပိုးတက်ချိန်
၂၅၂။ တစ်မိုးအောက်
ခေါင်းပျဉ်ထဲက ဆူးတစ်ချောင်း
၂၅၆။ ဝန်းရံခ
အစကတော့ လူဆို
၂၆၅။ ပန်းတနော် နောင်လတ်
တစ်ချက်လွှတ်
၂၇၀။ ရှင်ထွေးအောင်
မြေလျှောက်ဝိဇ္ဇာကြီး အုန်းဆီသည်
၂၇၅။ သိန်းထွန်းသစ်
အဘခေါင် တန်ခိုးဖြင့် ဘုရားတည်ရသူ
၂၈၂။ မင်းသန့်ကျော်(ဒီးကုန်း)
စုန်းမီးတောက်နှင့် ငါးခြောက်အပင်း
၂၈၈။ မြင်သာ သောင်းတင်
မြွေဟောက်ကို ထိပ်ပုတ်ကစားလို့ အမြတ်ထုတ်တဲ့ ဖိုးရှပ်
၃၀၀။ မင်းဟိန်းထိ်
နွားအိုကြီးနှင့် ကျားအိုကြီးတို့ အကြောင်း



**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေမြင့်
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း၊ ဇော်လွင်
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အငြေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
**အယ်ဒီတာအဖွဲ့ရုံး** ✻ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၉၄၉ ၊ ၀၉၂၆၀၀၈၅၈၆၀



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့် ဆံတော်ရှင် ရွှေစာရံစေတီတော်

မာပြည်သား နှစ်ဦးက ဘုရားရှင်ကို ဦးစွာဖူးမြော် ရခြင်း၊

(၂) ဘုရားရှင်အား ဦးစွာဆွမ်းကပ်လှူ ပူဇော်ခွင့်ရခြင်း၊

(၃) ဗုဒ္ဓဘာသာအစ သရဏဂုံသီလကို ဦးစွာနာယူခွင့် ရခြင်း၊

(၄) ဗုဒ္ဓံ ဓမ္မံ သရဏံ ဂစ္ဆာမိဟု ဦးစွာသရဏဂုံ တည် ရခြင်း၊

(၅) ဗုဒ္ဓ၏ ဆံတော်မြတ်ရှစ်ဆူကို ဦးစွာရရှိတော်မူခြင်း၊

(၆) ဆံတော်မြတ်ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်ကို ဦးစွာတည်ထားကိုးကွယ်ခွင့် ရရှိတော်မူခြင်းဟူသော အဦးခြောက်ပါး ဖြစ်ပါသည်။

တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓ ဆံတော်မြတ်ရှစ်ဆူအား ပင့်ဆောင်လာစဉ်က ဒလ-အုံ ကြီးနယ်၊ ဆပုကန်(၁၂)ရွာ တောကြီးတန်းတစ်လျှောက်ရှိ ပင်လယ်ကမ်းစပ်ကျေးရွာတို့သည် ဆံတော်များကို ကြိုဆို ပူဇော်ကြရ၍ ဆံတော်ကြိုစေတီများကိုလည်း တည်ထား ခဲ့ကြလေ၏။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ တပေါင်းလပြည့်နေ့၌ ဥက္ကလာပမင်းကြီးသည် ကုန်သည်ညီနောင်ထံမှ ရရှိသော

# သမိုင်းဝင် ဆုတောင်းပြည့်
# ဆံတော်ရှင် ရွှေစာရံစေတီတော်

ဗိုလ်တထောင်ကိုဦး

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့တွင် မြန်မာပြည်သား မြန်မာလူမျိုး နှစ်ဦးဖြစ်သော ဥက္ကလာပတိုင်း၊ ပေါက္ခရဝတီမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်သည် ဂေါတမမြတ်စွာဘုရား ရှင်အား ဘုရားဖြစ်တော်မူပြီးစ (၄၉)ရက်ကာလ၌ ဦးဆုံး ဖူးမြော်ခွင့် ရခဲ့လေ၏။ မြန်မာပြည်သည် ဗုဒ္ဓဘာသာ သာသနာကို ဦးစွာရရှိခဲ့သော နိုင်ငံလည်း ဖြစ်ပေ၏။ ဗုဒ္ဓသာသနာ ဦးစွာရောက်ရှိခဲ့သော မြန်မာပြည်သည် အဦး ခြောက်ပါးကိုရရှိ၍ ပြည်ဦးပြည်ထူးဟု ခေါ်ဆိုချင်ပါ သည်။

အဦးခြောက်ပါးမှာ-

(၁) ဤဘဒ္ဒကမ္ဘာတွင်ရှိသော လူသားအားလုံးတွင် မြန်

ဗုဒ္ဓဆံတော်မြတ်ကို ဌာပနာထည့်သွင်းကာ ရွှေတိဂုံစေတီ တော်မြတ်ကြီးကို တည်ထားကိုးကွယ် ပူဇော်ခဲ့လေ၏။

သုဝဏ္ဏဘူမိသထုံမင်း၏ ဘဝဟောင်းက ညီနောင် တော်စပ်ဖူးသော ရဟန္တာအရှင်မြတ် ဂဝံပတိမထေရ်၏ ပင့်လျှောက်မှုကြောင့် ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် (၁၁၁)ခုနှစ်တွင် နောက်ပါရဟန္တာများနှင့်အတူ ရာမည တိုင်း၊ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွချီရောက်ရှိခဲ့၏။ ဗုဒ္ဓ၏ တရားတော်မြတ်ကို နာကြားခွင့်ရသော မင်းကြီးနှင့် တကွ ဆွေတော်မျိုးတော်များ၊ မှူးမတ်များ၊ ပြည်သူပြည် သားများနှင့်အတူ ရောက်လာကြကုန်သော ရသေ့အပေါင်း တို့သည် သရဏဂုံသီလ၌ တည်ကုန်၏။

ဗုဒ္ဓမြတ်စွာအား ဖူးမြော်ရန်အတွက် သီဟဒီပကျွန်း



www.burmeseclassic.com

www.burmeseclassic.com


ဥတ္တရဂံကုန်းနေ ရသေ့ခေါက်ခေါ် တိဿရသေ့ကြီးမှ ဦးဆောင်ကာ နောက်ပါရသေ့များသည် ဖူးမြော်ရောက်ရှိခဲ့၏။ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုခွင့်ရသော ရသေ့တို့သည် ဗုဒ္ဓ၏ကိုယ်စား ကိုယ်ပွားပူဇော်ရန် ဆံတော်မြတ်ကို ရရှိခဲ့ကြလေ၏။

ထိုအချိန်က တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်၏ ဇာတိဖြစ်သော ပေါက္ခရဝတီမြို့ မြောက်အရပ်ဒေသတွင် မိုင်းသူရှာ ရှိလေ၏။ မြစ်ကမ်းနားနှင့်နီး၍ ချုံနွယ်ထူထပ်သောဒေသ ဖြစ်၏။ ယခု ဒလမြို့ဟု ခေါ်တွင်နေသော အရပ်သည် ထိုစဉ်အခါက မိုင်းသူရှာ ဖြစ်ခဲ့၏။


မိုင်းသူရှာ၌ သီတင်းသုံးနေထိုင်သော ဒလဒီပရသေ့သည် မြတ်စွာဘုရားရှင်အား သွားရောက်ဖူးမြော်ကြည်ညိုခွင့် မရခဲ့သောကြောင့် ဘုရားရှင်ကိုယ်စား ကိုးကွယ်ရာတစ်စုံတစ်ရာ ရရှိခဲ့ပါမူ ကောင်းလေစွဟု နှလုံးသွင်းကာ မြစ်ကမ်းခြေသောင်စပ်တစ်နေရာ၌ မြတ်ဘုရားကို အာရုံပြုကာ နေလေ၏။

ဗုဒ္ဓမြတ်စွာသည် နောက်ပါ ရဟန္တာများနှင့်အတူ သုဝဏ္ဏဘူမိ သထုံပြည်မှ မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွခဲ့ရာ ဒလဒီပရသေ့၏ အာရုံညွတ်မှုကို သိရှိတော်မူလေသဖြင့် ထိုရသေ့၏ ရှေ့တော်မှောက်မှာပင် မြတ်စွာသခင်၏ အရိပ်တော်ကို ထင်စေခဲ့၏။ ဒလဒီပရသေ့သည် မြတ်စွာဘုရား၏ အရိပ်တော်ကို ကြည်ညိုသဖြင့် ပွားများကာ ကောင်းကင်သို့ မော့ကြည့်လေသောအခါ ဗုဒ္ဓမြတ်စွာကို ကိုယ်တော်တိုင် ဖူးမြော်ခွင့်ရရှိရုံမှမက နောက်ပါ ရဟန္တာများကိုလည်း ဖူးမြော်ကြည်ညိုခွင့် ရရှိလေ၏။

ဒလဒီပရသေ့သည် ဗုဒ္ဓမြတ်စွာအားလည်းကောင်း၊ နောက်ပါရဟန္တာများအားလည်းကောင်း၊ မြစ်ကမ်းခြေ သောင်စပ်၌ ထင်ရှားသော ဗုဒ္ဓ၏ အရိပ်တော်အားလည်းကောင်း အကြိမ်ကြိမ် ဖူးမြော်ကြည်ညိုရင်း ကျန်ရစ်ခဲ့ရလေ၏။ ဒလဒီပရသေ့သည် ဗုဒ္ဓမြတ်စွာ၏ အရိပ်တော် ထင်ရှားရာ မြစ်ကမ်းခြေသောင်စပ်နေရာ၌ သဲပုံစေတီ အမှတ်အသားပြု၍ ကြည်ညိုပူဇော်ခဲ့၏။ သဲပုံစေတီကိုလည်း ကျိုက်ဆာယာဟု ဘွဲ့မည်ပေးကာ သတ်မှတ်ပူဇော်ခဲ့လေသည်။ (ကျိုက်-ဘုရား၊ ဆာယာ-အရိပ်၊ ဘုရားအရိပ်တော်ထင်ရာစေတီဟု အဓိပ္ပာယ်ရလေသည်။)




ရွှေစာပြန်စေတီ (ခေါ်) နောင်တော်ကြီးစေတီ



စေတီတော်အဝင်မုခ်ဦးဝ

www.burmeseclassic.com



ဗုဒ္ဓဟူးထောင့်ရှိ အရံစေတီတော်



တောင်းတိုင်းပြည့် မြတ်စွာဘုရားကြေးသွန်းရုပ်ပွားတော်

__ဆံတော်ဓာတ်တော်များ သီဟဒီပကျွန်းသို့ ရောက်ရှိလာခြင်း__

ဂေါတမမြတ်စွာသည် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက် သာသနာနှစ်(၂၃၅)ခုနှစ်တွင် အိန္ဒိယပြည်၌ သီရိ ဓမ္မာသောက(အသောက)မင်းကြီးနှင့် အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်တို့ ဦးဆောင်ကာ ပါဋလိပုတ်ပြည်တွင် တတိယသင်္ဂါယနာ တင်တော်မူခဲ့လေသည်။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ တပည့်ရဟန္တာ များသည် ဆရာသခင်၏ ညွှန်ကြားမှုကြောင့် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုခရီး သွားရောက်ကြရာ အရှင် သောဏနှင့် အရှင်ဥတ္တရတို့ ဦးဆောင်သော သာသနာပြု အဖွဲ့သည် ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ရောက်ရှိခဲ့၏။ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်ကြောင့် မြတ် ဗုဒ္ဓသာသနာသည် ဇမ္ဗူဒီပါကျွန်းလုံးအနှံ့ ရောက်ရှိပျံ့နှံ့ ခဲ့လေ၏။

သာသနာနှစ်(၂၃၆)ခုနှစ်တွင် သီရိဓမ္မာသောကမင်း ကြီးသည် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ အား သီဟိုဠ်ပြည်သို့ စေလွှတ်ကာ သာသနာပြုစေခဲ့သည်။ ထိုစဉ်က သီဟိုဠ်ပြည်၌ ဒေဝါနံပီယတိဿ မင်းပြုနေချိန် ဖြစ်၏။ သားတော် မဟိန္ဒသည် ရဟန်းဘောင်သို့ ဝင် ရောက်၍ ရဟန်းဖြစ်သည်နှင့် ရဟန္တာဖြစ်ခဲ့ရ၏။ သမီး တော် သင်္ဃမိတ္တာသည်လည်း သာသနာတော်အတွင်း ဝင် ရောက်၍ ဘိက္ခုနီရဟန်းမဖြစ်ပြီး (၁၅)ရက်ပြည့်မြောက် သည့်နေ့တွင် ရဟန္တာမ ဖြစ်သွားလေ၏။

ရဟန္တာအရှင်မြတ် မဟိန္ဒမထေရ် သီဟိုဠ်ပြည်ရောက် ရှိ၍ သုံးနှစ်ခန့်အကြာ သာသနာနှစ်(၂၃၉)ခုနှစ်တွင် သီ ဟိုဠ်၌ ကြောက်မက်ဖွယ်ရေဘေး အကြီးအကျယ် ကြုံ တွေ့၍ ပြည်သူတို့ ဒုက္ခရောက်ခဲ့ရလေ၏။

ဗုဒ္ဓမြတ်စွာ၏ ဗျာဒိတ်အတိုင်း ရေဘေးဒဏ်မှ ကာ ကွယ်နိုင်ရန် တန်ခိုးကြီးသော ဝေပုလ္လတောင်မှ ပတ္တမြား ရတနာကို တောင်းခံနိုင်ရန် အရှင်ယသ၊ အရှင်သုစိ အမှူး ပြုသော ရဟန္တာရှစ်ပါးတို့အား ဓာတ်တော်(၃၂)ဆူ၊ ဆံ တော်(၁၆)ဆူတို့နှင့်တကွ သုဝဏ္ဏဘူမိသို့ စေလွှတ်တော် မူခဲ့သည်။ သုဝဏ္ဏဘူမိသထုံမင်းက ပတ္တမြားရတနာသည်



www.burmeseclassic.com

www.burmeseclassic.com

မူလပိုင်ရှင် သီဟဒီပကျွန်း၌ ရှိနေကြောင်း ပြောပြသဖြင့် ရဟန္တာအရှင်မြတ် ရှစ်ပါးသည် သီဟဒီပကျွန်းသို့ ရောက်ရှိလာလေ၏။

ရဟန္တာအရှင်မြတ်တို့သည် သီဟဒီပကျွန်း(သန်လျင်)သို့ ရောက်ရှိလာကြပြီးနောက် သီဟဒီပမင်းအား သီဟိုဠ်မှ ဒေဝါနံပီယတိဿမင်းကြီး အပ်နှင်းလိုက်သည့် ဓမ္မလက်ဆောင်ဖြစ်သော ဆံတော်ဓာတ်တော်များကို ပေးအပ်ကာ မိမိတို့အလိုရှိသော ဝေပုလ္လပတ္တမြားရတနာကို အပ်နှင်းပါရန်နှင့် သီဟိုဠ်ပြည် ရဟန်းတော်တို့ ကြုံတွေ့နေရပုံကို ပြောပြလေ၏။ သီဟဒီပမင်းလည်း ဝေပုလ္လပတ္တမြားရတနာကို ရဟန္တာတို့အား ပေးအပ်လျက် အရှင်မြတ်တို့သည်လည်း သီဟဒီပကျွန်းသို့ တစ်ဖန်လာရောက်၍ သာသနာပြုပါရန် လျှောက်ထားရာ ရဟန္တာအရှင်မြတ်တို့ကလည်း ကောင်းပြီဟု ဝန်ခံကတိပြုတော်မူလေ၏။

## ကျိုက်ဆာယာမှ ရွှေစာရံစေတီ တည်လေပြီ

ရဟန္တာအရှင်မြတ်တို့သည် ကတိစကားအတိုင်း သီဟဒီပသို့ တစ်ဖန်ကြွရောက်၍ သာသနာပြုရန် ရောက်ရှိလာကြ၏။ သီဟဒီပမင်းသည် ရဟန္တာတို့ထံမှ ရရှိသော ဆံတော်ဓာတ်တော်တို့ဖြင့် စေတီပေါင်း(၁၁)ဆူနှင့် သိမ်တော်ကြီး(၉)လုံးကို ဒါယကာပြုကာ တည်တော်မူလေ၏။

ရသေ့ကြီး(၄၀)ထံမှ နောက်ထပ်ရရှိသော ဆံတော်များဖြင့် ဒဂုံ၊ ဒလ၊ ပဲခူး၊ ဟံသာဝတီ၊ သန်လျင် ဒေသတို့၌ စေတီတော်(၃၆)ဆူ တည်ထားခဲ့သည်။ အပြန်ခရီးတွင် ရခင်ဘုရားအရိပ်တော် ထင်ရာဒေသသို့ ရောက်ရှိစဉ် မင်းကြီးသည် အိပ်မက်မြင်တော်မူ၏။ ဤအရပ်ဒေသတွင် သာသနာတည်မည် ကေန်အမှန်ဖြစ်ပါက ထင်ရှားသော ထိတ်ပြပါစေသတည်းဟု စိဋ္ဌာန်ပြုလိုက်သည်နှင့် တော်တည်းသံကြီးနှင့်အတူ ကြီးစွာလျှင်လျှပ်ခတ်ရာ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်း၍ လူ့ပြည်သို့ ဆင်းသက်လာပြီး ဘုရားရှင်အရိပ်တော် ထင်ရှားပြသရာ နေရာနှင့် ဓာတ်တော်တည်ရာဖြစ်ကြောင်း ညွှန်ပြပြောဆို သဖြင့် မင်းကြီးသည် ဗုဒ္ဓဆံတော်ရှင် သုံးဆူနှင့် ဓာတ်တော်များကို ဌာပနာ၍ စေတီတော်တည်ထားတော်မူလေ သည်။ ဘဏ်တော်အမြင့် (၁၀၈)ပေရှိသော စေတီတော်ကို ကျိုက်ဆာယာမှ ဆံတော်ရှင်ရွှေစာရံစေတီဟု ဘွဲ့မည် သမုတ်တော်မူခဲ့လေသည်။

## မင်းအဆက်ဆက် ကောင်းမှုတော်စေတီ

ဟံသာဝတီဘုရင် ဗညားဦးလက်ထက်တွင် သောက်ဖျားသာမဂ္ဂလန်းဆိုသူကို လက်ခိုက်မြို့စားခန့်ကာ သံဖြတ်ဘွဲ့ကို ပေးအပ်၍ ရွှေစာရံစေတီအပါအဝင် စေတီ(၁၅)ဆူကို ပြုပြင်ခဲ့သည်။


သက္ကရာဇ်(၈၁၄)ခုနှစ်တွင် နန်းတက်သော ဘုရင်မကြီး ရှင်စောပု လက်ထက်၌ ရွှေစာရံစေတီတော်အား ရွှေသင်္ကန်း ကပ်လှူခဲ့၏။ သက္ကရာဇ်(၈၉၁)ခုနှစ်တွင် နန်းတက်သော ဓမ္မစေတီမင်းကြီးသည် ဟံသာဝတီသတ္တဌာန ပဲခူး၊ သန်လျင်၊ ဒလတွင်ရှိသည့် စေတီပုထိုးများနှင့် ရွှေစာရံစေတီတော်မြတ်ကို ပြုပြင်မွမ်းမံခဲ့၏။ တန်ဆောင်း၊ ကန်၊ သိမ်များကိုလည်း လှူဒါန်းခဲ့၏။ ဓမ္မစေတီမင်းသည် သူ့ခေတ်အခါ လောကီပညာမျိုးစုံဖြင့် စီမံထားရှိလေသည်။

သက္ကရာဇ်(၁၁၁၈)ခုနှစ်၊ ဝါဆိုလတွင် အလောင်းမင်းတရားကြီးသည် ရန်ကုန်ဆိပ်ကမ်း၌ တည်ဆောက်ခဲ့သော ရေနန်းစကြာ မဟာသင်္ဘောကြီးကို ရေချပြီးနောက် ရွှေစာရံစေတီတော်မြတ်ကို ထီးတော်တင်ခဲ့၏။ ဆင်ဖြူရှင်



သာသနာပြု မူလနာယက ဆရာတော် ဦး[illegible]

www.burmeseclassic.com



နောင်တော်ကြီးငှက်ပျောဖူးတော်အား
စေတီတည်ထားသော နောင်တော်ကြီးပြည့်စုံအောင်စေတီ

မင်း လက်ထက်၌လည်း ဒလ၌ သင်္ဘောတည်ဆောက်ခွင့်ကို ပြင်သစ်တို့အား ပေးခဲ့ပြီးနောက် စေတီတော်မြတ်ကို ထီးတော်တင်၍ ရွှေသင်္ကန်း ကပ်လှူခဲ့လေ၏။

(၁၁၇၅)ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် ရန်ကုန်နှင့် မိုင်းသူ၌ သင်္ဘောကျင်းများ တည်ဆောက်ခဲ့၏။ မိုင်းသူရွာ၌ရှိသော ရွှေစာရံစေတီတော်ကိုလည်း ရွှေသင်္ကန်း အသစ်ကပ်လှူခဲ့၏။

အလားတူ ဒလမြို့ဝန် မဟာမင်းလှရာဇာကျော်ခေါင်နှင့် သာယာဝတီမင်း၏သမီးတော် သီရိတိလောကရတနာမင်္ဂလာဒေဝီ မင်းသမီးတို့သည် စေတီတော်မြတ်၏ ကြေးထီးတော်အသစ်များ တင်လှူခြင်း၊ ရွှေသင်္ကန်း ကပ်လှူခြင်း၊ မဟာဝိဇယသိမ်တော် ဆောက်လုပ်လှူဒါန်းခဲ့လေ၏။

## ပထမကျေးဇူးတော်ရှင် ဆရာတော် ဦးပဏ္ဍိစ္စ

ပထမကျေးဇူးတော်ရှင် ဆရာတော် ဦးပဏ္ဍိစသည် မြို့မခေယျဝတီစာသင်တိုက်ကြီး၌ နှစ်ပေါင်း(၄၀)မျှကြာအောင် သီတင်းသုံးကာ ရွှေစာရံစေတီတော်မြတ်အား သာသနာပြုသွားခဲ့ပေ၏။ ဆရာတော်ကြီးလက်ထက်၌ ဒုတိယကမ္ဘာစစ်ကြီးနှင့် ကြုံတွေ့ကာ စေတီတော်မှာ ပျက်စီးခဲ့ရ၏။ ပြန်လည်ထူထောင်ရေးဝါဒကို ရှေ့တန်းတင်လျက် စေတီတော်နှင့်တကွ သာသနိကအဆောက်အအုံများကို ပြုပြင်တည်ဆောက်ခဲ့လေ၏။

စေတီတော်မြတ်အား ကြေးဖြင့်ပြုလုပ်ထားသော ထီးတော်ကို ရွှေချကာ အသစ်ပြန်လည် ဆက်ကပ်လှူဒါန်းခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်း၊ ရင်ပြင်တော်ကို ကျောက်ပြားခင်းခြင်းအပြင် ဘုရားပရိဝုဏ်အတွင်း၌ ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်ခြင်းနှင့် ရဟန္တာဂူအား အသစ်ပြန်လည်တည်ဆောက်ကာ နတ်လမ်းများ ဆောက်လုပ်ခဲ့လေ၏။

ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် လုံးဝပြိုကျသွားခဲ့သည့် ရွှေစာပုံစေတီတော် (နောင်တော်ကြီးစေတီ) ကိုလည်း အသစ်ပြန်လည်တည်ထားခဲ့လေ၏။

## နောင်တော်ကြီး ငှက်ပျောဖူးစေတီတော်

(၁၃၅၈)ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက် (၂၄-၁၂-၁၉၉၆)ရက်နေ့တွင် ဆရာတော်အရှင်ပညာဝံသမှ ဦးဆောင်ကာ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် မြေအောက်မြုပ်နေသော နောင်တော်ကြီး(ရွှေစာပုံ)စေတီ ငှက်ပျောဖူးတော်ကို ပြန်လည်ဖော်ယူလျက် စေတီတော်ပရိဝုဏ်အတွင်း ပင့်ဆောင်ပြီး စေတီတော်ပုံပေါ်အောင် အ[illegible]တေတို့ဖြင့် အချောကိုင် ပြုပြင်မွမ်းမံပြီးနောက် ကျောက်ပြားစီခြင်း၊ သံပန်းတပ်ဆင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ ဆောင်ရွက်ပြီးသောအခါ (၁၃၅၉)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ခုနစ်နေ့သားသမီးများ ကုသိုလ်တော်ဖြင့် ရွှေထီးတော်တင်လှူပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့၏။

## ဆုတောင်းပြည့် သက်တော်ရှည် သာသနာပြု အမြိုသဘိုးဘိုးကြီး


ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူ၏ ဒါယကာများဖြစ်သည့် အသက်ကြီးနတ်သား ငါးပါးရှိလေသည်။

(၁) ဒက္ခိဏနတ် (ဒက္ခိဏဘိုးဘိုးကြီး)၊
(၂) ဆူးလေနတ် (ဆူးလေဘိုးဘိုးကြီး)၊
(၃) မှော်ဘီနတ် (မှော်ဘီဘိုးဘိုးကြီး)၊
(၄) ရောဟဏီနတ် (ဗိုလ်တထောင်ဘိုးဘိုးကြီး)၊
(၅) အမြိုသနတ် (ဒလမြို့ အမြိုသဘိုးဘိုးကြီး)တို့ ဖြ



www.burmeseclassic.com

www.burmeseclassic.com



တနလ်ာဆောင့်ရှိ သာသနာ့ဗုဒ္ဓသိမ်တော်

လေသည်။

ထိုနတ်ကြီးများ၏ အသက်သည် အန္တရကပ် သုံးကပ်ခွဲစီ ရှိကြ၏။ ဒလမြို့ ရွှေစာရံစေတီပရိဝုဏ်အတွင်းရှိသော အမြိဿနတ်သည် ဘီလူးဘဝဖြစ်စဉ်က ဘုရားရှင် ကြွလာသည်ကိုမြင်၍ စားရန်အလို့ငှာ ဖမ်းဆီးရာ ဖမ်း၍မရခဲ့ပေ။ ဘုရားရှင်၏ တရားစကားနာကြားရပြီးနောက် သတိသံဝေဂရကာ ဘီလူးစွယ်တို့ ကျွတ်ခဲ့ရ၏။ ဘုရားရှင်သည် တရားဟောဆုံးမပြီး သရဏဂုံပဥ္စသီလ ချီးမြှင့်တော်မူလေ၏။ အမြိဿနတ်ကြီးသည် ထိုအခါမှစ၍ သာသနာကို စောင့်ရှောက်ရသောနတ်ကြီးတစ်ပါး ဖြစ်ခဲ့သည်။

သာသနာစောင့်နတ်ကြီး ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အမြိဿဘိုးဘိုးကြီးသည် ဒလမြို့ ရွှေစာရံစေတီတော်အတွင်း သာသနာပြုကာ ဆုတောင်းပြည့်ဝသည့် ဘိုးဘိုးကြီး ဖြစ်ပါသည်။


## ရင်ပြင်တော်မှာ ဖူးမြော်စရာစုံစုံလင်

တနင်္ဂနွေထောင့်တွင် တဝဂူတည်ရှိသော အောင်တော်မူရုပ်ပွားတော်သည် (၁၂၂၅)ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်နေ့တွင် တည်ထားခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးထိမှန်သော်လည်း ပြိုလဲခြင်းမရှိဘဲ ယနေ့တိုင် တည်ရှိနေပါ၏။ ယင်းရှေ့တည့်တည့်တွင် ပရိဘောဂစေတီဖြစ်သော အောင်တော်မူဗောဓိညောင်ပင်တွင် ကြေးသွန်းမဟာမြတ်စွာ ရုပ်ပွားတော်များနှင့် အောင်တော်မူရုပ်ပွားတော်များကိုလည်း ကြိုဟ်တိုင်များနှင့်တကွ ဖူးမြော်နိုင်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် ပြိုကျခဲ့ရသည့် နောင်တော်ကြီးစေတီ ပေါ်တော်မူငှက်ပျောဖူးစေတီတော်ကိုလည်း သပ္ပာယ်စွာဖူးတွေ့နိုင်ပါသည်။ တနင်္ဂနွေထောင့်သည် အောင်ခာတ် အောင်နိမိတ်ကို ဖော်ဆောင်၏။

အင်္ဂါထောင့်တွင် တံခွန်တိုင်နှင့် သိဒ္ဓိရှင်ရုပ်ရှင်တော်များကို ဖူးမြော်နိုင်၏။ သူတော်စင်များ ကျင့်ကြံတရားအားထုတ်ခဲ့သော တဝဂူတည်ရှိ၏။ တဝဂူအတွင်း၌ မြတ်စွာဘုရားအတူ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တမထေရ် ကြေးသွန်းရုပ်ပွားတော်ကိုလည်း ဖူးတွေ့နိုင်၏။ ဓမ္မစေတီမင်းသည် လောကီအစီအရင်များဖြင့် တည်ထားခဲ့ဟန်တူ၏။ တဝဂူပေါ်တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီပုံစံနှင့် ကျီးကန်းပါးစပ်များ နိဗ္ဗာန်လှေများ စုံလင်စွာ တွေ့ရ၏။

တနလ်ာထောင့်တွင် သာသနာ့ဗုဒ္ဓမင်္ဂလာသိမ်တော်



သက်တော်ရှည် သာသနာပြု အမြိဿဘိုးဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တဝဠုအတွင်းရှိမြတ်စွာဗုဒ္ဓနှင့်
ရဟန္တာအရှင်မြတ်နှစ်ပါး

ကြီးကို ရွှေခြသေ့်၊ ငွေခြသေ့်နှစ်ကောင် အစောင့်အရှောက်ဖြင့် မြင်တွေ့နိုင်၏။

စနေထောင့်တွင် ရွှေစေတီငယ်နှင့် မဟာမြတ်မုနိ ကြေးသွန်းရုပ်ပွားတော်၊ ဆင်စီးမြင်းရံ ကြေးသွန်းရုပ်ပွားတော်မြတ်ကိုလည်း ဖူးမြော်နိုင်ပါ၏။ စက်တော်ရာ တန်ဆောင်းအတွင်း မြတ်ဗုဒ္ဓစက်လက္ခဏာနှင့် ရွှေသာလျောင်းရုပ်ပွားတော်ကို ဖူးတွေ့နိုင်၏။ တန်ဆောင်းအနီး၌ ရွှေ နဂါး နှစ်ကောင်သည် စေတီတော်အား ဦးခိုက်နေပုံကို မြင်တွေ့နိုင်ပါ၏။

ရာဟုထောင့်တွင် လွန်ခဲ့သောနှစ်ပေါင်း(၁၅၀)ကျော် သက္ကရာဇ်(၁၂၂၆)က ပျံလွန်တော်မူခဲ့သော ရဟန္တာ ဦး ပညာ၏ ရုပ်ကလာပ်တော်ရှိသော စံကျောင်းတော်ကို မြင် တွေ့ရသည်။ ရဟန္တာဦးလိပ်အဖြစ် လူသိများ၏။ လူ အမည်ဦးလိပ်ကို ကိုယ်စားပြုသော ကျောက်လိပ်ကြီးသည် စေတီတော်ကို ဦးတိုက်ဖူးမြော်နေပုံ တွေ့မြင်နိုင်ပါ၏။

သောကြာထောင့်တွင် ရွှေစာပုံစေတီခေါ် နောင် တော်ကြီးစေတီကို ဖူးမြော်နိုင်ပါသည်။ ၎င်းစေတီသည် ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဆန်ထိမှန်ခဲ့၍ လုံးဝပျက်စီး သွားခဲ့ရာ မြို့မဇေယျဝတီကျောင်းတိုက် မူလဆရာတော် ဦးပဏ္ဍိစ္စမှ ဦးဆောင်ကာ ပြန်လည်တည်ထားခဲ့ခြင်းဖြစ် ၏။

စေတီပရိဝုဏ် အဂ်ါထောင့်တည့်တည့်တွင် မူလ ဆရာတော်ဘုရားကြီး ပုံတူရုပ်တုကို ဘုရားဖူးများ တွေ့ မြင်နိုင်ပေသည်။

ဗုဒ္ဓဟူးထောင့်တွင် တောင်းတိုင်းပြည့်မြတ်စွာဘုရား အား ဖူးမြော်နိုင်ပါ၏။

စေတီတော်ပရိဝုဏ်ပတ်လည်၌ နေရာလပ်မလွတ် ရအောင် သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓရုပ်ပွား စေတီများကို ဖူးမြော်နိုင်ပါသည်။ ရေချိုရှားပါးသော အ မြို့နယ်တွင် တစ်ခုတည်းရှိသော ရေချိုထွက်ရာ ရေတွင်း



ရေချိုထွက်ရှိရာရေတွင်း

သည် ပရိဝုဏ် စနေထောင့်တွင် ထူးခြားစွာ ရှိနေပါ၏။ ကျောင်း တိုက်တွင်းရှိ စာသင်သားအား သုံးစွဲနိုင်သည်အထိ ရေချိုထွက် လေ၏။


## ရဟန္တာဦးလိပ်

ရဟန္တာဦးလိပ်ဟု လူသိများ သော ရဟန္တာအရှင်မြတ်၏ ဇာတိ မှာ ပဲခူးမြို့ အိုးဘိုကုန်းရပ်ကွက် ဟု သိရ၏။ ငယ်မည်မှာ မောင် လိပ် ဖြစ်သည်။ မွေးဖွားစဉ်က ဆန်ကောအတွင်း အနှီးခင်း၍



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာ ဦးလိပ်အား ဖူးတွေ့ရစဉ်

ထားစဉ် ဆန်ကောအောက်၌ လိပ်ကြီးတစ်ကောင် ရောက်နေသည်ကို အကြောင်းပြု၍ မိဘများက မောင်လိပ်ဟု မှည့်ခေါ်ခဲ့၏။

ရဟန်းဘွဲ့မှာ ဦးပညာ ဖြစ်လေသည်။ မင်းတုန်းမင်းလက်ထက် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ချိန်၌ ပဲခူး၌ မငြိမ်မသက်ဖြစ်နေခြင်းကြောင့် ရဟန္တာလောင်း၏ မိဘများသည် ရန်ကုန်-ဒလနယ်ဘက်သို့ ပြောင်းရွှေ့ရောက်ရှိလာကြ၏။ ထိုစဉ်က မောင်လိပ်၏ အသက်မှာ (၇)နှစ်မျှသာ ရှိသေး၏။

ဒလသို့ ရောက်ရှိလာပြီးနောက် မောင်လိပ်ဟုခေါ်သော သူငယ်သည် ရွှေပေါက်ပင်ဘုန်းတော်ကြီးကျောင်း၌ ကျောင်းသားအဖြစ်နေ၍ အသက်(၁၂)နှစ်အရွယ်တွင် ရှင်သာမဏေပြုလေ၏။ ရွှေပေါက်ပင်ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိလာပြီး ကျောင်းထိုင်နိုင်သည့်ကာလ ရောက်သောအခါ ရွှေပေါက်ပင်ကျောင်း၌ပင် ကျောင်းထိုင်လေ၏။ ရွှေပေါက်ပင်ကျောင်းသည် စေတီတော်ပရိဝုဏ်အတွင်း၌ပင် ရှိပါ၏။

ဆရာတော်သည် ဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်သို့ ခြေကျင်ခရီးသွားရောက်လျက် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ပူဇော်လေ့ရှိ၏။ နံနက်(၉)နာရီတိုင်း ကိုယ်တိုင်သပိတ်လွယ်ကာ ဆွမ်းခံလေ့ရှိပြီး ဆွမ်းသုံးဆောင်၏။ ဆရာတော်၏ ထူးခြားချက်မှာ တစ်ခါတစ်ရံ ဒလတွင် ဆွမ်းခံနေချိန် တိုက်ဆိုင်စွာ မော်လမြိုင်၊ ဟင်္သာတ စသောမြို့များတွင် တစ်ချိန်တည်း ဆွမ်းခံနေသည်ကို ဖူးတွေ့နေရခြင်းဖြစ်၏။

ရဟန်းတို့၏ သီလ၊ သိက္ခာအထူးထိန်းသိမ်း စောင့်ရှောက်ပြီး မေတ္တာတရားပွားများ အားထုတ်ကာ သီလဝန္တမေတ္တာဝိဟာရီပုဂ္ဂိုလ် ဖြစ်ပေ၏။ ဆရာတော်၏ ကျောင်းသို့ ဒကာ၊ ဒကာမ အရောက်အပေါက် နည်းပါး၏။

ဦးပညာကိုယ်တော် ပျံလွန်တော်မူခါနီးတွင် ရပ်ဝေးမှ ဧည့်သည်များ ရောက်ရှိလာကြပြီး လူအမည် ဦးလိပ် ရဟန်းအမည် ဦးပညာမည်သော ဘုန်းကြီးသည် ရဟန္တာဟု အိပ်မက်မြင်မက်ကြ၍ လာရောက်ဖူးမြော်ကြရာမှ တစ်စ၊တစ်စ ပျံ့နှံ့ကာ ပရိသတ်တိုးမပေါက်အောင် လာရောက်ဖူးမြော်ကြစဉ်ကာလ၌ ဦးပညာကိုယ်တော်သည် ပျံလွန်တော်မူခဲ့လေ၏။ ရုပ်ကလာပ်တော်ကို ကြေးခေါင်းဖြင့် ထည့်သွင်း၍ အပူဇော်ခံ ထားရှိခဲ့သည်။

<u>မပုပ်မသိုးသောရဟန္တာ</u>


ဒုတိယကမ္ဘာစစ်ကာလ ဗုံးဒဏ်ကြောင့် ရဟန္တာ



ရဟန္တာဦးလိပ်ကို ကိုယ်စားပြုသော ကျောက်သိပ်ကြီးအား

ဖစေတီအား ဦးတိုက်နေပုံ

www.burmeseclassic.com



ရဟန္တာအရှင်မြတ် ရုပ်ကလာပ်တော်ရှိရာ စံကျောင်းတော်


ဂူကြီးမှာ ပျက်စီးခဲ့ရသည်။ (၁၃၂၃)ခုနှစ်၊ တပေါင်းလပြည့်နေ့၌ ဒလမြို့၊ ဈေးလမ်းရပ်နေ ဒေါ်ထင်သည် မြို့မဇေယျဝတီ ဆရာတော်ထံ လာရောက်၍ ရဟန္တာဂူကြီးအား အသစ်ပြန်လည် မွမ်းမံပြင်ဆင်ရန်အတွက် ဝတ္ထုငွေတစ်ထောင်ကျပ် မ,တည်လှူဒါန်းခဲ့လေ၏။

တပေါင်းလပြည့်ကျော် (၁၂)ရက်နေ့မှစ၍ လူပေါင်းများစွာဖြင့် အပျက်အစီး အပိုင်းအစတို့ကို ရှင်းလင်းဖယ်ရှားခဲ့ရ တန်ခူးလဆန်း (၄)ရက်နေ့၊ မွန်းလွဲ(၁)နာရီ အချိန်တွင် ဂူကြီးအတွင်းရှိ ကြေးခေါင်းကို ထုတ်ယူရရှိပြီး တန်ဆောင်းအတွင်း ညောင်စောင်းပေါ်တွင် ခေတ္တထားရှိလေ၏။

သန်းခေါင်ကျော်သည့်တိုင် လာရောက်ဖူးမြော်သူများ မစဲအောင် ရှိခဲ့သည်။ ပရိသတ်များက တောင်းပန်ပြီး ရဟန်းတော်၏ မျက်နှာတော်အခြေအနေကို သိလို၍ ဖွင့်ဖောက်ကြည့်ရာ မဏိဥကျောင်းတော်၌ ရွှေအပြည့်ချ ထားသည်ကိုလည်းကောင်း၊ မျက်နှာတော်မှာ ပုံမပျက်ရှိနေသည်ကိုလည်းကောင်း ဖူးတွေ့ကြရလေ၏။ ကြေးခေါင်းကို မဖွင့်မီက ထင်မှတ်ထားသည်မှာ လွန်ခဲ့သော နှစ်တစ်ရာနီးပါးက ပျံလွန်တော်မူပြီးသော ရဟန်း၏ ရုပ်ကလာပ်တော်သည် ဆွေးမြည့်လျက် ပျက်စီးနေမည်ဟု ထင်မှတ်ခဲ့ကြသော်လည်း တကယ်တမ်း တွေ့မြင်ရသည့်အခါ၌ မျက်နှာတော်မှာ ပုံမပျက်တွေ့ရခြင်းသည် အံ့သြဖွယ် ဖြစ်နေပေ၏။

ခေါင်းပတ်လည်၌ လှူဒါန်းပူဇော်ထားသော ဝတ္ထုပစ္စည်းများမှာ ကြေးနီပိုက်ဆံပြား (၁၇၅)ပြား၊ ငွေဒင်္ဂါး (၂)ပြား၊ ငွေမတ်စေ့ (၃၅)ပြား၊ ငွေမူးစေ့ (၇၆)ပြားနှင့် အလောင်းတော် အာခံတွင်းမှ မောင်းကွင်းလက်စွပ်ခေါ် မိုးကြိုးလက်စွပ် (၇၁)ခုကို တွေ့ရလေ၏။

(၁၃၆၆)ခုနှစ်၊ တော်သလင်းလဆုတ် (၄)ရက် (၁၃-၁၀-၂၀၀၄)ရက်နေ့ ညနေသုံးနာရီအချိန် ရဟန္တာမြတ်၏ ညာဘက်မျက်လုံးတော် ပွင့်လာ၏။ ယင်းနောက်တွင်လည်း မျက်လုံးတော်မှာ နှစ်ကြိမ်တိုင်တိုင် ဖွင့်တော်မူလေ၏။'



စေတီတော်အစောင့်အရှောက် နဂါးနှင့် မြွေတို့ စေတီအား ဦးတိုက်နေစဉ်

## ဖူးထိုက်သူများ ဦးတိုက်ပူဇော်ခွင့် ရလေပြီ

သမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ရွှေစာရံစေတီတော်မြတ်သည် ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းလမ်း၊ ဒလသဘော်ကျင်း ရှေ့တည့်တည့်တွင်ရှိပါ၏။ ဘုရားဖူးသူတော်စင်ပုဂ္ဂိုလ်အပေါင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဘက်သို့ ချယ်ရီ သင်္ဘောကြီးကို စီးကာ ဒလဆိပ်ကမ်း ရောက်သည်နှင့် ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်လာပါက ဆယ်မိနစ်အတွင်း စေတီတော်ထံမှောက် ရောက်ရှိလာပေမည်။

သမိုင်းဝင် ထင်ရှားသော ဒလမြို့ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ကပင် တည်ထားကိုးကွယ် ထားရှိခဲ့၏။

ထို့ပြင် သက်တော်ရှည် သာသနာပြု ဘိုးဘိုးကြီး အမြဲသီရှိရာသို့ လာရောက်၍ ဆုတောင်းဆုယူပြုနိုင်၏။ အမြဲသဘိုးဘိုးကြီးသည် အစိဋ္ဌာန်ပြု ဆုတောင်းပါက ဆုတောင်းပြည့်ဝသည်ဟု ဆို၏။

စေတီတော်မြတ်ကို ရှစ်နှစ်လျှင်တစ်ကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမြဲဖြစ်သည်။ အလှူဒါန လက်နဲ့ကျွာ စေတနာထက်သန်လှသော ဓမ္မမိတ်ဆွေများသည် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဝသည့် စေတီတော်ထံမှောက် တစ်ခေါက်တစ်ခါ ရောက်အောင်လာကြပြီး ဖူးမြှော်ပို့မည့် မင်္ဂလာဖောင်ကြီး အတူတူစီးရအောင် ဖိတ်ခေါ်အပ်ပါသည်။

စေတီတော်သမိုင်းဖြစ်စဉ်နှင့်တကွ ရဟန္တာအရှင်မြတ် အကြောင်း စေ့စေ့ငငရှင်းလင်းမိန့်ကြားပေးပါသော ဒလမြို့ ရွှေစာရံစေတီတော်မြတ် ပရိဝုဏ်အတွင်းရှိ မြို့မဓေယျဝတီစာသင်တိုက် နာယကဆရာတော်၊ ကျောင်းထိုင်ပုဂ္ဂိုလ် ဦးကောဝိဒ၊ သက်တော်(၄၆)နှစ်၊ ဝါတော်(၂၆)ဝါအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းကမ္ပည်းရေးထိုးပါ၏။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

**မှီငြမ်း**

* ဦးပညာဝံသ ရေးသီကုံးသည့် ဆံတော်ရှင် ဆုတောင်းပြည့် ရွှေစာရံစေတီတော်မြတ် သမိုင်းအကျဉ်းချုပ်။
* ဘဒ္ဒန္တကုဏ္ဍလ ရေးသားပြုစုသည့် ရွှေဂူနီမြတ်စွာဘုရားသမိုင်း။



www.burmeseclassic.com

# ထူးမြတ်ထွတ်ခေါင် မယ်လွှင်တောင်သို့တစ်ခေါက်

ငွေးသစ္စာ(ပညာရေး)

တစ်နေ့ ကျောင်းပိတ်ရက် နေ့တစ်နေ့တွင် ကျွန်မနှင့် အတူ ကျောင်းဆရာမ(၃)ဦးတို့ ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ပြီး အစ်ကိုကြီးတော်စပ်သူ ဦးသိန်းဝင်း(စာရေးဆရာ သိန်းထွန်းလတ်)ရှိရာ ကမ္ဘာအေး သုရဿတီလမ်းရှိ ရေကူး ကျောင်းတိုက်သစ်သို့ ဝင်ရောက်ကန်တော့ခွင့် ရရှိသည်။

ဆယ်တန်းပြဆရာမ ဒေါ်မြမြက နာမည်ကျော်ကြား လှသီများသည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို တစ်ကြိမ်မျှ မရောက်ဖူးသဖြင့် သွားရောက်ဖူးမြော်ချင်ကြောင်း၊ ကျွန်မကို ပူဆာပါတော့သည်။ နဝမတန်းပြဆရာမ ဒေါ်လှလှမိုးကတော့ မကြာခဏရောက်ဖူးနေကြောင်း မကြာခဏ ပြောပြဖူးသည်မို့ ခပ်မဆိတ်နေသည်။ ဤသည်ကို ကျွန်မအစ်ကိုကြီး ဦးပဥ္စင်းက စိတ်ဝင်တစားပြောပြပြီး ဦးဆောင်လိုက်ပါ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ထပ်မံမိန့်ကြားပါသည်။

သို့ကြောင့် အစ်ကိုဖြစ်သူ ဦးပဥ္စင်း(ဦးအာလောက) ဦးဆောင်စီစဉ်၍ ကျွန်မတို့လူစု သင်္ကြန်မတိုင်မီ တစ်ရက် အလိုတွင် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ပြီး ကျိုက်ထိုမြို့ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသော ထူးမြတ်ထွတ်ခေါင် မယ်လွှင်တောင်သို့ နေ့လယ်အချိန်တွင် အစ်ကိုဦးပဥ္စင်း ကျွန်မနှင့်အတူ ဒေါ်မြမြ၊ ဒေါ်လှလှမိုးတို့ ရောက်ရှိသွား ကြသဖြင့် ရင်ထဲ ပီတိများ လှိုင်းထသွားသည်။

အဘယ်ကြောင့်ဆိုရပါသော် တောင်ပေါ်သို့ သွား နေစဉ်အတွင်း ကြက်သီးမွေးညင်းများ တဖျဉ်းဖျဉ်းထနေ သည်။ သူတော်စင်သူတော်ကောင်းတို့၏ ပျော်မွေ့စံမြန်း သောဌာနဖြစ်ကြောင်း မနောမှ ရုတ်တရက်သိလိုက်ရပါ သည်။ ကျွန်မတို့အဖွဲ့ တဖြည်းဖြည်းတက်လာရင်း မော ပန်းနွမ်းနယ်မှုများ လုံးဝ၊လုံးဝမရှိခြင်းကြောင့် ထပ်မံအံ့ ဩနေရပြန်သည်။ ကျွန်မ၏ ဝေဒနာမှာ မောတတ်သည့် ဝေဒနာရှိသူဖြစ်နေ၍ ကျွန်မကိုယ်ကျွန်မ မည်သို့မည် ထူးခြားနေသနည်းဟု မိမိကိုယ်ကို ပြန်လည်သုံးသပ်နေ မိသည်။

အချိန်ရလာ၍ ညနေစောင်းအချိန်ဖြစ်လျက် ရာသီ ဥတုက သာသာယာယာရှိလှပါဘိ။ ရော်ဘာတောအတွင်း မှ မြေနီလမ်းလေးအတိုင်း တက်လာခဲ့ကြရာ ဆရာ



ရတနာမာန်အောင် စေတီတော်မြတ်ကြီး

ဒေါ်မြမြ၊ ဆရာမ ဒေါ်လှလှမိုး ကျွန်မနှင့်အတူ လှပသည့်ရှုခင်း ကြည်နူးရင်း မမောပန်းနိုင်ကြ အစ်ကိုကြီး ဦးပဥ္စင်းကတော့ နှ မှ တရားဒေသနာများကို ဟ ဆိုနေကြောင်း သိလိုက်ရသည်။

တောင်ပေါ်သို့ ရောက်သော အခါ ရတနာမာန်အောင်စေ တော်မြတ်နှင့်အတူ ရှုမငြီး သာသနိကအဆောက်အအုံများ လည်း သာမောဖွယ် မြင်တွေ့ ခိုက်ရပြန်သည်။




www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒလးဆု



နဂါးရုံဘုရား

'ဟောဟိုက သိမ်တော်ကြီး၊ ဒီဘက်နားက နဂါးရုံဘုရား၊ အရှေ့မြောက်ဘက်ကတော့ သတ္တဌာန၊ အရှေ့ဘည့်တည့်မှာ အောင်မြေလေ။ အစဉ်အတိုင်းသွားရင် မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာ။ နောက်ပြီး ဒုက္ကရစရိယာ ကျင့်တော်မူပုံ အစုံစုံပေပေါ့'ဟု လိုက်လံပြသသည့် ဥပါသကာကြီးတစ်ဦးက ကျွန်မတို့အဖွဲ့ကို လိုက်လံရှင်းပြသည်။

တောင်ပေါ်တွင် တညင်းပင်၊ ကြက်မောက်ပင်၊ ဇင်ပြွန်းပင်၊ တောင်စောင်းနေရာများ၌ တရားထိုင် တရားကျင့်ကြံသူတို့အတွက် တစ်ပါးကျောင်းကလေးများ ရှိလေရာ တင့်တယ်လှပပေသည်ဟု ကျွန်မရဲ့ရင်တွင်း ကမ္ပည်းသစ် တင်မိပါသည်။


ဥပါသကာကြီးမှာ ဆက်လက်ပြောပြသဖြင့် ထူးမြတ်ထွတ်ခေါင် မယ်လွင်တောင်ကျောင်း ဆရာတော်ကြီး ဖြစ်တော်မူသော အရှင်ပညာဇောတမှာ သက်တော်(၈၀) ကျော်နေပြီမို့ နှစ်ပေါင်းများစွာ ကျိုက်ထီးရိုးဘုရားအနီး သာတောင်တစ်ဝိုက်၌ ဇကစာသီတင်းသုံးနေရာမှ ဤတောင်ပေါ်ရောက်မှ သာသနာတော် ထွန်းကားတိုးတက်ရေးအတွက် အခြေချ သီတင်းသုံးတော်မူခြင်း ဖြစ်ကြောင်းလည်း သိရှိရပြန်ရာ ဆရာတော်ဘုရားကြီးအား အထူးလေးစား ကြည်ညိုမိရပြန်တော့သည်။

ကျွန်မတို့လူစုက တောင်ပေါ်မှနေ၍ ရေးရေးမှုမြင်တွေ့ရသော စစ်တောင်းမြစ်ကို လှမ်းကြည့်ပြီးနောက် အရှေ့အရပ်တွင်ရှိနေသည့် ရှုခင်းများကို တစ်ဝငေးမောကြည့်ရှုရပြန်သည်။ ဒေါ်မြမြနှင့် လှလှမိုးတို့ ပြုံးပျော်နေရသည့်ပုံရိပ်ကို ထပ်မံတွေ့လိုက်ရ၍လည်း ကြည်နူးမိပြန်သည်။ ဥပါသကာကြီးက ထပ်ဆင့်၍ ပြောပြပြန်သည်။

'အဲဒီက ခပ်ပျပျမြင်နေရတဲ့ တောင်တွေက စွန်တောင်၊ မြစိမ်းတောင်၊ စေတီကလေးတောင်။ ဟိုဘက်မှာတော့ ကျိုက်ထီးရိုးတောင်ပေါ့ဗျာ'တဲ့။

ဆရာတော်ကြီး၏ လက်သုံးဆောင်ပုဒ်ဖြစ်သော အမြဲကျင့်မှ အကျင့်မြဲမည်ဟူသည့် ဆောင်ပုဒ်ဆိုင်းဘုတ်ကလေးများမှာ သာသနိကအဆောက်အအုံများတွင်သာမက လမ်းတစ်လျှောက် စိုက်ထူထားပေသည်။ တော်ပြကြ

www.burmeseclassic.com



သစ္စာဈာန

သောအခါ ဆရာတော်အရှင်သူမြတ်ကြီးက ထပ်မံ၍ ဤသို့ မိန့်မှာတော်မူသည်။

"အေး..အေး..ဘုန်းကြီးက ဒီတောင်ပေါ်ကို သာသနာ့ဆွေတော်မျိုးတော်တွေ ဆက်ဆက်လာရောက်စေချင်တာ။ ဘုန်းကြီးရဲ့ သစ္စာအဓိဋ္ဌာန်ပြုချက်ထဲမှာ ဘဝါဘဝေ ဆက်ဆက်က ကျွန်ုပ်နှင့် ဆွေမျိုးသားချင်း တော်စပ်ခဲ့ကြသူများအားလုံးသည် ဤသာသနာ့နယ်မြေကို ရောက်လာကြပါစေလို့ အမြဲဆုတောင်းတယ်။ ဒီတောင်ပေါ် ရောက်ရင်တော့ တောင်တော်နာမည်နဲ့လိုက်အောင် ကုသိုလ်ထူး ကုသိုလ်မြတ်တွေ ရမယ့်အပြင် အမျိုး၊ ဘာသာ၊ သာသနာ အထွတ်အထိပ်ရောက်မည့်သူတွေ ဖြစ်ပါစေရမယ်လို့ ရည်ရွယ်ထားတယ်။ ကဲ..ကဲ..ဦးပဥ္စင်းနဲ့ ဒကာ၊ဒကာမ အားလုံး ချမ်းသာစွာ နေထိုင်ကြ၊ မေတ္တာဘာဝနာပွားများကြ၊ တရားနှလုံးသွင်းကြ။ ချမ်းသာစွာ နေထိုင်ကြကွယ့်နော်"ဟု အေးဆေးတည်ငြိမ် ခံ့ညားစွာ ပြောဆိုလေသည်။

ဝိပဿနာစခန်းကို (၉)ရက်တိတိ၌လည်း ဆရာတော်ကြီးကိုယ်တိုင် ကမ္မဋ္ဌာနာစရိယာအဖြစ် နည်းလမ်းပြသ ဟောပြောဆောင်ရွက်တော်မူသည်။ ထိုရက်များအတွင်း အလှူရှင်များမှလည်း သက်သတ်လွတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သက်သတ်လွတ် နေ့ဆွမ်းများကိုတော့ စေတနာရှေ့ထား လှူဒါန်းကြသည်မှာ အထူးအားရဖွယ် ဖြစ်၍နေပေသည်။

ဤသို့ ထူးမြတ်ထွတ်ခေါင် မယ်လွှင်တောင်ပေါ်၌ အခါအားလျော်စွာ ရှင်ပြုပဥ္စင်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ ပဋ္ဌာန်းပူဇော်ပွဲ၊ လေးကြီးဆွမ်းတော် ကပ်လှူပွဲ၊ ဗာလီနတ်စာပွဲ စသည်,စသည်တို့ ထုံးတမ်းစဉ်လာအရ ပြုလုပ်လေ့ရှိရာ လွန်စွာမှ စည်ကားလှကြောင်း ကြားသိရပြန်သည်။

ကျွန်မတို့အဖွဲ့သည် တရားစခန်း ပြီးဆုံးသည်ထိ အားလုံးဝင်ကြပြီး နောက်တစ်ရက်၌ ထူးမြတ်ထွတ်ခေါင် မယ်လွှင်တောင်ဆရာတော်ဘုရားကြီး ဖြစ်တော်မူသော အရှင်ပညာဇောတအား ဦးချကန်တော့ကာ ထိုတောင်ပေါ်မှ ဆင်းသက်လာခဲ့ကြစဉ် အေးချမ်းဆိတ်ငြိမ်သည်နှင့်အမျှ တောရိပ်တောင်ရိပ်တို့ကို ရှိနေသည့် သူတော်စင်သူတော်မြတ်အပေါင်းတို့ တည်ရှိသည့် အထွတ်အမြတ်ဖြစ်သော အေးမြကြည်လင်သော ထူးမြတ်ထွတ်ခေါင် မယ်လွှင်တောင်တော်မြတ်သို့ နှစ်စဉ်နှစ်တိုင်း ထာဝရ ပဋ္ဌာန်းဆက်ရှိကြသူတိုင်း ရောက်ကြပါစေဟု ဆုခြွေရင်း ရန်ကုန်မြို့တော်ကြီးဆီသို့ အရောက်ပြန်ခဲ့ပေတော့သတည်း။



သိမ်တော်ကြီးနှင့်တန်ဆောင်း

**ထူးမြတ်ကြစေ**

* သစ္စာအခြေခံ၊
မေတ္တာအနေမှန်ရဲ့၊
အောင်မြေမှာ



www.burmeseclassic.com

www.burmeseclassic.com




အောင်စေရေးကြရ၊
နောင်အခြေ
အေးလိမ့်ဖြစ်ခြင်း။
* လေးဆူဘုရားမှာလ၊
လေးသစ္စာ
အဓိဋ္ဌာန်ထားပါလို့၊
ကိုးပါးဂုဏ်
ထာဝရကိန်းလျှင်ဖြင့်၊
လိုအင်တွေ
ပြည့်ကြွယ်မောက်၊
ကိုးဆယ့်ခြောက်ဘာယာ
တွေ ကင်းတဲ့ပြင်၊
ချစ်ခြင်းတွေ နတ်လူဖွဲ့လို့ရယ် သွဲ့နွဲ့ဂုဏ်သတင်း၊
သြော်..သြော်..ထူးမြတ်စေခပင်း။

**ငွေးသစ္စာ(ပညာရေး)**

<u>မှတ်ချက်</u> - ကျိုက်ထိုမြို့ ခရီးစဉ်တွင် ကိုယ်တိုင် ပို့ဆောင်ပေးသော အစ်ကိုကြီး စာရေးဆရာ သိန်းထွန်းလတ်နှင့် သူငယ်ချင်း ကျောင်းဆရာမများဖြစ်ကြသည့် ဒေါ်မြမြ၊ ဒေါ်လှလှမိုးတို့အားလည်းကောင်း၊ မယ်လွင်တောင်ပေါ်ရှိ ဥပါသကာကြီး ဦးတိုးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်။


နလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

# နန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ဝိန်လိုခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေစိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။




ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆုထက(တနယ်ဖင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နန်းထိပ်တင်ဆေးတိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ငြိမ်းချမ်းမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဖင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com

# ကက္ကူမွေတော် ဓာတ်မြတ်ကျော်

မောင်မြေသင်း(ကသာ)

ကက္ကူမွေတော် ဓာတ်မြတ်တော်စေတီဘုရားသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကျောက်တစ်လုံးမြို့နယ်၊ နောင်ခိုင်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာအနီးတွင်တည်ရှိပြီး တောင်ကြီးမြို့နှင့် (၂၆)မိုင်ကွာဝေးကာ အရှေ့တောင်အရပ်တွင် ရှိသည်။

(စာရေးသူသည် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် နယ်အရပ်ရပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် စာပေရေးသားမှု နှစ်တော်တော်ကြာ ပြတ်ပြီးဖြစ်သည်။ သားသမီးများ တာဝန်ကျ ပြောင်းရွှေ့ရာ တောင်ကြီး ဟမ်းဆီးအရပ်ဒေသများသို့ လိုက်ပါနေခဲ့ပါသည်။ ယခုအချိန်အခါ ရှမ်းပြည်နယ်တောင်ပိုင်း ဟမ်းဆီးဘူတာတွင် ရောက်ရှိနေထိုင်သဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနယ်မှ သမိုင်းဝင် အထင်ကရ စေတီဘုရားများကို လေ့လာခွင့်၊ ဖူးမြော်ခွင့် ရရှိခဲ့ပေသည်။ ဟမ်းဆီးမှ ကက္ကူမွေတော်ဘုရားသို့ (၆)မိုင်အကွာအဝေးရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများအတွက် ကက္ကူမွေတော် ဓာတ်မြတ်တော်ဘုရားသမိုင်းအား ရေးသားပူဇော်အပ်ပါသည်။)

မွေတော်ကက္ကူစေတီစုများသည် ဖောင်တော်ဆိုက်စေတီကြီးနှင့် အသောကစေတီကြီးကိုဝန်းရံလျက် ကြည်ညိုဖွယ်ရာ ဖူးတွေ့မြင်နိုင်ပြီး အနောက်ဘက်တွင် ကွင်းပြင်၊ အနောက်ဘက်မုခ်ဦး အဝင်လမ်းမသည် အမာခံ အဝင်လမ်းမကြီးအဖြစ်သို့ ပြုပြင်တည်ဆောက်ခဲ့ပြီး ညောင်ကြပ်၊ ညောင်ချဉ်ပင်ကြီးများကလည်း ထိုလမ်းမကြီး၏ တောင်ဘက်၊ မြောက်ဘက် ပေတစ်ရာကျော် အကွာတွင် စိမ်းစိုလန်းဆန်းစွာ တောအုပ်အဖြစ် အရိပ်အာဝါသကို ဖန်တီးပေးလျက် ရှိ၏။ ဒေသခံပအိုဝ်းအမျိုးသားအဖွဲ့၏ ကူညီမှု၊ ဒေသခံသံဃာတော် ရဟန်းတော်များ၏ ကူညီမှုဖြင့် ရှေးဟောင်းသမိုင်းဝင် ကက္ကူစေတီစုများကို ကြည်နူးစွာ ဖူးမြော်နိုင်ပါသည်။

<u>စေတီ၏ ဘွဲ့တော်အမည်</u>

(၁) ကက္ကူမွေတော်ဘုရား (ခရစ်နှစ် ၁၈၉၃ ကမွည်း)၊
(၂) ရွှေဝက်ကူးဘုရား၊
(၃) ရွှေဝက်ဂူဘုရား၊
(၄) သက်တူဘုရား၊
(၅) ရွှေဂူ၊ ရွှေဂူကြီးဘုရား (ခရစ်နှစ်၁၇၉၃ ကမွည်း)

စသဖြင့် ဘွဲ့တော်အမည်များ မှတ်တမ်းတင်ထားရှိခဲ့ကြသည်။

ကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီများကို ဒေသခံ တိုင်းရင်းသားတို့က ကက္ကူမွေတော်ဘုရားဟူ၍လည်းကောင်း၊ မွေတော်ဟူသော စကားရပ်ကိုချန်၍ ကက္ကူဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

ကက္ကူဟူသော စကားလုံးဝေါဟာရ၏ အဓိပ္ပာယ်မှာ ပအိုဝ်းတိုင်းရင်းသားဘာသာဖြစ်သဖြင့် ကက္ကူတွင် အသံ နှစ်မျိုး ပေါင်းစပ်ထားခြင်း ဖြစ်သည်။

ကက်(ကဲက်) + ကူ = ကက္ကူ

ကက်(ကဲက်)မှာ ကင်းစခန်းဖြစ်သည်။

ကူမှာ နယ်ခြားဖြစ်သည်။

အသံနှစ်ခု ပေါင်းစပ်ထားသော ကက္ကူသည် နယ်ခြားစခန်း ဖြစ်သည်။

ကက္ကူမွေတော်ဘုရား တည်ရှိရာဒေသသည် ရှေး ခေတ်အခါတွင် ဆီဆိုင်စော်ဘွားနှင့် ညောင်ရွှေစော်ဘွား နယ်၏ အစပ်ဒေသဖြစ်သည်။ သို့ဖြစ်ပါ၍ ဤနယ်ခြား ကင်းစခန်းနေရာ အရပ်ဒေသတွင် တည်ရှိသော စေတီ ဘုရားကို ကက္ကူဘုရားဟူ၍ ခေါ်ဝေါ်ကြကြောင်း မှတ် တမ်းတင်ရှိကြသည်။

မြန်မာသက္ကရာဇ်(၁၂၅၅)ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်နေ့တွင် ရေးထိုးသော ခေါင်းလောင်းမှာ ခေါင်း လောင်းလုပ်ပြု၊ ကြေးပေါင်းစုနှင့်၊ သွန်းလောင်းပြု



www.burmeseclassic.com


လုလ္လတူ၍၊ **ကက္ကူမြေတော်၊ ဓာတ်မြတ်ကျော်ကို၊ ပူဇော်ဒါန၊ ဆက်သအလှူ** ဟူ၍ လွန်ခဲ့သော နှစ်တစ်ရာကျော်က ခေါင်းလောင်းကမ္ပည်းစာတွင် ဤစေတီဘုရား၏ ဘွဲ့အမည်ကို ကက္ကူမြေတော် ဓာတ်မြတ်ကျော်ဟု ဂုဏ်ဖွင့်ရေးသားပူဇော်ခဲ့ပါသည်။

ကက္ကူ(အသံထွက် ကတ်ကူ)ဟု အမည်မှည့်ထားရခြင်းမှာလည်း ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာ ပွင့်ထွန်းလာသော ဘုရားရှင်၏ အမည်တော်မှာ **ကကုသန္ဓ**ဘုရားရှင်ဖြစ်ပြီး ဤကက္ကူစေတီစုတွင်မူ ဂေါတမဘုရားရှင်၏ ဓာတ်တော်ကို ဌာပနာထားရှိသော်လည်း ဘုရားစေတီ၏ ဘွဲ့အမည်ကို နှောင်တော် ကကုသန်ဘုရားရှင်၏ ဘွဲ့အမည်ကိုယူ၍ **ကက္ကူ** အမည်ယူထားပြီး ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာ ပွင့်ထွန်းသော အကြီးဆုံးဖြစ်သည့် နှောင်တော် ကကုသန်ဘုရားရှင်အား ဂုဏ်ပြုပူဇော်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းအရ သိရှိခဲ့ရပါသည်။

ဤကက္ကူမြေတော်မြတ်ကို စတင်တည်ထား ကိုးကွယ်သည့် ပုဂ္ဂိုလ်မြတ်များဖြစ်သည့် ရှင်သောနနှင့် ရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်တို့နှင့် စေတီပေါင်း (၈၄၀၀၀)(ရှစ်သောင်းလေးထောင်) တည်ထားကိုးကွယ်သော သာသနာပြုဒါယကာ သာသနာ့အမွေခံထိုက်သော ဧကရာဇ် ဘုရင်မင်းမြတ် သီရိဓမ္မာသောကမင်းကြီး ဖြစ်ကြောင်း သိရှိရပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် ဓာတ်တော်များကို ကောင်းမွန်စွာရရှိ၍ ကိုးတိုင်းကိုးဌာန သာသနာပြုရာ ဒေသအသီးသီးသို့ စေတီပေါင်း(၈၄၀၀၀)(ရှစ်သောင်းလေးထောင်) တည်ထားကိုးကွယ်စေခဲ့ခြင်း ဖြစ်သည်။ ဤကက္ကူမြေတော် ဓာတ်မြတ်ကျော်စေတီသည်လည်း သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း(၈၄၀၀၀) (ရှစ်သောင်းလေးထောင်)တွင် အကျုံးဝင်စေတီတစ်ဆူဖြစ်ကြောင်း ကမ္ပည်းစာများအရ သိရသည်။

လွန်ခဲ့သော (၂၁၇)နှစ်အကြာ မြန်မာသက္ကရာဇ် (၁၁၅၅)ခုနှစ်၊ ခရစ်နှစ်(၁၇၉၃)ခုနှစ်နှင့် ညောင်ရွှေစော်ဘွားကြီး ကြီးမှူးလျက် သွန်းလောင်းခဲ့သော ခေါင်းလောင်းစာတွင် -

ရမ္မာသခင်၊ အရှင်ခံရာ၊
ဝေဘီသာသို့၊ ညောင်ရွှေမြို့၏၊
ခွန်းပို့သွင်းဆက်၊ ကျေးလက်ဂါမာ၊
ဒဏ္ဍိဏာဝယ်၊
သည်ညာတွင်မူ၊ ကက္ကူရွာကြီး၊
လတ်စီးတောင်စဉ်၊ ရေယာဉ်နူးကြည်၊


ဇောင်မတော်ဆိုက်စေတီ


ဦးချိုတိုက်ရာ၊ တောင်ကုန်းသာထက်၊
ဓမ္မသောက၊ မင်းလှအလောင်း၊
ရှစ်သောင်းလေးထောင်၊ တည်ထောင်ကိုယ်စား၊
မြတ်ဘုရား၏၊ ဆက်ပွားစေတီ၊
မြတ်သရီကို··ဟူ၍ စာပေမှတ်တမ်းဖြင့် ဂုဏ်ဖွင့်ရေးသား ပူဇော်ခဲ့ပါသည်။

ဤကက္ကူမွေတော် ဓာတ်မြတ်ကျော် စေတီစုတွင် သီရိဓမ္မာသောကမင်း၏ သာသနာပြုလုပ်ငန်းနှင့် ဆက်စပ်သည့် ထူးခြားသော အရာဖြစ်စဉ် (၆)ခုကို တွေ့မြင်နိုင်သည်။

၁။ သရီရဓာတ်မြတ်တော်များကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်သည့် စေတီဘုရား (ဓာတုစေတီရှိခြင်း)၊

၂။ ဥယျာဥ်ပါးဖြာ၊ လေးသစ္စာကို ထိုးသွင်းသိမြင်ပြီး မာရ်ငါးပါးအောင်မြင်ရာ အပရာဇိတပလ္လင် ပေါက်ရောက်ရာ မဟာဗောဓိပင်(ညောင်)ကို စိုက်ပျိုးထားရှိခြင်း (ပရိဘောဂစေတီ)၊

၃။ ရှင်သောနနှင့် ရှင်ဥတ္တရတို့ သမုတ်ထားသော ရှေးဟောင်းရဟန္တာသိမ်တော် ရှိခြင်း၊



မွေတော်ကက္ကူဘုရားသို့ လမ်းညွှန်ဆိုင်းဘုတ်

၄။ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်သော ရှေးဟောင်းကျောင်းအထိမ်းအမှတ်ဖြင့် အဆောက်အအုံများ ကြွင်းကျန်ခြင်း မရှိသော်လည်း ရှေးဟောင်းကျောင်းနေရာ တည်ရှိခြင်း၊

၅။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်သော အထိမ်းအမှတ်ရေတွင်း ရှိခြင်း၊

၆။ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်သော အထိမ်းအမှတ်ရေကန် ရှိခြင်း။

ဤအရာ(၆)မျိုးတို့သည် အခိုင်အမာ ထင်ရှားတည်ရှိနေခြင်း ဖြစ်သည်။

## ရွှေဝက်ကူဘုရား

ကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီ၏အနောက်ဘက် မနီးမဝေးလှသောအရပ်တွင် တောဝက်များ ကျက်စားနေထိုင်သော တောအုပ်ဂနိုင်တစ်ခုရှိသည်။ ဤတောအုပ်ဂနိုင်မှ အမွေးအမှင် အသားအံရေများမှာ ရွှေရောင်တောက်ပနေသော အကြီးအကဲ ဝက်မင်းတစ်ကောင်သည် ညအချိန်တွင် စေတီဘုရားရှိရာသို့ ကူးသန်းရောက်လာပြီး နှစ်ပရိစ္ဆေဒများစွာ ကြာညောင်း၍ ခြတောင်ပို့များလွှမ်းကာ မြေကြီးထဲတွင် နစ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းစေတီအား မိမိအစွယ်ဖြင့် ခြေ၊ လက်များနှင့် မြေကြီးကို ပက်၍ ဖယ်ထုတ်ရာ စေတီတစ်ဆူ ပေါ်ထွက်လာခဲ့သည်။ နေ့ရက်များစွာ ရွှေဝက်ကူ၍ လာရောက်သောကြောင့် ဤစေတီကို **ရွှေဝက်ကူစေတီဘုရား**ဟု နရပတိစည်သူသမိုင်းတွင် ရေးသားဖော်ပြထားသည်။ ရွှေဝက်များ ကျက်စားနေထိုင်ရာ တောဂနိုင်အုပ်သည် ယခုအခါ လူနေရွာ၏ နာမည်ဖြစ်လျက် **တန္နိုင်ထော့ရွာ**ဟု ထင်ကျန်လျက် ရှိသည်။

## ရွှေဝက်ဂူဘုရား

ဤကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီ တည်ရာ နေရာတွင် ရွှေဝက်များ နေထိုင်သောဂူ ရှိလေသည်။ ဂူတွင်းရှိသော ရွှေဝက်သည် ညအခါ စေတီဘုရားအား စောင့်ရှောက်လေ့ရှိကြောင်း၊ ကြည့်ရှုစောင့်ရှောက်မှုကြောင့် စေတီဘုရားများကို ဖျက်ဆီးမည့်လူဆိုး၊ မကောင်းသော လူများက ရွှေဝက်ကို ကြောက်ရွံ့၍ ဘုရားအနီးသို့ မကပ်ရဲကြပေ။ ဤသို့ ရွှေဝက်နေထိုင်သော ဂူအနီးတွင်ရှိသော ရွှေဝက်ဂူဘုရားဟုလည်းကောင်း ပအိုဝ်းပရိုက်စာ

ရေးသားဖော်ပြခဲ့ကြောင်း မှတ်တမ်းထားရှိခဲ့သည်။

**သက်တူဘုရား**

ခရစ်နှစ် အေဒီ(၁၁၄၇-၁၂၁၁)တွင် စိုးစံသော ပုဂံမင်းဆက်များအနက်မှ နရပတိစည်သူမင်းသည် နိုင်ငံတော်တိုးတက်ရေးအတွက် ဆည်မြောင်းချောင်းကန်များ တည်ဆောက်ခြင်း၊ သာသနာအဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဂူ၊ ဘုရားများကို တည်ထားကိုးကွယ်ခြင်း ဆောင်ရွက်တော်မူသည့် ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။ နရပတိစည်သူမင်းကြီးသည် နိုင်ငံတော်အတွင်း သင်္ကန်းနက်ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာမှ တစ်ဖက်ချောင်းသို့ ရောက်ရှိလာပြီး သာယာမွေ့လျော်ဖွယ်ရှိသော ချောင်းနားကုန်းရွာကို တွေ့မြင်တော်မူလျှင် စေတီဘုရားတည်ထားကိုးကွယ်လိုသော ဆန္ဒဖြစ်ပေါ်၍ ဖောင်တော်ကို ဆိုက်ကပ်စေပြီးလျှင် ဥာပနာတိုက်ကို သံတောင်(၄၅)တောင် အစောက်တူးစေပြီးမှ ရတနာကျောက်မျိုး(၁၆)ပြည်၊ ဓာတ်တော်မွေတော်နှင့်တကွ ဥာပနာသွင်းတော်မူသည် တစ်ဆယ့်နှစ်တောင် အမြင့်ရှိသော ကြီးစွာသော ကျောက်ပြားကိုယူ၍ လုံခြုံစွာ ဥာပနာတိုက်ကို ပိတ်ဖုံးစေသည်။

ထို့နောက် သံတောင် ခြောက်တောင် နှစ်မိုက် နှစ်သစ် ဥဏ်တော်ပမာဏရှိသော စေတီဘုရားကို တည်တော်မူခဲ့သည်။ ဤမည်သော စေတီမြတ်သည်ကား ငါ၏**အသက်နှင့်အတူပင် ဖြစ်တော့သည်ဟု နရပတိစည်သူမင်းကြီး မိန့်ဆိုသော စကားကိုလိုက်၍ သက်တူမြတ်စွာဘုရား**ဟူ၍ အမည်တော်ကို သမုတ်ပညတ်ထားတော်မူခဲ့လေသည်။ တပေါင်းလဆန်း (၁၄)ရက်နေ့ တည်၍ ပြီးစီးတော်မူသည်။ တပေါင်းလပြည့်ကျော် (၅)ရက်နေ့တွင် ထီးတော်တင်တော်မူကြောင်း သိရှိရပါသည်။


**ရွှေဂူကြီးဘုရား**

ကက္ကူမွေတော် ဓာတ်မြတ်ကျော်စေတီရှိ ခေါင်းလောင်းများ၏ကမ္ဗည်းတို့တွင် သက္ကရာဇ်အထင်အရှားပါသော (၁၁၅၅)ခုနှစ်၊ နတ်တော်လဆန်း (၁)ရက် ကြာသပတေးနေ့တွင် ရေးထိုးသော ခေါင်းလောင်းစာမှာ ပါရှိသည့် စေတီအမည်မှာ ရွှေဂူရွှေဂူကြီးဘုရားဖြစ်သည်။

ကောင်းမွန်လှစွာ၊ မြတ်ဗုဒ္ဓါ၏၊
သာသနာတော်၊ ထင်ပေါ်ညီးညီး၊
ရွှေဂူကြီးတွင်၊
လှူရှင်အများ၊ ကြားရသဒ္ဒါ၊
ဖြစ်စိမ့်ငှာဟုလည်းကောင်း၊
ဆရာတကာ၊ ပါဝင်ဆုတောင်း၊
ထပ်လောင်းကြည်စွ၊ စိတ်ကရည်ရော်၊
နှစ်ရာပေါ်တွင်၊ ကျော်သည်ရှစ်ဆယ်၊
ချိန်တွယ်မှန်စွာ၊ ကြေးလောဟာနှင့်၊
ဗိန္ဒာချစ်ရှင်၊ ရွှေဂူတွင်၌၊
သံရှင်ခေါင်းလောင်း၊ စုပေါင်းလက်ခ၊
ပေးကြသွန်းပြု၊ ကောင်းမှုဂုဏ်အင် .. ဟူ၍လည်းကောင်း ညောင်ရွှေစော်ဘွားကြီး ကြီးမှူးလျက် သွန်းလောင်း ခေါင်းလောင်းစာတွင် ကမ္ဗည်းထိုးမှတ်တမ်းတင်ထားရှိလေသည်။

**မွေတော်ကက္ကူစေတီအဆူဆူ**

မွေတော်ကက္ကူစေတီစုတွင် စေတီပေါင်း(၂၄၀၂)ဆူရှိကြောင်း နောင်ခဲဘုန်းကြီး ဦးသောမန၏ မှတ်တမ်း


ရွှေဝက်မင်းရုပ်တုပုံတော်

www.burmeseclassic.com

အရ သက္ကရာဇ်(၁၂၈၀)ပြည့်နှစ် ခရစ်နှစ်(၁၉၁၈)လည်းကောင်း၊ သက္ကရာဇ်(၁၂၉၀) ခရစ်နှစ်(၁၉၂၈)ခုနှစ်အချိန်တွင် ကက္ကူဘုရားစေတီအဆူမှာ (၂၅၄၈)ဆူရှိကြောင်း မှတ်တမ်းတင်သိရှိရသည်။ တစ်နေရာတည်းတွင် တစုတဝေးတည်း စေတီထောင်ပေါင်းများစွာ တည်ထားကိုးကွယ်မှု ပြုနိုင်ခဲ့ကြသော ဒေသခံတိုင်းရင်းသားတို့၏ စေတနာသဒ္ဓါတရားကို ချီးကျူးဂုဏ်ပြု ဥဒါန်းတင်သောအားဖြင့် တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားဟူ၍ ဆိုရိုးစကားပင် ရှိခဲ့သည်။

စေတီပေါင်း အရေအတွက်ကိုလည်း ကွမ်းစားသည့်ခလေ့ကို မြတ်နိုးခုံမင်သော တောင်သူတို့၏ ရိုးရာကွမ်းစားခြင်း အသုံးပြုမှုဖြင့် 'တောင်သူကွမ်းညှပ် တဖျတ်ဖျတ်'ဟု မှတ်တမ်းပြုခဲ့ကြသည်။ ထိုဆိုရိုးပြုထားသော မှတ်တမ်းအရ မွေတော်ကက္ကူစေတီမှာ ဗေဒင်နည်း၊ အက္ခရာသင်္ချာဖြင့် မွေတော်ကက္ကူစေတီမှာ 'တောင်သူကွမ်းညှပ်' (၇၆၂၃)ဆူရှိလေသည်။ တဖျတ်ဖျတ်မှာ အသံကာရန်လိုက်၍ ဖြည့်ဆည်းထားခြင်း ဖြစ်သည်။

ရှေးဟောင်းသာသနာပြု အသောကမင်းတရားကြီး၏ကောင်းမှုတော် ပုဂံခေတ် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ဆုတောင်းပြည့်နှင့် ဖောင်တော်ဆိုက်စေတီကြီး(၂)ဆူအပြင် ထိုစေတီကြီး(၂)ဆူကို ဝန်းရံတည်ထားသည့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် ပန်းတော့၊ ပန်းရန်အနုပညာလက်ရာအဖုံဖုံကို စုံလင်စွာတွေ့မြင်နိုင်ပါသည်။

စေတီအဆင့်ဆင့်ဖွဲ့စည်းပုံ ဘာသာရေးကို အထူးကြည်ညိုစွာ ဗိသုကာဉာဏ်ကွန့်မြူး၍ တီထွင်တည်ဆောက်ပုံ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဟန်နှင့် ရှေးက ဆင်ယင်ထုံးဖွဲ့မှု ရုပ်ပွားတော်များ၏ ကြည်ညိုဖွယ်အမျိုးအစားများ၊ မုခ်ပေါက်နှင့် တံကဲများတွင် ထည့်သွင်းထုလုပ်ထားသော လူ၊ တိရစ္ဆာန်၊ သိကြားမင်း၊ နတ်ဗြဟ္မာ၊ ခြင်္သေ့၊ ကိန္နရာ၊ နတ်သား၊ နတ်သမီး၊ ပုရပိုက်၊ ညောင်ရေအိုး၊ ရေစက်သွန်းကရား၊ ကြာပွင့်၊ ကြာဖက်၊ ရွှဲလုံး၊ သားမြီး၊ ယပ်၊ သန်လျက် စသည့်အမှတ်အသား ပန်းတော့လက်ရာများကား အံ့မခန်းပါဝင်ပြည့်စုံပြီး ဘီလူး အုပ်များမှာလည်း ကြောက်စရာမကောင်းသည့်အပြင် ပျော်ရွှင်သော အပြုံးဟန်များဖြင့် ထုတ်လုပ်ထားသည့်ကို အံ့မခန်း တွေ့မြင်နိုင်သည်။

မွေတော်ကက္ကူစေတီ အုပ်စုများကို (A.B.C.D.E.F.G.H.I) [အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်(ဖ်)၊ ဂျီ၊ အိတ်(ချ်) အိုင်] အုပ်စုကို (၉)အုပ်စုခွဲ၍ တစ်အုပ်စုချင်း စေတီများကို မှတ်တမ်းတင်ထားရှိလေသည်။

ကက္ကူမွေတော် ခတ်မြတ်ကျော် စေတီများကို ဖူးမြော်တွေ့မြင်ရပြီး နိုင်ငံခြားသားတစ်ဦးအနေဖြင့် အံ့ဩကြည်ညိုမှု ဖြစ်ရပုံများကိုလည်း မှတ်တမ်းတင်တွေ့ရှိနိုင်ပါသည်။ ၎င်းတို့မှာ-

* အနောက်တိုင်းပညာရှင်များ မကြားဖူးသေးသော ခရီးသွား မှတ်တမ်းစာအုပ်တွင် မပါသော ရှေးဟောင်းစေတီ၊

* ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်၏ အကြီးဆုံးနှင့် ခန်းနားသိုက်မြိုက်ဆုံး ရှေးဟောင်းစေတီ၊

* နိုင်ငံခြားခရီးသည်တွေ ဒီထူးခြားအံ့ဩဖွယ်ကောင်းတဲ့ ... ရာမျိုးကို လာရောက်လေ့လာ... ရှိလာတဲ့အခါမှာ ကက္ကူစေတီ... ဟာ ကမ္ဘာပေါ်မှာ ရှေးအကျ... စေတီတွေရဲ့ နေရာအမှန်ကို ... နိုင်မှာ ဖြစ်တယ်။


မွေတော်ကက္ကူ အဝင်မုခ်ဦး (စာရေးသူနှင့် သမီး မြေး)



www.burmeseclassic.com

www.burmeseclassic.com

* ဒီစေတီတွေဟာ ရိုးရာယဉ်ကျေးမှုအနုပညာနှင့် ဗိသုကာလက်ရာတွေအတွက် ထင်ရှားကျော်ကြားတဲ့ သာဓကတစ်ခုမျှသာမကဘူး၊

* ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေထဲက တိုင်းရင်းသား ပအိုဝ်းလူမျိုးတို့အတွက် ဘာသာရေးအရ လေးစားကြည်ညို အထွတ်အမြတ်ထားရာ သာသနိက အဆောက်အအုံတွေလည်း ဖြစ်တယ်။ ကက္ကူစေတီတော်ရဲ့ ပြင်ပက မွမ်းမံခြယ်သထားမှုတွေဟာ ရိုးရှင်းတယ်။

* ကနဦးတည်ခဲ့တဲ့သူတွေကဟာ ကျက်သရေရှိရေးကိုသာ အထူးအာရုံပြုပြီး ဆောင်ရွက်ခဲ့ပုံရတယ်။

* တချို့စေတီတွေမှာတော့ အပြောက်အမွမ်းတွေ ဆင်ထားတယ်။

* ရိုးရာကနုတ်ပန်းတွေနဲ့ ယှက်နွယ်ထားတဲ့ ပုံသဏ္ဌာန်ရိုးရယ်၊ ပင်စည်ရိုးတံတွေ လိမ်ထားတဲ့ ပုံသဏ္ဌာန်တွေကို ရိုးရာပညာနဲ့ ဖော်ကျူးထားတာတွေကို မြင်ခဲ့ရတယ်။

* အမြင့်ဆုံး အနုပညာလက်ရာမြောက်မှုတွေကို အနုစိတ် ဖန်တီးထားတာတွေကို မြင်ခဲ့ရတယ်။

* ပိုပြီးအာရုံကပ်ငြိဖွယ်ကောင်းတာကတော့ အင်္ဂတေထွင်းထုထားတဲ့ ရုပ်လုံးကြွတွေ ဖြစ်တယ်။

* မူလကတည်းက တောက်ပစွာ ခြယ်သထားတဲ့ အရောင်တွေလည်း ထင်သာမြင်သာ ရှိသေးတယ်။

* တချို့တော့လည်း ရှေးဟောင်းရုပ်ပွားတော်တွေကို ဂူခါင်းထွင်းထားပြီး အတွင်းမှာထည့်သွင်းပူဇော်ထားတဲ့ ဂူတွေရဲ့ဆေးမှာ ဘုရားရှင်ကို ငြိမ်သက်စွာ ပူဇော်နေပုံစံမျိုး တည်ထားတယ်။

* နတ်သမီး၊ သီဆိုတီးမှုတ်နေတဲ့ ဂီတအနုပညာနှင့် ဆုံရည်ရုပ်တုတွေ အားလုံးကို ပြောစရာမရှိအောင် ကျွမ်းကျင်တဲ့ အနုပညာနှင့် ထုလုပ်ထားတာကို တွေ့ရတယ်။

[ခေတ်ဘင်ဒန်းဟွန်း၊ ဆာဝါဒီမဂ္ဂဇင်း (၁၉၉၆)ခုနှစ်၊



မွေတော်ကက္ကူဘုရားနောက်ခံ အမှတ်တရ (စာရေးသူနှင့် သမီး၊ မြေး)

စက်တင်ဘာလ]

**<u>ကက္ကူဗုဒ္ဓပူဇနိယပွဲတော်များ</u>**

ကြီးကျယ်များပြားသော ကောင်းမှုကုသိုလ်ကို ပို၍ တိုးပွားစေရန် တစ်နှစ်လျှင် တန်ဆောင်မုန်းလပြည့်နေ့ တစ်ကြိမ်၊ တပေါင်းလပြည့်နေ့ တစ်ကြိမ်အားဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် ပြုလုပ်ကျင်းပခဲ့ကြသည်။ တပေါင်းလပြည့်နေ့တွင် ကျင်းပသော ဗုဒ္ဓပူဇနိယပွဲတော်မှာ ရာသီဥတု ပွင့်လင်းသာယာခြင်း၊ ပအိုဝ်းအမျိုးသားတို့၏ အမျိုးသားနေ့နှင့် တိုက်ဆိုင်မှုရှိခြင်းတို့ကြောင့် ပို၍စည်ကားကြောင်း သိရှိရပါသည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးဖြင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့် နိုင်ငံခြားဧည့်သည် ဘုရားဖူးများအား ဖိတ်ခေါ်ရင်း ရေးသားပူဇော်လိုက်ရပါသည်။

**သုခီအတ္တာနံ ပရိဟရန္တု**
**မောင်မြေသင်း(ကသာ)**

**<u>ကျမ်းကိုးစာရင်း</u>**

၁။ ပြည်ထောင်စုထဲက သမိုင်း(မှတ်စု)
(၁၅)နှစ်ပြည့် ငြိမ်းချမ်းရေးအထိမ်းအမှတ်၊
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (P.N.O)။


၂။ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသမိုင်း။

၃။ မွေတော်ကက္ကူစေတီစုမှ
ရှေးဟောင်းအနုပညာလက်ရာများ
(သန်းဝေ၊ တောင်ကြီး)။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်သာ မြို့ဦးစေတီတော်

# မိဘကျေးဇူးဆပ် ခေါင်းလောင်းအလှူတော်

● မောင်ထည်ဝါ(ပျော်ဘွယ်) ●

ကျွန်ုပ်သည် လွန်ခဲ့သော ဝါဆိုလဆန်း (၂)ရက် နံနက်အရုဏ်ဦးအချိန်တွင် ရွှေပြည်သာမြို့ မြို့ဦးစေတီတော်သို့ ရောက်ရှိခဲ့သည်။ မိုးတွင်းကာလဖြစ်သော်လည်း ထိုနေ့နံနက်က ရာသီဥတုမှာ သာယာကြည်လင်လျက်ရှိ၏။ စာရေးဆရာမိတ်ဆွေ ဆရာဝင်းမောင်ကျော်၏ ဖိတ်ကြားချက်အရ ရွှေပြည်သာမြို့ မြို့ဦးစေတီရင်ပြင်ရှိ ဓမ္မာရုံတော်၌ ကျင်းပသော မိဘကျေးဇူးဆပ် ခေါင်းလောင်းအလှူပွဲသို့ သွားရောက်ခြင်း ဖြစ်ပါသည်။

ဆရာဝင်းမောင်ကျော်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ မိဘကျေးဇူးဆပ် အလှူပွဲကား အခြားအလှူများနှင့်မတူ ထူးခြားလှသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် အဘိုး၊ အဘွားများအား ဦးထိပ်ထားလျက် မကြာသော ကာလအတွင်းက ကွယ်လွန်သွားရှာကြသည့် မိဘနှစ် ဖြစ်သော ဦးသုခ၊ ဒေါ်လှစိန်တို့အား ရည်စူး၍ မြို့ စေတီတော်တွင် ခေါင်းလောင်းတစ်လုံးကို လှူဒါန်း သည်။ အဆိုပါခေါင်းလောင်းကို မြို့ဦးစေတီရင်ပြင် ရာဟုထောင့်ရှိ ခေါင်းလောင်းပြာသာဒ်၌ ချိတ်ဆွဲလှူဒါ ထား၏။ ခေါင်းလောင်းစင်ပေါ်တွင် ဘုံပေါက်၍ ဆင်းတုနှင့် ရှင်သီဝလိရဟန္တာပုံတို့ကို သပ္ပာယ်စွာပူ ထားသည်။

နံနက်(၆း၃၀)နာရီတွင် မိဘကျေးဇူးဆပ် ခေါ လောင်းအလှူပွဲကို ကျင်းပရာ ဆရာဝင်းမောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com


မြို့ဦးစေတီတော် အနောက်ဘက်မုခ်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်

စုများ၊ မြို့နယ်စာရေးဆရာအဖွဲ့ဝင်များ၊ သတင်းမီဒီယာသမားများနှင့် ဖိတ်ကြားထားသော ဓမ္မမိတ်ဆွေများ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ သံဃာတော်များက ဘုရားအနေကဇာ တင်ကြ၏။ ဆက်လက်၍ မြို့နယ်သံဃနာယက ဆရာတော်ကြီးက ကွယ်လွန်သူ မိဘများကို ရည်စူး၍ ခေါင်းလောင်းလှူဒါန်းခြင်းသည် သားသမီးများက မိဘတို့၏ မျှော်လင့်ချက်များ ဖြည့်ဆည်းပေးခြင်းဖြစ်၍ ကောင်းမြတ်သော အလှူတစ်ခုဖြစ်ကြောင်း မှတ်သားဖွယ်ရာများကို ထည့်သွင်းရှင်းလင်း မိန့်ကြားပါသည်။

ဆရာတော်ကြီးက **'ကျွေးမွေးမပျက်၊ ဆောင်ရွက်ခိမ်၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်'** ဟူသော သားသမီးဝတ္တရားငါးပါး၏ အကျယ်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ ပုတ္တသုတ်မှ ထုတ်နုတ်၍ အကျယ်ချဲ့ဆို ဟောကြားပေးခဲ့ပါသည်။

မိဘတို့၏ မျှော်လင့်ချက် များမှာ-

(က) ဘတောဝါနော ဘရိဿတိ-ငါတို့က ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့သလို ငါတို့အသက်အရွယ်ကြီးရင့် အိုမင်းလာတဲ့အခါမှာလည်း ငါတို့ကို ပြန်ပြီးပြုစုစောင့်ရှောက် ကျွေးမွေးကြလိမ့်မည်။

(ခ) ကိစ္စံ ဝါနောကရိဿတိ-ငါတို့ လုပ်ဆောင်နေတဲ့ ကိစ္စအဝဝကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြလိမ့်မည်။

(ဂ) ကုလဝံသော စိရံတိဋ္ဌေ-ငါတို့ စောင့်ထိန်းတည်ထောင်ခဲ့တဲ့ မျိုးနွယ်ကိုလည်း သွေးမနှော မျိုးမပျက်စေရအောင် ကြာရှည်စွာ စောင့်ထိန်းကြလိမ့်မည်။

(ဃ) ဒါယဇ္ဇံ ပဋိပဇ္ဇတိ-ငါတို့ ပြုစုစောင့်ထိန်းခဲ့သော လောကီအမွေ၊ လောကုတ္တရာ အမွေများကိုလည်း မတိမ်ကောမပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မယ်။

(င) အထဝါ ပနပေတာနံ ဒက္ခိဏံ အနုပဒဿတိ-ငါတို့ ကွယ်လွန်သွားတဲ့အခါမှာလည်း အခါအားလျော်စွာ မကြာ,မကြာ ငါတို့ကို ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်၍ အမျှအတန်းပေးဝေကြလိမ့်မည်ဟူ၍ မိဘတို့က တမလွန်ဘဝမှ မျှော်လင့်နေကြမည် ဖြစ်သည်။

ဆရာဝင်းမောင်ကျော်က အဆိုပါ မိဘတို့၏ မျှော်


ခေါင်းလောင်းဆောင်းရှိရာ ဗိမာန်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များ ပရိတ်တရားတော် ရွတ်ပွားနေစဉ်

လင့်ချက်များကို ခေါင်းလောင်းလှူဒါန်း၍ ကွယ်လွန်သူ မိဘများအား အမျှအတန်းပေးဝေခြင်းဖြင့် ကျေးဇူးတုံ့ပြန် ပေးဆပ်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တရားချီးမြှင့်ပေးသော ဆရာတော်ကြီး က ကျေးဇူးရှင် မိဘတို့ကို ကျေးဇူးတုံ့ပြန်ပေးဆပ်ရာတွင် ပစ္စည်း၊ ဓမ္မ နှစ်ဌာနဖြင့် ကျေးဇူးပေးဆပ်မှသာ ကျေးဇူး အမြတ် ပေးဆပ်ရာရောက်ပါသည်ဟု ရှင်းလင်းမိန့်ကြား ခဲ့သည်။

သားသမီးများသည် မိဘများ အသက်ရှင်ရှိနေစဉ် ကာလ၌ မိမိတို့ တတ်စွမ်းနိုင်သမျှ ကျွေးမွေး ပြုစုခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ ဆေးဝါး ကုသပေးခြင်း စသည်ဖြင့် ပစ္စည်းဝတ္ထုတို့ဖြင့် ကျွေးမွေး ပြုစုကြရမည် ဖြစ်သည်။'

ထို့အပြင် မိဘတို့မှာ ပုထုဇဉ် လူသားများဖြစ်သည့် အားလျော် စွာ ဘဝပေးကုသိုလ်အရ အသိ ပညာ နိမ့်ပါးခြင်း၊ ဗဟုသုတ နည်းခြင်း၊ စေတနာသဒ္ဓါနည်း ခြင်း စသည့် အားနည်းချက်များ ရှိကောင်းရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍-

* သဒ္ဓါတရား အားနည်းနေ သော မိဘတို့ကို သဒ္ဓါတရား တိုး ပွားထက်သန်လာအောင်၊ သဒ္ဓါ တရား မရှိသေးသော မိဘတို့ကို သဒ္ဓါတရား ရှိလာအောင် တိုက်တွန်းရမည်။

* သီလတရား အားနည်းနေသော မိဘတို့ကို သီလ တရား တိုးပွားလာအောင်၊ သီလမရှိသော မိဘတို့ကို သီလတရား ရှိလာအောင် နှိုးဆော်ပေးရမည်။

* အကြားအမြင် ဗဟုသုတ နည်းပါးသော မိဘတို့ကို အကြားအမြင် ဗဟုသုတ တိုးပွားအောင်၊ အကြားအမြင် ဗဟုသုတ မရှိသေးသော မိဘ တို့ကို အကြားအမြင် ဗဟုသုတ ရှိလာအောင် နှိုးဆော်အားပေး ရမည်။

* စွန့်ကြဲပေးကမ်းခြင်း၊ ထောက်ပံ့လှူဒါန်းခြင်း နည်း ပါးသော မိဘတို့ကို ပေးကမ်းလှူဒါန်းမှု များပြားလာ အောင်၊ စွန့်ကြဲထောက်ပံ့မှု မရှိသေးသော မိဘတို့ကို ပေးကမ်းလှူဒါန်း ထောက်ပံ့မှုများ ရှိလာအောင် နှိုးဆော် အားပေး ရ မည်။

ယင်းသို့ တိုက်တွန်းနှိုးဆော် အားပေးမှုများ ပြုလုပ်မှသာ အ ဂုဏ်းဝင် ကျေးဇူးရှင် မိဘများ ကျေးဇူးတရားကို ဓမ္မနည်းဖြင့် ပေးဆပ်ရာရောက်မည်ဖြစ်သည်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝတီသာနက်ပြည်၌ ပါတွင်း ကာလသုံးတော်လုံး မယ်တော် သားအား အဘိ



www.burmeseclassic.com

များကို ဟောကြားတော်မူ၍ မိဘကျေးဇူးကို တရားဓမ္မဖြင့် ပေးဆပ်ခဲ့ပါသည်။ ထို့နည်းတူစွာပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်လည်း ပရိနိဗ္ဗာန်မစံဝင်မီ နောက်ဆုံးညတွင် မိမိမွေးဖွားခဲ့သော နေအိမ်တိုက်ခန်း၌ အယူမှားယွင်းနေသော မယ်တော်သာရီ ပုဏ္ဏေးမကြီးအား တရားဓမ္မဟောကြား၍ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်ရှိစေပြီး မိဘကျေးဇူးကို ပေးဆပ်ခဲ့သည်။

သို့ဖြစ်ရာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်ကောင်းကြီးများ၏ထုံးကို နှလုံးမူ၍ ရိုးသားလိမ္မာသော သားကောင်း သမီးကောင်းများ ဖြစ်ရလေအောင်၊ အမွေခံထိုက်သော သားသမီးများ ဖြစ်ရလေအောင် မိဘတို့အား ပစ္စည်း၊ ဓမ္မ နှစ်ဝသော ကျေးဇူးဆပ်ခြင်းဖြင့် ပေးဆပ်ကြရမည်ဖြစ်ကြောင်း ဆရာတော်ကြီးက မိန့်ကြားတော်မူ၍ တရားနိဂုံး အဆုံးသတ်လိုက်ပါသည်။

ခေါင်းလောင်းအလှူပွဲအခမ်းအနား ပြီးဆုံးသွားသောအခါ ကျွန်ုပ်လည်း ဆရာအောင်သာကျော်နှင့်အတူ ရွှေပြည်သာမြို့ ကျက်သရေဆောင် မြို့ဦးစေတီတော်ကို လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုခဲ့သည်။ ဘုရားဂေါပကအဖွဲ့၏ သာသနာပြုစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးပမ်းလုပ်ဆောင်နေသဖြင့် ယခုအခါ စေတီတော်ရင်ပြင် ပရိဝုဏ်အတွင်း၌ သာသနိကအဆောက်အအုံများ တဖြည်းဖြည်း ပြည့်စုံလာပြီး သပ္ပာယ်တင့်တယ်စွာ ကြည်ညိုဖွယ်ရာ တွေ့ရှိရ၏။ ကြည်နူးဝမ်းသာမှုလည်း ဖြစ်ရသည်။

ကျွန်ုပ်အဖို့ ရှင်ပြုရဟန်းခံ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်းတံတား၊ ဘုရားထီးတင်၊ မုခ်ဦး [illegible] စသည့်အလှူအတန်းများစွာကို တွေ့ကြုံဖူးခဲ့သော်လည်း ခေါင်းလောင်းလှူဒါန်းခြင်းကိုမူ ယခုတစ်ကြိမ်သာ [illegible]ခြင်း ဖြစ်သည်။

သို့ပါ၍ ကျွန်ုပ်သည် ဆရာအောင်သာကျော်နှင့်အတူ [illegible]အတွင်း၌ ဆရာဝင်းမောင်ကျော်နှင့် တွေ့ဆုံ၍ ခေါင်းလောင်းလှူဒါန်းရခြင်း အကြောင်းကို မေးမြန်းဆွေး[illegible]ပါသည်။ ဆရာဝင်းမောင်ကျော်မှာ ကွယ်လွန်သူ[illegible]ကို ရည်စူး၍ ကျေးဇူးဆပ်သောအားဖြင့် ခေါင်း[illegible]လှူဒါန်းပြီး ခေါင်းလောင်းထိုးကာ အမျှအတန်း [illegible]လိုက်ရခြင်းကို များစွာပင် ကျေနပ်အားရ ဖြစ်နေပါသည်။ ပေးဝေလိုက်ရသော အမျှကုသိုလ်မှာလည်း တမလွန်ဘဝသို့ ရောက်ရှိနေကြသော မိဘများ ကောင်းမွန်စွာ အမျှရရှိကြလိမ့်မည်ဟု ယုံကြည်နေကြောင်း ဆရာဝင်းမောင်ကျော်က ပြောဆိုပါသည်။

ခေါင်းလောင်းသံသည် အလွန်သာယာပြီး ကျက်သရေရှိလှ၏။ ကြားရသူတိုင်း၏ စိတ်နှလုံးကို ကြည်နူးလန်းဆန်းစေပြီး ကုသိုလ်ရေးနယ်ပယ်ထဲသို့ ခေါ်ဆောင်သွားသောကြောင့် ခေါင်းလောင်းနှင့် ခေါင်းလောင်းသံမှာ ဗုဒ္ဓဘာသာနယ်ပယ်၌ အရေးအကြီးဆုံး အဆင်တန်ဆာဖြစ်သည်။ ထို့ကြောင့် မြန်မာမင်း အဆက်ဆက်တို့၏ ကုသိုလ်တော်များတွင် ခေါင်းလောင်းကြီးငယ် အရွယ်ရွယ် အစားစားတို့ကို ဘုရား၊ ပုထိုးစေတီများ၌ လှူဒါန်းခဲ့ကြသည်ကို တွေ့မြင်နေရသည်။

ထို့အပြင် ခေါင်းလောင်းသံသည် တမလွန်လောကအထိ သက်ရောက်မှုရှိပြီး ကောင်းသော ဓာတ်လှိုင်းများကို ဆွဲဆောင်နိုင်သကဲ့သို့ မကောင်းသော ဓာတ်လှိုင်းများကိုလည်း တားဆီးပေးနိုင်သည်။ မိမိ၏ ပြင်းထန်သော လိုချင်စိတ် အားလှိုင်းကို ခေါင်းလောင်းသံက စကြဝဠာတံတိုင်းအထိ သယ်ဆောင်သွားနိုင်ပြီး ဆုတောင်းပြည့်ဝစေသည်ဟု ဂန္ဓာရီပညာရှင် ပုဂ္ဂိုလ်များက ဖွင့်ဆိုခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဘုရား၊



ခေါင်းလောင်းအလှူရှင်
ဆရာဝင်းမောင်ကျော်နှင့် ဇနီးဒေါ်သန်းသန်း[illegible]

www.burmeseclassic.com



ဆရာဝင်းမောင်ကျော် ခေါင်းလောင်းထိုး၍ အမျှဝေနေစဉ်

ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ် စသည့်သာသနိက အဆောက် ... နေရာများတွင် ခေါင်းလောင်း ... ချိတ်ဆွဲလှူဒါန်းထားခဲ့ကြ ... ဖြစ်သည်။

မြန်မာနိုင်ငံ ကုန်းဘောင်ခေတ်တွင် ထီးနန်းကို စိုးစံတော်မူခဲ့သော အလောင်းဘုရား ဦးအောင်ဇေယျမှ နောက်ဆုံး မြန်မာဘုရင်သီပေါမင်းအထိ အလှူဒါနပြုလုပ်ခဲ့ကြရာတွင် ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းကြီး အပါအဝင် သမိုင်းဝင် ခေါင်းလောင်းတော်ကြီးများကို သွန်းလုပ်လှူဒါန်းခဲ့ကြသည်။

ကုန်းဘောင်မင်း (၁၁)ပါးရှိခဲ့ရာ မင်း(၇)ပါးတို့က ခေါင်းလောင်း(၉)လုံးကို သွန်းလုပ်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

**အဆိုပါ ခေါင်းလောင်းတော်များမှာ-**

* မင်းကွန်းခေါင်းလောင်းတော် (ဗဒုံမင်း ခေါ် ဘိုးတော်ဘုရားကောင်းမှု)
* အလောင်းမင်းတရားခေါင်းလောင်းတော်၊
* စဉ့်ကူးမင်းခေါင်းလောင်းတော်၊
* ဘကြီးတော်မင်းခေါင်းလောင်းတော်၊
* သာယာဝတီမင်းခေါင်းလောင်းတော်၊
* ပုဂံမင်းခေါင်းလောင်းတော်၊
* မင်းတုန်းမင်းကြီးခေါင်းလောင်းတော်တို့ ဖြစ်သည်။

စဉ့်ကူးမင်း၏ ခေါင်းလောင်းတော်နှင့် သာယာဝတီမင်းခေါင်းလောင်းတော်ကို ရွှေတိဂုံစေတီတော်ရင်ပြင် ပရိဝုဏ်အတွင်း၌ ချိတ်ဆွဲထိန်းသိမ်းထားရာ စာရှုသူများ သွားရောက်ပူဇော် ဖူးတွေ့နိုင်ပါသည်။ စဉ့်ကူးမင်း၏ ခေါင်းလောင်းတော်အသံမှာ အလွန်သာယာသည့်အတွက် မဟာဃဏ္ဍာဟု အမည်ပေးထား၏။ ဗုဒ္ဓဟူးနေ့တွင် သွန်းလုပ်ပြီးစီး၍ ရာဟုထောင့်တွင် ချိတ်ဆွဲလှူဒါန်းထား၏။ ယင်းခေါင်းလောင်းကြီးကို **ကောလီခေတ်ပေါ်သော ဗုဒ္ဓဟူးနေ့အချိန်တွင် ခေါင်းလောင်းထိုးပါက ကျန်းမာလာဘ်ရွှင်စေသည်။ မျက်နှာပွင့်စေသည်။ နိုင်ငံခြားခရီးသွားကိစ္စများကိုလည်း လွယ်ကူစွာ ပြီးမြောက်စေသည်**ဟု ဆို... သည်။

ခေါင်းလောင်းနှင့် ကောလီသည် တနင်္လာနှင့် ဗုဒ္ဓဟူး... ခေတ်တူနံတူဖြစ်နေသဖြင့် အင်္ဂဝိဇ္ဇာပညာအရ ဆောင်ရွ... နိုင်းခြင်းဖြစ်သည်။ ခေတ်တူနံတူ ငွေကိုယူဆိုသည့်အတိုင်း ခေါင်းလောင်းနှင့် ငွေရတို့သည် တနင်္လာနံနှင့် ဗုဒ္ဓဟူး... များဖြစ်နေသဖြင့် ငွေကြေးကိစ္စများတွင် ခေါင်းလော... ထိုး၍ ဆုတောင်းပါက လွယ်ကူစွာ ပြီးမြောက်သည်... ယုံကြည်နေကြသည်။

ထို့နောက်မှာတော့ ဆရာဝင်းမောင်ကျော်နှင့်အ... ကျွန်ုပ်တို့သည် စေတီရင်ပြင်တော်ရှိ ခေါင်းလောင်း... အနီးသို့ သွားရောက်ခဲ့ကြ၏။ ဆရာဝင်းမောင်ကျော်... ခေါင်းလောင်းနှင့်တကွ လှူဒါန်းမှုအစုစုတို့အတွက် ကျ... လွန်သွားရှာသော မိဘများနှင့် မကျွတ်မလွတ်သေး... ပရလောကသားအပေါင်းတို့အား သုံးကြိမ်သုံးခါ ခေါ... လောင်းထိုး၍ အမျှကုသိုလ်များ ပေးဝေခဲ့ရာ ကျွန်... လည်း ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆို... ၏။

ယင်းနောက်မှာတော့ ကျွန်ုပ်တို့လည်း ဆရာ... မောင်ကျော်အား နှုတ်ဆက်၍ မြို့ဦးစေတီတော်မှ ပြ... ထွက်ခွာခဲ့ပါတော့သည်။

မောင်ထည်ဝါ(...)

www.burmeseclassic.com

www.burmeseclassic.com

**ဗုဒ္ဓဘုရားရှင်၏**

မြမဥ္စူဝေ(ကျုံမငေး)

# ကြည်ညိုဖွယ်ရာ မုဒြာဟန်များနှင့် မှတ်သားဖွယ်ရာ မုဒြာဟန်များ

မုဒြာဆိုသည်မှာ ဘုရားရှင်၏ ပုံဟန်အမူအရာ အနေအထားများကို သုံးစွဲခေါ်ဆိုသော အဓိပ္ပာယ်ဟု မှတ်သားကြရပါသည်။

တစ်နည်းအားဖြင့် မုဒြာကို ပါဠိစကားအရ ဟတ္ထဟုလည်း ခေါ်ပါသည်။ ထိုအခေါ်စကားသည် ဗုဒ္ဓဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး အတွင်းငုပ် အနက်သဘောကို ဆောင်နေပါသည်။

ဗုဒ္ဓဘုရားရှင်က လက်တစ်ဖက် (သို့မဟုတ်) လက်နှစ်ဖက်ဖြင့် ဟောကြားညွှန်ပြလိုသော သဘောများကို အမူအရာနှင့် ပြဆိုခြင်းလည်း ဖြစ်ပါသည်။

မုဒြာတွင် လက်ဟန်၊ ခြေဟန်၊ ခန္ဓာကိုယ် အစိတ်အပိုင်းဟန်များကို ထည့်သွင်းဖော်ပြထားတတ်ပါသည်။ ထို့ကြောင့် မုဒြာများကို အသေးစိတ်ခွဲခြားဖော်ပြထား၏။

ထိုဖော်ပြထားမှုများကို လေ့လာလိုက်သောအခါ-

၁။ ဟန်ပန်အမူအရာကို မုဒြာဟု ခေါ်သည်။

၂။ လက်တော်၏ဟန်ကို ဟတ္ထဟု ခေါ်သည်။

၃။ ကိုယ်နှင့် ခြေဟန်ကို ဌာနက (သို့မဟုတ်) ဘင်္ဂဟု ခေါ်သည်။

၄။ အထိုင်တော် ခြေဟန်ကို အာသနဟု ခေါ်သည်။

၅။ လျောင်းတော်မူ လဲလျောင်းဟန်ကို သယနဟု ခေါ်သည်ဟူ၍ အမည်တပ်သုံးစွဲမှုများ ရှိခဲ့ပါသည်။

ထိုအနေအထားပေါ် တည်မှီ၍ ရှေးဟောင်းဗုဒ္ဓ... စာပေများတွင် မြတ်ဗုဒ္ဓဘုရားရှင်၏ မုဒြာများကို အ... အမည်အားဖြင့် (၅၆)မျိုးရှိသည်ဟု ဆိုထားပါသည်။



(၁) ဘူမိဖဿာမုဒြာ (ဘူဖဿမုဒြာ)
လက်ယာဘက်လက်၊ လက်ယာဒူးမှ အောက်သို့တွဲလွဲချ၍ လက်ဝါးကို အတွင်းဘက်သို့လှည့်ထားပြီး လက်ချောင်းများအားလုံးဖြန့်ထားသည်။ အောက်တည့်တည့်ကြာပလ္လင်မြေကြီး၊ ထိုင်ခုံ တစ်ခုခုကို ထိထားသောဟန်



မေမြို့(ပြင်ဦးလွင်)ရှိ ဆုတောင်းပြည့် နီးဘု...



www.burmeseclassic.com

www.burmeseclassic.com



(၂) ရှာနမုဒြာ
တရားအားထုတ်နေသောဟန်၊ (သို့မဟုတ်)
ရှာန်ဝင်စားနေသောဟန်

သော် လျော့၍လည်းကောင်း၊ တိုး၍လည်းကောင်း ရှိနိုင်ကြောင်းလည်း သုတေသီများကို ဆိုထားပါသည်။

မြန်မာနိုင်ငံတွင် ဘုရားရှင်၏ မုဒြာသည် (၈)မျိုးဖြင့် သော ရုပ်ပွားဆင်းတုတော်များကို ထုဆစ်ကိုးကွယ်ခဲ့ကြပါသည်။

ထို(၈)မျိုးကို ခွဲခြားသတ်မှတ်၍ ဖူးတွေ့ရသည်မှာ-

၁။ ဘူမိဖဿမုဒြာ (ဘူဖဿမုဒြာ)

လက်ယာလက်၊ လက်ယာဒူးမှ အောက်သို့တွဲလွဲချ၍ လက်ဝါးကို အတွင်းဘက်သို့ လှည့်ထားပြီး လက်ချောင်းများအားလုံး ဖြန့်ထားကာ အောက်တည့်တည့် ကြာပလ္လင်၊ မြေကြီး၊ ထိုင်ခုံတစ်ခုခုကို ထိထားသောဟန် ဖြစ်ပါသည်။

ဘူ-မြေကြီး၊ ဖဿ-ထိခြင်း "ဤမြေပံသု သက်သေပြုသည် သက်သေအမှု တည်ပါစေ" ဟူ၍ ဝသုန်မြေကို သက်သေပြုနေဟန် ဖြစ်ပါသည်။

ဤမုဒြာဟန် ရုပ်ပွားဆင်းတုကို ကိုးကွယ်လျှင် ရရှိသော အကျိုးမှာ-

(၁) တရားတဘောင် နိုင်ခြင်း၊



ရွှေစည်းခုံစေတီတော် (မုံရွာမြို့)ရှိ
မဟာရှာနမုဒြာ ဓာတ်ပေါင်းစုရုပ်ပွားတော်

(၂) သက်သေအောင်နိုင်ခြင်း၊
(၃) စစ်မက်ရေးရာ စစ်ထိုးရာ၌ အောင်မြင်နိုင်ခြင်း၊
(၄) အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ၊ နတ်မိစ္ဆာ နှောင့်ယှက်မှု မရှိနိုင်ခြင်း၊
(၅) မြေကြမ်း၊ မြေဆိုးကို အနိုင်ရနိုင်ခြင်း၊
(၆) ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်းတို့ဘေးမှ အောင်နိုင်ခြင်း၊
(၇) ရောဂါဘေးမှ ကင်းဝေးနိုင်ခြင်းဆိုသော အောင်နိုင်ခြင်းများကို ခံစားနိုင်သည်ဟု ဝေဇ္ဇာယာန တန္တရာယာန လောကီကျမ်းများ၌ ရေးမှတ်ဆိုမိန့်ထားပါသည်။

၂။ ဈာနမုဒြာ (သမာဟိတမုဒြာ)

တရားအားထုတ်နေသောဟန် (သို့မဟုတ်) ဈာန်ဝင်စားနေသောဟန် ဖြစ်ပါသည်။

ဈာနမုဒြာဟန် ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ပူဇော်ကြသူများသည်-

(၁) စိတ်ဓာတ်တည်ကြည်ခန့်ညား ငြိမ်သက်စေသည်။
(၂) စိတ်ဝေဒနာ သောကပရိဒေဝမှ ကင်းငြိမ်းစေသည်။
(၃) ဉာဏ်ပညာ တိုးတက်ပွင့်လင်း၍ တရားထူးကို ရလွယ်စေသည်။
(၄) သိဒ္ဓိအမျိုးမျိုး ပြည့်စုံစေပြီး မကောင်းကျိုးများ ချုပ်ငြိမ်းစေသည်ဟု ဝေဇ္ဇာယာနကျမ်းဂန်များ၌ ဖော်ပြမှတ်သားထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ထိုရုပ်ပွားရှိသည့် တိုင်းပြည်မြို့ရွာများသည်

www.burmeseclassic.com

www.burmeseclassic.com



(၃) အဘယမုဒြာ
လက်ဖဝါးကို ထောင်၍ ဘေးမဲ့ပေးဟန်
(လက်ယာလက်ဖဝါး)

အေးချမ်းသာယာ၍ တည်ငြိမ်ခြင်းများနှင့် ပြည့်စုံစေသည်ဟု တန္တရာယာနကျမ်းများ၌ ဖွင့်ဆိုထားပါသည်။

၃။ **အဘယမုဒြာ (ဘေးမဲ့ပေးဟန်)**

လက်ဖဝါးကိုထောင်၍ ဘေးမဲ့ပေးဟန် လက်ယာလက်ဖဝါး။

အ-မရှိခြင်း၊ ဘယ-ဘေး။

အဘယ-ဘေးမရှိခြင်း၊

အဘယမုဒြာဟန် ရုပ်ပွားဆင်းတုတော်များကို ကိုးကွယ်ခြင်းအားဖြင့် ကိုးကွယ်ကြသူများသည်-

(၁) စစ်မက်ကာလ မကြုံရခြင်း၊

(၂) မကောင်းသော သတင်းဆိုးများကို ကျော်လွှားပပျောက်စေနိုင်ခြင်း၊

(၃) မြင်အပ်၊မမြင်အပ် အန္တရာယ်အယှက်ဘေးမှ လွတ်မြောက်စေနိုင်ခြင်းဟူသော အကျိုးများ ရရှိနိုင်သည်ဟု တန္တရာယာန လောကီကျမ်းများ၌ ဆိုမိန့်ထားပါသည်။



အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ
ကုသိုလ်တော်ဆင်းတုဘုရားကြီး၏ အဘယမုဒြာဟန်

၄။ **ဝိဟတ္ထမုဒြာ**

လက်ယာလက်မောင်းကွေး၍ လက်ဖဝါးအပြင်ဘက်သို့ လှန်ပြထားသော လက်ညှိုးနှင့် လက်သူကြွယ် တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ထိထားသည်။ ကျန်လက်ချောင်းများ အပေါ်သို့ ထောင်ထားဟန်။

ဝိယတ္တမုဒြာဟန် ရုပ်ပွားဆင်းတုတော်များကို ထ... ဆစ်ကိုးကွယ်ကြမည်ဆိုလျှင် ထိုပုဂ္ဂိုလ်များအဖို့-

(၁) ကိုယ်စိတ်နှလုံး ငြိမ်းအေးခြင်း၊

(၂) မျှတသောခံစားမှုကို ပိုင်ဆိုင်ကြရပြီး မေတ္တာဖြ... ကြက်နေနိုင်ခြင်း၊

(၃) နှိုင်းနှိုင်းဆဆနှင့် ကောင်းမွန်သော ဘဝကို တည်ဆောက်နိုင်ခြင်းဟူသော ကောင်းကျိုးများကို ရရှိစေနိုင်သည်ဟု ရှေးပညာရှိများစကား မှတ်သားကြရသူများ... လက်ဆင့်ကမ်း ပြောဆိုနေကြပါသည်။

၅။ **ဓမ္မစကြာမုဒြာ**

တရားဦး ဟောကြားနေဟန် တရားစက်ဝိုင်း... လှည်းဘီးလှည့်တော့မည့်ဟန်ဖြစ်၏။ လက်ယာလက်... စက်ဝိုင်းလှည်းဘီးတစ်ခုကို လည်ပတ်ပေးတော့မည့်...

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစကြာမုဒြာဟန် ဆင်းတုရုပ်ပွား ကိုးကွယ်ကြသူများသည်-

(၁) ဉာဏ်ပညာတိုးတက်ထွန်းကား၍ တရားထူး တရားမြတ်များ ရရှိစေနိုင်ခြင်း၊

(၂) ယုံမှားသံသယများ ကင်းရှင်းကာ သိဒ္ဓိအမျိုးမျိုးကို ပြီးပြည့်စုံစေခြင်း၊ ရာထူးရာခံ တိုးတက်စေခြင်း၊

(၃) ရန်သူများ၏ အကြံအစည် အဖျက်အဆီး နှောင့်ယှက်မှုများကို ကျော်လွှားနိုင်စေခြင်း၊

(၄) ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ငြိမ်းစေနိုင်ခြင်း၊ တန်ခိုးအာဏာ ပြည့်စုံစေခြင်းဟူသော ကောင်းကျိုးများကို ရစေနိုင်ကြောင်း ဝဇီရာယာနကျမ်းဂန်၌ မိန့်ဆိုထားပါသည်။

၆။ <u>မဟာကရုဏာမုဒြာ</u>

လက်ဝဲ (သို့မဟုတ်) လက်ယာလက်ကို ရင်ဘတ်အထက်သို့ မြှောက်ချီ၍ လက်ဝါးကို အတွင်းသို့လှည့်ပြီး ရင်ဘတ်ကို ဖုံးအုပ်ဖိနှိပ်ထားဟန်။

မဟာ-ကြီးမားသော၊ ကရုဏာ-သနားခြင်း။

မဟာကရုဏာ-ကြီးမားသော သနားခြင်း။

မဟာကရုဏာ မုဒြာဟန်ရုပ်ပွားဆင်းတု သွန်းထုကိုးကွယ်ကြသူများသည်-

(၁) စောင့်ရှောက်ကူညီမည့်သူများနှင့် ကြုံဆုံရခြင်း၊

(၂) ပူဆွေးခြင်းဘေးမှ ကင်းလွတ်ရခြင်း၊

(၃) ရန်သူများကပင် ရန်ပြေငြိမ်း၍ ရန်အပေါင်းကို အောင်နိုင်ခြင်း၊

(၄) အမှုအခင်းဘေး ကင်းဝေးအောင်နိုင်ရန် အခွင့်အလမ်းများ ရရှိခြင်း၊

(၅) ဘုန်းကံတေဇာများ တိုးတက်လာနိုင်ခြင်း၊

(၆) အများကြည်ညိုလေးစား အားထားမှုကို ခံယူနိုင်ခြင်း၊

(၇) မိမိအား ချီးမြှောက်မ,စမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များနှင့် ကြုံဆုံလာနိုင်ခြင်းဆိုသော မိမိဘဝအတွက် အလိုရှိအပ်၊ တောင့်တအပ်သော ကောင်းမှုအမွေကို ရရှိခံစားနိုင်သည်ဟု ရှေးဟောင်းတန္တရာယာန လောကီကျမ်းများ၌ ဖွင့်ဆိုမိန့်ထားပါသည်။

၇။ <u>ဝရဒမုဒြာ (ကောင်းချီးပေးဟန်၊ ဆုပေးဟန်)</u>

ဝေနေယျအများ ရှင်လူအများအတွက် အလိုရှိအပ်



ရန်ကုန်မြို့ တောင်ဥက္ကလာပစေတီ၏ ...တော်အာရုံခံတွင် ကိန်းဝပ်စံပျော်နေတော်မူသော ဝိဟာဏ္ဏမုဒြာ ရုပ်ပွားတော်မြတ်



(၄) ဝိဟာဏ္ဏမုဒြာ

လက်ယာလက်မောင်းကွေး၍ လက်ဝါးအပြင်ဘက်သို့ လှန်ပြထားသော လက်ညှိုးနှင့် လက်သူကြွယ် တစ်ချောင်းချောင်းကို လက်မ...ပ်နှ...ထိထားသည်၊ ကျန်လက်ချောင်းများ အပေါ်သို့ ထောင်ထားဟန်၊

www.burmeseclassic.com

သော ချီးမွမ်းမှုကို ဖြည့်ဆည်းရာလည်းမည်သော ဝရဒ မုဒြာသည်-

ဝရ-ဆု၊ ဒ-ပေးခြင်း၊ ဝရဒ-ဆုပေးခြင်းမည်သော ကြောင့် လူသားများအားလုံးအတွက် အလိုချင်ဆုံး ဖြစ်နေ၏။ ပုံဟန်မှာ လက်ယာဘယ်လက် အောက်ချကာ သင်္ကန်းစကို ကိုင်ထားဟန်၊ ညာလက်ဖဝါးမှ လက်ကွေး၍ ဖြန့်ထားဟန်ဖြစ်သည်။

ဝရဒမုဒြာ ရုပ်ပွားဆင်းတုများကို ကိုးကွယ်ဆည်းကပ်ကြသူများသည်-

(၁) ဆုတောင်းပြည့်ဝခြင်း၊
(၂) ဆန္ဒများ ပြည့်ဝခြင်း၊
(၃) သစ္စာပြုတောင်းဆုယူရာ၌ စွမ်းရည်ထက်မြက်ခြင်း၊
(၄) ရာထူးစည်းစိမ် တိုးတက်ခြင်း၊
(၅) အရောင်းအဝယ်ပြုရာ၌ ရောင်းရေးဝယ်တာ ကောင်းမွန်ခြင်း၊
(၆) စစ်ချီစစ်ထိုးပြုရာတွင် အောင်မြင်စေခြင်း၊
(၇) အပူအဖော်အထူးကို ခံစားနိုင်ခြင်း၊
(၈) အခြွေအရံပေါများခြင်းဆိုသော ကောင်းမှုများကို ခံစားကြရမှာ ဖြစ်ပါသည်။

လောကီကျမ်းမြတ်များတွင်လည်း ဤသို့ပင် အဆို ရှိခဲ့ပါသည်။

**၈။ <u>ဒေသစာရီမုဒြာ</u>**

လက်နှစ်ဖက်ဖြင့် သင်္ကန်းစကိုကိုင်၍ ဒေသစာရီကြ ချီတော်မူဟန်ဖြစ်သည်။ ဘုရားရှင်သည် သတ္တဝါဝေနေ ယျတို့အား ဒေသစာရီလှည့်လည်၍လည်း ကြီးမားသော မဟာကရုဏာဖြင့် တရားဒေသနာကို ဟောမိန့်ခြွေ၍ သံ သရာဝဋ်ဆင်းရဲမှ ကယ်တင်ခဲ့ပါသည်။

ဒေသစာရီ မုဒြာရုပ်ပွားဆင်းတုတော်များသည် များ သောအားဖြင့် ဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်တို့၌သာ ထားရှိကိုးကွယ် ဆည်းကပ်လေ့ရှိပါသည်။

ဒေသစာရီ ရုပ်ပွားဆင်းတုတော်သည် ဝေနေယျ လူသားများအတွက်-

(၁) ကောင်းမှုအကျိုးကို ခံစားနိုင်ရန် ဆိုဆုံးမမှုဖြင့် ကောင်းစွာဘဝကူး ရရှိနိုင်မှာ ဖြစ်ပါသည်။



(၅) ဓမ္မစကြာမုဒြာ
တရားဦးဟောကြားနေဟန်၊ တရားစက်ဝိုင်းကို
လှည့်ဘီးလှည့်တော့မည်ဟန်ဖြစ်၏။ လက်ယာလက်က
စက်ဝိုင်းလှည့်ဘီးတစ်ခုကို လည်ပတ်ပေးတော့မည့်ဟန်



မဟာအောင်မြေ (စစ်ကိုင်း)
ကံတလူဆုတောင်းပြည့်ဘုရားရှိ ဓမ္မစကြာရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းပုထိုးတော်ကြီး အရှေ့ဘက်မုခ်အတွင်းရှိ
မဟာကရုဏာမုဒြာ

ထိုရှစ်မျိုးသော မုဒြာဟန်များသည် မြန်မာနိုင်ငံတွင် ...းဆုံးတွေ့နေကျ ဖူးမြော်နေရသော မုဒြာဟန်များဖြစ် ...သည်။

ထို့အပြင် ရှေးပညာရှိများ ရေးသားခဲ့သော စာပေ ...တွင် -

ဗေဒင်ကျမ်းဆိုင်ရာမုဒြာများ၊
တန္တရာယာနဆိုင်ရာမုဒြာ (၁၀၈)မျိုး၊
လောကီယအနုပညာဆိုင်ရာမုဒြာ (၆၄)မျိုး၊
...များစုအတွင်း ထင်ရှားသည့်မုဒြာ(၄၅)မျိုးဟူ၍ ...သော မှတ်သားမှုများဖြင့် ရှိခဲ့ပါသည်။

...ရေးသူအနေဖြင့် ဘုရားရှင်၏ မုဒြာဟန်များကို ...မိသည်မှာ (၅၆)မျိုးဖြစ်၍ ထို(၅၆)မျိုးကို ဖော် ...သည်။

...လီမုဒြာ-လက်အုပ်တော်ချီ ရှိခိုးနေဟန်၊
...ခန္ဓဟတ္ထ-လခြမ်းပုံသဏ္ဌာန် လက်ကို ပြထား ...
...ယမုဒြာ-လက်ဖဝါးထောင်၍ ဘေးမဲ့ပေးဟန် ...လက်ဖဝါး)၊
...လိင်္ဂမုဒြာ-တစ်ပါးနှင့်တစ်ပါး ဖက်ယမ်းထား



(၆) မဟာကရုဏာမုဒြာ
လက်ဝဲ(သို့မဟုတ်)လက်ယာလက်ကို
ရင်ဘတ်အထက်သို့ မြှောက်ချီ၍ လက်ဝါးကို
အတွင်းသို့ လှည့်ပြီး ရင်ဘတ်ကို ဖုံးအုပ်ဖိနှိပ်ထားဟန်

သောပုံဟန်၊

(၅) ဥတ္တာနမောစိမုဒြာ-အထွတ်အထိပ်သို့ရောက်၍ ပွင့်တော်မူဟန်၊

(၆) ကစ္ဆဝလမ္ဗိတဟတ္ထ-လက်မောင်းကို ဘေးတစ်ဖက် စီချ၍ လက်ကို ခါးပေါ် တင်ထားဟန်၊



www.burmeseclassic.com

www.burmeseclassic.com



(၇) ဝရဒမုဒြာ
ကောင်းချီးသြဘာပေးနေသောဟန်

(၇) ကဋ္ဌလဟတ္ထ-လက်ချောင်းများကို ထိပ်ဖျားနှင့်လက်မ ထိကာ ဝိုင်းပြထားဟန်၊

(၈) ကဋ္ဌိဟတ္ထ-ခါးထောက်၍ နေဟန်၊

(၉) ကရဏမုဒြာ-လက်တစ်ဖက်ကို အပြင်သို့ ဖြန့်ထားပြီး လက်သန်း၊ လက်ညှိုး နှစ်ချောင်းကိုသာ ထောင်ထားဟန်၊

(၁၀) ကုသထိဏဟတ္ထ(ကုသမုဒြာ)-သမန်းမြက်ကို အုပ်ထားဟန်၊ ကြဲဖြန့်နေဟန်၊



ကျိုက်ထီးဆောင်းသာသနာ့နယ်မြေရှိ
ဂဝံရုပ်ပွားတော်၏ ဝရဒမုဒြာဟန်

(၁၁) ကေသမသုပဟာမုဒြာ(ကေသပတ္တ)-လက်ဝဲ...
မှ ဆံပင်ကို ဆုပ်ကိုင်၍ လက်ယာလက်ဖြင့် ...
လျက်ကို စွဲကိုင်ကာ ဆံပင်ကို ဖြတ်ဟန်၊

(၁၂) စေပနမုဒြာ-အမြိုက်သုဒ္ဓါကို ပက်ဖျန်းနေဟ...

(၁၃) ဂဒါဟတ္ထ-လက်ရိုက်သံတင်းပုတ်ကို ကိုင်...
ဟန်၊

(၁၄) ဂဇဟတ္ထ-ဆင်နှာမောင်းသဏ္ဍာန်လက်ဟန်၊

(၁၅) စပေဋ္ဌဒါနမုဒြာ-ရိုက်ပုတ်နေသည့်ဟန်၊

(၁၆) စိန္တမုဒြာ-လက်မထိပ်နှင့် လက်ညှိုး ထိထ...
အခြားလက်ချောင်းများ ထောင်ထားကာ ...
ဝါးကို အပြင်ဘက်သို့ ပြထားဟန်၊

(၁၇) စိဝရဟတ္ထ-လက်တစ်ဖက်ဖြစ်စေ၊ နှစ်ဖက်...
ဖြစ်စေ သင်္ကန်းတစ်မျိုးမျိုးကို ကိုင်ထားဟ...

(၁၈) ဈာနမုဒြာ-တရားအားထုတ်ဟန် (သို့မဟုတ်) ...
ဝင်စားဟန်၊

(၁၉) ဉာဏမုဒြာ- လက်နှစ်ဖက်စလုံး ရင်ဘက်...
မြှောက်၍ လက်ဝါးများကို ရင်ဘတ်ဘက်...
ထားပြီး လက်မနှင့် လက်ခလယ်ကို ထိ...

www.burmeseclassic.com

www.burmeseclassic.com

(၂၀) ဘဒ္ဒနိမုဒြာ-လက်ညှိုးထောင်ထားဟန်၊
(၂၁) တပ္ပနမုဒြာ-အတိတ်ကာလမှ ဘိုးဘွားများအား ပူဇော်နေဟန်၊
(၂၂) တဇ္ဇနိပါသဟတ္ထ-လက်ညှိုးထောင်၍ ပိုက်ကွန်ရက်ကို ကိုင်ထားဟန်၊
(၂၃) တိဏှဟတ္ထ-လက်တစ်ဖက်ကိုဖြစ်စေ၊ နှစ်ဖက်ကိုဖြစ်စေ မြက်(တိဏှကိရဏှမုဒြာ) တစ်မျိုးမျိုးကို ကိုင်ထားဟန်၊
(၂၄) တိပတကဟတ္ထ-သုံးချောင်းထောင် ကြက်လျှာစွန်းလက်ဟန်၊
(၂၅) တိလောကဝိဇယမုဒြာ-လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့အနားတွင် ယှက်ထားပြီး လက်ဝါးကို အပြင်ဘက်သို့ လှန်ပြထားဟန်။
(၂၆) ဒမရုဟတ္ထ-မုရိုးစည်းကလေး လက်သန်းနှင့် လက်ညှိုး နှစ်ခုထောင်ထားသည့်ကြားတွင် ညှပ်ပြထားသောဟန်၊
(၂၇) ဒါနမုဒြာ-လက်ယာလက် အောက်စိုက်ချထားသော လက်ဝါးကို အပြင်ဘက်သို့ ညွှန်ပြထားသည်။ လက်ချောင်းများကို ဖြန့်ထားပြီး တစ်စုံတစ်ခုကို ကာကွယ်ပေးတော့မည့်ဟန်၊
(၂၈) ဒဏ္ဍဟတ္ထ-လက်ဝဲလက်သည် ရှေ့သို့ဆန့်တန်း၍ဖြစ်စေ၊ ခန္ဓာကိုယ် ကန့်လန့်ဖြတ်၍ဖြစ်စေ ထားသောဟန်၊
(၂၉) ဓမ္မစကြာမုဒြာ-တရားဦးဟောကြားနေဟန်၊ တရား


ရန်ကုန်မြို့ တောင်ဥက္ကလာပစေတီ၏ အရှေ့တောင်ဘက်အရပ် သာသနိကာနယ်မြေရှိ ဒေသစာရီရုပ်တော်မှုဟန်


(၈) ဒေသစာရီမုဒြာ
လက်နစ်ဖက်ဖြင့် သင်္ကန်းစကို ကိုင်၍
ဒေသစာရီကြွချီတော်မူဟန်



www.burmeseclassic.com

www.burmeseclassic.com

စက်ဝိုင်း၊ လှည်းဘီးလှည့်တော့မည်ဟန်။

(၃၀) နမက္ကာရမုဒြာ-လက်နှစ်ဖက်ကိုယှက်ကာ ရင်ဘတ်ဆီလောက်အထိ မြှင့်တင်၍ ထားနေသောဟန်၊

(၃၁) နိဒြာဟတ္တ-ဘေးခေါင်းလက်ထောက်ပုံဖြစ်ပြီး နံဘေးဘက်သို့ လက်ထောက်ထားပုံဟန်၊

(၃၂) ပတ္တမုဒြာ-လက်ဝဲလက်ကိုလှန်၍ လက်ယာလက်ကို အပေါ်မှ မိုးထားသောဟန် (ပတ္တဟတ္တ)ဖြင့် သပိတ်ကိုလည်း ကိုင်ထားသောဟန်၊

(၃၃) ပဒုမဟတ္တ-လက်တွင် ကြာပန်းကိုင်ထားသောဟန်၊

(၃၄) ပြဋ္ဌီဟာရိကမုဒြာ-တရားဓမ္မ ဟောနေဟန် (ဓမ္မစကြာမုဒြာဟန်နှင့် တူ၏)၊

(၃၅) ပေါတ္တကဟတ္တ-ကျမ်းဂန်စာအုပ်ကို ကိုင်ထားဟန်၊

(၃၆) ဗုဒ္ဓသမဏာမုဒြာ-လက်ယာလက်ကို ပခုံးစွန်းနှင့် အညီထား၍ လက်ကောက်ဝတ်ကို နောက်သို့ကွေးထားပြီး လက်ချောင်းများကို ဖြန့်ထားကာ လက်ဝါးကို အပေါ်သို့ လှန်ထားသောဟန်၊

(၃၇) ဗျာစျာနမုဒြာ-လက်ဝဲဘက်ဒူးပေါ်တင်ပြီး လက်ယာလက်ကို ရင်ဘတ်ဆီ မြှောက်ချီထား၏။ လက်မနှင့် လက်ညှိုးမှာ အမြင့်သို့ ထိုးပြထား၍ အဝေးလက်ချောင်းများအတွင်းသို့ကွေးကာ လက်မထိပ်နှင့် လက်ညှိုးထိပ် မထိဘဲ လက်ဝါးကို ဖူးမြင်လာသူအား လှန်ပြထားသောဟန်၊

(၃၈)ဘူတဒါမရမုဒြာ-လက်နှစ်ဖက် ရင်ဘတ်ရှေ့တည့်တည့်တွင် ယှက်ထားပြီး လက်ဝါးများ အပြင်သို့ လှန်ပြထားသောဟန်၊

(၃၉) ဘူမိဖဿမုဒြာ (ဘူဖဿမုဒြာ)-လက်ယာလက်၊ လက်ယာဒူးမှ အောက်သို့ တွဲလွဲချ၍ လက်ဝါးကို အတွင်းသို့လှည့်ထားပြီး လက်ချောင်းများအားလုံး ဖြန့်ထားသည်။ အောက်တည့်တည့် ကြာပလ္လင်မြေကြီး ထိုင်ခုံတစ်ခုကို ထိထားသောဟန်၊

(၄၀) မဟာကရုဏာမုဒြာ-လက်ဝဲ (သို့မဟုတ်) လက်ယာလက်ကို ရင်ဘတ်အထက်သို့ မြှောက်ချီ၍ လက်ဝါးကို အတွင်းသို့လှည့်ပြီး ရင်ဘတ်ကို ဖုံးအုပ်ဖိနှိပ်ထားဟန်၊

(၄၁) ယောဂမုဒြာ-တရားအားထုတ်နေသောဟန်၊

(၄၂) လက်ိတာစေပမုဒြာ-ကလိတာသနထိုင်ဟန်နှင့် ဆက်နွယ်သောဟန်၊

(၄၃)လောလဟတ္တ-လက်ကို ကိုယ်၏ဘေးတွင် ခပ်ခွာခွာ လျှော့ဆန့်ထားသောဟန်ပြင်ပြီး လက်ဝါး... လည်း အတွင်းဘက်သို့လှည့်ကာ ဘာမှကိုင်မထား... ဘဲ အလိုက်သင့် ဖြန့်ချထားသောဟန်၊

(၄၄) ဝဇီရာတုက်ရမုဒြာ-အတွင်းဘက်လှည့်ထားသော... လက်နှစ်ဖက်ကို လက်ကောက်ဝတ်နေရာလော... တွင် ကြက်ခြေခတ်၍ ရင်ဘတ်ရှေ့၌ထားသောဟန်... လက်ယာလက်တွင် မိုးကြိုးသွားကိုင်၍ လက်... လက်တွင် ခေါင်းလောင်းငယ် ကိုင်ထားဟန်၊

(၄၅) ဝန္ဒနီမုဒြာ-အဉ္စလိမုဒြာ၊ နမက္ကာရမုဒြာတို့နှင့် ဆင်... သောဟန်၊

(၄၆) ဝရမုဒြာ(ဝရဒမုဒြာ)-ကောင်းချီးသြဘာ ပေး... ဟန်၊

(၄၇) ဝိတက္ကမုဒြာ-လက်ယာလက်မောင်းကွေး၍ လက်... ဝါးပြင်ဘက်သို့လှန်ထားသော လက်ညှိုးနှင့် လက်... သူကြွယ်တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ... ထားပြီး ကျန်လက်ချောင်းများ အပေါ်သို့ ထော... ထားဟန်၊

(၄၈) ဝိမှယမုဒြာ-လက်မောင်းကို မြှောက်ချီ၍ လက်... ကို နောက်သို့လှန်ပြီး လက်ချောင်းများကို ကာ... ၍ ထောင်ပြထားဟန်၊

(၄၉) ဝေနာယကိမုဒြာ-ဝိနယကဗြဟ္မာမင်း၏ ဆင်... ခေါင်းမှ နှာမောင်းကို ထောင်ထားသောဟန်၊

(၅၀) သန္တိတမုဒြာ-လက်ကို ဖူးမြင်သူ၏ဘက်သို့ ... ပြထားကာ လက်ချောင်းများကို အပေါ်သို့ ထော... ထားဟန်၊

(၅၁) သန္တသနမုဒြာ-လက်ဝဲလက်ဒူးပေါ် တင်လျ... လက်ယာလက် ရင်ဘတ်ဆီ မြှင့်တင်ထား... လက်မနှင့် လက်ညှိုး အပြင်ဘက်သို့ ဖြန့်ထား...

(၅၂) သမာစိမုဒြာ (သဟတိတမုဒြာ)-ခြေနှစ်ဖ... ထက်ဝယ်ဖွဲ့ခွေထိုင်ကာ ဖနောင့်နှစ်ခုပေါ်သို့ ... ဖဝါးလှန်၍ လက်ဖဝါးနှစ်ခုကိုလှန်ပြီး ခြေ... ပေါ် တင်ထား၏။ လက်ဝဲလက်ပေါ် လက်... လက် တင်၍ လက်မချင်း ထိထားသော...

(၅၃) သဗ္ဗရာဇိန္ဒြမုဒြာ-သီဝရုဒြာနတ်မင်းကြီး၏...



www.burmeseclassic.com

www.burmeseclassic.com

(၅၄) သီဟကဏ္ဏမုဒြာ - လက်ချောင်းထိပ်ဖျားများကို လက်မနှင့်ထိကာ ခြင်္သေ့၏ နားရွက်ပုံကဲ့သို့ လက်ကွင်းပြထားသောဟန်၊

(၅၅) သုစိမုဒြာ-လက်ညှိုးညွှန်ပုံ ပြောင်းပြန်ဖြစ်ပြီး လက်ယာလက်ညှိုးကို အောက်သို့စိုက်၍ ညွှန်ပြနေဟန်၊

(၅၆) ဒေသစာရီမုဒြာ-လက်နှစ်ဖက်ဖြင့် သင်္ကန်းစကို ကိုင်၍ ဒေသစာရီ ကြွတော်မူဟန်။

မြတ်ဗုဒ္ဓဘုရားရှင်၏ မုဒြာ(ဟတ္ထ)ဟန်များကား ဆိုခဲ့ပြီးသော ကျမ်းဆိုင်ရာတွင် ဖော်ပြထားကြသော အမျိုးအစားများအဖြစ်လည်းကောင်း၊ ထို့ထက်မကသော အရေအတွက်အဖြစ်လည်းကောင်း တွေ့ရှိနိုင်ကောင်း၏။ ရှိလည်း ရှိနေမှာ သေချာ၏။ သို့သော် စာရေးသူ ဖော်ပြခဲ့သော (၅၆)မျိုးသော မုဒြာ(ဟတ္ထ)များသည် လေ့လာမှတ်သားမိသရွေ့သာ ဖြစ်ပါသည်။

မြန်မာမှု ဗုဒ္ဓဘာသာနယ်တွင် အများသုံးဖြစ်သည့် (၈)မျိုးသော မုဒြာဟန်မှာလည်း ထို့ထက်မက ရှိနိုင်ပါသည်။ သို့သော် စာရေးသူ၏ လေ့လာမိသမျှနှင့် အနီးစပ်ဆုံး မုဒြာဟန်(၈)မျိုးရှိသော မြန်မာနိုင်ငံအတွင်းမှ ဘုရားစေတီများတွင် ဖူးမြော်ရသော ပုံဟန်တူ မုဒြာရုပ်ပွားဆင်းတုများကိုပါ ယှဉ်တွဲဖော်ပြအပ်ပါသည်။

**မြမဥ္ဇူဝေ(ကျုံမငေး)**.

<u>**မှီငြမ်းမှုများ**</u>

၁။ မဟာဗုဒ္ဓဝင်အကျဉ်းချုပ် (ဇေယျာမောင်)။

၂။ မြန်မာ့ရိုးရာဗုဒ္ဓဝင်လာ မုဒြာများ [စပ်ထွန်းမှတ်ဝင်း(ဦး)]။

၃။ စေတီဆင်းတုသမိုင်းနှင့် ကိုးကွယ်မှုအကျိုးကျေးဇူး [ဦးဇာဂရ(ရန်ကုန်)]။

၄။ သုတေသနသရုပ်ပြအဘိဓာန် (အရှင်ဩဘာသာဘိဝံသ။)။

၅။ ခေတ်အလိုက် ဗုဒ္ဓဆင်းတုတော်များ [ဦးဝင်းမောင်(တမ္ပဝတီ)]။

၆။ ဗုဒ္ဓဆင်းတုတော်များ (ဒေါက်တာဇော်ထွန်း၊ တက္ကသိုလ်ပညာပဒေသာစာစောင်)။

၇။ ဗုဒ္ဓပုံပြမှတ်တမ်းများ။




www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဝင်ရသကြွေးမုံ

# ညတစ်ည၏ အနားသတ်မျဉ်း

## နန္ဒာမိုးကြွယ်

ညီငယ်စူဠကာလအဖို့ နောင်တော် မဟာကာလထံမှ ကြားလိုက်ရသည့်စကားက ကိုယ့်နားကိုယ်ပင် မယုံချင်နိုင်လောက်အောင် ဖြစ်ရသည်။ စိတ်ထဲမှာလည်း အတော်ကလေးပင် ထူးခြားဆန်းကြယ်သလိုမျိုး ဖြစ်နေခဲ့ရသည် ဘာကြောင့်ဆို နောင်တော်၏ နှုတ်ဖျားမှ သည်လိုစကား မျိုး တစ်ကြိမ်တစ်ခါမျှပင် ထွက်ခဲ့ဖူးခြင်း ရှိခဲ့သည် မဟုတ်ပါဘဲလေ။

ညီအစ်ကိုနှစ်ယောက် တက်ညီလက်ညီ စီးပွားရှာ တုန်းကဆိုလျှင် ရလာသမျှ အကျိုးအမြတ်တို့ကို ပွန် မသွားရလေအောင် သိုသိုသိပ်သိပ် သိမ်းဆည်းထား အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်တတ်ဖို့ ကုံ၊ ဉာဏ



www.burmeseclassic.com

www.burmeseclassic.com

ဝိရိယတို့နှင့်ယှဉ်၍ အချိန်ရှိခိုက် လုံ့လစိုက်ဖို့ ဒါတွေကိုပဲ ထပ်ခါတလဲလဲ ပြောဆိုဆုံးမ သွန်သင်ခဲ့သမျှတို့သည် ယနေ့ယခုကျတော့လည်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါပကော။

နောင်တော် မဟာကာလကို ကြည့်ရသည်မှာ ဥစ္စာပစ္စည်းတို့အပေါ်တွင် ငြိငွေ့စက်ဆုပ်ဟန်ပေါက်နေသည်။ အမူအရာတို့မှာလည်း တည်ငြိမ်လွန်းလှပါဘိတော့။

‘ညီငယ်စူဠ··နောင်တော် ခုပဲ ဘုရားရှင်ရှိရာ ပြန်သွားပြီး ရဟန်းပြုတော့မယ်’

စကားလုံးတွေမှာ အလင်္ကာ မရှိ၊ အဝေ့အဝိုက်ဆိုသည်မှာလည်း နတ္ထိ။

‘ဘာဖြစ်လို့ ရဟန်းဝတ်ရမှာလဲ နောင်တော်ရယ်။ နောင်တော် အပတ်တကုတ်နဲ့ ရှာဖွေစုဆောင်းခဲ့တဲ့ ဥစ္စာငွေကြေးတွေအပေါ် သံယောဇဉ်မရှိတော့ဘူးလား’

‘ဟုတ်တယ် ညီငယ်၊ နောင်တော်ရှာဖွေခဲ့တဲ့ ဘယ်ဥစ္စာငွေကြေးတွေအပေါ်မှ နောင်တော် ဘာသံယောဇဉ်မှ မရှိတော့ဘူးကွာ။ လောကီနယ်ပယ်မှာ ကျင်လည်ကျက်စားနေဦးမယ့် ညီငယ်သာပဲ ယူငင်သုံးစွဲလိုက်ပါတော့’

‘စဉ်းစားပါဦးလား နောင်တော်ရယ်’

‘စဉ်းစားတာမှ အကြိမ်ကြိမ်အထပ်ထပ်ကို စဉ်းစားခဲ့တာပါ ညီငယ်။ စဉ်းစားဆင်ခြင်ပြီးကာမှပဲ ခုလိုမျိုးဆုံးဖြတ်ချက်ချလိုက်တာပါ’

‘ညီငယ်တော့ နားမလည်တတ်တော့ပါဘူး နောင်တော်ရယ်။ ဘယ်ကဘယ်လို နောင်တော် စိတ်ပြောင်းသွားရတာလဲ’

‘အင်း··ညီတော်သိအောင် ပြောရရင်တော့ နောင်တော်ဟာ ဘုရားရှင်ရဲ့တရားကို နာမိရာက သတိသံဝေဂတွေ့ရသွားလို့ပဲ ဆိုကြပါစို့ကွယ်။ ရှင်းရှင်းပြောရရင် တရားပွဲပြီးတဲ့အခါမှာ တစ်ခါတည်း ရဟန်းဝတ်လိုက်ဖို့ပါပဲ။ ဒါပေမဲ့ ဘုရားရှင်က ပန်ကြားသင့်သူတွေကို ပန်ကြားပြီးမှ ရဟန်းဝတ်ဖို့ရာ အမိန့်ရှိတာမို့ နောင်တော်အနေနဲ့ တစ်ဦးတည်းသာရှိတော့တဲ့ ညီငယ်ကို အသိပေး ခွင့်ပန်ရတာပဲပေါ့’

‘နောင်တော်ရယ်၊ လူ့လောကီဟာ ပျော်စရာတွေ အများရဲ့သားနဲ့ ဘာဖြစ်လို့များ အဝတ်၊ အနေ၊ အစားဆင်းရဲတဲ့ ရဟန်းအဖြစ် ခံယူချင်ရတာလဲ။ ညီငယ့်ဆန္ဒ အမှန်ကို ပြောရရင် နောင်တော်ဟာ ညီငယ်ရဲ့ အဖအရာပါ။ လောကီစည်းစိမ် အလုံးစုံကို ခံစားစေချင်ပါသေးတယ်။ နောင်တော့်ကို အိမ်ဦးခန်းမှာထားပြီး ညီငယ် လုပ်ကျွေးသွားမှာပါ။ သည်တော့ ရဟန်းမပြုပါနဲ့လား နောင်တော်ရယ်’

‘ခွင့်လွှတ်ပါ ညီငယ်၊ အစ်ကို့အတွက်တော့ လောကီနယ်ဟာ ပျော်စရာမရှိ၊ စက်ဆုပ်စရာအတိပါ။ အာရုံထဲမှာ ရဟန်းပြုချင်တဲ့စိတ်က တားမနိုင်ဆီးမရဖြစ်နေတယ်’

ဘုရားရှင်၏ တရားဒေသနာတော်ကို နာကြားခဲ့ရပြီးသည့်နောက် အမြင်တွေ သစ်လာခဲ့သော သဒ္ဓါတရားတို့ ထက်သန်နေခဲ့သော ယိမ်းယိုင်တုန်လှုပ်မှု ကင်းမဲ့လေပြီဖြစ်သော နောင်တော် မဟာကာလအား စူဠကာလ မလွန်ဆန်နိုင်တော့။

‘နောင်တော်ရဲ့ သဒ္ဓါတရားက အင်မတန်မှ ထက်သန်ကြီးမားနေတော့လည်း မတားသာတော့ပါဘူးလေ။ နောင်တော်ရဲ့ အလိုဆန္ဒအတိုင်းသာ ရဟန်းပြုပါတော့’

‘ကျေးဇူးတင်လိုက်တာ ညီငယ်ရယ်’

ပန်ကြားသင့်သူထံ ပန်ကြားပြီး အခွင့်အခါပေးလေတော့ မဟာကာလအဖို့ရာ ဂမ်းမြောက်ကြည်နူး၍ မဆုံးတော့။ ချက်ချင်းဆိုသလိုပင် ဘုရားရှင် သီတင်းသုံးစံပယ်နေတော်မူရာ ဇေတဝန်ကျောင်းတော်သာသို့ ခြေဦးလှည့်လိုက်ပါသတည်း။

◆ ◆ ◆

မဟာကာလ၏ ခြေလှမ်းများကား လာခြင်းကောင်းသော ခြေလှမ်းများပဲ ဖြစ်သည်။ ဇေတဝန်ကျောင်းတော်ရောက်တော့ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် လူဝတ်ကြောင်ဘဝကို စွန့်လွှတ်ကာ ရဟန်းဘဝကို ခံယူလိုက်ပေပြီ။

ပြီးတော့ ရဟန်းတစ်ပါးအဖို့ ပြုလုပ်ကျင့်ဆောင်ရမည့် လုပ်ငန်းစဉ်တို့ကို မေးလျှောက်ခဲ့သည်။ ဘုရားရှင်ကလည်း ဗုဒ္ဓဘာသာ သာသနာအတွင်း ဝင်ရောက်လာသော ရဟန်းတစ်ပါး ပြုလုပ်ကျင့်ဆောင်ရမည်။ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းစဉ်တို့ကို မိန့်ကြားခဲ့သည်။

‘အရှင်ဘုရား·· တပည့်တော်ဟာ အသက်ကြီးမှ ရဟန်းပြုတဲ့သူပါ။ ဒါကြောင့် တပည့်တော်အတွက် ပရိယတ္တိစာပေ သင်ကြားခြင်းဆိုတဲ့ ဂန္ထဓုရကို ဖြည့်ကျင့်ဖို့ဆိုတာ အင်မတန်မှ ခက်ခဲလှပါတယ်ဘုရား။ တပည့်



www.burmeseclassic.com

တော်အဖို့ အမှန်အတိုင်း ဝန်ခံရလျှင် ဖြည့်ကျင့်နိုင်လိမ့်မယ်လို့ မထင်ပါဘူးဘုရား။ သည့်အတွက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဆိုတဲ့ ဝိပဿနာကိုပဲ ဖြည့်ကျင့်နိုင်ပါလိမ့်မယ်။ တပည့်တော်ကို အရဟတ္တဖိုလ်ဆိုက်ရောက်နိုင်တဲ့ သုသာန်ဓုတင်ကို ညွှန်ပြဆုံးမ ဩဝါဒပေးတော်မူပါဘုရား'

'ကောင်းပြီ ချစ်သား၊ သေချာစွာ နာယူရစ်ပါလော့'

မဟာကာလ၏ လျှောက်ထားတောင်းပန်မှုကြောင့် ဘုရားရှင်လည်း အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်နိုင်မည့် သုသာန်ဓုတင် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူခဲ့သည်။

မဟာကာလတစ်ဖြစ်လဲ အရှင်မဟာကာလအဖို့ရာမတော့ ဘုရားရှင် မိန့်ကြားချက်သည် သူ ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးစဉ်အတွက် လမ်းညွှန်ပဲ ဖြစ်ချေသည်။

သူကျင့်ဆောင်မည့် ကမ္မဋ္ဌာန်းကား သုသာန်ဓုတင်ဖြစ်ချေ၏။

သုသာန်ဓုတင်ဆောင်သည့် ရဟန်းတို့အဖို့ လူခြေတိတ်ဆိတ်သော အချိန်သို့ရောက်လျှင် သုသာန်ရှိရာသို့ သွားကြရ၏။ သုသာန်သို့ရောက်လျှင် သင့်လျော်လျောက်ပတ်မည့် နေရာကိုရွေး၍ တရားထိုင်ကြရ၏။ လူများအိပ်ရာမှ မထသေးမီအချိန်တွင် သီတင်းသုံးရာ ကျောင်းသင်္ခမ်းသို့ ပြန်လာကြရ၏။ သုသာန်ဓုတင် ဆောင်ကြသူတို့အဖို့ သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတို့ကို လန့်နေကြောက်နေ၍မရ။ လူသူတို့နှင့် ကင်းဝေးနေသည့်အတွက် စိုးထိတ်တုန်လှုပ်နေ၍မရ။ လူသူပရိသတ်တို့နှင့် ကင်းဝေးခြင်းကို အလိုရှိဖို့ လိုအပ်သည်။

ဤ၌ ရှင်မဟာကာလအဖို့ သတ္တိကောင်းသူ၊ ကြောက်စိတ်ကင်းမဲ့သူဟု ဆိုရချိမ့်မည်။ သူသည် လူဝတ်ကြောင် ဘဝကတည်းကပင် ညဥ့်နက်သန်းခေါင်မရွေး သုသာန်အပါအဝင် မည်သည့်အရပ်ဒေသမဆို စွန့်စားသွားလာခဲ့သူ ဖြစ်၏။ သည့်အတွက်ကြောင့်လည်း ရဟန်းဘဝသို့ ရောက်လာသည့်အခါ ရဟန်းတိုင်း ဆောင်လေ့မရှိသည့် သုသာန်ဓုတင်ကိုပင် ရွေးချယ်၍ ဆောင်ခဲ့ခြင်း ဖြစ်ပေသည်တကား။

◆ ◆ ◆

နားယံတွင် ခြေသံအချို့ ရုတ်တရက် ဝင်လာသည့်အတွက် ရှင်မဟာကာလလည်း မျက်လုံးကို အသာဖွင့်ပြီးကြည့်လိုက်သည်။ ဤတွင် တွေ့မြင်လိုက်ရသည်က ရွက်ကြမ်းရေကျို အမျိုးသမီးတစ်ဦးပင် ဖြစ်တော့သည်။

အဆိုပါ အမျိုးသမီးကား အလောင်းကောင်တို့ ဖုတ်ကြည်းသင်္ဂြိုဟ်ရာဖြစ်သော မြေကျင်းတူး၍ မြှုပ်နှံရာဖြစ်သော သင်္ချိုင်းမြေ၊ သုသာန်မြေကို စောင့်ကြပ်ရသည့် သုသာန်စောင့်အမျိုးသမီး ကာလီဆိုသူ ဖြစ်လေသည်။ ထိုစဉ်မှာပင် ကာလီထံမှ မေးလျှောက်စကားသံ ထွက်ပေါ်လာခဲ့သည်။

'အရှင်ဘုရား··အရှင်ဘုရားဟာ သည်နေရာမှာ သီတင်းသုံးနေတာပါလား'

အချိန်ကား ညဥ့်လွှာရုံပိတ် လူခြေတိတ်သည့်သမယ

ရှင်မဟာကာလ မထေရ်အဖို့ သူ သည်နေရာ သည်ဌာနသို့ ရောက်လာစဉ် အချိန်တစ်လျှောက် သည်လိုမျိုး မေးမြန်းလာဖို့ မဆိုထားနှင့်၊ လူရိပ်လူခြည်ကိုမျှ အလျှင်းပင် မမြင်ဖူးခဲ့။ ပြီးတော့ မည်သူမည်ဝါကိုမျှ အသိပေး အကြောင်းကြားခြင်းမရှိဘဲ သည်နေရာသို့ အချိန်တန်လျှင် အရောက်လာ၊ အချိန်တန်လျှင် ပြန်သွားနှင့် သုသာန်ဓုတင် ဆောင်နေခဲ့ခြင်းပင် ဖြစ်သည်။

သုသာန်စောင့် ကာလီအဖို့ရာ၌လည်း ရှင်မဟာကာလမထေရ် ရပ်သည့်နေရာ၊ ထိုင်သည့်နေရာ၊ စင်္ကြံလျှောက်သွားသည့် ခြေရာ လက်ရာတို့အား တွေ့ကတည်းက သူ စောင့်ကြပ်ရသည့် သုသာန်အတွင်း တစ်ဦးတစ်ယောက် လာလာနေသည်ကို သတိပြုလိုက်မိပြီးဖြစ်၏။ သည့်အတွက် သတိထားပြီး စောင့်ကြည့်ခဲ့ပါသေး၏။ သို့ပါသော်ငြား အခြေအနေမှန်ကို စုံစမ်း၍ မရနိုင်ခဲ့ ထိုသို့ဖြစ်ရခြင်းမှာ အချိန်ကာလ လွဲမှားနေမှုကြောင့်ဖြစ်သည်။ စောင့်ကြပ်သည့်အချိန်က နေ့ဘက်ဆိုတော့ အဘယ်မှာလျှင် တိုက်ဆိုင်မှု ရှိတော့မှာတဲ့နည်း။

အကယ်တန္တ ညတွေမှာသာ စောင့်ကြည့်ဖြစ်ပါ တစ်ကြိမ်မဟုတ် တစ်ကြိမ်မှာတော့ သုသာန်ဓုတင် ၍ ဆောင်မြဲဖြစ်သော ရှင်မဟာကာလ မထေရ်နှင့် တွေ့ ဖြစ်လိမ့်မှာ သေချာသည်။ ယခုတော့ဖြင့် ကံအားလျော်စွာ ထိပ်တိုက်ရင်ဆိုင် တွေ့လိုက်ပါချေပြီ။ သည် တွေးလိုက်ရခြင်း၌ ကာလီ၏ စောင့်ကြည့်ချိန် ပြောင်းလဲလိုက်ခြင်းက အရင်းခံကျပေသည်။ ခါတိုင်းဆို ညဘက်ရောက်လျှင် မိသားစုကို သုသာန်ဇရပ်၌ မိ

www.burmeseclassic.com

ခေကာ သူကိုယ်တိုင် သုသာန်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး ညဦးနက်သည့်တိုင်အောင် မနေဘဲ သုသာန်နှင့်နီးမဝေးရှိ အိမ်သို့ မိသားစုနှင့်အတူ ပြန်သွားခဲ့စမြဲ ဖြစ်ချေသည်။ သည်ကနေ့ကျကာမှ ခြေရာလက်ရာရှင်ကို သိချင်ဇောဖြင့် ညဦးနက်သန်းခေါင်ထိနေကာ လှည့်လည်ကြည့်ရှုရာမှ ရှင်မဟာကာလ မထေရ်နှင့် တွေ့ဆုံရခြင်းပင်။

'အသင်ဒါယိကာမ··သည်နေရာကို ညစဉ် လာရောက်ပြီးတော့ သီတင်းသုံးနေတဲ့သူဟာ ငါပါပဲ'

'အရှင်ဘုရား··သည်လိုမျိုး သုသာန်အရပ်ကို လာရောက်တော့မယ်ဆိုရင်ဖြင့် ပြုသင့်ပြုထိုက်တဲ့ ဝတ္တရားတွေကို ပြုရပါတယ်ဘုရား'

သည်အချက်ကို သူ နားမလည်သည်က အမှန်။ ...နိုးသားသားဖြင့် လူသူမနေသော သုသာန်အရပ်၌ လာရောက်သီတင်းသုံးခြင်းအမှု၌ မည်သို့သော ဝတ္တရားတွေ ...ပါရသနည်း။ မသိတော့လည်း သိအောင် လုပ်ရမည် ... သူ့တာဝန်ပင်။

'နေပါဦး ဒါယိကာမ၊ ငါ မသိလို့ မေးပါရစေဦး။ ...အနေနဲ့ သည်သုသာန်မှာ ညဘက် လာရောက်သီတင်း...တဲ့အပေါ် ဘယ်လိုမျိုးဝတ္တရားတွေကို ပြုဖို့လိုပါသလဲ'

'အရှင်ဘုရား··ဟောသည် တပည့်တော်မ တာဝန်...စောင့်ကြပ်ရတဲ့ သုသာန်ကို လာရောက်သီတင်းသုံး...တော့မယ်ဆိုရင် သုသာန်စောင့်ဖြစ်တဲ့ တပည့်တော်မကို ...စေ၊ အရှင်ဘုရားရဲ့ ကျောင်းသခ်မ်းမှာရှိတဲ့ မထေရ်ကြီး...ါးကိုဖြစ်စေ၊ ဒါမှမဟုတ် ရွာသူကြီးကိုဖြစ်စေ ...ကြောင်းကြားဖို့ လိုအပ်ပါတယ်ဘုရား'

'သြော်··အဲဒါ ပြုရမယ့် ဝတ္တရားတဲ့လား။ နေပါဦး၊ ...ကြောင့်များ သည်လူ သည်ပုဂ္ဂိုလ်တွေကို အကြောင်း...ဖို့ လိုအပ်တာတဲ့တုံး'

'တင်ပါ့၊ ဒါက သည်လိုရှိပါတယ်ဘုရား။ ညဘက် ...သူခိုးသူဝှက်တွေဆိုတာဟာ သူတို့လုပ်ငန်းကို လုပ်...ကြပါတယ်။ တစ်ခါတစ်ရံ အိမ်ရှင်တွေ နိုးထလာ...ကြတဲ့အခါ သူခိုးသူဝှက်တွေဟာ လူသူကင်းမဲ့တဲ့ ...ထဲကို ပြေးဝင်ခြေရာဖျောက်လေ့ ရှိတတ်ကြပါ...ဘုရား။ ရံဖန်ရံခါ ပြေးလို့မလွတ်လောက်ဘူးလို့ ...ခါမျိုးမှာ သူတို့ ခိုးဝှက်ယူငင်လာတဲ့ ဥစ္စာပစ္စည်းထုပ်တွေကို သုသာန်ထဲ ပစ်သွားတတ်ကြပါတယ်ဘုရား။ သည်အခါ ဥစ္စာရှင်တွေက သုသာန်ထဲမှာ တွေ့ရတဲ့သူကို သူခိုးသူဝှက်လို့ စွပ်စွဲပြီး ရန်ရှာတတ်ကြပါတယ်ဘုရား။

အကယ်တန္တု သုသာန်ထဲ အရှင်ဘုရားတို့လို ရှိနေမယ့် ပုဂ္ဂိုလ်တွေအနေနဲ့ သုသာန်စောင့်ကိုဖြစ်စေ၊ မထေရ်ကြီး၊ ရွာသူကြီးတို့ကိုဖြစ်စေ အကြောင်းကြားထားမယ်လို့ ဆိုခဲ့ရင် သည်ပုဂ္ဂိုလ်ဟာဖြင့် တို့များကို ကြိုတင်အသိပေး အကြောင်းကြားထားတဲ့သူ ဖြစ်တယ်။ သူခိုးသူဝှက် မဟုတ်ဘူးဆိုပြီး သက်သေပြုကြမှာပဲပေါ့။ ဘေးရန်ကို ကြိုတင်ကာကွယ်တားဆီးနိုင်မှာပေါ့။ ဒါကြောင့် ပြုရမယ့်ဝတ္တရားလို့ ဆိုခဲ့တာပေါ့ အရှင်ဘုရား'

'အိုး··ဟုတ်ပေသားပဲ ဒါယိကာမရယ်၊ သည်လိုမျိုး ခြေခြေမြစ်မြစ်ရှင်းပြတော့ နားလည်သဘောပေါက်ပါပြီ။ နောက်ဆို သည်ဝတ္တရားအတိုင်း ကိုယ့်ဘက်က ပြုရမှာပဲပေါ့'

'တင်ပါ့ဘုရား'

'ဒါထက် တစ်ဆက်တည်းဆိုသလို သိချင်တာလေးတွေရှိလို့ မေးပါရစေဦး။ တခြားတော့ မဟုတ်ပါဘူး၊ သုသာန်မှာ သီတင်းသုံးတဲ့အခါ ဘာတွေများ ပြုကျင့်ရဦးမလဲဆိုတာပါ။ ရှောင်ရန် ဆောင်ရန် ဆိုတာမျိုးပေါ့'

'တင်ပါ့ဘုရား။ သုသာန်မှာ သီတင်းသုံးမယ့် အရှင်သူမြတ်ဆိုတာဟာ ငါး၊ အမဲ၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ တင်လဲ စတာတွေကို ဘုဉ်းပေးသုံးဆောင်ခြင်း မပြုရပါဘူး။ နေ့လယ်နေ့ခင်းအခါတွေမှာ ကျိန်းစက်ခြင်း မပြုရသလို တရားအားထုတ်တဲ့နေရာမှာ လုံ့လ၊ ဝီရိယ ရှိဖို့လိုပါတယ်။ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်ပတ်ဖြားယောင်းခြင်းတွေ မရှိရပါဘူး။ မြင့်မြတ်တဲ့ အလိုဆန္ဒတွေ ရှိရပါလိမ့်မယ်။ ညဘက်ရောက်လို့ ရဟန်းသံဃာတော်တွေ ကျိန်းစက်ချိန်ရောက်ပြီ၊ ကျိန်းစက်နေကြပြီဆိုတော့မှ ကျောင်းက ထွက်ရပါတယ်။ မနက်ခင်းရောက်ရင်လည်း ဘယ်သူဘယ်ဝါမှ အိပ်ရာက မထခင် ကျောင်းသခ်မ်းရှိရာ အရောက်ပြန်ရပါတယ် အရှင်ဘုရား'

ကာလီအဖို့ ရှင်မဟာကာလမထေရ် သိလိုသည့် ပြုကျင့်ဖွယ်ရာများကို အလုံးစုံ တင်လျှောက်လိုက်ရတော့ ရင်ထဲ ပေါ့ပါးသွားရသည်နှင့်အမျှ သူစောင့်ကြပ်ရာ သုသာန်သို့ သူတော်စင်ရဟန်းတစ်ပါး ကြွလာသီတင်းသုံး

www.burmeseclassic.com

ခြင်းအတွက်လည်း အတိုင်းမသိသော ကြည်နူးမှုတို့ ဖြစ်ပေါ်ခံစားနေရတော့သည်။

ထို့အတူ ရှင်မဟာကာလ အဖို့ရာလည်း သူသိထားခြင်း မရှိသေးသော အကြောင်းရပ်အဖုံဖုံကို ပြည့်စုံစွာ သိရှိလိုက်ရသည့်အတွက် အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

ထိုညကား လမင်းငွေသော်တာသည် ရုံရွှေတော်ကြယ်တာရာတို့ ဝန်းရံခသည့်ကြားမှ အစွမ်းကုန် လင်းပွင့်နေခဲ့ပါသတည်း။

◆◆◆

ဆရာနှင့်ဒကာ၊ ဒကာနှင့်ဆရာကား ရေနှင့်ကြာပမာ သို့သာတည်း။ ကာလီအဖို့ ဆရာအရှင်အား ကြည်ညိုရင်းစွဲဖြစ်ရသည်သာမက ရဟန်းကိစ္စကိုလည်း ပြီးမြောက်စေချင်ခဲ့သည်။

သည့်အတွက်ကြောင့်ပင် ရင်တွင်း၌ ဖြစ်ပေါ်လာသည့် သဘောထားဆန္ဒ အမှန်တို့အား ပွင့်လင်းစွာပင် လျှောက်တင်မိတော့သည်။

"အရှင်ဘုရား‥ အရှင်ဘုရားဟာ တပည့်တော်မစောင့်ကြပ်ရတဲ့ ဟောသည်သုသာန်မြေမှာ ဘုရားရှင် ညွှန်ပြတဲ့ နည်းနာနိဿယအတိုင်း ကျင့်ကြံအားထုတ် သီတင်းသုံးပြီး ရဟန်းကိစ္စ ပြီးဆုံးသွားတယ်ဆိုခဲ့ရင် အရှင်ဘုရား ပျံလွန်တော်မူတဲ့အခါ တပည့်တော်မဟာ အရှင်ဘုရားရဲ့ အလောင်းတော်ကို ကမ္ဗလာလွှမ်းပြီး အထွတ်စုလစ်မွမ်းချွန်တပ်တဲ့ တလားကြီးပေါ် တင်ပါမယ်။ ပန်းနံ့သာတွေနဲ့ ရိုသေစွာ ပူဇော်လို့ သင်္ဂြိုဟ်ပါ့မယ်ဘုရား"

"အရှင်ဘုရား‥တကယ်လို့များ အရှင်ဘုရားဟာ ရဟန်းကိစ္စကို ပြီးမြောက်အောင် အားမထုတ်နိုင်ဘူးဆိုခဲ့ရင်တော့ အရှင်ဘုရားရဲ့ အလောင်းကောင်ကို ထင်းပုံပေါ်တင်ပြီး မီးတိုက်ရပါလိမ့်မယ်။ တစ်ကိုယ်လုံးအနှံ့ မီးစွဲရလေအောင် တံစူးဝါးတွေ၊ ချိတ်ကောက်တွေနဲ့ ဆွဲငင်လှန်လှောရပါလိမ့်မယ်။ ပြီးတော့ ပုဆိန်နဲ့ ထုနှက်ပေါက်ခွဲပစ်ရပါလိမ့်မယ်။ ဒါ့အပြင် ခန္ဓာကိုယ်ကို အပိုင်းပိုင်းဖြတ်ပြီး ပြာပုံအတိ ဖြစ်ရလေအောင် မီးတိုက်ပစ်ရပါလိမ့်မယ်ဘုရား"

ကာလီ တင်လျှောက်သည့်စကား၌ ကောက်ကလိန်ကောက်ကကျစ် ဘာမျှမရှိ။ တကယ့်ကို ရိုးရိုးရှင်းရှင်းကလေး။ အဆိုပါ စကားရပ်၌ ချီးမြှောက်သင့်လျှင် ချီးမြှောက်မည့် သဘောလည်းပါသလို အရည်အသွေးကင်းပါက နှိမ့်ချမည်ဆိုသော သဘောလည်း ပါနေသည်။ ကာလီ တိုင်းတာသော အရည်အသွေးကား ရဟန်းကိစ္စ ပြီးမြောက်ခြင်း၊ မပြီးမြောက်ခြင်းသည် အခြေခံကျသည်။ ရဟန်းကိစ္စ ပြီးမြောက်လျှင် အရည်အသွေးပြည့်ပြီး ရဟန်းကိစ္စ မပြီးမြောက်လျှင် အရည်အသွေး မပြည့်ဆိုသည့်သဘော။

စင်စစ် ရဟန်းကိစ္စ ပြီးမြောက်ခြင်းသည် အာသဝေါတရားတို့ ချုပ်ငြိမ်းပြီး အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာ ဖြစ်သွားခြင်း ဆိုသည်ပင်။ ကာလီ၏သဘောထား အမှန်မှာလည်း သူကြည်ညိုလေးမြတ်သော အရှင်အား ရဟန္တာဖြစ်စေလိုခြင်းက အဓိကကျနေသည်။ ဒါကို ရှင်မဟာကာလလည်း ကောင်းစွာနားလည်သဘောပေါက်ခဲ့ပါသည်။ သည့်အတွက်ကြောင့်ပင် ကာလီ ပြန်သွားသည်နှင့် ကမ္မဋ္ဌာန်းတရားကို စတင်အားထုတ်လိုက်တော့သည်။

သာဝတ္ထိပြည်မှာတော့ အုံးအုံးကျွက်ကျွက် ဖြစ်နေသည်။

အကြောင်းရင်းကိုစစ်လိုက်တော့ ရွှေစင်ရွှေသွေးလှပချောမောသော၊ ပစ္စည်းဥစ္စာ ကြွယ်ဝသည့် အသိုင်းအဝိုင်းမှ ပေါက်ဖွားလာခဲ့သော၊ အသက်အရွယ်မှာ နုနယ်ပျိုမျစ်လှစွာသော မိန်းမချောလေးတစ်ယောက် မမျှော်လင့်ပါဘဲ ကွယ်လွန်သွားခဲ့သည့်အတွက် ဖြစ်သည်။

"တောက်‥ဘာမှကို ပစ်ရက်စရာ မရှိအောင် လှလိုက်တာ လားကွယ်"

"ဟုတ်ပါရဲ့၊ သေတယ်လို့သာ ဆိုရ တကယ့်ကို အိပ်မောကျနေသလိုပါပဲလား"

"နှမြောစရာကွယ်။ သေပန်းပွင့်တယ်ဆိုပေမယ့် အသိုင်းအဝိုင်းမှာတော့ တကယ့်ကို ရင်ကျိုးရတဲ့ အဖြစ်ပါပဲလား"

မည်သို့ပင်ဆိုစေ၊ ပြောစေကာမူ အချိန်တန်သောအခါ လည်း ပစ်ရက်စရာမရှိသော မိန်းမလှကလေး၏ အလောင်းသည် သုသာန်စောင့်ကာလီထံသို့ ဆိုက်ရောက်လာခဲ့ သာတည်း။



www.burmeseclassic.com

www.burmeseclassic.com

ကာလီအဖို့သည် မိန်းမလှကလေး၏ အလောင်းကို ညသန်းခေါင်သို့ ရောက်မှသာ မီးသင်္ဂြိုဟ်ဖို့ စီစဉ်ထားခဲ့သည်။ အကြောင်းရင်းခံကတော့ ဆရာအရှင်မဟာကာလ မထေရ်အား အသုဘကမ္မဋ္ဌာန်း စီးဖြန်းစေဖို့ရာပင် ဖြစ်ချေ၏။

'ဒါယိကာမ ..အလောင်းကို မီးလောင်ပြီဆိုရင် ငါ့ကို သတိပေးရစ်ပါ'

'တင်ပါ့ဘုရား'

သုသာန်မြေကား တစ်ခါတစ်ရံ ခွေးအူသံအချို့ ပေါ်ထွက်လာတတ်သည်မှအပ ပကတိအားဖြင့် တိတ်ဆိတ်ငြိမ်သက်လှချေသည်။ မည်သည့်အနှောင့်အယှက် အမှောင့်အဖျက်တို့ လုံးဝမရှိ။ မည်သူကမျှလည်း အသည်းကောင်းသူဖြင့် ရောက်မလာခဲ့ကြ။ သည်တော့လည်း ကာလီအဖို့ ကျွမ်းကျင်ရာလိမ္မာ ဆိုသကဲ့သို့ သူလုပ်နေကျ အလုပ်ကို သက်သောင့်သက်သာ အေးအေးလူလူ လုပ်သွားရုံသာရှိတော့သည်။

ထင်းတုံးတွေ အပေါ်မှာတော့ သက်မဲ့မိန်းမလှကလေး ရောက်နေပါချေပြီ။ ဤတွင် ကာလီလည်း အလောင်းကောင် မိန်းမလှကလေး၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်ကောင်းစားလှတို့ကို ချွတ်လိုက်သည်။ ပြီးတော့ အရှင်မဟာကာလကို ကြည့်ရှုစေခဲ့သည်။ ရှင်မဟာကာလလည်း မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်နေသည့် မိန်းမလှကလေးအား မိန်းမလှကလေးအသွင်ဖြင့် မဟုတ်ဘဲ ခန္ဓာချုပ်ငြိမ်း ဇာတ်သိမ်းသွားရှာသည့် ရုပ်ခန္ဓာတစ်ခုအသွင် သဘောယူလျက် ခြေဖဝါးပြင်မှသည် ဆံဖျားထိတိုင်အောင် ကြည့်ရှုဆင်ခြင်ကာ သတိသံဝေဂပွားရင်း မျက်လွှာကို အသာချလျက် ဝင်သက် ထွက်သက်ကို ရှုမှတ်နေလိုက်သည်။

ထိုစဉ်မှာပင် ကာလီလည်း လောင်စာတို့ဖြင့် မီးတိုက်ကာ အလောင်းအောက်ခြေရှိ ထင်းတုံးတို့အား မီးစွဲစေလိုက်သည်။ လဝါဝါအောက်မှာတော့ မြင်ကွင်းတွေက အာရုံစူးစိုက်ကြည့်လျှင် အထင်းသားပင်။ လေက တစ်ချက် တစ်ချက်ဆိုသလို ဆောင့်ဆောင့်သုတ်လေရာ ထင်းတို့အား စွဲနေသောမီးသည် အရှိန်အဟုန်ကောင်းစွာ လောင်မြိုက်ရင်း အလောင်းကောင်အား စတင်ဝါးမျိုပါပကော။

'အရှင်ဘုရား ..အလောင်းကို မီးလောင်နေပါပြီ'

ကာလီ၏ အသိပေးစကားကြောင့် ရှင်မဟာကာလလည်း မျက်လွှာကိုဖွင့်ကာ မမှိတ်မသုန်သော အကြည့်ဖြင့် ကြည့်ရှုနေခဲ့သည်။ မီးရှိန်တို့ကား ထန်ပြင်းလှပါဘိ။

မြင်ကွင်းထဲမှာတော့ မီးမရှို့ခင်က တွေ့မြင်ရသော အနေအထိုင်နှင့် မီးလောင်နေသော အနေအထားတို့သည် အကွာခြားကြီး ကွာခြားခဲ့လေပြီ။ မီးမရှို့ခင်က ချောမောလှပသည့် ဝင်းဝါစိုပြည်သည့် အသားအရေတို့သည် မီးလောင်မြိုက်ခံရသည့်အခါ အမည်းကွက်တို့ ထင်းလာခဲ့သည်။ ရှုမောစရာ ဘာမျှမရှိတော့။

ခြေတို့မှာလည်း ထင်းပုံထက်မှ တွဲလောင်းကျကာ မည်းနက်နေတော့သည်။ လက်အစုံတို့သည် အကြောတို့၏ ဆွဲငင်မှုကြောင့် တွန့်လိမ်ကောက်ကွေးနေကြသည်။ ပေါင်နှင့် နဖူးပြင်တို့၌ မည်သည့်အသားအရေတို့မျှ မရှိကြတော့။ ဆံကေသာတို့ ပြာကျပြီးသည့်သကာလ ဦးခေါင်းတစ်ခုလုံးမှာလည်း စက်ဆုပ်မသတီဖွယ် ကောင်းနေတော့သည်။ အရှင်မဟာကာလအဖို့ မျက်မှောက်တွင်၌ မြင်တွေ့နေရသော ပြောင်းလဲမှုဖြစ်စဉ်အား ကမ္မဋ္ဌာန်းတရားဖြင့် ရှုမြင်ရင်းမှ လင်းလက်သော ဉာဏ်စဉ်တစ်ခုက အာရုံအတွင်းသို့ ဝင်ရောက်လာတော့သည်။

'သည်အလောင်းကောင်ဟာ ဖြစ်ပြီးတော့လည်း ပျက်သွားရှာပါပဲလား။ နှစ်သက်ဖွယ်ရာဆိုလို့ ဘာတစ်ခုမှ ရှိပါသေးရဲ့လား။ ဩော် ..ဖြစ်ရင် ပျက်တယ်ဆိုတာ ဓမ္မတာပါပဲ။ သဗ္ဗေ သင်္ခါရ အနိစ္စာ'

အာရုံတွင်းသို့ ဝင်ရောက်လာသောဉာဏ်ကား ဝိပဿနာဉာဏ်ပင် ဖြစ်ချေ၏။ နှစ်သက်ခြင်းတို့ ဖြစ်ခဲ့လေသမျှ ကုန်ခြင်း၊ ပျက်ခြင်းတို့ဖြင့် အဆုံးသတ်မြဲ ဖြစ်လေရကား ဝိပဿနာတရားတို့ကို ရှုမှတ်ပွားရင်း ပွားရင်းမှသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေပြီ။

သည်တစ်ည၏ အနားသတ်မျဉ်း တစ်ဖက်မှာတော့ လမ်းကြောင်းမှန်ရှိရာ ဆိုက်သွားခဲ့လေပြီဖြစ်သည့် အရှင်မဟာကာလ မထေရ်၏အဖြစ် သိမ်မွေ့ညင်သာစွာဖြင့် ကျောင်းသင်္ခမ်းရှိရာ ပြန်လည်ကြွမြန်းသွားသည့် မြင်ကွင်းကို ကြည်နူးပီတိဖြစ်စွာကြည့်ရင်း သုသာန်စောင့် ကာလီလည်း မြေပြင်၌ဒူးထောက်ကာ ဦးနှိမ်ချနေပါတော့သတည်း။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာမင်းအား သိကြားမင်းပေးသော အိပ်မက်များနှင့် ရှင်အရဟံပေးသည့် ဂါထာမန္တန်တော်

## ကိုရွှေမြသန်း



ပုဂံရာဇဝင်ကား
တုတ်ထမ်းပြောရလောက်
အောင်ပင် ထွေပြားလှပေသည်။
သို့သော်လည်း တုတ်ထမ်းမပြောရလောက်သည့် ခိုင်မာသည့် ရာဇဝင်အချက်အလက်များလည်း ရှိနေပါသည်။ အနော်ရထာမင်းကြီး နန်းတက်ပြီးနောက် သထုံကိုသိမ်း၍ ပိဋကတ်တော်များနှင့် မနုဟာဘုရင်ကို ပုဂံသို့ ယူဆောင်လာခြင်း၊ မနုဟာမင်း ပုဂံတွင် ဘုရားတည်ခြင်း၊ ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာထွန်းကား၍ ဘုရား၊ ပုထိုး၊ ဂူထွတ်၊ ရပ်တော်မူ



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်များ တည်လုပ်ခြင်း စသည့် အထောက်အထား၊ ကျောက်စာအမှတ်အသား၊ သက်သေခံပစ္စည်းများကို ယနေ့တိုင် မြင်တွေ့သိရှိခွင့်ရနေပါသည်။

သို့ဖြစ်ပါ၍ တစ်ချိန်တစ်ခါက ထင်ရှားဖြစ်ပျက်ထူးဆန်းခဲ့သည့် အနော်ရထာမင်းကြီးအား သိကြားမင်းပေးသော အိပ်မက်များနှင့် ရှင်အရဟံပေးသည့် ဂါထာမန္တန်တော်တို့အကြောင်းကို လေ့လာသိမှတ်မိသရွေ့ ပြန်လည်ရေးသား တင်ပြလိုက်ပါ၏။

__သိကြားမင်းပေးသော ထူးဆန်းအိပ်မက်(၁)__

အနော်ရထာမင်းသည် နန်းတက်ပြီးနောက် နောင်တော် စုက္ကတေးကို လုပ်ကြံမိ၍ စိတ်မကောင်းခြင်းကြီးစွာဖြစ်ကာ ခြောက်လတိုင်တိုင် စက်တော်မခေါ် မပျော်နိုင်ဘဲ ချောက်ချားတုန်လှုပ်စွာ ခံစားခဲ့ရသည်။ ထိုစဉ် သိကြားမင်းကိုယ်တိုင် အိပ်မက်ပေးလေတော့သည်။ အိပ်မက်ထဲတွင် သိကြားမင်း ရောက်လာသည်။

"မင်းကြီး··နောင်တော်အား လုပ်ကြံပြစ်မှားမိချေပြီ။ ထိုအပြစ်များ ပပျောက်လိုပါက ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ များစွာပြုလုပ်၍ နောင်တော်အား အမျှဝေပေး၊ ထို့မှတစ်ဖန်လည်း ဆည်မြောင်း၊ လယ်၊ ချောင်းတို့ကို များစွာစီရင်၍ နောင်တော်အား အမျှပေးဝေရာသည်" ဟူ၍ အိပ်မက်ပေးလေသည်။

အနော်ရထာမင်းကြီးကား အမြော်အမြင်ကြီးမားပြီး ဘာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်သည်။ တိုင်းသူပြည်သားများ စားရေရိက္ခာဖူလုံစေရန်၊ ဆန်ရေစပါး ကောက်ပဲသီးနှံ ပေါများစေရန် ဆည်မြောင်း၊ ချောင်း၊ ကန်တို့ကို တည်ဆောက်ပေးခဲ့သည်။ မြင်စိုင်းကျောက်ဆည် ကိုးခိုင်နယ်မြေသည် တိုင်းပြည်ဝမ်းသဖွယ် မြန်မာ့စပါးကျီဖြစ်ခဲ့သည်။ သိကြားမင်းပေးသော အိပ်မက်အရ ဆည်မြောင်းများ တည်ဆောက်ရာတွင် ပန်းရောင်မြစ်တွင် ဆည်လေးဆည်၊ ဇော်ဂျီမြစ်တွင် ဆည်ငါးဆည်၊ လယ်တွင်းကိုးခရိုင် (သို့မဟုတ်) ရွှေလွှဲဆည်များ ဖြစ်ခြင်းကြောင့် ရွှေလွှဲကိုးခရိုင်ဟုလည်း ခေါ်ဆိုကြသည်။

ပန်းရောင်မြစ်ကမ်းရှိ လေးခရိုင်မြို့များမှာ-

၁။ စောလှမြို့ (ယခု ရွာခိုင်ကြီးမြောက်ဘက် မြို့ဟောင်းဖြစ်သည်)။

၂။ ပင်လယ်မြို့ (ယခု နှမ်းခင်းရွာတောင်ဘက်မြို့ တွင်းရွာထက်ဝန်းကျင် ဖြစ်သည်)။

၃။ မြစ်သားမြို့ (ယခု မြင်းစုတောင်ဘက် မြစ်သားမြို့ပင် ဖြစ်သည်)။

၄။ ပျဉ်းမနားမြို့ (ယခု ကြို့ပင်ခံရွာ၏ မြောက်ဘက်တွင် ပျဉ်းမနားကုန်းဟု ရှိသည်)။

**ဇော်ဂျီမြစ်ငါးခရိုင်မြို့များမှာ-**

၁။ မြောင်လှမြို့ (အောင်လှမြို့ဟုလည်းခေါ်သည်။ ယခု ဟံမြင့်မိုရ်၏အရှေ့ဘက် ကျားကာရွာ၏ အနောက်နားတွင် မြို့ရိုးနှင့် ကုန်းဟောင်းရှိသည်)

၂။ မြင်းခုန်တိုင်မြို့ (မြင်းချီနိုင်မြို့ဟုလည်းခေါ်သည်။ စပယ်တောရွာမြောက်ဘက်တွင် မြို့ရိုးဟောင်းရှိသည်)။

၃။ ပန်းနံမြို့ (ယခု ကတဲရွာ၏အနောက်ဘက် ပန်းရောင်မြစ်ကမ်းတွင်ရှိသည်)။

၄။ မက္ခရာမြို့ (ယခု ကျောက်ဆည်မြို့၏ အရှေ့ဘက် ငါးမိုင်ကွာ ကုလားကျောင်းရွာအနီးတွင် မြို့ရိုးဟောင်းရှိသည်)။

၅။ မှတ်တမ်းမှတ်ရာ ရှာမတွေ့ပါ။

ထိုမြို့ကိုးမြို့ကို အစွဲပြု၍ ကျောက်ဆည်နယ်ကို လယ်တွင်းကိုးခရိုင်ဟု ခေါ်ကြသည်။

ကင်းတား၊ ငနိုင်သေဥ်၊ ပြောင်းပြာ၊ ကျီးမည်း၊ နားတက်၊ ငပြောင်၊ ကွမ်းဆေး မည်သော ဆည်ပေါင်းခုနစ်ဆယ်၊ ဘုရားစေတီ ကုသိုလ်တော်များကို စောင့်ရှောက်ရန် ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ရှာမုန်း၊ ပနံ၊ မက္ခရာ၊ တပြက်သာ၊ သင်တောင်း၊ တုမတ်ဆိုး၊ ခံလူး စသော ရွာကြီး(၁၁)ရွာ။ ထိုရွာကြီးများမှတစ်ဆင့် ရွာသိမ်ရွာငယ်ပေါင်းများစွာ တိုးပွားလာသည်။ ဘုရင်စရိတ်ဖြင့် လယ်ပယ်ရှစ်သိန်း စိုက်ပျိုးရသည်။ ပျက်စီးယိုယွင်းခြင်း မရှိအောင်လည်း နောင်မင်းအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရပေသည်။

__ဆည်များတည်ဆောက်စဉ် ထူးဆန်းအိပ်မက်__

ကိုးခရိုင်သမိုင်းတွင် အနော်ရထာမင်းကြီးသည် မြစ်သုံးစင်းကို ကြည့်ရှုရန်အတွက် ဆင်ဖြူတော်သန်မြန်စွာကို စီးတော်မူပြီး ဗိုလ်ပါအလုံးအရင်းနှင့် ပန်းလောင်း (ပန်းရောင်)မြစ်၏ အရှေ့ဘက်သို့ ကူးတော်မူသည်။ သရက်ချိုတွင် တပ်ချလျက် ငကြံကြီး၊ ငကြံငယ်တို့၏ လယ်ကို စတင်ထွန်ယက်စေသည်။



www.burmeseclassic.com

ကြံစည်ထားသမျှကို ခိဋ္ဌာန်တော်မူပြီး စက်တော်ခေါ်သည်။ ထိုည၌ ထူးဆန်းသောအိပ်မက် မက်လေသည်။ အိပ်မက်ထဲတွင် မြွေသုံးစင်းနှင့် ဖျိုင်း ပေါ်လာသည်။ မြွေသုံးစင်းကို သန်လျက်နှင့် ပိုင်းဖြတ်လိုက်ရာ တောင်မြွေ လွတ်၍ အလယ်မြွေ လေးပိုင်း၊ မြောက်မြွေ ငါးပိုင်းရသည်ဟု ထူးဆန်းစွာ အိပ်မက်မြင်မက်လေသည်။

. နံနက်မိုးသောက်သောအခါ ပညာရှိပုဏ္ဏားတို့အား အိပ်မက်ကောက်စေ၍ မေးတော်မူသည်။

ပညာရှိများက လျှောက်ကြရာတွင် -

"အရှင်မင်းကြီး‥မြွေသုံးစင်းဆိုသည်မှာ စမုံမြစ်၊ ပန်းရောင် (ခေါ်) ပန်းလောင်မြစ်၊ မက္ခရာမြစ် (ခေါ်) ဇော်ဂျီမြစ်တို့ ဖြစ်ကြသည်။ တောင်မြွေလွတ်သည်ကား စမုံမြစ် ဖြစ်သည်။ ရေတိမ်ခြင်း၊ ရေစီးမြန်ခြင်းတို့ကြောင့် ဆည်တည်၍ မဖြစ်နိုင်ပါ။ အလယ်မြွေ လေးပိုင်းပိုင်း၍ ရသည်ဆိုရာ၌ ပန်းရောင်မြစ်ကို ဆည်လေးဆည်တည်ဆောက်ရမည်"ဟု နိမိတ်ရပါသည်။

ထို့အတူ မြောက်မြွေငါးပိုင်း ဆိုသည်မှာလည်း ဇော်ဂျီမြစ်တွင် ဆည်ငါးဆည်ဆည်ရမည်ဖြစ်ကြောင်း လျှောက်တင်တော်မူကြသည်။ ဤတွင်‥။

## ပျံ့သန်းပြသောဖျိုင်းနှင့် လင်းကြက်ယောင်ဆောင်သော သိကြားမင်း

သက္ကရာဇ်(၃၉၅)ခုနှစ်တွင် ကင်းတားဆည်ကို ဆည်ရာ၌ ဗိုလ်ခြေများအား ကျွဲခေါင်းတောင်မှ အနောက်သို့ မြောင်းတူးစေရာ ညဉ့်တွင်းချင်း နတ်တို့က မြောင်းကိုပြန်ဖို့သောကြောင့် နဂိုအတိုင်းပင် ပြန်ဖြစ်နေပေသည်။

မင်းကြီးသည် မအိပ်နိုင်ဘဲ တစ်ညလုံး စဉ်းစားကြံစည်တော်မူရာ သိကြားမင်း ရောက်လာ၍-

"မင်းကြီး‥ဘယ်သို့သောအကြံ ရှိတော်မူသနည်း"

"ကျုပ်တူးတဲ့ မြောင်းတွေက မနက်ရောက်ရင် နဂိုအတိုင်း ပြန်ပြန်ဖြစ်နေတယ်။ ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားရခက်နေတာပါ"

"ကောင်းပြီ မင်းကြီး၊ မြောင်းမဖြစ်နိုင်တာကို သိတာကြောင့် ကျုပ်ပြန်ဖို့ခြင်းဖြစ်တယ်။ မနက်ဖြန် မနက်ကျလျှင် ကျုပ်က အရှေ့တောင်ကြားကနေ ဖျိုင်းယောင်ဖန်ဆင်းပြီး ပျံသန်းပြပါမယ်။ ဖျိုင်းပျံသန်းတဲ့ လမ်းကြောင်းကို မှတ်ပြီး မြောင်းတူးပါ"

သိကြားမင်းလည်း ပြောဆိုပြီးနောက် ပျောက်ကွယ်သွားလေသည်။

အနော်ရထာမင်းကြီးသည် သိကြားမင်း ပြောပြသည်ကို လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မနက်စောစောကပင် မြင်းစီးပြီး စောင့်နေမိသည်။ သိကြားမင်းကလည်း ဖျိုင်းယောင်ဖန်ဆင်းကာ ဟိုးအဝေး အရှေ့တောင်ကြား ပျံသန်းလာပြီးလျှင် မြင်းတော်၏ရှေ့ မနီးမဝေး၊ မနိမ့်မမြင့် မနှေးမမြန် ပျံသန်းပြကာ မြောင်းတူးရမည့် လမ်းကြောင်းကို ညွှန်ပြသည်။ လမ်းတွင် အထောက်သုံးဆယ် နားသည်။

ပင်လယ်ကူးအရပ်သို့ ရောက်သောအခါ အနောက် တောင်သို့ လမ်းကိုကူး၍ ပျံသန်းပြရာ လမ်းကူးဟု ခေါ် တွင်သည်။ လမ်းကူးမှ အနောက်စူးစူး အတာနှစ်ရာ လောက်တွင် အတန်ကြာအောင် နားပြီးနောက် ဖျိုင်းကွယ် လေသည်။ အံ့မခန်းရှိလှပေတကားဟု မင်းကြီး မိန့်တော် မူရာမှ ကာလရွေ့လျောလာသောအခါ အင်းကန်ဟု ခေါ် ဆိုကြပေသည်။

ကင်းတားဆည်တော်မှ အင်းကန်တိုင်အောင် မြော တူးတော်မူသည်။ ဖျိုင်း အထောက်သုံးဆယ် နားသည် လည်း ပြွန်ကြီး(၃၀)တပ်တော်မူသည်။ လမ်းကူးအနော မြောက်ထောင့်ကိုလည်း မြောင်းကြီးတစ်သွယ် တူး ပြန်သည်။ ထိုအခါ စမုံမြစ်က ခြားနေ၍ မတူးသာဖြစ် အခက်အခဲရှိပြီး တစ်ညလုံး အကြံထုတ် စဉ်းစားနေ သိကြားမင်း ရောက်လာပြန်သည်။

"မင်းကြီး‥ဘယ်လိုကိစ္စတွေကြောင့် အခက်အခဲ နေရပါသနည်း"

"စမုံမြစ်က ခြားနေတယ်။ ဘယ်လိုလုပ်ရမလဲ"

"မင်းကြီး ဘာမှကြောင့်ကြစိုးရိမ်တော်မမူပါနဲ့" ပြောဆိုပြီး နတ်တို့အား နှိုးဆော်၍ ဆည်ကို ဆည် သည်။ တံတားခင်း၍ တံတားပေါ်ကို ရေပြေးစေသ မိုးမသောက်မီ တံတားပြီးသည်ကို မင်းကြီးသိစိမ့်သော လင်းကြက်ယောင်ဆောင်၍ တွန်ပြလေသည်။ မင်း လည်း မယှက်ဝန်းကျင်တွင် ရေပြေးနေသည်ကိုမြင် လွန်စွာမှ ဝမ်းမြောက်တော်မူလေသည်။

မယှက်မြောင်းတော်ကား ရွှေလောင်းလှည့်လော ၏။ ရေအစောက်ကား ထိုးဝါးတစ်ထောက်ရှိ၏။

www.burmeseclassic.com

ကား လှေများ မဆန်နိုင်အောင်စီး၏။ အင်းကန်တိုင်အောင် ရေစီးလေသည်။ မယှက်မြောင်းမတော်တွင် ပြွန်ကြီးသုံးဆယ်၊ ပြွန်ငယ်ခြောက်ဆယ်နှင့် ၄င်းတို့တွင် ပြွန်လတ်၊ မြောင်သေးများလှ၏။ ထိုမြောင်းဝင် ရေသောက်လယ်ပယ်ကား (၆၆၆၆၆)ပယ်ဖြစ်ပေတော့သည်။

## သိကြားမင်းပေးသော ထူးဆန်းအိပ်မက်(၂)

အနော်ရထာမင်းကြီးသည် တရုတ်ပြည်မှပြန်လာပြီး သရေခေတ္တရာသို့ ချီတက်တော်မူသည်။ နဖူးသင်းကျစ်တော်ကို ပင့်ဆောင်တော်မူခဲ့သည်။ နေပြည်တော်သို့ ပြန်ရောက်လျှင် အရှင်အရဟံနှင့်တိုင်ပင်၍ ဆင်ဖြူထက်တင်ပြီး မွေတော်ခါတ်တော် ကိန်းဝပ်တော်မူရာအရပ်ကို ဆင်ဖြူတော်ဝပ်စေဟု အဓိဋ္ဌာန်ပြုလွှတ်စေသည်။ ဆင်ဖြူတော်သည် သဲခုံ၌ဝပ်သည်။ မင်းကြီးသည် သယံဇာတမြေတွင် ဆင်ဖြူတော်မဝပ်၊ ညှိမြေဖြစ်သော သဲခုံတွင်ဝပ်၍ သာသနာငါးထောင်ပတ်လုံး တည်မည့်မြေ မဖြစ်သောကြောင့် နှလုံးမသာမယာ ရှိချေသည်။

ညဘက်တွင် သိကြားမင်း ရောက်လာ၍ အိပ်မက်ပေးလေသည်။

'မင်းကြီး..ဤဆင်ဖြူတော်ဝပ်သော အရပ်သည်ကား သာသနာငါးထောင်ပတ်လုံး တည်လတ္တံ့။ မစိုးရိမ်သင့်'

သိကြားမင်းအိပ်မက်အရ သက္ကရာဇ်(၄၂၁)ခုနှစ်တွင် ရွှေစည်းခုံဘုရား တည်တော်မူသည်။

ပစ္စယာသုံးဆင့်ပြီးလျှင်-

'ငါကား တရုတ်ပြည်မှ စွယ်တော်ကို မရချေ။ မြဆင်းတုနှင့် နဖူးသင်းကျစ်ကိုသာ ကိုးကွယ်ရသည်။ သီဟိုဠ်(သီရိလင်္ကာ)ကျွန်းမှာရှိသော စွယ်တော်မြတ်ကိုရလျှင် ဤစေတီ ဌာပနာထားရသော် အကျိုးများစွာဖြစ်လိမ့်မည်' ဟု တောင့်တမိသည်။

ထိုညဦးတွင် သိကြားမင်းသည် ဘုရားရှင်၏ သာသနာတော် ထင်ရှားစွာ ဖြစ်လတ္တံ့ကို သိတော်မူပြီး-

'မင်းကြီး..သီဟိုဠ်စွယ်တော်မြတ်ကို ရလတ္တံ့'ဟု ထူးဆန်းစွာ အိပ်မက်ပေးလေသည်။

အနော်ရထာမင်းကြီးသည် သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ကူးအံ့သောငှာ ပါဝါမည်သော သင်္ဘောဆိပ်သို့ ကြွတော်မူကြသည်။ သိကြားမင်းလည်း အနော်ရထာမင်းကြီး သီဟိုဠ်(သီရလင်္ကာ)ကျွန်းသို့ ရောက်သည်ရှိသော် စစ်ကြီးစွာဖြစ်၍ သီဟိုဠ်(သီရိလင်္ကာ)ကျွန်း ပျက်စီးခြင်းသို့ ရောက်လတ္တံ့ကို မြင်မိ၍ သင်္ဘောသူကြီး အယောင်ဆောင်ပြီး ငါ့သင်္ဘောတွင် လိုက်တော့ဟု ဆိုလေသည်။ သိကြားမင်းသည် အနော်ရထာမင်းကြီးအား နတ်တို့၏ဘောဇဉ်ကို စားစေ၊ နတ်တို့၏ အခင်းတွင် မနီးသော အိပ်ခြင်းဖြင့် အိပ်စေလျက် ဆိပ်ကမ်းသို့ ပို့လေသည်။

အိပ်ရာမှနိုးလျှင် လောကနန္ဒာအရပ်ကို မြင်သော် နှလုံး မသာယာမရှိချေသည်။

ထိုည၌ 'မင်းကြီး တမန်စေ၍ တောင်းစေသော် စွယ်တော်မြတ်ကို ရလတ္တံ့'ဟု သိကြားမင်းက အိပ်မက်ပေးလေသည်။

မင်းကြီးသည် ဆင်ဖြူတစ်စင်း လက်ဆောင်ပြု၍ စွယ်တော်မြတ်ကို တောင်းစေသည်။ သိကြားမင်းသည် သီဟိုဠ်(သီရိလင်္ကာ)မင်း ဓာတုသေနအား အိပ်မက်ပေးပြန်သည်။

အရိမဒ္ဒနာပုဂံရာမပြည်ကြီးကို အစိုးရတော်မူသော ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော အနော်ရထာမင်းကြီးသည် နတ်မြင်းလေးစင်းနှင့်တကွ လာ၍ သီဟိုဠ်(သီရိလင်္ကာ)ကျွန်းအားလုံး ပစ္စုပ္ပန်အလို့ငှာ ရှိသေစွာ ကိုးကွယ်သော လူလေးယောက်ဖက်ရှိသော ကျောက်ဂဝံနတ်ရုပ်ကို ကြိုးနှင့်ချည်၍ ယူလေသည်။ စွယ်တော်မြတ်ကိုလည်း ပင့်ဆောင်သည်ဟု အိပ်မက်မက်မြင်လေသည်။

ဓာတုသေနမင်းသည် အိပ်မက်မှ လန့်နိုးပြီး ထိတ်လန့်ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်မိသည်။ အနော်ရထာမင်းကြီး စေတော်မူသော သင်္ဘောကား သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ရောက်လာသည်။ သီဟို(သီရိလင်္ကာ)မင်းလည်း အနော်ရထာမင်းကြီး မှာကြားတော်မူသမျှကို ကြားတော်မူ၍ စွယ်တော်မြတ်ကို ပူဇော်သက္ကာရပြု၍ တောင်းပန်သည်။ စွယ်တော်မြတ်တစ်ဆူပွား၍ ဘုရားနှစ်ဆူ ထင်ရှားရှိတော်မူသကဲ့သို့ ကောင်းကင်၌ စကြံကြွတော်မူသည်။ ပွားသောစွယ်တော်မြတ် တစ်ဆူသည် သီဟိုဠ်(သီရိလင်္ကာ)မင်း ဦးခေါင်း၌ ရတနာပန်းတောင်းတွင် တည်လေသည်။

သီဟိုဠ်(သီရိလင်္ကာ)မင်းသည် ဦးခေါင်းမြင့်ရွက်၍



www.burmeseclassic.com

www.burmeseclassic.com

သဘော်ဆိပ်တိုင်အောင် ဆောင်ပြီးသော် သဘော်ပေါ်သို့ တင်လေသည်။ လောကနန္ဒာဆိပ်ကမ်းသို့ ရောက်သော် ပန်းတောင်းဖြင့်ခံ၍ အနော်ရထာမင်းကြီးသည် နန်းတော်သို့ ပင့်ဆောင်တော်မူသည်။ နန်းဦးတွင် ရွှေပြာသာဒ်နှင့် ကိုးကွယ်၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့နှင့် မပြတ်ပူဇော်သည်။

ရှင်အရဟံက နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် သာသနာငါးထောင်တိုင်တိုင် ခပ်သိမ်းသတ္တဝါတို့ ကိုးကွယ်စေရန် စေတီတော်တည်သင့်ကြောင်း မိန့်တော်မူသည်။

မင်းကြီးသည် စွယ်တော်မြတ်ကို ရတနာဆင်ဖြူတော်တွင် ရတနာပြာသာဒ်နှင့် တည်ပြီး-

"အကျွန်ုပ်သည် သာသနာတော်ကို ကြည်ညိုသော မင်းတစ်ပါးဖြစ်၍ နောင်သံသရာဘဝများတွင် သဗ္ဗညုတဗောဓိဉာဏ်ကို ပန်ဆင်ရယူလိုသောသူ ဖြစ်ပါက ဆင်ဖြူရတနာသည် သန့်စင်မွန်မြတ်သော နေရာတွင် ဝပ်စင်းပါစေ" ဟု အဓိဋ္ဌာန်ပြုပြီးလွှတ်ရာ နဖူးသင်းကျစ်တော်ခတ် ဌာပနာတော်မူရာ ရွှေစည်းခုံသို့တက်၍ ဝပ်လေသည်။

ဌာပနာတော်မူခါနီး၌-

"အကျွန်ုပ်သည် သာသနာတော်ကို လွန်စွာကြည်ညိုပါ၏။ သဗ္ဗညုတဉာဏ်ကိုလည်း ရယူပန်ဆင်လိုပါ၏။ သာသနာတော်ကြီး နောင်အရှည်တည်တံ့မည် ဆိုပါက မြတ်ဗုဒ္ဓစွယ်တော်သည် ပွားများလာပါစေသတည်း" ဟု မင်းကြီး မိဋ္ဌာန်တော်မူရာ ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် စွယ်တော်တစ်ဆူ ပွားလေသည်။

မင်းကြီးသည် ထိုပွားလာသော စွယ်တော်အား ဆင်ဖြူတွင်တင်ပြီး ရှေးနည်းအတိုင်း မိဋ္ဌာန်ပြုလွှတ်ရာ တန့်ကြည်တောင်ဖျားတက်၍ ဝပ်လေသည်။ ထိုအရပ်တွင် စေတီတစ်ဆူ ဌာပနာခါနီးတွင် စွယ်တော်တစ်ဆူ ပွားပြန်သည်။ ထို့နောက် သီရိပစ္စယာကျောက်စကားအရပ် စွယ်တော်စတင်ဆိုက်ရောက်ရာ လောကနန္ဒာဆိပ်ကမ်းတွင် ဆင်ဖြူတော်ဝပ်ပြန်သည်။ စေတီတစ်ဆူ တည်ပြန်သည်။

မင်းကြီးသည် ရှေးနည်းအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရာ ဆင်ဖြူတော်သည် တုရင်တောင်ထိပ်သို့တက်၍ ဝပ်ပြန်သည်။ ထိုနေရာတွင် စေတီတည်ပြန်သည်။ ဆင်ဖြူတော်အား သစ္စာအဓိဋ္ဌာန်ပြု၍ လွှတ်ပြန်ရာ ကျောက်ဆည်နယ် မိုင်းမောမြို့ပေါင်းရှိ ပြက်ခရွှေတောင်ပေါ်သို့တက်၍ ဝပ်ပြန်သည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်ကို စွယ်တော်ပွား လေးဆူကို ဌာပနာ၍-

(က) ရွှေစည်းခုံစေတီတော်၊

(ခ) တန့်ကြည်တောင်စေတီတော်၊

(ဂ) လောကနန္ဒာစေတီတော်၊

(ဃ) တုရင်တောင်စေတီတော်တို့ကို အပြီးတည်တော်မူလေသည်။

## ရဟန္တာ ရှင်အရဟံ ပေးအပ်တော်မူသော ဂါထာမန္တန်တော်

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် ပုဂံသာသနာ စည်ပင်ပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အရှင်အရဟံကား အရိမဒ္ဒနာပုဂံပြည်နှင့် မြန်မာနိုင်ငံအား ပထမဆုံး ဗုဒ္ဓမြတ်စွာ သာသနာတော်အား ကြည်ညိုကိုင်းရှိုင်းလာစေရန် ဆောင်ရွက်ပေးခဲ့သော သာသနာပြုပုဂ္ဂိုလ်ဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော် အဓွန့်ရှည်စွာ အစဉ်သဖြင့် စည်ပင်ထွန်းကားရန်အတွက် သာသနာတော် သုံးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သထုံပြည်မှ မနုဟာမင်းနှင့်တကွ ဓာတ်တော်များ၊ ပိဋကတ်တော်များ၊ အရိယာသံဃာတော်များကို ပုဂံပြည်သို့ပင့်ဆောင်၍ သာသနာတော်ပြန့်ပွားအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။ မင်းနှင့် ပြည်သူအပေါင်းတို့ကား ဗုဒ္ဓ၏ အဆုံးအမတရားတော်ကို သက်ဝင်ယုံကြည်ကြသလို ကိုးကွယ်နေကြပြီ ဖြစ်သည်။

ဓမ္မန္တရာယ်ဖြစ်သော တန္တရအယူဝါဒနှင့် အရည်းကြီးများလည်း ပျောက်ကွယ်သွားကြပြီဖြစ်သည်။ စစ်မှန်သော ထေရဝါဒသာသနာ ထွန်းကားရေးအတွက် အရည်းကြီးတို့အား သုတ်သင်ရှင်းလင်းရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ ထို့ကြောင့်လည်း ရဟန္တာရှင်အရဟံမထေရ်မြတ်က အနော်ရထာမင်းကြီးအား အောက်ပါထူးခြားထက်မြက် အစွမ်းထက်သည့် ဂါထာမန္တန်ကို ပေးသနားတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

*အနန္တ ဂုဏ- သမ္ဘန္နံ*
*နဝဂုဏောဟိ ဥက္ကဋ္ဌံ*
*သဗ္ဗညု ဗုဒ္ဓစေတိယံ*
*အဟံ နမာမိ သဗ္ဗဒါ။*

အနန္တဂုဏ သမ္ဘန္နံ-အဆုံးမရှိသော ဂုဏ်ကျေးဇူး ဉာဏ်တော်အထူးနှင့် ပြည့်စုံတော်မူသော၊ နဝဂုဏောဟိ-အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဥက္ကဋ္ဌံ-ထူးမြတ်သော၊ သဗ္ဗညု-ဉေယျဓံ တရားအပေါင်းနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍ သိမြင်တော်မူသော မြတ်စွာဘုရားရှင်၏၊ စေတိယံ-ဓာတုပရိဘောဂ ဥဒ္ဒိဿမေ့မှဟု ဆိုအပ်သော စေတီတော်တို့ကို၊ အဟံ-အကျွန်ုပ်သည်၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ နမာမိ-ရှိခိုးပါ၏။

ရှင်အရဟံပေးသော ဂါထာတော်အား အနော်ရထာမင်းကြီးသည် နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။ ထို့ကြောင့်လည်း ဘေးမသီရန်မခ‌ဘဲ သာသနာတော်ကြီးကို ပြုစုနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာရာဇဝင်သမိုင်းတွင် ပထမမြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်သည့် ဘုရင်အဖြစ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဤဂါထာမန္တန်အား နေ့စဉ် ကိုးကွယ်ရွတ်ဖတ်ပါက ရန်ဆူးရန်ငြောင့်၊ အနှောင့်အယှက်၊ ဘေးဒုက္ခအန္တရာယ်တို့မှ ကင်းဝေးစေနိုင်သလို ကိုယ်စိတ်နှစ်ပါး ချမ်းသာဉစွာ ခနေပေါ်ကြွယ်ဝစေနိုင်ပါသည်။ ပုဂံသာသနာတော်ကြီးကို တည်ထောင်ခဲ့သည့် ရဟန္တာအရှင်အရဟံ၏ ဂါထာမန္တန်ဖြစ်သည့်အလျောက် ထူးခြားမှန်မြတ်သည့် သိဒ္ဓိစွမ်းအားများ ရရှိစေမည်ဟုလည်း နန်းစဉ်ပုရပိုက်ဖြူမှတ်တမ်းများ၊ ရှေးကျမ်းဟောင်းများမှာ ညွှန်းဆိုထားပါသည်ဟုဟူ၍သာ။

**ကိုရွှေမြသန်း**

<u>မှီငြမ်း</u>

* နန်းကြော့သျှင်၏ ရှေးမြန်မာမင်းများ ဆန်းကြယ်ဖြစ်ရပ် ထူးဆန်းအိပ်မက် သိဒ္ဓိမြောက်ဂါထာမန္တန်များ။


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

**ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)**

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။


ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇




www.burmeseclassic.com

www.burmeseclassic.com

# ကိုမောင်သန်းဝင်း
## စိပ်ပုတီးဟူသည်



စိပ်ပုတီးသည် ဘာဝနာကမ္မဋ္ဌာန်း၏ အမှတ်လက္ခဏာ။ စိပ်ပုတီးရှိမှသာ တရားရှင်ပီသသည်ဟု လူတော်တော်များများ စွဲမှတ်ယုံကြည်နေကြသည်။

စိပ်ပုတီးသည် သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ် လက်ထက်တော်အခါက ရှိ,မရှိ စသည်များကို တစေ့တစောင်း လေ့လာစေ့ငုကြည့်မိသည်။

ဘုရားဟောကျမ်းဂန်များ၊ အဖွင့်ကျမ်းများဖြစ်သည့် ဗုဒ္ဓသာသနိကစာပေတို့တွင် စိပ်ပုတီးအကြောင်းကို အရိပ်အမြွက်မျှ မတွေ့ရှိရပေ။ ရဟန်းအသုံးအဆောင်တို့တွ[illegible] သင်္ကန်း၊ သပိတ်မှအစ အပ်ကလေးအထိ အသေးစိ[illegible] ဖော်ပြထားသော်ငြား စိပ်ပုတီးကို လုံးဝမတွေ့ရပေ[illegible]

ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်သုံးပုံ ဘာသာစာပေ[illegible] သော ပါဠိစာပေ၌ပင် စိပ်ပုတီးဟောပါဠိ မတွေ့ရ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက စိပ်ပုတီးမရှိကြောင်းကို စွယ်စုံကျော်ထင်ကျမ်း၌ ဤသို့တွေ့ရသည်။

စွယ်စုံကျော်ထင်ကျမ်း အိပ်ကာရန်အခန်းတွင် သုံးလူ့များထိပ် ငါးမာန်နိုပ် စိပ်ရန်ပုတီး ရှိမည်နည်း ဟူသော အမေးကို-

စိပ်ပုတီးရှိကြောင်း ကျမ်းဂန်တို့၌ မတွေ့ဖူးချေ။ အကယ်၍ ပုတီးဆောင်တော်မူသည်ဖြစ်အံ့၊ ထိုပုတီးကို မည်သည့်ဒါယကာ လှူသည်၊ မည်သို့သုံးဆောင်တော်မူသည်၊ မည်မျှလောက် အကျိုးရှိသည်၊ မည်သည့်ရဟန်း အမွေခံရသည်ဟု ကျမ်းဂန်လာရာ၏။ ယင်းသို့မလာသောကြောင့် ဘုရားမှာ ပုတီးမရှိဟူ၍ သိသင့်သည်ဟု ဖြေဆိုထားသည်။

စိပ်ပုတီးကို စိတ်ပုတီးဟူ၍လည်း တသတ်ဖြင့် ရေးသားထားချက်များကို တွေ့ရသည်။ ခေတ်ဟောင်းခေတ်သစ် သတ်ပုံကျမ်းများတွင် စိပ်ဟု ပသတ်ဖြင့်သာ ရှိပေသည်။

<u>သမိုင်းကြောင်း</u>

ပုတီးစိပ် အလေ့သည် မြန်မာနိုင်ငံသို့ အိဂျစ်နှင့် အိန္ဒိယမှ ရောက်လာသည်ဟု ယူဆရသည်။ ပျူခေတ် ကတ်တမ်းများ၌ ပုတီးကို တွေ့ရသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ခန့်ကပင် ပုတီးစိပ်သည်ဟု ယူဆရသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ပုတီးအလွန်စိပ်သောလူမျိုးများ ဖြစ်ကြသည်။ ပုတီးစိပ်ခြင်းဖြင့် ဘုရားဂုဏ်တော် ပွားများခြင်း၊ တရားဂုဏ်တော် ပွားများခြင်း၊ သံဃာ့ဂုဏ်တော် ပွားများခြင်း မြောက်သောကြောင့် မြန်မာလူမျိုးတို့က နှစ်သက်စွာ ပုတီးစိပ်ခြင်း ဖြစ်ပါသည်။

ပါဠိအဘိဓာန်စာစောင်တွင် စိပ်ပုတီး၏ ပါဠိကို ဇပ္ပမာလာဟု ထည့်သွင်းထားခြင်းကို တွေ့ရသည်။

စိပ်ပုတီးကို ဇပ္ပမာလာဟု ဆိုခြင်းဖြစ်သည်။ ဇပ္ပ-ရွတ်ဆိုခြင်း၊ သရဇ္ဈာယ်ခြင်း၊ မာလာ-ပန်း၊ ထို့ကြောင့် ဇပ္ပမာလာ ရွတ်ဆိုသရဇ္ဈာယ်ခြင်းအား ပန်းကဲ့သို့ သီကုံးထားခြင်းကို ပုတီးဟု ခေါ်သည်။

သတိပါတိ ရက္ခတီတိ ဝိဂြိုဟ်အားဖြင့် သတိတရား စောင့်ရှောက်တတ်ခြင်းကြောင့် ပုတီးဟု ခေါ်၏။

တစ်နည်း အကုသလေ ဓမ္မေ ပုနာတိ သောစေတီတိ ပုတီး။ အကုသိုလ်တရားတို့ကို သုတ်သင်ရှင်းလင်းတတ်သောကြောင့် ပုတီးဟု ခေါ်သည်။

စိပ်သည်ဆိုခြင်းမှာ တစ်ခုနှင့်တစ်ခု မကျဲမလပ်အောင်၊ ဆက်စပ်အောင် ပြုပြင်ခြင်းဖြစ်သည်။ အာရုံကို အဆက်မပြတ် ပြုပြင်ခြင်းပင် ဖြစ်သည်။

ကမ္ဘာတွင် ဘာသာကြီးလေးမျိုးဖြစ်သည့် ဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်အားလုံး ပုတီးစိပ်ကြပါသည်။

ဟိန္ဒူဘာသာဝင်များက ပုတီးလုံးရေ(၃၀)၊ (၄၀)၊ (၆၄)၊ (၁၀၈)လုံးရှိသော ပုတီးများကို စိပ်ကြသည်။

အစ္စလာမ်ဘာသာဝင်များက ပုတီးလုံးရေ (၉၉)၊ (၁၀၀) စသည်ဖြင့် စိပ်ကြသည်။

ဂျူးလူမျိုးများက (၃၂)လုံး၊ (၁၀၈)လုံးရှိသော ပုတီးများကို စိပ်ကြသည်။

တိဗက်လားမားများက (၁၀၈)လုံး၊ တရုတ်ဗုဒ္ဓဘာသာဝင်များက (၁၀၈)လုံးရှိ ပုတီးများ စိပ်ကြသည်။ ဆာဒူးများ၊ ဘာဘာကြီးများကလည်း အရေအတွက် အမျိုးမျိုးရှိသော ပုတီးများကို စိပ်ကြလေ၏။

မြန်မာဗုဒ္ဓဘာသာဝင်များကမူ သရဏဂုံပုတီးစိပ်ရန် (၃)လုံးပုတီး၊ သစ္စာလေးပါးစိပ်ရန် (၄)လုံးပုတီး၊ ဘုရားဂုဏ်တော်ကိုးပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးစိပ်ရန် ပုတီး (၉)လုံး၊ သုံးဆယ့်နှစ်ကောဋ္ဌာသစိပ်ရန် (၃၂)လုံးပုတီး၊ ဗောဓိပက္ခိယတရား(၃၇)ပါးစိပ်ရန် (၃၇)လုံးပုတီး၊ ဗုဒ္ဓရှင်တော်မြတ်၏ စက်လက္ခဏာတော်နှင့်အညီ (၁၀၈)လုံးပုတီး၊ တြင်းကျေနဝင်းကျေ စိပ်ရန်နှင့် အရပ်ရှစ်မျက်နှာဂြိုဟ်သက်စိပ်ရန် (၁၀၈)လုံးပုတီးဟူ၍ ထားရှိပါသည်။ ယခုနောက်ဆုံးပေါ် (၂၇)လုံးပုတီးသည်လည်း ရှိနေသေး၏။ (၂၇)လုံးပုတီးသည် နက္ခတ်(၂၇)လုံးကို ရည်ရွယ်စိပ်သော ဆရာကိုင်(၂၇)လုံး၊ တြင်းကျေနဝင်းကြေ(၂၇)လုံး ပုတီးဟူ၏။

<u>ဘာပုတီးနဲ့ စိပ်မလဲ</u>

တနင်္ဂနွေအစ စနေအဆုံး ခုနစ်နေ့သားသမီးတို့ ရှိကြသည်။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းမွေးသူကို ရာဟု၊ တနင်္လာနေ့ ညနေပိုင်းမွေးသူကို ကိတ်ဟုလည်း ယူကြ၏။ မိမိမွေးနေ့ မွေးနံနှင့် ကိုက်ညီသော သစ်သားပုတီး၊ သတ္တုပုတီး၊ ကျောက်ပုတီး၊ အစွယ်ပုတီး၊ အရိုးပုတီး၊ ကြိုးပုတီး၊



www.burmeseclassic.com

www.burmeseclassic.com

ရတနာပုတီး၊ ပယင်းပုတီး၊ ကျောက်စိမ်းပုတီး စသည်တို့ကို ရွေးချယ်ရသည်။

ခုနစ်နေ့သားသမီးများအတွက် စိပ်ပုတီးပြုလုပ်သော သစ်သားနှင့်ပတ်သက်၍ ရှေးမြန်မာကြီးများက အင်၊ ငု၊ ဆီး၊ လိန်၊ ပေါက်၊ သီး၊ ထိန် ဟူသော စကားစဉ်ရှိသည်။

ထိုစကားအရ စိပ်ပုတီးကို ပြုလုပ်လိုလျှင်-

(၁) တနင်္ဂနွေသားသမီး အင်သား၊
(၂) တနင်္လာသားသမီး ငုသား၊
(၃) အင်္ဂါသားသမီး ဆီးသား၊
(၄) ဗုဒ္ဓဟူးသားသမီး လိန်သား၊
(၅) ကြာသပတေးသားသမီး ပေါက်သား၊
(၆) သောကြာသားသမီး သီးသား၊
(၇) စနေသားသမီး ထိန်သား။

ဤသို့ မိမိတို့၏နေ့ရက်နှင့် ကိုက်ညီသော သစ်သားများကို စိပ်ပုတီးပြုလုပ်လေ့ ရှိသည်။ အချို့က ဓာတ်သဘောအရ မိမိနေ့နံကို အကျိုးပေးမည့်သစ်သားကို ရွေးချယ်၍ ပုတီးပြုလုပ်ကြသည်လည်း ရှိလေ၏။

**ဂြိုဟ်တိုင်စိပ်ပုတီး**

အချို့ကလည်း ဂြိုဟ်တိုင်စိပ်ပုတီးကို ပြုလုပ်ပြီး စိပ်လေ့ရှိသည်။

ဂြိုဟ်တိုင်စိပ်ပုတီး ပြုလုပ်ထားပုံမှာ-

၁။ တနင်္ဂနွေ အုန်းသား(၆)လုံး၊
၂။ တနင်္လာ ကျွန်းသား(၁၅)လုံး၊
၃။ အင်္ဂါ ဆီးသား(၈)လုံး၊
၄။ ဗုဒ္ဓဟူး ဝါးသား(၁၇)လုံး၊
၅။ စနေ ထိန်သား(၁၀)လုံး၊
၆။ ကြာသပတေး မှန်သား(၁၉)လုံး၊
၇။ ရာဟု ရှားသား(၁၂)လုံး၊
၈။ သောကြာ သီးသား(၂၁)လုံး။

အားလုံးစုစုပေါင်း(၁၀၈)လုံး ရှိသည်။ မိမိ၏ နေ့နံသစ်သားကို စိပ်ပုတီးခေါင်း ပြုလုပ်၍ စိပ်လေ့ရှိသည်။

**ဓာတ်ဆင်ထားသော စိပ်ပုတီး**

မြန်မာလူမျိုးတို့ ယုံကြည်သော ဓာတ်၏သဘောမှာ ဆန်းပြားလှချေ၏။ စိပ်ပုတီးတွင်လည်း ဓာတ်ဆင်ထားသည့် စိပ်ပုတီးဟူ၍လည်း ရှိနေသေး၏။

ဓာတ်ဆင်ထားပုံမှာ ပိတောက်သားဖြစ်သော လှည်းပတောင်းသားကို ပုတီးပြုလုပ်ပြီး (ပုတီးခေါင်တွင် ဖောက်ကာ) ပြဒါးထည့်၍ ပဒိုင်းသားဖြင့် ပိတ်ထားခြင်းပင် ဖြစ်၏။

ဤသို့ဓာတ်ဆင်ထားသည့် စိပ်ပုတီးမျိုးကို လောကီဆရာ၊ ဓာတ်ဆရာများ စိပ်လေ့စိပ်ထရှိသည်ကို တွေ့မြင်ခဲ့ရဖူးသည်။

လောကီဂိုဏ်းဆရာကြီးများ၊ ဆရာဂုရုကြီးများသည် ပန်းပေါင်း (သို့မဟုတ်) ဂမုန်းပေါင်း (သို့မဟုတ်) ဆေးပေါင်းများဖြင့် ပြုလုပ်ထားသော ပုတီးစေ့လေးများတွင် အင်းမှုပ်ထားကာ သစ်စေးသုတ်လိမ်းပြီး စိပ်လေ့ရှိသည်ကိုလည်း မြင်တွေ့ခဲ့ရဖူးသည်။

ငွေကြေးကြွယ်ဝချမ်းသာသူများက ရွှေသားအစစ်ပုတီး၊ ငွေသားအစစ်ပုတီးများ ပြုလုပ်၍ စိပ်လေ့ရှိသည်။

ဂန္ဓာရီဝိဇ္ဇာလမ်းကို လေ့လာလိုက်စားသောပုဂ္ဂိုလ်များကမူ (၁၀၈)လုံးရှိသည့် ကြိမ်ပုတီးကုံးကို အစဉ်တစိုက် စိပ်လေ့ရှိသည်။ ထိုသို့သော ကြိမ်ပုတီးအသစ်ကို အဓိဋ္ဌာန် စခန်းမဝင်မီ သိမ်(၉)သိမ်၊ ဘုရား(၉)ဆူ၊ တောင်(၉)တောင်တို့တွင် သိဒ္ဓိတင်သည့်အနေဖြင့် စိပ်လေ့ရှိသည် ...၏။

**(၁၀၈)လုံးပုတီးကုံး ရေတွက်ပုံအမျိုးမျိုး**

(၁၀၈)လုံးပုတီး အသုံးပြုပုံနှင့် စပ်လျဉ်း၍ နည်းအမျိုးမျိုးတို့ဖြင့် ရေတွက်ပြသကြသည်။

ပြသပုံမှာ-

သိဒ္ဓတ္ထမင်းသား ဖွားခါစတွင် ဗြာဟ္မဏပုဏ္ဏား (၁၀၈)ဦးအား နန်းတော်သို့ခေါ်ပြီး လက္ခဏာဖတ်စေခြင်းကို အကြောင်းပြုသည် ဆို၏။

တိဗက်ပိဋကတ်တော် (၁၀၈)အုပ် ရှိသည် ... အကြောင်းပြုသည်လည်း ဆို၏။

အဋ္ဌဝိသနက္ခတ်ပတ် (၁၀၈)နဝင်းကို အကြောင်းပြု၍ (၁၀၈)လုံးပုတီး ထားသည်လည်း ဆိုသည်။

မျက်မှောက်ခေတ်ကာလတွင် (၁၀၈)လုံးပုတီး... လူအများက အသုံးပြုနေကြသည်။ အဘယ်ကြောင့် ... စေ့(၁၀၈)စေ့ထားပြီး ပုတီးပြုလုပ်သနည်း။ ... ကြည့်သောအခါ ဤသို့ တွေ့ရလေ၏။

ဘုရားဂုဏ်တော်ကိုးပါး (သို့မဟုတ်) သံဃာ...



www.burmeseclassic.com

www.burmeseclassic.com

တော်ကိုးပါးကို (၁၂)ခေါက်ပြန်စိပ်လျှင် (၁၂×၉=၁၀၈) ဖြစ်၏။

တရားဂုဏ်တော်ခြောက်ပါးကို (၁၈)ခေါက်စိပ်လျှင် (၁၈×၆=၁၀၈)ပင် ဖြစ်၏။

သရဏဂုံသုံးပါးကို (၃၆)ခေါက်ပြန်စိပ်လျှင် (၃၆×၃=၁၀၈)ပင် ဖြစ်၏။

(၁၀၈)ကို (၉)နှင့်စားလျှင် ပြတ်သည်။

(၁၀၈)ကို (၆)နှင့်စားလျှင် ပြတ်သည်။

(၁၀၈)ကို (၃)နှင့်စားလျှင် ပြတ်သည်။

ယင်းသို့ပြတ်သည်ကို (တြင်းကြီး-၃) နဝင်း နဝ (၉)၊ တြင်းကြေ၊ နဝင်းကြေဟူ၍ ခေါ်သည်။ ထိုသို့ မိမိစိပ်လိုသော ဂုဏ်တော်ပေါင်းကို အကြွင်းမရှိ ကွက်တိ ကိုက်ပြီး စိပ်နိုင်စေရန် ပုတီးတစ်ကုံးလျှင် ပုတီးစေ့(၁၀၈) စေ့ထားပြီး သီကုံးထားခြင်း ဖြစ်ဟန်တူ၏။

ပုတီးစိပ်ခြင်းသည်

ပုတီးစိပ်ခြင်းသည် စိတ်ဓာတ်တည်ငြိမ်မှု၊ သမာဓိ ရဖို့အတွက် ပြင်ပအာရုံတွေကို စိတ်ထဲ မရောက်စေဘဲ ကမ္မဋ္ဌာန်းအာရုံတစ်ခုမှာ စိတ်ကို တည်ငြိမ်အောင် ပွားများ ခြင်းဖြစ်သည်။ ယင်းသို့ပွားများသည့်နေရာတွင် စိတ်ဆို သည်က ဖမ်းချုပ်ဖို့ ခဲယဉ်းလှပေသည်။ စိတ်ကို ထိန်းချုပ် ဖို့အတွက် ရုပ်ဝတ္ထုဖြစ်သော ပုတီးရဲ့ အကူအညီကို ရယူပြီး စိတ်ကို တည်ငြိမ်အောင်လုပ်ခြင်းကြောင့် ပုတီး စိပ်ခြင်းလို့ ခေါ်ပါသည်။

ပုတီးစိပ်ခြင်းရဲ့ အနှစ်သာရသည် ဘာသာရေးလုပ် ငန်းပဲဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တွေအတွက် လုပ်ဆောင် ရသည့် ဘာသာရေးအဓိကလုပ်ငန်းကြီး သုံးခုရှိသည်။

(၁) ဒါန-အလှူပေးရမည်။

(၂) သီလ-ကိုယ်ကျင့်တရားသီလ စောင့်ထိန်းရမည်။

(၃) ဘာဝနာ-ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရမည်။

ပုတီးစိပ်ခြင်းသည် အဓိကလုပ်ငန်းကြီး သုံးခုထဲမှ နောက်ဆုံးဖြစ်သည့် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းအလုပ် ဖြစ်သည်။ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းကို ပိဋကတ် စာတွင် စိတ်နှင့် စီးဖြန်းခြင်းဟူ၍ လာရှိသည်။

ဗုဒ္ဓဘုရားရှင်တော်မြတ်လက်ထက် အရိယာပုဂ္ဂိုလ် များစွာရှိသည်။ ဗုဒ္ဓဘုရားရှင်တော်မြတ်က အနည်း ငယ်မျှသာ မိန့်ကြားတော်မူလိုက်သည်နှင့် အရိယာသော တာပန်၊ သကဒါဂါမ်၊ ရဟန္တာ အဆင့်ဆင့် ဖြစ်နိုင်ခဲ့ကြပါ သည်။

ဗုဒ္ဓရှင်တော်မြတ် မရှိသည့်နောက်ပိုင်းတွင် ဗုဒ္ဓဘုရား ရှင်တော်မြတ် ဟောပြောမိန့်ကြားတော်မူခဲ့သည့် တရား တော်များကို ပါရမီရင့်ကျက်ပြီး တစိုက်မတ်မတ် လုပ်သူ များမှလွဲ၍ အများစုမှာ ကိလေသာတရား(၁၀)ပါး(ဥပမာ- လောဘ၊ ဒေါသ၊ မောဟ စသည်များ) များနေရခြင်း ကြောင့် လူတို့သည် ပုတီးစိပ်နှင့် စီးဖြန်းခြင်းသည် အကြောင်းရှိသည်။ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းဆို သည် စိတ်တည်ငြိမ်မှုအတွက်သာဖြစ်သည်။ စိတ်သည် ကား ပျံ့လွင့်သည့်သဘော၊ လျင်မြန်သည့်သဘော ရှိသည် မဟုတ်ပါလော။

ထိုထိုအာရုံတွေသည်ကား အနှံ့ရောက်နေတတ်သည်။ ယင်းသို့ စိတ်အာရုံတွေကို အဖမ်းရခက်သည့်အတွက် ပုတီးဆိုသည့် ရုပ်ဝတ္ထုအကူအညီရယူပြီး ရှေးဆရာတော် ကြီးများက စီစဉ်ခဲ့သည်ဟု ထင်မြင်ယူဆမိသည်။

ပုတီးစိပ်က လက်တွင် ရှိနေခြင်းကြောင့် စိတ်သည် တခြားသို့ ပျံ့လွင့်သွားစေဦးတော့ ချက်ချင်းပြန်သတိရပြီး ကမ္မဋ္ဌာန်းအာရုံပေါ် ပြန်တင်နိုင်ပါလိမ့်မည်။ ဗုဒ္ဓရှင်တော် မြတ်၏ ဂုဏ်တော်တွေကို အောက်မေ့သတိရစေဖို့အတွက် ရုပ်ပွားစေတီတော် တည်ပေးရသလို ကမ္မဋ္ဌာန်းအာရုံမှာ စိတ်မြဲနေဖို့အတွက် ပုတီးစိပ်မပါဘဲ ဂုဏ်တော်တွေကို ဆင်ခြင်ခြင်းနှင့် ပုတီးကိုင်ပြီး ဂုဏ်တော်တွေကို ဆင်ခြင် ခြင်းက မည်သို့မည်ပုံ ခွဲခြားမှုရှိသည် ဆိုတာကိုတော့ဖြင့် လက်တွေ့လုပ်ကြည့်ပါက ပုတီးစိပ်အကျိုးကို သိနိုင်ပါ လိမ့်မည်။

ပုတီးစိပ်ခြင်းသည် ဘာဝနာပွားခြင်းဖြစ်သည်။ ဘာ ဝနာက သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုး ရှိပါသည်။ သမထကမ္မဋ္ဌာန်း၊ သမထဘာဝနာက (၄၀)ရှိ သည်။ ယင်း(၄၀)ထဲက ယနေ့မျက်မှောက် မြန်မာအများ စုက စီးဖြန်းနေသည့် ဘာဝနာသည် အနုဿတိ(၁၀)ပါး ထဲတွင် ပါဝင်သော ဗုဒ္ဓါနုဿတိ ဗုဒ္ဓဘုရားရှင်တော်မြတ် ၏ ဂုဏ်တော်တွေကို ပွားများပြုလုပ်နေကြသူတွေက များလှပါသည်။ ဂုဏ်တော်ပုတီးတွေ စိပ်နေကြခြင်း ဖြစ် သည်။

ဘာဝနာသည်ကား မြင်မြင်သမျှ သင်္ခါရ သက်မဲ့

www.burmeseclassic.com

www.burmeseclassic.com

တွေ အမြဲမရှိသောကြောင့်- အနတ္တဟု ထပ်ခါတလဲလဲ ရှုပွားဆင်ခြင်ခြင်း ဖြစ်ပါသည်။ ဂုဏ်တော်လက္ခဏာ သုံးပါးကို ပွားများခြင်း အရေအတွက်ကို ပုတီးလုံးရေနှင့် မှတ်ခြင်းကို ပုတီးစိပ်ခြင်းဟု ခေါ်ကြပါသည်။

<u>ပုတီးစိပ်နည်းမှာ</u>

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် သက်သာသလို ထိုင်လို့ပဲဖြစ်စေ (သို့မဟုတ်) ပက်လက်ကုလားထိုင်၊ ခုတင်ပေါ်မှာပဲဖြစ်စေ၊ လဲလျောင်း၍ပဲဖြစ်စေ အခြားအာရုံတွေကို စိတ်မရောက်အောင် မျက်စိကို မှိတ်ထားပြီး ဘေးပတ်ဝန်းကျင် အသံများ တိတ်ဆိတ်နေချိန်ဆိုလျှင် ပိုကောင်းသည်။ မိမိစိတ်အာရုံထဲမှာ သက်တော်ထင်ရှား ဘုရားရှင်တော် မြတ်၏ပုံ ပေါ်လာအောင် အာရုံပြုပါ။ ပြီးလျှင် ဂုဏ်တော် ကိုးပါးထဲက အရဟံဂုဏ်တော် တစ်မျိုးတည်းကို အရဟံ တစ်ခါဆိုပြီး ပုတီးတစ်လုံးချ၊ အရဟံဆိုပြီး ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဆိုပြီး ပုတီးတစ်လုံးချ။

ဂုဏ်တော်ကိုးပါးထဲက အခြားဂုဏ်တော် တစ်ခုခုကို လည်း ပွားများ၍ ပုတီးစိပ်နိုင်ပါသည်။ စိတ်တည်ငြိမ်နေဖို့ မိမိစိတ်မှာ ဘုရားရှင်၏ ဂုဏ်တော်တွေကိုသာ ထင်မြင်နေဖို့ လိုသည်။ မိမိသတ်မှတ်ထားသော ပုတီးပတ်ကို ရောက်လျှင်တော့ ရပ်နိုင်ပါသည်။

ဝိပဿနာပွားများ၍ ပုတီးစိပ်နည်းသည်ကား မြင်မြင်သမျှ သင်္ခါရတွေ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံတွေကို ဉာဏ်မှာ ဆင်ခြင်ပြီး-

(၁) နာမရူပံ အနိစ္စံ-နာမ်ရုပ်တရားတို့သည် အမြဲမရှိ။ အနိစ္စဆိုပြီး ပုတီးတစ်လုံးချ။

(၂) နာမရူပံ ဒုက္ခံ-နာမ်ရုပ်တရားတို့သည် ဆင်းရဲ၏။ ဒုက္ခဆိုပြီး တစ်လုံးချ။

(၃) နာမရူပံ အနတ္တံ-နာမ်ရုပ်တရားတို့သည် အစိုးမရ။ အနတ္တဆိုပြီး ပုတီးတစ်လုံးချ။

မိမိအဓိဋ္ဌာန်ထားပြီး သတ်မှတ်ထားသော အရေအတွက် အပတ်ရေပြည့်လျှင် ရပ်နိုင်ပါသည်။ ပိဋကတ်တော်ထဲတွင် စိတ်တွင်ပွားများ ဆင်ခြင်ဖို့ ဉာဏ်နှင့်မြင်အောင်ရှုဖို့သာ ဖြစ်သည်။

<u>ဘယ်နေရာမှာ ပုတီးစိပ်မှာလဲ</u>

ပုတီးကို မည်သည့်နေရာတွင်မဆို စိပ်နိုင်ပါသည်။ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံတို့ဖြ[...] ခရီးသွားရင်း စိပ်နိုင်သကဲ့သို့ မိမိအိမ်၊ အိပ်ရာ၊ ဘု[...] စင်ရှေ့၊ ဘုရားစေတီ တစ်ဆူဆူ၊ တောထဲ တောင်[...] စသည်တို့တွင် စိပ်နိုင်ပါသည်။

ရှေးဆရာများက ပုတီးစိပ်ရာ၌ တန်ခိုးကြီးဘု[...] များ၊ သက်တော်ရှည်ဘုရားများ၌ သွားရောက်စိပ်[...] ရှိပါသည်။

သက်တော်ရှည်ဘုရားဟူသည် နှစ်ပေါင်း(၁၀[...] အထက်နှင့် နှစ်(၁၀၀၀)သက်တမ်းရှိသော ဘုရား၊ နှ[...] ပေါင်း(၁၀၀၀)အထက် နှစ်ပေါင်း(၂၀၀၀)ရှိသော ဘု[...] စေတီ ပုထိုးမျိုးကို ဆိုလိုပါသည်။

တေဇောခတ် လိုအပ်ပါက အရှေ့အရပ်၊ ဝါ[...] ခတ် လိုအပ်ပါက အနောက်အရပ်၊ ပထဝီခတ် လို[...] ပါက မြောက်အရပ်၊ အာပေါခတ်လိုအပ်ပါက တော[...] အရပ်တို့တွင် စိပ်ရပါမည်။

<u>ပုတီးစိပ်လျှင် ပွဲလျှသင့်,မသင့်၊</u>
<u>သက်သတ်လွတ် စားသင့်,မသင့်</u>

ပုတီးစိပ်ရာတွင် ပွဲလျှသည်ဖြစ်စေ၊ မလျှသည်ဖြ[...] စေ စိပ်နိုင်ပါသည်။

သက်သတ်လွတ်စားသည်ဖြစ်စေ၊ မစားသည်ဖြစ်[...] စိပ်နိုင်ပါသည်။

ရက်ရှည်အဓိဋ္ဌာန်ဝင်လျှင် သက်သတ်လွတ်စားခြ[...] က ပိုကောင်းသည်။ သက်သတ်လွတ်စားခြင်းသည် [...] ကုန်နည်းခြင်း၊ ကရိကထနည်းခြင်း၊ ချွေးနံ့သက်သာခြ[...] ကာမစိတ်နည်းခြင်း၊ သွားမနာခြင်း၊ ဝမ်းမချုပ်ခြင်း၊ [...] သန့်ခြင်း၊ မေတ္တာပွားရာ ရောက်ခြင်းတို့ကြောင့် ကော[...] ပါသည်။

အထိုင်များလျှင် ခါးနာတတ်သည်၊ ဝမ်းချုပ်တ[...] သည်။ သက်သတ်လွတ်စားပါက အပူအပုပ်နည်း၍ [...] ပျော့ပျောင်းနေသဖြင့် အဓိဋ္ဌာန်အောင်ရာအောင်ကြေ[...] အထောက်အကူ ဖြစ်ပါသည်။

ပုတီးစိပ်ရာတွင် သတိထားသင့်သော အချက်[...] အတ္တကိလမထနုယောဂ ခေါ် အကျင့်လွန်ခြင်းတို့[...] ရှောင်သင့်ပါသည်။ ရေလွတ် မီးလွတ် မလုပ်သင့်[...] မဂ္ဂင်ရှစ်ပါးနှင့်အညီ မဖြီမပဋိပဒါ မလျှော့မတင်း[...] လုပ်သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကျင့်ဝတ်များ**

ပုတီးမစိပ်မီ ကျင့်ဝတ်(၁၀)ပါး ရှိပါသည်။

(၁) ခန္ဓာကိုစ္စပြီးအောင်လုပ်ပါ။
(၂) သန့်ရှင်းသော အဝတ်အစား၊ သန့်ရှင်းသော နေရာတွင်စိပ်ပါ။
(၃) ဆိတ်ငြိမ်ရာမှာ စိပ်ပါ။
(၄) ဘုရားပင့်ပါ။
(၅) သရဏဂုံ ဆောက်တည်ပါ။
(၆) ခန္ဓငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ဘုရား၊ တရား၊ သံဃာအား လှူပါ။
(၇) ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်း ကပ်လှူပါ။
(၈) ဘဝအဆက်ဆက်က မိခင်ဖခင်၊ ဆရာ၊ ကျေးဇူးရှင်တို့အား ကန်တော့ကာ အပြစ်များရှိက ခွင့်လွှတ်ရန် တောင်းပန်ပါ။
(၉) ကမ္မဋ္ဌာန်းတောင်းပါ။
(၁၀)မေတ္တာပို့ အမျှဝေပါ။

**ပုတီးစိပ်နေသောအချိန်၌ ကျင့်ဝတ်(၆)ပါး**

(၁) မတ်မတ်ထိုင်ပါ။
(၂) ခါးဝတ်လျှော့ပါ။
(၃) တစ်နေ့တာ လုပ်ရှားခဲ့သော လူမှုရေး၊ စီးပွားရေး ကိစ္စများကို အာရုံဖြတ်ပစ်ပါ။
(၄) မိမိအာရုံပြုမည့် ကမ္မဋ္ဌာန်းသို့ ရှေးရှုပါ။
(၅) မိမိစိတ်ကို ပုတီးပေါ်၊ လက်ပေါ်၊ နဖူးပေါ် မိမိအားသန်ရာသို့ စိတ်ညွှတ်ပါ။
(၆) ပုတီးကို စနစ်တကျကိုင်၍ မှန်မှန်စိပ်ပါ။

**ပုတီးစိပ်ပြီး လုပ်ဆောင်ရမည့်ကျင့်ဝတ်(၃)ပါး**

(၁) မေတ္တာပို့ပါ။
(၂) ပုတီးစိပ်ပြီးကြောင်း သစ္စာပြု၍ လိုရာဆုတောင်းပါ။
(၃) အမျှဝေပါ။

**သာမန်ပုတီးစိပ်ခြင်းနှင့် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ခြင်း**

ပုတီးစိပ်ပုံ နှစ်မျိုးရှိသည်။ သာမန်ပုတီးစိပ်ခြင်းနှင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်း ဖြစ်သည်။

သာမန်ပုတီးစိပ်ခြင်းမှာ မိမိ၏ ထာဝရအနေဖြင့် စိပ်ခြင်း ဖြစ်သည်။

အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းမှာ ကိစ္စအကြောင်းထူး ပြေအောင်မြင်ရန်၊ သဗ္ဗဝိဇ္ဇာရကျင့်ရန် မိမိ၏ ပါရမီတော်ဖြည့်ရန် စိပ်ခြင်းဖြစ်သည်။ အဓိဋ္ဌာန်စိပ်ပါက အောင်မြင်ရန် ဂရုစိုက်ရပါသည်။ အဓိဋ္ဌာန်ပျက်က မိမိအတွက် ထိခိုက်နစ်နာတတ်သည်ကို ဂရုပြုပါ။

ထို့ကြောင့် အဓိဋ္ဌာန်ဝင်ရာ၌ ပုတီးပတ်များများမစိပ်ပါနှင့်။ ပုတီးပတ် နည်းသည် များသည် အဓိကမဟုတ်၊ သမာဓိမိဖို့က အဓိကဖြစ်သည်။

အဓိဋ္ဌာန်ရက်ရှည် မဝင်ပါနှင့်။ (၉)ရက်၊ (၁၀)ရက်သာ ဝင်သင့်သည်။ ရက်ရှည်ဝင်က ပျက်တတ်ပါသည်။ ရက်တိုဝင်က အောင်မြင်လွယ်ပါသည်။ မိမိမနိုင်သောဝန်ကို မထမ်းပါနှင့်။ လောဘမကြီးပါနှင့်။ မှန်မှန်သာ စိပ်ပါ။

သမာဓိရကို ရမှဖြစ်မည်ဟု စိတ်ကို တင်းမထားပါနှင့်။ ပုတီးစိပ်ခြင်းက ကိုယ့်အလုပ်၊ သမာဓိရခြင်း မရခြင်းက သူ့အကြောင်းနှင့်သူဖြစ်ပါသည်။ သမာဓိသဘော၊ သမထသဘောမှာ လိုချင်လျှင် မရပါ။ မလိုချင်လျှင်လည်း သာ၍ဝေးပါသည်။

စိပ်ရမှာက ကိုယ့်အလုပ်၊ ရတာ၊မရတာက သူ့အကြောင်းဟု စိတ်ကို ရှင်းရှင်းထားပါ။

လူတို့စိတ်သည် တစ်ခါတစ်ရံ ပေါ့နေတတ်၏။ စိတ်ပေါ့နေပါက ပုတီးကို ဖြည်းဖြည်းမှန်မှန်စိပ်ပါ။ သို့မှသာ သမာဓိဝင်လာပါလိမ့်မည်။

တစ်ခါတစ်ရံ စိတ်က လေးလံထိုင်းမှိုင်းနေတတ်ပါသည်။ ထိုအခါ ပုတီးကို ခပ်သွက်သွက်စိပ်ပါ။ သို့မှ သမာဓိဝင်လာပါလိမ့်မည်။

**ပုတီးသမထမှ ဝိပဿနာကူးပါက**

သမထကမ္မဋ္ဌာန်းသည် ကိလေသာအပူတွေကို ငြိမ်းအေးစေသောကြောင့် သမထဟုခေါ်ပါသည်။ သမထကမ္မဋ္ဌာန်းလေးဆယ်ထဲက တစ်ပါးပါးကို စွဲစွဲမြဲမြဲပွားများနေလျှင် ဈာန်လေးပါးအဆင့်ဆင့်ကို ရမည်။ ဒိဗ္ဗစက္ခုခေါ် သူတစ်ပါး၏စိတ်ကို သိမြင်မှု၊ ပုဗ္ဗေနိဝါသာနုဿတိ ခေါ် ရှေးဘဝတွေကို ပြန်လည်အောက်မေ့မြင်သိနိုင်မှု၊ ဣဒ္ဓိဝိခခေါ် တန်ခိုးဖန်ဆင်းနိုင်မှု စတဲ့လောကီအဘိညာဉ်တွေ ရနိုင်ပါသည်။

သမထအားကောင်းပြီး စိတ်တည်နေသည့် ပုဂ္ဂိုလ်သည် လောကီလိုင်းဖြစ်သည့် ဈာန်အဘိညာဉ် တွေမသွားဘဲ ရုပ်နာမ်တရားတွေ၏ မမြဲမှုတို့ကို သုံးသပ်နိုင်ခြင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် ဝိပဿနာကူးလိုက်လျှင် ရှာန်အဘိညာဉ်မရဘဲ သောတာပန်၊ သကဒါဂါမ်၊ ရဟန္တာအဆင့် ဖြစ်သွားနိုင်သည်။

**ဝိပဿနာကမ္မဋ္ဌာန်း**

ရှိရှိသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ အမြဲမရှိ။ ဆင်းရဲ၏၊ အစိုးမရဟု အဖန်ဖန်ရှုမြင်သုံးသပ်မှုကို ဝိပဿနာဟုခေါ်သည်။ ယင်းလက္ခဏာသုံးပါးကို အထပ်ထပ်ရှုမြင်သုံးသပ်လျှင် ရုပ်နာမ်တရားတွေကို တပ်မက်စွဲလမ်းမှုမဖြစ်တော့။ မတပ်မက်လျှင် ငြီးငွေ့လာမည်။ ငြီးငွေ့လာလျှင် ရုပ်နာမ်တွေချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ သောတာပန်၊ သကဒါဂါမ်၊ ရဟန္တာအဆင့် ဖြစ်သွားနိုင်သည်။

ရဟန္တာဖြစ်လျှင် ဘာသာရေးကိစ္စ လမ်းဆုံးပြီးနောက် မဂ်ကိစ္စနှင့်ပတ်သက်ပြီး ဘာမျှမလိုတော့ပြီ။ လောကီရှာန် အကြားအမြင်တွေကလည်း တစ်ခါပြန်ပြီး ပျောက်သွားရိုးမရှိချေ။ ယင်းသည် ဝိပဿနာရှုလို့ရတဲ့ အကျိုးဖြစ်သည်။ အရဟတ္တမဂ်ကိုရမှု၊ ရဟန္တာဖြစ်မှုသည် ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးရည်မှန်းချက်ပင် ဖြစ်သည်။

မဂ်ဖိုလ်ရသည့် ပုဂ္ဂိုလ်တွေသည် မဂ်ဖိုလ်က ပြ[illegible] မလျှော့ပေ။ ရပြီး မဂ်ဖိုလ်က မြဲသည်။ အထက်[illegible] အထက်မဂ်ကိုသာ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားမ[illegible] အရိယာပုဂ္ဂိုလ်တွေသည် ရိုးရိုးပုထုဇဉ် ပြန်ဖြစ်သည်[illegible] မရှိ။ သောတာပန်ပုဂ္ဂိုလ်သည် လောကီစည်းစိမ်တွေ[illegible] ခံစားမှုလျော့လျှင် အများဆုံး ခုနစ်ဘဝထက်ပိုပြီး [illegible] သန္ဓေ မနေနိုင်ပါ။ သကဒါဂါမ် ပုဂ္ဂိုလ်တွေသည် သေ[illegible] လူ့ပြည်မှာ တစ်ကြိမ်မပဲ ပြန်ဖြစ်နိုင်သည်။

အနာဂါမ်ပုဂ္ဂိုလ်တွေသည်ကား သေပြီးလျှင် လူ့[illegible] မှာ လူပြန်မဖြစ်နိုင်တော့ပါ။ အထက်ဗြဟ္မာ့ဘုံမှာဖြစ်[illegible] ရဟန္တာဖြစ်ကာ နိဗ္ဗာန်ကို ရောက်မည်။

ရဟန္တာပုဂ္ဂိုလ် သေလျှင်တော့ဖြင့် ဘယ်ဘုံမှာမှ [illegible] မှ ပြန်မဖြစ်တော့ပါ။ ခန္ဓာငါးပါးချုပ်ငြိမ်းပြီး တဏှာ[illegible] ခန်းရာ အေးငြိမ်းချမ်းသာသည့် နိဗ္ဗာန်ဆီသို့သာ [illegible] သွားလေတော့သတည်း။

**ကိုမောင်သ[illegible]**


# ဆရာကြီးဦးအေးထွန်း

**[အကြောပြင်ပညာရှင်]**

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအ[illegible] အာရုံပြောင်းကုသရတဲ့ပညာ ,မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်[illegible] လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေ[illegible] အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-**

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေး[illegible]
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေး[illegible]

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com


# ကျားကမ္ဘာ

佳葛巴

男性补药

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စနယ်ဇင်း)၀၅၆/၀၉၁၄

အမြဲမြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

# ဆင်ကဘို ®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဇီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

ဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ပင်ရင်း-ကျားကမ္ဘာဘယဆေးဆိုင် - ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း ၀၉ ၅၅၀၆၁၈၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၁၈၂၂(လိုင်းခွဲ)၅၅၃**




www.burmeseclassic.com

www.burmeseclassic.com



နောင်တဆိုသည်ကို လူတိုင်းနီးပါး ပြောဆိုလေ့ ရှိ၏။ လူတိုင်းတော့ နောင်တနှင့် ပေါင်းဖော်ဖူးကြ လိမ့်မည် မဟုတ်။ နောင်တသည် ပေါင်းဖော် ထိုက်သော မိတ်ဆွေမျိုးမဟုတ်၊ မပေါင်း သင်း မပေါင်းထိုက်သော ရန်သူသာ ဖြစ် ၏။ စိတ်၏ ကြောက်စရာကောင်းသော ရန်သူစာရင်းထဲတွင် နောင်တပါ၏။

နောင်တသည် စိတ်အား ပင်ပန်း အောင် စွမ်းဆောင်၏။ စိတ်၏ တက် ကြွမှုစွမ်းရည်များကို စုပ်ယူသော သုံးတတ်၏။ စိတ်၏ သွေးစုပ်ဖုတ် ကောင်သည် နောင်တဖြစ်၏။ နောင်တ ၏ ပေါင်းဖော်မှုကို ခံနေရသော စိတ် တက်ကြွလှုပ်ရှားမှု စွမ်းရည်တို့သည် ကင်းပျော လျက်ရှိ၏။ စိတ်၏ စွမ်းရည်များ ကင်းပျောက် သည့်အခါ ခန္ဓာကိုယ်သည် အလုပ်မလုပ်တော့ ခန္ဓာကိုယ်၏ စွမ်းရည်တို့သည် အလိုလိုကင်းပျော ပြီးသား ဖြစ်နေ၏။ ဆီကုန်၍ ရပ်ထားရသော တစ်လုံးကဲ့သို့ ဖြစ်၏။

ဓမ္မယောသက

# အရှင်ကြြီအာသ

# နောင်တရှင်းတမ်း

www.burmeseclassic.com

www.burmeseclassic.com

စိတ်သည် ခန္ဓာကိုယ်အား သွားလာလှုပ်ရှား လည်ပတ်အောင် ဆောင်ရွက်ပေးသော ဆီနှင့်တူ၏။ ခန္ဓာကိုယ်သည် ဆီရှိမှ လည်ပတ်နိုင်သောစက်နှင့် တူ၏။ ခန္ဓာကိုယ်သက်သက်ဖြင့် လည်ပတ်မှု သဘောထားကို မဆောင်ရွက်နိုင်ပေ။ စိတ်ပါမှ ခန္ဓာကိုယ်လည်ပတ်မှု သဘောကို ဆောင်၏။ စိတ်ခိုင်းမှ ခန္ဓာကိုယ် လုပ်၏။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်သည် စိတ်၏ ခိုင်းနွားကဲ့သို့လည်းဖြစ်၏။

လောက၌ နေထွက်နှင့် နေဝင်သည် မည်သူ့ကိုမှ မစောင့်ဆိုင်းပေ။ သူ့သဘာဝအတိုင်းပင် တဖြည်းဖြည်း ရွေ့လျားလျက်ရှိ၏။ လူတို့အတွက် နေထွက်နှင့် နေဝင်သည် အသက်ဖြစ်၏။ လူတို့သည် နေထွက်နှင့် နေဝင်ကို ကြည့်၍ အချိန်၊ နာရီကို သတ်မှတ်ကြ၏။ နေထွက်နှင့် နေဝင်ကိုကြည့်၍ ရက်ကို သတ်မှတ်ကြ၏။ နေထွက်နှင့် နေဝင်ကိုစု၍ လကို သတ်မှတ်ကြ၏။ လကိုစု၍ နှစ်ကို သတ်မှတ်၏။ ထိုရက်၊ လ၊ နှစ်တို့သည် လူတို့၏အသက်ဖြစ်လာ၏။ နေထွက်နှင့် နေဝင် ရင်ခွင်ထဲတွင် လူတို့၏ အသက်ရှိနေ၏။ နေထွက်နှင့် နေဝင်ထဲတွင် လူတို့၏ဘဝ ရှင်သန်နေရ၏။ နေထွက်နှင့် နေဝင်သည် မည်သူ့ကိုမှ စောင့်ဆိုင်းသည်ဖြစ်၍ လူတို့၏ အသက်သည်လည်း လူတို့အား မစောင့်ဆိုင်းပေ။

လူတို့၏ အသက်သည် တစ်နေ့ထက်တစ်နေ့ ကြီးမြင့်လာမည် ဖြစ်၏။ လူတို့၏ ခန္ဓာကိုယ်သည် တစ်နေ့ထက်တစ်နေ့ ပြောင်းလဲလာမည် ဖြစ်၏။ ထိုသို့ ခန္ဓာကိုယ် ပြောင်းလဲခြင်းသည် အကောင်းဘက်သို့ ပြောင်းလဲခြင်းမဟုတ်။ ဟောင်းနွမ်းခြင်း၊ ယိုယွင်းခြင်းဘက်သို့ ပြောင်းလဲလာခြင်းဖြစ်၏။ ရာသီဥတုလည်း ပြောင်းလဲ၏။ နက္ခတ်သက္ကရာဇ်လည်း ပြောင်းလဲ၏။ ခန္ဓာကိုယ်လည်း ပြောင်းလဲ၏။ လူတို့နေထိုင်သော လောကသည် ပြောင်းလဲခြင်း သဘာဝဖြင့် ထုံးဖွဲ့ထားခြင်း ဖြစ်၏။

ပြောင်းလဲခြင်းသဘာဝဖြင့် ထုံးဖွဲ့ထားသော လောက၌ ပြောင်းလဲရမည့် အရာတို့သည် ရှိ၏။ ထိုအရာတို့ကို လူတို့ကိုယ်တိုင် ပြောင်းလဲကြရမည် ဖြစ်၏။ ဘဝကို ပြောင်းလဲရမည်ဖြစ်၏။ ဆိုးနေသော ဘဝအား ကောင်းအောင် ပြောင်းလဲရမည်ဖြစ်၏။ ကောင်းနေသော ဘဝအား ပို၍ကောင်းအောင်၊ အကောင်းဆုံးဖြစ်အောင် ပြောင်းလဲရမည် ဖြစ်၏။ နွံထဲရောက်နေသော ဘဝအား ရွှေဘုံပေါ် ရောက်အောင် ပြောင်းလဲရမည် ဖြစ်၏။ ဟောင်းနေသော နေရာ၌ အသစ်၊အသစ်ဖြင့် အစားထိုးပြောင်းလဲရမည် ဖြစ်၏။ ဟောင်းနေသောစိတ်ကို ကောင်းနေသော စိတ်များဖြင့် အစားထိုး ပြောင်းလဲရမည် ဖြစ်၏။ ဤအရာတို့ကို လူတို့ကိုယ်တိုင် လုပ်ရမည် ဖြစ်၏။ လူတို့ မလုပ်လျှင် ဤအရာတို့သည် မပြောင်းလဲလာနိုင်။ လူတို့ လုပ်လျှင် ပြောင်းလဲလာမည်မှာ သေချာ၏။ ပြောင်းလဲရမည့် အရာတို့ကို ပြောင်းလဲနိုင်ခြင်းသည် လူတို့၏ စွမ်းရည်ဖြစ်၏။ လူတို့၏ တန်ဖိုးဖြစ်၏။ စွမ်းရည်ရှိသော လူ၊ တန်ဖိုးရှိသော လူဖြစ်အောင် ပြောင်းလဲရမည့် အရာတို့ကို ပြောင်းလဲရမည် ဖြစ်၏။ နောင်တသည် ထိုသို့ ပြောင်းလဲခြင်းမျိုးကို လက်မခံပေ။

အချိန်သည် ပစ္စုပ္ပန်အား စွန့်လွှတ်ပြီး အနာဂတ်ဆီ ခရီးပြင်းနှင်၏။ ခန္ဓာကိုယ်သည် ပစ္စုပ္ပန်အား စွန့်လွှတ်ပြီး အနာဂတ်ဆီ ခရီးပြင်းနှင်၏။ နောင်တ၏ ပေါင်းဖော်မှုကို ခံထားရသောစိတ်သည် ပစ္စုပ္ပန်အား စိတ်မဝင်စား။ အနာဂတ်ဆီ ခရီးပြင်းမနှင်။ အတိတ်ကိုသာ စိတ်ဝင်စား၏။ အတိတ်ကိုသာ ပစ္စုပ္ပန်သို့ ဆွဲတင်၏။ အတိတ်ဆီသာ ခရီးပြင်းနှင်၏။ အတိတ်၌သာ နေသားတကျဖြစ်နေသော စိတ်ကြောင့် ဘဝသည် အကောင်းဘက်သို့ မည်သို့မှ မပြောင်းနိုင်။ ပြောင်းသည်ဆိုလျှင် မကောင်းဘက်သို့သာ ပြောင်းမည် ဖြစ်၏။ နွံထဲ ရောက်နေသော ဘဝသည် နွံနစ်သွားနိုင်၏။ ကောင်းနေသော ဘဝသည် ဆိုးသွားနိုင်၏။ ဆိုးနေသော ဘဝသည် ပို၍၊ပို၍ ဆိုးသွားနိုင်၏။ ဟောင်းနေသော စိတ်သည် ကောင်းသောစိတ်အဖြစ် မည်သို့မှ ပြောင်းလဲလာနိုင်လိမ့်မည်မဟုတ်။ ဟောင်းနေပြီး ရင်းဟောင်း ဆွေးပြီးရင်း ဆွေးသွားမည်သာ ဖြစ်၏။ ပြောင်းလဲရမည့် အရာတို့ကို မပြောင်းလဲနိုင်လျှင် ထိုလူသည် စွမ်းရည်ရှိသောလူ မဖြစ်တော့ပေ။ တန်ဖိုးရှိသော လူ မဖြစ်တော့ပေ။ နောင်တသည် ဤမျှလောက် လူ၏ တန်ဖိုးကို ဖျက်ဆီးတတ်၏။ နောင်တသည် ဤမျှလောက် လူ၏စွမ်းရည်ကို ဖျက်ဆီးတတ်၏။ နောင်တနှင့် မပေါင်းဖော်မိအောင် ကြိုးစားသင့်၏။

နောင်တနှင့် မပေါင်းဖော်မိအောင် ကြိုးစားရန်အတွက် နောင်တအကြောင်းကို သိဖို့လိုအပ်၏။ နောင်တဖြစ်နိုင်သော အကြောင်းကိုသိမှ နောင်တနှင့် မပေါင်းဖော်



www.burmeseclassic.com

www.burmeseclassic.com

မိအောင် ကြိုးစားနိုင်မည်ဖြစ်၏။ နောင်တ၏ အဓိပ္ပာယ်ကို သိလျှင် နောင်တဖြစ်နိုင်သော အကြောင်းကို သိရှိမည်ဖြစ်၏။ နောင်တ၏ အဓိပ္ပာယ်ကို လေ့လာသင့်၏။

နောင်တကို ပါဠိလို ကုက္ကုစ္စဟု ခေါ်၏။ ကုက္ကုစ္စသည် ကု+ကတ+ဏျ ဟူသော စကားလုံးသုံးလုံးကို ပေါင်းစပ်ထားခြင်း ဖြစ်၏။ စကားလုံး တစ်လုံးစီတွင် အဓိပ္ပာယ်ရှိ၏။ ကု-ကို ကုစ္ဆိတဟု ဖွင့်၏။ ကုစ္ဆိတဟူသည် ပညာရှိတို့ စက်ဆုပ်ရွံရှာအပ်သော အလုပ်ဟု အဓိပ္ပာယ်ရ၏။ ပညာရှိတို့ စက်ဆုပ်ရွံရှာအပ်သော အလုပ်သည် ကု၏အဓိပ္ပာယ် ဖြစ်၏။ ကတသည် ပြုလုပ်ခြင်းဖြစ်၏။ ဏျလည်း ပြုလုပ်သောပုဂ္ဂိုလ်ကို ဆို၏။ စကားလုံး ပေါင်းစပ်ထားသော ကုက္ကုစ္စ၏ အဓိပ္ပာယ်သည် ပညာရှိတို့ စက်ဆုပ်ကဲ့ရဲ့အပ်သော အလုပ်ကို ပြုလုပ်သော ပုဂ္ဂိုလ်ဖြစ်၏။ ပါဠိလိုအားဖြင့် ကုစ္ဆိတံ ကတံ ကုကတံ၊ ကုကတဿ ဘာဝေါ ကုက္ကုစ္စံ ဟူ၍ဖြစ်၏။ ပညာရှိတို့ စက်ဆုပ်ကဲ့ရဲ့အပ်သော အလုပ်ကို ပြုလုပ်သူသည် ပစ္ဆာနုတပဟူသော နောင်တနှင့် ပေါင်းဖော်ရမည်မှာ သေချာ၏။

ပညာရှိတို့ စက်ဆုပ်ကဲ့ရဲ့အပ်သော အလုပ်ကို မလုပ်မှ နောင်တနှင့် မပေါင်းဖော်ရမှာဖြစ်၏။ ဤနေရာ၌ ပညာရှိကို သိဖို့လိုအပ်၏။ အဘယ်သို့သောပုဂ္ဂိုလ်သည် ပညာရှိဖြစ်မည်နည်း။ ငွေကြေးဥစ္စာ ချမ်းသာကြွယ်ဝတိုင်း ပညာရှိဟူ၍ မဆိုနိုင်၊ ပညာရှိမဖြစ်။ ရာထူးအာဏာ မြောက်မြားစွာရှိတိုင်း ပညာရှိဟူ၍ မဆိုနိုင်၊ ပညာရှိမဖြစ်။ ရုပ်ရည်အဆင်း လှပတိုင်း ပညာရှိဟူ၍ မဆိုနိုင်၊ ပညာရှိမဖြစ်။ အတတ်ပညာ စွမ်းသူတိုင်း ပညာရှိဟူ၍ မဆိုနိုင်၊ ပညာရှိမဖြစ်။ ဆင်းရဲသူလည်း ပညာရှိ ဖြစ်နိုင်၏။ ရာထူးအာဏာမရှိသူလည်း ပညာရှိ ဖြစ်နိုင်၏။ ရုပ်ရည်အဆင်း မလှပသူလည်း ပညာရှိ ဖြစ်နိုင်၏။ ဘွဲ့ထူးဂုဏ်ထူးမရှိ၊ အတတ်ပညာ မရှိသူလည်း ပညာရှိ ဖြစ်နိုင်၏။ ပညာရှိဖြစ်ရန်အတွက် ပစ္စည်းဥစ္စာသည် ပမာဏမကျ၊ ရာထူးအာဏာသည် ပမာဏမကျ၊ ရုပ်ရည်အဆင်းသည် ပမာဏမကျ၊ အတတ်ပညာသည် ပမာဏမကျ။ ထိုအရာတို့သည် ပညာရှိဖြစ်ရန်အတွက် စစ်မှန်သော အရည်အချင်းမဟုတ်။ ပညာရှိတွင် စစ်မှန်သော အရည်အချင်းရှိ၏။ ထိုအရည်အချင်းသည် ပစ္စုပ္ပန်၊ တမလွန် နှစ်ဖြာသော အကျိုးကို သိခြင်းဖြစ်၏။ ပြုလုပ်လိုက်သော အလုပ်၏ ရရှိခံစားရမည့် အကျိုးကို သိခြင်းဖြစ်၏။

မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌ အကြောင်း အကျိုးသည် ရှိ၏။ ထိုအကျိုးကိုလည်းကောင်း၊ တမလွန် လောက၌ ဖြစ်လတ္တံ့သော အကြောင်းအကျိုးသည် ရှိ၏။ ထိုအကျိုးကိုလည်းကောင်း ဤသို့ အကျိုးနှစ်မျိုးကို ရ၏။ ထိုအကျိုး နှစ်မျိုးကို ရခြင်းကြောင့် ပညာရှိသောသူကို ပညာရှိဟု ဆိုအပ်၏။

အကြောင်းကို သိ၏၊ အကျိုးအဆက်ဆက်ကို သိ၏။ အကျိုးကိုသိ၍ အကြောင်းကို ဆင်ခြင်၏။ တစ်ခဏ ကောင်းပြီး ရေရှည်အကျိုးဆက် မကောင်းသော လုပ်ရပ်မျိုးကို မလုပ်။ တစ်ခဏမကောင်းဖြစ်ပြီး ရေရှည်အကျိုးဆက်ကောင်းသော အလုပ်မျိုးကို လုပ်၏။ တစ်ခဏ လည်း ကောင်း၏၊ ရေရှည်အကျိုးဆက်လည်း ကောင်း၏ ထိုအလုပ်မျိုးကို လုပ်၏။ အကြောင်းအကျိုးကို သိရှိသော သူသည် ပစ္စုပ္ပန်အကျိုးထက် သံသရာအကျိုးကို ကြည့် ၏။ မိမိအကျိုးထက် သူတစ်ပါးအကျိုးကို ကြည့်၏ ထို့ကြောင့် ပစ္စုပ္ပန်တွင်လည်း ကောင်းကျိုးကို ရရှိ၏ တမလွန်တွင်လည်း ကောင်းကျိုးကို ရရှိ၏။ ကောင်းသော အကျိုး နှစ်မျိုးကို ရရှိသော ထိုပုဂ္ဂိုလ်ကို ပညာရှိဟုဆို၏ တစ်ခဏသာ ကောင်းကျိုးကို ချိုမြိန်စွာ ခံစားနေသူသည် ပညာရှိ မဖြစ်။ ပစ္စုပ္ပန်အကျိုးနှင့် ကျေနပ်နေသူသည် ပညာရှိ မဖြစ်။ လောက၌ ပညာရှိတို့ မလုပ်သော အ သည်. ရှိ၏။

ပညာရှိမည်သည် မိမိ၏အကြောင်းကြောင့် မကောင်း မှုကိုမပြု။ သူတစ်ပါး၏ အကြောင်းကြောင့် မကောင်းမှု မလုပ်။ မကောင်းမှုဖြင့် သားသမီးကို အလိုမရှိ။ မကောင်း မှုဖြင့် မိမိပစ္စည်းဥစ္စာ ပြည့်စုံခြင်းကို အလိုမရှိ။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် သီလရှိသူ ဖြစ်ရာ၏။ ပညာ ရှိသူ ဖြစ်ရာ၏။ တရားရှိသူ ဖြစ်ရာ၏။

ဓမ္မပဒကထာ နံပါတ်(၈၄)၌ မြတ်စွာဘုရား ဟော ကြားတော်မူထားသော စကားရပ်ဖြစ်၏။ ထိုစကား အရ ပညာရှိတို့ မလုပ်သောအလုပ်မှာ မကောင်းမှုဖြစ် ပညာရှိတို့သည် မကောင်းမှုအား အတတ်နိုင်ဆုံး မပြု ကြ။ မကောင်းမှု မပြုလုပ်ရအောင် စိတ်ကို သ အမြဲကပ်ထားတတ်ကြ၏။ ပုထုဇဉ်ဖြစ်သော ပု



www.burmeseclassic.com

www.burmeseclassic.com

သတိသည် မြဲသည်ဟူ၍မရှိ။ ပြင်းထန်သော အာရုံတရား၏ တိုက်ခိုက်မှုအားလျော်စွာ သတိသည် စိတ်နှင့် ဝေးကွာတတ်သည်များ ရှိ၏။ ထိုအခါမျိုး၌ ပညာရှိသော ပုထုဇဉ်သည်လည်း မကောင်းမှုကို ပြုလုပ်တတ်၏။ သို့သော် ပညာရှိတို့သည် သူတစ်ပါးထိခိုက်သော မကောင်းမှုမျိုးကို လုံးလုံးမလုပ်ပေ။ ကြီးစွာသော မကောင်းမှုမျိုးကို မည်သည့်အခါမှ မပြုလုပ်ပေ။ ပညာရှိတို့သည် မကောင်းမှုအား ထောက်ခံအားပေးတတ်သူများ မဟုတ်ကြ။ မကောင်းမှုအား ရွံရှာမုန်းတီးကြသူများ ဖြစ်၏။

ပညာရှိများ ကဲ့ရဲ့သောအလုပ်သည် မကောင်းမှုဖြစ်၏။ ပညာရှိများ စက်ဆုပ်သောအလုပ်သည် မကောင်းမှုဖြစ်၏။ မကောင်းမှုပြုလုပ်သူအား ပညာရှိတို့သည် ချီးမွမ်းထောပနာမပြု။ မကောင်းမှုပြုလုပ်သူကို ပညာရှိတို့ စက်ဆုပ်ကြ၏၊ ကဲ့ရဲ့ကြ၏။ အဘယ်ကြောင့် ပညာရှိတို့သည် မကောင်းမှုအား စက်ဆုပ်ရွံရှာကြသနည်း။ မကောင်းမှုသည် ကောင်းသောအကျိုးကို မပေးသောကြောင့်ဖြစ်၏။ သေးငယ်သော မကောင်းမှုသည် သေးငယ်သော မကောင်းကျိုးကို ဖြစ်ထွန်း၏။ ပစ္စုပ္ပန်မကောင်းကျိုးကိုလည်း ဖြစ်ထွန်း၏။ သံသရာမကောင်းကျိုးကိုလည်း ဖြစ်ထွန်း၏။ ကြီးစွာသော မကောင်းမှုသည် ကြီးစွာသော မကောင်းကျိုးကို ဖြစ်ထွန်းစေ၏။ မိမိအတွက်လည်း မကောင်းကျိုးကို ဖြစ်စေ၏။ သူတစ်ပါးအတွက်လည်း မကောင်းကျိုးကို ဖြစ်စေ၏။ လောကအတွက်လည်း မကောင်းကျိုးကို ဖြစ်စေ၏။ မကောင်းမှု၏ မကောင်းကျိုးဖြစ်စေသည်ကို သိရန်ခက်၏။ အဘယ်ကြောင့်ဆိုလျှင် မကောင်းမှုသည် ပျားရည်ဆမ်းထားသော ဓားသွားနှင့် တူသောကြောင့်ဖြစ်၏။

ပျားရည်ကို မက်မက်မောမောလျက်နေချိန် ဓားသွား၏ အန္တရာယ်ကို မမြင်။ ပျားရည်ပေါ် မက်မောနေသော တဏှာသည် စိတ်အား ညို့ယူထား၏။ စိတ်သည် အိပ်မောကျခါနီး လူကဲ့သို့ဖြစ်နေ၍ ဓားသွား၏ အန္တရာယ်ကို မမြင်ခြင်းဖြစ်၏။ ဓားသွား၏အန္တရာယ် ဆိုက်ရောက်လာ၍ လျက်နေသော လျှာအား လှပစွာ ဒုက္ခပေးသည့်အခါမှ ဓားသွားအန္တရာယ်ကို သိလာ၏။ နာကျင်စွာ ခံစားရသော အခါသည် ပျားရည်ပေါ် မက်မောနေသော တဏှာကို နိုင်းထုတ်လိုက်၏။ တဏှာသည် စိတ်အား ညို့မယူနိုင်တော့ပေ။ စိတ်သည် အိပ်ပျော်ရာမှ လန့်နိုးလာသော လူကဲ့သို့ဖြစ်လာ၍ ဓားသွား၏ အန္တရာယ်ကို သိခြင်းဖြစ်၏။ မကောင်းမှုသည်လည်း ထိုနည်းတူစွာပင် ဖြစ်၏။

မကောင်းမှုပြုလုပ်နေစဉ်၌ လူတို့သည် မကောင်းမှု၏ အကျိုးကို မမြင်ကြ။ ပြုလုပ်နေသော မကောင်းမှုတိုင်းသည် လူတို့၏စိတ်အား ဆွဲဆောင်နိုင်၏။ ဆွဲအားသည် သံလိုက်ကဲ့သို့ ပြင်းထန်၏။ မကောင်းမှု ဆွဲအားနောက်သို့ ကောက်ကောက်ပါလိုက်နေသောစိတ်သည် မကောင်းမှု၏ အရောင်မြဲ ကောင်းကျိုးကို မြင်၏။ မကောင်းမှုပြုလုပ်သည်ကို ကောင်းနေ၏။ ပျားရည်ကို မက်မက်မောမော လျက်နေချိန်နှင့် တူ၏။ မကောင်းမှု၏ အကျိုးကို ထိပ်တိုက်ခံစားလာရမှ မကောင်းကျိုးကို မြင်တတ်ကြ၏။ လျှာကို ဓားသွားရှသွားချိန်နှင့် တူ၏။

ဓားသွားရှခြင်းကို မခံစားလိုလျှင် ဓားသွားပေါ်က ပျားရည်ကို မက်မက်မောမော မလျက်သင့်ပေ။ ပျားရည်ကို မက်မက်မောမောလျက်လျှင် ဓားသွားရှမည်ကို ကြိုတင်မြင်ရ၏။ မကောင်းကျိုးကို မခံစားလိုလျှင် မကောင်းမှုကို စိတ်ပါလက်ပါ မပြုလုပ်သင့်ပေ။ နောင်တနှင့် မပေါင်းဖော်လိုလျှင်လည်း ပညာရှိများ စက်ဆုပ်ကဲ့ရဲ့အပ်သော မကောင်းမှုကို မပြုလုပ်သင့်ပေ။ မကောင်းမှုကို ပြုလုပ်လျှင် နောင်တနှင့် မကောင်းကျိုးကို ခံစားရမည်ကို ကြိုတင်မြင်ရ၏။ မကောင်းမှု၏ရသသည် အချိုဓာတ်မပါသော အခါးသက်သက်ဖြစ်၏။ ကောင်းမှု၏ရသသည် အခါးဓာတ်ကင်းသော အချိုသက်သက်ဖြစ်၏။ နောင်တ၏ ရသသည် အချိုဓာတ်မပါသော အခါးသက်သက်ဖြစ်၏။ သင်ခန်းစာ၏ ရသသည် အခါးဓာတ်ကင်းသော အချိုသက်သက်ဖြစ်၏။ အရသာထဲ၌ အခါးဓာတ်သည် ဆေးဖြစ်၏။ ကံတရား၌ အခါးဓာတ်သည် ဆေးဖြစ်၏။ အရသာထဲ၌ အချိုဓာတ် လွန်ကဲခြင်းသည် ဘေးဖြစ်၏။ ကံတရား၌ အချိုဓာတ်သည် ဆေးဖြစ်၏။ ဘဝကို ဖန်တီးသည်မှာ အရသာမဟုတ်၊ ကံတရား၏ရသဖြစ်၏။ ဘဝချိုနှင့် သံသရာလွတ်မြောက်ရန် အချိုဓာတ်လွန်ကဲသော ကံတရားများကို ရနိုင်သမျှ စွမ်းနိုင်သမျှ ထုဆစ်သင့်ပါ၏။

မေတ္တာဖြင့်
ဓမ္မဃောသက အရှင်ဩဘာသ



www.burmeseclassic.com

www.burmeseclassic.com

# ထက်ဘုန်းလူ
# ဒါနကထာ(၅)

ရေဆိုတာက ထမင်းထက်ပင် ပို၍အကျိုးကျေးဇူးကြီးတဲ့အတွက် ထမင်းအသက် ခုနစ်ရက် ရေအသက်တစ်မနက်ဆိုတဲ့ ဆိုရိုးစကား ရှိနေခဲ့တာပါ။

သက်ရှည်ဆင်းလှ ချမ်းသာရ ဗလဉာဏ်ပညာ၊

စင်ကြယ်သန့်ရှင်း ကျော်စောခြင်း ခပင်းခြွေရံကာ၊

ရေမငတ်ကြား လျှင်မြန်သွား ဆယ်ပါးရေကျိုးလာ..

တဲ့။

ရေလှူခြင်းရဲ့ ကြီးကျယ်မြင့်မြတ်မှုတွေပါပဲ။ သာမန်အားဖြင့် ရေအလှူကို ပေါ့ပေါ့ပါးပါး လှူဒါန်းခွင့်ရကြပေမယ့် သွေးအလှူကတော့ အချက်အလက်တချို့နဲ့ တိုင်းတာဖြတ်သန်းရတဲ့ အနေအထားရှိပါတယ်။ အဓိကအား ဖြင့် သွေးရဲ့ သန့်ရှင်းစင်ကြယ်ခြင်းကို ဗဟိုပြုရတဲ့အ လှူချင်သော်လည်း လှူခွင့်မရခြင်းမျိုးနဲ့ ကြုံရတတ် တယ်။ ကျောက်ကပ်အလှူ၊ မျက်ကြည်လွှာအလှူ စသည်ဖြင့် ခန္ဓာတစ်ကိုယ်လုံး လိုရာသုံး ဆိုသ



www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းခြင်းတွေနဲ့အတူ အောက်စီဂျင်အရေးပေါ်လိုတဲ့ လူနာတွေအတွက် အောက်စီဂျင်လှူဒါန်းခွင့်လည်း ရရှိနိုင်ပါတယ်။ အိုးအကြီး၊ အိုးအသေး ထက်သန်ရာ သဒ္ဓါအလျောက် ဒါနမြောက် လှူနိုင်ကြပါသေးတယ်။

နောက်တစ်ခုက ပညာဒါန၊ ပညာဒါနလို့ ခေါင်းစဉ်တပ်ထားတဲ့ ပညာရပ်ဆိုင်ရာ သင်တန်းမျိုးတွေ ဒီခေတ်စာမျက်နှာပေါ် ထွင်ဟပ်နေခဲ့တာ သိမြင်နိုင်ပါလိမ့်မယ်။ ပညာဒါနဆိုတာက အသိပညာ၊ အတတ်ပညာကို ပေးလှူခြင်း ဆိုပါတော့။ လှူတယ်ဆိုကတည်းက တစ်ဖက်သားရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးတာဖြစ်လို့ ခံယူသူဘက်ကို အကျိုးပြုစေတယ်လို့ ဆိုရမှာပါ။ လှူဖွယ်ပစ္စည်းကို ဒါနလို့ခေါ်သလို လှူစေတတ်တဲ့ စေတနာကိုလည်း ဒါနလို့ ခေါ်ရမှာဖြစ်ပေမယ့် လှူဒါန်းတယ်ဆိုတဲ့ဖြစ်စဉ်မှာ စေတနာကို လှူတာမဟုတ်ဘဲ လှူဖွယ်ပစ္စည်းဝတ္ထုကိုသာ ပေးလှူခြင်း မည်ပါတယ်။

တကယ်တော့ လှူဒါန်းတယ်ဆိုတာ ဒါနံ ပရိစ္စာဂသက္ခဏံလို့ ဆိုတဲ့အတိုင်း မိမိပစ္စည်းဥစ္စာကို အလှူခံပုဂ္ဂိုလ်လက်ထဲအရောက် စေတနာသုံးတန် ခြံရံကာ သဒ္ဓါ၊ မေတ္တာ၊ ပညာစစ်စစ်နဲ့ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်လှူဒါန်းလိုက်တာ ဖြစ်ပါတယ်။ ကိုယ်နဲ့ပဲစွန့်စွန့်၊ နှုတ်နဲ့စွန့်စွန့်၊ ကိုယ်၊ နှုတ်နှစ်ပါးလုံးနဲ့ပဲစွန့်စွန့် စေတနာပြတ်သားရင် ဒါနမြောက်သွားပါပြီ။ စွန့်လိုက်ပြီးတာနဲ့ ရေစက်မချလည်း ဒါနမြောက်သွားတော့တာပါပဲ။ အလှူရှင်အနေနဲ့ အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲကိုထည့်ပြီး လှူဒါန်းမှုပြုနိုင်တဲ့ ကျောင်းအဆောက် အအုံ၊ မြေ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စတဲ့သတ္တဝါတွေကို လှူဒါန်းကြတဲ့အခါ ဒက္ခိဏာမြောက်အောင် သက်သေခံမှုအဖြစ် ရေစက်ချလှူဒါန်းကြတာ တွေ့ရမှာပါ။

ဘုရားအလောင်းတော် ဆင်ကို လှူဒါန်းစဉ်အခါက ဆင်နှာမောင်းကို အလှူခံပုဂ္ဂိုလ်လက်ထဲထည့်ပြီး အလှူဆင်ကို ကိုယ်စားပြုရင်း အေးမြသန့်စင် ကြည်လင်တဲ့ ရွှေကရားထဲက နံ့သာရေအနည်းငယ်ကို သွန်းလောင်းလှူခဲ့ပါတယ်။ ဇနီး၊ သားသမီးတွေကို လှူဒါန်းတဲ့အခါမှာလည်း လှူဖွယ်ဝတ္ထုနဲ့ အလှူစိတ်ကို ကိုယ်စားပြုတဲ့ ရွှေကရားထဲက နံ့သာရေ အနည်းငယ်ကို အလှူခံပုဂ္ဂိုလ်ရဲ့ လက်ထဲသို့ လောင်းထည့်လိုက်တာပါပဲ။

ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းတဲ့အခါ၊ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းကို လှူဒါန်းတဲ့အခါမှာလည်း လှူဖွယ်ဝတ္ထုနဲ့ အလှူစိတ်ကို ကိုယ်စားပြုတဲ့ ရွှေကရားထဲက အေးမြသန့်စင်ကြည်လင်တဲ့ နံ့သာရေကို မြတ်ဗုဒ္ဓလက်ထဲ လောင်းထည့်ပြီး လှူဒါန်းခဲ့တာဖြစ်ပါတယ်။ နံ့သာရေကို အလှူခံလက်ထဲမှာ လောင်းသည်ဖြစ်စေ၊ ကိုယ်စားလှယ်ခွက်ထဲမှာ လောင်းသည်ဖြစ်စေ၊ မြေကြီးပေါ်ပဲ လောင်းသည်ဖြစ်စေ သက္ကစ္စမြောက်ပစ္စည်းစွန့်ကြဲခြင်းကိစ္စ ပြီးမြောက်အောင်မြင်ခြင်းသာ အဓိကဖြစ်ပါတယ်။

ရဟန်းသံဃာတော်တွေနဲ့ မအပ်စပ်တဲ့ ငွေကြေးကို လှူဒါန်းတဲ့အခါ လှူဖွယ်ဝတ္ထုငွေကို ထည့်ကပ်လို့ မသင့်လျော်တာကြောင့် ရေကိုသာ လှူဖွယ်ဝတ္ထုရဲ့ ကိုယ်စားပြုပြီး အလှူခံလက်ထဲ ရေကိုလောင်းထည့်လို့ဖြစ်ဖြစ်၊ ခွက်ထဲသို့ လောင်းထည့်လို့ဖြစ်ဖြစ်၊ မြေကြီးပေါ် သွန်ချလို့ပဲဖြစ်ဖြစ်လှူရင် ဖြစ်မြောက်ပါတယ်။ နှုတ်နဲ့အပ်စပ်အောင် လျှောက်ထားပြီး လှူရင်လည်း ပြီးမြောက်သွားတာပါပဲ။ ရေစက်ချဖို့ မလိုပါဘူး။ ရဟန်းတော်တွေ စားသုံးနိုင်တဲ့ ဆွမ်း၊ ဆေး၊ သစ်သီး၊ ဖျော်ရည် စတာတွေကို လှူဒါန်းတဲ့အခါ ရေစက်မချသော်လည်း အလှူခံလက်ထဲ လှူဖွယ်ပစ္စည်း ရောက်ရှိသွားတာနဲ့ အလှူပြီးမြောက်ပါတယ်။ ရဟန်းသာမဏေအချင်းချင်း သင်္ကန်း၊ စာအုပ်၊ ခဲတံ ပစ္စည်းမျိုးကို လှူမယ်ဆိုရင်လည်း ရုတ်တရက် ရှောင်တခင် သဒ္ဓါတရားပေါ်ပေါက်လို့ လှူတဲ့ကိစ္စမှာ ရေစက်ချစရာ မလိုတော့ပါ။

သက္ကစ္စမြောက် ရိုသေလေးစား တန်ဖိုးထားတဲ့သဘော။ အလှူတစ်ရပ်ရဲ့ သက်သေသဘောကို ဆောင်နိုင်တဲ့ ရေစက်ချတဲ့ နည်းစနစ်ဟာ အလွန်ကောင်းမွန်ပေမယ့် ဉာဏ်ပါဖို့တော့ လိုပါလိမ့်မယ်။ ရေစက်ချတယ်ဆိုတာကလည်း အလှူပြီးမြောက်အောင် ပြုလုပ်တာတော့ မဟုတ်ပါဘူး။ ရေစက်မချရသေးလို့ မိမိအလှူ မအောင်မြင်သေးဘူး။ ရေစက်ခွက် မကိုင်ရလို့ အသေဖြောင့်မှာ မဟုတ်ဘူးဆိုတဲ့အတွေးမျိုး စိတ်ထဲမစွဲဖို့ လိုအပ်ပါတယ်။ စေတနာထက်သန်စွာနှင့် စွန့်ပြီးတဲ့အချိန်ကစပြီး အလှူပြီးမြောက်သွားပြီဆိုတာ သတိချပ်သင့်ပါတယ်။

လှူဖွယ်ဝတ္ထုပေါ်မှာ တပ်မက်တွယ်တာ မနေရပါ။



www.burmeseclassic.com

www.burmeseclassic.com

လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို မျှော်လင့်တောင့်တခြင်း မရှိရပါ။ ငါမို့သာ လှူနိုင်တယ်ဆိုတဲ့ ထောင်လွှားမှုမာန စိတ်ကိုလည်း ဖယ်ရှားထားနိုင်ရပါတယ်။ မိမိကောင်းစားရေးအကျိုးကို ဦးတည်ထားတဲ့ တဏှာမာနဒိဋ္ဌိတွေကို ချိုးနှိမ်ပြီး သူတစ်ပါး ချမ်းသာရေး၊ ဆင်းရဲမှ လွတ်ကင်းရေးဆိုတဲ့ မေတ္တာ၊ ကရုဏာကို ရှေ့တန်းတင်ပြီး ပေးကမ်းစွန့်ကြဲ လှူဒါန်းမှသာလျှင် ပါရမီထိုက်တဲ့ဒါနလို့ ဆိုပါတယ်။ ပါရမီဆိုတာ မြင့်မြတ်သူတို့ရဲ့ အလုပ်ဖြစ်တာကြောင့် ငါ နည်းနည်းသေလျှင် ပါရမီနည်းနည်း မြောက်ပါတယ်။ ငါများများသေလျှင် ပါရမီများများ မြောက်မှာဖြစ်ပြီး ငါ အကြွင်းမဲ့သေလျှင်တော့ အတိုင်းမသိ ပါရမီမြောက်မှာ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက လှူတယ်ဆိုတာ သစ္စာသိပြီးမှ လှူရမယ်။ အဲ··ဒုက္ခသစ္စာကြီးကို နောက်တစ်ဖန်မရချင် မလိုချင်ခြင်းကြောင့် တပည့်တော်တို့သည် လှူဒါန်းပါ၏ဆိုတော့ နိဗ္ဗာန်ရတယ်။ ဒါ့ပြင် သစ္စာသိပြီးမှ လှူပါလို့ဆိုတဲ့စကားသည် အင်မတန် မှန်သွားတယ်။ မသိလို့လှူတာကတော့ ဟုတ်ပါတယ်တဲ့။

(၁၊ ၂၊ ၃၊ ၄)အကွက်တွေ လှည့်သွားတယ်။ သိလို့လှူတာက (၁)၊ ပြီးတော့ (၂)၊ (၂)ကျတော့ ကိစ္စတုံးတယ်။ (၁)က မဂ္ဂသစ္စာ၊ (၂)က နိရောဓသစ္စာပါ။ ပြောင်းပြန်ပြန်မှတ်ရမယ်။ ဒါဖြင့် ဒါနက သံသရာရှည်တာလား။ သိမှု မသိမှုကြောင့် ရှည်တာလားဆိုတော့ သိမှု မသိမှုကြောင့် သံသရာရှည်တာပါ။ မှတ်ထား။ နောက် ဒါနဟာ သံသရာရှည်တယ်လို့ မသုံးပါနဲ့။ ဒါ နောက်ကို အားလုံး ပြင်တတ်ကြပါစေ။

ဒါကြောင့် ငါ အကြွင်းမဲ့ မသေသေးသည့်တိုင် ဒါနတော ဘောဂဝါ-ဒါနကြောင့် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာတယ် ဆိုတာကတော့ ပေးလှူလိုက်တဲ့ စေတနာကံ လှူစေတတ်တဲ့ စေတနာစွမ်းအားကြောင့် ဖြစ်လေရာဘဝမှာ စည်းစိမ်ဥစ္စာ ရတနာအဖြာဖြာနဲ့ ကြွယ်ဝချမ်းသာခြင်း အကျိုးကို ပေးဆောင်တာ ဖြစ်ပါတယ်။ အသိဉာဏ်ပေးတယ်၊ ပညာပေးတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ် စသည်ဖြင့် ပေးဆောင်ခြင်း အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် ပစ္စည်းဥစ္စာ ပေးလှူတာနဲ့ ပညာပေးတာ ဘယ်သို့သော ပေးဆောင်ခြင်းက

ကောင်းမွန်မှန်ကန်ပါသလဲ။ စဉ်းစားတွေးခေါ်သင့်တဲ့

တစ်ရပ်အနေနဲ့ အလေးအနက်ထားကြည့်တဲ့အခါ

ပုံကောင်းနည်း မတူခြားနားပေမယ့် ပညာပေးလှူ

ကုသိုလ်က ပိုမိုကောင်းမွန်တယ်ဆိုတဲ့ အဖြေထွ

သတဲ့။ အဲဒီအဖြေနှင့် ပတ်သက်ပြီး ပညာပေးလှူ

ဘက်ကလား၊ ခံယူသူဘက်ကလား ဆိုတာက တ

တက်လာပြန်ပါတယ်။

အမှန်တော့ ဒါနဆိုတာ ခံယူသူ ပုဂ္ဂိုလ်အ

အကျိုးပြုတဲ့ပစ္စည်း၊ အကျိုးပြုတဲ့ လုပ်ရပ်တစ်ခုဖြ

အညီ စားစရာချို့တဲ့သူကို စားသောက်ဖွယ်ရာ ပေး

တယ်။ နေစရာမရှိလို့ နေထိုင်ဖို့ အိမ်ဆောက်ပေး

တယ်။ အသိပညာမဲ့နေလို့ အသိပညာပေးလိုက်တ

ခံယူသူက ရသွားတာပါပဲ။ ဒါဖြင့် ပေးလှူသူဘ

ဘယ်ရွေ့ဘယ်မျှ ဘယ်လိုအနေအထားနဲ့ တည်

သလဲ။ ဒီကိစ္စကို နတ်တွေအချင်းချင်း အဖြေရှာကြ

မရတဲ့အခါ စတုမဟာရာဇ်နတ်မင်းကြီးတွေဆီ သွ

မေးကြတယ်။ အဖြေက မထွက်။ သိကြားမင်းကို

ပြန်တော့လည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိ။ နော

တော့ သိကြားမင်း ဦးဆောင်ပြီး နတ်တွေအားလုံး

ဘုရားရှင်ထံ ရောက်သွားကြတယ်။

ဗုဒ္ဓရဲ့အဖြေက-

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိတဲ့။ သဗ္ဗဒါနံ-အ

သော ပေးမှုတွေကို၊ ဓမ္မဒါနံ-ဓမ္မကိုပေးခြင်းက၊ ဇိ

အနိုင်ရတယ်လို့ မိန့်ဆိုလိုက်တာပါ။ စားစရာ၊ ဝတ်

နေစရာ ဘယ်လိုအရာတွေကို ပေးလှူ၊ပေးလှူ အ

ဒါနလို့ခေါ်ပြီး အဲဒီဒါနအားလုံးကို ဓမ္မစေတီ(တ

ပညာ)ကို ပေးလှူခြင်းက အုပ်စိုးထားနိုင်ပါတယ်။

ဒါနဆိုတာ တရားကို ပေးလှူတာပါ။ အကောင်အ

ကြီးမဟုတ်လို့ ပစ္စည်းဝတ္ထုကို ရသွားတာမဟုတ်ဘဲ

ဉာဏ်ကို ရသွားတာ၊ ပညာကို ရသွားတာ။

မြတ်ဗုဒ္ဓရဲ့ အဖြေကြားရတော့ သိကြားမင်းနှ

နတ်တွေလည်း ကျေနပ်သွားကြပါတယ်။ ဓမ္မ

ကထာမှာ အဋ္ဌကထာဆရာကြီးက အချက်နှစ်ချက်

ပြထားတာလည်း ရှိပါတယ်။ အလှူဒါနပြုလုပ်နေ

လုံး ဓမ္မဒါနက အသိဉာဏ်ပေးလို့ အသိဉာဏ်ရ



www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ အခြေခံပြီး လှူကြတာပါ။ ဆိုလိုတာက လူတွေဟာ တရားမနာယူဘဲနှင့် အလုပ်ကို လုပ်မှာမဟုတ်ကြ။ ဓမ္မကရတဲ့ အသိကြောင့် ဒါနအမှုပြုကြတာဖြစ်တယ်။ လူတွေဟာ တရားနာရတဲ့ အကျိုးအားဖြင့် သဒ္ဓါတရား တိုးပွားလာပြီး ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတွေကို လုပ်ဆောင်ကြတယ်။ ဒါကြောင့် ဓမ္မဒါနကသာလျှင် ဒါနအားလုံးကို ဖြစ်ပေါ်စေအောင် စွမ်းဆောင်ပေးနိုင်တယ်။ နောက်တစ်ခုက အသိပညာဓမ္မဒါနတဲ့။ တစ်ဦးတစ်ယောက်က သူ နာကြားရရှိထားတဲ့ တရားကို ပြန်ပြောပြတာ၊ ရှင်းပြတာ။ ဒါကလည်း ဓမ္မကို ပေးတာပါပဲ။ အသိပညာပေးခြင်းမျိုး မရှိဘူးဆိုရင် ပစ္စေကဗုဒ္ဓကလွဲလို့ ဘယ်လိုပုဂ္ဂိုလ်မှ တရားထူး တရားမြတ် ရလိမ့်မည် မဟုတ်ပါ။

ရှင်သာရိပုတ္တရာ အလောင်းအလျာ ဥပတိဿပရိဗိုဇ်ကြီးဟာ အမတဆိုတဲ့ သေခြင်းကင်းရာကို ရှာဖွေနေစဉ် ပဉ္စဝဂ္ဂီငါးဦးထဲက အငယ်ဆုံးဖြစ်တဲ့ ရှင်အဿဇိနှင့် တွေ့ဆုံတော့မှ -

'အသင် ဘယ်သူ့ကို ဦးတည်ပြီး သင်္ကန်းဝတ်တာလဲ၊ သင့်ဆရာ ဘယ်သူလဲ၊ သင့်ဆရာက ဘယ်တရားဟောသလဲ၊ သင့်ဆရာရဲ့ အယူဝါဒက ဘာတွေလဲဆိုပြီး ဓမ္မကို ရှယ်ယာလုပ်ခိုင်းစေတာပါ။ ရှင်အဿဇိဟာ ရဟန္တာ ဖြစ်နေပေမယ့် ဓမ္မစကြာမှာ အဓိကပါဝင်တဲ့ သစ္စာလေးပါးကိုပဲ အကျဉ်းချုံးပြီး ဟောပေးခဲ့ပါတယ်။ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေရဲ့ အကြောင်းကိုလည်း ဟောတယ်။ အဲဒီအကြောင်းတရားတွေ ချုပ်ငြိမ်းသွားလို့ အကျိုးတရားတွေ ချုပ်ငြိမ်းသွားတာကိုလည်း ဟောတယ်။ အကြောင်းရှိနေလို့ အကျိုးရှိနေတယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်ဆိုတဲ့ Philosophy ကို ပြောလိုက်တာပါပဲ။

ရှင်အဿဇိက သူသိတာကို ရှယ်ယာလုပ်လိုက်တာပေါ့။ ဓမ္မကို ပေးလိုက်တာပေါ့။ အဲဒါကို ဓမ္မဒါနလို့ ခေါ်တာ ဖြစ်ပါတယ်။ ရှင်သာရိပုတ္တရာ အလောင်းလည်း နောက်ချင်း သောတာပန်ဆိုက် နောက်ဆုံးမှာ အဂ္ဂသာဝက ဉာဏ်ရရှိကာ သာသနာတော်မှာ တန်ဖိုးကြီးတဲ့ပုဂ္ဂိုလ် ဖြစ်လာပါတော့တယ်'

အကယ်၍သာ ရှင်အဿဇိက ရှင်သာရိပုတ္တရာကို



သင်္ကန်းတစ်စုံ လှူလိုက်မယ်ဆိုရင် သင်္ကန်းမဟောင်းမစုတ်ခင် ဝတ်ဆင်ရမှာပါ။ ဆွမ်းလှူလိုက်ပြီဆိုရင်လည်း တစ်ရက်စာပဲ ဖူလုံမှာပေါ့။ အဆောက်အအုံဆိုရင်လည်း မပျက်ယွင်းခင်အထိလောက်ပဲ ကြာရှည်မှာလေ။

ဓမ္မဒါနကြောင့် ဓမ္မကို ရရှိသွားတဲ့အခါ အကျိုးပြုလိုက်တာကတော့ သံသရာဝဋ်က လွတ်မြောက်စေနိုင်တဲ့ အသိဉာဏ်တွေ ထိုက်ထိုက်တန်တန် ရရှိပြီး နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးနိုင်တာ ထင်ရှားတဲ့ သာဓကတစ်ရပ်ဖြစ်ပါတယ်။

တရားနာခြင်း၊ တရားဟောပြောခြင်းဟာ ကြီးပွားချမ်းသာကြောင်း ဓမ္မဿဝန၊ ဓမ္မဒေသနာ မင်္ဂလာတရားများဖြစ်ကြပြီး ကုသိုလ်ကောင်းမှု အားလုံးရဲ့ ပင်မရေသောက်မြစ်ကြီးပင် မဟုတ်ပါလား။

သောဓမ္မံ ပဿတိ သောမံ ပဿတိ
တရားကိုသိမှ မြတ်ဘုရားကို သိပါတယ်။

**ထက်ဘုန်းလူ**

**ကိုးကား**

* (၁၂)နှစ်ကြာ အဖြေရှာခဲ့သော မေးခွန်းများ (ဒေါက်တာနန္ဒမာလာဘိဝံသ)။
* အလှူ့ဒါန ရေစက်ချ (ယောဆရာတော်)။
* မိုးကုတ်ဆရာတော်ကြီး၏ MP3. DVD။



www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်မင်းဆက်(၈)ဆက်မြောက် သာယာဝတီမင်းလက်ထက်တွင် မိဖုရားခေါင်ကြီးမယ်နုနှင့် စလင်းမင်းသား မောင်အိုတို့သည် ကွပ်မျက်ခံကြရသည်။ မယ်နုမှာ နန်းမတော်မယ်နုဟူ၍ သမိုင်းတွင် ထင်ရှားပြီး မယ်နုအုတ်ကျောင်း၏ ကျောင်းအမကြီးလည်း ဖြစ်သည်။ မဟာအောင်မြေဘုံစံအုတ်ကျောင်းတိုက်တွင် သီတင်းသုံးသော ဆရာတော်မှာ ဆရာတော်ဦးဗုဓ် ဖြစ်သည်။ နောင်တွင် အမရပူရမြို့အရှေ့မြောက်ရှိ မင်္ဂလာဘုံကျော် ညောင်ကန်ကျောင်းတိုက်တွင် ပြောင်းရွှေ့သီတင်းသုံးရသည်။

မယ်နုအား ကွပ်မျက်ခါနီးတွင် ဆရာတော်ဦးဗုဓ်ကို ဖူးမြော်ကန်တော့ခွင့် တောင်းသည်။ မင်္ဂလာဘုံကျော် ညောင်ကန်ကျောင်းတိုက်ရှိ ဆရာတော်ဦးဗုဓ်ကို ဖူးမြော်ကန်တော့သောအခါ "ဆရာတော်ဘုရားအား နောက်ဆုံးဖူးမြော်ကန်တော့ခြင်း ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားကြလေသည်။

ဆရာတော်ဦးဗုဓ်သည် စာကြည့်ရပ်ပြီး "မိနု..သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်" ဟု အမိန့်ရှိလိုက်လေသည်။

တရားနှင့်ယှဉ်တွဲကာ ပြောလိုက်ခြင်းပင်ဖြစ်သည်။ ကျောင်းအမကြီးကိုယ်တိုင် မင်းပြစ်မင်းဒဏ်ကို ခံနေ... သော်လည်း ပြည်ထဲရေးနှင့် နိုင်ငံရေးတို့တွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုချေ။ ရှေးခေတ် ကျမ်းတတ်ပေတတ် ပညာရှိဆရာတော်ကြီးများအနေဖြင့် နန်းတွင်းရေး၊ ပြည်ထဲရေး၊ နိုင်ငံရေးတို့နှင့် ကင်းကင်းရှင်းရှင်းနေသော သာ... ဓကတစ်ရပ်ပင်ဖြစ်သည်။ မယ်နုကိုယ်တိုင်ကလည်း ဆရာတော်က သူ့နာမည်အားခေါ်ပြီး တရားစကား ... ကြားသွားသည်ကို ကျေနပ်သွားသည်ဟု ဆိုသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း... တော်တွင် သီတင်းသုံးနေစဉ် ရဟန်းတော်ခုနစ်ပါးသည် ဘုရားရှင်ကို ကန်တော့ရန် လာခဲ့ကြသည်။ လမ်းခရီးတွင် ကျောင်းတိုက်တစ်ခု၌ တည်းခိုကြရာ အာဂန္တုရဟန်းခုန...

# သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်

## မောင်ဉာဏ်စိန်





www.burmeseclassic.com

ပါးအား ကျောင်းတိုက်ကြီးအနီး လိုဏ်ဂူကြီးတစ်ခုအတွင်းတွင် သီတင်းသုံးရန် ကျောင်းနေရဟန်းများက စီစဉ်ပေးကြသည်။

အာဂန္တုရဟန်း ခုနစ်ပါးသည် လိုဏ်ဂူကြီးအတွင်း သီတင်းသုံးနေခိုက် ညဥ့်အခါတွင် ကျောက်တုံးကြီး တစ်တုံးသည် တောင်ကမ်းပါးယံမှ ပြိုကျလာပြီး လိုဏ်ဂူအဝမှာ အလိုအလျောက် ပိတ်မိသွားတော့သည်။ ကျောင်းနေရဟန်းများနှင့် ပတ်ဝန်းကျင်မှ လူအများက ယင်းကျောက်တုံးကို ဖယ်ရှားကြရန် ကြိုးစားကြသော်လည်း ကျောက်တုံးကြီးမှာ လုံးဝမရွေ့ချေ။ အာဂန္တုရဟန်း ခုနစ်ပါးမှာ ခုနစ်ရက်လုံးလုံး ဆွမ်းမဘုဉ်းပေးရပေ။ ရေပင်မသောက်ရချေ။ ခုနစ်ရက်စေ့သောအခါ ကျောက်တုံးကြီးသည် အလိုလိုရွေ့သွားပြီး ရဟန်းခုနစ်ပါးမှာလည်း လိုဏ်ဂူပေါက်ပွင့်ကာ အသက်ချမ်းသာရာရသွားကြတော့သည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ၍ ဘုရားရှင်ကို ဖူးမြော်ကန်တော့ကြသည်။ ထို့နောက် လမ်းတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို လျှောက်ထားသောအခါ ဘုရားရှင် ဟောပြချက်အရ အာဂန္တုရဟန်း ခုနစ်ပါး၏ အတိတ်ကံသည် ပေါ်ပေါက်လာတော့သည်။ သိရှိလာရတော့သည်။

အာဂန္တုရဟန်းတော် ခုနစ်ပါးမှာ အတိတ်ဘဝက ဗာရာဏသီပြည်အနီးတွင် နွားကျောင်းသားများ ဖြစ်ခဲ့ကြသည်။ နွားများကို ထိန်းကျောင်းနေစဉ် ဖွတ်ကြီးတစ်ကောင်ကို မြင်တွေ့ကြရာ ဖွတ်ကြီးကို မမိလိုက်ဘဲ တောင်ပို့တစ်ခုထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ကြရသည်။ နွားကျောင်းသား ခုနစ်ယောက်သည် သဘောတူ တိုင်ပင်ကြပြီး တောင်ပို့၏အပေါက်ကို ပိတ်ထားလိုက်ကြသည်။ ခုနစ်ရက်စေ့ရောက်မှ သတိရကြပြီး ယင်းတောင်ပို့ကို ဖွင့်ပေးလိုက်ကြရာ ခုနစ်ရက်တိုင်တိုင် အစာရေစာ မစားမသောက်ရဘဲ ဆာလောင်မွတ်သိပ်ပြီး ပိန်ချုံးနေသော ဖွတ်ကြီးသည် တုန်တုန်ချည့်ချည့်ဖြင့် ပြန်၍လွတ်လာတော့သည်။ နွားကျောင်းသားများလည်း သနားစိတ်ဖြစ်ပေါ်ပြီး ဖွတ်ကို ပြန်လွှတ်ပေးလိုက်ကြတော့သည်။ ဖွတ်ကို မသတ်ကြ။ ပါဏာတိပါတကံကို မကျူးလွန်မိကြသောကြောင့် ငရဲသို့ မရောက်သော်လည်း သံသရာတွင် ကျင်လည်ကြရင်း ယခုဘဝတွင် ရဟန်းဖြစ်ကြပြီး နောက်မှ ဝဋ်ရှိကြ၍ ခံကြရခြင်း ဖြစ်ပေသည်။

အကုသိုလ်ကံတရားသည် မည်မျှကြောက်စရာကောင်းသည်ကို သတိသံဝေဂ ရသင့်ကြပေသည်။ ရဟန်းဘဝသို့ ရောက်နေကြစဉ်မှာပင် အချိန်ကျရောက်လာသောအခါ ဝဋ်ရှိက ခံကြရပေသည်ကို သိရှိထားသင့်ပေသည်။ ရဟန်းခုနစ်ပါးကိုယ်တိုင် နွားကျောင်းသားဘဝက ပြုခဲ့သည့် ရှေးအကုသိုလ်ကံ၏ အကျိုးတရားများကို ခံစားကြရခြင်းပင် ဖြစ်သည်။ ပစ္စုပ္ပန်ကံကို ပြုပြင်ပြောင်းလဲရန် လွယ်ကူသော်လည်း အတိတ်ကံကို ပြောင်းလဲရန်ကား မလွယ်ကူလှပေ။

အရှင်မဟာမောဂ္ဂလာန်မှာ မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးဖြစ်ပေသည်။ မြေလျှိုးမိုးပျံ ဈာန်အဘိညာဥ်တန်ခိုးနှင့် စပ်လျဉ်းပြီး အလွန်ထင်ရှားကျော်ကြားသူဖြစ်သည်။ ဗုဒ္ဓကိုယ်တိုင်ကပင် ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ တစ်ခါတစ်ရံတွင် အထက်နတ်ပြည်သို့ ကြွချီတက်ပြီး တစ်ခါတစ်ရံ ငရဲပြည်များသို့လည်း ကြွချီတတ်သည်။

နတ်ပြည်များသို့ ရောက်သောအခါ မြတ်စွာဘုရား၏ တပည့်များသည် ကြီးကျယ်လှသော စည်းစိမ်ဗိမာန်ဖြင့် ပျော်စံနေရသည်ကို တွေ့ခဲ့ရသည်။ လူ့ပြည်သို့ ပြန်ရောက်သောအခါ *မည်သည့်ဥပါသကာသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏*။ မည်သည့်ဥပါသကာသည် ယာမ၊ တုသိတာနတ်ပြည်၌ဖြစ်၍ ကြီးကျယ်သော စည်းစိမ်ဥစ္စာကို ခံစားနေရ၏ဟု လူ့ပြည်၌ ပြန်၍ပြောပြတတ်သည်။

ထိုနည်းတူပင် ငရဲပြည်မှ ပြန်လာသောအခါတွင်လည်း အညတိတ္ထိယတို့၏ အလုပ်အကျွေးဖြစ်သော မည်သည့်ဒါယကာသည် သိဉ္စိဝ်းငရဲ၌ ဆင်းရဲကြီးစွာ ခံရသည်ကို ငါမြင်ခဲ့၏ စသည်ဖြင့် လူတို့အား ပြန်လည်ပြောကြားတတ်လေသည်။

ရှင်မောဂ္ဂလာန်၏ ပြောစကားများကို ကြားကြရသောအခါ လူတို့သည် ဘုရားရှင်၏ အယူဝါဒကိုသာလိုက်၍ တိတ္ထိတို့ကို မကြည်ညိုကြ၊ မလှူဒါန်းကြ ဖြစ်ဂုန်ကြသည်။ ဘုရားရှင်၏ တပည့်သံဃာများကို ကြည်ညိုလှူဒါန်းသူ ပေါများ၍ တိတ္ထိတို့မှာ စားရမဲ့သောက်ရမဲ့ ဖြစ်ကုန်ကြသည်။ ရှင်မဟာမောဂ္ဂလာန်အပေါ် တိတ္ထိတို့သည် ကြီးစွာရန်ငြိုးထားကြလေတော့သည်။ သမဏကုတ္တိက

www.burmeseclassic.com

ခိုးသားကို အသပြာတစ်ထောင်ပေး၍ အရှင်မဟာမောဂ္ဂလာန်ကို သတ်ဖြတ်စေတော့သည်။

သာမဏဂုတ္တိက ခိုးသားလည်း အခြံအရံ အပေါင်းအသင်းများနှင့်တကွ အရှင်မဟာမောဂ္ဂလာန်ရှိရာသို့ သွားလေသည်။ အရှင်မဟာမောဂ္ဂလာန်မှာ ခိုးသားများ၊ သူသတ်များလာကြောင်းကိုသိ၍ စတုတ္ထစျာန်ကို ဝင်စားလိုက်သည်။ ကောင်းကင်တွင် စကြံကြွ၍ နေထိုင်တော့သည်။ ခိုးသားများမှာ စိတ်ပျက်စွာဖြင့် ပြန်ခဲ့ရသည်။ နောက်ည၌ တစ်ဖန်သွားပြန်သောအခါ အရှင်မဟာမောဂ္ဂလာန်သည် ယုဂန္ဓိုရ်တောင်ထိပ်တွင် ခေတ္တပြောင်းရွှေ့နေလိုက်ပြန်သည်။ ခုနစ်ရက်မြောက်သော နေ့တွင်ကား ရှေးအပရာပိရိယဝေဒနီယဖြစ်ကြသော ဥပပီဠကကံသည် အခွင့်သာလာပြီဖြစ်သဖြင့် မရှောင်ရှားနိုင်တော့ချေ။ ခိုးသားသူသတ်သမားတို့၏ ညှဉ်းဆဲခြင်းကို ခံရတော့သည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးသည် အဘယ်ကြောင့် ပရိနိဗ္ဗာန်ပြုခါနီး၌ ဤကဲ့သို့ ညှဉ်းပန်းနှိပ်စက်ခံရသနည်း။ ဥပပီဠကကံ၏ နှိပ်စက်ခြင်းကို ခံရသနည်း။ အရှင်မဟာမောဂ္ဂလာန်၏ အတိတ်ကံကား အဘယ်နည်း။ ၄င်း၏ရှေးဝဋ်က မည်ကဲ့သို့ ရှိလေသနည်း။

ဗာရာဏသီပြည်၌ မျက်မမြင် မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေသည့် လုလင်ပျိုတစ်ယောက် ရှိလေသည်။ ထိုလုလင်ပျိုသည် အချိန်အရွယ်ရောက်သော်လည်း အိမ်ထောင်မရှိသေးချေ။ သို့ရာတွင် မိဘများက ၄င်းတို့သဘောကျသော အမျိုးသမီးတစ်ယောက်ကိုရှာ၍ သားနှင့်ပေးစားလိုက်လေသည်။ အိမ်ထောင်ကျသည်မှာ ကြာလာသောအခါ မယားဖြစ်သူသည် မျက်မမြင်ယောက္ခမကြီး နှစ်ယောက်အပေါ် မကြည်မဖြူ ဖြစ်လာခဲ့လေသည်။ ယောက္ခမများဖြစ်ကြသော မျက်မမြင်မိဘများနှင့် တစ်အိမ်တည်း မနေနိုင်ဟုလည်းကောင်း၊ မိဘများကို မပစ်နိုင်လျှင် မိမိက အိမ်ပေါ်က ဆင်းသွားမည်ဟု ရာဇသံပေးသည်အထိ ဖြစ်လာတော့သည်။

ထို့ကြောင့် လုလင်ပျိုသည် တောရွာတစ်ရွာမှ ဆွေမျိုးများထံသို့ အလည်အပတ်သွားမည့်ဟန်ဖြင့် မိဘနှစ်ပါးကို လှည်းဖြင့်တင်ဆောင်ကာ ဗာရာဏသီမြို့မှ ထွက်ခွာခဲ့သည်။ မြို့ပြင်ရှိ တောအုပ်တစ်ခုသို့ရောက်လျှင် လှည်းပေါ်မှဆင်းပြီး လမ်းဘေးရှိ တောအုပ်အတွင်းသို့ ဝင်သွားလေသည်။ ထို့နောက် အတန်ကြာသောအခါ အသံ[illegible] ဖျက်၍ ခိုးသားဓားပြဟန်ဆောင်ကာ ထွက်လာပြီး မိဘနှစ်ပါးကို ရိုက်နှက်လေသည်။ မိဘနှစ်ပါးမှာမူ မမြင် မစမ်းဖြင့် တကယ့်ခိုးသားဓားပြ ဖြစ်သည်ဟု ထင်မှတ်[illegible]ကာ 'သားရေ..လွတ်အောင်ပြေး၊ အမေတို့ အဖေတို့[illegible] ငဲ့မနေနဲ့'ဟု မိဘမေတ္တာဖြင့် အော်ဟစ်ပြောဆိုပြီး သား[illegible]သာ အလွတ်ပြေးစေသည်။

ထိုအခါမှ ငါ၏ မိဘများသည် ဤမျှလောက် [illegible]ကျင်သော်ငြားလည်း ငါ၏အလို့ငှာသာ တောင်းပန်[illegible] ငိုကြွေးကြကုန်၏။ သို့ပင်ချစ်ခင်သော ကျေးဇူးရှင်မိဘနှစ်ပါးတို့အား ငါပြစ်မှားခြင်းသည် မသင့်စွဟု ကြံပြ[illegible] ခိုးသူတို့ သွားဟန်ပြုပြီးမှ မျက်မမြင်မိဘနှစ်ပါးကို သ[illegible]သာမှုရစေရန် ခြေဆုပ်လက်နယ်ပြုပြီးမှ လှည်းထက်[illegible] တင်၍ အိမ်သို့ ပြန်ပြီးခေါ်ခဲ့လေသည်။

ထိုမကောင်းမှုအကုသိုလ်ကံကို ကျူးလွန်မိသော[illegible] လုလင်ငယ်မှာ ဤပစ္ဆိမဘဝ နောက်ဆုံးဘဝ၌ အရှင်[illegible] မောဂ္ဂလာန်မထေရ် ဖြစ်လာတော့သည်။ မိဘကို ခိုးသား[illegible]များ ဟန်ဆောင်၍ ရိုက်နှက်မှု အကုသိုလ်ကံကြော[illegible] ပရိနိဗ္ဗာန်ပြုခါနီးသောအခါ ခိုးသူတို့၏ လက်ထဲ၌ [illegible]နှက်ညှဉ်းဆဲခြင်းကို ခံရတော့သည်။

အရှင်မောဂ္ဂလာန်ကို ရိုက်နှက်သတ်ဖြတ်ကြသော[illegible] ခိုးသားတို့သည်လည်း မိမိတို့၏အိမ်များသို့ ပြန်၍မရော[illegible]မီပင် အရှင်မြတ်ကို ပြစ်မှားမိသော အာနန္တရိယကံကြော[illegible] တောင်ကမ်းပါးယံကြားတွင် မြေပြို၍ အဝီစိငရဲသို့ [illegible] ရောက်လေတော့သည်။

သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ် ဖြစ်သည့်အတွ[illegible] မကောင်းမှုအကုသိုလ်ကံ အကုသိုလ်အမှုတို့ မပြုမိကြ[illegible]ရန် မေတ္တာရှေ့ထား၍ ရေးသားတင်ပြအပ်ပေသည်။

**မောင်ဉာဏ်[illegible]**

**ရည်ညွှန်းစာအုပ်များ**

၁။ ဓိနတ္ထပကာသနီ (ကျီးသဲလေးထပ်ဆရာတော်)။
၂။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ
(ဓမ္မာစရိယ ဦးမောင်မောင်လေး)။
၃။ ပြည်ထောင်စုနီတိ (ဝန်ကြီးချုပ်ဟောင်း ဦးနု[illegible]
၄။ ဆရာတော်ဦးဇုမ် (သခင်အောင်ဖေ)။

www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**အိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**
TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

လိပ်စာ-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

"အား..ကျွတ်..ကျွတ်..ကျွတ်..နာလိုက်တာ။ ဒုက္ခပါကလား။ စားစရာကလည်း ဘာမှမရှိ။ သားသမီး,မြေးတွေ အတောင်းအရမ်းသွားကြတာကလည်း ကြာလိုက်ပါဘိ"

"အလို..ရင်ထဲက အောင့်လိုက်တာ။ လေထိုးတာထင်ပါရဲ့။ ဩော်..ဘဝ..ဘဝ၊ ချို့တဲ့လှချည်ရဲ့လေး။ သူတစ်ပါး ပေးမှကမ်းမှ စားရတဲ့ဘဝ။ မနေ့ညက စားခဲ့ရတဲ့ ထမင်းချိုးကလေး အစာချက်တော့ ကုန်ပြီပေါ့"

"ဒုက္ခပါပဲ။ သားသမီးတွေကလည်း ပြန်မလာကြသေး။ ငါ သေရတော့မယ် ထင်ပါရဲ့။ အာဟာရပြတ်လို့ မတ်တတ်က လဲရတော့မယ်။ သွားလေသူကြီးရေ..မြင်လှည့်ပါဦးတော့လား။ တော်ပြောတော့ တို့နိုင်ငံမှာ ငတ်သေတဲ့လူ မရှိဘူးဆို။ ကျုပ် ထမင်းဟင်းနဲ့ တူတူတန်တန် မစားရတာ ခြောက်ရက်တောင် ရှိခဲ့ပြီ"

"အမယ်လေး..အမယ်လေး..လေထိုးလာပြန်ပြီ။ အေးလေ..ရေလေးတစ်ပေါက်သောက်ပြီး အောင့်အည်းနေရတော့မှာပဲလေ။ ဖြစ်လာမှတော့ ဘာတတ်နိုင်ပါမလဲ"

"ဒုက္ခ..ဒုက္ခ..မရှိလို့မလှူ မလှူလို့မရှိတဲ့။ တို့လို တောင်းရမ်းစားရတဲ့လူက ဘယ်လိုဒါန်မျိုးတွေ ပြုနိုင်မှာ တဲ့တုန်းတော့။ ဟိုတစ်ယောက် ရှိတုန်းကတော့ လမ်းလေး ပြင် တံမြက်လှည်း၊ သောက်ရေအိုးစင် ရေဖြည့်နဲ့ ကုသိုလ်လေး မဖြစ်စလောက် လုပ်ခဲ့ဖူးတာပေါ့"

"ကြားဖူးပါတယ်။ အနာထပိဏ်သူဌေးကြီးတို့၊ ဝိသာခါသူဌေးမကြီးတို့များ ထမင်းရည်ချောင်းစီးအောင် လှူသတဲ့။ မြတ်စွာဘုရားကျောင်းတော်ကို တစ်နေ့သုံးခေါက်တောင် သွားဆိုပဲ။ ဘုရင်ကောသလမင်းကြီးရဲ့ မိဖုရားခေါင်ကြီး မလ္လိကလှူတုန်းကဆို တို့လိုသူတောင်းစားတွေ ဗိုက် ခွေးနမ်းတာပေါ့။ မှတ်မိသေးတယ်။ စားလိုက်

## မျိုးချစ်နွယ် (စလင်း)
## နွားဇော့သော်ကြား
## ဒွန်းစဏ္ဍား လားရာသုဂတိ



www.burmeseclassic.com

သောက်လိုက်ရတာများ ဆီဦးထောပတ်နိုင်ချင်းပေါ့။ နို့ဃနာတွေများ ကုန်နိုင်ဖွယ်ရာ မရှိဘူး။ သူတောင်းစားပေးတာတောင် အကျန်အကြွင်းမဟုတ်ဘူး။ သီးသန့်ထည့်ပေးတယ်။ သာဓုပါတော်။ မယ်မင်းကြီးမကြီး ကျန်းမာချမ်းသာပါစေ၊ သက်တော်ရာကျော် ရှည်ပါစေ၊ ပေါများကြွယ်ဝပါစေ၊ ဆတက်ထမ်းပိုးတိုး၍ လှူနိုင်တန်းနိုင်ပေးကမ်းစွန့်ကြဲနိုင်ပါစေတော်'

အားအင်ချည့်နဲ့စွာဖြင့် လဲပြိုတော့မည့် မကျန်းမာဟန်ရှိသော ရာဇဂြိုဟ်မြို့၏ မထင်ရှားသောနေရပ်မှ ဒွန်းစဏ္ဍားမကြီး၏ ညည်းညူသံများပေတည်း။

'ရေဘူးနဲ့ ဖိနပ်မပါ နွေအခါမှသိ ဒါနနှင့်သီလမပါသေခါမှသိတဲ့ ကြားဖူးတယ်။ တို့လို တစ်မူး၊ တစ်ပဲသမားက ဘယ်လိုလုပ်ပြီး ဒါန၊ သီလ ပြည့်စုံနိုင်ပါမလဲ။ ရှင်စား မရရင်နေ ရေသောက်၊ လောကကြီးက မညီမျှလိုက်တာ။ ချမ်းသာသူတွေများ ကျိုကျိုတက်၊ ရွှေတွဲလွဲငွေတွဲလွဲ။ တို့တော့ဖြင့် ပယင်းပုတီးလေး တစ်ကုံးတောင်မပိုင်ပါလား။ ဩော်..မျက်စိတွေ ပြာလာပြီ။ အာခေါင်တွေလည်း ခြောက်ကပ်လို့ ယာဂုကောင်းကောင်းလေးများသောက်လိုက်ရရင်တော့လေ'

'ဟဲ့..ရှင်မ..ရှင်မ၊ ဟစမ်း။ နို့ဃနာယာဂုလေးဟဲ့။ ရော့..သောက်လိုက်စမ်း။ ညည်း နေမကောင်းမှန်း သိလို့ ရှိခိုးဦးတင် တောင်းလာရတာ။ သောက်စမ်း။ အားရှိသွားအောင်။ တို့ မနက်ဖြန်ကျတော့ ရာဇဂြိုဟ်မြို့ဈေးသွားတောင်းရအောင်လေ'

ကွယ်လွန်ခဲ့ပြီဖြစ်သည့် ဒွန်းစဏ္ဍား အဘိုးကြီးကို သတိရလိုက်မိသေး။ ငါ့နှယ်နော်၊ တစ်မနက်စာလုံး အစာအေးရတိုင်း ကယောင်ကတမ်း ဖြစ်နေတော့တာပါလား။

ဟင်..ငါ ဘယ်ရောက်နေပါလိမ့်။ ဒါ လမ်းပေါ်ရောက်နေတာကိုး။ အင်း..သည်တောင်ဝှေးလေးရှိလို့သာ၊ တောင်ဝှေးမရှိရင် ငါ ဘာကိုအားပြုရမှာလဲ။ ဩော်..သားသမီးများ၊ တို့အမေ ဆာလှရော့မယ်။ မြန်မြန်ပြန်မဟဲ့လို့ သတိတက်ကြဘူး။ ငါ အရွယ်ကောင်းတုန်းကများ အသံသည်း ကောင်းတော့ ဟင်း..သူဌေးတွေ၊ သူဌေးကတော်တွေ မပေးမစွန့်ဘဲ ဘယ်နေနိုင်လိမ့်မတုံး။

သနားကြပါရှင်၊ သနားကြပါ အရှင်တို့၊ သူဌေးမင်းတို့ သူဌေးကတော်တို့ စွန့်မှကြဲမှ စားရတဲ့ဘဝပါ။ ကျွန်မတို့ကို တစ်ဆုပ်ကြဲရင် တစ်လှည်းဝင်ပါစေတော်။ ရတနာစိန်ကျောက် ဇယ်တောက်နိုင်ပါစေရှင်။ ပြောတိုင်းတင့်တယ်လို့ ကြံစည်တိုင်း အောင်မြင်ကြပါစေ။ လာမည့်ဘေးဝေးပါစေ။ တိုက်မည့်ခလုတ် ဆုတ်ပါစေ။ ကိုက်တတ်တဲ့ကျား ဝေးရာရှားပါစေ။ ကိုက်တတ်သည့်မြွေ တွင်းထဲခွေပါစေရှင်။ လိုရာဆန္ဒ ပြည့်ဝကြပါစေရှင်။

ကောင်းကောင်းလေး ရလာရင် ဟိုတစ်ယောက်ကစားလိုက်ချင်တာကလား။ တော့်နော်၊ ငတ်ကြီးကျမနေနဲ့။ သားသမီးလေးတွေများ ငဲ့ညှာစမ်းပါတော်။ ဟိုမှာ မြင်လား။ ခွေးမကြီး သူ့သားသမီးတွေကို အန်ကျွေးနေတာ။ တော် စားဖို့ပဲသိတယ်။ ကျုပ်ပြောလိုက်ရ လွန်တော့မယ်။ အဝတ်သန့်သန့်လေးများ ရလာရင်လေ ဘယ်မှာ ကိုယ့်ကိုယ်ပေါ် ရောက်မှာတုံး။ သမီးလေးကို ဆင်ဖို့လေ။ သမီးလေးကလေ ကံဆိုးလို့ ဒွန်းစဏ္ဍားသမီး ဖြစ်ရတာ။ ကြည့်စမ်း၊ မျက်လုံး၊ မျက်ခုံး၊ နှာတံလေးတွေများ လှမှလှ။ အင်း..သင်းတို့မလဲ သူဌေးသူကြွယ်ဝမ်းထဲ ဝင်ချည်ကြပါလား။ တို့နဲ့များ ကံတူအကျိုးပေး လာဖြစ်ရတယ်လို့။ အင်း..ကြောက်စရာကံများတော့ လူချင်းအတူတူ ဒွန်းစဏ္ဍားတဲ့တော်။

ရာဇဂြိုဟ်မြို့တွင်းမှ ဒွန်းစဏ္ဍားမကြီးကို မြတ်စွာဘုရားရှင် အရဏ်တက်ကပင် မြင်တော်မူသည်။ ရတနာမြတ်သုံးပါးကို မေ့လျော့လျက် တောရောက်တောင်ရောက် မသင့်တင့်သည်ကို နှလုံးသွင်းနေသည်ကိုလည်း မြင်တော်မူသည်။ ကွယ်လွန်လျှင် ငရဲသို့ ဆိုက်ရောက်မည့်ဘေးကိုလည်း မြင်တော်မူသည်။ ဘုရားရှင်ကိုယ်တော်မြတ်၏ ခြေတော်အစုံကို ဦးတိုက်ဖူးမြော်ရလျှင် သုဂတိသို့ ရောက်မည်ဟု သိတော်မူသည်ဖြစ်ရာ ကြီးစွာသော မဟာကရုဏာဖြင့် သံဃာအပေါင်းခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့လယ်လမ်းမှ ကြွသည်မဟုတ်။ လမ်းသေးလမ်းမြောင်မှ ကြွလေရာ ပုထုဇဉ်ရဟန်းတို့က တီးတိုးစကားဖြင့် ကဲ့ရဲ့ကြသည်။

'ဘုရားရှင်နှယ်..ဘယ်လိုလမ်းများက ကြွနေတယ်မသိဘူး။ သဲဖြူခင်းထားရဲ့ ရာဇဂြိုဟ်မြို့လယ်က ကြွရောပေါ့။ သည်လမ်းကဖြင့် ကျင်းနဲ့ချိုင့်နဲ့ အမှိုက်တွေကလည်း ရှုပ်ပေါ့'

www.burmeseclassic.com

ဘုရားရှင်ကိုယ်တော်မြတ်ကား ဒွန်းစဏ္ဍားမ သူအို မကြီး ရှိမည့်လမ်းအတိုင်း ကြွနေခြင်းဖြစ်သည်။ အပါး တွင် ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ရှိနေသည်။

'ချစ်သား··မောဂ္ဂလာန်၊ ဟောဟိုဒွန်းစဏ္ဍားမကြီး ကို တွေ့ရဲ့လားကွယ့်'

တောင်ဝှေးကိုအားပြုလျက် အင်အားချည့်နဲ့စွာ ဟို ယိုင် သည်ယိုင်ဖြင့် လျှောက်လှမ်းလာနေသည့် ဒွန်းစဏ္ဍား မကြီးကို ရှင်မဟာမောဂ္ဂလာန် တွေ့မြင်ပြီးဖြစ်သည်။ ဘုရားရှင်သည် အကျိုးမဲ့စကားကို ဘယ်သောအခါမှ မြွက်ဟတော်မူလေ့မရှိ။

'မြင်ပါတယ် အရှင်ဘုရား'

'အေး··အဲသည်ဒွန်းစဏ္ဍားမကြီးကို ငါဘုရားရှင်ရဲ့ ခြေတော်ကို ဦးတိုက်ဖူးမြော်ချင်လာအောင် စွမ်းဆောင် လာလော့ ချစ်သား'

'မှန်လှပါ အရှင်မြတ်ဘုရား'

အသွားအို ဒွန်းစဏ္ဍားမကြီးသည် သူ့ရှေ့တူရူတွင် ဘုရားရှင်ကိုယ်တော်မြတ်နှင့် သံဃာအများ ဆွမ်းခံကြွ လာသည်ကို မြင်တွေ့ရသည်။

'အလို··ဘုရားရှင်နှင့် တပည့်သား ရဟန်းသံဃာ တွေပါကလား။ ငါ့မှာ လှူစရာကလည်း မရှိပါလား။ ဒုက္ခ··ဒုက္ခ'

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဘုရားရှင်၏ ရွှေစိတ်တော်ကို သိသည်ဖြစ်၍ ဒွန်းစဏ္ဍားမ သူအိုကြီး အား ဘုရားရှင်ကိုယ်တော်မြတ်၏ ခြေတော်အစုံကို ဦးခိုက် ရန် တိုက်တွန်းလေ၏။

စဏ္ဍာလိဝန္ဒပါဒါနိ

ဂေါတမဿ ယသဿိနော

တမေဝ အနုကမ္ပာယ

အဋ္ဌာသိ ဣသိသတ္တမော။

'အို··ဒွန်းစဏ္ဍားဒါယိကာမကြီး၊ ခြေရုံပရိသတ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် သင် ၏ရှေ့သို့ ရောက်နေလေပြီ။ ဝိပဿီမှစ၍ ရေတွက်လျှင် သတ္တမမြောက် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပေသော အားလုံးသော လူ၊ နတ်များစွာ သတ္တဝါတို့ထက် မြင့်မြတ် လွန်ကျူးတော်မူသော ဘုရားရှင်၏ ခြေတော်အစုံကို သေ ဖို့ကိစ္စ နီးကပ်လှသည့် ဒါယိကာမကြီးသည် ကြည်ညို

မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးခိုက်ပါလော့။ ဘုရားရှင်သည် ဒါယိကာမကြီးကို ချီးမြှောက်လို၍သာ ရပ်တန့်တည်နေ ခြင်းဖြစ်သည် ဒါယိကာမကြီး'

အဘိပ္ပသာဒေဟိမနံ အရဟန္တမှိ တာဒိနိ။

ခိပ္ပံ ပဉ္စလိကာ ဝန္ဒ။ ပရိတ္တံ တဝ ဇီဝိတံ။

'အားအင်ယိုယွင်း သေမင်းနှင့် ရင်ဆိုင်ရတော့မည့် ဒါယိကာမကြီး··လူသုံးပါးတို့၏ ရှိခိုးကော်ရော် ပူဇော် အထူးကို ခံတော်မူထိုက်သော လောကခံကြောင့် ဖောက် ပြန်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကို ကြည်လင်ရိုကျိုး လက်စုံမိုးလျက် ရှိခိုးဦးခိုက် ကြည် ညိုလိုက်ပါလော့။ သင်သည် သေရန်ကိစ္စ နီးကပ်လှနေ တကား'

ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် သေဆုံးခါနီး အသက်သာ တည်ရှိတော့ကြောင်း ထိတ်လန့်ခြင်းသံဝေ ရစေရန် ဟောပြောခြင်းပေတည်း။

ဒွန်းစဏ္ဍားမကြီးကား သေရမည့်ဘေးကို လွန်စွာ ထိတ်လန့်လျက် မိမိရှေ့၌ ရပ်တည်နေသော ဘုရားရှင် လွန်စွာကြည်ညိုသော သဒ္ဓါစိတ်ဖြင့် လက်အုပ်ချီမိုး ရှိခိုး လေတော့၏။

ထိုကုသိုလ်မှုနှင့်ပင် နတ်တို့စည်းစိမ်ကို စံစားရ မည်ကို သိတော်မူသော ဘုရားရှင်သည် နေရာမှ ဖယ် လျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလေ၏။

မကြာမြင့်မီပင် သားသည်အမေ နွားမတစ်ကောင် သည် ထိတ်လန့်လျက် ကဆုန်စိုင်းပြေးလာလေပြီ။ ရှေ့ ၌တွေ့သည့် ဒွန်းစဏ္ဍားမကြီးကို ဦးချိုနှင့်ဝှေ့လျက် လေ၏။ အစားအစာချို့တဲ့ အားအင်ကုန်ခန်းနေသည့် စဏ္ဍားမကြီးသည် ဤနေရာတွင်ပင် ခန္ဓာစဲ၍ သေ လေပြီ။

သေပြီးခဏ၌ပင် ဘုရားရှင်ကို ရှိခိုးကော်ရော် မြော်ရသော ကုသိုလ်ကံကြောင့် တာဝတိံသာနတ် ဝယ် စဏ္ဍာလီမည်သော နတ်သမီးအဖြစ်ကို ရ

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ မလုပ်နိုင်ခဲ့ ဘုရားရှင်ကို ဦးနှိမ်ရိုကျိုး ရှိခိုးဦးခိုက်ကာမျှနှင့် အကျိုးကြီးပေသည်တကား။

မျိုးချစ်နွယ်(စ

*(ဝိမာနဝတ္ထု၊ စဏ္ဍာလိဝိမာနဝတ္ထုကို မှီးပါသည်*



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးက လူလည် လူရှုပ်၊ အကုသိုလ်၌ ပျော်မွေ့သူ။ သူ့တွင် ဘာသာတရားမရှိ၊ ဆုံးမမည့်သူ,မရှိ၊ ထင်ရာစိုင်း ကြိုက်ရာလုပ်နေသူ။ သို့သော် သူက စီးပွားရေးရာ ချမ်းချမ်းသာသာ၊ ဇနီးမယားများကလည်း ပျူပျူငှာငှာ။ ပကတိ သူ၏ လူ့ဘဝက သာသာယာယာ။ သူ့အမည်က ကိုကာလိမ်။

သူ၏ စီးပွားရေးက သမ္မာအာဇီဝမဟုတ်၊ သားငါးသတ် ထုတ်လုပ်သည့်အလုပ်မျိုး။






www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်တွင် ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဘဲတို့၏ အနံ့ပေါင်းစုံဖြင့် အမြဲတမ်း။ အမှာရှိလျှင် သူကိုယ်တိုင် သတ်ရန် ဝန်မလေး။ သည် အလုပ်က သူ့မိသားစုအား အကျိုးပေးသည်။ သူတို့သည် လိုင်စင်ဖြင့် သူ့အသက်ကို တရားဝင် သတ်ခွင့်ရသည်။ သူ့အသက်အား သတ်ခြင်းသည် သူတို့အတွက် အပြစ်မဖြစ်။

နောက်တစ်ယောက်က ရိုးသား၍ ကြိုးစားသူ၊ ကုသိုလ်တွင် သာယာပီတိခံစားသူ၊ ဘာသာတရားကို သူ ကိုင်းညွတ်ရှိသေသည်။ ဗုဒ္ဓ၏ ဆုံးမစကား တရားတော်ကို လေးစားလိုက်နာ ကျင့်ကြံသည်။ အရာရာကို ချင့်ချင့်ချိန်ချိန် ဆင်ဆင်ခြင်ခြင်၊ လောဘကို ထိန်းသိမ်း၍ ရောင့်ရဲတင်းတိမ်မှုဖြင့် ဘဝကို ဖန်တီးသည်။ သူ့အမည်က ကိုလှူအေး။ သူ၏ စီးပွားရေးက စိုက်ပျိုးရေးသမားသက်သက်။

သူတို့နှစ်ယောက်က အိမ်နီးနားချင်း သိကျွမ်းခင်မင်သူများမို့ တစ်ယောက်အကြောင်းကို တစ်ယောက်က အစင်းသိ အတွင်းသိ။ အသွင်မတူသူမို့ တရင်းတနှီး မရှိလှသော်လည်း အလိုက်အထိုက် အဆင်ပြေသလို၊ မေးလျှင် ထူး၍ ခေါ်ခေါ်ပြောပြော ဆက်ဆံရေး။

တစ်ကြိမ်တွင် မတိုင်ပင်ထားဘဲ ခရီးတစ်ကြောင်းတည်း ဆုံမိကြသည်။ သွားစဉ်က သူ့အစီအစဉ်နှင့်သူ၊ အပြန်ခရီးကျမှ အမှတ်မထင် အတူတူတွေ့ကြသည်။ ထူးထူးခြားခြား ဆုံစည်းမှုကြောင့် အချင်းချင်း ဥပေက္ခာပြု၍လည်းမရ။

ညသို့ရောက်လျှင် ဇရပ်တစ်ဆောင်တွင် သူတို့နှစ်ဦးအတူတကွ တည်းခိုမိကြသည်။ နေထိုင်ရာရွာနှင့်လည်း မနီးမဝေး။ အချိန်ကာလ မှောင်မှောင်မည်းမည်းမို့ သည်ဇရပ်တွင် မဖြစ်မနေ ရပ်နားရသည်။ သူလည်း သူ့ရိက္ခာနှင့်၊ ကိုယ်လည်း ကိုယ့်စားမြိန်ထုပ်နှင့်။ စားပြီးသောက်ပြီး အနားယူအိပ်စက်မည် ကြံသည်။ ထိုအခိုက် လေကြီးမိုးကြီးကျသည်။

လျှပ်စီးတို့ဖြင့် လင်းလင်းလက်လက်၊ မိုးကြိုးတို့ကလည်း စဉ်ဆက်မပြတ် ပစ်ခတ်နေသည်။ ဇရပ်ပေါ်တွင် မိုးလျက်ရှိသော သစ်ပင်ကြီး၏ အကိုင်းအခက်တို့က အမိုးသို့ ရိုက်ခတ်နေသည်။ ဝုန်းဝုန်းဒိုင်းဒိုင်း ရိုင်းရိုင်းစိုင်းစိုင်း။ မကြာခင် သစ်ကိုင်းကြီး ကျိုးကျသည်။ သစ်ကိုင်း၏ဒဏ်ကို အမိုးက မခံနိုင်။ အမိုးပါ ပြိုကျတော့သည်။ သစ်ကိုင်းနှင့်အတူ အမိုး၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတို့က လူနှစ်ယောက်အပေါ် အတားအဆီးမရှိ ပြုတ်ကျတော့သည်။

အကျိုးအပဲ့ သစ်ပုံ၊ သွပ်ပုံအောက်မှ ဖယ်ရှားရုန်းထွက်လာရသည့်တိုင် ကိုလှူအေး၏ဒဏ်ရာက ပြင်းပြင်းထန်ထန်။ သူ၏ခြေသည် သွင်သွင်ကျိုးခဲ့လေပြီ။ ခြေသည် ထောက်၍မရ၊ နာလိုက်သည်ဖြစ်ခြင်း။ သတိမေ့လျော့ချင်ချင်။ လူကလည်း မောမောပန်းပန်း။

ကိုလှူလည်းကမူ သူ့အပေါ်သို့ ပြုတ်ကျလာသော အထုပ်ကြောင့် အုံ့သြနေသည်။ ဖြေကြည့်သည့်အခါ ဝင်းမြောက်ဝမ်းသာ။ အထုပ်ထဲတွင် ရွှေရောင်တဝင်းဝင်းပျော်နေသောသူ့ကို လှမ်းကြည့်နေသော ကိုလှူအေးတစ်ယောက် အားလျော့အားငယ်။

'ကိုလှူအေးရေ..ကျုပ်သွားနှင့်မယ်။ မိုးလင်းမှ ကိုရင် လိုက်လာပေတော့'ဟု နှုတ်ဆက်လျက် ထွက်သွားသူကိုကြည့်ရင်း စိတ်က မသက်မသာ။

ကိုလှူလည်အကြောင်း ကောင်းကောင်းသိသည်။ အကုသိုလ်ကျူးလွန်သူအား အရေးမယူ အပြစ်မတင်သည့် အပြင် ရွှေထုပ်ကြီးကိုပင် ကူညီမ,စ ပေးကမ်းကြ ကလားဟူသော အတွေးကြောင့် သူစိတ်ပျက်သွားသည်။

မိမိက ဗုဒ္ဓအယူဝါဒတွင် သက်ဝင်ယုံကြည်မိသည် ကုသိုလ်ရေး လက်မနှေးခဲ့။ သီလကိုလည်း ဆောက်တည်သည်၊ သမာဓိကိုလည်း တည်ဆောက်သည်။ တစ်ဖက်သား အကျိုးယုတ်စေမည့်အလုပ်ကို မည်သည့်အခါမှ မလုပ်။ အားလုံးအပေါ် မေတ္တာထားသည်။ ဤသို့သော ကောင်းမှုကုသိုလ်ပြုခဲ့သူအား သစ်ကိုင်းပိ၍ ခြေကိုကျိုးစေ၏။ ကံကြမ္မာသည် အလွဲသို့ မျက်နှာလိုက် အကျိုးပေးချေသည်။

စိတ်ပျက်အားလျော့စွာ မျက်စိကိုစုံမှိတ်လျက် နားနေလိုက်တော့သည်။

◆ ◆ ◆

ခံစားချက်ကို ကြိတ်မှတ်ခံစားသည့်အခါ လွန်အခံခက်လှသည်။ မိမိအား အမြဲတမ်းဆိုဆုံးမအပ်သော ရွာဦးဆရာတော်အား လျှောက်ထားမိသည်။ တပည့်ကြ သူ အယူလွဲတော့မည့် အရေးကြောင့် ဆရာတော် သော။ သူတို့နှစ်ဦးအတွက် ဗေဒင်ကိန်းခန်း တွက်ချက်



www.burmeseclassic.com

www.burmeseclassic.com

လာရသည်။

'တပည့်ဒကာ..အလွဲမထင်ပါနဲ့။, ထိုသူနှင့် အကုသိုလ်အမူအကျင့်များ အကြောင်းကို လူတိုင်း၊ နတ်တိုင်း သိကြပါသည်။ ထိုသူသည် မကြာခင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရမည့် ရှေ့ဘဝကုသိုလ်ကံ ပါလာသည် အမှန်ဖြစ်ပါသည်။ သို့သော် သူ့အား ဘုရင်လုပ်ခွင့်မပေးသင့်'ဟု ဆုံးဖြတ်ကြလျက် ရွှေထုပ်တစ်ထုပ်ဖြင့်သာ ပြီးငြိမ်းစေခဲ့ခြင်း ဖြစ်ပါသည်။

'တပည့်တော်အား မည်သို့သော သဘောထားသဖြင့် ထိခိုက်ဒဏ်ရာ အနာတရ ဖြစ်စေခဲ့ရပါသနည်း ဆရာတော်ဘုရား'

'ဒကာ၏ ကုသိုလ်ကောင်းမှု အစုစုပြုခဲ့သမျှကို နတ်ဒေဝါများကလည်း သိမှတ်ထားကြပါသည်။ သင်သည် ထိုနေ့တွင် သေလွန်ရမည့် ကံဇာတာပါလာသူ ဖြစ်ချေသည်။ သို့သော် ဒကာ၏ ကုသိုလ်များကြောင့် နတ်များက ဝိုင်းဝန်းစောင့်ရှောက်သည့်အနေဖြင့် သေခြင်းအစား ဒဏ်ရာတစ်ခုဖြင့်သာ ပြီးငြိမ်းစေလိုက်ခြင်းဖြစ်သည်ဟု မှတ်ယူလိုက်ပါ ဒကာ'

ပုံပြင်ကလေးက သည်မျှသာ။

◆◆◆

သို့သော် ပုံပြင်ကလေးကပေးသော အတွေးများက တစ်မျှော်တစ်ခေါ်။ ကလေးတို့အတွက် စဉ်းစားစရာ တစ်ပုံတစ်ခေါင်း။ သည်ပုံပြင်ကလေးတွင် သံသယဖြစ်ဖွယ် သည့်ကွက်ကလေး ပါသည်။

ကလေးတို့ အဆိုပါ လူနှစ်ယောက်အပေါ် မည်သို့ မြင်ပါသနည်း။ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ပါသည်။ မည်သူ့ကို ပိုမိုနှစ်သက်ပါသနည်း။ မကောင်းမှုအကုသိုလ်ပြုသူက ရွှေထုပ်ရလိုက်သည့်အဖြစ်မျိုး ကလေးတို့ ကြုံတွေ့ဖူး၊ ကြားဖူးပါသလား။ သူ့အပေါ် မလိုမလားသလို ဝန်တိုစိတ် ဖြစ်ဖူးကြပါသလား။

ကောင်းမှုကုသိုလ်ပြုသူသည် အကြောင်းအားလျော်စွာ မအောင်မြင်မှု နစ်နာမှုကြုံခဲ့လျှင် သူ၏ကိုယ်စား ကလေးတို့ ခံစားပေးဖူးကြပါသလား။ ကံကြမ္မာအပေါ် အကောင်ရှုတ်ချ ဒေါသထွက်မိဖူးကြပါသလား၊ သို့မဟုတ် ထိုသူကို ဖြေသိမ့်ဖေးမ ကူညီခဲ့ကြဖူးပါသလား။ သူ့အားပေးစကားမျိုး ပြောခဲ့ကြဖူးပါသလဲ။

ကိုလူအေး တစ်ဦးတည်းသာ သည်အဖြစ်အပျက်ကို သီးခြားကြုံဆုံရလျှင် ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မဆောင်းသာ။ ကိုယ့်သဘော ကိုယ်ဆောင်သည်ဟု ကိုလူအေး ခံယူလိုက်သည်။

အကုသိုလ်သမား ကိုကလိမ်အား ရွှေထုပ်ကြီးကို ပိုင်ဆိုင်စေခဲ့သည့်အဖြစ်နှင့်ယှဉ်၍ ကိုလူအေး အခံရခက်စေသည်ဟု ကလေးတို့ တွေးမိပါသလား။

အကောင်းဆုံးကြိုးစားပါလျက် အဆိုးဆုံးအခြေအနေတစ်ခုကို ရင်ဆိုင်လိုက်ရပြီဆိုလျှင် ကလေးတို့ မည်သို့ သတိဆင်ခြင်၍ မိမိကိုယ်ကို ထိန်းသိမ်းကြမည်နည်း။ သည်ပုံပြင်ကလေးကို ဖတ်ရှုမှတ်သားရခြင်းဖြင့် စိတ်ဖြေစရာ စိတ်သက်သာစရာ အခွင့်အလမ်းတစ်ခု ရရှိနိုင်မည်ဟု ကလေးတို့ စဉ်းစားမိပါသလား။

ဘုရင်ဖြစ်မည့်သူအား ရွှေထုပ်ဖြင့် ပြီးပြေစေခဲ့သည့် ကိုကလိမ်၏အဖြစ်နှင့် အသက်သေဆုံးရမည့်အစား ခြေတစ်ဖက်သာ ဆုံးရှုံးနစ်နာစေခဲ့သည့် ကိုလူအေး၏ ကံကြမ္မာကို ကလေးတို့ ဖြစ်ရပ်နှစ်ခုအား နှိုင်းယှဉ်စဉ်းစားမည်လား၊ ဖြစ်စဉ်တစ်ခုစီကို ခွဲခြားသုံးသပ်မည်လား။ မည်သည့်နည်းက ပိုမိုသင့်လျော်မည်ဟု ထင်မြင်မိပါသလဲ။

စဉ်းစားပါ။ လွတ်လွတ်လပ်လပ် တွေးတောကြံဆပါ။

ကလေးတို့အား မေးခွန်းများပေးနေခြင်းကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေလို။ လွတ်လပ်စွာတွေးခေါ်နိုင်ရန် လမ်းခင်းပေးနေသည်ဟု နားလည်ပေးစေလိုသည်။ ကလေးတို့၏ စိတ်ကူး၊ အတွေးအခေါ်များကို မည်သူ့အားမျှ ဖြေနေစရာမလို။ သို့ရသော် ဤစာစု၏ တစ်နေရာတွင် တေးမှတ်ထားလိုက်ရန် အကြံပေးပါသည်။

သည်နှစ်ကုန်သည့်လတွင် ကလေးတို့၏ မှတ်စုကို ပြန်ဖတ်ကြည့်ပါ။ အတွေးအမြင် သဘောထား မပြောင်းလွဲသေးဟု ယူဆလျှင် နောက်တစ်နှစ် ဆက်ထားလိုက်ပါ။ တစ်ချိန်ချိန်တွင် ကလေးတို့၏ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းတို့ ပြောင်းလဲလာသည့်အခါ ကလေးတို့ အဖြေတစ်ခုကို တွေ့ကြပါလိမ့်မည်။

ရိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com

# အဓိဋ္ဌာန်ပြုကျင့်ကြံအားထုတ်သူများ သတိထားဖွယ်ရာ

# အလှည့်ကြီး(၆)မျိုး

ရွှေတလေး(လွယ်လင်

(၂၀၁၇)ခုနှစ်၊ ဖွန်လ (၁၃)ရက်၊ အင်္ဂါနေ့၊ နံနက်(၉) နာရီကျော်ခန့်တွင် ကျွန်တော်သည် လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ စစ်ကိုင်းလမ်းတွင်ရှိသော သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ အောင်မြေဇေယျာမဏိဇောတာရာမ စာသင်တိုက်ကျောင်းသို့ ရောက်ရှိသွားလေသည်။

အကြောင်းမှုကား ကျွန်တော်သည် ထိုကျောင်းတိုက်တွင် တရားအားထုတ်လိုသဖြင့် ဆရာတော်အား ဖူးမြော်ရင်း တရားစခန်းရှိ,မရှိ စုံစမ်းလိုသောကြောင့် ဖြစ်ပေသည်။ ကျွန်တော်နေထိုင်ရာ လှိုင်သာယာမြို့နယ်၊ (၁၀) ရပ်ကွက်၊ ငုဝါလမ်းနှင့် ဆရာတော်တိုက်ကျောင်းရှိရာ စစ်ကိုင်းလမ်းမှာ တစ်ဆက်တည်း နီးကပ်မှုရှိနေလေရာ နှစ်မိနစ်၊ သုံးမိနစ်ခန့် လမ်းလျှောက်သွားရုံမျှနှင့် ရောက်ရှိသွားခြင်း ဖြစ်သည်။

ကျောင်းတိုက်ပရိဝုဏ်ထဲရှိ ဆရာတော်သီတင်းသုံးရာ မဏိရတနာဝိဇ္ဇာလယ သုံးထပ်ကျောင်းဆောင် အောက်ထပ် (ပထမထပ်)အတွင်းသို့ ရောက်ရှိသွားသောအခါ ဆရာတော်အား ဖူးတွေ့လိုက်ရသော်လည်း ဆရာတော်၏ ရှေ့မှောက်အနီးသို့ ချက်ချင်း ချဉ်းကပ်မသွားနိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဆရာတော်၏ရှေ့မှောက် အနီးတစ်ဝိုက်တွင် ရပ်ဝေးရပ်နီး ဒါယကာ,ဒါယိကာမ ဧည့်ပရိသတ်များ ရောက်ရှိနေသောကြောင့်ဟု ဆိုရချေမည်။

ယင်းနောက် နာရီဝက်ခန့်အကြာတွင် ပရိသတ်များ အတော်အတန် ရှင်းသွားသဖြင့် ကျွန်တော်သည် ဆရာတော်၏ ရှေ့မှောက်အနီးသို့ အသာတိုးကပ်သွားလိုက်မိရာ ဆရာတော်က ကျွန်တော့်အား စူးစိုက်စွာကြည့်လိုက်ပြီး-

"ကဲ..ဆိုပါဦး၊ ဘာအကြောင်းရှိလို့လဲ"

ဟု မေးသဖြင့် ကျွန်တော်က-

"တပည့်တော် ဒီနားက ငုဝါလမ်းမှာ နေတာပါဘုရား။ ဒီကျောင်းတိုက်မှာ တရားစခန်းများ ဖွင့်ထားလေမလားဆိုတာ လာစုံစမ်းတာပါဘုရား" ဟု မိမိလာရ[illegible] ကိစ္စကို ဖွင့်ဟလျှောက်တင်လိုက်၏။

သည်တွင် ဆရာတော်က-

"တရားစခန်းရယ်လို့တော့ သီးခြားမရှိဘူး။ တ[illegible] အားထုတ် အဓိဋ္ဌာန်ဝင်ချင်ရင်တော့ အချိန်မရွေး [illegible] ရောက်ကျင့်ကြံအားထုတ်နိုင်တယ်။ ရပ်ကွက်ထဲက [illegible] များတွေလည်း ဒီလိုပဲ ရောက်လာကြပြီး တရားအားထု[illegible] အဓိဋ္ဌာန်လာဝင်ကြတာပဲ" ဟု မိန့်တော်မူ၏။

ထို့နောက် ကျွန်တော်က ဆက်၍ မိမိသည် ယခင[illegible] အလုံမြို့နယ်၊ သစ်တောရပ်ကွက်တွင် နေထိုင်ခဲ့ကြော[illegible] ထိုသစ်တောရပ်ကွက်ထဲရှိ အမှတ်(၂) ပရိဘောဂစက်[illegible] တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သ[illegible] သက်ပြည့်ပင်စင်ဖြင့် အနားယူခဲ့ရကြောင်း၊ ယခုအ[illegible] လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ငုဝါလမ်းတွင် [illegible] ထိုင်လျက် ရှိကြောင်း၊ ထို့အပြင် မိမိသည် ဝါသ[illegible] အလျောက် မဂ္ဂဇင်းများတွင် စာရေးလျက်ရှိကြောင်း [illegible] သာရေးနှင့် ပတ်သက်သော လုံးချင်းစာအုပ်ပင် (၄)[illegible] မြောက် ရေးသားခဲ့ပြီး ဖြစ်ကြောင်းများနှင့် စာရေးသ[illegible] ကလောင်အမည်တို့ကိုပါ မခြွင်းမချန် စီကာပတ်ကုံး [illegible] ဆိုလျှောက်ထားလိုက်သည်။

ထိုအခါ ဆရာတော်၏ မျက်နှာတစ်ခုလုံး ပြုံး[illegible] သန်းသွားပြီး-

"သြော်..ဟုတ်ပါပြီ၊ ကလောင်အမည်က ရွှေတ[illegible] တဲ့လား။ ဘာတဲ့၊ လွယ်လင်ဆိုတော့ ရှမ်းပြည်က[illegible]"

ဟု မေးနေပြန်သဖြင့် ကျွန်တော်က-

"မှန်ပါ၊ တပည့်တော်ရဲ့ဇာတိက ရှမ်းပြည်တော[illegible] လွယ်လင်ကပါဘုရား" ဟု ဖြေကြားလျှောက်ထား[illegible] ရသည်။

"စာရေးဆရာနဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ [illegible] တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးမှ ပြန်ပါ။ ကြုံတုန်း တည်နေတဲ့ စေတီကို သွားဖူးလိုက်ဦး။ အဲဒီစေတီက အရမ်းထူးခြားတယ်။ အဲဒီစေတီမှာ အဓိဋ္ဌာန်ဝင်ရင် ဆေးတော်၊ ဓာတ်တော်တွေ ချပေးတယ်လို့ ဆိုကြတယ်။ စေတီကတော့ မပြီးသေးဘူး။ ထီးတော်ကို သီတင်းကျွတ်လလောက်မှာ တင်ဖြစ်မယ် ထင်တယ်'

ကျွန်တော်သည် ဆရာတော်၏ တိုက်တွန်းမိန့်ဆိုချက်ကြောင့် တည်လက်စ စေတီတော်ကို သွားရောက်ဖူးမြော်လိုက်ရသည်။ စေတီတော်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်(၄)မုခ် လိုဏ်ပေါက်ဖွင့်ထားသည့် လိုဏ်စေတီတော် ဖြစ်ဟန်တူသည်။ စိန်ဖူးတော် ထီးတော်တင်နိုင်ရန် အဆင့်အထိ ပြီးစီးနေသော်လည်း အကုန်လုံး လက်စမသတ်နိုင်သေးသဖြင့် ပန်းရန်သမားများ လုပ်ကိုင်လျှပ်ရှားဆဲ ရှိနေသည်ကိုလည်း တွေ့လိုက်ရ၏။

ယင်းနောက် ဆရာတော်၏ တပည့်များက ဧည့်ခံကျွေးမွေးသော နံနက်စာကို စားသောက်ပြီး ဆရာတော်အား နှုတ်ဆက်ဂါရဝပြု ဦးတိုက်၍ ဆရာတော် ချီးမြှင့်သော ဆရာတော်၏ ကိုယ်တွေ့အားထုတ်မှုကျင့်စဉ်များ ဓမ္မဒါန စာအုပ်ကို လွယ်အိတ်ထဲသို့ထည့်ကာ သုံးထပ်ကျောင်းဆောင်အတွင်းမှ ပြန်လည်ထွက်ခွာခဲ့လေ၏။

မိမိအိမ်သို့ ရောက်ရှိသွားသောအခါ ဆရာတော် ချီးမြှင့်လိုက်သော စာအုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုလိုက်မိရာ ဆရာတော်၏ ဆဋ္ဌမအကြိမ်မြောက်အထိ (၁၀၈)ရက် အဓိဋ္ဌာန်ရက်ရှည် မှတ်တမ်းများအပြင် သိဒ္ဓိဓာတ်၊ မဟိဒ္ဓိဓာတ်များ အရယူပြီး သမာဓိအခြေခံ ဓမ္မဝိဇ္ဇာအဖြစ် အားထုတ်လိုသော ပါရမီရှင်များအတွက် ရှောင်ရန်၊ ဆောင်ရန်များကို လက်ဆောင်ပါး ရေးသားဖော်ပြထားသည်ကိုလည်း တွေ့လိုက်ရသည်။

သို့ကြောင့် ဆရာတော်၏ ရှောင်နိုင်စေရန် အလှည့်ကြီး(၆)မျိုးကို စာဖတ်ပရိသတ် ဂမ္ဘီရမိတ်ဆွေများ ဗဟုသုတ ရစေခြင်းအကျိုးငှာ ဆက်၍ လက်ဆင့်ကမ်း ရေးသားဖော်ပြလိုက်ရပေတော့သည်။

◆◆◆

သိဒ္ဓိလိုင်း၊ မဟိဒ္ဓိလိုင်း၊ သမာဓိလိုင်း၊ ဝိပဿနာလိုင်းများကို ကျင့်ကြံအားထုတ်ကြသော အချို့သောပုဂ္ဂိုလ်များ တွေ့ကြုံရတတ်သည့် အလှည့်ကြီး(၆)မျိုး ရှိ၏။

၄င်းတို့မှာ (၁) နတ်လှည့်၊ (၂) သိုက်လှည့်၊ (၃) ဓာတ်လှည့်၊ (၄) ပရမတ်လှည့်၊ (၅) ရာဇလှည့်၊ (၆) ဝိဇ္ဇာလှည့်၊ ဆရာလှည့် စသည်တို့ပင် ဖြစ်လေသည်။

အထက်တွင် ရေးသားဖော်ပြခဲ့သော အလှည့်ကြီး (၆)မျိုးထဲမှ တစ်မျိုးမျိုးနှင့် တွေ့ကြုံကာ လှည့်ခြင်းခံရပါက မိမိကျင့်ကြံအားထုတ်သောသမာဓိ အထွတ်အထိပ်သို့ မရောက်ဘဲ ချာချာလည်ကာ မပေါက်ရောက် မအောင်မြင်နိုင်တော့ပေ။ သို့ကြောင့် ဖြစ်နိုင်ပါလျှက်နှင့် အလှည့်ထဲဝင်ပြီး မပေါက်ရောက် မအောင်မြင်ဘဲရှိပါက အချိန်ကုန်ပြီး အလဟဿဖြစ်ပါတော့သည်။

မိမိအာရုံတွင်သော်လည်းကောင်း၊ အကြားတွင်သော်လည်းကောင်း၊ မိမိယုံကြည်သောသူကသော်လည်းကောင်း မြွက်ပြောသည့်အခါ အပြောဖြင့် ယုံပြီး အလှည့်ထဲဝင်သွားပါက အာရုံတွင်စွဲပြီး ပြန်ထွက်ရခက်လှ၏။ သို့ကြောင့် မိမိအလုပ် မိမိကျင့်ကြံအားထုတ်ရာမှတစ်ပါး မည်သည့်အရာကိုမျှ စိတ်မဝင်စားဘဲ ကိုယ့်အလုပ်သာ ယုံကြည်ပြီး ကျင့်ကြံအားထုတ်ကြစေလိုပေသည်။



www.burmeseclassic.com



သစ်တံခါးဆရာတော်

**နတ်လှည့်**

နတ်နှင့်နီးစပ်သူများက မည်သည့်နတ်မှန်းမသိ မြင်းဖြူရှင်လိုလို၊ မယ်ဝဏ္ဏလိုလို၊ ကိုကြီးကျော်လိုလို ဝင်ပူးပြီး ပြောတတ်ကြ၏။ ထိုနတ်များက ဘယ်မှာမှန်းမသိ၊ မိမိကိုယ်ကို သရဲစီးနေမှန်းမသိ၊ ပြိတ္တာစီးနေမှန်းမသိ ယုံလွယ်ကာ လက်ခံမိလိုက်ပါက ချာချာလည်ပြီး အာရုံမှ မထွက်တော့ပေ။ မိမိကျင့်စဉ်အပေါ် အလေးမထားဘဲ နတ်ယုံနေပါက အလှည့်ခံနေရပြီး သမာဓိပညာ မတက်တော့ဘဲ လည်နေပေတော့သည်။ နတ်တွင်ဆုံး၍ နတ်လှည့်ခံရခြင်းကို နတ်လှည့်ဟု ခေါ်၏။

**သိုက်လှည့်**

သိုက်နှင့် နီးစပ်သူများကလည်း ဥစ္စာသိုက်လိုလို၊ နဂါးသိုက်လိုလို၊ ဒေးစွန်ပါသိုက်က လာသလိုလို သိုက်ပွဲလျှိုခိုင်းလိုက်၊ နဂါးစာကျွေးခိုင်းလိုက်၊ ဘယ်သိုက်ကို ပူဇော်လိုက် စသဖြင့် သိုက်နှင့် နီးစပ်သူများ၊ သိုက်ယုံသူများအား လှည့်၍ပြောပြီး ယုံနေမိပါက ကိုယ့်ကျင့်စဉ် ပျက်၍ သိုက်နောက်လိုက် သိုက်လှည့်သမျှ ခံရကာ လည်လျက် ကိုယ့်ကျင့်စဉ်၊ သမာဓိ၊ ပညာ အထွတ်အထိပ်သို့ မပေါက်ရောက်နိုင်တော့ပေ။ ထိုပုဂ္ဂိုလ်မျိုးသည် သိုက်လှည့်ခံရသူ ဖြစ်၏။

**ဓာတ်လှည့်**

တချို့ပုဂ္ဂိုလ်များကျပြန်တော့ ဘိုးမင်းခေါင်ဓာတ်၊ ဘိုးဘိုးအောင်ဓာတ်ဟုဆိုကာ ဓာတ်စကားတွေ ပြောကြ ပြီး ဘာတွေပြောမှန်းမသိ။ 'မင်းက ဘိုးမင်းခေါင်ဆက် မင်းက ဘိုးဘိုးအောင်ဆက်ကွ' ဟုဆိုသဖြင့် စိတ်ထဲတွင် ဘိုးမင်းခေါင်က စောင့်ရှောက်သလိုလို၊ ဘိုးဘိုးအောင်က စောင့်ရှောက်သလိုလို ချာချာလည်ကာ ကိုယ့်ကျင့်စဉ် ကိုယ့်သမာဓိ အထက်သို့ မတက်ရောက်နိုင်တော့ဘဲ ရပ် တန့်ကာ ရောက်ရှိနေသည့် အဆင့်တွင်သာ ပျော်နေ ပြီး ဓာတ်စီးနေပါက အထွတ်အထိပ်သို့ မပေါက်ရော မအောင်မြင်နိုင်တော့ပေ။ ထိုပုဂ္ဂိုလ်မျိုးသည် ဓာတ်စီးပြ လှည့်ခြင်းခံရသော ဓာတ်လှည့်ခံရသူ ဖြစ်နေပါတော သည်။ အမှန်တကယ်တော့ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များသည် အငွေ့အာရုံသာပေးပြီး စောင့်ရှောက်တတ်ကြခြင်းဖြစ် မိမိအနေဖြင့် မေတ္တာပွား၍ မေတ္တာပို့မှုသည်သာ အဓိ ဖြစ်ပြီး ကိုယ့်အလုပ်ကိုယ် ပြီးမြောက်အောင် ကျင့်ကြ အားထုတ် လုပ်ဆောင်ရမည် ဖြစ်ပေသည်။

**ပရမတ်လှည့်**

ပရမတ်လှည့်ဟူသည် မိမိကျင့်ကြံအားထုတ် သမာဓိအနည်းငယ်ရပါက ဝိပဿနာတရား၊ ပရမ သစ္စာတရားများကို ပါးစပ်ကဟောနေ ပြောနေပြီး ကျ စဉ် လျှော့ချကာ ငါရနေပြီ၊ ပရမတ္ထသစ္စာ သိနေပြီ ဆို၍ အလှည့်ခံရပြီး အတု၊အစစ် မခွဲခြားနိုင်တော့ နားထင်သွေးရောက် ပရမတ်ရူး၊ရူးလျက် ပညာ၊ သ အထွတ်အထိပ်သို့ မရောက်နိုင်တော့သည်ကို ပရ လှည့်ဟု ခေါ်၏။

**ရာဇလှည့်**

တချို့ပုဂ္ဂိုလ်များသည် 'ငါက ဟိုဘဝက အ ရထာမင်းကြီးပဲ။ သာသနာပြုမင်းကြီး' 'ငါကတော့ ဘုရင်နောင်မင်းတရားကြီး' 'ငါက အလောင်းဘုရ ဟုဆိုကာ နောင်ဘဝ မင်းပဲဟူ၍ ပြောသမျှ ယုံသူ မြှောက်ပေးသမျှ ယုန်ထင်ကြောင်ထင် ထင်မိပြီး မဖြစ်သလောက် အားထုတ်မှုဖြင့် ပေါက်မြောက်အော မြင်နေပြီဟူသော အတွေးနှင့် ရှေးဘဝ၊ နောက်ဘ ကို မျှော်တွေး၍ ပျော်နေတတ်ကြသည်။

ထိုသို့သော အလှည့်ခံရခြင်းကို ရာဇလှည့် မင်းလှည့်ဟုခေါ်၏။ ယင်းသို့ အလှည့်ခံနေရသော တို့သည်လည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ဘ

www.burmeseclassic.com

www.burmeseclassic.com

ကာ ထိုအလှည့်ကို မကျော်လွှားနိုင်တော့ဘဲ ချာချာလည်ပြီး ခံနေရပါတော့သည်။

<u>ဝိဇ္ဇာလှည့်၊ ဆရာလှည့်</u>

ဝိဇ္ဇာလှည့်ဆိုသည်ကား ငါက ဘာဝိဇ္ဇာကြီး ဖြစ်သွားပြီ၊ ဘာတွေရနေပြီ၊ ဘယ်လိုတွေ မြင်နေပြီ၊ စိတ်ကြိုက်တိုင်း ဖြစ်နေပြီဟုဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပါးစပ်က ဝိဇ္ဇာဟူသော အသုံးအနှုန်းကို မချတော့သည့်သဘော။ ကိုယ်အမြဲကျင့်ရမည့်ကျင့်စဉ်၊ အာစိဏ္ဏကံကုသိုလ်တွေကို မလုပ်တော့ဘဲ ဝိဇ္ဇာဟူ၍ ထင်ယောင်ထင်မှား ဖြစ်နေတတ်သည့် သဘောကို ဝိဇ္ဇာလှည့်ဟု ခေါ်သည်။

ဆရာလှည့်ဆိုသည်ကား ရေးသမျှစာအုပ်တွေဖတ်ပြီး အကုန်လက်ခံ ယုံကြည်ပြီးလုပ် ငါက ဘယ်ကမ္ဘာစစ်ကြီး ဘားလိုက်တာကွ၊ ဘယ်နိုင်ငံတွေကို ဘယ်လိုက ပစ်တင်လိုက်တာကွ၊ ငါက ရာထူးဘယ်အဆင့်ကွဟုဆိုပြီး ပြောတိုင်း၊ ရေးတိုင်း ယုံကာ ဖြစ်နိုင်ခြေရှိသည် မရှိသည်ကို ခွဲခြမ်းပိုင်းခြား စဉ်းစားနိုင်ခြင်း မရှိတော့ဘဲ ပြောသမျှ၊ ရေးသမျှများကို လက်ခံယုံကြည်နေမိသည်ကို ဆရာလှည့်ခံနေရခြင်းပင် ဖြစ်၏။ ရုန်းမထွက်နိုင်တော့ဘဲ လည်နေတတ်ပါသည်။

ထို့ကြောင့် သိဒ္ဓိ,မဟိဒ္ဓိလိုင်းကိုသော်လည်းကောင်း၊ သမာဓိ,ဝိပဿနာလိုင်းကိုသော်လည်းကောင်း တက်လှမ်းနေကြသော ပါရမီရှင်များသည် ရှေးဖြစ်စဉ်၊ နောက်ဖြစ်စဉ်၊ အတိတ်၊ အနာဂတ်တို့ကို ပြန်လည်စဉ်းစား မတွေးတောတော့ဘဲ အထက်တွင် ရေးသားဖော်ပြခဲ့သော သစ်တံခါးဆရာတော် သတိပေးညွှန်ပြထားသည့် အလှည့်ကြီးများကို ရှောင်ရှား၍ ပစ္စုပ္ပန်တည့်တည့် မိမိ၏ကျင့်စဉ်ကို ရင့်ကျက်ထုံနေအောင် ကြိုးစားကြပါကုန်ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေတော့သတည်း။

(ဆရာတော်၏ ကိုယ်တွေ့အားထုတ်မှုကျင့်စဉ်များ စာအုပ်ကို ဓမ္မဒါနအဖြစ် ချီးမြှင့်ပေးတော်မူသော သစ်တံခါးဆရာတော်အား ယာဝစဉ် အမှတ်ရ ကန်တော့ပန်းဆင်လျက်။)

**အဓိဋ္ဌာန်ပါရမီနှင့် ပြည့်စုံနိုင်ကြပါစေ**

**ရွှေတလေး(လွယ်လင်)**


ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်ခံ
တိုင်းရင်းဆေးကုခန်း
လေသုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော
အားနည်း၊ လေငန်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✣ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အထူးကုသပေးပါသည် ✣

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခုံးနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ,လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄




www.burmeseclassic.com

www.burmeseclassic.com


# ဘိုးဝါယမ

ဖိုးဒေါင်းသား

အမေကြီး ဒေါ်ခင်သန်းမြင့် ပုပ္ပားမှာ အဓိဋ္ဌာန်ဝင်ရင်း ရက်ရှည်နေဖြစ်တော့ ပုပ္ပားဒေသခံတွေဆီကနေ ပုပ္ပားမှာ ထင်ထင်ရှားရှား နေထိုင်ကျင့်ကြံခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို ပိုလို့သိလာခဲ့ရပါတယ်။ စာရေးသူ သိခဲ့ရတဲ့ ပုဂ္ဂိုလ်ထူးတွေထဲမှာ ဘိုးဝါယမဟာ တကယ်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဘိုးဝါယမဟာ ရဟန်းဝတ်နှင့် တစ်သွယ်၊ လူပုဂ္ဂိုလ်လိုတစ်မျိုး၊ အရူးအသွင်ဆောင်ကာ တစ်ခါ ပုပ္ပားမှာ နေခဲ့ပြီး ဘိုးဝါယမကို သိမီသူ အများကြီး ရှိပါတယ်။

ဘိုးဝါယမရဲ့ အကြောင်းကို (၁၉၉၉)ခုနှစ်က ဆောင်းပါးနှစ်ပုဒ် ရေးခဲ့တယ်။ ရောင်ပြန်မှာ ဘိုးဝါယမ အကြောင်းပါပြီးမှ ပုပ္ပားကို ထပ်ရောက်တယ်။ အဲဒီအခေါက်က ပုပ္ပားမှာတည်းတော့ တည်းနေကျ စကားဝါချောင်မှာ မတည်းဖြစ်ဘဲ ပုပ္ပားတောင်ကလပ်ရဲ့အခြေ ရွှေမန်ကျည်းတောမှာ တည်းတယ်။

အမေကြီး ဒေါ်ခင်သန်းမြင့်ကလည်း ရွှေမန်ကျည်းတော အောင်မြေမှာ အဓိဋ္ဌာန်ဝင်တယ်။ ရွှေမန်ကျည်းတောရဲ့ အဓိပတိ အဘဦးမေဓာဝီက စာရေးသူရဲ့ စာကိုဖတ်ပြီး



ဘိုးဝါယမမှ ဦးမေဓါဝီသို့ ရေးပို့ခဲ့သောစာ (၂၀-၄-၁၉၆၄)

တွေ့ချင်နေတာလို့ ပြောတာကြောင့် တွေ့စကပင် ရင်းနှီး သွားပါတယ်။ ဦးမေဓာဝီဟာ အဘအောင်မင်းခေါ် ဆရာတော်ဦးကုမာရတို့ရဲ့ တပည့်ရင်း ဖြစ်သလို အဘ ဘိုးဝါယမနှင့်ပါ အတန်ကြာ နေဖူးသူမို့ ဘိုးဝါယမ အကြောင်းတွေ စာရေးသူကို နေ့စဉ် ပြောပြပါတယ်။ အဲဒါတွေကို စုစည်းပြီး ဘိုးဝါယမအကြောင်း တင် ပေးလိုက်ရပါတယ်။

"ဘိုးဝါယမက ဒီနယ်သားပဲ။ မိတ္ထီလာ-ကျောက်ပန်း တောင်း ကားလမ်းနံဘေးက ရေနန်းရွာဇာတိ။ လူနာမည် က ဦးအောင်ငြိမ်း၊ ရဟန်းပြုတော့ ဦးဝါယမလို့ ခေါ် တယ်။ သူက ဗုဒ္ဓဟူးသားလေ။ အဲဒီနောက် လူထွက် တော့လည်း အားလုံးက ဦးဝါယမ၊ ဘိုးဝါယမလို့ပဲ ခေါ် ကြတယ်"ဟု ဦးမေဓာဝီက စာရေးသူကို ပြောတယ်။

ဘိုးဝါယမဟာ စိန်ပန်းကုန်းဘုရားတစ်ဝိုက်မှာ အနေ များတယ်။ ဘိုးဝါယမကို တစ်ရွာလုံးက အရူးဆို သံတ်မှတ်ကြတယ်။ ပါးစပ်က ပြောချင်ရာပြော၊ ပစ္စ ရွတ်ရင်း ပေါက်ကရလေးဆယ် ပြောတတ်တယ်။ ခလေး သံတွေကို ပုံပြီး သံပုံစေတီတွေ မကြာခဏ တည်တ တယ်။

ဘိုးဝါယမ သင်္ကန်းဝတ်တော့လည်း သင်္ကန်းတော လက်ပတ်နာရီနဲ့ လက်စွပ် ဝတ်တယ်။ လက်စွပ်ကို အပြည့်ဝတ်တယ်။ အချို့ကလည်း ဘိုးဝါယမကို သဖွယ် ရိုရိုသေသေ ဆက်ဆံတယ်။ ရူးမှ ထူးတ ဆိုကြတယ်။ ဘိုးဝါယမရဲ့ ထင်ရှားတဲ့ တပည့်နှင့် တောင်ကိုးလုံးဆရာတော် ဦးစန္ဒာဝရနဲ့ ကျောင် တောင်း နှစ်ကျပ်ခွဲရွာ ထီးတော်လှုပ်ဘုရားနားမှာ ကိုသောင်းဖေ ဖြစ်ပါတယ်။

တောင်ကိုးလုံးဆရာတော် ဦးစန္ဒာဝရဟာ အနောက်ကျောင်းက ကျောင်းထိုင်ဆရာတော်ပါ။ မှာ ဆရာတော်ဟာ ရန်ကုန်မြို့ စမ်းချောင်းရပ်




www.burmeseclassic.com

www.burmeseclassic.com

အိမ်တစ်အိမ်မှာ ဘိုးဝါယမနဲ့ တွေ့တယ်။

ဘိုးဝါယမဟာ ဦးစန္ဒာဝရကို ပုပ္ပား ခေါ်ပြီး ကျင့်ကြံအားထုတ်စေတယ်။ အတူ တူအားထုတ်မှုပြီးမှ ပဲခူးအနီးက တောင် ကိုးလုံးမှာ သာသနာပြုဖို့ စေလွှတ်တယ်။ ထိုနယ်မြေမှာ ဦးစန္ဒာဝရ သာသနာ့နယ်မြေ အဖြစ် ဓာတ်ပန္နက်ရိုက်ပြီး သာသနာပြုခဲ့ ပါတယ်။

ဘိုးဝါယမဟာ ပုပ္ပားကဆင်းရင် နှစ် ကျုပ်ခွဲရွာကိုဝင်ပြီး ထီးတော်လှုပ်မှာ အခိုင်အခံ ဝင်လေ့ရှိတယ်။ အဲဒီအခါ ဘိုးဝါယမကို အနီးကပ်ပြုစုတာက ကိုသောင်းဖေ ဖြစ်ပါ တယ်။ ဘိုးဝါယမဟာ နှစ်စဉ်နှစ်တိုင်း ထမနဲ ပွဲကို ကိုယ်တိုင်ဦးစီးပြီး ထီးတော်လှုပ်ဘုရား မှာ ကျင်းပလေ့ရှိတယ်။


နှစ်ကျုပ်ခွဲကျေးရွာက ထီးတော်လှုပ်ဘုရား

**ဘိုးဝါယမရဲ့ ထူးခြားချက်များ**

ဦးမေဓာဝီဟာ ဘိုးဝါယမကို ပါရမီ ဖြည့်တာကြောင့် မြန်မာသက္ကရာဇ်(၁၃၂၆) ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက် (၂၀-၄- ၁၉၆၄)မှာ ကျောင်းတစ်ဆောင် လှူတယ်။ ဆွမ်းပေနဲ့ လှူတာဖြစ်ပါတယ်။ စာမှာပါတာ က မြင်းခြံမြို့၊ မိတ္ထီလာလမ်း၊ သံမဏိ ဆော်ရုံပိုင်ရှင် ဦးသိန်းအောင်၊ ဒေါ်လှအေးတို့ ဆောက်လုပ်၍ ဘိုးတော်ဦးဝါယမအား ပုဂ္ဂလိကပိုင်အဖြစ် ဆက်ကပ်ချလှူဒါန်းထားသော ကျောင်းကို ဘိုးတော် ဝါယမ မရှိသည့်အချိန်ကစ၍ ဦးမေဓာဝီ ပိုင်ဆိုင်စေ ရန် ဦးမေဓာဝီစိတ်တိုင်းကျ လုပ်ကိုင်နိုင်ရန် အပြီးအပြတ် ကိုယ်တိုင်လွှဲအပ်ခဲ့သည့်အပြင် ယခု ဘိုးတော်ဝါယမ ၏ဂိုဏ်းမှာပင် အုပ်ချုပ်မှုမှစ၍ အားလုံးတာဝန်ယူ လုပ် ကိုင်သည့်အပြင် ဦးမေဓာဝီ သဘောမကျပါက သဘော ကျသော ပုဂ္ဂိုလ်များကို ဦးမေဓာဝီက ကြည့်ရှုစီမံ နှင် ပိုင်ခွင့်မှစ၍ အားလုံးတာဝန်ယူနိုင်ရန် ကိုယ်တိုင် လက် မှတ်ရေးထိုး လွှဲအပ်ခဲ့ပါကြောင်းလို့ ရေးထားပါတယ်။

ဦးမေဓာဝီ ပြောပြတဲ့ ဘိုးဝါယမအကြောင်း စရ ပါမယ်။

ချောက်မြို့ဈေးအရှေ့ဘက်မှာ ဒေါ်ငယ်ရဲ့တိုက် ရှိ တယ်။ အဲဒီကာလက ချောက်မြို့မှာ ဒေါ်ငယ်က အချမ်း သာဆုံး။ အခုလက်ရှိ ကျောက်ပန်းတောင်းမှာနေတဲ့ ကို မောင်မောင်က ဒေါ်ငယ်ရဲ့မြေး တော်ပါတယ်။ ကျွန်ုပ် ဦးမေဓာဝီကို ဘိုးဝါယမက ပြောတယ်။ အဲဒီတုန်းက ကျွန်ုပ်က ချောက်မှာ နေတာ။

"မောင်ပဥ္စင်း မကြာခင် ပုပ္ပားမှာ နေရမယ်။ အဲဒ်ှို ပြောတယ်။ ကျွန်ုပ်က ဘာမှပြန်မပြောဘူး။ ဒါကို ဘိုး ဝါယမက မေဓာဝီကလေး..လေး..ရသေ့ငယ်ပျော်စံရာ ကျောက်ဖျာခင်းမယ့်×× "ဆိုပြီး သီချင်းလေး ဆိုပြတယ်။

တစ်နေ့ကျရင် ကျွန်ုပ်ဟာ ရဟန်းဘဝက ရသေ့ဘဝ ကို ပြန်ပြောင်းရမယ်ဆိုတာ ဘိုးဝါယမက ကြိုပြောခဲ့တာ။ (ဤစာရေးသူနဲ့ ဆုံချိန်တွင် ဦးမေဓာဝီသည် လူပြန်တော် ရသေ့အဖြစ် ရှိနေသည်။ ရသေ့ဘဝနှင့်ပင် ထွက်ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဝါယမ

သည်။)

ချောက်မြို့နားက ပတ္တမြားတောင်မှာ အဘဘိုးတော်အောင်မင်းခေါင် ဓာတ်ပန္နက်(၂၈)ဆူ ကပ်ကျော်ဘုရားတွေ ရှိတယ်။ ကျွန်ုပ်ဆရာ ဦးဂျော်နီ ခရစ်ယာန်ကနေ ဘာသာပြောင်းပြီးတော့ ဦးဂျော်နီအိမ်ဝိုင်းမှာ စေတီတစ်ဆူ တည်သေးတယ်။ ဦးဂျော်နီက ဦးကုမာရ ဖြစ်သွားတာလေ။ ပတ္တမြားတောင်မှာ ဘိုးမင်းခေါင်စေတီတွေ တည်ပြီးတော့ တောင်နားလေးမှာ ဘိုးဝါယမကလည်း စေတီတစ်ဆူတည်တယ်။ ဦးစံမှုန်က ကန်ထရိုက်တာ၊ သူ့ဇနီးက ဒေါ်တင်မြ၊ အားလုံးမှတ်မိပါတယ်။ ဘိုးဝါယမက အဲဒီစေတီနားမှာ ပိတ်ဖြူဝတ်ပြီး နောက်ဆုံးနေခဲ့တာ။

ကလေးဆရာဝန် ဒေါက်တာမာတင်၊ သူက ခရစ်ယာန်။ မာတင့်ဗိုက်ထဲ အကျိတ်အခဲကြီးဖြစ်လို့ နိုင်ငံခြားကိုတောင် သွားပြီးခွဲစိတ်ရတယ်၊ မပျောက်ဘူး။ အဲဒါ ဘိုးဝါယမက ဒေါက်တာမာတင်ရဲ့ အိမ်အပေါက်ဝနားသွားပြီး ခွေးကုလား၊ ဝက်ကုလား ဆင်းခဲ့စမ်းလို့ ခေါ်တယ်။ အိမ်က နှစ်ထပ်အိမ်ပါ။ အိမ်ရှေ့မြေကြီးထိ မာတင်ဆင်းလာတော့ မာတင်ကို ပက်လက်လှန် အိပ်ခိုင်းတယ်။ ဗိုက်ကို ဘိုးဝါယမ ဖနှောင့်နဲ့ တက်ပေါက်လိုက်တာ အဲဒီကနေကစပြီး မာတင်ရဲ့ရောဂါအားလုံး ပျောက်သွားတယ်။ မာတင်က ဘာသာကွဲသာဖြစ်တာ၊ ဘိုးဝါယမကို တစ်အားရိုသေတယ်။ သူ့ဂျစ်ကားနဲ့ ဘိုးဝါယမ ဘယ်သွားသွား လိုက်ပို့တယ်။ ပါရမီဖြည့်တယ်။

ချောက်မြို့ မြသုံးလုံးဦးသိန်းမောင်တိုက်နားမှာ ရှ
ကုန်အပ်ချုပ်ဆိုင်ရှိတယ်။ ထရံကာ သစ်သားတစ်ထပ်အိမ်ကလေး။ အပ်ချုပ်သမားနာမည်က ဘာဘူလေးတဲ့။ ဟိန္ဒူဘာသာဝင်လေးပါ။ သူ့ဆိုင်ဘေးမှာ ဒေါ်သန်းညွှန့်က တိုက်ဆောက်ဖို့ အုတ်တွေကို ပုံထားတယ်။

တစ်နေ့ ဘိုးဝါယမ ရောက်လာတယ်။ "ဟဲ့..ကုလားလေး၊ အုတ်ပုံထဲက အုတ်(၁၁)လုံး သွားယူချေစမ်း" ဆိုပြီး ခိုင်းတယ်။ ဘာဘူလေးက "မလုပ်ပါနဲ့ အဘရယ်။ သူ တို့တွေက သူဌေး၊ ကျွန်တော်တို့က ဆင်းရဲသား။ သူ ပစ္စည်းခိုးတယ် ရိုးစွပ်နေပါဦးမယ်" အဲဒီလို ပြန်ပြောတယ်။

ဘိုးဝါယမက "မရဘူး၊ အုတ်(၁၁)လုံးကို မြေပေါ် စီ။ ဟဲ့..နင်နေဖို့ ငါ တိုက်တည်တာ ကုလားလေးရဲ့" ဆို ပြီး ပြန်ပြောတယ်။ မကြာပါဘူး၊ ဘာဘူလေး အိုး အောင်ဘာလေထီ ပေါက်တယ်။ ငါးသောင်းဆုပေါက် တာ။ အဲဒီခေတ်က ရွှေတစ်ကျပ်သားကို ကျပ်ဆယ် ဂဏန်းဈေး ရှိတာ။ ထီပေါက်တဲ့ငွေနဲ့ ဘာဘူလေး တိုက် ကြီးဆောက်ပြီး နေလိုက်တာ ခုထိ ချောက်မြို့မှာ ဘာဘူ လေးတိုက်ဆိုပြီး အထင်အရှားရှိတယ်။

ချောက်ဈေးထဲက ဈေးသည်တွေကို ဘိုးဝါယမ ဈေး ထဲဝင်လာလို့ကတော့ တောင်ဝှေးနဲ့ထိုးတာ၊ တံတွေးနဲ့ထွေး တာ ခံလိုကြတာမို့ သူ့ထက်ငါဦး အဘ..အဘနဲ့ ကြို တယ်။ အဲဒီလိုလုပ်ခံရရင် ဈေးရောင်းကောင်းတယ် ပြော ကြတယ်။

သင်္ကြန်အချိန်ဆိုရင် ဘိုးဝါယမတစ်ယောက် ချောက် ကနေ ပုပ္ပားကို လာတယ်။ ပုပ္ပားဆိုတာ ပုပ္ပားတောင် ကလပ်ကို လာတာပါ။ အဲဒီတုန်းက ရွှေဂူချောင်မှာ ဘာ အဆောက်အအုံမှ မရှိသေးဘူး။ ကုမာရ ရာမတိုက်အ လုံးပဲရှိတယ်။

တစ်ရက်တော့ မြေကွက်လပ်မှာ ဘိုးဝါယမ



www.burmeseclassic.com

www.burmeseclassic.com

လက်တွေနဲ့ မဏ္ဍာပ်ဆောက်တယ်။ အလံတွေထူတယ်။ တစ်ခုမဟုတ်ဘူး၊ အများကြီးကို ဆောက်တာ။ အလံကို ပိတ်စ၊ သင်းပိုင်စ ရရာနဲ့ထူတယ်။ အဲဒီအချိန်က ဆဋ္ဌသင်္ဂါယနာ မတင်ရသေးဘူး။ မကြာပါဘူး၊ ဘိုးဝါယမ မဏ္ဍာပ်ဆောက် အလံထူခဲ့တဲ့ နေရာတွေမှာ သာသနိက အဆောက်အအုံကြီးတွေ တစ်လုံးပြီးတစ်လုံး ပေါ်လာတာ။ ကိုးဆောင်တိုက်တန်ဆောင်းကြီးကို ချင်းချောင်းမာဖီးယား ဆောက်လှူခဲ့တာ ဖြစ်ပါတယ်။

<u>ပုပ္ပားတောင်ကလပ်က ဘိုးဝါယမ</u>

ပုပ္ပားတောင်ကလပ် အတက်နားက ဇရပ်ကျောင်းမှာ ဘိုးဝါယမ နေတယ်။ မြင်းခြံမြို့၊ မိတ္ထီလာလမ်း သံမဏိ စက်ရုံပိုင်ရှင် ဦးသိန်းအောင်၊ ဒေါ်လှအေးတို့ ဆောက်ပြီး လှူတာ။ ဘိုးဝါယမကမှ ဦးမေဓာဝီကို လွှဲပေးတာ။ ခု တော့ ဖျက်လိုက်ကြပြီ။ အဲဒီဇရပ်ရှေ့မှာ ဦးပရမ(ဦးပရမ ဗုဒ္ဓသိဒ္ဓိ)ကျောင်းလာဆောက်တယ်။ ဘိုးဝါယမက ဦး ပရမကို မင်းဆောက်တဲ့ကျောင်းနဲ့ မင်းကို မြေကြီးထဲ မြုပ်ပစ်မယ်လို့ ပြောတယ်။

ဦးပရမဟာ နောက်တော့ လူဝတ်လဲပြီး ဦးပြည့်စုံ ဖြစ်တာ ခုတော့ မရှိတော့ဘူးလေ။ အဲဒီ ဦးပရမ ဆောက် တဲ့ကျောင်းက (၁၃၆၃)ပြည့်နှစ်မှာ ပုပ္ပားတောင်ကလပ် အခြေ မြေပြိုတော့ ကျောင်းပါ မြေကြီးထဲကို မြုပ်သွား တယ်လေ။

ဘိုးဝါယမဟာ ပုပ္ပားတောင်ကလပ်ပေါ် နေ့တိုင်း တက်လေ့ရှိတယ်။ အဲဒီတုန်းက ပုပ္ပားတောင်ကလပ်မှာ မြင့်၊ ဒေါ်ငြိမ်းတို့ရဲ့ ရန်ကုန်ငြိမ်းငြိမ်းထမင်းဆိုင် ရှိ တယ်။ နဂါးနှစ်ကောင် မုခ်ဦးနားမှာ ဦးထွန်းမြင့်၊ ဒေါ် ကြည် ထမင်းဆိုင်ရှိတယ်။ ဦးခင်မောင်လတ်၊ ဒေါ် ဆိုင်ရှိတယ်။ ပိန္နဲပင်ကြီးရဲ့အောက်မှာ ဦးဘစိန်၊ ဒေါ် လက်ဖက်ရည်ဆိုင် ရှိတယ်။ ဘိုးဝါယမက မနက် နာရီလောက်ဆို တောင်ကလပ်ပေါ်ကဆင်းလာ နှိုး တဲ့ဆိုင်ကို နှိုးတယ်။ ဆိုင်ဖွင့်ခိုင်း၊ ရေနွေးအိုးတည်ခိုင်း၊ ကော်ဖီဖျော်ခိုင်း၊ ဖျော်ပြီးရင် ဖျော်ပြီးသား ကော်ဖီခွက် တွေကို စားပွဲတွေပေါ် လိုက်တင်ခိုင်းတယ်။ ရှမ်းပြည် င်းစ၊ အင်းဝမင်္ဂလင်းစဆိုပြီး ဘိုးဝါယမ တောင်ထိပ် အော်တယ်။ ပြီးတော့ ကော်ဖီဆင်းသောက်တယ်။ က်ဖြီးရင် သေးပေါက်တယ်။ အဲဒီနေ့မှာ အဲဒီဆိုင်


ဘိုးဝါယမ

ဟာ ရောင်းလိုက်ရတာ လက်မလည်အောင်ပဲ။ အဲဒါတော့ ကျွန်ုပ်ကိုယ်တွေ့ပဲဟု ဦးမေဓာဝီက စာရေးသူကို ပြောပါ တယ်။

ဖဆပလဦးနုလက်ထက် ပုပ္ပားမှာ ဗာလီနတ်စာကျွေး ပွဲ လုပ်တယ်။ ကိုနန်းမြင့်ဆိုင်ကို ဘိုးဝါယမက ဝင်ပြီး ငှက်ကြီးတောင်ဓားနဲ့ စားပွဲကိုခုတ်တယ်။ တစ်အားခုတ် တာ။ စားပွဲမှာ ဘာစားစရာမှ မရှိဘူး။ အဲဒီနေ့က ဈေး ရောင်းကောင်းလိုက်တာ ဆိုင်မှာရှိတဲ့ လုပ်သားအင်အားနဲ့ မလောက်လို့ လူသုံးလေးယောက် ထပ်ပြီးခေါ်ရတယ်။ ရောင်းရငွေ ဘယ်လောက်လဲ သိလား။ (ရွှေတစ်ကျပ်သား ကျပ်ဆယ်ဂဏန်းမှာ ကျပ်တစ်သောင်းတိတိ ရသတဲ့။)

ပုပ္ပားကုမာရရာမတိုက်ရှေ့က (၃၇)မင်းနတ်နန်း၊ မူလနတ်နန်းဟောင်းက တိုက်မဟုတ်ဘူး၊ သစ်သား ဆောင်။ မယ်တော်မယ်ဝဏ္ဏရယ်၊ သားတော်နှစ်ပါးရယ် ရုပ်တုသုံးခုပဲ ရှိတယ်။ ရွှေဂူချောင်ကနေ နန်းကိုတန်းပြီး လျှောက်လာတယ်။ နန်းထဲမှာ ကျောက်ပန်းတောင်းက ဒေါ်စောလှ၊ ရန်ကုန် စွပ်ကျယ်စက် မခင်တင့်၊ မခင်မြင့်


www.burmeseclassic.com

www.burmeseclassic.com

တို့ ရှိတယ်။ ဘိုးဝါယမက ခတ်တော်ကြီး ဖွင့်တယ်။ ခတ်တော်က ခွေးတံဆိပ်။ ခတ်ပြားယောင်းတွေကို တစ်ချပ်ပြီးတစ်ချပ်ဖွင့်တယ်။ တစ်ညလုံး ဖွင့်တယ်။ အဲဒီနားမှာ အကြော်ရောင်းတာ ဒေါ်ခွေး ရှိတယ်။ ခတ်စက်ကို တစ်ညလုံး ဖွင့်တယ်။

ဘိုးဝါယမက လူခေါင်းခွံတစ်ခုကိုရှာပြီး နတ်အုန်းသီးဆိုပြီး စားပွဲပေါ် တင်တယ်။ နတ်ရုပ်ရှေ့မှာ သူ့ရဲ့ မောင့်ကျက်သရေခေါင်းပေါင်းကို စွပ်တယ်။ ညနှစ်ချက်တီးနေပြီ။ ကျွန်ုပ်ကို လာခေါ်တယ်။ ကျွန်ုပ် စိတ်တိုသွားတယ်။ ဘိုးဝါယမက ငါ့သားက ကျွန်ုပ်ကို အထင်သေးတယ် ပြောတယ်။ ကျွန်ုပ်က အထင်မသေးပါဘူး အဘ။ ဒါပေမဲ့ အထင်တော့မကြီးဘူးလို့ အချီအချပြန်ပြောတယ်။

ဘိုးဝါယမက ညောင်ပင်ကြီးများလည်း ကြီးလာပြီဆိုရင် အခေါင်းပေါက်ထွက်တယ်။ အခေါင်းပေါက်ထဲမြွေလည်း ဝင်တယ်၊ ဖီးကွက်လည်း ဝင်တယ်၊ ပုတ်သင်လည်း ဝင်တယ် အဲဒါပြောတယ်။ ဘာအဓိပ္ပာယ်မှန်း ကျွန်ုပ် အစက မသိပါဘူး။ နောင်မှာ အဘဟာ ဝိဇ္ဇာဉာဏ် ရင့်သန်လာတာနဲ့အမျှ သူ့ခန္ဓာမှာ (ထွက်ရပ်သွားပြီး) ပုဂ္ဂိုလ်အသီးသီးနာမ်ကိန်းပြီး ဒေါသကြီးတဲ့အခါကြီး၊ ပျော့ပျောင်းတဲ့အခါ ပျော့ပျောင်း အဲဒီလိုမျိုးဖြစ်နေတာ။ နောက်တော့ သဘောပေါက်တယ်။ ဘိုးဝါယမ အရက်ပုလင်းကိုင်ပြီး သောက်တာတွေ့လို့ကတော့ ယူသာကြည့်လိုက်၊ ပုလင်းထဲက အရက်ဆိုတာ ရေတွေဖြစ်ကုန်တယ်။



ပုပ္ပားတောင်ကလပ်အတက်နားက ဘိုးဝါယမဇရပ်

ရန်ကုန်မှာ

ဦးမေဓာဝီက ဆက်ပြောတယ်။ ကျွန်ုပ်ရဲ့ဆရာ ဦးကုမာရ(ဦးဂျော်နီ) ပျံလွန်တော်မူတယ်။ တော်သလင်းလပြည့်ကျော် (၄)ရက်။ ဦးကုမာရက ရန်ကုန်၊ ဘာဝါလိန်းလမ်းလူပျံတော်ပတ္တမြား ဦးမောင်မောင်တိုက်မှာ တည်းတယ်။ ဒေါ်ခင်ကြည်ဆေးရုံနဲ့ ကပ်လျက်လေ။ ဆေးရုံမှာ ဦးကုမာရ ဆေးကုနေတော့ ဘိုးဝါယမ နေ့တိုင်း လာကြည့်တယ်။ တစ်နေ့ ဆရာတော်နေတဲ့တိုက်နဲ့ ကပ်လျက်ကနေ ဘိုးဝါယမ အမှိုက်တွေကိုပုံပြီး မီးရှို့တယ်။ ပြီးတော့ ပြောသေးတယ်။ အညော်ရဲ့တန်ဖိုး မသိကြဘူးလားတဲ့။

ဦးမောင်မောင် ဖိုဆွဲတဲ့နေရာက ချိန်ခွင်လေးတစ်ခု ဘိုးဝါယမက ယူပြီး ချိန်တယ်။ ဟိုဘက်သာလိုက်၊ ဒီဘက်သာလိုက် လုပ်တယ်။ ခုတင်နားကိုသွားပြီး ဒါဘာတုန်းလို့ မေးတယ်။ ဦးကုမာရနားမှာရှိနေတဲ့ လူတစ်ယောက်က ဒါ သက်န်းလို့ ဖြေလိုက်တယ်။ ဘိုးဝါယမ ဖြေစေချင်တာက ရသေ့လို့ ဖြေစေချင်တာ။ ဘဝမပြောင်းခင် ဘဝပြောင်းပေးရမယ်လို့ ဆိုလိုတာ။ ရဟန်းက ရသေ့ကို ပြောင်းခိုင်းတာ။ မကြာပါဘူး၊ ဦးကုမာရ ဝိညာဉ်ချုပ်ခဲ့ပါတယ်။

မြန်မာသက္ကရာဇ်(၁၃၃၁)ခုနှစ်လား၊ (၁၃၃၂)ခုနှစ်လား သိပ်တော့မမှတ်မိဘူး။ လ,က တပေါင်းလ။ နောက်ဆုံး အခေါက်မှာ အလုံခတ်ခိုတယ်ဆိုပြီး လေးနှစ်သုံးလကြာအောင် နေတယ်။ အလောင်းတော်ကသ ဘုရားဖူးပြန် လူ(၁၀၀၊ ၂၀၀) လောက် ကျောင်းကို လာတည်းကြတယ်။ ကျွန်ုပ်ကို ဘိုးဝါယ ခေါ်တယ်။ ကိုမြင့်၊ မငြိမ်းအေး လား နို့ဆီ တစ်ဘူး၊ ပျားရည် တစ်ပုလင်း ဇလုံကြီးထဲကိုထည့် ဦးကြွက်ကို လုပ်ခိုင်းတယ်။ ပေါ်က ကန်တော့ပွဲတွေထဲက ပျောသီးတွေကို အခွံခွာပြီး ထဲထည့်၊ သကြားနည်းနည်း ဇလုံထဲမှာ သမအောင်ရောတ ကျွန်ုပ်နားမှာ ဦးကဝိန္ဒ ( ဦးကဝိန္ဒ) ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဘိုးဝါယမရဲ့ပစ္စည်းတချို့

ဘိုးဝါယမက ကျွန်ုပ်ကို ဦးမေဓာဝီကို တစ်ခုလေး မှာစရာရှိလို့ ခေါ်တာ။ ဦးမေဓာဝီ အိမ်ရှင်ဖြစ်ပြီဗျ။ ဧည့်သည်တွေ လာကြမယ်။ လာတဲ့ဧည့်သည်က အလွှာအသီးသီးက လာတာ၊ အတန်းအစား အမျိုးမျိုးက လာကြတာ။ လာတဲ့ဧည့်သည်အားလုံး စိတ်မဆင်းရဲရအောင် လက်ခံပါ။ သည်းခံပြီး လက်ခံပါလို့ မှာချင်တယ်။ အဲဒီလို ကျွန်ုပ်ကို ပြောခဲ့တယ်။ ဒါက ကျန်နေလို့ ပြန်ပြောတာ။

ဦးကုမာရဈာပနကို ဆရာတော်တွေ အများကြီးလာကြတယ်။ ဆေးဝက်ဘာဆရာတော်၊ စစ်ကိုင်းဒီပါဓမြဆရာတော်၊, ရွှေဘိုရန်ကြီးအောင်ဆရာတော်၊ ပျဉ်းမနားဈေးကုန်းဆရာတော်၊ မန္တလေး ငွေးချိုတိုက်ဆရာတော်တွေပါတယ်။ ဦးကုမာရဈာပနမှာ ဥက္ကဋ္ဌက ဘုရင့်ဆရာတော်။ အတွင်းရေးမှူးက ကျွန်ုပ်(ဦးမေဓာဝီ)၊ ဦးကုမာရရုပ်ကလာပ်ကို ပြင်ထားတုန်း မိုးတွေ မှောင်တက်လာတယ်။ အဲဒီအချိန် ဘိုးဝါယမက သင်္ကန်းကို တိုတိုလေးဝတ်ပြီး ဘုန်းကြီးယပ်တောင်စုတ်တစ်ချောင်းနဲ့ ကောင်းကင်ကိုမော့လိုက်၊ ယပ်ခတ်လိုက် လုပ်တယ်။ မကြာပါဘူး၊ မိုးတိမ်တွေအားလုံး ကင်းသွားတယ်။ လင်းသွားတယ်။

ဘိုးဝါယမနဲ့ပတ်သက်ပြီး ထူးခြားတာလေးတစ်ခုရှိသေးတယ်။ ဘိုးဝါယမဟာ ပုပ္ပားမှာ ပြန်မတွေ့ခင်မန္တလေးမှာ ဆရာတော်ကြီးတစ်ပါးဖြစ်တယ်တဲ့။ မန္တလေးမှာ ဝမ်းရောဂါနဲ့ ကွယ်လွန်ခဲ့လို့ သူတို့ကိုယ်တိုင် သင်္ဂြိုဟ်ခဲ့တာပါတဲ့။ မန္တလေးမြို့ ပိုက်ကျုံးရပ် ဒေါ်ရှို၊ ဒေါ်သီသီအစ်မက လာပြောတာ။ ဒေါ်ရှိုရဲ့သမီးက ဒေါ်တင်ကြည်၊ ဦးမောင်ကို၊ ဒေါ်သီတို့ ပိုက်ကျုံးရပ်မှာ သက်ရှိထင်ရှား ရှိသေးတယ်။

သပိတ်၊ သင်္ကန်း၊ ချိုင့်၊ ရေနွေးကရား ယူလာပြတယ်။ အဲဒါကို ဘိုးဝါယမက ကြည့်ပြီး ငါသုံးတဲ့ပစ္စည်းအနှံ့ပဲလို့ပြောတယ်။ ဘုရင်သင်္ကန်းတိုက်က ဦးကျော်ဝ၊ ဒေါ်ဒေါ်တုတ်တို့ကို ဘိုးဝါယမက မန္တလေးမှာ မောင်ကိုကို တွေ့ရင် ငါအပ်ထားတဲ့ ပစ္စည်းတွေ လာပို့ကွာလို့ ပြောခဲ့တာ။

**အလုံက ထွက်တော်မူ**

ဘိုးဝါယမကို မသိသူများက အရူးလို့ ထင်ကြပါတယ်။ ဘိုးဝါယမဟာ စကားကောင်းတွေ အကျင့်ကောင်းတွေ ပြောလေ့မရှိပါ။ ညဆိုရင် စောစောအိပ်ပြီး (၁၁)နာရီ၊ (၁၂)နာရီဆို ပြန်ထတယ်၊ မအိပ်တော့ဘူး။ ပရိတ်ရွတ် မေတ္တာပို့နေတော့တာပဲ။ တစ်ခါတလေ အရူးအသွင်နဲ့ ခတ်စုံနတ်စုံဖြစ်နေတယ်။

ဆရာတော်ဦးပဏ္ဍိစ နဲ့ အတူနေတုန်း အင်းဝခေတ်၊ ရတနာပုံခေတ်က အကြောင်းတွေ ပြောပြလေ့ရှိတယ်။ အကြောင်းကြီးရင် မောင်းတီးဆိုပြီးလည်း ပြောတယ်။ ခတ်မမှား၊ ခတ်မပျက်အောင် နေကြ။ ဆရာတော်ရဲ့ ရတနာကြိုးကိုလည်း မပျက်စီးစေနဲ့။ ရွှေရှိမှ ရွှေလာမယ်။ ငွေရှိမှ ငွေလာမယ်။ လက်ပံပင်ရှိရင်တော့ လင်းတလာမယ်။ အဲဒီလို ပြောတယ်။

ထွက်ရပ်ကိုမသွားခင် လေးနှစ်လောက်က (၁၉၇၁) ခုနှစ်၊ ဧပြီလ (၁)ရက်မှာ ဘိုးဝါယမ အင်းတကော်တောင်ကိုးလုံးကနေ ထောက်ကြံ့ကို ရောက်လာတယ်။ ပဲခူးမြို့က မဟာစေတီကြီးပြီးအောင် ဒီနေရာမှာ မဟာစေတီ(ပုံစံ) တည်ရမယ်။ အဲဒီလိုပြောတယ်။ ဦးကုမာရသီတင်းသုံးတဲ့ တိုက်ကျောင်းရဲ့ စနေထောင့်မှာရှိတဲ့ မြေတောင်ပို့ကို မုံရွာကကျောင်းဆရာကြီး ဦးစိန်ရောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ဒေးတစ်ချောင်းပေးပြီး စေတီပုံဖြစ်အောင် ခုတ်ခိုင်းတယ်။ စေတီပုံ ပေါ်လာတော့ ဦးပဏ္ဍိစရေ၊ မဟာစေတီကြီး ပုံကြမ်းတော့ ပြီးသွားပြီ။ အချောပြီးအောင် ကိုယ်တော်တို့ရဲ့ တာဝန်ပဲ။ ခေတ်တော်တွေ ဌာပနာပါ။ ထီးတော်ကို ဘုရားအနေကဇာတင်ပါ။ ဤစေတီပြီးမှ ပဲခူး မဟာစေတီ အမြန်ပြီးလိမ့်မယ်။ ပြောတဲ့အတိုင်းပဲ ပဲခူးမဟာစေတီကြီး မကြာခင် ပြီးစီးခဲ့ပါတယ်။

(၁၉၇၅)ခုနှစ်၊ ဇွန်လ (၂၉)ရက်၊ မြန်မာသက္ကရာဇ် (၁၃၃၇)ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက် ရန်ကုန်မြို့၊ သစ်တောလမ်း ဦးအေးကြွယ်၊ ဒေါ်တင်အုန်းတို့ရဲ့နေအိမ် နံနက်(၆)နာရီအချိန် အသေထွက်နဲ့ ထွက်တော်မူတယ်။ ထိုအခါ ဘိုးဝါယမရဲ့ ရုပ်ခန္ဓာဟောင်းကို ပုပ္ပား၊ ထောက်ကြံ့၊ တောင်ကိုးလုံးက တပည့်များက သူတို့ နေရာအသီးသီးမှာ ဂူသွင်းသင်္ဂြိုဟ်နိုင်ဖို့ အချေအတင် စကားများကြတာ ရန်ဖြစ်လုမတတ်ပါ။ နောက်ဆုံး တောင်ကိုးလုံးဆရာတော် ဦးစန္ဒာဝရက ရယူသင်္ဂြိုဟ်ထိုက်ကြောင်း အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။

ဘိုးတော်ရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်တော်ကို တောင်ကိုးလုံးနယ်မြေ၊ သစ်သားကျောင်းကလေးခြေရင်းမှာ သပြေပင်ကို ခေါင်းရင်းပြု သရက်ပင်ကို ခြေရင်းထားကာ ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။ ဂူလေးကိုလည်း အမိုးကလေးတစ်ခု ပြုလုပ်ထားပေးကြပါတယ်။

ဘိုးဝါယမနဲ့ပတ်သက်ပြီး အသေးစိတ် ထပ်သိချင်ရင် စာရေးသူကို ရန်ကုန်၊ အလုံသစ်တောလမ်း ဦးအေးကြွယ်၊ ဒေါ်တင်အုန်းအိမ် လွှတ်တယ်။ ကျွန်ုပ် လွှတ်တယ်ပြော၊ အဲဒီအိမ်ဟာ ဘိုးဝါယမ နေသွားတဲ့အိမ်ပဲလို့ ဦးမေဓာဝီကပြောတယ်။

ပုပ္ပားတောင်ကလပ် ရွှေမန်ကျည်းတော အဘအောင်မင်းခေါင်စခန်းအောင်မြေက ဦးမေဓာဝီ(ပုပ္ပားမေ)ဟာ ခုဆိုရင် ဆရာ့ဆရာတွေနောက်ကို လိုက်သွားပါပြီ။ အဘအောင်မင်းခေါင်၊ ဘိုးဝါယမ၊ ဦးကုမာရတို့နဲ့အတူ ရှိနေပြီ ဖြစ်ပါတယ်။ ပုပ္ပားတောင်ကလပ်ကို ရောက်ရင်တော့ ရွှေမန်ကျည်းတောကို ဝင်ခဲ့ပါဦးမယ်။

ဖိုးခေါင်းသား


# တောင်တွင်းကြီးမဟာတံခွန်

**နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်**

**အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅**

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး) စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်းဝိဇ္ဇာ ခေတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com

# မြတ်ပန်းပွင့်

ကလေးအာဟာရအားဆေး



ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်မြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂

# မြတ်ပန်းပွင့်

သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး



သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၃



# စော်ဘွား

အကြောပြေလိမ်းဆေး



အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈


www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် အာရုံကျရာ ဘုရား၊ စေတီ၊ ပုထိုး၊ ဂူဘုရားတို့တွင် လှည့်လည်အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။ ထိုသို့ အဓိဋ္ဌာန်ဝင်ရာတွင် ဂမ္ဘီရအတတ်ပညာနှင့် ပတ်သက်သော ဂါထာ၊ မန္တန်၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ အမြုတေ၊ ဓာတ်တော်၊ ဓာတ်လုံးများ ရလေ့ရှိပါသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ကိုးထပ်ကြီးဘုရားတွင် နဝဋ္ဌာန် ကိုးနဝင်းဂုဏ်တော် အဓိဋ္ဌာန်ဝင်နေစဉ် ဓမ္မမိတ်ဆွေတစ်ဦးနှင့် ခင်မင်ရင်းနှီးခွင့် ရရှိခဲ့ပါသည်။

ပုရောဟိတ် ဆရာဦးမြတ်စံ

# ဖူးပွင့်ဝေဖြာ ဗုဒ္ဓဿာသနာတော်



ဗုဒ္ဓဂယာတွင် အမှတ်တရ ဒုလ္လဘဝတ်စဉ်



မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရနှင့်အတူ ဦးကြည်ဝင်း၏ ဗုဒ္ဓဂယာခရီး မင်္ဂလာဒုံလေဆိပ်မှ မထွက်ခွာမီ



www.burmeseclassic.com


www.burmeseclassic.com

ထိုပုဂ္ဂိုလ်၏ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သင်္ဘောသား ဖြစ်သော်လည်း သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေစဉ် ပင်လယ်ပြင်မှ နဂါးသဏ္ဌာန် သတ္တဝါကြီး တစ်ကောင်ကို စိတ်အာရုံတွင် ပေါ်လာပြီး ဘောဂဝတီနဂါးပြည်မှ ဆွေတော်မျိုးတော်တို့၏ မေတ္တာရပ်ခံချက်အရ မိမိနေရပ်သို့ပြန်၍ သာသနာပြုရန် မေတ္တာရပ်ခံခြင်း ခံရသဖြင့် သင်္ဘောသားအလုပ်ကိုစွန့်ကာ သာသနာပြုအလုပ်ကို စိုက်လိုက်မတ်တတ် လုပ်ဆောင်နေသော နဂါးတစ်ထောင် ဦးကြည်ဝင်းပင် ဖြစ်ပါသည်။

ဦးကြည်ဝင်းနှင့် စတင်မိတ်ဆက်စဉ် နေလဂျာနယ်တိုက်ရှိရာ အင်းစိန်လမ်းမနှင့် စံရိပ်ငြိမ်(၃)လမ်းထောင့်တွင် ဖြစ်ပါသည်။ စာရေးသူအား ဂမ္ဘီရပစ္စည်း အဆောင်၊ ရဟန္တာဓာတ်တော်များ ပေးလှူရှိပါသည်။ စာရေးသူအားလည်း ဗုဒ္ဓဂယာဘုရားဖူး သွားရောက်နိုင်ရန် အစစကူညီပေးသူလည်း ဖြစ်ပါသည်။

မြောက်ဥက္ကလာအဝင်ဝ ဓမ္မဗိမာန်တော်ကြီးတွင် ဆရာတော်ကြီးများ ဓမ္မသဘင်ကျင်းပနိုင်ရေး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ တစ်နည်း


ဗုဒ္ဓဂယာတွင် အမှတ်တရ
နဂါးတစ်ထောင် ဦးကြည်ဝင်း


မန္တလေး မဟာမြတ်မုနိဘုရားက
ရေတော်ဆရာတော်ဘုရားကြီး

ဓမ္မအကျိုးဆောင်ဆိုလည်း မှားမည်မထင်ပါ။ စာရေးသူအား ဗုဒ္ဓဂယာမသွားမီ (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလတွင် ဗုဒ္ဓဂယာသို့ နောက်တစ်ခေါက် လိုက်ပါနိုင်ရန် မေတ္တာရပ်ခံလာပါသည်။ စာရေးသူ တတ်ထားသော ဟိန္ဒူ၊ ဘင်္ဂါလီ စကားတို့က ဈေးဝယ်ရာတွင် ဘုရားဖူးများအတွက် အသုံးတည့်သောကြောင့် ဖြစ်ပါသည်။ လေဆိပ်နှင့် လေယာဉ်ပေါ်တွင်လည်း ဗီဇာကိစ္စ၊ လေယာဉ်လက်မှတ်ကိစ္စ၊ Air Line Reservation တို့တွင် စာရေးသူက ဝင်ရောက်ကူညီပေးလှူရှိသောကြောင့် ဖြစ်ပါသည်။

သို့သော် စာရေးသူသည် ဟောခန်းမှ ရုတ်တရက်စွန့်ခွာရန်ကား မဖြစ်နိုင်ပါ။ ရက်ချိန်းများဖြင့် ပြည့်နေသဖြင့် ဗေဒင်မေးသူများအတွက် စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။ မဟ္တရာဆရာတော်ဘုရားကြီးက မင်းတုန်းမင်းကြီးအား မိန့်သလို "ငါက ခွေးနို့စို့သလို ဖြစ်နေပြီ။ ဒကာတော်ရေမြေ့ရှင်က ဘုရားဖူးဖို့ စီစဉ်ပေးပေမယ့် ငါမရှိရင် ငါ့ကိုမှီနေတဲ့ စာသင်သားတွေ နို့ငတ်သလို

www.burmeseclassic.com

ဖြစ်မှာပေါ့' ဟူ၍ ဖြစ်ပါသည်။ စာရေးသူအား မှီခိုနေသော ခေတ်စေး ပရိသတ်အတွက် အသီးတစ်ရာ အညှာတစ်ခု ဖြစ်နေပါတော့သည်။

နဂါးတစ်ထောင် ဦးကြည်ဝင်းသည် မြကျောက် ဆရာတော် ဘဒ္ဒန္တအရှင်ခေမာစာရ အဂ္ဂမဟာသဒ္ဓမ္မဇော တိကဓဇနှင့်အတူ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိရာ (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလတွင် ဗုဒ္ဓဂယာ ၌ ရတနာဃရရွှေစံအိမ်တွင် မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ်ကကဲ့သို့ ရည်မှန်း၍ အသံမစဲ ပဋ္ဌာန်းပွဲကို (၇)ရက်တိုင် ကျင်းပနိုင်ခဲ့ပါသည်။ မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ ရိုက်ကူးရေးဝန်ထမ်းများကလည်း မြကျောက် ဆရာတော်နှင့်အတူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာခရီးစဉ်ကို Documentary အဖြစ် ရိုက်ကူးနိုင်ခဲ့ပါသည်။ ဦးကြည် ဝင်းက တာဝန်ခံ ခေါ်ဆောင်သွားပြီး အင်တာဗျူးများကို လည်း ဖြေကြားဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုဆိုလျှင် ဗုဒ္ဓဂယာခရီးစဉ်ကို (၉)ခေါက်မြောက် နိဗ္ဗာန်ကူးတို့ကဲ့သို့ မေတ္တာဖြင့် သွားလာခဲ့ရပါသည်။ ထူးခြားသော ပါရမီရှင် ဟု ဆိုရပါမည်။



နဂါးတစ်ထောင် ဦးကြည်ဝင်း
မန္တလေးမဟာမြတ်မုနိဘုရားကြီးအား ရေတော်ကပ်လှူစဉ်



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် မာန်အောင်စေတီ ဌာပနာရန် ဗုဒ္ဓရုပ်ပွားတော်၊ ဓာတ်တော်၊ ထီးတော် လှူခဲ့ (ဆရာဦးကြည်ဝင်း၏ နဂါးတစ်ထောင်ဓာတ်နန်းတွင် အမှတ်တရ)

မြကျောက်ဆရာတော်သည် ရန်ကုန်မှာရှိစဉ် ပုံမှန် သီတင်းသုံးလျက်ရှိသော မင်းကွန်းရှိ မြကျောက်ကျောင်း တွင် ဆရာတော်အား ဖူးမြော်ရင်းနီးခွင့်ရသလို မြကျောက် ရေတော်ကို အာယုဒါနအဖြစ် ဝေနေယျတို့အား ပေးလှူ လျက်ရှိပါသည်။ ဆရာတော်ကြီးအား သိက္ခာထပ်မင်္ဂလာ တွင်လည်း စာရေးသူကိုယ်တိုင် ပါဝင်၍ လုပ်အားဒါနပြု ပါသည်။ ဆရာဦးကြည်ဝင်း၏ မိတ်ဆက်အကျိုးဆောင် ပေးမှုကြောင့် ဖြစ်ပါသည်။

မြကျောက်ဆရာတော် ဦးဆောင်မှုဖြင့် မန္တလေးမဟာ မြတ်မုနိတွင် ရေတော်ဆရာတော်နှင့်အတူ မျက်နှာသစ် တော်ရေ ကပ်လှူခြင်း၊ ရွှေချခြင်းတို့ကို ဆရာဦးကြည်ဝင်း က အနီးကပ် လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်။ ဗုဒ္ဓသာ သနာကို တစ်ဖက်တစ်လမ်းမှ ချီးမြှင့်ချီးမြှောက်ခြင်းဖြစ် ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင်လည်း ရတနာအင်ကြင်းတောင်၌ မာန်အောင်စေတီတော်ကို ကျောက်ဆရာတော်နှင့်အတူ တည်ထားကိုးကွယ်ခြ



www.burmeseclassic.com

www.burmeseclassic.com



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင်
အင်ကြင်းတောင် မာန်အောင်စေတီ ဌာပနာစဉ်နှင့်
ထီးတော်တင်ခဲ့စဉ်



အင်ကြင်းတောင်တွင် ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော
မဟာဗောဓိညောင်ပင် စတင်စိုက်ပျိုးခြင်း အခမ်းအနား



အင်းလေးဖောင်တော်ဦးဘုရား ရေသာကျောင်းတော်
ဓာတ်တော်များလှူဒါန်းစဉ်

...တော်တင်ခြင်း၊ ဌာပနာတို့တွင် ငွေအား၊ လူအား တစ်တပ် ...င်အား ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြကျောက်ဆရာ ...တော်၏ သာသနာပြုခရီးစဉ်တိုင်းတွင် အမြဲပါဝင်ဆောင် ...ရွက်လျက် ရှိပါသည်။ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော ...ဗောဓိပင်ပွားကိုလည်း စိုက်ပျိုးခဲ့ပါသည်။ တစ်ဖန် ...ကျောက်သဘော်စေတီတော်တည်ခြင်း၊ ထီးတင်ခြင်း၊ ဌာ ...ခြင်းတို့ကိုပါ တစ်ဆက်တည်း ဆောင်ရွက်ခဲ့ပါသည်။ ...ဝါခရီးသည် နဂါးတစ်ထောင်ဦးကြည်ဝင်းသည် ရေ ...ခရီးမှနေ၍ ရတနာအင်ကြင်းတောင်သို့ မာန်အောင် ...တော်အတွက် ထီးတော်ကို ပင့်ဆောင်ပူဇော်ခဲ့ပါ ... ရောက်လေရာအရပ်တွင် ဘုရားစေတီတိုင်း၌ မြတ် ...ရား၏ သရီရဓာတ်တော်များကို ဌာပနာစေလျက် ...နာရောင်ဝါ ထွန်းစေခဲ့ပါသည်။ ကိုယ်ကျိုးမဖက် ...ဝေနေယျအတွက် ဆောင်ရွက်နေသော သာသနာပြု ... ဖြစ်ပါသည်။

...မ်းပြည်နယ် အင်းလေးဖောင်တော်ဦးဘုရားအနီးရှိ ...ကျောင်းတွင် ဆရာတော်ကြီးနှင့် ဘုရားဖူးများ

www.burmeseclassic.com



ပထမအောင်မြေမှ ရရှိခဲ့သည့် အဘဘိုးမင်းခေါင်၏
ယော်ရုပ်သွင် ရှားပါးဓာတ်ပုံ



ပထမအောင်မြေမှ ရရှိခဲ့သည့် အဘဘိုးမင်းခေါင်၏
ယော်ရုပ်သွင် ရှားပါးဓာတ်ပုံ

ဖူးမြော်နိုင်ရန်အလို့ငှာ ဓာတ်တော်များကိုလည်း လှူဒါန်းခဲ့ပါသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖောင်တော်ဦးဘုရားပွဲတော်တွင် ဆရာတော်ဘုရား၏ အထူးဖိတ်ကြားခြင်းခံရသော ပုဂ္ဂိုလ်ထူးပင် ဖြစ်ပါတော့သည်။ တစ်ခါတစ်ရံတွင်

အထက်ပုဂ္ဂိုလ်များ၏ အိပ်မက်အရသော်လည်းကော
တိုက်တွန်းချက်အရသော်လည်းကောင်း ဂန္ဓာရီခရီးမျ
ထွက်ရသည်လည်း ရှိပါသည်။ ရှေးဟောင်းဘုရားမျ
ပြုပြင်မွမ်းမံခြင်း၊ ထီးတော်တင်ခြင်းတို့ကို မြန်မာပြ



ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ ကိုးသိန်းကိုးသန်းရှင်ဘုရားတွင်
ထီးတင် အခမ်းအနား

တစ်နံတစ်လျား သွားလာဆော
ရွက်ခဲ့ရပါသည်။

မုံရွာ ဗောဓိတစ်ထောင်ဆ
တော်ဘုရားကြီး၏ စေခိုင်း
အရ မုံရွာမြို့ ဗောဓိတစ်ထော
တွင် သာသနာပြုခရီးစဉ်အတ
ကန်တော့ပလ္လင်(ဘုရား) အ
အဘဘိုးမင်းခေါင်၏ ပထမအေ
မြေသို့ ရောက်ရှိသွားပါသည်
သို့ရောက်ရှိသွားသောအခါ အ
ဘိုးမင်းခေါင်၏ ဝေနေယျ
တပည့်တစ်ဦး၏ ကူညီမှုဖြ

www.burmeseclassic.com

www.burmeseclassic.com

၏ ငယ်ရုပ်ဓာတ်ပုံကို ကူးယူခွင့် ရရှိခဲ့ပါသည်။ အလွန်ရှားပါးသော ဓာတ်ပုံ(၂)ပုံ ဖြစ်ပါသည်။ အဘဘိုးမင်းခေါင်၏ ဒုတိယအောင်မြေမှာ မိုးညှင်းသမ္ဗုဒ္ဓေတွင် ဖြစ်ပါသည်။ နဂါးတစ်ထောင် ဦးကြည်ဝင်း၏ ကျေးဇူးကြောင့်ပင် အဘဘိုးမင်းခေါင်၏ ငယ်ရုပ်သွင် ရှားပါးဓာတ်ပုံ(၂)ပုံကို စာရေးသူ ရရှိခဲ့ပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့တွင် ကိုးသိန်းကိုးသန်းရှင် ဘုရားထီးတော်ကို မြကျောက်ဆရာတော်မှ ဦးဆောင်၍ တင်နိုင်ခဲ့ပါသည်။ သိုက်ဆက်ပုဂ္ဂိုလ်များ၏ ဖိတ်မန္တကပြုမှုကြောင့်ဟု သိရပါသည်။ ကိုးသိန်းကိုးသန်းသော သိုက်နန်းရှင်များက ဆရာတော်ကြီးအား လျှောက်ထားသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ထီးတင်ခြင်း၊ ဌာပနာခြင်းတို့ကို ဆရာတော်ကြီး၏ တပည့်ဒကာရင်းဖြစ်သူ ဦးကြည်ဝင်း နဂါးတစ်ထောင်မှ လိုက်ပါကြီးကြပ် ဆောင်ရွက်နိုင်သလို ဆောင်းရှာဖွေထားသော ဗုဒ္ဓသရီရ ဓာတ်တော်များကိုလည်း ဌာပနာခွင့် ရရှိခဲ့ပါသည်။ အလားတူပင် ပုဂ္ဂိုလ်ကြီးများ၏ တာဝန်ပေးစေခိုင်းချက်အရ မွန်ပြည်နယ်သို့ (၅-၄-၂၀၁၇)ရက်နေ့တွင် ခရီးမထွက်ခွာခင် စာရေးသူအား တကူးတကဖိတ်ခေါ်ပြီး နဂါးတစ်ထောင် ဦးကြည်ဝင်း၏ ဓာတ်နန်းတွင် သာသနာပြုခရီးစဉ်အကြောင်း ရှင်းပြပြီး ဓမ္မလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

ဘုရားတည် သာသနာပြု အကျိုးဆောင်လျက်ရှိသော ပုဂ္ဂိုလ်များသည် သာသနာပြုရန် ကိစ္စများအတွက် အကူအညီတောင်းခံနိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉ ၄၀၂ ၆၉၅ ၉၇၄၊ ၀၉ ၇၃၀ ၇၃၈၈၆ ဖြစ်ပြီး နဂါးတစ်ထောင်ဓာတ်ခန်းမှာ (၁၈၉/အေ) (၅၂) လမ်းသွယ်၊ သုခလမ်း၊ လှိုင်မြို့နယ် ဖြစ်ပါသည်။ သူတော်စင်ပုဂ္ဂိုလ်ကြီးများ ဓာတ်ခန်းဖြစ်ပြီး သာသနာ့အကျိုးဆောင်လျက်ရှိပါကြောင်း မေတ္တာဖြင့် ရေးသားဖော်ပြလိုက်ပါသည်။


မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆



# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့်
ပရိမိတ္တဇာလသုတ် ပါဠိတော်



အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

www.burmeseclassic.com

www.burmeseclassic.com

# ရေလက်ကြား၊ ဆင်အောင်းမသားနှင့် ဗုဒ္ဓကျမ်းဂန်လာ အောင်းသတ္တဝါ

ကိုကိုလတ်(ဆည်မြောင်း)

တလောလေးက ဂမ္ဘီရဆိုင်ရာ အကြောင်းအရာများ ရေးသားသည့် လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်အား ဖတ်ရှုကြည့်ရာ ၎င်းစာအုပ်ထဲတွင် ဗဟုသုတလိုလားသူ စာရေးဆရာတစ်ဦးက ၎င်းအနေဖြင့် သိရှိလိုသည့် **'ရေမှာလက္ကျား၊ ဆင်မှာ အောင်းမသား'** ဆိုသည့် စကားရပ်များ၌ လက်ကြားရေဆိုသည်မှာ မည်သည့်ရေမျိုးကိုခေါ်ကြောင်း၊ ဆင်မှာ အောင်းမသားဆိုသည်မှာ မည်သို့သော တိရစ္ဆာန်မျိုးအား ခေါ်ဆိုသည်ကို မသိပါ။ ထို့ကြောင့် ဤစကားရပ်များနှင့် ပတ်သက်၍ သိရှိလိုပါသဖြင့် သိရှိသူများမှ မေတ္တာ၊ စေတနာထား၍ ရေးသားဖော်ပြပေးပါရန် မေတ္တာရပ်ခံထားသည်ကို ဖတ်ရှုမိပါသည်။

ထို့ပြင် မြတ်စွာဘုရားက ရဟန်းတော်များ မစားအပ်သော အသားကြီး (၁၀)မျိုးထဲတွင် ပါဝင်သည့် **'အောင်းသား'** ဆိုသည်မှာ ဘယ်လိုအကောင်မှဖြစ်သော အသားဖြစ်ပြီး **'အောင်းကောင်'** ကိုလည်း သိလိုပါသည်။ အသားကြီး (၁၀)မျိုးနှင့် **'အောင်းသတ္တဝါအသား'** မည်ကဲ့သို့ဆက်စပ်နေသည်ကိုပါ သိလိုပါသည်ဟု ထပ်မံမေးမြန်းထားသည်ကိုလည်း ဖတ်ရှုရပါသည်။ ထို့ကြောင့် ဤစာရေးသူမှ မေးမြန်းသူရှိသဖြင့် ထိုမေးခွန်း မေးမြန်းသူသိရှိလိုသမျှ အချက်များအား မေးမြန်းသူ ကျေနပ်နှစ်သက်သည်အထိ သိရှိစေလိုသော စေတနာနှင့် အခြားဗဟုသုတလိုလားသော သူများအားလည်း မိမိသိရှိသလို သိရှိစေလိုသော စေတနာများဖြင့် မိမိဖတ်ရှုလေ့လာ မှတ်သားဖူးသော ဗဟုသုတများအား ဖော်ပြအပ်ပါသည်။

ဤနေရာ၌ အထူးတင်ပြလိုသည်မှာ ကျွန်တော်သည် ကျွမ်းကျင်သော စာပေအသိပညာရှင်တစ်ဦး မဟုတ်သလို စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ်ကျွမ်းသော ပညာရှင်တစ်ဦးလည်း မဟုတ်ပါ။ သာမန် ဆည်မြောင်းအင်ဂျင်နီယာတစ်ဦးသာ ဖြစ်ပါကြောင်းကို ရှေးဦးပဏာမအနေဖြင့် ရိုးသားစွာ ဝန်ခံအပ်ပါသည်။ ထို့ကြောင့် ကျွန်တော်

၏ ဖြေကြားချက်တွင် အမှားအယွင်းတစ်စုံတစ်ရာ ပါရှိ
ပါက ထောက်ပြဝေဖန်မှုများပေးပါလျှင် လေးစားစွာဖြင့်
လက်ခံနာယူသွားမည် ဖြစ်ပါသည်။

မေးမြန်းထားချက်များအား အောက်ပါအတိုင်း ဖြေ
ကြားပေးအပ်ပါသည်။

**ရေလက်ကြား**

ရှေးပညာရှိကြီးများနှင့် လူကြီးသူမများသည် စကား
ပြောဆိုဆက်ဆံရာနှင့် ဆိုဆုံးမမှုများ ပြုသောအခါ လူ
အများ နားလည်လွယ်စေရန်အတွက် သဘောသဘာ
တူညီတတ်သော အကြောင်းအရာများကို ဥပမာဥပမေယျ
များဖြင့် နှိုင်းယှဉ်ခိုင်းနှိုင်း၍ သုံးစွဲလေ့ရှိခဲ့ကြပါသည်။
ထိုသို့ နှိုင်းယှဉ်ခိုင်းနှိုင်းသုံးစွဲလေ့ရှိသော စကားများအနက်
**ရေလက်ကြား၊ ဆင်အောင်းမသား**ဟူသော စကားလည်း
အပါအဝင် ဖြစ်ပါသည်။

ကမ္ဘာ့သမုဒ္ဒရာကြီးများအတွင်း၌ ဦးတည်ရာအ
မျက်နှာ တစ်ဖက်တည်းသို့ ရေစီးနှုန်း တစ်မျိုးတည်းဖြ
စီးဆင်းနေသော ရေစီးကြောင်းများရှိသကဲ့သို့ အချို့သ
ရာကြီးများအတွင်း၌ ဦးတည်ရာအရပ်အမျိုးမျိုးမှ ရေ
နှုန်းအမျိုးမျိုးဖြင့် စီးဆင်းလာကြသော ရေစီးကြောင်း
သည် ၎င်းသမုဒ္ဒရာ၏ တစ်နေရာတွင် ထိပ်တိုက်တွေ့
မိပြီးနောက် ဦးတည်ဘက် အမျိုးမျိုးသို့ ရေစီးနှုန်း အ
မျိုးဖြင့် ပရမ်းပတာစီးဆင်းနေသော **ရေရပ်ဝန်း**တစ်ခု
ပေါ်လာစေသည်။ ၎င်းသမုဒ္ဒရာရပ်ဝန်းကို **လက်ကြား**
ခေါ်ပါသည်။ ပင်လယ်သမုဒ္ဒရာတို့ကို ကူးဖြတ်သည့်
လယ်ကူးသင်္ဘောကြီးများသည် သမုဒ္ဒရာ၏ အခြား
များတွင် ခုတ်မောင်းရာ၌ အခက်အခဲများ မရှိကြ
လည်း ၎င်း**လက်ကြား**ကို ဖြတ်ကူးရာတွင် (ရေစီး
ဦးတည်ဘက် အမျိုးမျိုးနှင့် ရေစီးအရှိန်အဟုန် အ
စီးဆင်းနေမှုများကြောင့်) သင်္ဘောများကို ခက်
ထိန်းကျောင်းမောင်းနှင်နိုင်မှသာ ၎င်း**လက်ကြား**ကို



www.burmeseclassic.com

www.burmeseclassic.com

ကူးနိုင်သည်။ ထို့ကြောင့် လက်ကြားသည် သင်္ဘောများကို ထိန်းချုပ်မောင်းနှင်ရန် အလွန်ခက်ခဲသည့် **ရပ်ဝန်းဒေသ**တစ်ခုဖြစ်သည်။ ၎င်း**လက်ကြား**ကိုပင် **ရေလက်ကြား**ဟုလည်း ခေါ်ပါသည်။

မြန်မာနိုင်ငံတွင် **ရေလက်ကြား**ဟု ခေါ်ဆိုရလောက်အောင် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းခုတ်မောင်းရန် အလွန်ခက်ခဲသည့် **ရေပြင်ရပ်ဝန်း** မရှိပါ။ **ရေလက်ကြား**ဟူသော ဝေါဟာရမှာ ကမ္ဘာ့ပထဝီဝင်မှ ဝေါဟာရတစ်ခုဖြစ်ပါသည်။ ကျွန်တော် လေ့လာမှတ်သားမိသလောက်ဆိုလျှင် ကမ္ဘာပေါ်၌ အလွန်ထင်ရှားကျော်ကြားသော ရေလက်ကြားကြီးနှစ်ခု ရှိပါသည်။

၎င်းတို့မှာ-

- ဂျီဘရော်တာရေလက်ကြား (The Straits of Gibratar) နှင့်
- မက်ဂျယ်လန်ရေလက်ကြား (The Magellan Straits) တို့ ဖြစ်ပါသည်။

ကမ္ဘာ့အဆင့်တွင် အထက်ပါ ရေလက်ကြားနှစ်ခုလောက် နာမည်မကြီးသော်လည်း (၂၀၁၇)ခုနှစ်တစ်နှစ်အတွင်း၌ ပင်လယ်ဓားပြတိုက်မှု (၁၉၈)ကြိမ်ဖြစ်ပွားခဲ့သောကြောင့် ယခုနှစ်ပိုင်းအတွင်း နာမည်ကြီးလာသော ရေလက်ကြားတစ်ခုမှာ အင်ဒိုနီးရှားနိုင်ငံဘက်မှ **မလက္ကာရေလက်ကြား** ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ အင်ဒိုနီးရှားနိုင်ငံ အစိုးရမှ ၎င်း**မလက္ကာရေလက်ကြား**အတွင်းသို့ ရေယာဉ်များဖြင့် ကင်းလှည့်ပေးနေရသည်။

ရှေးက ရေးသားခဲ့သော ပထဝီဝင်စာအုပ်များတွင် '**ရေလက္ကြား**'ဟု ရေးသားခဲ့ကြသည်။ သိရှိလိုသူ မေးမြန်းထားသော '**ရေမှာ လက်ကျွား**' ဆိုသော ဝေါဟာရကို ကျွန်တော် မတွေ့ဖူးပါ။ ကျွန်တော်လေ့လာမှု အားနည်းခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ရှေးက ပထဝီဝင်စာအုပ်များတွင် ရေးသားသော '**ရေလက္ကြား**' အား '**ရေလကျွား**'ဟု မှားယွင်း၍ စာစီပုံနှိပ်မိခြင်း ဖြစ်ပါသည်။

**ဆင်အောင်းမသား**

ထိုစကားသည် ဆင်သမားများ၏ ဝေါဟာရတစ်ခုဖြစ်ပါသည်။ တောဆင်ရိုင်းများကို အနီးကပ်ကြိုးကွင်းဖြင့် ပစ်၍ ဖမ်းဆီးခြင်း ပြုလုပ်ရာ၌ အထူးသင်ကြားလေ့ကျင့်ပေးထားသော ဆင်ယဉ်ကို '**ဖန်တီ**'ဟု ခေါ်သော ဆင်ဦးစီးက စီး၍ တောဆင်ရိုင်းအုပ်အတွင်းသို့ ရောနှောဝင်ရောက်သွားကာ မိမိဖမ်းလိုသော ဆင်ရိုင်းအား အနီးကပ် ကြိုးကွင်းဖြင့် ပစ်၍ ဖမ်းဆီးလေ့ရှိပါသည်။ ထိုသို့ တောဆင်ရိုင်းအုပ်ထဲသို့ ရောနှောဝင်ရောက်နိုင်ရန် အထူးလေ့ကျင့်ပေးထားသည့် (တည်ကြက်ကဲ့သို့ အသုံးပြုခြင်းခံရသော) '**တည်ဆင်**'(ဖမ်းဆင်)ကို '**အောင်းဆင်**'ဟု ခေါ်ပါသည်။ အချို့က '**ကွန်ကျီ**'ဟု ခေါ်ပါသည်။ အောင်းဆင်ကို ရွေးချယ်ရာ၌ ဆင်မများကိုသာ ရွေးချယ်လေ့ရှိပါသည်။ ဆင်ထီးကို ရွေးချယ်ခဲ့ပါက တောဆင်ရိုင်းများနှင့်တွေ့လျှင် (ရန်လိုတတ်သောကြောင့်) အန္တရာယ်များပြီး ၎င်းဆင်အား ထိန်းချုပ်ရန် ခက်ခဲတတ်ပါသည်။ ထို့ကြောင့် '**အောင်းဆင်**'အဖြစ် ရွေးချယ်ရာတွင် သန်မာထွားကျိုင်းပြီး ကျန်းမာရေးနှင့် အရွယ်ကောင်းမွန်သည့် ဆင်မကိုသာ ရွေးချယ်လေ့ရှိကြပါသည်။ ၎င်း '**အောင်းဆင်**'ကိုပင် (အမများကို အသုံးပြုလေ့ရှိသဖြင့်) '**အောင်းမ**'ဟုလည်း ခေါ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ သန်မာထွားကျိုင်းပြီး ကျန်းမာရေးကောင်းမွန်သည့် **'အောင်းမ'**များ မရရှိနိုင်သည့် အခါမျိုး၌ သန်မာထွားကျိုင်းပြီး ကျန်းမာရေး ကောင်းမွန်ကာ အရွယ်ကောင်းသည့် စွယ်စုံဆင်အထီးကို **'အောင်းဆင်'** အဖြစ် အသုံးပြုကြသည်။ ထိုကဲ့သို့ ဆင်အထီးကို **'တည်ဆင်'** (အောင်းဆင်)အဖြစ် အသုံးပြုလျှင် ၎င်း**'တည်ဆင်'**ကို **'အောင်းမသား'**ဟု ခေါ်ပါသည်။ ဆင်ရိုင်းဖမ်းရာတွင် တည်ဆင်(ဖမ်းဆင်)အဖြစ် 'အောင်းမသား'ကို အသုံးပြုလျှင် (ဆင်ရိုင်းများ ဖမ်းနေစဉ်ကာလအတွင်း၌) ၎င်းဆင်ကို ထိန်းချုပ်ရန်၊ ဆုံးမပဲ့ပြင် ကိုင်တွယ်ရန် ခက်ခဲပါသည်။

ထိုကဲ့သို့ ထိန်းချုပ်ရန် ခက်ခဲခြင်း၊ (တစ်နည်း) ဆိုဆုံးမမှု၊ ပဲ့ပြင်မှုများ ပြုလုပ်ရန် ခက်ခဲခြင်း ဂုဏ်ပုဒ်များ တူညီနေပုံကို ထပ်တူပြုလိုသောကြောင့် ရေနှင့်ပတ်သက်လျှင် **'လက်ကြား'**၊ ဆင်နှင့်ပတ်သက်လျှင် **'အောင်းမသား'**ဟု ထပ်တူပြုတင်စား၍ ရေးသားခဲ့ခြင်းဖြစ်သည်။ မှတ်ရလွယ်ကူစေရန်အတွက် **'ရေမှာ လက်ကြား'**၊ **'ဆင်မှာ အောင်းမသား'**ဟူ၍ ရေးသားခဲ့ကြသည်။ ၎င်းတို့အား ရှောင်ရန်အတွက် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

**ဗုဒ္ဓကျမ်းဂန်လာ 'အောင်း'သတ္တဝါ**

**အောင်းသတ္တဝါ**နှင့် ပတ်သက်၍ ရေးဦးစွာ တင်ပြရလျှင် အောင်းသတ္တဝါ (၂)မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ **'ပျားအောင်း'**ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ **'သားအောင်း'**ဖြစ်ပါသည်။ **'ပျားအောင်း'**သည် သစ်ခေါင်းများတွင် ခိုအောင်း၍ အုံဖွဲ့နေတတ်ပါသည်။ ၎င်း**'ပျားအောင်း'**မျိုးမှာ မိုးကုတ်မြို့ပတ်ဝန်းကျင်တွင် ရှိတတ်ပြီး ၎င်းအရပ်ဒေသမှ လူများသည် **'ပျားအောင်း'**ငယ်များနှင့် **'ပျားအောင်း'**ကောင်လေးများအား ဟင်းလျာလုပ်၍ စားသောက်တတ်ကြပါသည်။

ကျွန်တော့်ကိုယ်တွေ့အားဖြင့် (၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလထဲတွင် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ သစ်တောကြိုးဝိုင်းများအတွင်း၌ ၎င်း**'ပျားအောင်း'**ကို တွေ့ရှိခဲ့ဖူးပါသည်။ အရွယ်အစားမှာ ရိုးရိုးပျားထက် သိသိသာသာ သေးငယ်ပါသည်။ မြတ်စွာဘုရားရှင်က ရဟန်းများ မစားအပ်သော အသားအဖြစ် ပညတ်ထားသည့် အောင်းသတ္တဝါမှာ ဒုတိယအမျိုးအစားဖြစ်သည့် **'သားအောင်း'**ဖြစ်ပါသည်။

၎င်း**'သားအောင်း'**နှင့် ပတ်သက်၍ ရှေးယခင် မောင်းထောင်သာသနာပိုင် လက်ထက်မှစ၍ ဝိဝါဒအမျိုးမျိုး ကွဲပြားခဲ့ဖူးပါသည်။ အချို့က အင်္ဂလိပ်လို Yak ဟု ခေါ်သည့် ကျွဲနှင့် သဏ္ဌာန်တူသော တိဗက်အမွေး ရှည် နွားမျိုးကို မြန်မာတို့က **'စာမရီ'**ဟုလည်းကောင်း **'အောင်း'**ဟုလည်းကောင်း ခေါ်ကြောင်း။

အချို့က ခွေးကြီးပမာဏခန့်ရှိသော မည်းနက်သော အရေးအကြောင်းရှိသည့် (သုနခဇ္ဈဌ) ခွေးကျားမျိုးကို **'အောင်း'**ဟု ခေါ်ကြောင်း။

အချို့က **တရစ္ဆ**မည်သော **'အောင်း'**ကို ဝံပုလွေဟု ဘာသာပြန်ခဲ့ကြကြောင်း။

အချို့ကလည်း ဝံပုလွေကိုပင် ဝံအမည် တပ်ထား သော်လည်း ဝံအမျိုးအနွယ်မဟုတ်၊ တောခွေးအနွယ်သာ ဖြစ်သည်။ မြေမှာ အောင်းနေတတ်သည်။ ညချမ်းအခါ များတွင် ပလွေမှုတ်သကဲ့သို့ မြည်တတ်ပြီး ဝံသတ္တဝါလို ကြမ်းကြုတ်တတ်သည်ကို အစွဲပြု၍ ဝံပုလွေဟုခေါ် ကြောင်း။

အချို့ကလည်း (ဝက္ခက်၊ ပန်းကွက်၊ လင့်စင်၊ အင်ကျား)စသည့် ကျားသစ်အမျိုးမျိုးရှိသည့်အနက် တစ်ကိုယ်လုံး မည်းမှောင်ပြီး အရေပေါ်မှာ အမည်းစင်း ရေး ထင်နေသည့် ကျားသစ်နက်(သစ်ကျုတ်)ကိုခေါ်ကြောင်း စသည်ဖြင့် အမျိုးမျိုးယူဆ၍ ရေးသားလာခဲ့ကြရာ ယခု ခေတ်၌ ထီးချိုင့်မြို့ တည်တော ဆရာတော်ဘုရားကြီးက ၎င်းအယူအဆအမျိုးမျိုးတို့အား ယထာဘူတကျစွာ ရှင်းလင်းထားသော ကောက်ချက်များသည် မှတ်သားဖွယ် ကောင်းပါသည်။

ရှေးဦးစွာ **'စာမရီ'**နှင့် **'အောင်းကောင်'**အတူတူ သော ယူဆချက်ဖြင့် ရေးသားထားချက်များအား ရှင်းလင်းရာတွင် 'စာမရီ'ကို ပါဠိဘာသာအားဖြင့် 'စမ ဟုခေါ်ပြီး 'အောင်းကောင်'ကို 'တရစ္ဆ'ဟု ခေါ်သည့် အတွက် 'စာမရီ'နှင့် 'အောင်းကောင်' အတူတူမဟုတ် ကြောင်း၊ ထို့အပြင် 'စာမရီ'သည် နွားမျိုး သစ်ရွက်စား သတ္တဝါဖြစ်ပြီး 'အောင်း'မှာ အသားစားသတ္တဝါဖြစ် 'စာမရီ'နှင့် 'အောင်း'ကို မတူညီဟု မှတ်သင့်ကြော ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ဝံပုလွေသည် 'အောင်း'သတ္တဝါ မဟုတ်ကြောင်း ရှင်းလင်းဖော်ပြရာ၌ 'အောင်း'သားကို ရဟန်းတော်များ မစားအပ်သော်လည်း ဝံပုလွေသားကိုမူ စားအပ်ကြောင်း မဟာဝဂ္ဂ-ဌ၊ ၃၇၆ လာ '**သုနခမံ သင္ဂိတ္တေ အရညကောကာနာ သနခသဒိ သာတေဘ္ဂိတေသံ မံသံ ဝဋ္ဋတိ**'ဟု ဖွင့်ပြထားကြောင်း၊ အဓိပ္ပာယ်မှာ သုနခမံသခေါ် ခွေးသားကို ရဟန်းများ မစားအပ်သော်လည်း **အရညကောက** မည်သော ခွေးနှင့်တူသည့် ဝံပုလွေသားကိုမူ စားအပ်ကြောင်း ပါရှိသဖြင့် ဝံပုလွေသည်လည်း အောင်းသတ္တဝါ မဟုတ်ကြောင်း တိတိလင်းလင်း ဆုံးဖြတ်ပေးခဲ့ပါသည်။

ဤကဲ့သို့ ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီးက အချို့ကို ပါဠိအခေါ်အဝေါ်များဖြင့် ညှိနှိုင်း၍လည်းကောင်း၊ အချို့ကို မြတ်စွာဘုရား၏ ပညတ်ချက်တော်ခုတည်၍ ညှိနှိုင်းချင်းဖြင့်လည်းကောင်း တိကျပြတ်သားစွာ သုံးသပ်၍ ဆုံးဖြတ်ပေးမှုများအရ **ဗုဒ္ဓကျမ်းဂန်လာ အောင်းသတ္တဝါဆိုသည်မှာ မြန်မာနိုင်ငံ၌ ကျားသစ်အမျိုးအနွယ်ဝင် သစ်ကျူတ်ဟု ခေါ်သော သားရဲ၏အမည်ဟု ဆိုထားပါသည်။** ထို့ကြောင့် အောင်းကောင်ဆိုသည်မှာ သစ်နက်(သစ်ကျူတ်) ဖြစ်ပါသည်။ အောင်းသားဆိုသည်မှာ ၎င်းသစ်နက်(သစ်ကျူတ်)၏ အသားကို ခေါ်ခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားမှ ရဟန်းတော်များ မစားသုံးရန် ပညတ်ထားသော အသားကြီး (၁၀)မျိုးတွင် အောင်းသားလည်း ပါဝင်ပါသည်။ မြတ်စွာဘုရား ပညတ်ခဲ့သည့် ရဟန်းများ မစားအပ်သည့် အသားကြီး (၁၀)မျိုးမှာ (၁) လူသား၊ (၂) ဆင်သား၊ (၃) မြင်းသား၊ (၄) ခွေးသားသား (၅) ကျားသား၊ (၆) ကျားသစ်သား၊ (၇) ဝံသား၊ (၈) မြွေသား၊ (၉) ခွေးသား၊ (၁၀) အောင်းသားဟူ၍ ဖြစ်ပါသည်။ ဤအသား(၁၀)မျိုးမှာ ရဟန်းများအတွက်သာ မစားကောင်း၊ မစားသင့်ဟု ပညတ်ထားခဲ့ခြင်း ဖြစ်ပါသည်။ လူများနှင့် မသက်ဆိုင်ပါ။ သို့ရာတွင် လူများလည်း ရှောင်ကြဉ်နိုင်လျှင် ကောင်းပါသည်။

မြတ်စွာဘုရားက ဤကဲ့သို့ အသား(၁၀)မျိုးကို ရဟန်းများ ရှောင်ကြဉ်ရန် ပညတ်ခဲ့ရခြင်း အကြောင်းမှာ လူသားသည် အမျိုးဇာတ်တူနေခြင်းကြောင့် ပညတ်ရခြင်း ဖြစ်ပါသည်။ ဆင်နှင့်မြင်းမှာ မင်း၏အင်္ဂါများဖြစ်သဖြင့် ဆင်သားနှင့် မြင်းသားကို ပညတ်ခဲ့ရခြင်း ဖြစ်ပါသည်။ မြွေသားနှင့် ခွေးသားမှာ ရွံအပ်သောကြောင့် ပညတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသားနှင့် အောင်းသားတို့ကို ပညတ်ရခြင်းမှာ ၎င်းအသားများကို စားသုံးလျှင် တောထဲ၌ တရားကျင့်ကြံနေသော ရဟန်း၏ ခန္ဓာကိုယ်မှထွက်သော ချွေးနံ့၊ ကိုယ်နံ့စသည်တို့မှာ စားသောက်ခဲ့သည့် သားကောင်၏အနံ့များ ထွက်နေတတ်သဖြင့် ကျန်ရှိသည့် မျိုးနွယ်တူ သားကောင်များမှ အနံ့ခံ၍ လိုက်လာပြီး တိုက်ခိုက်ရန်မူတတ်သောကြောင့် တောထဲ၌ တရားကျင့်ကြံသည့် ရဟန်းတော်များ၏ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးသည့်အနေဖြင့် ပညတ်ခဲ့ရခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ပညတ်ခဲ့သော အသားကြီး(၁၀)မျိုးနှင့်ပတ်သက်၍ အခြားမှတ်သားဖွယ်တစ်ခုမှာ ရဟန်းတော်များသည် ပညတ်ထားသော အသား(၁၀)မျိုးကို စားမိပါက ထိုစားမိသော ရဟန်းသည် အာပတ်သင့်မှုများ ရှိပါသည်။ ၎င်းအာပတ်များမှာ လူသား(ဇာတ်တူသား)ကို စားမိပါက ထုလ္လစ္စဉ်းအာပတ်သင့်ပါသည်။ ကျန်(၉)မျိုးသော အသားကို စားမိသော ရဟန်းသည် ဒုက္ကဋ်အာပတ်သင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြတ်စွာဘုရားက ရဟန်းတော်များအား ပညတ်ထားသော အသား(၁၀)မျိုးနှင့်ပတ်သက်၍ ပညတ်ရသည့် အကြောင်းအပြင် ကျူးလွန်သည့်ရဟန်း၏ အပြစ်အာပတ်ဆောင်ပုဒ်ကိုလည်း လေ့လာသူများ အလွယ်တကူ မှတ်သားနိုင်ရန် ဖော်ပြအပ်ပါသည်။

၎င်းဆောင်ပုဒ်မှာ-

'လူမှာဇာတ်ချင်း၊ ထုလ္လစ္စဉ်းတည်း၊ မြင်းနှင့်ဆင်မှာ မင်းအင်္ဂါဖြစ်၊ သစ်ကျားလည်းကောင်း၊ ဝံအောင်းခြင်္သေ့၊ ဘေးရန်တွေ့တတ်၊ ရွံအပ်ခွေးမြွေ၊ ဒုက္ကဋ်ပေ၊ ဆင်ထွေမအပ် အသားတည်း'ဟူ၍ ဖြစ်ပါသည်။

**ကိုကိုလတ်(ဆည်မြောင်း)**

<u>**ကိုးကား**</u> (၁) တည်တောဆရာတော်ကြီး၏ ဘာသာရေးဆောင်းပါးများ။

(၂) ဆရာတော် ရဝေထွန်း၏ ဘာသာရေးဆောင်းပါးများ။



www.burmeseclassic.com

www.burmeseclassic.com

# သစ္စာချိုပီယ (ကရဝိက်ငှက်) လက်ဖွဲ့အစီအရင်

——ပုရောဟိတ် ဆရာဦးမြတ်

တစ်နေ့ အရှင်သံဝရကျောင်းသို့ ဗေဒင်လက္ခဏာ ဟောပြောခြင်းဖြင့် အသက်မွေးမြူသော ပညာရှင်အမျိုးသမီးတစ်ဦး ရောက်လာပါသည်။ ဆရာတော်၏ မိတ်ဆက်ပေးမှုကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မိတ်ဆက်ခွင့်ရကြပါသည်။ စာရေးသူအားလည်း ၄င်းတတ်သိနားလည်ထားသော ဗေဒင်လက္ခဏာပညာဖြင့် ဟောပြောပေးပါသည်။ မည်သို့ဆိုစေ ပရိသတ်နှင့် ထိတွေ့ဆက်ဆံနိုင်သော အရည်အချင်း၊ မိမိသိထားတတ်ထားသော အတတ်ပညာဖြင့် ဉာဏ်စွမ်းရှိသရွေ့ ဟောပြောပေးခြင်းကို စာရေးသူက အသိအမှတ်ပြုသည့်အနေဖြင့် ဉာဏ်ပူဇော်ခ(၅)ကျပ် ချီးမြှင့်လိုက်ပါသည်။

ဆရာတော်ကျောင်းသို့လာ၍ ဆရာတော်ထံ လာရောက်ဖူးမြော်သော လက္ခဏာပညာရှင်မှာ ထားဝယ်ဘက်မှ ဒေါ်ကြူဟု သိရပါသည်။ ဗေဒင်ထက် လက္ခဏာကို ပို၍အားသန်ကြောင်း သိရပါသည်။ ဒေါ်ကြူထံသို့ ဗေဒင်မေးပရိသတ် များလာအောင် ဆရာတော်ထံမှ မျက်နှာပွင့်ဆေး တစ်နည်း ပီယဆေး လာရောက်တောင်းခံခြင်းဖြစ်ပါသည်။ တံပေါင်းလပြည့်၊ တန်ဆောင်မုန်းလပြည့်ကဲ့သို့ နေ့ကြီးရက်ကြီး သကြန်အခါတွင်းများတွင်လည်း ဆရာတော်၏ ဆေးပွဲများနှင့် ကြုံလျှင်လည်း နဖူး၊ ဆံစပ်၊ နှုတ်ခမ်းတို့တွင် အာဏာတည်ဆေး မျက်နှာပွင့်ဆေးများ ထိုးနံ့လေ့ရှိပါသည်။ အပျိုကြီး တစ်ကိုယ်တည်း အသက် (၅၀)ခန့်ဖြစ်၍ အပြောအဆို အနေအထိုင် တည်ငြိမ်ရင့်ကျက်သည်ဟု ဆိုရပါမည်။

ဆရာတော်အား အပတ်စဉ် ကုသိုလ်ယူပို့ဆောင်ပေးနေသော ကားလေးသည် ကျောင်းပေါက်ဝသို့ ရောက်ရှိနေပါသည်။ ကိုယ်ပိုင် မော်တော်ကိုဗစ် ဆလွန်းကားလေးဖြစ်ပါသည်။ ချက်ကိုစလိုဗက်နိုင်ငံမှ ထုတ်လုပ်ပါသည်။ ယခုအခါ ထိုကားလေးများ မရှိတော့ပါ။ ဆရာတော်အား အလျဉ်းသင့်သလို ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ... ကမ္ဘာအေး စသည့် ဆရာတော်ခါတ်ကျရာဘုရားသို့ လိုက်... လံပို့ဆောင်ပေးလေ့ရှိပါသည်။ ကားပိုင်ရှင်က ကိုယ်တိုင်... ကားမောင်းလေ့ရှိပြီး သူ့မိသားစုက နောက်မှ လိုက်ပါလေ့... ရှိသလို မလိုက်သည့်အခါလည်း ရှိပါသည်။

ယခုအပတ်တွင် ကုသိုလ်ရှင် ကားမောင်းသူတစ်ဦး... သာ လိုက်ပါလာသဖြင့် ဆရာတော်၊ စာရေးသူနှင့် ဗေဒင်... လက္ခဏာပညာရှင် ဒေါ်ကြူတို့ လိုက်ကြပါသည်။ ဗေဒင်... လက္ခဏာပညာရှင် ဒေါ်ကြူက ဆရာတော်အား ကရဝိက်... စားသောက်ဆိုင်တွင် ဒါနအလှူအဖြစ် အချိုရည်ကပ်မည်... စာရေးသူတို့အား အိုက်စကရင်မ်ကျွေးခြင်းဖြင့် ဒါန... မည်ဟုဆိုကာ လိုက်လာပါသည်။

ရွှေတိဂုံသို့ဦးတည်၍ သွားကြပါသည်။ ရွှေတိဂုံ... ဘုရား အောင်မြေတွင် ပုတီးစိပ်ခြင်း၊ ဂါထာမန္တန်ရွတ်... ခြင်း၊ မေတ္တာပို့ အမျှဝေခြင်း ပြုပါသည်။ ထို့နောက်... တောင်ဘက်မုခ်မှဆင်းကာ ကုသိုလ်ရှင်၏ ကားလေးနှင့်... ပင် ဒေါ်ကြူ၏ မေတ္တာရပ်ခံချက်အတိုင်း ဗဟန်းအဝိုင်း... ကိုဖြတ်၍ ဘုတ်ကလပ်(Boat Club) ထန်းပင်တန်း... ၍ ကရဝိက်ဖောင်စားသောက်ဆိုင်ရှိရာ ကန်တော်ကြီး... ကားကို ဦးတည်မောင်းနှင်လာပါသည်။ ထိုစဉ်က ဘုတ်... ကလပ်သာရှိပြီး ကန်တော်ကြီးဟိုတယ် မရှိသေးပါ။

ကရဝိက်ဖောင်စားသောက်ဆိုင် အမှန်တော့ ... ဝိက်ဟိုတယ်တွင် စာရေးသူတို့အား ရုပ်ရှင်မင်းသမီး ... ပြုံး၏ ဆံထုံးပုံစံ အိုက်စကရင်(မ်)ကို ကန်တော့ခွက်ဖြင့်... ကျွေးပါသည်။ ဆရာတော်ကိုတော့ သံဘူးအချိုရည်ပေါ်... စုံစပ်ထားသော Cocktail အချို ဆက်ကပ်ပါသည်... တကယ်တော့ ဆီးဖျော်ရည်နှင့် လိုင်း(မ်)ဂျူး(စ်) သံ... Lime Juice တို့ ရောစပ်ထားခြင်းသာ ဖြစ်ပါသည်... တကယ်သံဘူးဖျော်ရည် မဟုတ်ပါ။ ဝိနည်းအရ ...



www.burmeseclassic.com

www.burmeseclassic.com

ပီယ(ကရဝိက်ငှက်)လက်ဖွဲ့အစီအရင်



**ပီယ(ကရဝိက်ငှက်)**
**လက်ဖွဲ့အစီအရင် အရံဂါထာ**

ဉုံ..ရာဇမန္တိ အအာဘူတံ၊
ဣဉ္စိမြဟွာ သုခါဝဟာ၊
ဥဦလဟု၊
အဲစ မနလာဘံ၊
ဩသြော်သိဒ္ဓိ ကမ္မရာဇာ၊
ပီယံ ဘဝန္တု သွာဟာ ယျကပ်။
(၃၇ အုပ်)

ရာရင်(မ်) ဘုဉ်းပေးခွင့် မရှိပါ။

ဆရာတော်က အချိုရည်ကပ်သော ဒေါ်ကြူအား ကရဝိက်ဟိုတယ်တွင် အအေးကပ်သဖြင့် ကရဝိက်ငှက် ပီယအဆောင်ကို စီရင်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။

ဒေါ်ကြူလည်း မှီရသောမျက်နှာဖြင့် -

'အရှင်ဘုရား..ကရဝိက်အဆောင် အစီအရင်အတွက် လိုအပ်တာများ မိန့်ပါဘုရား၊ တပည့်တော် ဒကာကိုမြတ်စံ အကူအညီနှင့် ဝယ်ယူဖြည့်ဆည်းထားပါမယ်ဘုရား' ဟု လျှောက်တင်လိုက်ပါသည်။

နောက်တစ်နေ့ နံနက်စောစော ဆရာတော်ကျောင်းသို့ သွားမိ ဒေါ်ကြူနှင့် ချိန်းဆိုထားသော သဃ်န်းကျွန်းဈေး တွင် အုန်းသီး(၂)လုံး၊ သီးမွေးငှက်ပျောသီး(၅)ဖီး၊ ရခိုင် ငှက်ပျောသီး(၃)ဖီးတို့ကို အရင်ဝယ်လိုက်ပါသည်။ အုန်း၊ ငှက်ပျောရောင်းသော ဆိုင်ရှင်မှာလည်း အရှင်သံဝရ၏ တပည့်ဖြစ်ပါသည်။ ဆရာတော် ဝယ်ခိုင်းလိုက်သည်ဆို၍ ငွေဆံမယူပါ။ သို့သော် ဒေါ်ကြူက သူ၏ အလှူဖြစ်ကြောင်း အုန်းသီး၊ ငှက်ပျောသီးဖိုးကို ယူရန် မေတ္တာရပ်ခံ ပြောဆိုပါသည်။

လိုအပ်သော အောင်သပြေ၊ စံပယ်ပန်း၊ ရွှေပန်း၊ ငွေပန်း၊ နှင်းဆီပန်း စသည်တို့ကို ဖြည့်စွက်ဝယ်ယူကြပါသည်။ ကြက်သွန်ကြော်၊ နှမ်း၊ လက်ဖက်အပြင် အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကိုပါ တစ်ပါတည်း ဝယ်ယူခဲ့ပါသည်။ ကျောင်းသို့ ရောက်သောအခါ ငှက်ပျောသီး၊ အုန်းသီးတို့ကို သေချာစွာ ဆေးကြောသန့်စင်ပါသည်။ ဘုရားပွဲအတွက် အုန်းသီး(၁)လုံး၊ သီးမွှေးငှက်ပျောသီး (၅)ဖီးဖြင့် ပွဲပြင်လိုက်ပါသည်။ နောက်တစ်ပွဲက အုန်းသီး တစ်လုံး၊ ရခိုင်ငှက်ပျောသီး သုံးဖီးဖြင့် ပညာပွဲတစ်ပွဲကို ပြင်လိုက်ပါသည်။ စားပွဲပေါ်တွင် ပိတ်ဖြူ၊ ပိတ်နီခင်းပြီး ဘုရားပွဲ၊ ပညာပွဲကို ဆက်ကပ်လိုက်ပါသည်။ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်းတို့ကို (၂)ပွဲပြင်ပြီး ကန်တော့ပွဲ အသီးသီးရှေ့တွင် တင်မြှောက်လိုက်ပါသည်။ ပန်းအိုးများ တွင် အောင်သပြေပန်းနှင့် ကန်တော့ပွဲတွင် အောင်သပြေ၊ စံပယ်၊ နှင်းဆီတို့ကိုစိုက်၍ လှူလိုက်ပါသည်။ ကျောင်း တွင် အဆင်သင့်ရှိသော တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကို ဘုရားပွဲတွင် ကပ်လှူလိုက်ပါသည်။

www.burmeseclassic.com

ဆရာတော်၏ ဓာတ်ခန်းတွင် ပြင်ဆင်ခြင်းဖြစ်၍ အမျိုးသမီးဒေါ်ကြူ မဝင်ရပါ။ ဆရာတော်နှင့် စာရေးသူသာ ရှိကြပါသည်။ ဆရာတော်က အဆင်သင့်ဆောင်ထားသော ကြေးကမ္ဗဝါပြားပေါ်တွင် ကရဝိက်ပီယအစီအရင်ကို စတင်စီရင်ပါသည်။ ဆရာတော်က မစီရင်မီ သဗ္ဗပီယအစီအရင်ဖြစ်၍ ရာဇ၊ ပုရိသ၊ ဣတ္ထိ၊ ခုနစ်နေ့သားသမီးတို့ မြင်သမျှ ချစ်ခင်ကြင်နာစေသည့် သဗ္ဗသျှိုအဆောင်ဖြစ်ကြောင်း ရှင်းပြပါသည်။

ဆရာတော်က စီရင်ပြီးသောအခါ ကန်တော့ပွဲရှေ့တွင် ဆောင့်ကြောင့်ထိုင်၍ ကရဝိက်ပီယအစီအရင် ကြေးပြားကို ကိုင်မြှောက်ကာ အရုံဂါထာဖြင့် သုံးဆယ်ခုနစ်အုပ် ဦးချ၍ရွတ်ကာ သိဒ္ဓိတင်ပါသည်။

ထို့နောက် စာရေးသူဘက်လှည့်ကာ 'ဒကာမြတ်စံပဲ ကန်တော်ကြီးထဲက ကရဝိက်ဖောင် ကရဝိက်ဟိုတယ် ဦးခေါင်းနားကိုသွားပြီး အခု ဆရာတော်ရွတ်တဲ့ ဂါထာကို (၃၇)အုပ်ရွတ်ပါ။ တနင်္ဂနွေနေ့ကစပြီး တစ်နေ့တစ်ခေါက်သွားပါ။ (၇)နေ့သားသမီးအတွက် ချစ်ခင်စေရန် (၇)ရက်သွားရပါမည်'ဟု မိန့်ပါသည်။

ထိုအခါ စာရေးသူလည်း အပြင်တွင်စောင့်နေသော ဒေါ်ကြူအား ဆရာတော် အမိန့်ရှိသည့်အတိုင်း ရှင်းပြလိုက်ပါသည်။

ဒေါ်ကြူကလည်း ဆရာတော်မိန့်သည့်အတိုင်း လိုက်နာဆောင်ရွက်မည်ဟု ပြောပါသည်။ စာရေးသူအတွက် အိမ်နှင့် ကရဝိက်ဟိုတယ်နီးသဖြင့် သွားလာရေး မခက်ခဲသော်လည်း ဒေါ်ကြူက သန်လျင်တွင် နေထိုင်သဖြင့် အခက်ခဲရှိပါသည်။ ရေလမ်းခရီး ဃီတာသဘော်ကိုသာ အားထားရသဖြင့် စာရေးသူကသာ နေ့စဉ် ကရဝိက်ဟိုတယ်သို့ သွားရောက်ဆောင်ရွက်ရန် ပိုက်ဆံ(၅၀၀)ကျပ် ထုတ်ပေးပါသည်။ စာရေးသူလည်း နေ့စဉ် ကရဝိက်တွင် မှန်မှန်စားရင်း ကရဝိက်ပီယအဆောင်ကို သွားရောက်သိဒ္ဓိတင်ပေးလိုက်ပါတော့သည်။

မေတ္တာရည်၍
**ပုရောဟိတ် ဆရာဦးမြတ်စံ**
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆


**ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ**

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော



**ဆရာမကြီး ဒေါ်မိုးမိုး**

**စိတ်မနေ့အာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**
ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း
မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊
ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး
အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၈၃၂ ၅၂၀ ၊ ၀၉ ၄၂၀ ၂၁၈၈




www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# အကြွေးပူကိစ္စဟူသမျှ အေးစေလိုက ဓာတ်ယတြာချေကြ

တစ်နေ့တွင် ကျွန်ုပ်ဗေဒင်ဟောသော ကြံတိုင်းအောင် ဗေဒင်ဟောခန်းသို့ အမျိုးသမီးတစ်ဦး ရောက်လာသည်။ ကျွန်ုပ်က သူ၏ မွေးသက္ကရာဇ်ကိုမေးပြီး တွေ့မြင်သမျှကို ဟောပြောရန် စတင်လိုက်သောအခါ သူမက "ဆရာ·· အဓိကကတော့ ငွေအကြွေးကိစ္စ ကြည့်ပေးပါ။ ကျွန်မ ရစရာရှိတာတွေ အမြန်ပြန်ရချင်တယ်"ဟု ပြောဆိုလာပါသည်။

လွန်ခဲ့သော(၁၀)နှစ်ကျော်ခန့်က စာရေးသူ အကြွေးငွေပြဿနာ ဖြစ်ဖူးသည်။ နောက်ဆုံး ရဲစခန်းရောက်သွားသောအခါ တာဝန်ကျရဲက "ခင်ဗျားပေးတုန်းက ကိုယ့်သဘောနှင့်ကိုယ်ပေးတာ အခုမှ ရဲကို အကြွေးလာတောင်းခိုင်းရတာလား"ဟု တာဝန်ကျေစွာ ပြန်ပြောခဲ့ပါသည်။

နောက်ဆုံး တရားရုံးတင်လိုက်သည်။ လောကီပညာဖြင့် ဓာတ်ဆင်သည်။ တစ်နှစ်ကျော် ကြာသွားသည်။ အကြွေးငွေ အကုန်ပြန်ရသည်။ အချို့မှာ ယူတုန်းကတော့ ပြုံးရွှင်စွာ ပြောဆိုပြီး လာယူကြသည်။ ပြန်ပေးခါနီးမှာ မျက်နှာအချိုးပုံစံ ပြောင်းသွားသည်။

လောကတွင် ဘာအကြွေးမှမရှိတာ အလွန်အေးချမ်းပါသည်။ ဆရာတော်ဘုရားကြီးအချို့က အကြွေးကင်းကွာ လွန်ချမ်းသာဟု ဟောဆိုဖူးသည်။ အကြွေးဆိုသည်မှာ ကိုယ်က သူများထံမှ ယူထား၊ ချေးထားပြီး ပြန်မဆပ်နိုင်၍ ပူရသော ကြွေးပူ၊ ကိုယ့်ငွေ ပြန်မရသောကြောင့် ပူရသော ကြွေးပူဟူ၍ အဓိကနှစ်မျိုး ရှိပါသည်။

မိမိ ရငွေနှင့် သုံးငွေ မျှတအောင် သုံးစွဲသင့်ပါသည်။ အချို့က ကြွေးတင် ရှင်ဘုရင်ဆပ်ဟု ပြောကြသည်။ အကြွေးတင်နေသူများ အကြွေးကြေအောင် ရှင်ဘုရင်နှင့် မိဖုရားပုံ ချိတ်ဆွဲဆောင် ထားခိုင်းသည်။ ဓာတ်ပန်းချီယတြာဟု ဆိုကြသည်။

စာရေးသူလည်း အတိုးမက်ပြီး ငွေချေးဖူးသလို ရင်းနှီးသော မိတ်ဆွေကို ကူညီလိုက်တာ လည်းရှိသည်။ နောက်ဆုံး လွယ်လွယ်ကူကူ ပြန်မရ။ ဓာတ်ရိုက်ဓာတ်ဆင်လုပ် ပြန်တောင်းရသည်။ တစ်ခါတည်း တစ်ကြိမ်တည်း ပြန်မရခဲ့ပေ။ သုံးလေးကြိမ်ခွဲပြီး ပြန်ပေးသည်။ ဗေဒင်မေး ပရိသတ် အချို့လည်း အကြွေးယတြာ တောင်းကြသည်။ ထိုအထဲတွင် (၁၀)ဦးမှာ (၉)ဦး အကြွေးရချင်သူတွေ များသည်။ လောလောဆယ် ပြန်မဆပ်နိုင်သေးပါက ခေတ္တဆိုင်းငံ့ထားစေရန်လည်း ဓာတ်ဆင်ယတြာ ပြုလုပ်နိုင်ပါသည်။ အကြွေးနှင့် ပတ်သက်သောယတြာ တစ်နည်းမဟုတ်တစ်နည်း အခြေအနေ ကြည့်ကာ ပြုလုပ်ရသည်။

ဇာတာရှင်၏ သက်ရောက်တိုင်တွင် တနင်္လာနံ (၂)ဂဏန်း အခြေအနေမကြည့်ဘဲ ဆုံးဖြတ်လို့ မရတာလည်း ရှိသည်။ စာရေးသူ ကိုယ်တိုင်လည်းလုပ်၊ ပရိသတ်ကိုလည်း ပြုလုပ်ပေးသော ယတြာများကို ဖော်ပြပေးလိုက်ပါသည်။ စာတွေ့ထက် လက်တွေ့များ ဦးစားပေးထားသည်။

**ကြွေးပူအေးစေရန်ယတြာ**

မာလကာသီး(၇)လုံး (သို့မဟုတ်) (၇)စိပ်ကို ပန်းကန်တစ်ခုတွင်ထည့်၍ ဘုရားကပ်လှူပါ။ ရေတော်တစ်ခွက်လည်း ထည့်ကပ်ပါ။ မန်ကျည်းဖျော်ရည်တစ်ခွက် ထည့်လှူပါ။ မိမိမွေးနေ့မှစ၍ (၇)ရက်ဆက်လှူရပါမည်။ ရေတော်၊ မန်ကျည်းဖျော်ရည် နေ့စဉ် လဲပေးပါ။ မာလကာသီးအလုံး

www.burmeseclassic.com

လိုက်ဆိုပါက ဆက်ကပ်ထား၍ရသည်။ အစိပ်ဆိုပါက နေ့စဉ် လဲပေးပါ။

မန်ကျည်းဖျော်ရည်ဘူးလည်း ရသည်။ ထိုသုံးမျိုး ကပ်လှူပြီး မေတ္တာသုတ်(၉)ခေါက် ရွတ်ဆိုပါ။ နမောတောဂါထာ ပုတီးတစ်ပတ်စိပ်ပါ။ မေတ္တာသုတ် အလွတ်မရပါက ပရိတ်စာအုပ်ထဲမှ ကြည့်၍ ရွတ်ဆိုပါ။




**နမောတောဂါထာ (နေလဂါထာ)**

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။

သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ ပုတီးတစ်ပတ် စိပ်ပါ။

ရစရာ၊ ပေးစရာ အကြွေးပူ အေးစေရန် ဆုတောင်းပါ။ တစ်ပတ်ပြုလုပ်လျှင် သိသာထင်ရှားလာမည်။

**ကြွေးမြီကိစ္စ ရှင်းလင်းစေသောယတြာ**

ဇာတာရှင်သည် ရွှေတိဂုံဘုရား (သို့မဟုတ်) မိမိပတ်ဝန်းကျင်ရှိ တန်ခိုးကြီးဘုရား တစ်ဆူဆူသို့ နံနက်(၈)နာရီ အရောက်သွားကာ မိမိမွေးနံထောင့်ဂြိုဟ်တိုင်တွင် (၈း၁၅)နာရီအချိန်၌ အိမ်တွင်းဆိုင်းတစ်ခု ချိတ်ဆွဲလှူဒါန်းပြီး အောင်သပြေပန်း၊ ဖယောင်းတိုင်(၅)တိုင် ထွန်းညှိပူဇော်ပါ။ ငါးပါးသီလခံယူ၍ သောဘဂ်ဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချဖြင့် (၉)ပတ်တိတိ စိပ်ရမည်။

ပြီးလျှင် "ရွှေတိဂုံဘုရားကြီး..ဘုရားတပည့်တော် ငွေကြေးကိစ္စ အကျဉ်းအကျပ် ဖြစ်နေပါတယ်ဘုရား။ တစ်ဖက်မှ ငွေရှင်က ရုံးတိုင်တယ်၊ အမှုလုပ်မယ်လို့ အတင်းအကျပ် ဖြစ်နေပါသဖြင့် ခေတ္တရပ်ဆိုင်းထားပေးပါ ရွှေတိဂုံဘုရားကြီးဘုရား" သုံးကြိမ်သုံးခါ ဆုတောင်းရမည်။

ဆုတောင်းရာတွင် ငွေပြန်တောင်းသူအား စိတ်ဖြင့် ဖော်ကြည့်ပြီး ဆုတောင်းရမည် ဖြစ်သည်။

သောဘဂ်ဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ (၉) ပတ်တိတိစိပ်ခြင်းကို ပထမတစ်ရက် ဘုရား၌စိပ်ပြီး ကျန်ရက်များတွင် မိမိနေအိမ်မှာပင် အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်ရပေမည်။ အခက်အခဲ အသီးသီးအောင်မြင်၊ ကြွေးမြီကိစ္စ ရှင်းသွားပါမည်။ လောလော ဆယ် မပေးနိုင်သေး၍ ခေတ္တဆိုင်းငံ့ထားခြင်း သဘောပါ၊ နားလည်ပါ။ ပြန်မပေးချင်စိတ်ဖြင့် မပြုလုပ်အပ်ပေ။

အချို့သူကို စာရေးသူ ကြီးလေးကြီးအင်းပါ တွဲလုပ်ခိုင်းသည်။ ထိုအင်းက ရေအနီးမှာ မြှုပ်ထားရသည်။ လွတ်နေသော အကွက်မှာ လိုရာဆန္ဒ ရေးရသည်။

လွတ်နေသော အကွက်လေးကွက်မှာ (လက်ဝဲ)ဘက်က အောက်မှစ၍ ကြွေးပူအေးစေဟု ရေးပါ။ အလယ်မှာ မိမိမွေးနံ ကိန်းဂဏန်း ရေးပါ။ (သို့မဟုတ်) ကြွေးတောင်းသူ စနေသား၊ မိမိက ဗုဒ္ဓဟူးဆိုပါက (၇၄)ဟု ရေးပါ။ ငွေပြား၊ ကြေးပြား၊ ကတ်ထူပြား၊ စက္ကူ၊ ပလတ်စတစ်လောင်း အဆင်ပြေသလို ရေးပါ။ ရေစိုခံဖို့ အရေးကြီးသည်။ ထိုအင်းကို ရေကန်နှင့် နီးစပ်သော

**ကြီးလေးကြီးအင်း**

| | | | | |
|---|---|---|---|---|
| က | ဏီ | ဋ္ဌီ | | ဃ |
| | ဃု | ကာ | ဏု | ဋ္ဌိ |
| ဏိ | ဋ္ဌာ | နံ | ဃာ | ကိ |
| ဃီ | ကု | ဏာ | ဋ္ဌု | |
| ဋ္ဌ | | ဃိ | ကီ | ဏ |



www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ မြေကြီးတူး၍မြှုပ်ပါ။ နံနက်နေမထွက်ခင် ဆောင်ရွက်ရမည်။ ကြွေးပူအေးပါက ကြွေးပြန်ဆပ်နိုင်အောင် ကြိုးစားရမည်။ တစ်ခါတည်း မပေးနိုင်၊ ခွဲဆပ်ပါဂလည်း ကာယကံရှင်က ကျေနပ်ပါမည်။

အကြွေးအမြန်ပြန်ရလိုပါက ကြွေးပြန်ရစေဟု ရေးပါ။ မိုင်းကိုင်စက္ကူမှာရေးပြီး ဖယောင်းတိုင်ပတ် မီးပူဇော်နိုင်သည်။ ဥပမာ-မိမိက တနင်္ဂနွေသား၊ အကြွေးပေးရမည့်သူက စနေသားဆိုပါက အလယ်ကွက်မှာ (၁၇)ရေးပါ။ ကြေးပြားဆိုပါက ဖယောင်းတိုင်တင်ထွန်းနိုင်သည်။ အနည်းဆုံး (၇)ရက်တစ်ပတ် မပျက်ဆောင်ရွက်ပါ။

အကြွေးစာရင်းစာရွက်ရှိပါက ထိုစာရွက်ကို သနပ်ပင်အညွန့်နှင့် မကြာခဏရိုက် ဆုတောင်းပါ။ စာရွက် ပေါ်မှာ တင်ထားပါ။ တစ်ပတ်ပြုလုပ်ပါ။ အညွန့်ခြောက်လျှင် အသစ်လဲပေးပါ။ တစ်နေ့ သုံးကြိမ် ရိုက်ပါ။


<u>**ဆုံးမလိုဖြစ်နေတဲ့ငွေ ပြန်ရစေသောနည်း**</u>

အင်္ဂါနေ့နံနက်စောစော (၇)နာရီ (၁၅)မိနစ်အချိန်တွင် မိမိတို့၏ အိမ်ဘုရား၌ ဆွမ်းတော်သုံးပွဲ၊ အောင်သပြေ(၁၀)ညွန့် ကပ်လှူရပါမည်။ ထို့နောက် ဖယောင်းတိုင်(၃)တိုင်ကို မီးထွန်းညှိပူဇော်ရမည်။ ပြီးလျှင် မိမိလက်ဝါးတွင် ပိုက်ဆံယူသွားသူ၏ အမည်နာမကို ရေးပါလေ။ ဆီတစ်စက်လည်း လက်ဝါးပေါ်တွင်ချပြီး ပွတ်ရမည်။

နောက်တစ်ဆင့်အနေနှင့် ငွေတစ်ထောင်တန်တစ်ရွက်ကို လက်ဝါးထဲထည့်ပြီး ရိုက်ကာ မိမိနှုတ်မှ 'ငါ့ငွေ ငါ့ထံ လာပေးစေ'ဟု ပြောရမည်။ ပြီးလျှင် လက်ဝါးနှစ်ဖက်ကို ထွန်းညှိထားသည့် ဖယောင်းတိုင်တွင် ခပ်နွေးနွေးကလေးကင်ပါ။ ကင်ပြီးလျှင် လက်ခုပ်(၆)ချက် တီးပါ။ ထိုသို့တီးရင်း မိမိ၏ လိုရာဆန္ဒကို အကျအနတောင်းရမည်။ သုံးပတ်သုံးကြိမ် ပြုလုပ်ပါ။ အဆင်ပြေလာပါမည်။ ကိုယ်တွေ့ဖြစ်သည်။

တနင်္လာနေ့နံနက်တိုင်း(နေ့တိုင်း) ခွေး၊ ခို၊ ငါး၊ ကျီး အစာကျွေးပါ။ အကြွေးပြန်ရစေသည်။ အထူးသဖြင့် တစ်ပတ်(၃)ရက် ခွေးစာကျွေးတာ ပိုကောင်းသည်။ မိမိမဟာဘုတ် အောက်တန်းနေ့နံနေ့များမှာ အဓိကကျွေးပါ။ တစ်လခန့် ကျွေးပြီးပါက ငွေပြန်ဝင်လာသည်။

အချို့လည်း အကြော်ငါးမျိုး ဘုရားလှူနိုင်းသည်။ ဘူးသီးကြော်မှလွဲ၍ ကျန်အကြော်ရသည်။ ကြာသပတေး၊ တနင်္ဂနွေ၊ သောကြာ သုံးရက်လှူ ဆုတောင်းပါ။ ကြက်သွန်ကြော်၊ ဘယာကြော် စသည်ဖြင့် ငါးမျိုးကို ဆိုလိုသည်။ မုန့်စိမ်းပေါင်း ဝယ်ရပါက ပန်းကန်တစ်ချပ်တွင် မုန့်စိမ်းပေါင်း ထည့်ပါ။ မုန့်စိမ်းပေါင်းထဲ ဖယောင်းတိုင်တစ်တိုင် စိုက်ထွန်းပါ။




အင်္ဂါ၊ ကြာသပတေး နှစ်ရက်ပြုလုပ် ဆုတောင်းပါ။ အကြွေးသွားတောင်းပါက တြိ၊ စတု ဘယ်ညာနင်းသွားပါ။ အကြွေစေ့တစ်စေ့ဆောင်သွားပါ။ ကျပ်စေ့ မဆောင်ရ။ အရမ်းခက်ခဲနေပါက နဝင်းပွဲလှူ၊ နဝင်း ယတြာချေပါ။ သုံးကြိမ်ပြုလုပ်လျှင် ကျိန်းသေထူးခြားသည်။

လောင်းကစားငွေများ အာမ,မခံပါ။ အထူးသဖြင့် ရာဟုမှ တနင်္လာ သက်ရောက်အထိ ပြုလုပ်ရတာ လွယ်ကူလျင်မြန်သည်။ ရာဟုသက်ရောက်နေသူ တန်းစီး၊ တိုင်ထိပ်ယတြာ၊ ရာဟု ယတြာနှင့် အကုန်ပြန်ရသွားသည်။ အင်္ဂါသက်ရောက်မှ ကြာသပတေးသက်ရောက် ခက်ခဲကြန့်ကြာတတ်ပါသည်။ စိတ်ရှည်ပါ။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော အခါသမယတွင် ကျွန်တော့်မဟိဒ္ဓိ ဗေဒင်ဟောခန်းသို့ မိတ်ဆွေကြီး မြသာဒွန်းဆိုသူ ရောက်လာလေသည်။ ကျွန်တော်ကမူ ဘကြီးဒွန်းဟု အလွယ်ခေါ်လေ့ရှိ၏။

ထိုဘကြီးဒွန်းသည် အင်မတန် စကားပြောပွင့်လင်း၏။ သွယ်ဝိုက်ပြီး မပြောဆို၊ ဒဲ့ပဲပြောတတ်သူဖြစ်သည်။ သူသည် အပူအပင်မရှိ၊ လူပျိုကြီး တစ်ကိုယ်တည်းသမားလည်း ဖြစ်ပေ၏။ ထို့ကြောင့်ပင် ကျွန်တော့်ဗေဒင်ဟောခန်းကို တစ်ပတ် တစ်ရက်နှုန်းနှင့် အမြဲလာလေ့ရှိသည်။ သူရောက်လာတိုင်းလည်း ကျွန်တော့်အတွက် ဗဟုသုတ တစ်မျိုးမဟုတ် တစ်မျိုးမျိုး အမြဲပေးတတ်လေ၏။

သို့ပေမယ့် ကျွန်တော်သည် ထိုဘကြီးဒွန်း ဆိုသူကို လာလည်းလာစေချင်သလို မလာလည်း မလာစေချင်ပေ။ အဘယ်ကြောင့်မူ သူရောက်လာလျှင် ဗဟုသုတရသည် မှန်သော်လည်း ရရှိသည့် ဗဟုသုတနှင့် မကာမိအောင် ပျစ်ပျစ်နှစ်နှစ် အပြောအဆို အဆူအငေါက်ခံရတတ်ခြင်းကြောင့်ပင်။ ထို့ကြောင့် လာစေချင်သလို မလာလည်း မလာစေချင်ဟု ပြောရခြင်း ဖြစ်သည်။

'ငါ့လူ ဗေဒင်ဆရာလေးရေ..အားအားရှိတိုင်း ဖုန်း ကိုချည်း ပွတ်ပွတ်မနေနဲ့။ မင်းကြည့်လိုက်ရင် ဖုန်းနဲ့မျက် နှာ ခွာကိုမခွာတာ တွေ့နေရတယ်။ ကြည့်လုပ် ကိုယ့်လူ ဒီကနေ့ ကမ္ဘာပေါ်မှာ ကလေး၊ လူကြီးမရွေး ဖုန်းကြောင့် မျက်စိအားနည်းကုန်ကြပြီတဲ့။ ကိုယ့်လူလည်း မျက်စိ ကွယ်သွားမယ်'

'ဘကြီးဒွန်း..ခင်ဗျားဟာလေ၊ အတော်ဩဇာ မာ လကာတွေ ပေးတတ်တာကိုး။ ကျုပ်ဆီကို မလာလိုက်နဲ့ လာလိုက်တာနဲ့ တန်းပြီးပွားတော့တာပဲ။ တကယ်တော့ ခင်ဗျားဟာ မပေါင်းသင့်တဲ့ လူတစ်ယောက်ပဲဗျ'

'ဟား..ဟား..ဟား..အတော်ရယ်ရတဲ့ ဗေဒင်ဆရာ လေးပဲ။ ကဲ..လုပ်စမ်းပါဦး။ မင်းပြောတဲ့ မပေါင်းသင့်

# သာထက်ဇော်(မကွေး)
# နိမိတ်အကြောင်း
# လေ့လာကြည့်ရာဝယ်





www.burmeseclassic.com

www.burmeseclassic.com

တဲ့ လူမျိုးထဲမှာ ငါက ပါတယ်ထားပါတော့၊ မပေါင်းသင့်တဲ့လူ ဘယ်နှစ်ယောက်ရှိသတုံး'

ဘကြီးဒွန်း၏ အမေးစကားကို ကျွန်တော် မည်သို့ဖြေဆိုရမည်မသိ ဖြစ်သွားမိသည်။ ထို့ကြောင့် လက်ထဲက ဖုန်းကို အနီးရှိ စားပွဲပေါ်တင်လိုက်ရင်း မကြားဟန်ပြုကာ ဟိုဟိုသည်သည် လျှောက်ကြည့်နေလိုက်၏။

'ဘယ့်နှယ်လဲ ဗေဒင်ဆရာလေးရဲ့၊ လုပ်စမ်းပါဦး။ မပြောတတ်တော့ဘူး မဟုတ်လား။ ကဲ..မှတ်ထား၊ မပေါင်းအပ်တဲ့လူ(၆)မျိုး ရှိတယ်ကွ။

(၁) ဆင်ခြေတွေ ခဏ,ခဏ ပေးတတ်တဲ့သူ၊ အဲဒီလူမျိုးက လူပျင်း။

(၂) နောင်တတွေ ခဏ,ခဏ ရနေတတ်တဲ့သူ၊ အဲဒီလူက လူဖျင်း။

(၃) အမှားတွေ ခဏ,ခဏ လုပ်တတ်တဲ့သူ၊ အဲဒီလူမျိုးက လူညံ့။

(၄) ကတိတွေ ခဏ,ခဏ ပျက်တတ်တဲ့သူ၊ အဲဒီ လူမျိုးက လူလိမ်။

(၅) မသမာမှုတွေ ခဏ,ခဏ ကျူးလွန်တတ်တဲ့သူ၊ အဲဒီလူမျိုးက လူယုတ်မာ၊

(၆) အချစ်တွေ ခဏ,ခဏ ပြောင်းချင်တတ်တဲ့သူ၊ အဲဒီလူမျိုးက လူညစ်တဲ့။

အဲဒီအထဲမှာ မင်းတော့ မသိဘူး၊ ငါမပါတာတော့ အသေအချာပဲ ကိုယ့်လူ'

'ထားပါတော့ဗျာ။ ဘကြီးဒွန်းကို ကျွန်တော် အရှုံးပေးပါတယ်။ ကျွန်တော် ဖေ့(စ်)ဘုတ်သုံးတာ၊ ဖုန်းသုံးတာက အချိန်ဖြုန်း၊ ငွေဖြုန်းနေတာ မဟုတ်ပါဘူး။ ကိုယ့်အတွက် ဗေဒင်ပညာရပ် တိုးပွားစေဖို့ ဆရာ့ဆရာကြီးတွေ တင်ထားတဲ့ ပို့(စ်)တွေကို ဖတ်တာပါ၊ စာဖတ်တာပေါ့။ ဒါလည်း ဘကြီးဒွန်းပြောသလို အချိန်အတိုင်းအတာမရှိ ကိုင်သုံးနေတာမျိုး မဟုတ်ပါဘူး။ အလွန်ဆုံးကြာလှ (၄၅) မိနစ်ပေါ့'

'အေး..စာဖတ်တယ်ဆိုလို့ ပြောရဦးမယ်။ စာကတော့ ဖတ်ရမှာပဲကွ။ ငါ့အယူအဆကတော့ ညစ်ညမ်းစာပေကလွဲရင် ဘယ်စာမျိုးမဆို ဖတ်သင့်တယ်လို့ ထင်တယ်။ စာဘာကြောင့်ဖတ်သင့်သလဲဆိုတော့ စိတ်ကောင်းတွေရှိလာဖို့ ဖတ်သင့်တယ်လို့ ဖြေရမှာပဲ။ နောက်ပြီး လောကဓံရဲ့ အထုအထောင်းဒဏ်တွေကို ခံနိုင်ရည်ရှိဖို့လည်း စာဖတ်ရမယ်။ စိတ်ဖိစီးမှုသက်သာဖို့ စာဖတ်ရမယ်။ ကိုယ်ချင်းစာတရား ဖြစ်ပေါ်လာစေဖို့ စာဖတ်ရမယ်။ လူညံ့မဖြစ်ဖို့ စာဖတ်ရမယ်။ လူတော်လူကောင်းဖြစ်ဖို့ စာဖတ်ရမယ်။ လောကတိုက်ပွဲမှာ မကျဆုံးဖို့ စာဖတ်ရမယ်ကွ။

အဲဒီလိုစာဖတ်ခြင်းကြောင့်လည်း အကျိုးကျေးဇူး(၇) မျိုးတောင် ရရှိစေနိုင်တယ်လို့ လေ့လာဖတ်မှတ်ဖူးသေးသကွ'

'ဘယ်လို(၇)မျိုးလဲ ဘကြီးဒွန်းရဲ့။ ပြောပြစမ်းပါဦး'

'ပြောပြမှာပေါ့ ကိုယ့်လူရာ။

(၁) ဦးနှောက်ယိုယွင်း ပျက်စီးမှုကို ကာကွယ်ပေးနိုင်တယ်။

(၂) စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်တယ်။

(၃) မှတ်ဉာဏ်ကို တိုးမြှင့်ပေးနိုင်တယ်။

(၄) ဘဝနေထိုင်နည်းကို ပိုမိုကောင်းမွန်ပြီး အောင်မြင်စေနိုင်တယ်။

(၅) အာရုံစူးစိုက်စေမှု ရရှိစေတယ်။

(၆) မသက်မသာဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို ခဏတာ အာရုံလွှဲပြောင်းပေးနိုင်တယ်။ နာကျင်မှုကို ဖြေဖျောက်ပေးနိုင်စွမ်းကို ရရှိစေတယ်။

(၇) စိတ်ဓာတ်ကျ အားငယ်နေမှုတွေကို ကုစားပေးနိုင်တယ်တဲ့'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဘကြီးဒွန်း။ အခုလို စာဖတ်ခြင်းအကျိုးကျေးဇူးတွေ ပြောပြပေးလို့ ဟောဒီမှာ ဘကြီးဒွန်းအကြိုက် နက်ကော်ဖီပူပူလေး သုံးဆောင်လိုက်ပါဦး'

ကျွန်တော်သည် ဘကြီးဒွန်းကို ကော်ဖီခွက်ကမ်းပေးလိုက်သည်။ ပြီးလျှင် ထောပတ်သုတ်ထားသည့် ပေါင်မုန့်သုံးချပ်အား ကြွေပန်းကန်ပြားတစ်ချပ်တွင် စီစီရီရီထည့်ရင်း သုံးဆောင်ဖို့ ပြောလိုက်၏။

ဘကြီးဒွန်းသည် ကော်ဖီကို တစ်ငုံမျှသောက်လိုက်ကာ-

'အင်း..ကိုယ့်လူဗေဒင်ဆရာလေးကတော့ တစ်ပတ်တစ်ခါ ကျူပ်ဆီကနေ ပညာတစ်ခုမဟုတ်တစ်ခု ရနေတော့တာပဲနော်။ ကောင်းပါတယ်၊ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွပ်မသေခင်အချိန်ထိ ကျုပ်သိသမျှ ပြောပြသွားမှာပါ'

'ပညာဆိုလို့ မေးရဦးမယ် ဘကြီးဒွန်းရေ၊ ဘကြီးဒွန်း အတိတ်နိမိတ်ဆိုတာကို ယုံကြည်သလား'

'ဟာ··ငါ့လူရ၊ ငါ့မပြောနဲ့ ငါတို့မြန်မာတစ်ပြည်လုံးက လူတွေ အတော်များများ ယုံကြတယ်ကွ'

'ဒါဖြင့် ဘကြီးဒွန်း မှားသွားပြီ။ မယုံတဲ့သူတွေလည်း အများကြီး'

'အေးလေ၊ မယုံတဲ့သူနဲ့ ယုံတဲ့သူ နှိုင်းယှဉ်ကြည့်ရင် ယုံတဲ့သူက ပိုများတယ်ကွ'

'ဟုတ်ပါ့မလားဗျ'

'ဟုတ်သမျှ ဟုတ်ဟုတ်ဟုတ်နဲ့တောင် မြည်သေးရဲ့မောင်။ ငါပြောပြမယ်။ ကားဆရာတိုင်းက သူတို့ကား ဘယ်အချိန် ရောက်မှာလဲလို့ မေးတာ မကြိုက်ကြဘူး။ ဆေးရုံ၊ ဆေးခန်း၊ ရုံးဝန်ထမ်းတွေက သူတို့ အလုပ်စားပွဲတွေကို တစ်စုံတစ်ခုနဲ့ လက်နဲ့တီးခေါက်တာ မကြိုက်ကြဘူး။ နံနက်စောစော အကြွေးလာတောင်းတာ ဘယ်သူမှ မကြိုက်ကြဘူး။ အများကြီး၊ အများကြီး။ ပြောပြရရင် ဆုံးမယ်မထင်ဘူး'

'ဘကြီးဒွန်း ပြောပြတော့လည်း ဟုတ်သလိုလိုပဲနော်'

'ဟုတ်သလိုလို မဟုတ်ဘူး ကိုယ့်လူ၊ မယုံရင် မင်းကိုယ်တိုင် လုပ်ကြည့်၊ သိသွားလိမ့်မယ်'

'ဒါဆို ဒီကနေ့ စကားဝိုင်းမှာ နိမိတ်အကြောင်း ပြောပြပေးပါလား ဘကြီးဒွန်း'

'ဒီလိုရှိတယ် ဗေဒင်ဆရာလေးရေ၊ နိမိတ်ဆိုတာ ကျုပ်တို့ မြန်မာလူမျိုးတွေမှာပဲ ရှိတာမဟုတ်ဘူးဗျ။ ယဉ်ကျေးမှုသမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ လူမျိုးတွေမှာ သူ့သတ်မှတ်ချက်နဲ့သူ နိမိတ်ကောက်နည်းအမျိုးမျိုး ရှိကြတယ်။ ကမ္ဘာပေါ်မှာ နိမိတ်ကောက်တတ်ကြတဲ့ အဓိကလူမျိုးကြီးတွေကတော့ ဥရောပတိုက်သားတွေရယ်၊ အီဂျစ်လူမျိုးတွေနဲ့ တရုတ်လူမျိုးတွေအပါအဝင် အိန္ဒိယလူမျိုးတွေပါပဲ။ ဘာသာအယူဝါဒတွေ၊ လူမျိုးတွေ၊ နေထိုင်ကျက်စားရာ အရပ်ဒေသတွေ ကွဲပြားကြလို့ နိမိတ်ကောက်တဲ့ အယူအဆတွေလည်း ကွဲပြားခြားနားကြတာပေါ့။ ကျုပ်တို့ မြန်မာလူမျိုးမှာလည်း မသိ,မတတ်တာ မရှိဘူးလို့ အသိအမှတ်ပြုခံရတဲ့ ကုန်းဘောင်ခေတ် နှောင်းတော်ကြီးမင်းတရား လက်ထက်မှာ အလွန်ကျော်ကြား ထင်ရှားခဲ့တဲ့ အတုလဆရာတော် ခင်ကြီးဖျော်၊ အယူ တော်မင်္ဂလာဦးနိုးတို့ဆိုတာ ပေါ်ပေါက်ခဲ့တယ် မဟုတ် လား။ နိမိတ်ကောက်နည်းကတော့ အတွေးအခေါ် အယူ အဆ အမျိုးမျိုးရှိကြတာပေါ့လေ။ ကျုပ်တို့ မြန်မာနိုင်ငံ အတွင်းမှာကိုပဲ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ ဗမာ ကယား၊ ရခိုင်၊ မွန် စတဲ့ တိုင်းရင်းသား အမျိုးမျိုးတွေရဲ့ နိမိတ်ကောက်တာချင်းလည်း မတူကြပါဘူး။ ကမ္ဘာပေါ် မှာ နိမိတ်ကောက်ကြတဲ့သူတွေဟာ သူတို့ သန်ရာ သန်ရာ နည်းတွေနဲ့ ကောက်ယူကြတယ်'

'ဘယ်လိုမျိုးတွေ ကောက်ကြတာလဲ ဘကြီးဒွန်းရေ ပြောပြစမ်းပါဦး'

ဘကြီးဒွန်းသည် ကျွန်တော့်အမေးကို မကြားဟန်ပြု ပြီး အနီးတွင်ရှိသော ထွေးခံကြီးထဲသို့ ကွမ်းတံတွေးကို ဗျောခနဲ ထွေးထုတ်လိုက်၏။ ပြီးလျှင် ရေအိုးစင်မှ ရေ တစ်ခွက်ကိုခပ်၍ ပလုတ်သုံးကြိမ် ကျင်းလိုက်သည်။

ထို့နောက် ခပ်ဝေးဝေးသို့ ဘာရယ်မသိ လှမ်းမျှော် ကြည့်လိုက်ရင်း-

'သိပ်လည်း ပညာလောဘ မတက်စမ်းပါနဲ့ ဗေဒင် ဆရာလေးရယ်၊ ပြောမှာပေါ့။ တချို့က သစ်ရွက်ကိုကြည့် ပြီး နိမိတ်ကောက်တာရှိသလို တချို့က တိရစ္ဆာန်အရိုး တွေကိုကြည့်ပြီး နိမိတ်ကောက်တာလည်းရှိတယ်။ နောက် ပြီး နှင်းဆီပွင့်ရဲ့ ပွင့်ချပ်တွေကိုကြည့်ပြီး နိမိတ်ကောက် တာ၊ တိရစ္ဆာန်အကောင် တစ်ကောင်ကောင်ရဲ့ ဝမ်းဗိုက်ကို ခွဲကြည့်ပြီး နိမိတ်ကောက်တာ၊ ဖယောင်းတိုင်ထွန်းပြီး နိမိတ်ကောက်တာ၊ အမွှေးတိုင်ထွန်းပြီး နိမိတ်ကောက်တာ မျိုးတွေလည်း ရှိကြတယ်။ ဥပမာဆိုကြပါစို့။ သွားရင်း လာရင်း ကြောင်နက်တစ်ကောင် ကိုယ့်ရှေ့က ဖြတ်သွား တာကို တွေ့ရရင် အင်္ဂလန်နဲ့ အီဂျစ်က ကံကောင်းတယ် လို့ ယူဆကြပေမယ့် တရုတ်ကတော့ ကံဆိုးတယ်လို့ ယူဆကြတယ်။ နောက်ပြီး ညဦးပိုင်းမှာ အိမ်ထဲကို လင်း နို့တစ်ကောင်ဝင်လာရင် အီဂျစ်လူမျိုးတွေက ကံကောင်း မှုတစ်ခုလို့ ယူဆပေမယ့် ဥရောပသားတွေကတော့ ကံ ဆိုးမှုတစ်ခု ကျရောက်လာတော့မယ့် နိမိတ်လို့ ယူဆကြ တယ်။ ဒါပေမဲ့ သူတို့တစ်တွေမှာ တူညီတဲ့ အယူအဆ တစ်ခုတော့ ရှိကြတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဘာပါလိမ့်'

'ဒီလိုကွာ၊ အခါကြီးရက်ကြီးတွေနဲ့ အလေးအမြတ်ပြုအပ်တဲ့ နေ့ရက်တွေမှာ နိမိတ်ကောက်ရင် မှန်ကန်နှုန်းများတယ်လို့ ယူဆကြတယ်ဆိုတဲ့ အချက်ပဲ။ သူတို့ရဲ့ နိမိတ်ကောက်ပြီး ပြုလုပ်ကြတဲ့ ယတြာအချို့ကို ဗဟုသုတအဖြစ် ပြောပြရရင် ကြက်သွန်အခွံတွေကို မီးရှို့ရင်း ဆုတောင်းရတယ်။ အေး··ဆုတောင်းတာ ပြည့်၊မပြည့်ဆိုတာ သိရှိဖို့အတွက်ကတော့ ဆုတောင်းပြီးရင် ပန်းသီးတစ်လုံးကို အလယ်ကောင်ကနေ ထက်ခြမ်း၊ခြမ်းလိုက်ရမယ်။ အဲဒီလို ခြမ်းလိုက်တဲ့ ဓားထိချက်ဟာ ပန်းသီးရဲ့အစေ့ကို မထိဘူးဆိုရင် ဆုတောင်းပြည့်ဝတယ်။ အစေ့ကို ထိခဲ့ရင်တော့ ဆုတောင်းမပြည့်ဘူးလို့ ယူဆရမယ်ပေါ့ကွာ။

နောက်တစ်မျိုးရှိသေးတယ်။ ကိုယ့်ရဲ့ချစ်သူ ဒါမှမဟုတ် ကိုယ့်ရဲ့ အိမ်ထောင်ဖက်ဟာ ကိုယ့်အပေါ် အမှန်တကယ် သစ္စာရှိရဲ့လား၊ အမှန်တကယ် ချစ်ရဲ့လားလို့ သိချင်ရင်လည်း လုပ်ရတဲ့နည်းပေါ့။ ပထမဆုံး သစ်ချသီးအစိမ်း နှစ်လုံးကို ရှာရမယ်။ ရပြီဆိုရင် တစ်လုံးကို မိမိကိုယ်တိုင် မှတ်သားထားပြီး ကျန်တစ်လုံးကိုတော့ ကိုယ့်ချစ်သူ ဒါမှမဟုတ် ကိုယ့်အိမ်ထောင်ဖက်အဖြစ် မှတ်သားထားလိုက်ရမယ်။ နောက်ပြီး ကျောက်မီးသွေးနဲ့ မီးဖိုပြီး အဲဒီသစ်ချသီး နှစ်လုံးကို မီးဖုတ်ရမယ်။ မီးဖုတ်တဲ့အခါ သစ်ချသီးနှစ်လုံးဟာ တည်တည်ငြိမ်ငြိမ်နဲ့ လောင်ကျွမ်းသွားမယ်ဆိုရင် ကိုယ်နဲ့ ကိုယ့်ချစ်သူ၊ ကိုယ့်အိမ်ထောင်ဖက်ဟာ တစ်ဦးအပေါ်တစ်ဦး နှစ်နှစ်ကာကာ ချစ်ခင်ကြပြီး ရာသက်ပန် လက်တွဲကြရမယ်ဆိုတဲ့ နိမိတ်ပေါ့။ အေး··တကယ်လို့များ သစ်ချသီးတစ်လုံးဟာ ပေါက်ကွဲထွက်သွားမယ်ဆိုရင်တော့ အဲဒီသစ်ချသီးကို ကိုယ်စားပြုတဲ့သူဟာ ဖောက်ပြန်မယ့်သူ၊ ကိုယ့်အပေါ် နှစ်နှစ်ကာကာ ချစ်တဲ့သူအဖြစ် သတ်မှတ်တယ်။ အခု ငါပြောပြနေတဲ့ နည်းကို နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ဖူးတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ရှိခဲ့ဖူးတယ်။ ငါတို့ မြန်မာပြည်ကပါပဲ'

'ဟုတ်လား၊ ဘယ်သူပါလိမ့်။ သိချင်လိုက်တာဗျာ'

'သြော်··ငါ့ဗေဒင်ဆရာလေးလည်း နားရွက်နဲ့မျက်စိ ...

'ဘယ်လိုနားရွက်နဲ့ မျက်စိလဲဗျ'

'နားရွက်နဲ့မျက်စိဟာ အနီးဆုံးမှာရှိနေပေမယ့် မျက်စိက နားရွက်ကို မမြင်နိုင်ဘူး မဟုတ်လား။ အခုလည်း ဗေဒင်ဆရာလေးက စာမှ တကယ်မဖတ်တာဘဲ။ ဘယ်သိမှာလဲ။ ကဲပါလေ··ထားတော့၊ အဲဒီပုဂ္ဂိုလ်ကြီးက တခြားသူ ဟုတ်ရိုးလား ဗေဒင်ဆရာလေးတို့ရဲ့ ဆရာကြီး ဒေါက်တာမင်းသိခ်ပေါ့။ အဲဒီပုဂ္ဂိုလ်ကြီးအနေနဲ့ ထူးဆန်းစွာပဲ နှစ်ကြိမ်စလုံးမှာ သူ့ချစ်သူအိမ်ထောင်ဖက်လို့ သတ်မှတ်ထားခဲ့တဲ့ သစ်ချသီးက ပေါက်ကွဲထွက်ခဲ့ပြီး တကယ်လည်း အိမ်ထောင်ရေး ကံမကောင်းခဲ့ရှာဘူး။ ကဲ·· ဗေဒင်ဆရာလေးရော ဒီနိမိတ်ကောက်နည်းကို လုပ်ချင်ရင် လုပ်ကြည့်ပါလား။ ဟဲ··ဟဲ··ဟဲ··စိတ်တော့ ခိုင်မှဖြစ်မယ်နော်'

'မလုပ်ပါနဲ့ ဘကြီးဒွန်းရယ်။ ကျွန်တော့်အသည်းက ခပ်နုနုဗျ။ မလုပ်ရဲပေါင်ဗျာ'

'ကဲ··နေလည်း အတော်စောင်းသွားပြီ။ ငါလည်း ပြန်လိုက်ဦးမယ်။ မပြန်ခင်မှာ ကိုယ့်လူကို စကားလက်ဆောင်ပေးခဲ့ဦးမယ်။ ဆရာထက် တပည့်က တော်ရမယ်။ နောက်တပည့်က သူ့ဆရာထက် တော်ရမယ်။ အဲဒီလို ဆင့်ကဲ၊ဆင့်ကဲ တော်သွားကြမှ Human Process လို့ ခေါ်တဲ့ လူ့လောကကြီးက မြင့်တက်သွားမှာပေါ့။ တပည့်ကညွှံ၊ နောက်တပည့်ကညွှံ၊ နောက်တပည့်ကညွှံဆိုရင် အညွှံတွေ အောက်ဆင်းလို့ အဝိစိရောက်ဖို့ ရှိတော့တယ်။ အဲဒီတော့ မင်းဟာ အောင်မြင်ပေါက်ရောက်တဲ့ ဆရာဖြစ်ချင်ရင် မင်းတပည့်တွေကို မင်းထက် တော်အောင်သင်ပေး။ မင်းတပည့်ဟာ မင်းထက်တော်သွားမှ မင်းဟာ အောင်မြင်သောဆရာ၊ ပေါက်မြောက်သောဆရာ ဖြစ်တယ်'

'ဘကြီးဒွန်းဒဿနက လန်းလှချည်လား၊ မြောက်လှချည်လား'

'အဲဒါ ငါ့ဒဿန မဟုတ်ဘူး။ ကမ္ဘာကျော်ကျမ်းပြုဆရာကြီး ဦးဖေမောင်တင်ရဲ့ စကားပါ'

'ဟုတ်ကဲ့၊ မှတ်သားလောက်ပါပေတယ်'

**မချော ဟာဝေ ရက္ခတိ မေ့စာရီ**
**သာထက်ဇော်(မကွေး)**

*(ယခုဆောင်းပါးဖြင့် အဘဆရာကြီး ဒေါက်တာမင်းသိခ်နှင့် ဆရာကြီးကျော်ဆုသွေးတို့အား ကန်တော့ပန်းဆင်အပ်ပါ၏။)*



www.burmeseclassic.com

www.burmeseclassic.com

# သင်္ချာဗေဒပညာဖြင့် လူတစ်ယောက်၏ စိတ်နေစိတ်ထားကို ကြိုတင်သိမြင်ခြင်း

● မောင်ဝဏ္ဏ(IC) ●

လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြပေရာ လူတစ်ဦးချင်းစီ၏ စိတ်နေသဘောထား၊ အနာဂတ် အရေးနှင့် အကြံအစည်တို့ကို ကြိုတင်သိမြင်နိုင်စေရန် သင်္ချာဗေဒပညာကို အသုံးပြု၍ မိမိတို့၏ ဘဝပတ်ဝန်းကျင်ကို လှပသာယာသော ပတ်ဝန်းကျင်အဖြစ် တန်ဆာဆင်နိုင်ကြပေမည်။

**ကောင်းကင်ရှိ ဂြိုဟ်များနှင့် ဂဏန်းသတ်မှတ်ချက်**

| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ် (နေ) | - | ၁ |
| တနင်္လာဂြိုဟ် (လ) | - | ၂ |
| ကြာသပတေးဂြိုဟ် | - | ၃ |
| ယူရေးနပ်ဂြိုဟ် | - | ၄ |
| ဗုဒ္ဓဟူးဂြိုဟ် | - | ၅ |
| သောကြာဂြိုဟ် | - | ၆ |
| နက်ပကျွန်းဂြိုဟ် | - | ၇ |
| စနေဂြိုဟ် | - | ၈ |
| အင်္ဂါဂြိုဟ် | - | ၉ |

သင်္ချာဗေဒပညာသည် နက္ခတ်ဗေဒင်ပညာနှင့် ဆက်စပ်နေပါသည်။ သင်္ချာဗေဒပညာတွင် မွေးနေ့သက္ကရာဇ်တို့ကို ဂဏန်းလုပ်ယူရပါသည်။

**ကံကြမ္မာဂဏန်း ရှာနည်း**

ဥပမာ(၁)

မောင်ဘ၏ မွေးနေ့သည် (၁၁-၁၁-၁၉၉၈)ခုနှစ် ဆိုကြပါစို့။ ၎င်းဂဏန်းအားလုံးကို တစ် လုံးတည်း ဖြစ်သွားအောင် ပေါင်းရပါမည်။

၁ + ၁ + ၁ + ၁ + ၁ + ၉ + ၉ + ၈ = ၃၁ = ၄

(၄)ဂဏန်းသည် မောင်ဘ၏ ကံကြမ္မာဂဏန်း ဖြစ်ပေသည်။

ဥပမာ(၂)

မောင်လှ၏ မွေးနေ့သည် (၁၇-၁-၁၉၉၈)ခုနှစ် ဆိုကြပါစို့။ ၎င်းဂဏန်းအားလုံးကို တစ် လုံးတည်းဖြစ်အောင် ပေါင်းရပါမည်။

၁ + ၇ + ၁ + ၁ + ၉ + ၉ + ၈ = ၃၆ = ၉

(၉)ဂဏန်းသည် မောင်လှ၏ ကံကြမ္မာဂဏန်း ဖြစ်ပေသည်။

မှတ်ချက်

မည်သည့်အဖြေဂဏန်းကိုမဆို နှစ်လုံးဖြစ်မနေစေရပါ။ တစ်လုံးတည်းဖြစ်အောင် ပေါင်းရ



www.burmeseclassic.com

www.burmeseclassic.com

မည်။ မည်သည့်ဂဏန်းမျိုးကိုမဆို တစ်လုံးတည်းဖြစ်အောင် ပေါင်းလိုက်ပါက (၁)မှ (၉)အတွင်းသာ ဖြစ်ပေလိမ့်မည်။

တစ်လုံးတည်းဖြစ်အောင် ပေါင်းထားသော ကံကြမ္မာဂဏန်းများကို ကြည့်၍ ထိုသူတို့၏ စိတ်နေစိတ်ထား၊ အကြံအစည်တို့ကို သိရှိနိုင်သည့်အပြင် ၄င်းတို့ ကြုံတွေ့ရမည့် အခက်အခဲများနှင့် အောင်မြင်မှုရမည့် ကာလတို့ကို သိရှိနိုင်ကြပေလိမ့်မည်။

ကံကြမ္မာဂဏန်းများနှင့် ယင်းဂဏန်းတို့အတွက် သင့်မြတ်မှု၊ အောင်မြင်မှုရမည့် လိုက်ဖက်ညီဂဏန်းတို့ကို ဖော်ပြလိုက်ပါသည်။

| ကံကြမ္မာဂဏန်း | လိုက်ဖက်ညီဂဏန်းများ |
|---|---|
| ၁ | ၃၊ ၅၊ ၆ |
| ၂ | ၄၊ ၈ |
| ၃ | ၆၊ ၉၊ ၁၊ ၅၊ ၇ |
| ၄ | ၂၊ ၈ |
| ၅ | ၁၊ ၃၊ ၇ |
| ၆ | ၃၊ ၆ |
| ၇ | ၁၊ ၃၊ ၅ |
| ၈ | ၂၊ ၄ |
| ၉ | ၃၊ ၆ |

**ကံကြမ္မာဂဏန်းမများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ဒေါက်တာကရော့(စ်)ဆိုသူ ပညာရှင်က ဂဏန်း (၁)မှ (၉)အထိ ရှိရာတွင် ၄င်းတို့၏ သီးခြားအဓိပ္ပာယ်များကို ဖော်ပြထားပါသည်။ သို့ဖြစ်ရာ မွေးနေ့ကံကြမ္မာဂဏန်းရှင်များအဖို့ မိမိတို့၏ စိတ်နေစိတ်ထားနှင့် အနာဂတ်အရေးတို့ကို ကြိုတင်သိမြင်နိုင်ကြမည် ဖြစ်ပေသည်။

၁။ ဝိညာဉ်နှင့် စိတ်ပိုင်းဆိုင်ရာ ဂဏန်းများ (၃၊ ၆၊ ၉)

၂။ စိတ်လှုပ်ရှားထကြွခြင်းနှင့်ဆိုင်သော ဂဏန်းများ (၂၊ ၅၊ ၈)

၃။ ရုပ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ဆိုင်ရာ ဂဏန်းများ (၁၊ ၄၊ ၇)

အထက်ပါအတိုင်း ဂဏန်း(၉)လုံးကို တစ်မျိုးလျှင် (၃)လုံးစီ သုံးမျိုးခွဲခြားထားပါသည်။ ဂဏန်းများ၏ အဓိပ္ပာယ်များကို ဖော်ပြရာတွင်လည်း သူ၏ အဆိုအမိန့် ဂဏန်းစဉ်အတိုင်း တစ်ပိုင်းပြီးတစ်ပိုင်း ဖော်ပြသွားမည် ဖြစ်ပါသည်။

**ကံကြမ္မာဂဏန်း(၃)**

ကံကြမ္မာဂဏန်း(၃) ရသူများသည် လျှင်မြန်ဖျတ်လတ်၍ ထိုးထွင်းဉာဏ်ရှိကြပြီး မည်သည့်ပညာကိုမဆို သင်ကြား၍ တတ်မြောက်လွယ်သူများ ဖြစ်သည်။

ထူးချွန်သော အရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ကြသော်လည်း တိုးတက်မှု မရကြဘဲ ဖြစ်နေတတ်ကြပေသည်။

အကျိုးကျေးဇူး ဖြစ်ထွန်းမည် ထင်ပါက မည်သည့်လုပ်ငန်းများကိုမဆို လုပ်ကိုင်ရဲသော သတ္တိရှိသူများ ဖြစ်သည်။ ၄င်းတို့သည် မည်သည့်အချိန်အခါတွင်မဆို စိတ်သောကဖြစ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း မဖြစ်ဘဲ ဘဝကို ပျော်ပျော်ပါးပါး တည်ဆောက်နေတတ်သူများ ဖြစ်ပေသည်။ အခက်အခဲ အမျိုးမျိုးကို မကြာခဏ ကြုံတွေ့ရတတ်သူများ ဖြစ်ခြင်းကြောင့်လည်း ခံနိုင်ရည်



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ဝနေကြပေသည်။

ကံကြမ္မာဂဏန်း(၃) ရသူများ၏ ခံယူချက်မှာ 'ယနေ့သည်သာ အဓိက အရေးကြီးသော အချိန်ဖြစ်သည်။ ယနေ့ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်လျှင် ပြည့်စုံပေပြီ။ အနာဂတ်အတွက် မျှော်လင့်ချက်ထားရန်မလို၊ ကိုယ်ပိုင်ဆိုင်မှု မရှိသေးသော ကာလကို မျှော်မှန်းနေခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု မရနိုင်'ဟူ၍ ဖြစ်သည်။

ယင်းပုဂ္ဂိုလ်တို့သည် ရှေ့မှ တီထွင်ရေးသမားများ ဖြစ်သည်။ ၎င်းတို့ တီထွင်ထားသော လုပ်ငန်းတို့မှာ ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုကို မခံစားရဘဲ နောက်မှလိုက်၍ အတုခိုး ပြုလုပ်သူများကသာ များစွာအကျိုးဖြစ်ထွန်းသွားကြပေသည်။

ကံကြမ္မာဂဏန်း(၃) ရရှိထားသော အမျိုးသမီးများမှာ ဘာသာရေး၌ အထူးကြည်ညို လေးစားမှုရှိ၍ တာဝန်နှင့် ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်တတ်သော အိမ်ရှင်မကောင်းများ ဖြစ်ကြလေသည်။ ပညာဉာဏ်နှင့် ပြည့်စုံကြ၍ သစ္စာရှိပြီး ရောင့်ရဲတင်းတိမ်တတ်သော စိတ်ထား ရှိသူများ ဖြစ်ကြပေသည်။

ကံကြမ္မာဂဏန်း(၃) ရသူများမှာ အများအားဖြင့် လုပချောမွေ့ကြ၍ ပေးကမ်းစွန့်ကြဲတတ်ခြင်း၊ ဖွဲ့ရှိခြင်း၊ မျှော်မှန်းချက် မြင့်မားခြင်းနှင့် မိမိကိုယ်မိမိ များစွာယုံကြည်တတ်သူများ ဖြစ်သည်။

**<u>ကံကြမ္မာဂဏန်း(၆)</u>**

ကံကြမ္မာဂဏန်း(၆) ရသူတို့သည် သစ္စာရှိ၍ တရားမျှတသော စိတ်နေစိတ်ထား ရှိသူများ ဖြစ်သည်။ ၎င်းတို့သည် တိုးတက်ရာ တိုးတက်ကြောင်းကို အစဉ်ကြံဆ လုပ်ကိုင်နေတတ်သူများ ဖြစ်သည်။

ပင်ကိုစိတ်ဓာတ် ကောင်းမွန်ခြင်း၊ အရည်အသွေး တောက်ပြောင်ခြင်းများကြောင့် မိတ်ဆွေ အပေါင်းအသင်းများ၏ အလယ်တွင် လေးစားချစ်ခင်ခြင်းကို ခံကြရပေသည်။

ပျော်ပျော်ပါးပါး နေတတ်ကြ၍ အမြင်ကျယ်သူများဖြစ်ခြင်း၊ မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေတတ်ခြင်းတို့ကြောင့် အောင်မြင်မှု ပန်းတိုင်သို့ ချောမောစွာ ရောက်ရှိကြရသူများ ဖြစ်သည်။

နာမည်ကျော်ကြားမှုကို မလိုလားဘဲ မိမိတို့ဘာသာ အောင်မြင်မှုရ၍ ခပ်အေးအေး နေထိုင်လိုသူများ ဖြစ်သည်။ ဂုဏ်သရေရှိ အသိုင်းအဝိုင်းထဲတွင် ဟန်ဆောင်နေရသော ဘဝကို လွန်စွာ ရွံမုန်းတတ်သူများ ဖြစ်ပေသည်။

ကံကြမ္မာဂဏန်း(၆) ရသူများ၏ အားနည်းချက်မှာ မိမိတို့ဘဝကို မိမိတို့ အထူးကျေနပ် အားရမှုပင် ဖြစ်ပေသည်။

ကံကြမ္မာဂဏန်း(၆)ရသူ အမျိုးသမီးများမှာ အိမ်ထောင်ထိန်းသိမ်းမှု အလွန်တော်သော အိမ်ထောင်ရှင်မကောင်းများ ဖြစ်ပေသည်။

**<u>ကံကြမ္မာဂဏန်း(၉)</u>**

ကံကြမ္မာဂဏန်း(၉) ရသူများမှာ အလွန်ထူးခြား တောက်ပြောင်သော အရည်အချင်းများနှင့် ပြည့်စုံကြ၍ အလုပ်ကို စွမ်းစွမ်းတမံ လုပ်ကိုင်တတ်သူများ ဖြစ်ပေသည်။

ကံကြမ္မာဂဏန်း(၉) ရသူများမှာ အောင်မြင်မှု ရသူများဖြစ်သည်။ သို့သော် ၎င်းတို့၏ အောင်မြင်မှုမှာ စက်မှုလက်မှုလုပ်ငန်း၊ စီးပွားကုန်သွယ်ရေး လုပ်ငန်းများတို့၌ မဟုတ်ဘဲ အနုပညာနှင့် ပတ်သက်သော လုပ်ငန်းများနှင့် တီထွင်ဖန်တီးသော လုပ်ငန်းများတို့၌ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မနေဘဲ လာမည့်ဘေး ပြေး၍ တွေ့တတ်သူများ ဖြစ်သည်။ ၎င်းတို့တွင် အခက်အခဲများရှိပါက ဟိုလူဒီလူများထံ လိုက်၍ အကြံဉာဏ်များ တောင်းခံမနေတတ်ကြဘဲ မိမိကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်စွမ်းရည်တို့ဖြင့် ဖြေရှင်းမှု ပြုတတ်ကြပေသည်။

ပန်းချီ၊ ပန်းပု ပညာရှင်များ၊ ဂီတပညာရှင်များ၊ စာပေပညာရှင်များ၊ တီထွင်ရေးသမားများ တို့သည် များသောအားဖြင့် ကံကြမ္မာဂဏန်း(၉) ရသူများ ဖြစ်ကြပေသည်။

**ကံကြမ္မာဂဏန်း(၂)**

ကံကြမ္မာဂဏန်း(၂) ရသူများသည် ကြင်နာသနားတတ်၍ နေရာတကျ စီမံလုပ်ကိုင်တတ်သူများ ဖြစ်ပေသည်။ ပျော်ပျော်ရွှင်ရွှင် နေထိုင်တတ်သော အမူအကျင့်ရှိသူများ ဖြစ်ကြပေသည်။

သမာသမတ်ကျသော စိတ်ထားရှိ၍ သူတစ်ပါးတို့အပေါ် မတရားကျင့်ကြံရမည်ကိုလည်း လွန်စွာရွံရှာမုန်းတီးသူများ ဖြစ်သည်။

မိတ်ဆွေအပေါင်းအသင်းများအပေါ် ကောင်းမြတ်သော အကြံဉာဏ်များကိုသာ ပေးလေ့ရှိကြ၍ အခက်အခဲများ ရှိပါကလည်း လျင်မြန်စွာ ကူညီမှုကို ပြုတတ်သူများ ဖြစ်သည်။

တစ်ခါတစ်ရံတွင် လျင်မြန်စွာ ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်တတ်မှုကြောင့် အမှန်မဖြစ်ဘဲ အမှားအယွင်းများနှင့် ကြုံတွေ့ရတတ်ပေသည်။

မည်သည့်ကိစ္စကိုမဆို အလွန်အမင်း ပြင်းပြင်းထန်ထန် လုပ်ကိုင်လေ့ မရှိကြသည့်အပြင် အမှားများကိုလည်း လုပ်ကိုင်ဆောင်ရွက်လေ့ မရှိကြပေ။

ကံကြမ္မာဂဏန်း(၂) ရသူများ၏ အပြစ်မှာ အလွန်အမင်း ပေးကမ်းစွန့်ကြဲတတ်မှုပင် ဖြစ်သည်။ မိမိတို့၏ အကြံအစည် စိတ်ကူးများကို နှမြောတွန့်တိုမှုမရှိဘဲ ပြောလေ့၊ ပေးလေ့ ရှိသူများ ဖြစ်သည်။

**ကံကြမ္မာဂဏန်း(၅)**

ကံကြမ္မာဂဏန်း(၅) ရသူများမှာ စွန့်စားလုပ်ကိုင်လိုသော စိတ်ဓာတ်ရှိ၍ အလွန်လျင်မြန်ဖျတ်လတ်သူများလည်း ဖြစ်ကြပေသည်။

ခရီးသွားလာခြင်းကို အထူးနှစ်ခြိုက်ခုံမင်၍ တိုင်းတစ်ပါး နိုင်ငံရပ်ခြားများတွင် သွားရောက်နေထိုင်ရခြင်းကို အထူးလိုလားတတ်သူများ ဖြစ်သည်။ တိုင်းတစ်ပါး ဘာသာစကား၊ စာပေများကို သင်ကြားရန် အထူးဝါသနာထုံသူများ ဖြစ်ကြသည်။

အခက်အခဲများနှင့် ကြုံတွေ့ရပါကလည်း ဂရုမစိုက်ဘဲ လျင်မြန်စွာ အဖြေရှာ၍ ဖြေရှင်းမှုပြုလိုက်နိုင်စွမ်း ရှိသူများ ဖြစ်သည်။

ဖော်ရွေစွာ ဆက်ဆံတတ်ခြင်း၊ ကူညီရန် ရှိပါကလည်း လက်မနှေးတမ်း ကူညီတတ်ခြင်းတို့ကြောင့် မိတ်ဆွေအပေါင်းအသင်း ပေါများကြပေသည်။

ရှေ့ရေးကို ကြိုတင်တွက်ချက်၍ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အခက်အခဲများကြား တွင် ပိတ်မိနေခြင်း မရှိဘဲ အောင်အောင်မြင်မြင်နှင့် စခန်းသွားလာနိုင်ကြသူများ ဖြစ်ပေသည်။

**ကံကြမ္မာဂဏန်း(၈)**

ကံကြမ္မာဂဏန်း(၈) ရသူများသည် စီးပွားရေးလုပ်ငန်းများ၌ အထူးအောင်မြင် ကျော်ကြားသူများ ဖြစ်သည်။

စီးပွားရေးလုပ်ရာ၌ သေချာစွာ အကွက်ချ၍ စနစ်တကျ လုပ်ကိုင်တတ်ခြင်းကြောင့် များစွာ



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှု ရကြသူများ ဖြစ်သည်။

အလုပ်လုပ်ရာ၌ မနေမနား ကြိုးကြိုးစားစား လုပ်ကိုင်တတ်ခြင်းကြောင့် မည်သည့်လုပ်ငန်းများ၌မဆို အောင်မြင်ကျော်ကြားမှု ရကြပေသည်။

စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးသမားများနှင့် စီးပွားကုန်သွယ်သူများအဖြစ် ထင်ပေါ် ကျော်ကြားကြပေသည်။

မိတ်ဆွေအပေါင်းအသင်းများ ပေါင်းသင်းရာ၌လည်း အမြဲတမ်း အနစ်နာခံ၍ ပေါင်းသင်းတတ်ပေသည်။ ငွေကြေးရော လူပါ ကူညီမှုကို ပြုတတ်ခြင်းကြောင့် လူချစ်လူခင် ပေါများကြရပေသည်။

မည်သည့်ပုဂ္ဂိုလ်မဆို ကံကြမ္မာဂဏန်း(၈) ရသူများက အလုပ်များကို ဖက်စပ်လုပ်ကိုင်ရန် ပြောလာပါက ပူးတွဲလုပ်ကိုင်သင့်ကြပေသည်။

**ကံကြမ္မာဂဏန်း(၁)**

ကံကြမ္မာဂဏန်း(၁) ရသူများသည် စိတ်ဓာတ်ခိုင်မာ တောင့်တင်း၍ တစ်သမတ်တည်းသာ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသူများ ဖြစ်သည်။

၄င်းတို့သည် ရှုပ်ထွေးခြင်းကို မနှစ်မြို့ဘဲ ရှုပ်ထွေးသော ကိစ္စများ ဖြစ်လာပါကလည်း အဝေးမှ ရှောင်ကြဉ် တတ်ကြသူများ ဖြစ်သည်။

ကံကြမ္မာဂဏန်း(၁)သည် ကံကောင်းသောဂဏန်း ဖြစ်ပေသည်။ ကောင်းသောလုပ်ငန်းများကို လုပ်ကိုင်ပါက အလွန်အောင်မြင်ကျော်ကြား၍ မကောင်းမှု လုပ်ငန်းများကို လုပ်ကိုင်မိပါက ကြီး စွာသော ဒုက္ခများနှင့် ကြုံတွေ့ရပေလိမ့်မည်။

စိတ်ပြောင်းလဲတတ်ခြင်း မရှိဘဲ အလုပ်လုပ်ရာ၌ တစ်သမတ်တည်းကိုသာ အာရုံစိုက် လုပ်ကိုင် တတ်သူများ ဖြစ်သည်။

တစ်ခါတစ်ရံတွင် မိမိကိုယ်ကျိုးကိုသာ ကြည့်၍ လုပ်ကိုင်တတ်သော စိတ်ဓာတ်ရှိခြင်းကြောင့် အပေါင်းအသင်းများ၏ ဖယ်ကြဉ်ခြင်း၊ စိတ်ဆိုးခြင်းကို ခံရတတ်ပေသည်။

**ကံကြမ္မာဂဏန်း(၄)**

ကံကြမ္မာဂဏန်း(၄) ရသူများမှာ အလုပ်လုပ်ရာ၌ ဖြည်းဖြည်းနှင့် မှန်မှန်သာ လုပ်ကိုင်တတ်ကြ ပေသည်။ စွန့်စွန့်စားစား လုပ်ရမည့် လုပ်ငန်းများကို လုပ်ကိုင်လေ့ မရှိကြပေ။

စိတ်ကူးဉာဏ်ကောင်း၍ အကြံသစ် ဉာဏ်သစ်များ ရှိကြသော်လည်း လက်တွေ့အကောင် အထည် မဖော်သေးဘဲ ရှေ့နောက်အပြန်အလှန် စဉ်းစားနေတတ်ကြပေသည်။

သစ္စာရှိ၍ တရားမျှတသော စိတ်နေစိတ်ထားတို့ ရှိခြင်းမှာ ၄င်းတို့၏ ထူးခြားချက်များ ဖြစ်သည်။ ၄င်းတို့သည် စီမံကိန်းရေးဆွဲသူများသာဖြစ်၍ လက်တွေ့အကောင်အထည်ဖော်သော တည်ဆောက်ရေးသမားများ မဟုတ်ကြချေ။


မည်သည့်လုပ်ငန်းကိုမဆို အကြီးအကျယ် ချဲ့ထွင်လုပ်ကိုင်ခြင်းကို မလိုလားဘဲ အလုပ်ဖြစ်ရန် အတွက် အကုန်အကျနည်းနည်း၊ စရိတ်ကျဉ်းကျဉ်းဖြင့် လုပ်ကိုင်တတ်သော ချွေတာရေးသမားများ ဖြစ်ကြပေသည်။

စက်မှုပညာရှင်များ၊ သုတေသနပညာရှင်များနှင့် ပါရဂူများအဖြစ် အောင်မြင်ကျော်ကြားကြ သူများ ဖြစ်သည်။

ကံကြမ္မာဂဏန်း(၄) ရသူများသည် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ရာ၌ အလွန် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



__ကံကြမ္မာဂဏန်း(၇)__

ကံကြမ္မာဂဏန်း(၇) ရသူများမှာ အလွန်စိတ်ကူးယဉ်တတ်သောသူများ ဖြစ်သည်။

ထိုးထွင်းဉာဏ်ကောင်း၍ မျှော်မှန်းချက် မြင့်မားစွာ ထားတတ်သူများ ဖြစ်သည်။ လျှို့ဝှက်နက်နဲသော အရာများကို လွန်စွာစိတ်ပါဝင်စားကြပေသည်။

၎င်းတို့သည် အိမ်ထောင်ဖက်မရှာဘဲ တစ်ကိုယ်တည်း နေထိုင်ရသည်ကို ကျေနပ်နှစ်သက်သော နှလုံးသား ကင်းမဲ့သူများ ဖြစ်တတ်ပေသည်။ အိမ်ထောင်ပြုခြင်းအားဖြင့် အပူကို မိမိကိုယ်တိုင် ရှာဖွေခြင်း ဖြစ်သည်ဟူသော မျိုးဆက်သုဉ်း အဘိဓမ္မာကို ကိုင်စွဲထားလေ့ ရှိသူများ ဖြစ်သည်။

စာပေပညာကို အထူးလိုက်စား၍ မိမိတို့၏ ဘဝကို စာပေတွင်သာ မြှုပ်နှံထားလိုသူများ ဖြစ်သည်။

ကံကြမ္မာဂဏန်း(၇) ရသူများမှာ အများအားဖြင့် ဂီတပညာရှင်များ၊ တွေးခေါ်ပညာရှင်များနှင့် လျှို့ဝှက်သည်းဖို စာရေးဆရာများအဖြစ်လည်း ထင်ပေါ်ကျော်ကြားတတ်ကြပေသည်။

ရိုးရိုးနှင့် အေးအေးသာ နေထိုင်တတ်၍ ဝတ်စားဆင်ယင်ပုံမှာလည်း ခေတ်ဆန်သူများ မဟုတ်ကြပေ။ ဘာသာတရားကို လေးစားရှိသေသော စိတ်ဓာတ်ရှိ၍ ဘာသာရေး၏ အနှစ်သာရတို့ကို လည်း စူးစမ်းရှာဖွေကြည့်တတ်သူများ ဖြစ်သည်။ ဤတွင် (၁)မှ (၉)အထိသော ကံကြမ္မာဂဏန်း ရှိသူများ၏ စိတ်နေစိတ်ထားတို့ကို ဖော်ပြပြီး ဖြစ်ပေသည်။

**မောင်ဝဏ္ဏ(IC)**

ကျမ်းကိုး ✱ ဆရာတောက်ထွန်း၏ လက္ခဏာပညာစာအုပ်နှင့် သိပ္ပံနည်းကျ ခေတ်မီဂဏန်းဗေဒင်စာအုပ်။

---


**"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"**



**စန်းသော်တာ**

**ကွမ်းရွက်ဆီလိမ်းဆေး (အအေး)**



- **အကိုက်အခဲပျောက်လိမ်းဆေး၊**
- **ရင်လူးဆေး၊**
- **အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။**

**(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)**

- **အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း။ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။**
- **ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။**
- **အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။**

**(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။**

ဖြန့်ချိရေး- ကိုဝင်းမြင့်+မအောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

ထုတ်လုပ်သူ- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟှမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆၆


www.burmeseclassic.com

www.burmeseclassic.com

# သောင်လည်းထွန်းကမ်းပါးစွန်းလည်းပြို

■မင်းနေထွန်း(ကန့်ဘလူ)■

(၂၀၁၇)ခုနှစ်၊ ဖွန်လထုတ် ဂမ္ဘီရမဂ္ဂဇင်းမှာ ကျွန်တော်ရဲ့ ပုတီဆိုတိုင်း မုန်တိုင်းမဟုတ် အမည်ရှိ ဆောင်းပါးကို ဖော်ပြပေးခြင်း ခံရပါသဗျ။ ကျွန်တော့်ဆောင်းပါး တစ်ပုဒ်ပါတိုင်း အွန်လိုင်း(Facebook) ကနေပြီး စာအုပ်အငှားဆိုင် မရှိကြတော့တဲ့ မြို့တွေက ကျွန်တော့်သူငယ်ချင်း စာဖတ်ပရိသတ် ဖေ့ဘုတ်မိတ်ဆွေများ ဖတ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဓာတ်ပုံရိုက် တင်ပြပေးနေရပါသေးသဗျ။

(Facebook) အွန်လိုင်းတွေ ခေတ်စားလာ၊ ထွန်းကားလာတာနဲ့အမျှ မြို့ရွာအတော်များများမှာ စာဖတ်ပရိသတ် နည်းပါးသွားပြီ၊ စာအုပ်အငှားဆိုင်တွေလည်း ပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ စာမဖတ်ရ မနေနိုင်တဲ့ စာချစ်သူတွေကတော့ ကျားကုတ်ကျားခဲ ရနိုင်သမျှ ရှာဖွေဖတ်ရှုကြပါတယ်။ အဲဒီစာချစ်သူတွေထဲက ကျွန်တော့်ဖေ့ဘုတ်မိတ်ဆွေ၊ ဖေ့ဘုက်ပရိသတ်က တောင်းဆိုမေတ္တာရပ်ခံထားကြတဲ့အတွက် ဆောင်းပါးတစ်ပုဒ်ပါတိုင်း အွန်လိုင်းမှာ တင်ပြပေးရသပေါ့ဗျာ။

အဲဒီလို ဆောင်းပါးကို အွန်လိုင်းမှာ တင်တဲ့အခါတိုင်း လိုအပ်သည်များကို ဖြည့်စွက်ဝေဖန်ပေးပါရန် ဆိုတာမျိုးလည်း အမြဲသဖြင့် ရေးသားတင်ပြခဲ့မိပါတယ်။ အဲဒီလို တင်ပြပေးခဲ့တဲ့အတွက်လည်း တတ်သိပညာရှင်၊ ကျွမ်းကျင်ပညာရှင်အချို့က ထောက်ပြဝေဖန် ဖြည့်စွက်ပေးတာတွေ ရှိခဲ့ဖူးပါတယ်။

ဟော··အခုလည်း ကျွန်တော့်ရဲ့ ပုတီဆိုတိုင်း မုန်တိုင်းမဟုတ် ဆောင်းပါးရဲ့ ဟာကွက်ကို ထောက်ပြဝေဖန်ဖြည့်စွက်ပေးတဲ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်လာပါတယ်။ ကျေးဇူးအထူးတင်စရာ ကောင်းလှပါတယ်။

ပုတီဆိုတိုင်း မုန်တိုင်းမဟုတ်ရဲ့ အဓိက တင်ပြချက်ကတော့ ဗေဒင်ဝါသနာရှင်တိုင်း သိထား၊ ကြားထား၊ ကျွမ်းကျင်ထားပြီးဖြစ်တဲ့ မဟာဘုတ် ပုတီဖွားတွေအကြောင်းကို ပုတီဖွားတိုင်း အဆိုးအနိဋ္ဌ မဟုတ်ကြောင်းပါ။ အချို့သော ပုတီဖွားများဟာ အကောင်းကျဥ္ဈ ဖြစ်နေ[illegible]ကြောင်းကို တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အကြမ်းစားပြော

ရရင်တော့ အချို့သော ပုတီဖွားတွေဟာ ကသစ်ရတဲ့ ပုတီဖွားဖြစ်နေရင် ကောင်းကျိုးကျဥ္ဈသမား ဖြစ်တယ်လို့ ရှေးပညာရှင်ကြီးများရဲ့ အဆိုအမိန့် အကိုးအကားတွေနဲ့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျ။

နမူနာပုံစံအားဖြင့်တော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ③ ဆင့် | |
| ⑤ မြို့ | ⑥ သား | ① အ |
| ⓪ တော | ④ လှ | ② ကြွား * |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ * |

အဲဒီမှာ (၁)ကြွင်းမဟာဘုတ် တနင်္လာသား[illegible] အကောင်းကျဥ္ဈ ကသစ်ရနေကြောင်း တင်ပြလိုက်ခြင်း[illegible] ပဲခင်ဗျ။ အကောင်းကိုမျှော်ကိုး အဆိုးကို ကျော်ဖြတ်[illegible] လိုက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တင်ထားတဲ့ [illegible] စဉ်အတိုင်းပါပဲ၊ တစ်နေရာမှာ သောင်ထွန်းလို့ အကျိုး[illegible] ထွန်းပေမယ့် ကမ်းပါးစွန်းတစ်နေရာမှာတော့ ကမ်းပါး[illegible] ပြိုရတာပါပဲ။ အကြောင်းနဲ့ အကျိုးဟာ ဒွန်တွဲနေ[illegible] အကောင်းနဲ့ အဆိုးကလည်း လွှန်ဆွဲတတ်တာ [illegible] ပါပဲ။

ပုဂ္ဂိုလ်တစ်ဦးက ထောက်ပြလာပါတယ်။ ကျွန်[illegible] က တနင်္လာ ကသစ်ရတဲ့ ပုတီဖွားမို့ ကောင်းကျိုး[illegible] ဆိုခဲ့၊ တင်ပြခဲ့ပေမယ့် အဲဒီ တနင်္လာရပ်[illegible] ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းစီးထားတာ ဖြစ်တဲ့အတွက် [illegible] ဆိုးကျိုးတေ မလာက်မကင်းကြောင်း ထောက်ပြ[illegible]

www.burmeseclassic.com

သဗျ။ တယ်လီဖုန်း နားထောင်ရင်း စကြဝဠာကမ္ဘာကြီး မြည်ဟည်းသွားသလို ခံစားလိုက်ရပါတယ်။ ရင်မှာလည်း တဒိတ်ဒိတ်ခုန်သွားပါတယ်။ မျက်နှာပြင်တစ်ခုလုံးလည်း ချွေးစေးတွေ ပြန်ထွက်လာပါတယ်။

ဟုတ်တယ်၊ ကျွန်တော်တင်ပြခဲ့တဲ့ ပုတိဖွား တနင်္လာသားဟာ ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းစီးထားတဲ့ တနင်္လာသား ဖြစ်နေတာ ကေန်ဝေပါပဲ။ အဲဒီလို ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်း စီးခြင်းခံရတဲ့အတွက် မကြာခဏ ငွေကြေးတွေ အကျိုးမဲ့ ဆုံးရှုံးနစ်နာစေနိုင်ပါတယ်။ နစ်နာတတ်ပါတယ်။ အမိ၊ အဖ နှစ်ပါးရှိတဲ့အနက်မှာ ဖခင်ဖြစ်သူရဲ့မေတ္တာကို ခံစား ရပေမယ့် မိခင်ရဲ့မေတ္တာကိုတော့ အပြည့်အဝ မခံစားရ တတ်ပါဘူး။

ကိုးလလွယ် ဆယ်လမွေးပြီး ဖဝါးလက်နှစ်လုံး ပခုံး သက်နှစ်သစ် ဘဝကတည်းက ဝါးဖတ်တော် ကဆီနှစ်နဲ့ လူဖြစ်အောင် နို့တိုက်ကျွေးခဲ့တဲ့ ကျေးဇူးအကြီးမားဆုံး မိခင်ရဲ့မေတ္တာ အပြည့်အဝ မခံစားရတာ မဟာဆုံးရှုံးမှုကြီး ပါပဲခင်ဗျ။ အဲဒီတနင်္လာသားဟာ အရာရာတိုင်းမှာ စိတ် အပြောင်းအလဲ ဖြစ်တတ်တာကြောင့် ဘဝမှာ မဆုံးရှုံး နစ်နာသင့်တဲ့ အရာအချို့ ဆုံးရှုံးနစ်နာတတ်စေပါတယ်။

ကောင်းပြီ။ ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းဆိုတာ ဘယ်လိုလဲ ဆိုတာ စာဖတ်သူ ကျေးဇူးရှင်များ သိသင့်သိထိုက်တဲ့ အရာ ဗေဒင်ကိစ္စဖြစ်တဲ့အတွက် တင်ပြပေးဖို့ ကျွန်တော့် တာဝန်ရှိလာတယ်လို့ ခံစားနားလည်မိပါတယ်။ ဒါ ကြောင့် ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းအကြောင်း တင်ပြခွင့်ပြုစေ ချင်ပါတယ်။ ဒီနေရာမှာ သိပြီး၊ တတ်ပြီး၊ ကျွမ်းကျင်ပြီး ...ပုဂ္ဂိုလ် ပညာရှင်များကို ရည်ညွှန်းခြင်း မဟုတ်ဘဲ ...သေးတဲ့ သာမန်ပရိသတ် ဝါသနာရှင်များကိုသာ ရည် ...တင်ပြခြင်းဖြစ်ကြောင်း ဦးစွာဝန်ခံတင်ပြလိုပါတယ်။

ဆိုးတဲ့ဒုဋ္ဌာနဝဂ္ဂုတ္တမရယ် ကောင်းတဲ့ဝဂ္ဂုတ္တမနဝင်း ...လို့ နှစ်မျိုးခွဲကြည့်ရတဲ့ မဟာဘုတ်နဝင်းဆိုတာ ရှိပါ ... မူလမဟာဘုတ်က ခွဲထွက်လာတဲ့ နဝင်းမဟာ ...ပေါ့။ မူလမဟာဘုတ်ဆိုတာကတော့ မိမိတို့ရဲ့ မွေး ...ခုနှစ်၊ ကောဇာကို (၇)နဲ့စားပြီး ဖြစ်ပေါ်လာတဲ့ ...ဘုတ်ဖြစ်ပြီး နဝင်းမဟာဘုတ်ကတော့ မူလမဟာ ...ကြွင်းကို (၅)နဲ့ပေါင်းပြီး မူလမဟာဘုတ်ချစဉ်

(၁)ကြွင်းမူလမဟာဘုတ်ကိုပဲ ဥပမာပေးပြလိုက်ပါရစေ။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | (၂) |

**(မူလမဟာဘုတ်)**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| (၂) | ၆ | ၀ |

**(နဝင်းမဟာဘုတ်)**

ဒီမဟာဘုတ်(၂)ခွင်ကို နှိုင်းယှဉ်ကြည့်ရှုလိုက်ရင် မူလမဟာဘုတ်မှာ တနင်္လာသည် ပုတိအိမ်မှာ ရှိပါတယ်။ နဝင်းမဟာဘုတ်မှာကျတော့ တနင်္လာသည် မရဏအိမ်မှာ ကျရောက်နေပါတယ်။ အဲဒီလို မူလပုတိနဲ့ နဝင်း မရဏ ဖြစ်တဲ့ နံဂြိုဟ်တိုင်းဟာ ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းစီးတယ်လို့ ပညာရှင်များက သတ်မှတ်ပေးထားကြပါတယ်။ မူလ မဟာဘုတ်နဲ့ နဝင်းမဟာဘုတ် နှစ်မျိုးစလုံးမှာ နံဂြိုဟ် တစ်ခုခုဟာ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိမှာ ရှိနေရင် အဲဒီနံဂြိုဟ်ကို ဝဂ္ဂုတ္တမနဝင်းစီးတယ်လို့ ဝိဂြိုဟ်ပြုပေး ထားခဲ့ကြပါတယ်။

ကျွန်တော်ဖော်ပြခဲ့တဲ့ နမူနာ မဟာဘုတ်နှစ်မျိုးမှာ အင်္ဂါနံဂြိုဟ်ဟာ မူလမဟာဘုတ်မှာ သိုက်ဖြစ်ပြီး နဝင်း မဟာဘုတ်မှာ အဓိပတိဖြစ်နေတဲ့အတွက် အဲဒီအင်္ဂါဟာ ကောင်းသော ဣဋ္ဌ၊ ဝဂ္ဂုတ္တမနဝင်းစီးတယ်လို့ သတ်မှတ် ပါတယ်။

ထိုနည်းတူစွာပဲ ကြာသပတေးနံဂြိုဟ်ဟာလည်း မူလ မဟာဘုတ်မှာ အဓိပတိဖြစ်နေပြီး နဝင်းမဟာဘုတ်မှာ ကျ အထွန်းဖြစ်နေတဲ့အတွက် သူလည်း ကောင်းသော ဣဋ္ဌဝဂ္ဂုတ္တမနဝင်းစီးတယ်လို့ သတ်မှတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သားသမီးတွေရဲ့ အကျိုးခံစားရတာ၊ အင်္ဂါနံ အရာပစ္စည်း အကြောင်းကိစ္စတွေမှာ ပေါက်မြောက်အောင်မြင်မှုရတာ တွေ၊ အကျိုးပေးတာတွေ ခံစားရမှာ ဖြစ်ပါတယ်။

ကြာသပတေးရဲ့ သဘောသဘာဝကတော့ အမြော်အမြင် ကြီးမားမှန်ကန်မယ်။ ပညာတော်မယ်။ ထူးချွန်မယ်။ ပညာရေးနဲ့ အကျိုးပေးမယ်။ ဆရာသမားတွေရဲ့ အရေးပေး ချစ်ခင်မှုကို ခံရမယ်။ အတတ်ပညာနဲ့ အကျိုးစီးပွားဖြစ်မယ်ပေါ့။

အဲဒီတော့ ဝဂ္ဂုတ္တမနဝင်းနဲ့ ဒုဋ္ဌာနဝဂ္ဂုတ္တမနဝင်းတို့ရဲ့ အကျိုးပေး ကောင်းမှု၊ ညံ့မှုဟာ အဖြူနှင့် အမည်းလို ကွဲပြားနေပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ တနင်္လာ ကသစ်နဲ့ အခု နောက်တိုးတင်ပြလိုက်တဲ့ ဒုဋ္ဌာနဝဂ္ဂုတ္တမနဝင်းတို့ဟာလည်း တစ်ဖက်မှာ သောင်ထွန်းသလို ကျန်တစ်ဖက်မှာလည်း ကမ်းပါးပြိုတဲ့ ပုံသဏ္ဌာန်ပါပဲ။ အကြောင်းအကျိုး ဒွန်တွဲသလို အကောင်းအဆိုးကလည်း လွှန်ဆွဲနေတာပါ။

ဒီတော့ ဖော်ပြပါ (၁)ကြွင်းမဟာဘုတ် တနင်္လာသားဟာ အကောင်းတွေ မျှော်ကိုးရင်း မိမိကိုယ်တိုင်က အပြောအဆို၊ အနေအထိုင်၊ အကျင့်အကြံအစ ထိန်းထိန်းသိမ်းသိမ်း၊ မွန်မွန်မြတ်မြတ် ရှိရပါမယ်။ ဒါမှသာ တနင်္လာကသစ်က ဇာတိပြမှာ ဖြစ်ပါတယ်။ ငါ တနင်္လာကသစ် ရထားသူပဲဆိုပြီး ဟော့ဟော့ရမ်းရမ်း နေထိုင်ရင်တော့ တနင်္လာ ဒုဋ္ဌာနဝဂ္ဂုတ္တမနဝင်းက သတ္တိပြလာမှာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ နိဂုံးချုပ်တင်ပြရရင်တော့ ကသစ်ရခြင်းမှာ အကောင်းအဆိုးဒွန်တွဲနေတဲ့ တနင်္လာနံဂြိုဟ်၊ ဗုဒ္ဓဟူးနံဂြိုဟ်နဲ့ စနေနံဂြိုဟ်တို့မှအပ ကျန်တနင်္ဂနွေနံဂြိုဟ်၊ အင်္ဂါနံဂြိုဟ်၊ ကြာသပတေးနံဂြိုဟ်နဲ့ သောကြာနံဂြိုဟ်များဟာ အကောင်းဏှ္ဌ အားသာနေတဲ့အတွက် ဟော့ရမ်းကြမယ်ဆိုရင်လည်း ကောင်းကျိုးချမ်းသာ ခံစားသင့်သလောက် မခံစားရဖြစ်တတ်ကြောင်း စေတနာမောင်းခတ်လိုက်ရပါတယ်ခင်ဗျား။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**

**မင်းနေထွန်း(ကန့်ဘလူ)**


ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့် ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ

☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မြန်မာ့ရေး

ကိုဝင်းမြင့်+မအေးဘီ (ဆေးမျိုးစုံဆိုင်)၊ (၁၅)လမ်း၊ သမ်းတော်မြို့နယ်၊

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)

လိုင်စင် ၂/၂၀၁၃တဆဆလ၊(၂၃၀၅)

www.burmeseclassic.com

# အတိတ်၊ နိမိတ်နှင့် ယတြာ

ဦးကိုကိုကြီး(စစ်ဆေးရေး)■■■

ဂမ္ဘီရမဂ္ဂဇင်းမှတစ်ဆင့် စာရှုသူများထံသို့ စာရှုသူများ အကျိုးဖြစ်ထွန်းစေမည့် ဗဟုသုတများ မျှဝေနိုင်ရန် မည်သည့်အကြောင်းအရာကို ရေးရလျှင်ကောင်းမလဲဆိုသည်ကို စဉ်းစားနေရင်းက စာရေးသူ၏ စာအုပ်စင်ရှိ စာအုပ်များထဲမှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်မိပါသည်။

ဆွဲထုတ်လိုက်မိသော စာအုပ်သည် လွန်ခဲ့သော(၂၅) နှစ်ကျော်လောက်က စာရေးသူ၏ ဆရာဖြစ်သူ ဆရာပြေမှ စာရေးသူအား မေတ္တာလက်ဆောင်ပေးခဲ့သော စာအုပ်ဖြစ်နေပါသည်။

ထိုစာအုပ်ထဲတွင် ဗေဒင်ပိုင်းဆိုင်ရာ မှတ်တမ်းများနှင့် အတိတ်နိမိတ်ဆိုင်ရာ မှတ်တမ်းမှတ်ရာများကို တွေ့ရှိရပါသည်။

ထိုစဉ်က ပေးလို့သာ ယူခဲ့မိပါသည်။ စိတ်မဝင်စားခဲ့ပါ။

ဆရာပြေမှ ပေးစဉ်အခါက-

"မောင်ရင် စိတ်မဝင်စားပေမယ့် တစ်နေ့ကျ ကျုပ်စာအုပ်က အသုံးဝင်မှာပါ။ ကျုပ်က ဗေဒင်လည်း ဟောစားဘူး။ အတိတ်၊ နိမိတ် ကောက်ပေးပြီးတော့လည်း ပိုက်ဆံမယူဘူး။ ဒါပေသည့် ကြုံရင်ကြုံသလို ဗေဒင်ဟောပေးတာမျိုး၊ အတိတ်နိမိတ် ကောက်ပေးတာမျိုးတော့ လုပ်ပေးတယ်။ ဒီတော့ ကျုပ်မှာ ကုသိုလ်လည်း ပါတယ်။ မိတ်ဆွေ အပေါင်းအသင်းလည်း ပေါတယ်။ ကျုပ်မှာ အခက်အခဲရှိရင် လာကူညီကြတဲ့ အကျိုးထူးတော့ ရပါတယ်"ဟု မှတ်မှတ်ရရ ပြောခဲ့ဖူးပါသည်။

ဆရာပြေသည် ယခု လူ့ပြည်တွင် မရှိတော့ပါ။ ကွယ်လွန်သွားခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။

ဆရာပြေရှိစဉ်က သူ၏ စကားအတိုင်းပင် ချစ်သူခင်သူ၊ ကူညီမယ့်သူများ ဆရာပြေတွင် အမှန်ပင် ပေါများပေ၏။ ထို့အတူ-

စာရေးသူ ရေးသားတင်ပြမည့် အတိတ်၊ နိမိတ်အကြောင်းများ ဖတ်ရှုလိုက်ကြသည့် စာဖတ်ပရိသတ်များကလည်း ဤဆောင်းပါးအား ဖော်ပြပေးသည့် ဂမ္ဘီရမဂ္ဂဇင်းအား ချစ်ခင်မြတ်နိုး တန်ဖိုးထား လေးစားကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

စာရေးသူတို့ လူမျိုးတို့သည် အတိတ်၊ နိမိတ်တို့ကို ယုံကြည်တတ်ကြသူများ ဖြစ်ကြပါသည်။

ဥပမာ-မိမိသွားနေသောလမ်းတွင် မိမိရှေ့ဆီမှ မြွေတစ်ကောင် ဖြတ်သွားသည်ကို မြင်တွေ့လိုက်ရပါက ငါတော့ ဒီနေ့ဖြင့် ခရီးရှည်သွားရတော့မှာပဲဟု ပြောဆိုတတ်ကြသလို မိမိအိမ်ခေါင်းရင်းမှ ဇီးကွက်တစ်ကောင်လာမြည်လျှင်လည်း တို့တော့ လာဘ်ဝင်တော့မှာပဲဟုဆိုကာ အတိတ်နိမိတ်ကောက် ပြောဆိုတတ်ကြပါသည်။

ထို့ပြင် ညအချိန်မတော် ငှက်ဆိုးတစ်ကောင်မှ ဂီးဟုသော အသံဖြင့် အော်ဟစ်နားပါက ငှက်ဆိုးထိုးသွားတယ်ဟေ့ အတိတ်နိမိတ်မကောင်းဘူး။ သမ္ဗုဒ္ဓေဂါထာ ရွတ်ကြဟေ့ဟု ပြောဆိုပြီး မိမိတို့ထံ ကျရောက်လာနိုင်မည့် အန္တရာယ်ကို ကာကွယ်ကြပါသည်။

သို့အတွက်ကြောင့် အတိတ်နိမိတ်ကြောင့် ကောင်းကျိုးချမ်းသာမှုကိုလည်း စာရှုသူများ သိရှိအကျိုးခံစားနိုင်ကြမှာဖြစ်သလို ဆိုးသော အတိတ်နိမိတ်တို့ မြင်တွေ့လာပါလျှင်လည်း ယတြာချေနိုင်ကြစေရန် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြသည့် အတိတ်၊ နိမိတ်များအကြောင်းနှင့် ယတြာချေခြင်း အကြောင်းတို့အား စာရှုသူများထံ ရေးသားတင်ပြလိုက်ရပါပေသည်။

◆◆◆

စာရေးသူတို့နိုင်ငံရှိ မိသားစုများသည် ကြောင်များမွေးထားတတ်ကြသဖြင့် ကြောင်ဖြင့် အတိတ်နိမိတ်ကောက်ယူပုံကို ရေးသားဖော်ပြပါမည်။

(၁) ကြောင်တစ်ကောင်သည် သူ၏လက်ဖြင့် မျက်နှာသစ်နေခြင်း၊ သူ၏လက်ဖြင့် နားရွက်ဆေးကြောပွတ်သပ်ခြင်းများ တွေ့ရှိသော် မိုးကာလတွင် မိုးရွာသွန်းတော့မည့် နိမိတ် ဖြစ်ပါသည်။

(၂) ကြောင်တစ်ကောင်သည် သူ၏နားရွက်အား သူ၏



www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့သော် ကြောင်မျက်နှာမှ ... ဖြစ်ကြပါသည်။

ရောက်လာမည့်နိမိတ် ဖြစ်ပါသည်။

(၃) သင်၏နောက်သို့ ကြောင်တစ်ကောင် ကောက်ကောက်ပါအောင် လိုက်လာသော် ငွေကြေးမကြာခင်ရရှိလာတော့မည့်နိမိတ် ဖြစ်ပါသည်။

(၄) အကြောင်းတစ်စုံတစ်ရာ မရှိဘဲ မိမိမွေးထားသော ကြောင် မိမိအိမ်မှ စွန့်ခွာသွားသော် မိမိမိသားစု ဘေးဒုက္ခရောက်တတ်သည့်နိမိတ် ဖြစ်ပါသည်။


(၅) မီးခိုးရောင်ကြောင် အမှတ်မထင် မြင်တွေ့ရသော် ကံကောင်းစေမည့်နိမိတ် ဖြစ်ပါသည်။

(၆) မိမိ၏အိမ်သို့ ကြောင်နက်တစ်ကောင် ဝင်ရောက်လာသော် ကံကောင်းစေမည့်နိမိတ် ဖြစ်ပါသည်။

(၇) အမှတ်မထင် မိမိ၏ရှေ့မှ ကြောင်ဖြူတစ်ကောင် ဖြတ်သန်းသွားသော် ဖျားနာမည့်နိမိတ် ဖြစ်ပါသည်။

(၈) မိမိ၏အိမ်၏ လှေကားအောက်၌ ကြောင်နက်တစ်ကောင်ရှိနေစဉ် လှေကားပေါ်သို့ တက်မိသောသူသည် ကံဆိုးခြင်းတို့ ကြုံရမည့်နိမိတ် ဖြစ်ပါသည်။

(၉) လက်မထပ်မီ အကြိုနေ့၌ ကြောင်တစ်ကောင်၏ နှာချေသံကြားသော် အခြားသော နိုင်ငံများက ကံကောင်း



(၁၀)ကြောင်နက်သုံးကောင် ဆက်တိုက်တွေ့ရှိပါက ကံကောင်းမည့်နိမိတ် ဖြစ်ပါသည်။

(၁၁)မိမိအိမ်မှကြောင်အား မိမိသိလိုသော မေးခွန်းရှိပါက ကြောင်ကို မိန်..မိန်ဟုခေါ်လိုက်စဉ် ကြောင်သည် ညာခြေထောက် စလှမ်းလာပါက မိမိအကြံအစည် အောင်မြင်မည့်နိမိတ်၊ ဘယ်ခြေလှမ်း စလှမ်းလာပါက မိမိအကြံအစည် မအောင်မြင်မည့်နိမိတ် ဖြစ်ပါသည်။

(၁၂)မီးဖိုကိုကျောပေး၍ အိပ်နေသော ကြောင်ကို တွေ့ရသော် မိုးကာလ၌ မိုးရွာမည့်နိမိတ် ဖြစ်ပါသည်။

ဆက်လက်ပြီး အိမ်တိုင်းတွင် ပင့်ကူရှိတတ်ကြသဖြင့် ပင့်ကူဖြင့် အတိတ်နိမိတ်ကောက်ပုံကို ရေးသားဖော်ပြပါမည်။

(၁) နံနက်စောစော ပင့်ကူတစ်ကောင်ကို တွေ့ရသော် စိတ်ဆင်းရဲရတတ်သည့်နိမိတ် ဖြစ်ပါသည်။

(၂) နေ့လယ်အချိန်တွင် ပင့်ကူတစ်ကောင်ကို တွေ့ရသော် စိုးရိမ်ကြောင့်ကြရမည့်နိမိတ် ဖြစ်ပါသည်။

(၃) ညနေချိန်ခါ ပင့်ကူတစ်ကောင် တွေ့ရသော် ငွေရေးကြေးရေး ဆုံးရှုံးတတ်သည့်နိမိတ် ဖြစ်ပါသည်။

(၄) ပင့်ကူအိမ်ဆောက်သည် တွေ့ရသော် မကောင်းကြံသူနှင့် တွေ့ရတတ်သလို လက်ဆောင်ပစ္စည်း ရတတ်သည်ဟုလည်း နိမိတ်ဖြစ်ပါသည်။

(၅) နံနက်စောစော ပင့်ကူအိမ်ဆောက်နေသည် တွေ့ရပါက ကံကောင်းခြင်းနိမိတ် ဖြစ်ပါသည်။

(၆) နေ့လယ်အချိန် ပင့်ကူအိမ်ဆောက်နေသည် တွေ့ရပါက ခရီးယာယီသွားရမည့်နိမိတ် ဖြစ်ပါသည်။

(၇) တံခါးပေါက်အနီး ပင့်ကူအိမ်ဆောက်နေသည် တွေ့ရပါက ဧည့်သည်လာမည့်နိမိတ်ဖြစ်ပါသည်။

(၈) ပင့်ကူ၏ အမျှင်ပေါ်သို့ ပင့်ကူတက်လှမ်းနေသည်ကို တွေ့ရသော် သတင်းကောင်းကြားရမည့်နိမိတ် ဖြစ်ပါသည်။

(၉) ပင့်ကူမျှင်မှ ပင့်ကူမြေကြီးထိဆင်းသည် တွေ့ရသော် ကံကောင်းခြင်းနိမိတ် တစ်ဝက်တစ်ပျက်ဆိုမှု ကံဆိုးခြင်းနိမိတ် ဖြစ်ပါသည်။

(၁၀)သင်၏ အင်္ကျီအဝတ်အစားပေါ်တွင် ပင့်ကူတက်...



www.burmeseclassic.com

www.burmeseclassic.com

သော် ငွေကြေးရတတ်သည့်နိမိတ် ဖြစ်ပါသည်။
(၁၁)သင်၏ ခန္ဓာကိုယ်ပေါ်တွင် ပင့်ကူတစ်ကောင် မြင်ရသော် ကံကောင်းမည့်နိမိတ် ဖြစ်ပါသည်။
(၁၂)အနီရောင်ပင့်ကူ အငယ်စားတစ်ကောင် တွေ့ရသော် ငွေကြေးရမည့်နိမိတ် ဖြစ်ပါသည်။
(၁၃)ပင့်ကူအား သတ်လိုက်မိသော် ကံဆိုးမည့်နိမိတ် ဖြစ်ပါသည်။
(၁၄)နံရံကို ဖြတ်သန်းနေသော ပင့်ကူတစ်ကောင်ကို တွေ့ရသော် ကံကောင်းမည့်နိမိတ် ဖြစ်ပါသည်။

အတိတ်၊ နိမိတ် ကောက်ရာတွင် ကောင်းသည့်နိမိတ် ကြုံလာလျှင် ကောင်းသောကံများ ဖြစ်ပေါ်လာနိုင်သော်လည်း မကောင်းသော အတိတ်နိမိတ် ကြုံတွေ့လာခဲ့ပါလျှင် ယတြာချေနိုင်ရန်လည်း စာရှုသူများအတွက် ရေးသားဖော်ပြပေးလိုက်ရပါသည်။

အညံ့ကြုံလာပါက ပုံသေယတြာ ဖြစ်ပါသည်။

* တနင်္ဂနွေနှင့် စနေသားသမီးများ ဘုရားတွင် ဆီမီးကပ်လှူပါ။
* တနင်္လာနှင့် ကြာသပတေးသားသမီးများ မြေဖို့ခြင်း၊ သမ်းပြင်ခြင်း၊ မြောင်းဖော်ခြင်း၊ မြက်နုတ်ခြင်းများကို ဘုရား၊ ကျောင်း၊ ကန်၊ ဆရာသမားနှင့် မိဘများ အိမ်တို့တွင် လုပ်ပေးရပါမည်။
* အင်္ဂါနှင့် ရာဟုသားသမီးများကတော့ ယပ်တောင်၊ သေနက္ကာ၊ လေအေးစက် လှူတာမျိုးလေး၊ လေဆေးလှူတာမျိုး လုပ်ပေးရပါမည်။
* ဗုဒ္ဓဟူးနှင့် သောကြာသားသမီးများ ရေချမ်းကပ်လှူတာမျိုး၊ ရေချမ်းစင်၊ ရေအိုးလှူတာမျိုး၊ ရေကြောင်းဖောက်သွားလက်မှတ်လှူတာမျိုးကို သံဃာတော်များ၊ မိဘဆရာသမားများ၊ သက်ကြီးရွယ်အိုများကို လှူဒါန်းမှုမျိုးလုပ်ပေးရပါမည်။

အထက်ဖော်ပြပါ နေ့သားသမီးများအလိုက် အညံ့ကြုံလာပါလျှင် ယတြာချေပေးလိုက်ပါက အဆိုးတွေကျော်လွှား၍ အကောင်းတွေ ရောက်ရှိလာမှာ ဖြစ်ပါသည်။

စီစုံးချုပ်ရေးသားရပါသော် အတိတ်၊ နိမိတ်ကောက်များတို့သည် များစွာရှိသည့်အထဲမှ လူတွေနှင့် အများဆုံးကြုံတွေ့နိုင်သည့် အတိတ်နိမိတ်ကောက်ယူပုံနှင့် ယတြာများကို ယခုရေးသားတင်ဆက်အပ်ပါသည်။



အများအကျိုးဖြစ်စနိုင်မည့် ကျန်ရှိနေသေးသည့် အတိတ်နိမိတ်နှင့် ယတြာတို့ကိုလည်း ထပ်မံ၍ ရေးသားရန် ကြိုးစားနေပါသည်။

ယခုရေးသားထားသည့် အတိတ်၊ နိမိတ်တို့သည် သဘာဝအလျောက် ဖြစ်ပေါ်နေသော အကြောင်းအရာများအား ကောက်နုတ်ထားခြင်းများနှင့်အတူ နိုင်ငံတကာမှ တင်ပြထားသော ENCYCLOPAEDIA OF PREDICTIONS BY VARIOUS AUTHORS 1988 စာအုပ်မှလည်း ထုတ်နုတ်၍ မြန်မာမှုနှင့် ပေါင်းစပ်ကာ ရေးသားဖော်ပြထားကြောင်း ဆရာပြေက ပြောပြခဲ့ပါသည်။

ထပ်မံရေးသားရန် အဓိကကြိုးစားနေသည်ကတော့ လူတို့က မိမိဘာသာ ဖန်တီးပြုလုပ်သော အတိတ်၊ နိမိတ် အကြောင်းများ ဖြစ်ပါသည်။

များမကြာမီ စာဖတ်ပရိသတ်ရှေ့မှောက်သို့ ဂမ္ဘီရမဂ္ဂဇင်းမှတစ်ဆင့် စာရှုသူများ စိတ်ဝင်တစားဖတ်ရှုနိုင်ကြရန် ရေးသားပါဦးမည်ဟု ကတိပြုရင်း…။

ဂမ္ဘီရမဂ္ဂဇင်းနှင့်တကွ စာဖတ်ပရိသတ်များအား အစဉ်လေးစားတန်ဖိုးထားလျက်။

**ဦးကိုကိုကြီး(စစ်ဆေးရေး)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

တရာကင့်ရာသီတွင် ရာဟုဂြိုဟ် တည်ရှိနေသဖြင့် ခိုးသားဓားပြ သောင်းကျန်းတတ်၏။ ကန်ရာသီ၌ အင်္ဂါဂြိုဟ်နှင့် သောကြာဂြိုဟ် ရှိသဖြင့် နံ့သာနီ၊ ချိုစောင်၊ ပဝါ၊ အရောင်တင်ပစ္စည်း၊ အဝတ်အထည်များ ဈေးကောင်းမည်။ တူရာသီတွင် ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ တည်ရှိချိန်တွင် ပြည်သူအပေါင်း ဘေးရန်ကင်း၍ အေးချမ်းမှုရှိမည်။ ဗြိစ္ဆာရာသီတွင် ကြာသပတေးဂြိုဟ် ရှိချိန်တွင် မိုးခေါင်၍ ခိုးသားဓားပြ ထူပြောအံ့။ ဓနုရာသီတွင် ဗုဒ္ဓဟူးဂြိုဟ် ရှိချိန်တွင် သမင်၊ မြင်း၊ ဆင် သတ္တဝါတို့ ပျက်စီး၍ လူတို့ မင်းဒဏ်သင့်အံ့။



# မင်းမပေါ်ညွန့် နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ




**၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်**

အထက်မျှော်နက္ခတ် ရရှိ၍ တိထိရက်မြတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အမည် ကင်ပွန်းတပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ ကျော သွေးလောင်း၊ တိုင်ထူရန်၊ အိမ်သစ်တက်၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ၊ပန်း စသော ပန်း(၁၀)မျိုး အလုပ်များ လုပ်ကိုင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်းထွန်း မယမင်းထက်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင် မှာ အဝါရောင် ဖြစ်သည်။




**၂-၁၁-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်**

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသပြုရန်၊ ရဟန်းခံ ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အလှပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာ၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပါတီစည့်ခံပွဲ ကျင်းပရန်၊ ဆိုင်သစ်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကုမ္ပဏီသစ်များ စတင်ဖွင့်ရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေ ထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြသန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ကြက်သွေးရောင် ဖြစ်သည်။



## ၃-၁၁-၂၀၁၇ (သောကြာနေ့)
## (၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ပွဲတော်ထိုး၍ ဂိုဏ်းဆေး ထိုးရန်၊ အမည်မှည့်ခေါ်ရန်၊ ဆံရိတ်,ဆံသပြုရန်၊ အလှအပပြင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ ပညာစသင်ရန်၊ မျိုးစေ့ချ အသီးဆွတ်ခူးရန်၊ မိတ်ဆွေသစ် တွေ့ဆုံရန်၊ အလုပ်သစ်လျှောက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်း ထက်၊ မဟန်နီထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



## ၆-၁၁-၂၀၁၇ (တနင်္လာနေ့)
## (၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၃)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပ ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ အလှပြင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ ရုပ်ရှင်,သဘင်စသော အနုပညာလုပ်ငန်း စတင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ငွေချေးငှား,အပ်နှံရန်၊ သီးနှံများ ရိတ်သိမ်း, ဆွတ်ခူးရန်၊ အိမ်တက်,လှေကားထောင်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော် အေးထွန်း၊ မချမ်းအေးထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ ပန်းရောင်ဖြစ်သည်။



## ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့)
## (၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၆)ရက်

အလုံးစုံ အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရေတွင်း၊ ရေကန်၊ အဝီစိတွင်း တူးဖော်ရန်၊ ပညာ စသင်ကြားရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ ဘုရားပင့်ဆောင်ရန်၊ ကြေးကြိုးဆိုင်းဘုတ်တင်ရန်၊ ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ မေတ္တာရေးရာစကား ဆိုရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုမ္ပဏီသစ် ထူ ထောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ် သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြသန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ် တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**၁၁-၁၁-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်**

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ဗျူတီပါလာဆိုင်ခန်း ဖွင့်ရန်၊ အလှကုန်ပစ္စည်းသစ် စတင်ဖြန့်ချိရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စပါးကျီသွင်းရန်၊ စိုက်ပျိုးရေး ဆေးဝါးများ စတင်ဖြန့်ချိရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အသင်းအဖွဲ့ ပရဟိတအလုပ်များ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟု ကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေး ကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်နောင်၊ မထက်ထက်ထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက် တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ နက်ပြာရောင် ဖြစ်သည်။



**၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၂)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ နား လက်ထပ်ရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံပန္နက် ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံ ညှိခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားဆိုရန်၊ အောင်ဘာလေထီထိုးရန် အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေး နာမည်ပေးလိုပါက မောင်ဝင်းမင်းထွန်း၊ မယမင်းထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက် အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက်**

ကြံစည်သမျှ ပြီးသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားအနေကဇာတင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ နား လက်ထပ်ပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသပြုရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင် ရန်၊ အဆောက်အအုံပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံညှိခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်း သည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင် ဟိန်းထက်၊ မမြသန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင် မှာ လိမ္မော်ရောင် ဖြစ်သည်။



**၁၈-၁၁-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဓာတ်သတ္တုများ စူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ သီးနှံများ ဆွတ်ခူး၊ရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာဆိုင်ရာ လုပ်ငန်း စတင်ရန်၊ အဓိဋ္ဌာန်ဝင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊



www.burmeseclassic.com

www.burmeseclassic.com

လာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်နောင်၊ မထက်ထက်ထွန်း··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ နက်ပြာရောင် ဖြစ်သည်။



**၂၀-၁၁-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၂)ရက်**

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ရှင်ပြုရန်၊ ဆိုင်းသစ်၊ ကုမ္ပဏီသစ် ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ၊အုတ်စီရန်၊ ကျောက်သွေးလောင်း၊ တိုင်ထူ၊ အိမ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်အေးထွန်း၊ မချမ်းအေးထက်··ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၃)ရက်**

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀) မျိုးလုပ်ငန်းများ စတင်လုပ်ဆောင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး၊ တိုင်ထူရန်၊ အိမ်ပြောင်းရွှေ့ရန်၊ နာမည်မှည့်ခေါ်ရန်၊ မျိုးစေ့ကြဲပက် စိုက်ပျိုးရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ရေကြောင်းခရီးသွားရန်၊ ချစ်ရေးဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းထွန်း၊ မဆွေလှိုင်နှင်း··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။



**၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၄)ရက်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အနေကဇာ တင်ရန်၊ စေ့စပ်ပွဲ ကျင်းပရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ပညာစသင်ယူရန်၊ ရတနာဝတ်ဆင်ရန်၊ ရေကြောင်းခရီး သွားရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာ ဝင်ရန်၊ အသင်းဖွဲ့စည်းမှု ပြုလုပ်ရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်းထွန်း၊ မယမင်းထက်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်**

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ပန်း(၁၀)မျိုး လုပ်ငန်း စတင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ အိမ်ပြောင်း ရွှေ့ရန်၊ ဆံရိတ်၊ဆံသ ပြုရန်၊ အလှပြင်ရန်၊ အလှကုန်ပစ္စည်း စတင်ဖြန့်ချိရန်၊ ရေကြောင်းခရီးသွား ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင် မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြသန္တာထွန်း ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၂၅-၁၁-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်**


အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာရောင်းဝယ် ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၊ကျောက်သွေးလောင်းရန်၊ အိမ်တက်လှေကား ထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီအရင်ခံစာ တင်သွင်းရန်၊ အလုပ်သစ်လျှောက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်နောင်၊ မထက်ထက်ထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်**

မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ နာမည်ပေး ကင်ပွန်း တပ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊တူးဖော်ရန်၊ ငွေကြေးချေးငှားရန်၊ မိတ်ဆွေသစ် ဖွဲ့ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အစုရှယ်ယာဝင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အိမ်သစ်တက်ရန်၊ အိမ်လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင် ထွဋ်၊ မအေးချမ်းထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အနက်ရောင် ဖြစ်သည်။



**၂၇-၁၁-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်**


အဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အုတ်မြစ် အုတ်စီရန်၊ တိုင်ထူ၊ လှေကားထောင်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီး သွားရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ စက်နှင့် အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ လူမှု ဘာသာရေးလုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘဲလေထီထိုးရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုသိုလ် ထောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟု



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်အောင်ထူး၊ မကြည်သာထွေး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။




__၂၉-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)__

__(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၁၁)ရက်__

အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အုတ်မြစ်ချ၊ အုတ်စီရန်၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ အိမ်တက်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ,ပန်းပုစသော ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်းထွန်း၊ မယမင်းထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

မင်းမဟော်ညွန့်

ဖုန်း-၀၉. ၂၅၀ ၁၆၇ ၃၃၄

Dictionary for All

THALUN Bookstore Yangon

သာလွန် အင်္ဂလိပ်-မြန်မာ အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၁၊ ၂၄၉၂၀၈

အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၀



www.burmeseclassic.com

www.burmeseclassic.com

# သမ္မတထရန့်ကို စိန်ခေါ်ဝံ့သော
# မဟာရာဇယုဂ်

ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒပညာတွင် ယုဂ်ပေါင်းများစွာ ရှိပါသည်။ ထိုယုဂ်များအနက်မှ ရာဇယုဂ်နှင့် ပတ်သက်လို့ အောက်ပါအတိုင်း တွေ့ရှိနေပါသည်။

**အမှတ်(၁) ဇာတာ၌-**

ဥစ်ဂြိုဟ် သုံးလုံးနှင့် တူမီးတောက် စနေဥစ်ရခြင်းကြောင့် ရာဇယုဂ် ရရှိနေပါသည်။ အင်္ဂါဂြိုဟ် ဥစ်ရရှိသော ဇာတာရှင်တို့မှာ စစ်ဘက်ဆိုင်ရာ၊ ဆေးဖက်ဆိုင်ရာတို့မှာ ထူးချွန်အောင်မြင်စေနိုင်ပြီး ရာဟုဂြိုဟ် ဥစ်ရခြင်းမှာ သိပ္ပံပညာရပ်များကို တီထွင်ခြင်း၊ ထူးချွန်ခြင်း အောင်မြင်စေနိုင်ပြီး-

က။ မကာရလဂ်မှ (၄)တန့်သခင် အင်္ဂါဂြိုဟ် ဥစ်နှင့် (၅)တန့် သောကြာဂြိုဟ်တို့ ပူးယှဉ်တည်နေပြီး လဂ်သခင် စနေဂြိုဟ်သည် (၁၀)တန့်မှာ ဥစ်ရနေပြီး (၇)တန့်သခင် စန်း တနင်္လာဂြိုဟ်နှင့် ပူးယှဉ်နေပြန်ပါသည်။

ခ။ ဒီတော့ လဂ်၌ (၉)တန့်၊ (၁၀)တန့် သခင်တို့ ပူးယှဉ်တည်နေခြင်းက ပထမ ရာဇယုဂ် ရခြင်း။


ဂ။ မကာရလဂ်နှင့် ဥစ် အင်္ဂါ ပူးယှဉ်နေခြင်းက ပထမ ရူစကယုဂ် ရခြင်း၊ ထိုဥစ် အင်္ဂါဂြိုဟ်၏ (၁၀)တန့်ရှိ တနင်္လာဂြိုဟ်၏ (၄)တန့် ကိန်းအိမ်၏ ဘာဝမှ ဥ
အင်္ဂါဂြိုဟ် တည်နေခြင်းက ဒုတိယ ရူစကယု
ရခြင်း။



ထိုအမှတ်(၁) ဇာတာ၌ လဂ်၊ စန်း နှစ်မျိုးလုံး
ကိန်း၊ ဘာဝတို့၌ တည်နေ၍ (ရူစက)ယုဂ် နှစ်ထပ်ကွ
ရရှိထား၍ အားကောင်းသော ဩဇာအာဏာရှင် ဖြစ်
သော ဇာတာအမျိုးအစားဖြစ်ပြီး ဤအမှတ်(၁) ဇာတ
ရာဇယုဂ်နှင့် ရူစကယုဂ် နှစ်ထပ်ကွမ်းတို့ကို ပေါင်း
သော မဟာရာဇယုဂ် မည်၏။ ဤမဟာရာဇယု
ရထားသော အမှတ်(၁) ဇာတာအမျိုးအစားသည် က
ခေါင်းဆောင်တို့၌ အလွန်ရှားပါးသော ဇာတာအမျိုးအ
ဖြစ်နေသောကြောင့် နက္ခတ္တဗေဒ ပညာရပ်တွင် မှတ်
တင်ထားသင့်ပေသည်။

ဃ။ မကာရလဂ်သခင် စနေဂြိုဟ်သည် (၁၀)တန့်
သောကြာဂြိုဟ်ပိုင် ဥစ်အိမ်မှာ တည်နေပြီး (
တန့်သခင် သောကြာဂြိုဟ်သည် စနေပိုင်

**ကင်းမ်ဂျုန်အန်း**
**အမှတ်(၁)ဇာတာ**




(8-1-1983) 09:30 Am. မြို့ယန်း

www.burmeseclassic.com

www.burmeseclassic.com






မကာရလဂ်နှင့် အတူ ပူးယှဉ်နေ၍ (၁၀)တန့်သခင်နှင့် လဂ်သခင်တို့ အိမ်ချင်းလဲ၍ တည်နေခြင်းကြောင့် အပြန်ပြန်အလှန်လှန် ကူညီပေးပြီး အားကောင်းနေသဖြင့် အထူးထက်မြက် ကျော်ကြားသူတစ်ယောက် ဖြစ်နေမည်။ သို့သော် (၂၀၁၇)ခုနှစ်၊ ဩဂုတ်လမှ (၂၀၂၀)ပြည့်နှစ်၊ စက်တင်ဘာလအတွင်း လေးနက်သော အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့စေနိုင်သည်။

**<u>အမှတ်(၂) ဇာတာ၌-</u>**

တေဇောဓာတ်ပိုင် သိဟ်ရာသီမှာ (၄)တန့်သခင်၊

**ဒေါ်နယ်ထရန့်**
**အမှတ်(၂)ဇာတာ**




**(14-6-1946) 10:54 Am. U.S.A**

(၉)တန့်သခင်ဖြစ်သော ယောဂကာရက အင်္ဂါဂြိုဟ်သည် လဂ်နှင့် ပူးတည်နေ၍ ရာဇယုဂ်တော့ ရသည်။

က။ လဂ်သခင် တနင်္ဂနွေဂြိုဟ်ကို (၅)တန့်သခင် ကြာသပတေးဂြိုဟ် (၉)တန့်နှင့် မြင်နေခြင်းကြောင့် ဓနယုဂ်ရခြင်း၊ (၅)တန့်သခင် ကြာသပတေး (၂)တန့်မှာ တည်နေခြင်းကြောင့်လည်း ဓနယုဂ် ရပြန်သည်။

ခ။ လဂ်သခင် တနင်္ဂနွေဂြိုဟ်သည် (၁၀)တန့်မှာတည်





www.burmeseclassic.com

www.burmeseclassic.com





၍ ရာဟုဂြိုဟ်နှင့် ပူးတည်နေခြင်းကြောင့် ရာဇယုဂ် အားနည်းခြင်း၊

ဂ။ လဂ်(၄)တန့်ဘာဝမှာတည်သော နိစ်စန်း တနင်္လာဂြိုဟ်ကို ရာဟုဂြိုဟ် သမသတ်အမြင် ရှိခြင်းကြောင့်လည်း ရာဇယုဂ် အားနည်းခြင်း၊

ဃ။ လဂ်သခင် တနင်္ဂနွေဂြိုဟ်သည် (၁၀)တန့်ဘာဝမှာ ရာဟုဂြိုဟ်နှင့် ပူးတည်နေပြီး ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ် (၁၀)တန့်နှင့် (၄)တန့် ပိတ်ပြီး တည်နေသောကြောင့် ကာလာသဖယုဂ် ဖြစ်နေ၍ ဩဇာအာဏာတို့သည် လျှပ်တစ်ပြက် ပြုတ်ကျပျက်စီးလွယ်ပြီး အလွယ်တကူ အာဏာစွန့်လွှတ်စေတတ်ပါသည်။ ထို့ကြောင့် မိမိ၏ စီမံခန့်ခွဲမှုအပေါ် မည်သည့်နိုင်ငံမဆို အဆင်မပြေမှုနှင့် ဆန့်ကျင်မှုများ ဖြစ်စေတတ်သည်။

င။ အမှတ်(၂) ဇာတာရှင်သည် သိဟ် ခြင်္သေ့ဟောက် ရာဇယုဂ် ရငြားသော်လည်း လဂ်သခင်လည်းဖြစ်သော တနင်္ဂနွေဂြိုဟ်ကို ရာဟုဂြိုဟ်နှင့် ပူးတည်နေ၍ အားမရှိခြင်း၊ တနင်္လာဂြိုဟ် နိစ်ရာသီ (၄)တန့်ဘာဝမှာ တည်နေ၍ အားမရှိခြင်း၊ (၁၀)တန့်သခင် သောကြာဂြိုဟ်ကို စနေဂြိုဟ်နှင့် ပူးတည်နေ၍ အားမရှိခြင်းဖြစ်၍ ဩဇာအာဏာ ကြီးထွားတည်မြဲစေသော ရာဇယုဂ် အားနည်းနေခြင်းကြောင့် ခနေယုဂ်ကြောင့်ရသော စီးပွားရေး၊ ကြီးပွားချမ်းသာမှု တွေတောင် ပျက်စီးစေတတ်သည်။

**မှတ်ချက်**

၁။ တနင်္ဂနွေဂြိုဟ် အားမရှိခြင်း၊

၂။ တနင်္လာဂြိုဟ် အားမရှိခြင်း၊

၃။ (၁၀)တန့်သခင် အားမရှိခြင်း၊

၄။ (၁၀)တန့်ဘာဝ အားမရှိခြင်း၊

၅။ ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ် ပိတ်မိနေ၍ ကာလာသဖယုဂ် ဖြစ်နေခြင်းသည် ဘာဝမှာ မထင်မှတ်သော ရှုပ်ထွေးမှုနှင့် ဆုံးရှုံးမှုများ ဖြစ်လွယ်သည်။

ဆရာဘုန်းမြတ်မင်း
ဖုန်း–၀၉ ၅၁၈...



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် ပျော်မွန်းထားသလောက်
'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားထို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် တွေ့ဆုံဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၅၁ ၈၇၉၀၅



www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၇]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံတူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကစံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာ ကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင် မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူကြွစွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာ ချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင် စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်း ပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက် ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေ ဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

| ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

| ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

| ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

| စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

| အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

| နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

| ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလအတွက် နက္ခတ်မေဒင်ဟောစာတမ်း

### ...သလဂ် (Aries)



ဘဝမှာ အတိုက်အခံ၊ အနှောင့်အယှက်များလှချည်လားလို့ ညည်းတွားနေရတတ်၏။ မခံချင်စိတ်တွေလည်း ယခင်ထက် ပြင်းထန်နေတတ်ပါသည်။ တစ်...စ်ခါ ခါးဆစ်၊ နံရိုးတွေက ကိုက်ခဲနာကျင်လာတတ်...ည်။ စိုးရိမ်လောက်တဲ့အဆင့်တော့ မဟုတ်ပါ။ အိမ်...င်ရေး သာယာနေသော်လည်း အိမ်ထောင်ဖက်ရဲ့...ချက် ငွေအတွက် စိတ်ပင်ပန်းနေမည်။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းရှင်များ ငွေကြေးပမာဏ အလိုပြနေမည်။ လုပ်ငန်းကတော့ အောင်မြင်နေမှာပါ။ (၁၇)ရက်နောက်ပိုင်းမှ ငွေကြေးအဆင်ပြေလာမည်။ အနှစ်နာခံသော်လည်း စစ်မှန်တဲ့အချစ် မရနိုင်တဲ့ကာလဟု ဆိုရပေမည်။ သားရေး၊သမီးရေး ကြိုးစားသော်လည်း အဆင်မပြေမှုတွေနှင့် တိုးကာ ပညာရေးများ ရပ်တန့်သွားတတ်ပါသည်။ ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်ကတော့ အောင်မြင်နေမှာပါ။ ကျန်းမာရေးလည်း ကောင်းနေမည်။ မထင်မှတ်ဘဲ ဂုဏ်သိက္ခာကျဆင်းရတတ်၍ အမြဲသတိထား ဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်စည်းကမ်း အခိုင်အမာထားနိုင်မှ တန်ကာကျမည်။ ဝင်ငွေလာဘ်လာဘလည်း များမည်။ မိဘကျန်းမာရေး အထူးဂရုစိုက်ပေးပါ။ အလုပ်အကိုင် အဆင်ပြေနေမည်။ သံယောဇဉ်မထားသင့်သူကို ထားမိနေတတ်၏။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၈၊ ၆၊ ၇၊ ၉)ပါ။

**ယတြာ** - အုန်းညွန့်(၆)ညွန့်နှင့် ဆီးညွန့်(၈)ညွန့်ကို ရောစည်းပြီး အင်္ဂါထောင့်ဂြိုဟ်တိုင်ဘုရားမှာ လှူပါ။

## ပြိဿလဂ် (Taurus)



အမှုအခင်း ရင်ဆိုင်ရသကဲ့သို့ အတိုက်အခံစကား ပြောလာရတတ်၏။ အိမ်ခြံမြေကိစ္စ၊ ဆေးရုံ၊ဆေးခန်းကိစ္စ ဖြစ်ဖို့များ၏။ လကုန်ခါနီးမှ ပြေလည်သွားမည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်တဲ့ စိုးရိမ်သောကများ သက်သာခွင့်ရမည်။ ဂုဏ်သိက္ခာရှိရှိနှင့် တင့်တယ်စွာ မင်္ဂလာဆောင်မည့်သူများ ဤလတွင် မဆောင်သင့်ပါ။ အဖျက်ဝင်လာတတ်ပါသည်။ မှန့်လုပ်ငန်းရှင်များ အဆင်ပြေသော်လည်း ဆုံးရှုံးမှု များနေတတ်၏။ သြဇာအာဏာများ ကျလိုက်၊ တက်လိုက်၊ မေးမှိန်လိုက်နှင့် မတည်မငြိမ်ဖြစ်နေမည်။ အိမ်ထောင်ရေးသောကများ ဖြည်းဖြည်းချင်း လျော့နည်းသွားမည်။ လကုန်ခါနီး ဖက်စပ်လုပ်ငန်းတစ်ခု လုပ်ကိုင်ရတတ်၏။ အကျိုးရှိတဲ့ လုပ်ငန်းပါ။ သားရေးသမီးရေး အပူတပြင်းစီစဉ်က ပြဿနာတက်လာတတ်ပါသည်။ အေးအေးဆေးဆေး စီစဉ်ပါ။ အကြွေးကိစ္စကြောင့် ဒုက္ခဝေနေရတတ်ပါသည်။ ဝန်ထမ်းဆိုပါက အထက်အရာရှိကြောင့် အလုပ်ထွက်ရတတ်၏။ စိတ်အေးအေးထားကာ ပုံမှန်လေး လုပ်ဆောင်နိုင်မှ အားလုံးအတွက် အကျိုးထွက်မည်။ မိုက်ရူးရဲသတ္တိကို ရှောင်ထားပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၈၊ ၆၊ ၇၊ ၉)ပါ။

**ယတြာ** - စနေနံသင့်ပစ္စည်း တစ်ခုခုကို စွန့်ပစ်လိုက်ပြီး မွေးနေ့တိုင်း ဆီမီးထွန်းညှိပူဇော်ပါ။

## မေထုန်လဂ် (Gemini)

ဝင်ငွေကောင်းပြီး ကျန်းမာပျော်ရွှင်နေမည်။ အပြောအဆို၊ အနေအထိုင်၊ အစားအသောက် အစစအရာရာ



ယခင်ထက် စည်းစနစ်ကျနေမည်။ မှန်းသရွေ့ပေါက်၊ လှမ်းသရွေ့ရောက်နိုင်တဲ့ ကာလပါ။ လုပ်ငန်းသစ် တိုး... လုပ်ကိုင်မလား၊ လုပ်လိုက်ပါ။ အဆင်ပြေလိမ့်မည်။ မူလလုပ်ငန်းကိုပဲ အရင်းအနှီး တိုးမြှင့်လုပ်ကိုင်မလား၊ လုပ်လိုက်ပါ။ အကျိုးထူးလိမ့်မည်။ အခွ...ရေးမှာ ပျားသကာ ထင်ရမလောက် အဆင်ပြေနေမည်။ ချစ်သူမရှိသေးက ချစ်သူတွေ့ရတတ်ပါသည်။ ကျောင်းသားများ ပညာရေး စိုးရိမ်စရာမရှိပါ။ သားရေးသမီးရေး... ယခုလတွင် အေးဆေးသွားမည်။ လက်အောက်ငယ်သား... အကျိုးပေးမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး... သတိပြုပါ။ ရသင့်တဲ့ အခွင့်အရေး လွယ်လွယ်နှင့်... ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော ဆန့်ကျင်ဘက်တော့ အ... တွေ့နေတတ်ပါသည်။ စိတ်ဓာတ်မကျပါနှင့်။ မိမိအလု... ကိုသာ လုပ်မြဲတိုင်း ဆက်လုပ်ပါ။ လိုရာသုံး အကျိုးပေး... ဂဏန်းများကတော့ (၃၊ ၁၊ ၆၊ ၅၊ ၂)ပါ။

**ယတြာ** - အလှမ်းသီချင်းလေးတွေ ခဏ၊ခဏ ဆို... ပါလေ။ သောကကင်းစင် လာဘ်လည်းရွှင်မည်။

## ကရကဋ်လဂ် (Cancer)



ပိုက်ဆံရှာဖို့ထက် စုဖို့ရာ စိတ်အား... ထက်သန်နေတတ်၏။ မှန်ကန်... အကြင်နာသံယောဇဉ်ရှင် တွေ့မည်... အိမ်ခန်း၊ ကား ဝယ်လိုက ဝယ်ဖြ... သွားလိမ့်မည်။ သတိထားရမှာက မှားယွင်းတဲ့ အ... အခေါ်များ ဝင်လာတတ်ပါသည်။ ဟိုဟာမေ့ ဒီဟာ... အမေ့အလျော့ များလာမည်။ အစာမှား ဆေးမှား ... တတ်၍ သတိထားပါ။ မခံချင်စိတ်ကြောင့် အနာရော... ဖြစ်ပေါ်ခံစားရတတ်၏။ ဒေါသကို လျှော့နိုင်သမျှ လျှော့... ထားပါ။ ဖခင်နှင့်ပတ်သက်ပြီး စိတ်အားထက်သန်... တတ်၏။ (၁၆)ရက်နေ့နောက်ပိုင်း ဖခင်အတွက် ... ရှယ်ထားတဲ့ ငွေကြေးအဆင်ပြေလာလိမ့်မည်။ လ... ခါနီးမှ ချစ်သူတွေ့တတ်၏။ သင်တန်းပညာတစ်ခု ... ရောက်သင်ယူရတတ်ပါသည်။ မည်သည့်အလုပ်... လုပ် ကိုယ်ပိုင်လုပ်ငန်းဆိုပါက အထူးကောင်းမွန်နေ... အိမ်ထောင်ရေးမှာ အတိုက်အခံ မကင်းပေ။ ရစရာ...



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးများ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေမည်။ မကြာခဏ စိတ်ရှုပ်ထွေးတတ်၏။ အရှုပ်ထဲမှာ ရှင်းအောင်နေပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၈၊ ၉၊ ၃၊ ၆)ပါ။

ယတြာ

မိမိ မနှစ်သက်တဲ့ ပစ္စည်းဟောင်းများကို စွန့်ပစ်လိုက်ပါ။ အညှိအဆိုးများ ကင်းသွားလိမ့်မည်။

## သိဟ်လဂ် (Leo)



နိုင်ငံခြားသွားရန် စီစဉ်နေပါသလား။ သင့်ခရီး အဆင်တပြေ အောင်မြင်လိမ့်မည်။ နေအိမ်အသစ်သို့ ပြောင်းရွှေ့ရတတ်၏။ မိခင်ရဲ့ အကျိုးကျေးဇူးကို သိသာသာ ခံစားရလိမ့်မည်။ ကျောင်းသားကျောင်းသူများ စာပေသင်ကြားလိုစိတ် နည်းပါးပြီး အလုပ် လုပ်ကိုင်လိုစိတ် များနေမည်။ တကယ်မလုပ်ဖြစ်ပါ။ စာပေ စိတ်ဝင်စားအောင်သာ မိမိစိတ်ကို ထိန်းချုပ်ပေးပါ။ ချစ်ရေးမှာ ပြေလည်နေလည်း တွေးတွေးပြီး အားငယ်တတ်ပါသည်။ ငယ်ရွယ်သူများ စိတ်လေလွင့်ကာ အိမ် ဝေးရာသို့ ထွက်ခွာလိုစိတ် ပေါက်နေမည်။ စီမံကိန်း ခွဲရတဲ့ ဝန်ထမ်းများ မနာလိုသူကြောင့် ဒုက္ခများ တတ်ပါသည်။ အိမ်ခန်း၊ ကား၊ စက်တပ်ယာဉ်များ လိုစိတ် ပေါက်နေတတ်၏။ မဝယ်သင့်တဲ့ကာလပါ။ လျှင် ဝယ်ပြီး စိတ်တိုင်းမကျဖြစ်ကာ ပြဿနာ တတ်ပါသည်။ ပါတီစည်းရုံးရေးသွားပါက အထူး ခြင်ပါ။ မအောင်မြင်တဲ့အပြင် အချုပ်ခန်းထဲ ဝင်ရ ပါသည်။ အိမ်ထောင်ပြုလိုသူများ ခက်ခဲပြီးမှ လွယ် းမည်။ အိမ်ထောင်ရှင်များကတော့ နီးတကျက် ဝေးတသက်သက် ဖြစ်နေမည်။ မိမိရည်မှန်းချက် မြင်ရန် အနစ်နာခံပြီး ကြိုးစားပါ။ တတိယပတ် အောင်မြင်လာလိမ့်မည်။ အစာအိမ်ရောဂါ ခံစား ၏။ အချဉ်၊ ချဉ်ဟင်း ရှောင်ပါ။ လိုရာသုံး ပေး ဂဏန်းများကတော့ (၅၊ ၄၊ ၁၊ ၆၊ ၃)ပါ။

ယတြာ

ကြာစေ့(၉)ထုပ်ဝယ်ပြီး လူခုနစ်ယောက်ကို ကျွေး ပါ။ ထူးခြားလာလိမ့်မည်။

## ကန်လဂ် (Virgo)



ထိန်းမရလောက်အောင် စည်းကမ်းပျက်နေတတ်၏။ ဆရာသမား၊ လူကြီးမိဘနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေမည်။ အချစ်ရေး ဖန်တီးလိုပါက အေးဆေးစွာ ဖန်တီးပါ။ ဝုန်းဒိုင်းဆိုပြီး ခုန်ဝင်လျှင် ရင်ခွင်မဲ့သွားလိမ့်မည်။ ပညာရေးမှာ အခြေခံကို ပြန်ပြန်လေ့လာနိုင်မှ တော်ကာကျမည်။ ဖခင်၊ ဖခင်နှင့်တူသူတစ်ယောက် ဆေးရုံတက်ရတတ်၏။ နိုင်ငံခြားသွားရောက်လုပ်ကိုင်နေသူများ ကျီးလန့်စာ စားနေရတတ်၏။ အိမ်မှာမပျော် အိမ်မှ ထွက်ခွာချင်နေမည်။ ဆရာယောင်ယောင် သမားယောင်ယောင် အရှုပ်ကောင်နှင့် တွေ့တတ်၏။ အထူးသတိထားပါ။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ ရထား၊ ကား ဝယ်လိုစိတ် ရှိနေတတ်ပါသည်။ ဗေဒင်အမြင်ဖြင့်ပြောလျှင် မဝယ်သင့်သေးပါ။ ဝယ်မိလျှင် စိတ်တိုင်းကျ မဖြစ်နိုင်တဲ့အပြင် ပြဿနာမကင်းပေ။ ခေတ်ပေါ်ဇိမ်ခံပစ္စည်း ဝယ်လိုလျှင် ဒုတိယပတ်ကျော်မှ ဝယ်ပါ။ ကောဇာရာသီစက်တွင် ကာလာသမယုဂ်အသွင်ဆောင်နေ၍ အသက်ဘေး ကျရောက်တတ်သဖြင့် အထူးဆင်ခြင်ကာ သွားလာနေထိုင်၊ စားသောက်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၃၊ ၆၊ ၅၊ ၉)ပါ။

**ယတြာ** - အိမ်ရှိဘုရားကို အမွှေးနံ့သာ ပက်ဖျန်းပူဇော်ကာ သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ဆိုပါ။

## တူလဂ် (Libra)



ဖခင်၊ ဖခင်နှင့်တူသောသူ၊ အကြီးအကဲထံမှ လက်ဆောင်ကောင်းတစ်ခု ရလိမ့်မည်။ အလုပ်ရှာနေသူများ ဒုတိယပတ်အတွင်း အလုပ်ရလိမ့်မည်။ စိတ်တိုင်းကျနိုင်မည် မထင်ပါ။ ပန်းစံပယ် နန်းလယ်မပေါ် ခိုက်ဟာမို့ ခံပန်းကို ကုံးရတာမျိုး ဖြစ်နေတတ်ပါသည်။ လဆန်းစတွင် ဖျားနာတတ်၏။ သို့မဟုတ် မထင်မှတ်ဘဲ ခရီးဝေးတစ်ခု သွားရတတ်ပါသည်။ အိမ်ထောင်ရှင်များ 'ဒါ နောက်ဆုံးပဲ' ဆိုတဲ့ စကားမျိုး တင်းမာစွာ ပြောဆိုရတတ်ပါသည်။ ကုမ္ပဏီဖက်စပ်လုပ်ငန်းရှင်များ စိတ်ဝမ်းကွဲကာ လမ်းခွဲသွားရတတ်ပါသည်။ လက်ထဲရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

ဘီသကဲ့သို့ ပုံသေထင်မှတ်ထားသည်များ မရနိုင်၍ မလုပ်ချင် မကိုင်ချင် မှိုင်တွေနေရတတ်၏။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့်လည်း သိပ်အဆင်မပြေချင်ပါ။ ပညာသင်လူငယ်များ စာပေပညာရေးမှာ မှန်းသလောက် မပေါက်နိုင်ပါ။ သို့သော် ပန်းချီစတဲ့ အခြားကိစ္စများတွင် အောင်မြင်နေတတ်သည်။ လုပ်ငန်းတိုးချဲ့လျှင် အကြွေးတင်ပြီး အမြတ်မထွက်နိုင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၁၊ ၂၊ ၈၊ ၅၊ ၉)ပါ။

**ယတြာ** - စာကလေးတွေကို စပါးကျွေးလိုက်ပါ။ သင့်ဆန္ဒများ အောင်မြင်သွားလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ကျန်းမာရေး ပြန်လည်ကောင်းမွန်လာမည်။ မိမိရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်မည်။ ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်စည်းကမ်း ကောင်းမွန်၍ လာဘ်လာဘ၊ ဝင်ငွေ၊ လက်ဆောင်ပဏ္ဏာများ ရနေမည်။ လက်နက်တော့မှ နေထိုင်မကောင်း ဖြစ်တတ်ပါသည်။ စိတ်ကလည်း အက်တစ်မဖြစ်ဘဲ ဝီရိယကျဆင်းနေတတ်၏။ မထင်မှတ်ဘဲ အိမ်ထောင်ကျသွားတတ်၏။ စုဆောင်း၍လို့ မရနိုင်တဲ့ ကာလပါ။ နေအိမ်၊ ဓနရာဒေသကောင်းသို့ ပြောင်းရတတ်၏။ သူတစ်ပါးပယောဂကြောင့် မိမိဂုဏ်သိက္ခာ နွမ်းပါးတတ်၏။ အပေါင်းအသင်းကို ကြည့်ပေါင်းပါ။ ကျောင်းသူကျောင်းသားများ မှတ်ဉာဏ်အားနည်းနေမည်။ ပါးစပ် (သို့မဟုတ်) မျက်စိမှာ ထိခိုက်ဒဏ်ရာ ရတတ်ပါသည်။ သတိပြုပါ။ အပူသောက မကင်းတဲ့ သံယောဇဉ်ကြိုး ရစ်ပိုးခြင်း ခံရတတ်၏။ အလုပ်အကိုင်ကတော့ ကောင်းမြဲ ကောင်းနေမည်။ အတိုက်အခံတွေလျှင် မိမိ အနိုင်ရလိမ့်မည်။ ယခင်ရပ်တန့်ထားသည်များ ပြန်လည်စတင်နိုင်မည်။ ဆုံးရှုံးနစ်နာထားသည်များ ပြန်ရမည်။ လက်မောင်း၊ ရင်သားနှင့် ပတ်သက်တဲ့ဝေဒနာ ခံစားနေရသူများ သက်သာပျောက်ကင်းသွားမည်။ အရှေ့ပြား ယားယံလာလျှင် မပူပါနှင့်၊ ခဏဆို ပျောက်သွားလိမ့်မည်။ ဆံပင် ဆေးမဆိုးပါနှင့်၊ ကံညှိုးလိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၁၊ ၆၊ ၃၊ ၉)ပါ။

**ယတြာ**

ပဲပင်ပေါက်ကြော်ပြီး ဆွမ်းလောင်းလှူပါ။ ထူးခြားစွာ ကောင်းကျိုးခံစားရလိမ့်မည်။

## ဓနုလဂ် (Sagittarius)



မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်သည်။ အထူးသတိထားပါ။ စည်း... ဥစ္စာများ ယခင်လထက် တိုးတက်... မည်။ မိမိဝန်းကျင်တွင် ထင်ပေါ်... ကြားနေမည်။ သို့သော် ရည်မှန်းချက် ကြီးကြီးမား... မထားသင့်ပါ။ ဘာသာရေးဆိုင်ရာ စည်းရုံးခြင်းကို ... လက်ရှောင်ပါလေ။ အိမ်ထောင်ရေးက အဆင်ပြေလို... မပြေလိုက်ပါပဲ။ အိမ်ထောင်ပြုလိုသူများ အခက်အခဲ... က ပြုဖြစ်သွားမည်။ ဘာပဲပြောပြော၊ ဘာပဲလုပ်... အဆင်တပြေ ငွေဝင်နေမည်။ ပူဇော်သက္ကာရပြုတဲ့ ... ဆုလဒ်များလည်း မကြာခဏ ရနေတတ်ပါသည်။ ... လုပ်ငန်းရှင်များ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ ရေ... ပစ္စည်း ရောင်းဝယ်သူများ မစားရဝခမန်း ပြော... များနှင့်တွေ့ပြီး အခက်အခဲ ဖြစ်သွားတတ်၏။ အိမ်... ရောင်းဝယ်သူများ အဆင်ပြေနေမည်။ ကျောင်း... ကျောင်းသူများ ပညာရေးမှာ ထူးချွန်နေမည်။ သင်... ဝမ်းကျောင်းပညာ သင်ယူနေသူများ သင်တန်း... ဆင်း၊ အလုပ်လည်းရကာ ဟန်ကိုကျနေမည်။ ချစ်... နေသူများ ချစ်ခွင့်ရလိမ့်မည်။ ချစ်နေသူများက... အချစ်ရေး သာယာနေမည်။ ငွေကြေး မပူပါနှင့်၊ ... မည့်သူ ပေါ်လာပေလိမ့်မည်။ တွေးပူခြင်းဟူသ... ဖယ်ရှားထားပါ။ လိုရာသုံး အကျိုးပေး ဂဏန်း... တော့ (၉၊ ၆၊ ၁၊ ၅၊ ၂)ပါ။

**ယတြာ**

ဆိုးကျိုးဖယ်ရှားရန် သီဟိုဠ်(၃)ညွှန့် လှူပါ။ ... ကျိုးရရန် ပေါက်စီလှူပေးပါ။

## မကာရလဂ် (Capricon)



ဆေးရုံ၊ ဆေးခန်းနှင့် မိတ်ဆွေ... တတ်ပါသည်။ ကိုယ်ပိုင်... အားနည်းသူများဆိုပါက ... ရွှေလက်တွဲရတတ်ပါသည်...



www.burmeseclassic.com

www.burmeseclassic.com

ခရီးဝေးထွက်ရလိမ့်မည်။ သင် ဘယ်ရောက်ရောက်၊ သင် ဘယ်မှာနေနေ သင့်လုပ်ငန်းကတော့ ကောင်းမြဲ ကောင်းနေလိမ့်မည်။ သို့သော် စုဆောင်းလို့မရဘဲ စုလိုက်ကုန်လိုက် စုကုန်ဖြစ်နေတတ်ပါသည်။ လူ့ဂုဏ်အိမ်ထောင်ရေး ဖန်တီးရန် ကြိုးစားနေတတ်ပါသည်။ သားသမီး၊ အလုပ်ကိစ္စ လိုက်လုပ်ပေးနေရ၍ ကိုယ်စိတ်နှစ်ဖြာပင်ပန်းနေမည်။ စာပေအနုပညာလုပ်ငန်းရှင်များ သတင်းဆိုးထွက်နေရင်း အကွက်ကောင်းမိနေမည်။ စက္ကူ၊ ဓာတုနှင့် တွင်းထွက်ပစ္စည်း ရောင်းဝယ်သူများ အထူးမြတ်စွန်းလိမ့်မည်။ အရင်းအနှီး တိုးမြှင့်လုပ်ဆောင်ပါ။ အိမ်အလှဆင် ပညာရှင်များနှင့် အလှဆင်ပစ္စည်း ရောင်းဝယ်သူများ အကျိုးအမြတ် ခံစားရမည်။ ဥပဒေမကင်းတဲ့အလုပ် ဖက်စပ်လုပ်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသကဲ့သို့ ဖြစ်သွားတတ်၏။ မိုက်စရာရှိလို့ မိုက်မည်ဆိုလျှင် တစ်ယောက်တည်းမိုက်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၆၊ ၁၊ ၅၊ ၄)ပါ။

ယတြာ - ဘုန်းကြီးကျောင်းအတွက် သားလှီးဓား ဝယ်လှူလိုက်ပါ။ အရာရာ အဆင်ပြေသွားလိမ့်မည်။

## ကုံလဂ် (Aquarius)



ဝင်ငွေရော လာဘ်လာဘပါ ကံကောင်းနေမည်။ ဂုဏ်သိက္ခာရှိရှိဖြင့် ငွေရမည်။ သားရေး သမီးရေးလည်း စိတ်အေးရမည့်အနေအထား ရောက်လာမည်။ ကိုယ့်ကို အားမလိုအားမရ ဖြစ်နေမိ၍ ဝေဒနာပြင်းထန်သလို ခံစားနေရတတ်ပါသည်။ စိတ်လျှော့လိုက်ပါ၊ မပိုင်တဲ့ခန္ဓာကို ငါအပိုင်ဟု ထင်မှတ်မနေပါနှင့်။ ...ကပြတဲ့ တရားကို သင်ရှုမှတ်ပါ။ ရသင့်ရထိုက်တဲ့ ...င့်အရေးအတွက် သူနိုင်ငါနိုင် ပြိုင်နေရတတ်၏။ ...ဆုံးမှာ သင်အနိုင်ရလိမ့်မည်။ မှားယွင်းတဲ့ လူ့ဂုဏ်...ထောင်ရေးအတွက် ဆိုးကျိုးဒုက္ခများကို သင့်ကိုယ်... ဝန်ခံစကား ပြောနေမိတတ်၏။ အမှန်တရား တံခါး...ပြီဟု နှလုံးသွင်းလိုက်ပါ။ အလုပ်အကိုင်ကတော့ ...လောဆယ်မှာ ရပ်တန့်နေတတ်ပါသည်။ အချစ်ကို ...ည်တစ်စက်ပမာ ထင်မှတ်နေသူများ မှားလိုက်တာ ... ညည်းညူနေရတတ်၏။ အနှစ်နာခံတာ ငါ့အလုပ်လို့ ခံယူသူအချို့သာ အချစ်ရေး အဆင်ပြေမည်။ ကျောင်းသားများ နှစ်ဆပို ကြိုးစားပါ။ အိမ်ခန်းအတွက် ပူပန်နေရမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၆၊ ၅၊ ၄)ပါ။

ယတြာ

ဓာတ်ခဲ(၃)လုံးဝယ်ပြီး ဘုန်းကြီး၊ ရဟန်းသံဃာ တစ်ပါးပါးအား လှူဒါန်းလိုက်ပါ။

## မိန်လဂ် (Pisces)



ကိုယ်ပိုင်လုပ်ငန်းတစ်ခုတွက် ရတက်မအေး ဖြစ်နေမည်။ ရပ်ထားရမလို ဆက်လုပ်ရမလို မဝေခွဲနိုင်ဘဲ မှိုင်နေရတတ်၏။ ဘာသာရေးစာပေ ထုတ်ဝေဖြန့်ချိသူများ ရှုံးမလိုလိုနှင့် မြတ်တတ်၏။ ငွေကြေး စုမိဆောင်းမိရှိမည်။ ကောင်းသောပြောင်းလဲခြင်းဖြင့် နေအိမ်သစ်သို့ ပြောင်းရတတ်၏။ ဆိုင်ကယ်၊ ကား ဝယ်ရန် ကြံစည်ပါက ဝယ်ဖြစ်သွားမည်။ အိမ်ထောင်ဖက်ကျန်းမာရေး ညံ့နေတတ်ပါသည်။ သားဆိုး သမီးဆိုးကြောင့် အမျိုးမျိုး စိတ်ဆင်းရဲနေရတတ်၏။ အမှုအခင်းဖြစ်ပြီး ငွေကြေးကုန်ကျ များနေမည်။ ပညာသင်အရွယ်လူငယ်များ ပညာရေးစိတ်မဝင်စားဘဲ အမှားမှားအယွင်းယွင်းတွေ လုပ်နေမိတတ်၏။ ချစ်သူစုံတွဲများ လွန်ကျူးမှားယွင်းတတ်သလို ဖြေရှင်းမရနိုင်လို့ အဆိပ်သောက်သေချင်စိတ် ပေါက်လာတတ်ပါသည်။ အထူးဆင်ခြင်ပါ။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတို့ရဲ့ အကူအညီကို ခံယူရလိမ့်မည်။ ကြီးငယ်ရွယ်လတ်၊ ယုတ်မြတ်မဟူ မည်သူမဆို စည်းကမ်းရှိမှ သက်သာမည်။ စည်းကမ်းမဲ့လျှင် အကုသိုလ် အစုလိုက်အပြုံလိုက် ဝင်လိမ့်မည်။ ဖက်စပ်လုပ်ငန်း အစိုးရနှင့်ဖက်စပ်လုပ်တဲ့ ကုန်သည်ကြီးများ ဘေးကျပ်နံကျပ်တွေ့မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၈၊ ၃၊ ၁၊ ၉)ပါ။

ယတြာ - ပိတောက်(၇)ညွန့်၊ အုန်း(၆)ညွန့်ကို ပန်းအိုးတစ်လုံးမှာထည့်ပြီး မွေးနံထောင့်မှာ ကပ်လှူပါ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတေသီ)

၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၇၄



www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မှန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို နေ့စဉ်နေ့တိုင်းအတွက် အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။

ယင်းအချိန်ပိုင်းများတွင် မဟာဝေဒဗွမန္တန်တော်၊ စူဠဝေဒဗွမန္တန်တော်များနှင့် အခြား လာဘ၊နေ ဆိုင်ရာ ဂါထာမန္တန်များ၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ရရှိခံစားရပါ လိမ့်မည်။

အထူးမှာ (၂၅-၁၁-၂၀၁၇) မွန်းလွဲ(၁း၃၁း၅၆)နာရီမှ (၂၆-၁၁-၂၀၁၇) မွန်းလွဲ(၃း၄၆း၃၈)နာရီ အတွင်း၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၆-၁၁-၂၀၁၇) နံနက်(၁၁း၂၂း၂၉)နာရီမှ မွန်းလွဲ (၁၂း၀၈း၃၀)နာရီအတွင်းနှင့် မှန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၅-၁၁-၂၀၁၇) ညနေ(၅း၀၆း၀၆) နာရီမှ (၅း၅၇း၄၄)နာရီအတွင်းတို့တွင် လာဘ၊နေဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားပူဇော်ခြင်း ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလအတွင်း

**နေသိမ္ဘီနက္ခတ်နယ်ပယ်ပေါ် လဖြတ်ခရီး**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၃:၀၀:၄၆ | ၁၃:၄၆:၄၇ |
| ၂ | ၁၂:၅၆:၅၀ | ၁၃:၄၂:၅၁ |
| ၃ | ၁၂:၅၂:၅၄ | ၁၃:၃၈:၅၅ |
| ၄ | ၁၂:၄၈:၅၈ | ၁၃:၃၄:၅၉ |
| ၅ | ၁၂:၄၅:၀၃ | ၁၃:၃၁:၀၄ |
| ၆ | ၁၂:၄၁:၀၇ | ၁၃:၂၇:၀၈ |
| ၇ | ၁၂:၃၇:၁၁ | ၁၃:၂၃:၁၂ |
| ၈ | ၁၂:၃၃:၁၅ | ၁၃:၁၉:၁၆ |
| ၉ | ၁၂:၂၉:၁၉ | ၁၃:၁၅:၂၀ |
| ၁၀ | ၁၂:၂၅:၂၃ | ၁၃:၁၁:၂၄ |
| ၁၁ | ၁၂:၂၁:၂၇ | ၁၃:၀၇:၂၈ |
| ၁၂ | ၁၂:၁၇:၃၁ | ၁၃:၀၃:၃၂ |
| ၁၃ | ၁၂:၁၃:၃၅ | ၁၂:၅၉:၃၆ |
| ၁၄ | ၁၂:၀၉:၃၉ | ၁၂:၅၅:၄၀ |
| ၁၅ | ၁၂:၀၅:၄၄ | ၁၂:၅၁:၄၅ |
| ၁၆ | ၁၂:၀၁:၄၈ | ၁၂:၄၇:၄၉ |
| ၁၇ | ၁၁:၅၇:၅၂ | ၁၂:၄၃:၅၃ |
| ၁၈ | ၁၁:၅၃:၅၆ | ၁၂:၃၉:၅၇ |
| ၁၉ | ၁၁:၅၀:၀၀ | ၁၂:၃၆:၀၁ |
| ၂၀ | ၁၁:၄၆:၀၄ | ၁၂:၃၂:၀၅ |
| ၂၁ | ၁၁:၄၂:၀၈ | ၁၂:၂၈:၀၉ |
| ၂၂ | ၁၁:၃၈:၁၂ | ၁၂:၂၄:၁၃ |
| ၂၃ | ၁၁:၃၄:၁၆ | ၁၂:၂၀:၁၇ |
| ၂၄ | ၁၁:၃၀:၂၀ | ၁၂:၁၆:၂၁ |
| ၂၅ | ၁၁:၂၆:၂၅ | ၁၂:၁၂:၂၆ |
| ၂၆ | ၁၁:၂၂:၂၉ | ၁၂:၀၈:၃၀ |
| ၂၇ | ၁၁:၁၈:၃၃ | ၁၂:၀၄:၃၄ |
| ၂၈ | ၁၁:၁၄:၃၇ | ၁၂:၀၀:၃၈ |
| ၂၉ | ၁၁:၁၀:၄၁ | ၁၁:၅၆:၄၂ |
| ၃၀ | ၁၁:၀၆:၄၅ | ၁၁:၅၂:၄၆ |

## (၂၀၁၇)ခုနှစ်၊ နိုဝင်ဘာလအတွင်း

**နေသိမ္ဘီနက္ခတ်နယ်ပယ်ပေါ် မွန်းတည့်မျဉ်းဖြတ်ခရီး**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၈:၄၀:၂၇ | ၁၉:၃၂:၀၆ |
| ၂ | ၁၈:၃၆:၃၂ | ၁၉:၂၈:၁၀ |
| ၃ | ၁၈:၃၂:၃၆ | ၁၉:၂၄:၁၄ |
| ၄ | ၁၈:၂၈:၄၀ | ၁၉:၂၀:၁၈ |
| ၅ | ၁၈:၂၄:၄၄ | ၁၉:၁၆:၂၂ |
| ၆ | ၁၈:၂၀:၄၈ | ၁၉:၁၂:၂၆ |
| ၇ | ၁၈:၁၆:၅၂ | ၁၉:၀၈:၃၀ |
| ၈ | ၁၈:၁၂:၅၆ | ၁၉:၀၄:၃၄ |
| ၉ | ၁၈:၀၉:၀၀ | ၁၉:၀၀:၃၈ |
| ၁၀ | ၁၈:၀၅:၀၄ | ၁၈:၅၆:၄၃ |
| ၁၁ | ၁၈:၀၁:၀၈ | ၁၈:၅၂:၄၇ |
| ၁၂ | ၁၇:၅၇:၁၃ | ၁၈:၄၈:၅၁ |
| ၁၃ | ၁၇:၅၃:၁၇ | ၁၈:၄၄:၅၅ |
| ၁၄ | ၁၇:၄၉:၂၁ | ၁၈:၄၁:၅၉ |
| ၁၅ | ၁၇:၄၅:၂၅ | ၁၈:၃၇:၀၃ |
| ၁၆ | ၁၇:၄၁:၂၉ | ၁၈:၃၃:၀၇ |
| ၁၇ | ၁၇:၃၇:၃၃ | ၁၈:၂၉:၁၁ |
| ၁၈ | ၁၇:၃၃:၃၇ | ၁၈:၂၅:၁၅ |
| ၁၉ | ၁၇:၂၉:၄၁ | ၁၈:၂၁:၁၉ |
| ၂၀ | ၁၇:၂၅:၄၅ | ၁၈:၁၇:၂၄ |
| ၂၁ | ၁၇:၂၁:၄၉ | ၁၈:၁၃:၂၈ |
| ၂၂ | ၁၇:၁၇:၅၄ | ၁၈:၀၉:၃၂ |
| ၂၃ | ၁၇:၁၃:၅၈ | ၁၈:၀၅:၃၆ |
| ၂၄ | ၁၇:၁၀:၀၂ | ၁၈:၀၁:၄၀ |
| ၂၅ | ၁၇:၀၆:၀၆ | ၁၇:၅၇:၄၄ |
| ၂၆ | ၁၇:၀၂:၁၀ | ၁၇:၅၃:၄၈ |
| ၂၇ | ၁၆:၅၈:၁၄ | ၁၇:၄၉:၅၂ |
| ၂၈ | ၁၆:၅၄:၁၈ | ၁၇:၄၅:၅၆ |
| ၂၉ | ၁၆:၅၀:၂၂ | ၁၇:၄၂:၀၀ |
| ၃၀ | ၁၆:၄၆:၂၆ | ၁၇:၃၈:၀၉ |



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ် မေး၍

## ဆရာရန်အောင်ဟိန်း ဖြေသည်

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေ ကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသော အချက်အလက်ကို အတိအကျ (လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

✤ မေးသူ၏ အမည် ------------------------------

✤ မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------

✤ မွေးဖွားရာ မြို့/ရွာ ------------------------------

✤ အချိန်နာရီ (နေ့/ည) ------------------------------

<u>မေးခွန်းများ</u>

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------



www.burmeseclassic.com

www.burmeseclassic.com


ဝဒ္ဒရ ဝဂိုဘက် ငပး၍

# ဆရာရန်အောင်ထိန်း

## ဖြေသည်

**ဒေါ်သီတာဝင်း**

**(၂၉-၁-၁၉၇၁၊ လက်ပံတန်းမြို့)**




(မွေးချိန်မပါ၍ စန္ဒြလဂ္ဂနမှ ဖြေပေးလိုက်သည်။ မှန်ကန်မှု အားနည်းနိုင်ပါသည်။)

၁။ *ထီပေါက်ကိန်း ရှိပါသလား။*

စန္ဒြလဂ္ဂန (ဝါ) စန်းမှ (၃)တန့်တွင် စနေရပ်တည်နေသည်။ (၃)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၀)တန့်တွင် ရပ်နေပြီး (၄၊ ၉)သခင် ဗြဟ်ကြာဂြိုဟ်၊ (၂၊ ၁၁)သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်သည်။ ဘဝတွင် ထီပေါက်ကိန်းရှိပါသည်။ (၂၀၁၈)ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်တွင် ကောဇာ ၅တေးဂြိုဟ် ဗြိစ္ဆာရာသီသို့ ခင်ရောက်ပြီး မူလ ၅တေးပေါ် စီးနင်းကာ စန်းမှ (၂)တန့်ကို (၅)တန့်အထူးမြင် ကြဲ့မည်ဖြစ်ရာ (၂၀၁၈)ခုနှစ်၊ အောက်တိုဘာလမှ (၂၀၁၉)ခုနှစ်၊ အောက်တိုဘာလအတွင်း ထီကံစမ်းကြည့်နိုင်ပါသည်။

၂။ *စီးပွားရေးလုပ်ငန်း၊ အဆင်ပြေမည့်လုပ်ငန်း။*


စန်းမှ (၁၀)တန့်ဘာဝမှာ အင်္ဂါ၊ ၅တေး၊ ဗြဟ်ကြာဂြိုဟ်များ ရပ်တည်နေသည်။ အင်္ဂါ ကသစ်မှုသည်။ စားသောက်ကုန်၊ အလှကုန်၊ အထည်၊ စက်ပစ္စည်း လုပ်ငန်းများ လုပ်နိုင်ပါသည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

စန်းမှ (၂)တန့် မိန်ရာသီကို ယင်းသခင် ၅တေးဂြိုဟ် (၅)တန့်အထူးမြင် ကြဲ့နေ၍ ငွေကြေးကံ မညံ့ပါ။ အိုဇာတာ မညံ့နိုင်ပါ။

**TAKYM**

**(၆-၈-၁၉၉၉၊ ၂၁း၄၅ နာရီ၊ ပြည်မြို့)**




၁။ *ပညာရေး။*

(၄)တန့်သခင်ဂြိုဟ် ၄ဟူး (၅)တန့်ဘာဝတွင် ရပ်တည်ပြီး (၆)တန့်သခင်ဂြိုဟ် ၁နွေနှင့်ပူးကာ ရာဟု၊ ကိတ် အကြပ်ခံထားရသည်။ ပညာရေး ရတာမလို လိုတာမရ ဖြစ်ရတတ်သည်။ အခက်အခဲကြားမှ ကြိုးစားသင်ကြားကာ ဘွဲ့ရမည်။ ရာဟုသည် လဂ်၊ (၉)တန့်၊ (၁၁)တန့်ဘာဝများအား အမြင်ကြဲ့နေပေရာ ပညာရေး မထင်မှတ်ထားသော အောင်မြင်မှုရမည်။ တတ်ထားသော

www.burmeseclassic.com

ပညာသည် လုပ်ငန်းတွင် အထောက်အကူရမည်။

၂။ *အိမ်ထောင်ကံ။*


(၇)တန့်သခင်ဂြိုဟ် ၄ဟူး (၅)တန့်ဘာဝတွင် ရပ်တည်၍ အိမ်ထောင်ကံ သင့်ပါသည်။ အိမ်ထောင်ကျနောက်ကျတတ်သည်။ အသက်(၂၀-၂၁)နှစ်တွင် မမျှော်လင့်ဘဲ အိမ်ထောင်ကျနိုင်သည်။ မကောင်းပါ။ ရှောင်ရမည်။ အသက်(၂၄-၂၇)နှစ်အတွင်း အိမ်ထောင်ရေးကိန်းအားကောင်း၍ ယင်းကာလ အိမ်ထောင်ရေးကံကောင်းခြင်း၊ အိမ်ထောင်ဖက်ကောင်း တွေ့ရခြင်း ကြုံစေပါမည်။

၃။ *ထီပေါက်ကံ၊ ကာလ။*

(၃)တန့်သခင်ဂြိုဟ် ဗြဟ (၆)တန့်ဘာဝတွင် ရပ်တည်ကာ (၂)တန့်ဘာဝမှ ၅တေးဂြိုဟ်က (၅)တန့်အထူးမြင်ထား၍ ဘာဝတွင် ထီပေါက်ကံရှိသည်။ (၂၀၁၈)ခုနှစ်အတွင်း ထီကံစမ်းကြည့်ပါလေ။

**မောင်ကောင်းပြည့်**

**(၁၅-၅-၁၉၉၅၊ ၁၇း၅၆ နာရီ၊ ရွှေတောင်မြို့)**




၁။ *အိမ်ထောင်ရေးကံ၊ ဖူးစာရှင် ပုံသဏ္ဌာန်။*

(၇)တန့်သခင် အင်္ဂါ သိဟ်ရာသီ (၁၀-တန့်ဘာဝ)တွင် ရပ်တည်နေပြီး (၇)တန့်ရပ် အိမ်ထောင်ရေးကာရက ဗြဟာဂြိုဟ်ကို ရာဟု၊ ကိတ်ဂြိုဟ်များ ကြပ်ထားသည်။ အိမ်ထောင်ရေးကံ မကောင်းတတ်ပါ။ အိမ်ထောင်တည်မြဲတတ်သော်လည်း စိတ်ချမ်းသာရမှု အိမ်ထောင်သုခ နည်းမည်။ အိမ်ထောင်ဖက် အရပ်မမြင့်လှ။ မျက်နှာထောင့်ကျကျရှိ၍ တောင့်တင်းသော ခန္ဓာကိုယ်ရှိမည်။ အသားလတ်မည်။ (၂၀၂၀)နှင့် (၂၀၂၃)ခုနှစ်ကြား အိမ်ထောင်ကျဖို့ ရှိသည်။

၂။ *ထီပေါက်ကံ၊ ကာလ။*


(၃)တန့်သခင်ဂြိုဟ် ၅တေး ဗြိစ္ဆာရာသီ (လဂ်ဘာဝ) တွင် (၁၀)တန့်သခင် ၂လ်ာနှင့် ပူးယှဉ်ရပ်တည်သည်။ ထီပေါက်ကံ အားနည်းသည်။

၃။ *စီးပွားရေး၊ ကြီးပွားရေး။*

(၁၀)တန့်သခင်ဂြိုဟ် ၂လ်ာ ဗြိစ္ဆာရာသီ(လဂ်ဘာဝ)တွင် (၃၊ ၆)သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်ကို (၂၊ ၇)သခင် အင်္ဂါဂြိုဟ်က သိဟ်ရာသီ(၁၀-တန့်)မှ (၄)တန့်အထူးမြင် ကြုံနေသည်။ စီးပွားရေးလုပ်ငန်းနှင့် ကြီးပွားတတ်သည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း ဆောက်လုပ်ရေး လုပ်ငန်းဘက် အကျိုးပေးမည်။

**ကိုအောင်မင်း**

**(၁၉-၁၀-၁၉၈၀၊ ၂၃း၄၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *လုပ်ကိုင်ရမည့် သင့်လျော်သည့် လုပ်ငန်း။*

(၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ (၅)တန့်ဘာဝတွင် ကသစ်မှု၍ ရပ်တည်နေသည်။ ယင်းအင်္ဂါကို ကရကဋ်ရာသီ လဂ်ဘာဝရပ် ရာဟု (၅)တန့်အထူးမြင် ကြုံနေသည်။ ရေ/အရည်နှင့် ပတ်သက်သောလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စက်ပစ္စည်းဆိုင်ရာလုပ်ငန်း လုပ်နိုင်သည်။ (၁-၈-၂၀၁၅)မှ (၄-၈-၂၀၁၈)ထိ (၇၊ ၈)သခင် (၃)တန့်ရပ် စနေ ထုလ၊ စနေ ဘုတ္တိဒသာတွင် စပ်တူလုပ်ငန်းမျိုးဖြင့် စီးပွားဖြစ်စေတတ်သည်။

၂။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည်လား။*

(၄)တန့်သခင်ဂြိုဟ် ဗြဟ (၂)တန့်ဘာဝတွင် ရပ်တည်နေသည်။ ဘာဝတွင် အိုးပိုင်အိမ်ပိုင်ဖြင့် နေရကိန်းရှိသည်။ အသက်(၄၄-၄၅)နှစ်တစ်ဝိုက်တွင် အိမ်ပိုင်ကိန်းရှိနေသည်။

၃။ *လက်ရှိ ငွေကြေးအခက်အခဲ ပြေလည်မည့်ကာလ*

စနေဒသာတွင် ကောဇာစနေ ဝင်ကြွသွားခဲ့၍ (၂၀... ခုနှစ် အစပိုင်းကတည်းက ငွေကြေးအကျပ်အတည်း...




www.burmeseclassic.com

www.burmeseclassic.com

နေခဲ့ရသည်။ (၂၆-၈-၂၀၁၇) စနေဂြိုဟ် အတည့်ပြန်သွားမည်။ ယင်းကာလနောက်ပိုင်း အထူးသဖြင့် (၂၀၁၈) ခုနှစ် ဝင်အပြီးတွင် ငွေကြေးအခက်အခဲ ကြုံရခြင်း ပြေလည်သွားမည်။

**မခင်သူဇာ**

**(၅-၆-၁၉၈၅၊ ၆း၀၅ နာရီ၊ ပြည်မြို့)**




၁။ *လက်ရှိဝန်ထမ်းဘဝ အပြောင်းအလဲရှိ/မရှိ၊ ကောင်း/မကောင်း။*

(၆)တန့်ဘာဝသခင်ဂြိုဟ် ဖြော (၁၂)တန့်တွင် ရာဟု၊ ကိတ် အကြပ်ခံရကာ (၆)တန့်တွင် စနေဂြိုဟ် (၁၀၊ ၁၁ သခင်) ရပ်တည်နေသည်။ ဝန်ထမ်းဘဝမှ အပြောင်းအလဲ ဖြစ်ပေါ်မည်။ (၇၊ ၁၂)သခင် မေထုန်ရာသီ (လဂ်ဘာဝ)တွင် ရပ်တည်သော အင်္ဂါဂြိုဟ်၏ ထူလဒသာသည် (၂၀-၄-၂၀၁၈)မှ (၂၀-၄-၂၀၂၅)ထိ စားဝင်ပါသည်။ ယင်းကာလတွင် လုပ်ငန်းသဘာဝ အပြောင်းအလဲ ဖြစ်ပေါ်ပါမည်။ အစိုးရဝန်ထမ်းအဖြစ် တည်မြဲတတ်ပါ။ စီးပွားရေး (သို့မဟုတ်) ကုမ္ပဏီ၊ အဖွဲ့အစည်းဆိုင်ရာဝန်ထမ်း အကျိုးပေးဖို့ ရှိသည်။ (၂၀၁၈)ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း အပြောင်းအလဲ ရှိမည်။

၂။ *ထီပေါက်ကံ။*


(၃)တန့်သခင် ၂လ်ာဂြိုဟ် မေရာသီ (၇)တန့်ဘာဝ တွင် ကံဂြိုဟ်နှင့်တွဲ၍ ရပ်တည်သည်။ ထီပေါက်ကံ နည်းသည်။ သူတစ်ပါးကံကို မှီ၍မူ ထီပေါက်တတ် သည်။ သူတစ်ပါး ထိုးထားသော ထီတွင် စပ်တူဝင်ပါ ကြည့်ပါ။

၃။ *သက်ကြီးပိုင်းတွင် ပြည့်စုံစွာ နေရမည့်ကံ ပါ/မပါ။*

အသက်(၅၈)နှစ်နှင့် (၇၄)နှစ်ကြားတွင် (၈၊ ၁၁) သခင် (၉)တန့်ရပ် ၅တေးဒသာ စားဝင်၍ သက်ကြီးပိုင်းတွင် သင့်တင့်သော ပြည့်စုံမှုဖြင့် နေသွားရပါမည်။

**U.K.T**

**(၂၆-၅-၁၉၆၇၊ ၁၀း၃၀ နာရီ၊ ချောက်မြို့)**




၁။ *မည်သည့်အသက်အရွယ်မှာ သောကကင်းဝေးစွာ နေရမလဲ။*

လဂ်သခင် ၂လ်ာဂြိုဟ် (၆)တန့် ဒုဋ္ဌာနဘာဝတွင် ရပ်တည်၍ ကိုယ်,စိတ်နှစ်ပါး သာယာချမ်းမြေ့ရမှု နည်းတတ်ပါသည်။ သောက၊ ရောဂါ၊ စိတ်ရှုပ်ထွေးစရာများ အမြဲလို ကြုံတွေ့နေရတတ်သည်။ (၆၊ ၉)သခင် ၅တေး ဂြိုဟ် လဂ်တွင် ဥစ်မူ၍ ပူးသောကြောင့် ဘဝအခြေအနေ၊ ဘဝအဆင့်အတန်း မနိမ့်လှပါ။ (၂၀၁၁)ခုနှစ်မှ (၂၀၂၉) ခုနှစ်အထိ စားဝင်မည့် ရာဟုထူလဒသာမှာ ဘဝအခြေအနေကောင်း ကြုံရမည်ဖြစ်သော်လည်း စိတ်သောကများကား မကင်းတတ်ပါ။ လူ့လောကတွင် သောကကင်းသူ ဘယ်နှစ်ဦး ရှိပါမည်နည်း။

၂။ *နေရမည့် ဘဝအဆင့်အတန်း။*

ဘဝအဆင့် အမြင့်ကြီး မဟုတ်သည့်တိုင် သင့်တင့်စွာ ပြည့်စုံသော ဘဝမျိုးတွင် နေရပါလိမ့်မည်။ (၂၀၁၉) ခုနှစ်မှ (၂၀၂၁)ခုနှစ်အတွင်း ဘဝတွင် သင့်တင့်ပြည့်စုံစွာ နေရမည့် အခြေအနေ ပေါ်ပေါက်ပါမည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင်ဂြိုဟ် ၄ဟူး (၁၁)တန့်ဘာဝတွင် (၂)တန့်သခင်ဂြိုဟ် ၁နေနှင့် ပူးယှဉ်ရပ်တည်သည်ကို (၉)တန့်ရပ် (၇၊ ၈)သခင်ဂြိုဟ် စနေက (၃)တန့်အထူးမြင် ကြုံထားသည်။ ထီစပ်တူပေါက်အား ကောင်းပါမည်။ စပ်တူဖြင့် ဆုကြီးဝင်တတ်သည်။ (၂၃-၁-၂၀၁၉)မှ (၁၁-၈-၂၀၂၁)အတွင်း ထီကံစမ်းကြည့်ပါလေ။




www.burmeseclassic.com

www.burmeseclassic.com

**မဝေဝေအေး**

**(၁၂-၅-၁၉၉၄၊ ၅း၀၀ နာရီ၊ ပခုက္ကူမြို့)**




၁။ *ဘဝတွင် အကျိုးပေးမည့် အလုပ်အကိုင်။*

(၁၀)တန့်သခင် စနေဂြိုဟ် (၁၁)တန့်ဘာဝတွင် ကသစ်မှု ရပ်တည်သည်ကို (၉၊ ၁၂)သခင် ၅တေး (၇) တန့်ဘာဝမှ (၅)တန့်အထူးမြင် ကြည့်ထားသည်။ ဆီထွက်သီးနှံ၊ စားသုံးဆီ၊ စိုက်ပျိုးရေးထွက်ကုန်၊ ပရိဘောဂ၊ သံထည်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

၂။ *အိုးပိုင်အိမ်ပိုင် နေရကိန်း၊ ကာလ။*

(၄)တန့်ဘာဝသခင်ဂြိုဟ် ၂လ်ာ (၂)တန့်ဘာဝတွင် (၃၊ ၆)သခင် ၄ဟူးဂြိုဟ်၊ (၂၊ ၇)သခင် ၆ကြာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ဘဝတွင် အိုးအိမ်ပိုင်ဆိုင်နိုင်ကိန်း ရှိပါသည်။ ခင်ပွန်းကံနှင့် ဆက်စပ်၍ ဖြစ်ပေါ်ဖို့ ရှိသည်။

၃။ *အိမ်ထောင်ကံ၊ ကာလ။*


(၇)တန့်သခင်ဂြိုဟ် ၆ကြာ (၂)တန့်ဘာဝ မိမိပိုင်ရာသီတွင်ပင် ရပ်တည်၍ (၇)တန့်တွင် (၉၊ ၁၂)သခင် ၅တေးဂြိုဟ် ရပ်တည်နေသည်။ ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ဖက်မှာ ဇာတိကွဲ၊ လူမျိုးကွဲထဲက ဖြစ်တတ်သည်။ အသက်(၂၄)နှစ် ဝန်းကျင်တွင် အိမ်ထောင်ကျမည်။

**ဒေါ်နန်းမြစိမ်း**

**(၉-၆-၁၉၆၉၊ ၁၃း၅၅ နာရီ၊ လွိုင်လင်မြို့)**

၁။ *ငွေကြေး...နိမ့်မှုကင်းစွာ နေရမည့်ကာလ။*

ယခုဝင်... းဆဲ ထူလဒသာသခင် ၂လ်ာဂြိုဟ်သည် (၂၀၁၃)ခုနှစ်... (၂၀၂၃)ခုနှစ်အထိ စားဝင်နေသည်။ (၇) တန့်တွင် ရာ... ၊ ကိတ် အကြပ်ခံရကာ ရပ်တည်နေပြီး (၁၊ ၁၀)တန့်...ခင် ပြိဿရာသီ (၈)တန့်ဘာဝရပ် ၄ဟူး




ပိုင် နက္ခတ်အား စီးထားသည်။ ၂လ်ာမှာ (၁၁)တန့်သ... ဂြိုဟ်လည်း ဖြစ်သည်။ ငွေကြေးပူပန်ရမှု မကင်းတ... သော်လည်း ပြဿနာဖြစ်လောက်အောင် အကျပ်အတ... မဆိုက်တတ်ပါချေ။

၂။ *ဘဝတွင် အလှူအတန်း ပြုနိုင်မည်လား။*

(၂)တန့်သခင် ၆ကြာ (၈)တန့်တွင် ရပ်တည်... ဘဝတွင် အလှူအတန်း ပြုနိုင်ပါမည်။ (၃၊ ၈)သ... အဖြစ် (၂)တန့်(မြိဿာ)၌ ရပ်တည်သော အင်္ဂါ ထူလ... (၂၀၂၃)ခုနှစ်မှ (၂၀၃၀)ပြည့်နှစ်အတွင်း အလှူအ... ပြုနိုင်ပါမည်။


၃။ *သမီးနှစ်ယောက်နှင့် နီးကပ်စွာ ဆက်သွယ်နေ... ရမည်လား။*

(၅)တန့်သခင်ဂြိုဟ် စနေ (၆)တန့်သခင်လည်း... ကာ (၇)တန့်(မိဿ)တွင် (၂၊ ၉)သခင် ၆ကြာဂြိုဟ်... ပူးယှဉ်ရပ်တည်သည်။ တစ်ချိန်တွင် သမီးများနှင့် နီး... စွာ ဆက်သွယ်နေနိုင်ခွင့် ကြုံပါမည်။ (၂၀၂၀)ပြည့်... နောက်ပိုင်း ဖြစ်နိုင်ပေသည်။

**U.M.S**

**(၄-၇-၁၉၆၂၊ ၀၀း၃၀ နာရီ၊ ကျောက်တန်းမြို့)**

၁။ *လတ်တလော ပိုမိုကောင်းမွန်သော အလုပ်မျိုး... မည်လား။*






www.burmeseclassic.com

www.burmeseclassic.com

(၁၀-၁၁-၂၀၁၇)ထိ ၁နေ့ ထူလ၊ ၁နေ့ ဘုတ္တိဒသာ စားဝင်နေသည်။ မေထုန်ရာသီ (၃)တန့်ဘာဝရပ် (၆)တန့်သခင် ၁နေ့ဂြိုဟ်သည် (၄)တန့်ဘာဝ (ကရကဋ်)ရပ် ရာဟုပိုင် နက္ခတ်ကို စီးထားသည်။ (၅)တန့်အကျိုးပါ ဆောင်၍ အလုပ်မတည်ငြိမ်နိုင်ပါ။ (၁၀-၁၁-၂၀၁၇)မှ (၁၈-၅-၂၀၁၈)အတွင်း (၅)တန့်သခင် (၄)တန့်ရပ် ၂လ်ာ ဘုတ္တိဒသာ စားဝင်မည်။ ၂လ်ာသည် (၁၁၊ ၁၂)သခင် (၁၀)တန့်ရပ် စနေပိုင် နက္ခတ်ကိုစီး၍ ယင်းကာလတွင် အလုပ်သစ်တစ်ခု ရမည်။ စိတ်တိုင်းကျကား မဖြစ်နိုင်ပါ။

၂။ *ကျန်းမာရေးအညွှံ၊ ထိခိုက်နိုင်မှု။*


၁နေ့ ထူလဒသာသည် (၆)တန့်သခင်ဖြစ်၍ ကျန်းမာရေးအညွှံပေါ်တတ်သည်။ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။ ဂရုတစိုက် ကုသမှုခံယူက ပိုမဆိုးနိုင်ပါ။ ထိခိုက်မှုကား သာမန်အသေးစားလောက်သာ ရှိမည်။ (၂၀၁၈)ခုနှစ်အကုန်ထိ ပူပန်စရာ မရှိပါ။

၃။ *သားသမီးအကျိုးပေး ကောင်း/မကောင်း။*

(၅)တန့်သခင်ဂြိုဟ် ၂လ်ာ ကသစ်မှု၍ (၄)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်သည်။ ရာဟု၊ ကိတ် ကြပ်ခြင်း ခံထားရသည်။ သားသမီးအပေါ် စိတ်တိုင်းမကျနိုင်ဖြစ်မည်။ စိတ်ဒုက္ခအတန်အသင့် ကြုံမည်။ နောင်တွင် သားသမီး၏ အထောက်အပံ့ ခံစားရမည်။

**ဦးမေတ္တာ**

**(၆-၅-၁၉၆၀၊ ၇း၃၀ နာရီ၊ ခင်ဦးမြို့)**




*သာသနာအတွက် ထောက်ပံ့လှူဒါန်းနိုင်မည်လား။*

(၂)တန့်သခင် ၂လ်ာဂြိုဟ် (၁၂)တန့်(စွန့်လွှတ်ခြင်း) ...တွင် ရပ်တည်နေသည်။ ၂လ်ာသည် (၁၊ ၄)သခင် ...ဂြိုဟ်၊ (၃)သခင် ၁နေ့ဂြိုဟ်၊ (၆၊ ၁၂)သခင် ၆ကြာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေခြင်း ဖြစ်သည်။ ၆ကြာဂြိုဟ်ကား (၁၁)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်သည်။ အလှူဒါန စွန့်လွှတ်လှူဒါန်းမှု ပြုနိုင်ပေမည်။

၂။ *အိုဇာတာ၊ ဘဝအဆင့်။*

လဂ်သခင် ၄ဟူး (၁၂)တန့်(ပြိဿ)တွင် ရပ်တည်နေသည်။ (၁၀)တန့်သခင်ဂြိုဟ် ၅တေး (၇)တန့်တွင် ရပ်တည်၍ (၁၁)တန့်ဘာဝကို (၅)တန့်အထူးမြင် ကြုံထားသည်။ ငယ်စဉ်ဘဝ အခက်အခဲ၊ ပင်ပန်းမှု ကြုံခဲ့ရခြင်းမျိုး ရှိခဲ့တတ်သော်လည်း အသက်ကြီးမှိုင်း ဘဝကံမြင့်လာခဲ့တတ်သည်။ အိုဇာတာလည်း ကောင်းပါသည်။

၃။ *ထီပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် ၁နေ့ဂြိုဟ် (၁၂)တန့်ဘာဝတွင် ရပ်တည်နေသည်။ ဘဝတွင် ထီပေါက်ကံ အားနည်းပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊
၀၉ ၇၉၅ ၄၂၀ ၃၉၄

**မေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်**

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လဂ်မှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူ ဗေဒင်ဆောင်းပါး တစ်ပုဒ်ကို ကြိုးစားပမ်းစား အဆုံးသတ်နေ၏။ မပြီးဆုံးခင်မှာပင် ဖုန်းဝင်လာ၍ ကောက်ကိုင်လိုက်၏။

'ဟဲလို မင်္ဂလာပါ'

'ဟုတ်ကဲ့ မင်္ဂလာပါ ဆရာ၊ ကျွန်တော် မုံရွာက ဆက်တာပါ ဆရာ'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

'ကျွန်တော် ဗေဒင်မေးချင်လို့ အဲဒါ ဉာဏ်ပူဇော်ခ ဘယ်လောက်လဲ၊ ဘယ်လိုပို့ပေးရမလဲဆိုတာ သိချင်ပါတယ် ဆရာ'

'ဟုတ်ကဲ့၊ ဉာဏ်ပူဇော်ခ ငါးထောင်ယူပါတယ်။ နယ်က လူတွေဆိုရင် ဖုန်းဘေငါးထောင်တန် တစ်ကတ် ပို့ပေးခိုင်းပြီး ဟောပေးပါတယ်'

'ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်။ ခဏနေရင် ဖုန်းဘေလွှဲလိုက်ပါ့မယ် ဆရာ'

'ဟုတ်ကဲ့ပါ။ မွေးသက္ကရာဇ်၊ မွေးချိန်နှင့် မွေးဒေသ တွေ ပြောပါဦးခင်ဗျာ'


'နာမည်က ဦးကံအောင်၊ မွေးသက္ကရာဇ်က (၁၁-၁၀-၁၉၆၀)၊ နံနက်(၄)နာရီ၊ မွေးဒေသက ကနီမြို့နယ် ဆရာ'

'ဟုတ်ကဲ့ပါ။ ဒါနဲ့ ဖုန်းပြန်ဆက်မှာလား၊ ဘိုင်ဘာ ဟောပေးရမှာလား၊ မက်ဆင်ဂျာသုံးရင် မက်ဆင်ဂျာ ဟောပေးလည်း ရပါတယ်'

'ဘိုင်ဘာ ပိုအဆင်ပြေတယ် ဆရာ'

'ဟုတ်ကဲ့ပါ'

ထိုသို့ အချီအချပြောဆိုပြီး ဇာတာဖွဲ့လိုက်ပါသည်။ အောက်ပါအတိုင်း ရာသီစက်ဇာတာပုံ ပေါ်လာ၏။ သိ လဂ်၊ မေထုန်စန်း ဇာတာရှင်ပါ။






# ဆရာကံထူး
(ဝေဒသုတေသီ)

## ကံထူး နှင့် ကံအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေး၊ သောကြာ ကသစ်ရထား၏။ ကြာသပတေးက ပညာရေးဆိုင်ရာ ပုတ္တရာဘာဝသခင်လည်း ဖြစ်ပြီး မရဏဘာဝသခင်လည်း ဖြစ်နေပါသည်။ ရပ်တည်သောအခါ ပညာရေးဆိုင်ရာ ပုတ္တရာဘာဝ၌ ကသစ်အဖြစ် ရပ်တည်၏။ ပညာရေးဆိုင်ရာမှာ ကံပွင့်မည့်အကြောင်း ပြသနေပါသည်။

သောကြာဂြိုဟ်က သဟဇဘာဝသခင်လည်းဖြစ်ပြီး ကမ္မဘာဝသခင်လည်း ဖြစ်ပါသည်။ ရပ်တည်တဲ့အခါ သဟဇဘာဝ၌ ကသစ်အဖြစ် ရပ်တည်ပါသည်။ နဝင်းကလည်း ကသစ်နဝင်းပင် စီးထား၏။ အနုပညာ၊ စာပေနှင့် ဆက်နွယ်တဲ့ အလုပ်အကိုင်၊ လုပ်ငန်းခွင်တွင် ကံဇာတာပွင့်မည့်အနေအထားကို ပြသနေပါသည်။

ထို့ကြောင့် ပညာရေးဝန်ထမ်းဘဝဖြင့် အကျိုးပေးမည့် ဇာတာရှင်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်ပါသည်။ ထိုအတိုင်း ဟောလိုက်ရာ မှန်ကန်ကြောင်း၊ မုံရွာ အ.ထ.က တွင် ကျောင်းအုပ်ဆရာကြီးဖြစ်ကြောင်း ပြောပါသည်။

ဆက်လက်၍ ပုတ္တရာဘာဝတွင် စနေရပ်၍ သားသမီးမရနိုင်ကြောင်း၊ ရခဲ့ပါက တစ်ယောက်စ နှစ်ယောက်စ ဒီထက်မပိုနိုင်ကြောင်း ဟောပြောရာ မှန်ကန်ပါကြောင်း၊ သားသမီးတစ်ယောက်မှ မထွန်းကားကြောင်း ဝန်ခံ၏။ သည်အကြောင်းကို စာရေးသူက ဤမဂ္ဂဇင်းတွင် 'မောင့်အပြစ်ပါ မေရယ်' လို့ ခေါင်းစီးထားကာ ရေးသားတင်ပြခဲ့ပြီမို့ အကျယ်ချဲ့မနေတော့ပါ။

ဆက်လက်၍ ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်များ အောင်မြင်မည့်အကြောင်း၊ ကျန်းမာရေးကောင်းကြောင်း၊ တပည့်တပန်းကြောင့် စိတ်ချမ်းသာရမည့်အကြောင်း၊ ငွေကြေးအဆင်ပြေကြောင်း၊ ဂုဏ်သိက္ခာတိုးပြီး စည်းစိမ်ဥစ္စာတိုးတက်ကြီးပွားမည့်အကြောင်းများ ဟောပြောပါသည်။ ကြာသပတေး လဂ်ပေါ်စီးနေချိန်မို့ ဘဝနှင့်ဆန္ဒ ထပ်တူကျနေမည့် ကာလဟု အလွယ်ပြောနိုင်၏။ အမှန်တကယ်လည်း ဘဝနှင့်ဆန္ဒ ထပ်တူကျနေပါသည်။

ကိုယ်ပိုင်ကား တစ်စီးလောက် ဝယ်စီးချင်ပုံ ပေါ်ပါသည်။ ကားဝယ်နိုင်မလားဟု မေးလာ၏။ ထိုစဉ်က (၄)တန့်ဘာဝ ဗြိဿာရာသီတွင် စနေဂြိုဟ် မင်းမူနေပါသည်။ ကားနှင့်ပတ်သက်ပြီး စိတ်ကူးယဉ်နေတတ်၏။ သို့သော် တကယ်မဝယ်ဖြစ်ပါ။

ထို့ကြောင့် လောလောဆယ်တော့ ကားဝယ်ဖြစ်ဖို့ မထင်သေးကြောင်း ဟောလိုက်၏။ တကယ်လည်းပဲ ယနေ့တိုင် ကားမဝယ်ဖြစ်သေးပါ။ အတိတ်၊ ပစ္စုပ္ပန် အဟောများ အတော်အသင့် မှန်နေသည်ကို တွေ့ရ၏။ ဟောအား ရှိလာပါသည်။ ထို့ကြောင့်-

"(၁၂-၈-၂၀၁၆)နောက်ပိုင်း တစ်နှစ်အတွင်း ဆရာကြီး ရာထူးတက်လိမ့်မယ်" လို့ အနာဂတ်ဟောကိန်း ထုတ်လိုက်၏။

အနာဂတ်ဟူသည် မမြင်နိုင်တဲ့အရာ၊ အတိအကျ မသိနိုင်ပါပေ။ မမြင်သာတဲ့ ကံကြမ္မာနှင့် ဆက်စပ်ပါသည်။ သို့သော် မသိမြင်နိုင်တဲ့ ထိုအနာဂတ်ကိုပင် ဗေဒင်ပညာက သင်္ကေတအားဖြင့် ညွှန်ပြပါသည်။

မှန်၏။ (၁၂-၈-၂၀၁၆)မှ (၁၁-၉-၂၀၁၇)ထိ တစ်နှစ်တာကာလတွင် ဆရာကြီးဇာတာအရ ပညာရေးဆိုင်ရာ ကောဇကြာသပတေးဂြိုဟ်သည် ဆရာကြီး လဂ်ကထောက်လျှင် (၂)တန့်ဘာဝ ကန်ရာသီ၌ ရပ်တည်ကာ ကမ္မဘာဝဖြစ်တဲ့ ပြိဿရာသီအား (၉)တန့်အမြင်ဖြင့် လှမ်းမြင်နေပေသည်။

ဗေဒင်ပညာနှင့်တွေ့လျှင် ကံကြမ္မာလည်း ရုပ်လုံးပေါ်လာရ၏။ ကာယကံရှင် မသိနိုင်တဲ့ အနာဂတ်ကို ဗေဒင်ပညာအရ ဗေဒင်ဆရာက သိနှင့်နေပါသည်။ ထို့ကြောင့် အနာဂတ်ကံကြမ္မာရဲ့ လျှို့ဝှက်ဖိတ်စာပွင့်ကို ဆရာကြီးလက်ထဲ ရောက်လာဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ခံစားနိုင်စေရန် ထိုသို့ ဟောကိန်းထုတ်လိုက်ပါသည်။

သို့သော် ဆရာကြီးကား ဝမ်းမမြောက်ပေ။ သူ့ဘဝအခြေအနေကို အသက်အရွယ်နှင့် လောကသတ်မှတ်ချက် ပေါင်းစပ်တွက်ထုတ်ကာ သူ့ဘာသာ သိနှင့်နေသောကြောင့် ဖြစ်ပါသည်။ မှန်၏။ အသက် ခြောက်ဆယ်နီးနေလျှင် ပင်စင်ယူဖို့သာ ရှိတော့၏။ ရာထူးတိုးဖို့ရာ မမျှော်လင့်နိုင်တော့ချေ။

ထို့ကြောင့် ဆရာကြီးလည်း သူနားလည်ခံယူထားသည့်အတိုင်း "ဆရာကရေ၊ ကျနော်က ပင်စင်နီးနေပါပြီ။ ရာထူးမတိုးနိုင်တော့ပါဘူး" လို့ တုံ့ပြန်ပြောဆိုပါသည်။

စာရေးသူလည်း ဗေဒင် အမြင်ကို အမြင်တိုင်းပင် "ဒါတော့ ကျွန်တော် မသိ။ ကျွန်တော် ဗေဒင်အရ ပြောတာပါ" လို့ ခပ်တင်းတင်း ခပ်တည်တည် ပြန်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ဆရာကြီးလည်း စာရေးသူ ဟောကိန်းကို စိတ်ဝင်စားဟန် မတူ။ သြော်..ဟုတ်ကဲ့ပါဟု ခပ်ပေါ့ပေါ့လေး ပြောဆိုကာ စကားဆုံးသွားပါသည်။

ဗေဒင်ဟောပြီးသွားတော့ စာရေးသူစိတ်ထဲ အားမလို အားမရဖြစ်ကာ ဇာတာကို အသေအချာ ပြန်စစ်ဆေးကြည့်ပါသည်။

ထိုစဉ်ကာလ၌ ကောဇာစနေသည် ဗြိစ္ဆာရာသီတွင် ရောက်နေ၏။ ဆရာကြီးရဲ့ ကမ္မဘာဝဖြစ်တဲ့ ပြိဿရာသီကို (၇)တန့်လှမ်းမြင်နေပါသည်။ စနေပိုင်အိမ်ကို စစ်ဆေးကြည့်ပါက အာရီဘာဝနှင့် ပထနီဘာဝကို ပိုင်ဆိုင်ပါသည်။ သို့သော် ပုတ္တရာဘာဝ၌သာ ရပ်တည်နေ၏။ ပညာရေးကို စနေက ကိုယ်စားပြုနေပေသည်။

ဒသာကာလကို စစ်ဆေးကြည့်ပါက ဗုဒ္ဓဟူး ထုလ၊ ဗုဒ္ဓဟူး အန္တရ ဖြစ်နေပါသည်။ (၂)တန့်၊ (၁၁)တန့်သခင် ဗုဒ္ဓဟူးသည် (၃)တန့်၊ (၁၀)တန့်သခင် သောကြာနှင့် (၃)တန့် သဟဇဘာဝတွင် ပူးယှဉ်ရပ်တည်နေပါသည်။ ထို့ကြောင့် (၃)တန့်အလုပ်ရော (၁၀)တန့်အလုပ်ကိုပါ ဗုဒ္ဓဟူးက ထောက်ပံ့ကူညီကာ လုပ်ဆောင်ပေးရပေမည်။

ထို့အပြင် ထိုကာလ၌ ကောဇာရာဟုသည် လဂ်ကိုရော လဂ်နှင့်ပူးလျက်ရှိသော မူလရာဟုကိုပါ စီးနင်းလျက်ရှိပါသည်။ နေရာဒေသ၊ အလုပ်အကိုင် အပြောင်းအလဲဖြစ်ကိုဖြစ်ရမည့်အကြောင်း ပြသနေတော့၏။ ရာထူးလည်းတိုး၊ နယ်မြေလည်း ပြောင်းရမည်ကို ပြသနေတော့၏။ ထို့ကြောင့် 'ဒီဆရာကြီး ရာထူးတိုးကို တိုးမှာပါ' လို့ မိမိဘာသာ အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

(၁၂-၈-၂၀၁၆) လွန်ပြီးနောက် အမှတ်မထင် ဆရာကြီးက ဘိုင်ဘာကနေ စာပို့လာပါသည်။ စာရေးသူ ဟောကိန်း မှန်ကန်ကြောင်း၊ ကျေးဇူးတင်ကြောင်း ရေးသားထားပါသည်။ မုံရွာ အ.ထ.က ကျောင်းအုပ်ဆရာကြီးကနေ ရာထူးတိုးပြီး မြို့နယ်ပညာရေးမှူးအဖြစ် ကနီမြို့သို့ ပြောင်းရွှေ့ရသည်ဟု ဆိုပါသည်။

စာရေးသူလည်း တကယ်ပဲ ဝမ်းသာအားရဖြစ်ကာ ဝမ်းသာကြောင်း စာပြန်လိုက်၏။ သည်အကြောင်းကို ဆောင်းပါးရေးဖို့ ခွင့်တောင်းရာ ဆရာကြီးက ကြည်ဖြူစွာ ခွင့်ပြုပါသည်။

တကယ်ရေးတော့မလို့ ပြင်ဆင်တဲ့ခါ တိကျစေချင်လို့ ဘိုင်ဘာကနေ 'ရာထူးတိုးစာ ဘယ်နေ့ရောက်ပါလဲ ဆရာကြီး' လို့ ပြန်မေးရပါသည်။

ဆရာကြီးက သူ့ဆီကို ရာထူးတိုးအမိန့်စာ ရောက်လာတာ ဆရာဟောတဲ့အတိုင်းပါပဲ။ (၂၀၁၆)ခုနှစ် ဩဂုတ်လ (၁၂)ရက်ကျော်မှ ရောက်လာပါတယ်လို့ ပြောပြပါသည်။ သို့သော် ရုံးက စာထွက်တဲ့ နေ့စွဲကတော့ (၁၆-၇-၂၀၁၆)ကပင် ထွက်တာပါလို့ ဆိုပါသည်။ မိမိထံ ရောက်လာတဲ့ နေ့စွဲသည်သာ အဓိကပေမို့ မှန်သည်ဟု ဆိုရပေမည်။

ဗေဒင်ဟောမှန်ကန်ကြောင်း အပြန်အလှန် ပြောဆိုပြီးနောက် အတန်ငယ်ကြာတော့ ဆရာကြီး ဖုန်းဆက်ပါသည်။

'ဆရာ၊ တစ်ခုမေးချင်ပါသေးတယ်' လို့ ခွင့်တောင်းစကားဆိုပြီး ဉာဏ်ပူဇော်ခ ဖုန်းဘေ သုံးထောင်တန် တစ်ကတ် လွှဲပို့ပေးပါသည်။

မေးခွန်းကတော့ 'နောက်တစ်ကြိမ် ရာထူးထပ်တိုးနိုင်ပါသလား ဆရာ' တဲ့။

(၁၂-၈-၂၀၁၆)မှ (၁၁-၉-၂၀၁၇)အထိ တစ်နှစ်တာ ကာလအတွင်း၌ ရာထူးတိုးနိုင်တယ်ဆိုတဲ့ ဟော ပြောချက်ပါ ကာလသတ်မှတ်ချက် မကုန်ဆုံးသေး၍ ထပ် တိုးနိုင်သေးသည်ဟု ထင်မှတ်ကာ ဆရာကြီး မျှော်လင့် နေခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဆရာကြီးရဲ့ ရာသီလဂ်က သိဟ်လဂ် ဆိုတော့ ထိရလဂ်အမျိုးအစား ဖြစ်ပါသည်။ ဒွေဒဟလဂ် မဟုတ်ပါပေ။ ထိရလဂ်တို့ကား နှစ်ကြိမ်နှစ်ခါ အခွင့် အလမ်းပေးလေ့ မရှိတတ်ပါ။ ထို့ကြောင့် နောက်တစ်ကြိမ် ထပ်မတိုးနိုင်ကြောင်း ဆုံးဖြတ်လိုက်ပါသည်။

ဆရာကြီးကိုယ်တိုင်လည်း သိနေ၏။

'ဟုတ်ပါတယ် ဆရာ။ စည်းမျဉ်းစည်းကမ်း သတ် မှတ်ချက်အရလည်း နောက်တစ်ကြိမ် တိုးဖို့ရာ သတ် မှတ်ချက် မပြည့်သေးဘူး' လို့ ပြောပါသည်။

သို့သော် အာသာဆန္ဒကား ရှိနေသေးပေသည်။ ထို့ ကြောင့် 'တကယ်လို့ ရာထူးတိုးဦးမယ်ဆိုရင်ကော ဘယ် တော့လောက်ကို ထပ်တိုးနိုင်ပါသေးလဲ ဆရာ' ဟု မေး ဖြစ်အောင် မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ဤမေးခွန်းကို ချက်ချင်းမဖြေဘဲ 'ဆောင်းပါးရေးတော့မှ ထည့်ရေးလိုက်တော့မယ်။ မဂ္ဂဇင်းမှာသာ စောင့်ဖတ်လိုက်ပါ။ အဖြေလည်းသိ၊ အကျိုးလည်း ရှိမှာပါ'လို့ ပြောလိုက်ပါသည်။

ကောဇာဂြိုဟ် အနေအထားအရဆိုလျှင် (၂၀၁၈-၁၉)ခုနှစ်တွင် ကြာသပတေးဂြိုဟ်သည် ဗြိစ္ဆာရာသီသို့ ရောက်လာရန် ရှိပါသည်။ ထိုရာသီသည် ဆရာကြီးရဲ့ (၄)တန့်ဘာဝပင် ဖြစ်ပါသည်။ ရက်တိုသင်တန်းတစ်ခုခု ဆရာကြီး တက်ရောက်သင်ယူရပေလိမ့်မည်။ ထိုရာသီ ဘာဝမှထောက်လျှင် (၇)တန့်မြောက်သည်ကား ပြိဿရာသီ ဖြစ်ပါသည်။

ပြိဿရာသီသည် ဆရာကြီး၏ ကမ္မဘာဝ ဖြစ်ပါသည်။ ကမ္မဘာဝအား ကြာသပတေးက (၇)တန့်ဖြင့် အားကောင်းကောင်းစွာ လှမ်းမြင်ထားပါသည်။ ထိုအခါ ဆရာကြီး ရာထူးထပ်တိုးနိုင်ပါသည်။ ဗေဒင်ပညာဖြင့် မိမိဘဝကံဇာတာ အခြေအနေကို အချိန်အခါနှင့် တွဲသိနေပြီမို့ မိမိကိုယ်ကို ကောင်းစွာထားခြင်းဆိုတဲ့ အတ္တသမ္မာပဏိဓိ မင်္ဂလာစက် မပျက်စီးရအောင် အကောင်းဆုံး ဆောက်တည်ထားရန် သတိချပ်သင့်ပေသည်။

အတ္တသမ္မာပဏိဓိစက် ပျက်စီးခဲ့ပါမူကား ရာထူးတိုးရန် သိပ်မသေချာတော့ပေ။ ပြစ်မှုဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ တစ်ခုခုကို ချိုးဖောက်မိ၍ ရာထူးချခံရခြင်း၊ ပြစ်ဒဏ်ကျခံရခြင်းများ ရှိလာပါက ရာထူးတိုးလာနိုင်ခြင်း မရှိတော့ပေ။

ထို့ပြင် ထိုကာလသည် (၄)တန့် ဗန္ဓုဘာဝအား ကြာသပတေးဂြိုဟ် စီးနင်းနေသောကြောင့် ယာဉ်ရထား၊ ကားနှင့်ပတ်သက်ပြီး စိတ်ချမ်းသာမှုရလိမ့်မည်။ ကားဝယ်လိုပါက ထိုကာလ၌ ဝယ်ဖြစ်သွားပေလိမ့်မည်။

နေအိမ်နေရာဒေသ အသစ်သို့ ပြောင်းရွှေ့ရတတ်၏။ အိမ်ဝယ်လိုပါက ဝယ်ဖြစ်သွားမည်။ အိမ်၊ ကားများဝယ်ဖြစ်သွားပါက စိတ်တိုင်းကျ ဖြစ်လိမ့်မည်။ ကိုယ်ပိုင်ကျင့်စဉ်ကမ်း ကိုယ်ကျင့်တရားများလည်း ယခင်ထက် ပိုကောင်းနေမည်။ လာဘ်လာဘဝင်ငွေ ယခင်ထက် ပိုကောင်းနေမည်။

အသက်အရွယ် ရလာသည်နှင့်အမျှ တရားဘာဝနာဘက်ကိုလည်း အာရုံစိုက်လာတတ်၏။ နည်းကောင်းလမ်းမှန်၊ ဆရာသမားကောင်းများနှင့်လည်း တွေ့လာမည်။ ထို့အပြင် မထင်မှတ်ဘဲ နိုင်ငံခြားသွားရတတ်၏။ ကောင်းကျိုး များပါသည်။ သို့သော် ဆိုးကျိုးလည်း အနည်းငယ် ရှိနေတတ်ပါသည်။

မှန်၏၊ ထိုကာလများ၌ ကောဇာစနေဂြိုဟ်ကြီးသည် ဆရာကြီးရဲ့ (၅)တန့် ပုတ္တရာဘာဝတွင် ရပ်တည်လျက်ရှိပါသည်။ တပည့်တပန်း၊ လက်အောက်ငယ်သားများနှင့် ပတ်သက်ပြီး စိတ်ဆင်းရဲရတတ်ပါသည်။ ထိုစနေသည် ဓနုရာသီမှ ကုမ်ရာသီသို့ (၃)တန့် အထူးမြင်လျက်ရှိ၏။

ထို့ကြောင့် အိမ်ထောင်ဖက်နှင့်ပတ်သက်ပြီး စိတ်ဆင်းရဲစရာများ ဖြစ်လာတတ်၏။ သို့မဟုတ် အိမ်ထောင်ဖက် ကျန်းမာရေးညံ့လာတတ်ပါသည်။ ထိုကာလ၌ နိုင်ငံရေး၊ ပါတီစည်းရုံးရေး လုံးဝမလုပ်သင့်ပါ။ လုပ်မိလျှင် ဒုက္ခဝေတတ်ပါသည်။

စနေသည် ဆရာကြီးရဲ့ (၂)တန့်ဘာဝဖြစ်တဲ့ ကန်ရာသီကိုလည်း (၁၀)တန့်အမြင်ဖြင့် အထူးမြင်ထားပါသည်။ ထို့ကြောင့် ညာဘက်မျက်စိအား ဒုက္ခပေးလာတတ်၏။ ထို့ကြောင့် စုငွေများ တမြည့်မြည့် ကုန်လာတတ်ပါသည်။

ကောင်းကျိုးနှင့် ဆိုးပြစ်တို့ ကံဇာတာအရ ဖြစ်ခွင့်ကြုံကာ ဒွန်တွဲလာနေရာ ထိုအချိန်ခါ၌ ဆိုးကျိုးဖြစ်ခွင့်မရဘဲ ကောင်းကျိုးဖြစ်ခွင့်သာအောင် ပစ္စုပ္ပန် ဉာဏ်၊ ဝီရိယကို သင့်လျော်အောင် အသုံးချတတ်ရန် လိုပေသည်။ ဤစကားကို နားလည်နိုင်ရန် ကမ္မနိယာမသဘောကို နားလည်ဖို့ လိုပါသည်။

အတိတ်ဘဝများစွာက အစဉ်တစိုက် လိုက်ပါလာနေတဲ့ အလယ်ဖောင်းချက်စေတနာ အပရာပရိယဝေဒနီယကံသည် လူသားတိုင်းတွင် ရှိပါသည်။

ထိုအပရာပရိယဝေဒနီယကံသည် ကုသိုလ်လည်း ရှိ၏။ အကုသိုလ်လည်း ရှိပါသည်။ အကုသိုလ်သည် စနေဂြိုဟ်၏ စွမ်းအင်ဆိုပါက ကုသိုလ်သည် ကြာသပတေးဂြိုဟ်၏ စွမ်းအင်ဖြစ်ပါသည်။

အကုသိုလ်သည် ဘယ်ခြေထောက်နှင့်တူပြီး ကုသိုလ်သည် ညာခြေထောက်နှင့် တူပါသည်။ဘယ်ခြေထောက်လှမ်းနေလျှင် ညာခြေထောက်က ရပ်ပေးနေရ၏၊ ညာခြေထောက်လှမ်းနေလျှင် ဘယ်ခြေထောက် ရပ်နေ



www.burmeseclassic.com

ရ၏။ တစ်ပြိုင်တည်း လှမ်း၍ကား မရပေ။ ထို့အတူ အကုသိုလ်နှင့် ကုသိုလ်သည်လည်း အတူတူဖြစ်ရိုးမရှိပေ။

အကုသိုလ်ဖြစ်နေလျှင် ကုသိုလ်ရပ်တန့်ပေးရ၏။ ကုသိုလ်ဖြစ်နေပါကလည်း အကုသိုလ် ရပ်တန့်ပေးရပါသည်။ ကုသိုလ်စွမ်းအင်နှင့် အလားတူသော ကြာသပတေးဂြိုဟ်စွမ်းအင် ကောင်းကျိုးချမ်းသာများ ဖြစ်ပေါ်နေလျှင် အကုသိုလ်စွမ်းအင်နှင့် ပမာတူတဲ့ စနေဂြိုဟ်စွမ်းအင် ဆိုးကျိုးများ အကျိုးမပေးနိုင်ဘဲ ရပ်တန့်နေရပေသည်။

အကယ်၍ အကုသိုလ်ဖြစ်နေပါကလည်း ကုသိုလ်သည် ရပ်တန့်နေရ၏။ အကုသိုလ်စွမ်းအင်နှင့် အလားတူတဲ့ စနေဂြိုဟ်စွမ်းအင်များ လက်စွမ်းပြနေလျှင် ကုသိုလ်စွမ်းအင်နှင့် အလားတူတဲ့ ကြာသပတေးဂြိုဟ်စွမ်းအင် ကောင်းကျိုးချမ်းသာများ အကျိုးမပေးနိုင်ဘဲ ရပ်နေပေးရပေသည်။

ထို့ကြောင့် ကုသိုလ်စွမ်းအင်နှင့် ပမာတူတဲ့ ကြာသပတေးဂြိုဟ်စွမ်းအင် ကောင်းကျိုးချမ်းသာများ အကျိုးပေးခွင့်သာပြီး အကုသိုလ်စွမ်းအင်နှင့်တူတဲ့ စနေဂြိုဟ်စွမ်းအင် ဆိုးပြစ်များ အကျိုးပေးခွင့် မရနိုင်လေအောင် မိမိကိုယ်ကို ကောင်းစွာထားခြင်းဆိုတဲ့ အတ္တသမ္မာပဏိဓိစက် လည်ပတ်စေသင့်၏။

ထိုသို့လည်ပတ်နိုင်ပါက စနေဂြိုဟ်ဆိုးကျိုး အဟောများ မဖြစ်ပေါ်လာဘဲ ကြာသပတေးဂြိုဟ် အဟောများသာ ထင်ရှားလာပေမည်။ ဆရာကြီးနှင့်တကွ အားလုံးသော ဗေဒင်ဝါသနာရှင်များ အတ္တသမ္မာပဏိဓိ စက်ရဟတ်ဖြင့် စနေပါပဂြိုဟ်၏ ဆိုးကျိုးဆိုးပြစ်များကို ပယ်သတ်ဖြတ်တောက်ပြီး ကြာသပတေးဂြိုဟ် ကောင်းကျိုးချမ်းသာများကို အပြည့်အဝခံစားနိုင်ကြပါစေလို့ စေတနာစကား ဆိုလိုက်ပါ၏။

**အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**

**ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၈၉**

**၀၉ ၇၇၂ ၁၅၀ ၅၇၉**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ညဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာ ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချော သော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောညဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

**အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဗိုတ်ရက်မရှိ)** ☎ (01)394727, (01)399426, 09 7300 9994, 09 51 525

www.burmeseclassic.com



www.burmeseclassic.com

ခေါင်းစီးအရ ကျောင်းသားကျောင်းသူများ ပညာသင်ကာလတွင် မိမိတို့ မလိုလား၊ မတောင့်တအပ်တဲ့ အနှောင့်အယှက်များ ဝင်မလာနိုင်စေရန်၊ ဘေးဥပဒ်အန္တရာယ်များ ကြားဖြတ်မကျရောက်စေရန်နှင့် မိမိရည်မှန်းထားတဲ့ အတန်းတင်စာမေးပွဲကြီး အောင်မြင်ရန် ဗေဒင်ပညာ ကူသင့်ကြောင်း အကြံပြုထားသည်မှာ ထင်ရှား၏။

စာဖတ်သူဘက်က ကြည့်လျှင် ကြော်ငြာဝင်သည်ဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။ ကြော်ငြာနှင့် အလားတူသော်လည်း မိမိပညာ တော်ကြောင်း တတ်ကြောင်း၊ ကောင်းကြောင်းမွန်ကြောင်း သိစေလိုရင်း မဟုတ်သောကြောင့် ကြော်ငြာအစစ်တော့ မဟုတ်ပါချေ။ သိထားသင့်သည်ကို အသိပေးတင်ပြသည်မို့ အကြံပြုစာဟု ဆိုချင်ပါသည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများရဲ့ ဘဝထဲသို့ မလိုလားအပ်တဲ့ အနှောင့်အယှက်များ ဝင်ရောက်နှောင့်ယှက်လို့ စာမေးပွဲ မဖြေလိုက်ရသူများ၊ ဖြေလိုက်ရသော်လည်း မဖြေနိုင်၍ တစ်နှစ်ကျကာ နစ်နာသွားသူများ၊ တစ်နှစ်မက တစ်ဘဝလုံး ပညာရေးနှင့် ဝေးသွားရသူများ အမှန်တကယ် အထင်အရှားရှိပါသည်။

အချို့ ဖြေခါနီးမှ မိဘနှစ်ပါး ကွဲကွာပြတ်စဲသွား၍ မဖြေလိုက်ရသည်လည်း ရှိ၏။ အချို့ကား ရေ၊မီးစတဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းကြောင့် မဖြေလိုက်ရဘဲ တစ်နှစ်ဆုံးရှုံးသွားရပေသည်။ အချို့ ကား အက်ဆီဒင့်ဖြစ်ခြင်း၊ အနာရောဂါ ပြင်းထန်စွာ ခံစား ရခြင်းကြောင့် မဖြေဖြစ်တော့ဘဲ လက်လျှော့လိုက်ရပါ သည်။

အချို့ဆိုလျှင် ပြစ်မှုကျူးလွန်မိ၍ မင်းပြစ်မင်းဒဏ် သင့်ကာ အချုပ်အနှောင်ခံရပြီး စာမေးပွဲနှင့် ဝေးသွားရ၏။ အချို့က လူငယ်သဘာဝလို့ ကင်ပွန်းတပ်နေကြတဲ့ ကာ အတွေ့၊ ကိလေသာအငွေ့ကြား အမှားကြီးမှားကာ ဘဝ ပျက်သွားကြ၍ ပညာရေးနှင့် ဝေးသွားကြ၏။ ဘဝမပျက် သည့်တိုင် စိတ်မခိုင်နိုင်တော့၍ ယိုင်လဲကာ ပညာရေး စိတ်ကိုမဝင်စား ဖြစ်သွားကြပါသည်။

အချို့က မိဘ၊ ဆရာသမားများ ကိုယ်ဖိရင်ဖိ စည်း စနစ်တကျ အုပ်ချုပ်ထား၍ စိတ်ထင်တိုင်း မစိုင်းရဲလို့ ဟန်ဆောင်ပန်ဆောင် စာကျက်နေသော်လည်း 'နေသာ နေရတယ်၊ ငါ့စိတ်က တောင်ယာမှာ' ဆိုသလိုမျိုး ဖြစ် နေတတ်ပါသည်။ တကယ်လည်း စာမေးပွဲဖြေပါလေရော ဘာမေးလို့မေးမှန်းမသိ၊ ဘာဖြေလို့ ဖြေရမှန်းမသိ ဖြစ် နေတတ်ပါသည်။

မိဘတွေ မရိပ်မိအောင်၊ လူပြောသူပြော လွတ် လေးတွေးပြီး ပြီးဆုံးအောင်တော့ ဖြေလိုက်ပါသည်။ အောင်/ရှုံးကတော့ ကိုယ့်ဘာသာ အဖြေထုတ်ပြီးသား ဖြစ်နေတတ်၏။ စာရေးသူ မသိနိုင်တဲ့ အခြားအကြောင်း များလည်း ရှိပေဦးမည်။ ဘဝရည်မှန်းချက် ချမှတ်

**ဆရာကံထူး(ဝေဒသုတေသီ)**

# ကျောင်းသားကျောင်းသူ ဗေဒင်ကူ





www.burmeseclassic.com

www.burmeseclassic.com

ချီတက်ရာ လမ်းကြောင်းတိုင်းမှာ အခက်အခဲ၊ အနှောင့်အယှက်ဆိုတာ ရှိစမြဲပါ။

ရှင်ပြုခါနီး မောင်ရှင်လောင်းကို သစ်ပင်မတက်ဖို့၊ မြစ်ချောင်းဆင်းပြီး ရေမကူးဖို့ တားမြစ်လေ့ရှိကြ၏။ အကြောင်းကား အလောင်းလျာဘဝတွင် အနှောင့်အယှက်၊ အမှောင့်ပယောဂ ဝင်လာတတ်၊ မာရ်နတ် မှောက်တတ်သောကြောင့် ဖြစ်ပါသည်။ မတော်တဆ သစ်ပင်အမြင့်က ကျလို့ လက်ခြေကျိုးသွားလျှင်၊ နားရွက်ပဲ့သွားလျှင် ရှင်သာမဏေပြုခွင့် မရှိတော့ပေ။

ရှင်ပြုနေတုန်း မောင်ရှင်လောင်း ရေချိုးနေတော့မှ သင်္ကန်းဝှက်ထားပြီး မုန့်ဖိုးတောင်းတာမျိုးလည်း ရှိပါသည်။ မာရ်နတ်မှောက်တဲ့ သဘောပါ။ ပြောလိုရင်းကတော့ အဆိုပါ အနှောင့်အယှက်၊ အမှောင့်ပယောဂ၊ မာရ်နတ်များကို ကျော်လွှားနိုင်မှ ရှင်သာမဏေ ပြုဖြစ်၏။ ကုသိုလ်တစ်ခု အောင်မြင်စွာပြုဖြစ်ပါသည်။

မင်္ဂလာဆောင်လည်း သတို့သား၊ သတို့သမီးဆီသွားရာလမ်းတွင် အပ်ချည်မျှင်လေး တားထားပြီး ပိုက်ဆံတောင်းလေ့ရှိကြ၏။ မပေးနိုင်ဘူးကွဆိုလျှင် ပြဿနာတွေ ဖြစ်တတ်၏။ မင်္ဂလာပွဲပျက်တဲ့အထိ ဖြစ်သွားတတ်ပါသည်။ ဒါလည်း မာရ်နတ်မှောက်တဲ့သဘောပင် ဖြစ်ပါသည်။ အဆိုပါ မာရ်နတ်ကို အောင်မြင်နိုင်မှ တင့်တင့်တယ်တယ် မင်္ဂလာဆောင်ဖြစ်ပါသည်။ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေး မည်သည့်အရေးကိစ္စမဆို အလောင်းလျာဘဝတိုင်း မာရ်နတ်မှောက်တတ်၊ အမှောင့်ပယောဂ ဝင်တတ်ပါသည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများသည်လည်း အလောင်းအလျာများပင် ဖြစ်ပါသည်။ (၉)တန်းဖြေမည့်သူသည် (၁၀)တန်းကျောင်းသားလောင်းလျာဖြစ်၏။ (၁၀)တန်းဖြေမည့်သူသည် တက္ကသိုလ်ကျောင်းသားလောင်းလျာ ဖြစ်ပါသည်။ ရည်မှန်းချက်သို့ ဦးတည်နေတဲ့ ထိုထိုလောင်းလျာတို့၏ ပညာရေးခရီး၌လည်း အနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂ၊ မာရ်နတ်များ ရှိနှင့်နေတတ်ပေသည်။

အဆိုပါ အနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂ၊ မာရ်နတ်များကို ကျော်လွှားနိုင်ပါမှ အောင်မြင်မှုတိုင်ကို လှမ်းကိုင်နိုင်ပေမည်။ ထိုအနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂ၊ မာရ်နတ်များကို ဖယ်ရှားကျော်လွှားနိုင်ရန် ဗေဒင်ပညာ အကူဝင်သင့်ကြောင်း ပညာသင်လူငယ်များနှင့် သက်ဆိုင်ရာ မိဘ၊ ဆရာသမား၊ အုပ်ထိန်းသူများကို စာရေးသူက အကြံပြုချင်ပါသည်။

အဆိုပါ ဘေးဥပဒ်အန္တရာယ်၊ အနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂ၊ မာရ်နတ်များကို ဗေဒင်ဆရာက ဗေဒင်ပညာဖြင့် ဥံဖွ..ပျောက်စေဆိုပြီး ဖယ်ရှားပေးနိုင်လို့လားဟု ဓာတကတက်ချင်စရာ ရှိသလို စာမကျက်ဘဲရအောင် ဗေဒင်ဆရာ မန်းမှုတ်ပေးနိုင်တာမဟုတ်ဘူးပေါ့၊ ကိုယ်ကျက်မှ ကိုယ်ရမှာလို့လည်း အလွယ်တွေးကာ ဘေးဖယ်ထားချင်ကြပေမည်။

မှန်၏။ ဗေဒင်ဆရာ စာရအောင် ကူမကျက်ပေးနိုင်ပါ။ ဥံဖွ..ပျောက်စေ၊ ကင်းစေ၊ ဝေးစေလို့လည်းပဲ ကံကြမ္မာကို ဖယ်ရှားနိုင်စွမ်း မရှိပါကြောင်း ရိုးသားစွာဝန်ခံပါသည်။ သို့သော် ဗေဒင်ပညာ အကူအညီကြောင့်ပင် ဗေဒင်ဆရာသည် သက်ဆိုင်သူ၏ ဇာတာအရ ကံကြမ္မာ၏ လျှို့ဝှက်ချက်ကို ချက်ခနဲ ဒက်ခနဲ သိမြင်ပါသည်။

ဥပမာ-ကျောင်းသားကျောင်းသူ တစ်ဦး၏ ဇာတာတွင် လဂ်ကို စနေစီးနေသည် ဆိုပါစို့။ ထိုဇာတာရှင်ကျောင်းသားသည် ပညာသင်ကာလအတွင်း ဘယ်တော့လောက်ဆို ဘယ်လိုဖြစ်တတ်သည်ဟုမှ ဗေဒင်ဆရာ သိနိုင်ပါသည်။ မှန်၏၊ လဂ်ကို စနေစီးနင်းခံနေရတဲ့ ကျောင်းသားတစ်ယောက်အနေဖြင့် (၃)တန့် သဟဇဘာဝကို စနေအထူးလှမ်းမြင်ခြင်း ခံနေရ၍ စာမကျက်ချင်၊ ကျက်လိုတဲ့ဆန္ဒ မရှိ၊ ဖွဲ့,လုံ့လ,ဝီရိယများ လျော့ကျနေတတ်ပါသည်။

ထို့အပြင် (၇)တန့် ပထနီဘာဝကို စနေက (၇)တန့် အားကောင်းကောင်းဖြင့် လှမ်းမြင်နေရာ အရွယ်ရောက်ပြီး ကျောင်းသူကျောင်းသားများ ဆိုပါက အိမ်ထောင်ပြုလိုစိတ် ထိန်းမနိုင်သိမ်းမရ ဖြစ်နေတတ်ပါသည်။ တကယ်လည်း မပြုဖြစ်ပါပေ။ နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများကိုလည်း ဝါသနာပါနေတတ်၏။

ထို့အပြင် (၁၀)တန့် ကမ္မဘာဝအား စနေက (၁၀)တန့်မြင်ဖြင့် အထူးမြင်ထားသောကြောင့် ဇာတာရှင်ကျောင်းသားသည် သူ့ရဲ့ အဓိကအလုပ်ဖြစ်တဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com

သင်ယူခြင်း အလုပ်ကို လုပ်လိုစိတ် နည်းပါးနေမည်။ မလုပ်မဖြစ် လုပ်ပါကလည်း အသေအချာ ကျကျနန မလုပ်ဖြစ်တော့ပါ။ သူ့ရဲ့ ပင်ကိုဦးနှောက်လည်း ယခင်ထက် အရည်အသွေးညံ့နေမှာ သေချာပါသည်။ အဆိုပါ အခြေအနေဆိုးများကို မဖယ်ရှားနိုင်လျှင် စာမေးပွဲအောင်နိုင်မည် မထင်ပါ။

နောက်တစ်ခု တင်ပြပါဦးအံ့။ ကျောင်းသားကျောင်းသူတစ်ဦး၏ (၂)တန့် ကမ္ဗူမ္ဗဘာဝကို စနေစီးနေသည် ဆိုကြပါစို့။ ထိုဇာတာရှင်သည် မင်မိုရီ မှတ်ဉာဏ်များ အားနည်းကာ ကျက်ပြီးမေ့ ဖြစ်နေတတ်ပါသည်။ (၂)တန့်တွင် ရပ်တည်နေတဲ့ စနေဂြိုဟ်သည် ဇာတာရှင်၏ (၄)တန့် ဗန္ဓုဘာဝကို (၃)တန့်အမြင်ဖြင့် အထူးမြင်နေတော့၏။

ထို့ကြောင့် ဇာတာရှင်သည် မှားယွင်းတဲ့ အကြင်နာ သံယောဇဉ်ကြောင့် မိခင်အပေါ် မကျေနပ်နိုင်ဖြစ်ကာ စာပေစိတ်ဝင်စားမှု အားနည်းနေပေမည်။ စာအုပ်နှင့် မျက်နှာ ဟပ်နေသော်လည်း သူ့စိတ်ထဲတွင် အက္ခရာမထင်၊ စာမမြင်နိုင် ဖြစ်နေပေမည်။ ဘာမှစိတ်မဝင်စားဘူးကွာလို့ သူငယ်ချင်းတွေရှေ့ ရင်ဖွင့်ရသည်ကိုပင် အရသာတွေ့နေတတ်ပါသည်။ စိတ်မဝင်စားနိုင်တာတော့ အမှန်ပါ။

သည်မျှသာမကသေးပေ။ ဇာတာရှင်၏ (၁၁)တန့် လာဘဘာဝကိုလည်း စနေဂြိုဟ်က (၁၀)တန့်အမြင်ဖြင့် အထူးမြင်နေပါ၏။ ထို့ကြောင့် ဇာတာရှင်သည် ကိုယ်ကျင့်တရားနှင့် ကိုယ်ပိုင်စည်းကမ်းများ လျော့ရဲပျက်ပြားနေတတ်၏။ ထို့ကြောင့် ဆရာသမားကောင်းနှင့် ကင်းကွာသွားတတ်ပြီး နည်းစနစ်ကောင်းများနှင့် ဝေးသွားတတ်ပါသည်။

အကျိုးဆက်အနေဖြင့် ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်းများကို လက်ဆောင်အဖြစ် လက်ခံသိမ်းပိုက်ရပေလိမ့်မည်။ စာမေးပွဲကြီး အောင်မြင်ရန်ကား မလွယ်ရေးချ မလွယ်ပါ။ အကယ်၍ စနေဂြိုဟ်သည် (၅)တန့် ပုတ္တရဘာဝကို စီးနင်းထားပါက ဂြိုဟ်ကောင်းများ၏ အကူအညီလည်း မရှိ၊ ဒသာအနေအထားကလည်း မကောင်းခဲ့လျှင် မအောင်နိုင်တာ သေချာ၏။ ဤကား စနေဂြိုဟ်တစ်လုံးတည်း နှောင့်ယှက်တတ်ပုံကို တင်ပြခြင်းသာ ဖြစ်ပါသည်။

အခြားသော ရာဟုဂြိုဟ်၊ အင်္ဂါဂြိုဟ်များရဲ့ စီးနင်း မြင်ယှဉ်များလည်း ရှိသေး၏။ ဒသာအနေအထား ကောင်း မကောင်းလည်း ရှိသေးပေသည်။ ဂြိုဟ်ပင် ကောင်းနေ လင့်ကစား ဘာဝအနေအထားအရ အကျိုးပေး ဆိုး သွားသည်လည်း ရှိ၏။ အဆိုပါ အနှောင့်အယှက်များကို မကျော်လွှားနိုင်ပါက အောင်မြင်ရန် မလွယ်ကူပေ။

အစီအမံ၊ နည်းလမ်း၊ ဥပါယ်တံမျဉ်သုံးကာ ဆောင် ရွက်ခြင်း၊ ကိုယ်တိုင် သတိပြုဆင်ခြင်ခြင်းတို့ဖြင့်သာ ကျော်လွှန်နိုင်ပါသည်။ သိလည်း မသိ၊ သတိလည်း မ ဘဲ အလိုလို ကျော်လွှန်သွားမည်ကား မဟုတ်ပေ။ ပစ္စုပ္ ကို ဉာဏ်၊ ဝီရိယဖြင့် အလှဆင်ကြရာတွင် အတိတ်က အမြင်ကို လျစ်လျူရှုသူများလည်း ရှိ၏။ ကံဆောင် ပြောင် ဤလူ့ဘောင်ဝယ် ကံကို လျစ်လျူရှုလျှင် နွား နို့ညှစ်၊ ကျောက်ခဲ ဆီကြိတ်သကဲ့သို့ ဖြစ်နေတတ် သည်။

စာရေးသူရဲ့ အတွေ့အကြုံအရ အမှန်တိုင်းပြော အတိတ်ကံအမြင်ကို ဗေဒင်ပညာဖြင့် ရှုမြင်သုံးသပ် အကြံပေးဖူးတဲ့ ကျောင်းသားကျောင်းသူ (၈၀%)အော မြင်သည်ကို တွေ့ရပါသည်။ အနီးကပ်ဆုံး ကာလအား (၂၀၁၅-၁၆)ခုနှစ် ပညာသင်နှစ်တွင် စာရေးသူထံ နွေးမေးမြန်းတဲ့ ကျောင်းသားအားလုံးနီးပါး အောင်မြ ပါသည်။

ဖုန်းနံပါတ်မသိလို့ မဆက်သွယ်နိုင်တဲ့ ရေကြည် နယ်က ကျောင်းသားတစ်ယောက်သာ အောင်,မအော မသိရပါ။ ကျန်ကျောင်းသားများအားလုံး အောင်မြ သည်။ ထို့အပြင် ဂမ္ဘီရမဂ္ဂဇင်း ကျေးဇူးကြောင့် ဆ သွယ်မေးမြန်းကြတဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မုံရွာ၊ ရေစကြို၊ ဟသ်ာတ၊ ပုသိမ်၊ မင်္ဂလာဒုံ၊ ဟို မြိတ်၊ လားရှိုးမြို့များမှ ကျောင်းသားများလည်း အော မြင်ကြောင်း ဘိုင်ဘာကနေ သတင်းပို့ကြပါသည်။

ဤမဂ္ဂဇင်းတွင် 'သမီး စာမေးပွဲ အောင်မ ဆိုတဲ့ ခေါင်းစီးဖြင့် ဆောင်းပါးရေးသား ဖော်ပြ ကျောင်းသူကလေးလည်း အောင်မြင်ပါသည်။ ဂုဏ် တော့ မထွက်ပါ။ ဗေဒင်မေးစဉ်က ပြီးခဲ့တဲ့ (၂ ၁၅)ခုနှစ် ပညာသင်နှစ်မှာ သမီး မအောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဒီနှစ် သမီး အောင်လိမ့်မယ်လို့ ဟောလိုက်ရာ မိခင်ဖြစ်သူက "ဆရာပြောတဲ့အတိုင်း ဒီနှစ် တကယ်အောင်ရင် ဆရာ့ကို တစ်သိန်းကန်တော့ပါ့မယ်"ဟုပင် ကတိပေးခဲ့ပါသည်။


အခုတော့ တကယ်အောင်သွားပါပြီ။ ဤသို့ တင်ပြနေခြင်းသည် စာရေးသူ တော်လွန်းလို့ စာရေးသူထံလာတဲ့ ကျောင်းသားအောင်ကြောင်း နားလည်စေလို၍ ခပ်ကြွားကြွား ပြောပြနေခြင်း မဟုတ်ပါ။ အတိတ်ကံ အနှောင့်အယှက်များ အမျိုးမျိုးရှိတတ်ကြောင်း၊ ယင်း အနှောင့်အယှက်များကို ကျော်လွန်နိုင်ပါမှ စာမေးပွဲ အောင်မြင်နိုင်ကြောင်း ပြောလိုရင်း ဖြစ်ပါသည်။

အတိတ်ကံ အခြေအနေကိုလည်း စာရေးသူ တစ်ယောက်တည်း တတ်သိနားလည်သည်မဟုတ်။ အမှန်တကယ် ကျွမ်းကျင်တဲ့ ဗေဒင်ပညာရှင်တိုင်း တတ်သိနားလည်ပါသည်။ မိမိတို့ နီးစပ်ရာ၊ ခင်မင်သိကျွမ်းရာ ဗေဒင်ဆရာထံမှာ ကံကြမ္မာကို စစ်ဆေးနိုင်ပါသည်။ ကျောင်းသားကျောင်းသူ ပညာရေးတွင် ဗေဒင်ပညာ ကူသင့်ကြောင်း နားလည်နိုင်စေရန်သာ အဓိကရည်ရွယ်ပါသည်။

အတိတ်ကံကိုချည်း အားကိုးပြီး ဉာဏ်၊ ဝီရိယ ကျဆင်းအောင် တင်ပြနေခြင်းလည်း မဟုတ်ပါ။ လုံ့လဝထု ဉာဏ်မကူက သိကြားမင်း မ,စသော်လည်း မရနိုင်ချေ။ ဝီရိယလည်းထု၊ ဉာဏ်လည်းကူပါလျက် ခုတ်ရာတခြား ရှရာတလွဲဖြစ်ကာ အောင်မြင်မှုနှင့် ဝေးမနေကြစေရန် ကံရင်းမူလကို သတိတရရှိကြစေဖို့ရာ တင်ပြခြင်းသာ ဖြစ်ပါသည်။

အတိတ်ကံအခြေအနေကို တိကျမှန်ကန်စွာ သိမြင်ထားပါက ဆောင်စရာရှိက ဆောင်နိုင်သလို ရှောင်စရာရှိပါကလည်း ရှောင်နိုင်၏။ ဆောင်စေ၊ ရှောင်စေခြင်းသည် အလုပ်အတွက် ဆင်ခြေဆင်လက်များနေအောင် သင်ပေးခြင်းမဟုတ်။ အလုပ်တွင် အန္တရာယ်ကင်းစေဖို့ရာ ဆင်ခြင်တုံတရား လက်ကိုင်ထားရန် သင်ပြခြင်းသာ ဖြစ်ပါသည်။

ရှောင်ခြင်း၊ ဆောင်ခြင်းသည် တကယ်တော့ ပစ္စုပ္ပန်ကံ ဉာဏ်၊ ဝီရိယ အားအကောင်းဆုံး ဖြစ်လာအောင် [illegible]ခြင်းပင် ဖြစ်ပါသည်။ ပစ္စုပ္ပန် ကံ၊ ဉာဏ်၊ ဝီရိယ



များ အကောင်းဆုံးအနေအထား ရောက်နေပါက ဘဝတွင် အများအယှဉ်း ကင်းစင်နေပြီးသား ဖြစ်သွားပါသည်။

ထို့ကြောင့် ဘေးဥပဒ်အန္တရာယ်၊ အနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂ၊ မာရ်နတ်တို့ရန်မှလည်း ကင်းဝေးပြီးသား ဖြစ်နေပေမည်။ အများအယှဉ်း၊ အနှောင့်အယှက်၊ အဟန့်အတား၊ အမှောင့်ပယောဂများ ကင်းရှင်းနေလျှင် ဆိုးကျိုးမဝင်၊ ကောင်းကျိုးထင်ရန်သာ ရှိတော့၏။ မှန်၏၊ အနှောင့်အယှက်၊ အမှောင့်ပယောဂများ ကင်းစင်နေလျှင် ကိုယ်စိတ်နှစ်ဖြာ ကြည်လင်နေပါသည်။

လော်ပြီး ဥပြီးသောရွှေနှင့် တူ၏။ လော်ပြီး ဥပြီးသော ရွှေသည် နူးညံ့ပျော့ပျောင်း၏။ နားကပ်၊ ဆွဲကြိုး စတဲ့ လက်ဝတ်တန်ဆာများ လုပ်လိုရာ လုပ်နိုင်၏။ လုပ်ရလွယ်ကူ၏။ ထို့အတူ သန့်ရှင်းကြည်လင်နေတဲ့ စိတ်သည်လည်း နူးညံ့သိမ်မွေ့၏။ မိမိလုပ်လိုရာကို လုပ်နိုင်၏။ ပေးအပ်လာတဲ့ တာဝန်ကို ထမ်းဆောင်ရန် အသင့်အနေအထား ရှိပါသည်။

ထို့ကြောင့် ယင်းစိတ်ကို မှီတွယ်ဖြစ်ပေါ်ရတဲ့ ဝီရိယလည်း ယခင်ထက် ပိုမိုထက်သန်ကာ တက်ကြွနေမည်။ ဉာဏ်လည်း ယခင်နှင့်မတူ တစ်မူထူးကာ အရည်အသွေးထက်မြက်နေမည်။ တတ်သိနားလည်လွယ်၏။ ကျက်မှတ်၍ရလွယ်၏။ မှတ်မိလွယ်၏။ ကျက်မှတ်ရရှိထားပြီးတဲ့ အသိသည် ရှင်းလင်းနေ၏။ ဝေဝါးနေခြင်း မရှိပေ။

သန့်ရှင်းကြည်လင်နေတဲ့ စိတ်၊ အသိဉာဏ်၊ ထက်မြက်တဲ့ ဦးနှောက်၊ တက်ကြွတဲ့ ဝီရိယများဖြင့် လေ့လာ



www.burmeseclassic.com

www.burmeseclassic.com

ကျက်မှတ်လျှင် ရလွယ်၊ မှတ်လွယ်၊ နားလည်လွယ်သောကြောင့် ဆိုင်ရာစာမေးပွဲအတွက် ခက်ခဲမှု မရှိနိုင်ချေ။ အောင်မှ အောင်ပါ့မလားဟု တွေးပူနေစရာမလို၊ ဂုဏ်ထူးမှတ်အတွက် အားတက်နေဖွယ်သာ ရှိပါသည်။

နက္ခတ္တဝေဒ ဗေဒင်ပညာကို အခြေခံကာ ဤသို့ စာရေးသူဆိုသော်လည်း ဘုရားဟော ဒေသနာတော်နှင့် ကိုက်ညီသည်ဟု စာရေးသူကိုယ်တိုင် လက်ခံနိုင်ပြီးမှ တင်ပြခြင်း ဖြစ်ပါသည်။ မှန်၏။ ရာဂ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာများ ထကြွသောင်းကျန်းနေတဲ့စိတ်ဖြင့် ကျက်မှတ်လျှင် မရနိုင်ကြောင်း မြတ်ဘုရား ဟောပြထား၏။ သန့်ရှင်းကြည်လင်နေတဲ့စိတ်ဖြင့် ကျက်မှတ်ပါမှသာ တတ်သိနားလည်နိုင်၊ ရလွယ်နိုင်ကြောင်း ဟောပြထားပါသည်။

ကိလေသာကင်းစင်မှ ဆိုသည်မှာ အရိယာဖြစ်ရမည်ဟု ဆိုလိုသည် မဟုတ်။ အနုသယကိလေသာကတော့ ပုထုဇဉ်မှန်သမျှ ရှိနေ၏။ ပရိယုဋ္ဌာနကိလေသာ ထကြွသောင်းကျန်းမနေဖို့ လိုပါသည်။ ထကြွသောင်းကျန်းနေလျှင် စာကျက်လို့ မရနိုင်ချေ။ ပညာရေးကို စိတ်မဝင်စားချင်တော့လောက်အောင် သောင်းကျန်းနေနိုင်တဲ့ အခါကာလကို ဗေဒင်ပညာအရ ဗေဒင်ဆရာ သိနိုင်၏။

ဇာတာအရ အခြေအနေ ဆိုးနေလျှင် ပိုပြီးဆိုးမသွားစေရန်၊ ပြန်လည်ကောင်းမွန်လာစေရန်၊ အခြေအနေကောင်းနေပါက ပိုမိုကောင်းမွန်စေရန် ဗေဒင်ပညာအရ ဗေဒင်ဆရာက အကြံပြုလမ်းညွှန်ခြင်းဖြင့် ကူညီနိုင်ပါသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ ဗေဒင်ကူသင့်ကြောင်း အကြံပြုပါသည်။ ပြောလိုရင်း အနှစ်ချုပ်ကို လင်္ကာတစ်ပုဒ်နှင့် နိဂုံးချုပ်ပါရစေ။

"သူမြတ်ပဏ္ဍိ၊ ပညာရှိနှင့်၊ မညှိမဆ၊ ပြုသမျှကား မလှစီးပွား၊ ရေနစ်ဆားသို့၊ ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး" (မဃ-၂၄၄)

ရွှင်လန်းချမ်းမြေ့ကြပါစေ
ဆရာကံထူး(ဝေဒသုတေသီ)
ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉၊ ၀၉ ၇၇၂ ၁၅၀ ၅


အဘဆရာကြီး **မင်းသိင်္ခ** ၏ တပည့်ရင်း

ဆရာ **မိုးသစ်ခိုင်**



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကွန်ပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေး

တဲရော့ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၆ ၈၅၆ ၅၀၀

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ ဓော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၁၆၁၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

# ရေတွင်းထဲသို့ကျ သေဆုံးရသော ဇာတာနှင့် ကေ.ပီ စနစ် အယူအဆ

ကေ.ပီစနစ်ဖြင့် ပညာပေးဆောင်းပါးများ ရေးသား ပေးခဲ့သည်မှာ (၁၉၈၆)ခုနှစ်ကတည်းက ဖြစ်သည်။ နေ့စဉ် လူနေမှုဖြစ်ရပ်များတွင် ကြုံတွေ့နေကျ ကိစ္စရပ်များဘက် များပြားခဲ့ပါသည်။ ယခု "ရေတွင်းထဲသို့ ရုတ်တရက် ပြုတ်ကျ၍ အချိန်မတိုင်မီ သေဆုံးရသူ" (တစ်နည်း) ဥပစ္ဆေဒကကံဖြင့် သေဆုံးရသူ၏ ဇာတာအား ကေ.ပီစနစ်ကို လေ့လာလိုက်စားနေကြသူများ ပညာရရန် ရှင်းပြပေးသွားပါမည်။

(၂၀၁၇)ခုနှစ်၊ ဇူလိုင်လထုတ် K.P Ezine ပါ VSN Murthy ၏ "Premature death accidentally by falling in a well" ဆောင်းပါးမှ ဇာတာကို ထုတ်နုတ်ရှင်းပြထားခြင်း ဖြစ်ပါသည်။

ဇာတာရှင်ကို (၁၁-၂-၁၉၅၉) နံနက်(၁၁း၁၁)နာရီတွင် အင်ဒရာပရာဒက်ရှ်ပြည်နယ်၊ ဒွန်နာချယ်လန်အနီးရှိ မယ်လီယာနာရွာတွင် မွေးဖွားခဲ့သည်။ ဇာတာရှင် မစ္စတာအေ(Mr. A) ၏ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## KP Natal Horoscope


Saya Yan Aung Hein

Current Dt 4/8/2017

| | | | | |
|---|---|---|---|---|
| Name | : Mr.A | | Longitude | : 77D 52M 05 (East) |
| Date of Birth | : 11 Feb 1959 AD | | Latitude | : 15D 23M 05 (North) |
| Local Time | : 11:11:00 | | Time Zone | : 05:30 |
| KP Ayana | : 23Deg 11Min 5Sec | | Siderial Time | : 20 Hr 14 Min 35 Sec |
| Birth Day | : Wed | | Town Name | : DHONE.ANDRA PRADESH |

| P | DD | MM | SS | Mo | R | N | B | W | Significators |
|---|---|---|---|---|---|---|---|---|---|
| ☉ | 29? | 34 | 09 | 061 | ♄ | ♂ | ♄ | ☋ | [illegible] |
| ☽ | 338 | 44 | 40 | ?28 | ♃ | ♄ | ♀ | ☽ | [illegible] |
| ♂ | 037 | 05 | 54 | 026 | ♀ | ☉ | ☋ | ♀ | [illegible] |
| ☿ | 296 | 17 | 48 | 106 | ♄ | ♂ | ♃ | ♃ | [illegible] |
| ♃ | 216 | 53 | 04 | 006 | ♂ | ♄ | ☿ | ♃ | [illegible] |
| ♀ | 320 | 25 | 48 | 075 | ♄ | ♃ | ♃ | ♄ | [illegible] |
| ♄ | 250 | 41 | 35 | 005 | ♃ | ☋ | ♄ | ☽ | [illegible] |
| ☊ | 172 | 41 | 06 | -003 | ☿ | ☽ | ☉ | ☉ | [illegible] |
| ☋ | 352 | 41 | 06 | -003 | ♃ | ☿ | ☽ | ♃ | [illegible] |
| ♅ | 110 | 48 | 33 | -003 | ☽ | ☿ | ♀ | ♄ | [illegible] |
| ♆ | 193 | 46 | 15 | 000 | ♀ | ☊ | ☿ | ☊ | [illegible] |
| ⊕ | 057 | 14 | 46 | | ♀ | ♂ | ♃ | ♀ | [illegible] |

| H | DD | MM | SS | R | N | B | W | Significators |
|---|---|---|---|---|---|---|---|---|
| As | 017 | 04 | 15 | ♂ | ♀ | ☽ | ☋ | [illegible] |
| II | 046 | 21 | 14 | ♀ | ☽ | ♄ | ☋ | [illegible] |
| III | 07? | 14 | 38 | ☿ | ☊ | ♄ | ☊ | [illegible] |
| IV | 095 | 13 | 30 | ☽ | ♄ | ♀ | ♀ | [illegible] |
| V | 127 | 20 | 51 | ☉ | ☋ | ☊ | ☽ | [illegible] |
| VI | 161 | 07 | 57 | ☿ | ☽ | ♂ | ♂ | [illegible] |
| DS | 197 | 04 | 15 | ♀ | ☊ | ♀ | ☿ | [illegible] |
| VIII | 226 | 21 | 14 | ♂ | ♄ | ♃ | ♂ | [illegible] |
| IX | 252 | 14 | 38 | ♃ | ☋ | ☿ | ☽ | [illegible] |
| MC | 278 | 13 | 30 | ♄ | ☉ | ♀ | ☉ | [illegible] |
| XI | 307 | 20 | 51 | ♄ | ☊ | ☊ | ♄ | [illegible] |
| XII | 341 | 07 | 57 | ♃ | ♄ | ☽ | ♂ | [illegible] |




Planet <= Planet Aspect

☉045♄ ☽045☿ ☽120♃ ☽090♄
☽144♆ ♂060☽ ♂150♃ ♂144♄
♂045☋ ☿045♄ ☿120☊ ♃180♂
♃045☊ ♀072♄ ♀144☊ ♀150☊
♄030♃ ♄060♆ ☊135♂ ☊180☋
☊060♅ ☋060☉ ☋060☿ ☋[illegible]
☋030♀ ☋150☊ ♅135☽ ♅072♂
♅150♀ ♅120☋ ♆135⊕ ⊕120☉
⊕120☿

House <= Planet Aspect

I 060☿ I 180♆ III 135☉ III 090☽
III 135☿ III 180♄ IV 120☽ IV 060♂
IV 135♀ V 150☽ V 090♂ V 135☋
V 072⊕ VI 180☽ VII 090♆ VIII 030♆
IX 144♅ IX 060♆ X 060♃ X 030♄
XI 090♃ XI 060♄ XI 135☊ XII 045☉
XII 045☿ XII 090♄ XII 144♆ XII 150♆

လူတစ်ဦး ရုတ်တရက် အဖြ ဆိုးကြုံ၍ သေဆုံးရခြင်း (ဥပစ္ဆေဒကကံ)အတွက် လဂ်နှင့် (၈)တန ဘာဝ သန္ဓိများက ဖော်ပြပေး သည်။

အရွယ်မတိုင်မီ သေဆုံးရခြင်း အတွက် (premature death) ကေ.ပီစနစ်၏ စည်းမျဉ်းဥပဒေ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* လဂ်စီး ဘုတ္တိနက္ခတ် သခင် ဂြိုဟ်သည် မာရက (သို့မဟုတ်) ဘာဓကဘာဝများအတွက် အ ဆောင်ပါက ဇာတာရှင် အသက် ပါမည်။

ဤနေရာ၌ အသက်သေဆုံးခြင်း အတွက် စဉ်းစားယူဆရမည့် ဘာ များနှင့် ပတ်သက်၍ ဖော်ပြ လင်းပေးလိုပါသည်။

* မာရကဘာဝများ (



www.burmeseclassic.com

www.burmeseclassic.com

* ဘာဓကဘာဝများ
* မောက္ခဘာဝများ (၁၂ တန့်)
* အရာရာအဆုံးသတ်ခြင်း (၄ တန့်)
* ဤကမ္ဘာလောကမှ ထွက်ခွာခြင်းကို ဖော်ပြချက် (၁၀ တန့်)

အထက်ပါ ဘာဝများဖြင့် ဇာတာရှင်တစ်ဦး၏ သေဆုံးခြင်းကို သုံးသပ်ဆုံးဖြတ်ပေးရပါမည်။


အထက်ပါ ဇာတာတွင် လဂ်စီး ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၂လ်ာဖြစ်သည်။ ၂လ်ာသည် (၄)တန့်သခင်ဖြစ်၍ (၁၁)တန့် (ဝရလဂ်အတွက်၊ ဘာဓကဘာဝ)တွင် ရပ်တည်နေပါသည်။ ၂လ်ာဂြိုဟ်သည် (၈)တန့်ဘာဝ (အဖြစ်ဆိုး၊ အက်စီးဒန့်ကြုံရခြင်း)တွင် ရပ်တည်သော (၁၀၊ ၁၁)တန့်သခင် စနေဂြိုဟ်ပိုင်သည့် နက္ခတ်ကို စီးထားပါသည်။

ထို့ကြောင့် ယင်းဇာတာရှင်သည် မထင်မှတ်ထားသော ရုတ်တရက် ဘေးအန္တရာယ်သင့်ခြင်း(accident) ကြုံရကာ အသက်တိုမည်ဖြစ်ကြောင်း ဖော်ညွှန်းပြနေပါသည်။

ဇာတာရှင်တစ်ဦး မည်သို့မည်ပုံ သေဆုံးရမည် (mode of death) ကို (၈)တန့်ဘာဝက ဖော်ညွှန်းပြပေသည်။

* ဤဇာတာတွင် (၈)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၅တေးဖြစ်သည်။ (၈)တန့်ဘာဝသန္ဓိသည် ရေရာသီ(မြိစ္ဆာရာသီ)တွင် ကျရောက်တည်ရှိနေသည်။

(၈)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၅တေးသည် (၁၂)(မောက္ခဘာဝ) သခင်ဂြိုဟ်ဖြစ်ပြီး မြိစ္ဆာရာသီ(ရေရာသီ) (၇)တန့်ဘာဝ (မာရကဘာဝ)တွင် ရပ်တည်နေသည်။ ယင်း ၅တေးဂြိုဟ်သည် (၁၀၊ ၁၁)(ဘာဓကသခင်) စနေပိုင်နက္ခတ်ကို စီးထားပြီး ယင်းစနေဂြိုဟ်သည် (၈)တန့်ဘာဝတွင် ရပ်တည်နေသည်။



ယင်းကြာသပတေးဂြိုဟ်သည် (၄)တန့်ဘာဝသန္ဓိ (ကရကဋ်-ရေရာသီ)ကို (၉)တန့်အထူးမြင် ကြုံနေသည်။ (၄)တန့်ဘာဝသည် ရေတွင်းကို ဖော်ပြသည်။ ထို့ပြင် (၁၊ ၈)တန့်သခင် အင်္ဂါဂြိုဟ် (ရုတ်တရက် ထိခိုက်မှုဖြစ်ခြင်းကို ဖော်ပြသည်) ပြိဿ(မြေရာသီ)တွင် ရပ်တည်ကာ ၅တေးဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ အင်္ဂါဂြိုဟ်သည် ဘာဝအားဖြင့် လဂ်ဘာဝတွင် ရပ်တည်နေသည်။

* ထူးခြားချက် တစ်ရပ်မှာ (၁)တန့်ဘာဝရပ်(၁၊ ၈) သခင် အင်္ဂါဂြိုဟ်သည် မြိစ္ဆာရာသီ (၇)တန့်ရပ် ၅တေးဂြိုဟ်နှင့် ယင်း ၅တေးဂြိုဟ်က စီးနင်းထားသော နက္ခတ်သခင် စနေဂြိုဟ်ကိုပါ အမြင်ကြုံနေခြင်းဖြစ်သည်။ ၅တေးဂြိုဟ်ကို (၇)တန့်အမြင်၊ စနေဂြိုဟ်ကို (၈)တန့်အထူးမြင် ကြုံနေပါသည်။

ယင်းအတွက် ဇာတာရှင်သည် ရုတ်တရက် ရေတွင်းထဲ ကျသေရသော အဖြစ်ဆိုးမျိုးဖြင့် ကြုံတွေ့ရကာ အသက်တိုခဲ့ရသည်။

ယင်းဖြစ်ရပ်ဆိုး ကြုံတွေ့ရချိန် (၁၂-၃-၁၉၇၈) သည် ၄ဟူး ထူလ၊ ၂လ်ာ ဘုတ္တိ၊ စနေ အန္တရ ဒသာစားဝင်သောကာလ (၂-၂-၁၉၇၈)မှ (၂၃-၄-၁၉၇၈)



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ကျရောက်နေပါသည်။

ထူလဒသာသခင်ဂြိုဟ် ၄ဟူးသည် (၃၊ ၆)သခင်ဂြိုဟ်ဖြစ်ကာ (၁၀)တန့် (မကာရရာသီ)တွင် ရပ်တည်နေသည်။ ၄ဟူးဂြိုဟ်သည် (၁၊ ၈)သခင် အင်္ဂါပိုင်နက္ခတ်ကို စီးကာ **(၇)တန့်(မာရကဘာဝ)ရပ် ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။**

ဘုတ္တိဒသာသခင်ဂြိုဟ် ၂လာသည် (၄)တန့်(အရာရာ အဆုံးသတ်ခြင်း) ဘာဝသခင်ဖြစ်ကာ မိန်ရာသီ၊ ရေရာသီ၊ (၁၁)တန့်ဘာဝ(ဘာဓကေ)တွင် ရပ်တည်နေသည်။ ၂လာဂြိုဟ်သည် (၁၀၊ ၁၁)သခင်(ဘာဓကေသခင်) စနေပိုင်နက္ခတ်ကို စီးထား၍ စနေဂြိုဟ် (၈)တန့်ဘာဝ (ရုတ်တရက် ဘေးအန္တရာယ် အက်ဒီးဒန့်ကြုံရခြင်း)တွင် ရပ်တည်နေသည်။ ၂လာသည် (၂၊ ၇)တန့် (မာရကဘာဝများ)သခင် (၁၁)တန့်(ဘာဓကေ) ဘာဝတွင် ရပ်တည်သော ၆ကြာပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။

အန္တရဒသာသခင်ဂြိုဟ် စနေသည် (၁၀၊ ၁၁)(ဘာဓကေ)သခင်ဂြိုဟ်အဖြစ် (၈)တန့်ဘာဝတွင် ရပ်တည်နေသည်။ (၁၂)တန့်(မောက္ခ)ဘာဝတွင် ရပ်တည်သော ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။ စနေဂြိုဟ်သည် မိမိပိုင် ဘုတ္တိနက္ခတ်ကိုပင် ပြန်စီးထားသည်။

သို့ဖြစ်၍ ၄ဟူး ထူလ၊ ၂လာ ဘုတ္တိ၊ စနေ အန္တရတွင် ရေတွင်းထဲသို့ ကျသေရသော အဖြစ်ဆိုးနှင့် ကြုံရကာ အသက်တိုခဲ့ရခြင်း ဖြစ်သည်။

ဤနေရာတွင် ဒသာသခင်ဂြိုဟ်များကို အနှစ်ချုပ်၍ ထပ်မံရှင်းပြပေးလိုပါသည်။

* ထူလဒသာသခင်ဂြိုဟ်၊ ၄ဟူးဂြိုဟ်၊ စီးနက္ခတ်အရ (၁၊ ၈)တန့်၊ စီးဘုတ္တိနက္ခတ်အရ (၇၊ ၉၊ ၁၁)တန့် ဘာဝများနှင့် ပတ်သက်နေပါသည်။
* ဘုတ္တိဒသာသခင်ဂြိုဟ် ၂လာသည် (၄)တန့်သခင်ဖြစ်ကာ (၁၁)တန့်(ဘာဓကေ)တွင် ရပ်တည်ပြီး စီးနက္ခတ်အရ (၁၁)တန့်(ဘာဓကေ)သခင် (၈)တန့်ရပ်၊ စီးဘုတ္တိနက္ခတ်အရ (၂၊ ၇) မာရကသခင် (၁၁)တန့်(ဘာဓကေ)ရပ်နှင့် ပတ်သက်နေပါသည်။
* အန္တရဒသာသခင်ဂြိုဟ် စနေသည် (၁၁)တန့်(ဘာဓကေသခင်)ဖြစ်ကာ (၈)တန့်တွင် ရပ်တည်နေသည်။ စီးနက္ခတ်အရ (၁၂)တန့်ဘာဝနှင့် ပတ်သက်ကာ စီးဘုတ္တိနက္ခတ်အရ (စနေပင်ဖြစ်၍) ဘာဓကေဘာ သခင် ဖြစ်နေပါသည်။

ထူးခြားသည်မှာ ယင်း ထူလ၊ ဘုတ္တိ၊ အန္တရဒသာ သခင်ဂြိုဟ် သုံးခုလုံး မာရက ဘာဓကေ ဘာဝများ၊ ရာသီများနှင့် ပတ်သက်ဆက်စပ်နေခြင်း ဖြစ်ပါသည်။

ယင်းရေတွင်းထဲ ကျသေရသောဖြစ်ရပ် ကြုံတွေ့ ရသော (၁၂-၃-၁၉၇၈)တွင် ဂြိုဟ်သွားပြက္ခဒိန်အ ၁နွေ၊ ၂လာ ဒသာသခင်ဂြိုဟ်များ၏ ကောဇာမှာ အော ပါအတိုင်း ဖြစ်ပါသည်။

* ၁နွေဂြိုဟ်၊ ကုမ်ရာသီ၊ (၂၇ံ ၃၆')
* ၂လာဂြိုဟ် (ဘုတ္တိဒသာသခင်)၊ မိဿရာသီ၊ ၃ံ ၄၁'
* ၄ဟူး (ထူလဒသာသခင်)၊ မိန်၊ ၉ံ ၂၃'
* စနေ (အန္တရဒသာသခင်)၊ သိဟ်၊ ၁ံ ၅၁'


သို့ဖြစ်၍ ကောဇာဂြိုဟ်များကို လေ့လာ အောက်ပါအတိုင်း တွေ့ရပါမည်။

* ထူဒသာသခင်ဂြိုဟ် ၄ဟူးသည် ၅တေးပိုင် တွင် စနေပိုင် နက္ခတ်နှင့် ၆ကြာပိုင် ဘုတ္တိန တို့ကို စီးထားပါသည်။
* ဘုတ္တိဒသာသခင်ဂြိုဟ် ၂လာသည် အင်္ဂါပိုင် တွင် ကိတ်ပိုင် နက္ခတ်နှင့် ၂လာပိုင် ဘုတ္တိန ကို စီးထားပါသည်။
* အန္တရဒသာသခင်ဂြိုဟ် စနေသည် ၁နွေပိုင် တွင် ကိတ်ပိုင် နက္ခတ်၊ ၆ကြာပိုင် ဘုတ္တိနက္ခ စီးထားပါသည်။
* ကောဇာ ၁နွေဂြိုဟ်သည် စနေပိုင် ရာသီ၊ ရ နက္ခတ်၊ ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီး သည်။

ဒသာသခင်ဂြိုဟ်များ၊ ၁နွေ၊ ၂လာတို့၏ ကော အနေအထားကို ကေ·ပီ လေ့လာသူများ ကော ခြင်းဖြင့် ရပ်တည်စီးနင်းနေသော နက္ခတ်၊ ဘုတ္တိ များကို လေ့လာကြည့်ပါက ကေ·ပီ စနစ်၏ တိ ကန်မှုကို မျက်ဝါးထင်ထင် သဘောကျစွာ မြင်ရ မည်။ ပညာယူနိုင်ကြပါစေ။

**ဆရာရန်အောင်ဟိန်း**

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဟိန်း(ဘူမိ)

# ဂေါ်ဖီထုပ်မိသားစုဝင်များ၏ ကုသပေးနိုင်သော စွမ်းအားများ



ဂေါ်ဖီထုပ်မိသားစုဝင် (Cabbage Family) တွင် ကင်ဆာကဲ့သို့ ရောဂါပိုးများ အပါအဝင် ရောဂါများစွာကို ကုသပေးနိုင်စွမ်း ရှိပေသည်။

**ကုသပေးနိုင်သော စွမ်းအားများ**

* ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာ ရောဂါများကို ကာကွယ်ပေးရာတွင် အထောက်အကူ ပြုပေးပါသည်။
* မျက်စိအတွင်းတိမ် ဖြစ်ခြင်းကို လျော့ကျစေနိုင်ပါသည်။
* နှလုံးရောဂါနှင့် သွေးကြော ချို့ယွင်းခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

ရှေးခေတ် ရောမမှ ဆေးဆရာများသည် ရင်သားကင်ဆာရောဂါကို ဂေါ်ဖီထုပ် ထောင်းထု၍ရသော အနှစ်များဖြင့် ရင်သားကို ပွတ်တိုက်ပေးကာ ကုသပေးခဲ့ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ခေတ်သစ်သိပ္ပံပညာရှင်များသည် ယင်းရှေးခေတ် ကုသနည်းကို ရှုတ်ချခဲ့သော်လည်း ယခုအခါတွင် ယင်းသို့ ရှုတ်ချရန် မရေရာသော အခြေအနေမျိုးတွင် ရှိနေချေပြီ။

'သိပ္ပံပညာရှင်များက ယင်းဂေါ်ဖီထုပ် ထုထောင်းထားသော အနှစ်ဖတ်များကို ဓာတ်ခွဲခန်းတွင် တိရစ္ဆာန်များ၏ ကိုယ်ပေါ် ပွတ်သပ်လိမ်းကျံ၍ စမ်းသပ်ခဲ့ကြ... အကျိတ်များ ဖွံ့ဖြိုးကြီးထွားခြင်းကို ဟန့်တားပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်'

နယူးယောက်မြို့တော်မှ ဟိုမုန်းသုတေသန အင်... ကျူ (Institute of Hormone Research) ကင်ဆာ... ကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဂျွန် မစ်ချ်နိုဗစ်(John Mi... novicz, M.D, Ph.D) က ယင်းသို့ သုတေသနပြု ... ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းဂေါ်ဖီထုပ်၏ ကုသပေးနိုင်မှု စွမ်းအား... အကောင်းဆုံး ရရှိစေမည့်နည်းမှာ စားသုံးမှုမှတ်... ရရှိနည်း ဖြစ်ပေသည်။ ဂေါ်ဖီထုပ်သည် ကင်ဆာ... များစွာကို တိုက်ထုတ်ပေးနိုင်သည်သာမက နှလုံး... အစာမကြေသော ပြဿနာများနှင့် အခြားရောဂါ... ကို တိုက်ထုတ်ပေးနိုင်သော အာဟာရဓာတ်များ ... ကြွယ်ဝလှကြောင်း သုတေသနပြု တွေ့ရှိခဲ့ကြ...

**ဂေါ်ဖီထုပ်၏ ကင်ဆာတိုက်ဖျက်နိုင်စွမ်း**

အခြား ကြက်ခြေခတ်ပုံ ဟင်းသီးဟင်းရွက်... ဝင် စားပင်များကဲ့သို့ပင် ဂေါ်ဖီထုပ်တွင် ကင်ဆာ...



www.burmeseclassic.com

www.burmeseclassic.com

ကို တားဆီးကာကွယ်ပေးနိုင်သော ဓာတ်ပေါင်းများစွာ ပါဝင်နေကြောင်း တွေ့ရှိထားပေသည်။ အထူးသဖြင့် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာ ရောဂါတို့ကို ကာကွယ်တားဆီးပေးနိုင်စွမ်းရှိကြောင်း တွေ့ရပါသည်။

သိပ္ပံပညာရှင်များက ဂေါ်ဖီထုပ်တွင် ကင်ဆာကို တိုက်ဖျက်ပေးနိုင်သော အထူးဓာတ်ပေါင်း နှစ်ခု ပါဝင်နေကြောင်း ယုံကြည်ထားကြသည်။ ပထမဓာတ်ပေါင်းမှာ အင်ဒိုးလ်(၃) ကာဘီနောလ် (Indole-3 Carbinol) (သို့မဟုတ်) အိုင်(၃)စီ(I3C) ဖြစ်သည်။ သုတေသနပြုချက်များအရ ယင်းဓာတ်ပေါင်းသည် ရင်သားကင်ဆာကို ထိရောက်စွာ တိုက်ဖျက်ပေးနိုင်ကြောင်း တွေ့ရှိရပေသည်။ ယင်းဓာတ်ပေါင်းက အက်စ်ထရိုဂျင် ဆန့်ကျင်မှု(anti-estrogen) ပြုသော လုပ်ဆောင်ချက်မျိုးရှိပြီး ယင်းအချက်က ရင်သားကင်ဆာနှင့် ဆက်စပ်နေသော ဘေးဒုက္ခပေးမည့် အက်စ်ထရိုဂျင်များကို ဖယ်ရှားသုတ်သင်ပေးသော အဓိပ္ပာယ်မျိုး သက်ရောက်ပါသည်။

လေ့လာစူးစမ်းချက် တစ်ရပ်တွင် သုတေသီများက အစွရေး အမျိုးသမီးများကို ဂေါ်ဖီထုပ် တစ်ထုပ်လုံး၏ သုံးချိုးတစ်ချိုးစာ ပမာဏကို (၃)လဆက်တိုက် နေ့စဉ်စားသုံးစေခဲ့သည်။ ဂေါ်ဖီထုပ် စတင်စားသုံးသော ရက်မှ (၅)ရက်ခန့်အကြာတွင် အန္တရာယ်ဖြစ်စေသော ဟိုမုန်းပမာဏ သိသာစွာ လျော့ကျသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

"ယင်းအချက်ကြောင့် အိုင်(၃)စီ(I3C) စစ်စစ်သည် ထိရောက်စွာ လုပ်ဆောင်ပေးကြောင်း သံသယဖြစ်ဖွယ်ရှိ တွေ့ရှိရပေသည်"ဟု ဒေါက်တာ မစ်ချ်နီဗစ်က ပြောဆိုခဲ့ပါသည်။

"ထို့ပြင် ယင်းလေ့လာချက်မှာ ဂေါ်ဖီထုပ်ကဲ့သို့ ကြက်ခြေခတ်ပုံစံ ဟင်းသီးဟင်းရွက်များဖြစ်သော ဂေါ်ဖီထုပ်အစိမ်းရောင်(broccoli) ကဲ့သို့ ဟင်းသီးဟင်းရွက်များကို ပုံမှန်စားသုံးလေ့ရှိသူများအပေါ် ဆန်းစစ်လေ့လာခဲ့ခြင်းမျိုးနှင့် ရလဒ်တူညီခဲ့ကြောင်း တွေ့ရှိရပါသည်"

"ပို၍ကာကွယ်ပေးသော ရလဒ်မျိုး ရရှိစေရန် ပုံမှန်စားသုံးနေသော ဂေါ်ဖီထုပ်နေရာတွင် တရုတ်ဂေါ်ဖီထုပ် (bok choy) ကို အစားထိုး စားသုံးပေးရန် ကြိုးစားသင့်ပါသည်။ ဓာတ်ခွဲခန်း သုတေသနများအရ ယင်းဘော့ချွိုင်(ခေါ်) တရုတ်ဂေါ်ဖီထုပ်တွင် ဘရက်စင်နင်(brassinin) ခေါ် ရင်သားအကျိတ်ကို ကာကွယ်ပေးသော ဓာတ်ပေါင်းပါရှိကြောင်း တွေ့ရပါသည်။

ဂေါ်ဖီထုပ်တွင် ဆာလ်ဖိုရာဖိန်း(sulforaphane) ခေါ် အခြားဓာတ်ပေါင်းတစ်ခု ပါရှိကြောင်းလည်း တွေ့ရှိရပါသည်။ ယင်းဓာတ်ပေါင်းက ခန္ဓာကိုယ်တွင်းရှိ ကင်ဆာကျိတ်များကို ဟန့်တားပေးသော အင်ဇိုင်းများကို ပိုမိုထုတ်လုပ်ပေးနိုင်ရန် နှိုးဆွပေးနိုင်ကြောင်း တွေ့ရှိရသည်။

ဘယ်လ်တီမိုး(Baltimore) ရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ရှာဖွေစူးစမ်းလေ့လာသူ သိပ္ပံပညာရှင်များက အားကောင်းသော ကင်ဆာဖြစ်စေနိုင်သည့် ဓာတ်ပစ္စည်းများဖြင့် ကင်ဆာဖြစ်စေအောင် ထိတွေ့ပေးထားသော တိရစ္ဆာန်(၁၄၅)ကောင်ဖြင့် ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ တိရစ္ဆာန်(၂၅)ကောင်ကို မည်သည့်ကုသမှုမျိုးမှ မပေးခဲ့ဘဲ ကျန်တိရစ္ဆာန်များကို ဆာလ်ဖိုရာဖိန်းဓာတ် မြင့်မားစွာ ပေးခဲ့ကြသည်။ ရက်(၅၀)ကြာအပြီးတွင် ကုသမှု မပေးထားသော တိရစ္ဆာန်များတွင် (၆၈)ရာခိုင်နှုန်း၌ ရင်သားကင်ဆာကျိတ်များ ဖြစ်ပေါ်လာခဲ့ပြီး ဆာလ်ဖိုရာဖိန်း ကျွေးထားသော တိရစ္ဆာန်များတွင် (၂၆)ရာခိုင်နှုန်း၌သာ ရင်သားကင်ဆာကျိတ်များ ဖြစ်လာခဲ့ကြောင်း တွေ့ရှိရသည်။

ဆာလ်ဖိုရာဖိန်းသည် ဂေါ်ဖီထုပ်အား အူမကြီးကင်ဆာကို တိုက်ဖျက်ပေးနိုင်သော များပြားသည့် ခေတ်ဓာတုဆေးဝါးများ သုံးစွဲစွမ်းအားကိုလည်း ပေးပါသည်။

ဒေါက်တာ မစ်ချ်နီဗစ်က ဆာလ်ဖိုရာဖိန်းသည် အူမကြီးအတွင်းရှိ ဂလူတာသီရန်း(glutathione) ခေါ် အင်ဇိုင်းပမာဏ မြင့်တက်ရန် နှိုးဆွပေးပေသည်။ ယင်းအင်ဇိုင်းများသည် ခန္ဓာကိုယ်တွင်းမှ ကင်ဆာဖြစ်စေနိုင်သော အဆိပ်ဓာတ်များကို ရှင်းထုတ်ပေးကြောင်း သုတေသီများက ယုံကြည်ထားကြသည်။ ယင်းအင်ဇိုင်းများက အူမကြီးနံရံကို ကာကွယ်ပေးထားသော အလွှာပါးလေးများ မပျက်စီးမီ ယင်းအဆိပ်ဓာတ်များကို ရှင်းထုတ်ပေးနိုင်ကြောင်း ယုံကြည်ရပေသည်။

ဂေါ်ဖီထုပ်မျိုးနွယ်ဝင် မည်သည့်ဟင်းသီးဟင်းရွက်ကိုမဆို စားသုံးခြင်းအားဖြင့် ကင်ဆာဖြစ်စေနိုင်သော




www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးသီဟ(တိုင်းရင်းဆေး)

# ဂေါက်ရောဂါ ခေါ် အဆစ်ရောင်ကိုက်ရောဂါ

# ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ



တိုင်းရင်းဆေးဆရာ ဦးသီဟ

သိပ္ပံပညာရှင် ဆရာဝန်များ ခေါ်ဆိုသတ်မှတ်သည့် (Gout) ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါသည် အမျိုးသားများ အသက်(၄၀)နှစ်နှင့် အသက်(၅၀)နှစ် အရွယ်များတွင် အဖြစ်များပြီး အမျိုးသမီးများမှာ သွေးဆုံးပြီး အသက်(၅၀)နှစ်နှင့် အသက်(၆၀)နှစ် အရွယ်များတွင် ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါ ဖြစ်တတ်ပါသည်။ ဂေါက်ရောဂါဖြစ်သူ (၁၀၀)မှာ ယောက်ျား(၉၅)ယောက် ဖြစ်လေ့ရှိကြောင်း ကျန်းမာရေး စစ်တမ်းများတွင် ဖော်ပြထားပါသည်။

သိပ္ပံပညာရှင် ဆရာဝန်များ ခေါ်ဆိုသတ်မှတ်သည့် (Gout) ဂေါက်ရောဂါကို တိုင်းရင်းဆေးပညာ ဝေါဟာရအရ ဝါတရတ္တဟု ခေါ်ပါသည်။ ဝါတ-လေဒေါသနှင့် ရတ္တ-သွေးဓာတ်တို့ ဖောက်ပြန်ပျက်စီးခြင်းကြောင့်ဖြစ်သော အဆစ်အဆက်များ ရောင်ရမ်းနာကျင်ကိုက်ခဲသော ရောဂါ ဖြစ်ပေသည်။ သိပ္ပံဆေးပညာအမြင်နှင့် တင်ပြရလျှင် ဂေါက်ရောဂါမှာ ခန္ဓာကိုယ်၏ စွန့်ပစ်ပစ္စည်းဖြစ်သော (Uric Acid) ယူရစ်အက်စစ်တွေ သွေးတွင်းမှာ များနေခြင်းကြောင့် ဖြစ်လာသော အဆစ်ရောင်ကိုက်ရောဂါတစ်မျိုး ဖြစ်ပေသည်။

(Uric Acid) ယူရစ်အက်စစ်မှာ ပရိုတင်းကို ချေဖျက်ရာမှ ဖြစ်ပေါ်လာသော ဘေးထွက်ပစ္စည်းဖြစ်သည်။ ဆီးမှ ဒါကစွန့်ထုတ်ပြီး ဝမ်းမှလည်း အနည်းငယ် စွန့်ထုတ်သည်။ ခန္ဓာကိုယ်ထဲ ယူရစ်အက်စစ် ဖြစ်ပေါ်မှုများ ကျောက်ကပ်မှ စွန့်ထုတ်နိုင်သည့် ပမာဏထက် များနေလျှင် ဖြစ်ပေါ်မှု မများသော်လည်း ကျောက်ကပ်မှ အလုပ်လုပ်နိုင်မှု အားနည်းလျှင် သွေးထဲတွင် ယူရစ်အက်စစ်များနေနိုင်ပါသည်။ ထိုများနေသည့် ယူရစ်အက်စစ်မှာ သွေးထဲတွင် (Crystal) ခရစ္စတယ်ပုံဆောင်ခဲအသွင် ပြောင်းပြီး (Monosodium Urate Crystal) မိုနိုဆိုဒီယမ်ယူရိတ် ခရစ္စတယ်များ ဖြစ်လာသည်။ ထိုမိုနိုဆိုဒီယမ် ခရစ္စတယ်များ အဆစ်အဆက်များတွင် ကျရောက်ပြီးဖြစ်သော အဆစ်ရောင်ကိုက်ရောဂါအား ဂေါက်(Gout) ရောဂါဟု ခေါ်ခြင်း ဖြစ်သည်။

ဂေါက်ရောဂါ ဖြစ်စေသည့် အကြောင်းရင်းများမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အဆီအဆိမ့် လွန်ကဲစွာစားသောက်သူများ ဖြစ်တတ်ပါသည်။ တိုင်းရင်းဆေးပညာ ဒေသနာနည်းအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသည့် သမုဋ္ဌာန်(၄)ပါးအနက် ကံသမုဋ္ဌာန်နှင့် အာဟာရသမုဋ္ဌာန်(၂)ပါး လွန်ကဲမှားယွင်းမှုကြောင့် လေဒေါသနှင့် သွေးဓာတ်တို့ ဖောက်ပြန်ပျက်စီးကာ ထိုဓာတ်ပျက်များ ခြေအဆစ်နှင့် အခြားအဆစ်တို့တွင် ရောက်ရှိပြီး ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါဖြစ်ခြင်း ဖြစ်သည်။

မိမိစားသောက်မှုများအရ အဆီအဆိမ့် အာဟာရများကြောင့် သွေးတွင်းမှာ ယူရစ်အက်စစ်တွေ များလာပြီး ဂေါက်ရောဂါ ဖြစ်စေပါသည်။ တာရှည်ခံအောင် ပြုလုပ်ထားသော စားသောက်ကုန်များ၊ ဝမ်းတွင်းကလီစာများ၊ တံဆေးနှင့် ဖောက်ထားသော အရက်၊ ဘီယာ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်ရည်၊ ဓနိရည် စသည့် အဖျော်ယမကာများ၊ အဆင်သင့်စားသုံးနိုင်သော အစားအစာများ၊ ဥအနှစ်များ၊ ဆီကြော်စာများမှာ နည်းနည်းစားရုံနှင့် ကယ်လိုရီများစွာ ရခြင်းကြောင့် ယူရစ်အက်စစ်များပြီး ဂေါက်ရောဂါခေါ် အဆစ်ရောင်ကိုက်ရောဂါ ဖြစ်စေခြင်း ဖြစ်ပေသည်။

ဂေါက်ရောဂါ၏ လက္ခဏာများမှာ အစပိုင်းတွင် ခြေမအရင်းမှကိုက်သည့် လက္ခဏာအများဆုံး ခံစားရသည့် လက္ခဏာဖြစ်သည်။ အဆစ်အားလုံး တစ်ပြိုင်တည်း ရောင်ကိုက်ခြင်းမဟုတ်ပေ။ ဒုတိယအဖြစ်များသည့် နေရာမှာ ခြေချင်းဝတ်အဆစ် ဖြစ်သည်။ ဒူးခေါင်း၊ လက်ကောက်ဝတ်၊ လက်မောင်းရင်းနှင့် အခြားအဆစ်အဆက်များတွင်လည်း နာကျင်ကိုက်ခဲတတ်သည်။

ဂေါက်ရောဂါဖြစ်သည့်အခါ အဆစ်များ အလွန်နာကျင်ခြင်း၊ ရောင်တင်းခြင်း၊ နီမြန်းခြင်း၊ ညိုညစ်ခြင်း၊ ပူနေခြင်း၊ ဝဖိုင့်ဖိုင့် ပွရောင်းရောင်းဖြစ်ခြင်း၊ အနီဖုများပေါက်ခြင်း၊ အနာပဆုပ်နှင့် သွေးစုနာများ ပေါက်ခြင်း၊ အရေပြားပေါ်တွင် အစက်အပြောက်များပေါ်ခြင်း၊ ဂေါက်သီးသဏ္ဌာန် အဖုများဖြစ်ခြင်း၊ ဓာတ်မတည့်သည့်လက္ခဏာများဖြစ်ခြင်း၊ ယားယံခြင်း၊ ချွေးထွက်လွန်ခြင်း (သို့မဟုတ်) ချွေးလုံးဝမထွက်ခြင်းများ ဖြစ်တတ်ပေသည်။ ရောဂါပြင်းထန်လျှင် ကိုယ်အပူချိန်များပြီး ဖျားတတ်ခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

ဂေါက်ရောဂါနှင့် သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ တီဘီရောဂါ စသည့် ရောဂါတစ်မျိုးမျိုးနှင့်တွဲပြီး ဖြစ်တတ်သည်။ တွဲပြီးဖြစ်သောရောဂါကြောင့် သွေးတိုးကျဆေး၊ နှလုံးသွေးကျဲဆေး၊ တီဘီအဆုတ်ဆေးများ သောက်နေရလျှင် ယူရစ်အက်စစ်တက်ပြီး အဆစ်အဆက် ပိုမိုရောင်ရမ်း ကိုက်ခဲတတ်သည်။ သွေးချိုဆီးချိုရောဂါနှင့် ယှဉ်တွဲဖြစ်လျှင် ပိုမိုရောင်ရမ်း နာကျင်ကိုက်ခဲတတ်သည်။

ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါ ကြိုတင်ကာကွယ်လိုလျှင် အောက်ပါအတိုင်း လိုက်နာနေထိုင်စားသောက်ရပါမည်။ ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါသည် တိုင်းရင်းဆေးပညာအရ လေဒေါသနှင့် သွေးဓာတ်တို့ ဖောက်ပြန်ပျက်ယွင်းခြင်းကြောင့်ဖြစ်သည့် ရောဂါဖြစ်၍ ထိုလေဒေါသနှင့် သွေးဓာတ်များ ပျက်စီးစေသော စားသောက်နေထိုင်မှုများ ရှောင်ကြဉ်ရပါမည်။

(၁) အရက်၊ ဘီယာ၊ ဝိုင်၊ ခေါင်ရည်၊ ဓနိရည် စသည့် မူးယစ်ဆေးများ လုံးဝရှောင်ကြဉ်ရပါမည်။ ဝမ်းတွင်းကလီစာများ၊ အဆင်သင့် စားသုံးနိုင်သော အစားအစာများ၊ ဥအနှစ်များ၊ ဓာတုပစ္စည်းများပါသော အစားအစာများ လုံးဝရှောင်ကြဉ်ရပါမည်။

(၂) ဟင်းနုနယ်ရွက်၊ ဆလတ်ရွက်၊ မြင်းခွာရွက်၊ ရဲယိုရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဂေါ်ရခါးသီး၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥ၊ မုန်လာဥနီ၊ တရုတ်နံနံ စသည့် လတ်ဆတ်ပြီး အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များကို နေ့စဉ် တစ်မျိုးမျိုးပါအောင် စားသောက်သင့်ပါသည်။ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ထောပတ်သီး၊ နာနတ်သီး၊ နဂါးမောက်သီး၊ ကျွဲကောသီး၊ ဖရဲသီး၊ ဂရိတ်ဖရုသီး စသည့် ရာသီစာ သစ်သီးဝလံများအား အလျဉ်းသင့်သလို စားသောက်ရပါမည်။

(၃) ကြေကျက်လွယ်သော အစားအစာ၊ အစာအာဟာရများကို သင့်တင့်မျှတစွာ စားသောက်ရပါမည်။

(၄) အအေးခံလွန်းခြင်း၊ အပူခံလွန်းခြင်း။ နေပူမှလာပြီး ရုတ်တရက် လေအေးစက်နှင့် နေထိုင်ခြင်း၊ ညအချိန်မတော် ရေချိုးခေါင်းလျှော်ခြင်းတို့ကို ဆင်ခြင်ပြီး ဥတုသပ္ပာယမျှအောင် နေထိုင်ရပါမည်။

(၅) နေ့စဉ် မပင်ပန်းသော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ တစ်နေ့(၃)မိုင်ခန့် နံနက်စောစော လမ်းလျှောက်ခြင်း စသည့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ရပါမည်။

(၆) သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများ မဖြစ်အောင်၊ အဝမလွန်အောင် ကြိုတင်ကာကွယ် စားသောက်နေထိုင်ရပါမည်။

(၇) စိုးရိမ်သောကများခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကို လျှော့ချပြီး စိတ်တည်ငြိမ်အေးချမ်းစွာ နေထိုင်ရပါမည်။

အထက်ပါအတိုင်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသည့် သမုဋ္ဌာန်တရား(၄)ပါး ညီညွတ်မျှတစွာ နေထိုင်စားသောက်သွားလျှင် (Gout) ဂေါက်ရောဂါ (ခေါ်) အဆစ်ရောင်ကိုက်ရောဂါကို ကြိုတင်ကာကွယ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဆရာဦးသီဟ(တိုင်းရင်းဆေး)**
**(ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း)**

www.burmeseclassic.com

www.burmeseclassic.com

လေက တသုန်သုန်သုတ်ဖြူးလျက်ရှိသည်။ မြစ်ပြင်ဘက်မှ တိုက်ခတ်လာသော ထိုလေတွင် ဆိပ်ကမ်း၏ အနံ့အသက်များကိုပါ ရံခါ၌ ရှူရှိုက်နေရလျက်ရှိသည်။

ကိုစန်းအောင်က ဆိပ်ကမ်းဘက်ကို တစ်ချက်မျှော်ကြည့်လိုက်သည်။ ဆိပ်ကမ်း၏မြင်ကွင်းက ထုံးစံအတိုင်း ပြွမ်းတီးရှုပ်ထွေးလျက်ရှိသည်ကို တွေ့ရသည်။ တစ်နေရာမှာတော့ သူ့အလုပ်သမားလေးတွေက မော်တော်ကြီးတစ်စင်းပေါ်မှ သွပ်ပြားများကို ဆယ်ဘီးကားကြီးတစ်စီးပေါ်သို့ ကူးပြောင်းတင်ပို့ပေးနေကြသည်။ သူတွက်ဆကြည့်လိုက်မိသည်။ မော်တော်ပေါ်မှချရမည့် သွပ်အချပ်ရေက စုစုပေါင်း(၂၀၀၀၀)ကျော်လောက်တောင် ရှိသည်။ ထိုသွပ်များကို အားလုံးကုန်အောင် ကားပေါ်တင်ဖို့အတွက် အချိန်အတော်ကြာဦးမည်။ သို့ကြောင့် ဤနားနေဆောင်ကလေးမှာပင် စာဖတ်ရင်း အေးအေးဆေးဆေး ထိုင်စောင့်နေတော့မည်ဟု သူဆုံးဖြတ်လိုက်မိသည်။

ပါလာသော မဂ္ဂဇင်းတစ်အုပ်ကို ကောက်ကိုင်လိုက်ကာ သူ စာဖတ်ရန် ပြင်လိုက်သည်။ ဤမှာပင် အနီးအနားမှ ကျယ်လည်း ကျယ်လောင်၊ စူးလည်းစူးရှသော စကားသံ အချို့က သူ့ရှိရာဘက်သို့ ပျံ့လွင့်လာခဲ့သည်။

'ကိုယ့်ကို အခွင့်အရေးပေးလို့ပေးမှန်း မသိတဲ့အဖြစ်ဟာ တော်တော်ဆိုးတယ်နော်။ ပြီးတော့မှ နောင်တ‚ရနေရတဲ့ အဖြစ်မျိုးပေါ့။ အဲဒါမျိုး ခင်ဗျားကြုံဖူးလား'

'ကြုံဖူးတာပေါ့။ လုပ်ပါဦး၊ ခင်ဗျားကြုံဖူးတာကိုသာ အရင်ပြောပြပါဦး'

ကိုစန်းအောင်က အသာငဲ့ကြည့်လိုက်မိသည်။ သူ တွေ့လိုက်ရသည်က အသက်ခပ်လတ်လတ်အရွယ် လူနှစ်ယောက်ကိုပင်ဖြစ်သည်။ သူတို့က ကုန်သည်တွေလား ကားသမားတွေလားတော့ မသိပါ။ မိမိလိုပင် ဆိပ်ကမ်းဘက်မှ လုပ်ငန်းတစ်ခုခုနှင့် ပတ်သက်ဟန်ရှိသည်။ ဤနားနေဆောင်ပေါ်မှာ မိမိနှင့် သူတို့နှစ်ယောက်အပါအဝင် စုစုပေါင်း လူသုံးဦးသာ ရှိနေသည်။

'ဒီလိုဗျ၊ ကျွန်တော် ကြုံဖူးခဲ့တာကို ပြောပြမယ်။ အဲဒီတုန်းက ကျွန်တော်က နယ်စပ်ဘက်မှာ ကားမောင်း



# ရဲမြတ်တင်

## ရိုးသားမိလေခြင်း

www.burmeseclassic.com

'ဖြစ်ရမယ်··ဖြစ်ရမယ်။ ပြီးတော့မှ ငါညှဲလေခြင်း၊ အဲဒီတုန်းက မလျှင်ခဲ့ မသွက်ခဲ့တာ မှားလေခြင်းဆိုပြီး နောင်တပြန်ရတတ်တဲ့အဖြစ်မျိုး လူအတော်များများမှာ ဖြစ်တတ်တယ်။ ခု ကျွန်တော့်ဖြစ်ပုံကိုလည်း ပြောပြရဦးမယ်။ ကျွန်တော်က ခင်ဗျားနဲ့တော့ မတူဘူးဗျ။ ဟီး·· ဟီး' ဟူသော စကားသံများက နောက်ဆက်တွဲအဖြစ် လိုက်ပါလာသည်။

ကိုစန်းအောင်မှာ စာအုပ်ဆီသို့ မည်သို့မျှ အာရုံ မရောက်နိုင်တော့ဘဲ သူတို့ ပြောစကားများကိုသာ နားစွင့်နေမိလျက်သား ဖြစ်နေရသည်။

'ဟီး··ဟီး··ကျွန်တော်ညှဲခဲ့ပုံကတော့ တစ်မျိုးဗျ။ ကျွန်တော် အသက်နှစ်ဆယ်အရွယ်လောက်တုန်းကပေါ့။ အဲဒီတုန်းက ကျွန်တော်က ရှင်တော့ပြုပြီးနေပါပြီ။

တစ်ကြိမ်မှာ ကျွန်တော်က မိဘတွေနဲ့ စိတ်ဆိုးပြီး အိမ်ကနေ ထွက်ပြေးခဲ့မိတယ်ဗျ။ အဲဒီလို ထွက်ပြေးပြီး တစ်နယ်တစ်ကျေးက သီးနှံပွဲရုံတစ်ရုံမှာ အလုပ်ဝင်လုပ်နေမိတယ်။ တိုတိုပြောကြပါစို့ဗျာ။ အဲဒီပွဲရုံက ပွဲစားကြီးရဲ့ အသက်က (၆၀)လောက်ရှိပြီ။ သူ့မိန်းမကတော့ (၃၀) လောက်ပေါ့။ သူတို့ချင်း အသက်ခေါက်ချိုးလောက် ကွာတယ်။ ပွဲကတော်က အသက်ငယ်တဲ့အပြင် လှလည်း တော်တော်လှတယ်။ သူလှတဲ့ အလှမျိုးက ရိုးရိုးလှရုံလှတာမျိုးမဟုတ်ဘဲ ဖိုဆိုတဲ့သတ္တဝါကို တစ်ခါမြင်ရုံနဲ့တင် စိတ်တွေ လှုပ်ရှားသွားစေလောက်အောင် နှိုးနိုင်စွမ်း၊ ဆွနိုင်စွမ်းရှိတဲ့ အလှမျိုးလို့ ဆိုရမယ်။

ပြောရရင် ကျွန်တော့်တစ်သက်လုံး ဒီလောက်ဆွဲဆောင်မှုရှိတဲ့ မိန်းမမျိုးကို နှစ်ယောက်၊ သုံးယောက်လောက်ပဲ မြင်ခဲ့ဖူးတယ်လို့တောင် ဆိုချင်တယ်။ တကယ်ပါဗျာ။ ဖုထစ်ကြွရွနေတဲ့ သူ့ရဲ့ ကိုယ်လုံးကိုယ်ပေါက် အပါအဝင် သူ့ရဲ့အသံ၊ သူ့ရဲ့အနံ့ကအစ ဘာတစ်ခုမှကို ရင်မခုန်ချင်စရာ မရှိဘူးဆိုတဲ့ အမျိုးသမီးမျိုးပဲ။

အဲဒါ ပွဲစားက သီးနှံဝယ်ဖို့ နယ်ဆင်းသွားတဲ့အခါများမှာ သူက ကျွန်တော့်အတွက် ပိုလို့တောင် ရင်ခုန်စရာ၊ စိတ်လှုပ်ရှားစရာတွေနဲ့ ကြုံလာရစေတယ်လို့ ဆိုရမယ်။ သူက သူ့ယောကျ်ားမရှိတဲ့ အချိန်မျိုးမှာဆို ကျွန်တော့်ကို ပိုပြီးအရေးတယူလုပ်တာမျိုး၊ ဦးစားပေးတာမျိုး လုပ်လေ့ရှိတယ်ဗျ။ ပွဲစားခရီးသွားနေတဲ့အချိန်မျိုး၊ သူနဲ့ပတ်သက်ပြီး ထူးထူးခြားခြား ကြုံတွေ့ခဲ့ရတာတချို့ကို ကျွန်တော် ပြောပြမယ်။

သူက ကျွန်တော်မြင်သာအောင် ကျွန်တော့်ရှေ့ ရေချိုးပြတာတို့၊ သနပ်ခါးလိမ်းပြတာတို့၊ အိမ်သာ ခဏ,ခဏဝင်တာတို့ လုပ်ပြလေ့ရှိတယ်ဗျ။ ဒီပုံစံတွေ ကျွန်တော့်ကို စိတ်လှုပ်ရှားစေတဲ့ ပုံစံတွေပေါ့။ အဲ··တ ခါမှာတော့ သူက ကျွန်တော်အိပ်တဲ့ နေရာမှာကို ဝင်အိ နေတာ တွေ့လိုက်ရတယ်။ ကျွန်တော့်အိပ်ရာက သီးနှ အခန်းထဲမှာတော့ မဟုတ်ဘူး။ အိမ်ရှေ့ခန်းက ဘုရားစ ဘေးနားမှာ ကျွန်တော့်ကို နေရာပေးထားတာ။ ကျွန်တော် က အဲဒီနေရာမှာပဲ အိပ်တယ်။ အဲဒါ သူက ကျွန်တော် အိပ်တဲ့နေရာမှာ ဝင်အိပ်နေတာ။ ကျွန်တော်က ထမင်း စားပြီးလို့ ခဏတစ်ဖြုတ်နားဖို့ ပြန်လာတဲ့အချိန်မှာ သူ ပက်ပင်းကြီး တွေ့လိုက်ရရော။

သူက မျက်စိကို မှိတ်ထားတယ်။ တကယ်အိပ်ပျော် နေတာလား ဘာလားတော့ မသိဘူးပေါ့။ ဒါပေမဲ့ ကျွန် တော်က သူ့ကို စိမ်းစိမ်းကြည့်ပြီး စိတ်တွေအကြီးအကျယ် လှုပ်ရှားသွားမိတယ်။ ခင်ဗျားစဉ်းစားကြည့်။ သူက ယောက် တစ်ယောက်ရဲ့အိပ်ရာမှာ ဝင်အိပ်နေတာ။ ပြီးတော့ သူ ကလည်း ပက်လက်ကြီး။ ဒူးတစ်ဖက်ကိုလည်း ထောင် ထားသေးတယ်။ ပေါင်တစ်ဖက်ကိုလည်း ခွဲထား တယ်။ ကျွန်တော်ဖြင့် အသက်ရှူတွေဘာတွေကို မှား ပေါ့။ မကြာခင်မှာပဲ သူက မျက်လုံးဖွင့်ခနဲပွင့်လာ ကျွန်တော့်ကိုမြင်တာနဲ့ ငုတ်တုတ်ထထိုင်လိုက်တယ် ပြီး တော့ ဘုရားပန်းလဲရင်း ခေါင်းမူးလာလို့ သူ ခဏ မိတာပါလို့ ကျွန်တော့်ကိုပြောပြီး နေရာက ထသွား ကျွန်တော်က သူပြောတာ ဟုတ်မှာပါပဲလေလို့ ခပ် ပဲ တွေးလိုက်မိတယ်။ ရင်ထဲမှာတော့ ကတုန်ကယ ဖြစ်လို့ပေါ့။ ဒါက တစ်ခါ။

နောက်တစ်ခါကျတော့ သူက ဇက်ကြောတွေ လွန်းလို့ပါဆိုပြီး ကျွန်တော့်ကို အနှိပ်ခိုင်းသဗျ။ ကျွ ကလည်း နှိပ်ပေးလိုက်တယ်။ နှိပ်ပေးရင်း စိတ် ဗလောင်ဆူနေမိပေမယ့် သူ တကယ်ဝေဒနာခံ လို့ နေမှာပါဆိုပြီး ရိုးရိုးပဲထင်မိတယ်။ ဟိုလိုဒီလို မျိုးတွေကြံမိဖို့ လုံးဝစိတ်မကူးမိဘူး။ သူ ကျေန နှိပ်ပေးပြီး ကိုယ့်နေရာကိုယ် ပြန်သွားနေလိုက်



www.burmeseclassic.com

www.burmeseclassic.com

အဲ..နောက်ထပ်တစ်ခါကြုံရတဲ့ အဖြစ်ကတော့ ပိုဆိုးတယ်။ တစ်ညမှာပေါ့။ သူက သူတို့အိပ်ခန်းထဲမှာ မီးပျက်နေလို့ဆိုပြီး ကျွန်တော့်ကို ခေါ်ပြင်ခိုင်းတယ်။ ကျွန်တော်ကလည်း သွားပြင်ပေးလိုက်တယ်။ အဲဒီလိုပြင်နေတုန်းမှာပဲ အမှောင်ထဲမှာ သူက ဖြုန်းဆို ကျွန်တော့်ကို နောက်ကနေ လှမ်းဖက်လိုက်ရောဗျို့။ ဖက်လိုက်တာမှ မိမိရရနဲ့ တင်းတင်းကျပ်ကျပ်ကြီးကို ဖက်လိုက်တာ။ ကျွန်တော်က လန့်သွားတယ်။ အကြီးအကျယ်လည်း ချောက်ချားသွားတယ်။ လူကတော့ နတ်ကျသလို တဆတ်ဆတ်တုန်နေပြီ။ သူရဲ့ ကိုယ်နံ့နဲ့ သူ့ရဲ့အထိအတွေ့က နည်းနည်းနောနော ရိုက်ချက်မှ မဟုတ်ဘဲလေ။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာလည်း ကျွန်တော်က သူ့အပေါ် တစ်စုံတစ်ရာ လက်ရောက်လိုက်ဖို့၊ နယ်ကျော်လိုက်ဖို့ကို ဘာမှစိတ်မကူးမိဘူး။ ဒီအတိုင်းပဲ ငြိမ်နေမိတယ်။ ကျွန်တော်က ငြိမ်နေတော့ သူက အမှောင်ထဲမှာ ခလုတ်တိုက်လဲသွားလို့ပါ မောင်လေးရယ်လို့ပြောပြီး သူ့လက်တွေကို ပြန်ဖြေသွားတယ်။ ကျွန်တော်လည်း ထုံးစံအတိုင်း ဟုတ်မှာပါလေလို့တွေးပြီး မီးပြင်ပြီးတာနဲ့ ကိုယ့်နေရာကိုယ် ပြန်လာနေလိုက်တယ်။

မကြာဘူး၊ ကျွန်တော့်မိဘတွေက နောက်ကလိုက်ခေါ်တာနဲ့ ကျွန်တော်လည်း သူတို့အိမ်ကနေ အလုပ်ထွက်သွားလိုက်ရတယ်။ အဲဒီနောက်ပိုင်းကျမှ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အဲဒီအမျိုးသမီးအကြောင်းကို ကောင်းကောင်းကြီး သိလိုက်ရတော့တာပဲ။ လက်စသတ်တော့ သူ့ယောကျ်ားပွဲစားကြီးက ဖိုနေတဲ့သူကိုးဗျ။ ဒါကြောင့်လည်း သူတို့လင်မယားမှာ သားသမီးမရတာ။ တစ်ခါ အသားလုပ်တဲ့သူက တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ ရာဂ ချိုက် ထောင်ထနေတဲ့အချိန်မှာ ယောကျ်ားဘက်က ချို့ယွင်းနေတော့ ပိုဆိုးပြန်တာပေါ့။ ပွဲကတော်က အလွန်ချက်ကြီးတဲ့အကြောင်း၊ ယောကျ်ားကွယ်ရာမှာ မကြာခဏ ခြံခုန်လေ့ရှိတဲ့အကြောင်း ပြည့်ပြည့်စုံစုံ သိလိုက်ရတယ်။

ဒီတော့မှ ကျွန်တော့်မှာ တစ်အားကို ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရတယ်။ ငါဟာ ငတုံးပဲ၊ ငါဟာ လူညံ့ပဲ။ ဒီမိန်းမ ဒီလောက်တောင် အထာတွေပေးနေတာကို မရိပ်မိခဲ့ ဒီလောက်တောင် တောင့်လှဖြောင့်လှတဲ့ မိန်းမတစ်ယောက်ကို ပွဲတော်တည်ခွင့်များရခဲ့ရင် ဘယ်လောက် အရသာရှိလိုက်မလဲဆိုပြီး နောင်တတွေလည်း ရလို့ကို မဆုံးဘူးပေါ့။

ကျွန်တော့်မှာ အဲဒီအကြောင်း ပြန်တွေးမိတိုင်း ခုချိန်ထိ မစားလိုက်ရတဲ့ အဲဒီထမင်းပွဲကြီးအတွက် နာလိုက်တာကွာ၊ နာလိုက်တာကွာဆိုပြီး ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလို့ကို မဆုံးဘူးပေါ့။ အဲဒါ အခွင့်အရေးကို အခွင့်အရေးမှန်း မသိလိုက်တဲ့ ကျွန်တော့်အတွေ့အကြုံပဲ

ထိုလူက စကားကို နိဂုံးချုပ်လိုက်သည်။ ထိုအခါ ပထမလူထံမှ ရယ်သံတချို့ ထွက်ပေါ်လာသည်။ ပြီးလျှင် ကျွန်တော်ရော ညံ့ဖျင်းခဲ့တဲ့ နေရာမှာတော့ အတူတူပါပဲ ဟူသည့် မှတ်ချက်စကားက ဆက်လက်ထွက်ပေါ်လာသည်။

ယင်းအခိုက် ခပ်ဝဝမိန်းမကြီးတစ်ယောက်က နားနေဆောင်ရှေ့သို့ ရုတ်တရက်ရောက်ရှိလာသည်။ မိန်းမကြီးက ထိုလူနှစ်ယောက်ကိုပါ တစ်စုံတစ်ရာ လှမ်းအော်ပြောလိုက်သည်။ ဤတွင် ထိုလူနှစ်ဦးက ထိုင်ရာမှ ခပ်သုတ်သုတ်ထကာ ထွက်သွားလိုက်ကြသည်။ အပြင်ရောက်လျှင် လာခေါ်သော မိန်းမကြီးနှင့်အတူ ဆိပ်ကမ်းဘက်သို့ ဆက်ထွက်သွားလိုက်ကြသည်။

ကိုစန်းအောင်က လက်တစ်ဖက်တွင် မဂ္ဂဇင်းစာအုပ်ကိုကိုင်ထားရင်း ကျန်လက်တစ်ဖက်ဖြင့် မေးစေ့ကို ပွတ်နေမိသည်။ စောစောကလူနှစ်ယောက် ပြောသွားကြသော အကြောင်းအရာနှစ်ခုကို သူ ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်း ကြားလိုက်ရ သိလိုက်ရသည်။ ယခု ထိုအကြောင်းအရာများနှင့် ပတ်သက်၍ပင် သူက ဆက်ပြီးစဉ်းစားခန်းဝင်နေမိခြင်း ဖြစ်သည်။

တစ်အောင့်ကြာတော့မှ အဖြေတစ်ခုကို ရသွားသည်။ ကောက်ချက်တွေကိုပါ ချလိုက်မိသည်။ လက်စသတ်တော့ သည်လူနှစ်ယောက်က အယူအဆရော ခံယူချက်ပါ မှားယွင်းနေသူတွေပဲကိုး။ စင်စစ်မှာတော့ သူတို့က ကိုယ်ကျင့်တရားကောင်းမွန်ခွင့် (သို့မဟုတ်) သီလလုံခြုံခွင့်ကို မမျှော်လင့်ဘဲ ရရှိခဲ့ကြသူများဖြစ်သည်။ ထို့ကြောင့် ဖြစ်ခြင်းဖြစ်လျှင် မိမိတို့ မကျူးလွန်ခဲ့မိသော ထိုကောင်းမှုအတွက် အဖန်ဖန်ကျေနပ်နေခြင်းမျိုး ဝမ်းသာနေခြင်းမျိုးသာ ဖြစ်သင့်သည်။ ခုတော့ သူတို့က ရှောင်လွှဲနိုင်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သော အကုသိုလ်တရားကိုပင် တလွဲအမြင်ဖြင့် ပြန်လည်တမ်းတကာ မိမိကိုယ်ကို ရိုးသားလိုက်မိလေခြင်းဟူ၍ နောင်တ,ရနေမိကြခြင်းပင်။ ထိုလူနှစ်ဦးမှာ အံ့ဩစရာကောင်းလောက်အောင် မိုက်မဲသူများ ဖြစ်ကြသည်ဟူ၍ သူက ကောက်ချက်ဆွဲလိုက်မိခြင်း ဖြစ်သည်။

ထိုစဉ် အလုပ်သမား လူငယ်လေး တစ်ယောက်က အပေါက်ဝ၌ ပေါ်လာလေသည်။ မော်တော်ပေါ်မှ သွပ်များကို ကားပေါ်သို့ အားလုံးတင်ပြီးသွားပြီဖြစ်ကြောင်းလည်း ကိုစန်းအောင်သို့ သတင်းပို့လာသည်။ ထို့ကြောင့် ကိုစန်းအောင်က ထိုင်ရာမှထကာ လူငယ်နှင့်အတူ ကားရှိရာသို့ လိုက်ပါသွားလိုက်သည်။

◆◆◆

ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရာ အ·ထ·က ကျောင်းဝင်းအတွင်း၌ များပြားလှသော လူထုပရိသတ်ကြီးဖြင့် စည်ကားလျက်ရှိသည်။ အသံဗလံမျိုးစုံ လှုပ်ရှားမှုအဖုံဖုံတို့ဖြင့်လည်း ရှုပ်ထွေးပြီး ပွက်လောရိုက်လျက်ရှိသည်။

ကယ်ဆယ်ရေးရုံးအဖြစ် ဖွင့်လှစ်ထားသည့် ရွက်ဖျင်တဲအတွင်းမှာတော့ ကိုစန်းအောင်က အထူးပင် အလုပ်များလျက်ရှိသည်။ ကိုစန်းအောင်ဘေးမှာတော့ ကျေးရွာလူကြီးများအပြင် ကိုစန်းအောင်အား ကူညီဆောင်ရွက်ပေးကြသော လူငယ်တချို့ပါ ရှိနေကြသည်။

ယခု ကိုစန်းအောင် ဆောင်ရွက်နေရသော တာဝန်က မီးဘေးဒုက္ခသည် အိမ်ထောင်စုများအား ကုမ္ပဏီမှ လှူဒါန်းသော အိမ်မိုးသွပ်များကို ခွဲတန်းအလိုက် ပေးအပ်နေရခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော(၁၀)ရက်က ဤမြစ်ကြီးစဉ်ကျေးရွာ... မီးဘေးနှင့် ကြုံခဲ့ရသည်။ ကျေးရွာ၏ အိမ်ခြေတစ်ဝက်... မီးထဲ ပါသွားခဲ့သည်။ ထိုမြစ်ကြီးစဉ် မီးဘေးဒုက္ခသည်များအတွက် နေရာဌာနအသီးသီးမှ ဝိုင်းဝန်းပြီး ကူ... ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြရာ မြစ်ကြီးစဉ်... မလှမ်းမကမ်းတွင် ကြေးနီတူးဖော်ရေးလုပ်ငန်း ဆော... ရွက်လျက်ရှိသော ကိုစန်းအောင်တို့ ကုမ္ပဏီကလည်း ယခုလို တတ်အားသရွေ့ ပါဝင်ပံ့ပိုးပေးလိုက်ခြင်း... ဖြစ်သည်။

ကိုစန်းအောင်က သူ့လုပ်ငန်းကို တတ်နိုင်သမျှ အ... ကျဆုံး၊ အမှန်ကန်ဆုံးဖြစ်အောင် ဆောင်ရွက်နေရသည်။ မီးဘေးဒုက္ခသည် အိမ်ထောင်စုစာရင်းကို ကျေးရွာလူကြီးများ၏ အကူအညီဖြင့် အမှားအယွင်းမရှိအောင် တိုက်... စစ်ဆေးရသည်။ ပြီးလျှင် သွပ်ပြားများကို အိမ်ထော... တစ်စုချင်းအလိုက် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း လွှဲပြောင်းပေးအပ်သည်။ သို့နှင့် နေမစောင်း... အိမ်ထောင်စုအားလုံးသို့ သွပ်ပြားများ ဝေငှပေးအပ်ပြီး... သွားသည်။

တာဝန်ပြီးပြီးချင်း ကိုစန်းအောင်က သွပ်ပြားများ... အစိုကရေတွက်ထုတ်ပေးရသူ ကုမ္ပဏီမှ ဝန်ထမ်းလူ... လေးကို သူ့ထံ ခေါ်ယူလိုက်သည်။ လုပ်ငန်းအခြေအ... ကိုလည်း မေးမြန်းကြည့်လိုက်သည်။

'ဘယ့်နှယ်လဲဟေ့၊ တို့ယူလာတဲ့သွပ်နဲ့ အိမ်ထော... ဦးရေနဲ့ ကွက်တိပဲမဟုတ်လား။ အပိုအလိုမရှိ စာရင်း... တယ် မဟုတ်လား'

'မဟုတ်ဘူးဆရာ၊ သွပ်တွေက အများကြီး... ပိုနေသေးတယ်။ ကားပေါ်မှာ သွပ်တွေ တစ်ထောင်... ကျော်လောက်တောင် ရှိနေသေးတယ်ခင်ဗျ'

'ဟာ··ဟုတ်လား၊ ဘယ့်နှယ်ကြောင့် ဒီလိုဖြစ်... လိမ့်'

ကိုစန်းအောင် အံ့ဩသွားသည်။ ဘာကြောင့် ... တွေပိုနေရသနည်းဟုလည်း စဉ်းစားနေမိသည်။ သို့... သူက ရှည်ရှည်ဝေးဝေးတော့ ခေါင်းရှုပ်ခံပြီး စဉ်းစား... တော့ပါ။ သူ့တာဝန်က ပြီးခဲ့ပြီ။ ကုမ္ပဏီ၏ မှာကြား... အတိုင်း အိမ်ထောင်စု တစ်ခုချင်းစီကို ကျေးရွာ...



www.burmeseclassic.com

www.burmeseclassic.com

များ ရှေ့မှောက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးပြီ။ သည်တော့ ပိုနေသည့် သွပ်တွေကို ပိုနေသည့်အတိုင်း ကုမ္ပဏီသို့ ပြန်အပ်လိုက်ရန် သူက ဆုံးဖြတ်ချက်ချလိုက်သည်။

ကယ်ဆယ်ရေးစခန်းမှ သူတို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ကားကို ကုမ္ပဏီရုံးဆီသို့ ပြန်မောင်းလာခဲ့သည်။ ရောက်လျှင် ကိုစန်းအောင်က မန်နေဂျာထံ လုပ်ငန်းတာဝန်ပြီးဆုံးကြောင်း သတင်းပို့လိုက်သည်။ ပိုနေသောသွပ်များကိုပါ ပြန်အပ်လိုက်သည်။ ထိုသွပ်များကို ဂိုဒေါင်၌ ထည့်သွင်းထားလိုက်ရန် မန်နေဂျာက အမိန့်ပေးသည်။ ကြီးကြပ်ရေးမှူးတစ်ဦးဖြစ်သော ကိုစန်းအောင်က ထိုအမိန့်အတိုင်းပင် ဆက်လက်ဆောင်ရွက်လိုက်သည်။ ကိစ္စဝိစ္စအားလုံးပြီးစီးသော် အနားယူရန်အတွက် သူ့လိုင်းခန်းရှိရာသို့ ပြန်လာခဲ့သည်။

အဝတ်အစားလဲပြီးနောက် ကုလားထိုင်တွင် ထိုင်လိုက်သည်။ အချိုရည်သံဘူး တစ်ဘူးကိုလည်း ဖောက်လိုက်သည်။ ဤတွင် အချိုရည်ကိုသောက်ခါနီးမှ သူ့စိတ်ထဲတွင် အသိတစ်ခု ဖျတ်ခနဲဝင်လာသည်။ ခေါင်းထဲမှာပါ တစ်ချက်မျှ လင်းခနဲဖြစ်သွားသည်။ ဟုတ်သားပဲ၊ သွပ်တွေပိုနေရသောကိစ္စကို ခုမှပင် အဖြေပေါ်တော့သည်။ သခင် ပဏာမကောက်ယူထားသော မီးဘေးသင့် အိမ်ထောင်စုစာရင်းနှင့် လက်တွေ့ သွပ်ဝေပေးရသော အိမ်ထောင်စုစာရင်းက ကွဲလွဲနေခြင်းဖြစ်သည်။ ပဏာမစာရင်း ကောက်တုန်းက အိမ်တစ်အိမ်ထဲ၌ နှစ်အိုးစား၊ နှစ်အိမ်ထောင် ပူးတွဲနေထိုင်သူများက မိမိတို့ အိမ်ထောင်စုအလိုက် စာရင်းပေးခဲ့ကြခြင်းဖြစ်သည်။ ကျေးရွာလူကြီးများရှေ့တွင် ပုံစံ(၁၀)နှင့်တိုက်၍ သွပ်ဝေပေးသောအခါ သီးခြားခွဲမထွက်ရသေးသည့် အနှီးအိမ်ထောင်စုများမှာ အလိုအလျောက် တရားမဝင်ဘဲ ဖြစ်သွားရခြင်းပင်။ သွပ်တွေ ပိုနေရခြင်းမှာလည်း ၄င်းကြောင့်ပင်။

အဖြစ်မှန်ကို သိလိုက်ရတော့မှ ကိုစန်းအောင်က သူ၏ ညံ့ဖျင်းမှုတစ်ခုကိုပါ ဘွားခနဲမြင်တွေ့လိုက်ရသည်။ ဟုတ်သားပဲ၊ သူ့ အတော်အတာပဲ။ တကယ်ဆို သွပ်တွေ ပိုနေတာကို ဘာပြန်အပ်နေစရာလိုသလဲ။ ဈေးထဲက ဆိုင်တစ်ဆိုင်မှာ ကားဖင်ထိုးပြီး လူမသိသူမသိ ပြန်ရောင်းစားလိုက်လည်း ဖြစ်နေသည့်ဥစ္စာပဲ။ ကုမ္ပဏီကို ကနဦးစာရင်းအတိုင်း လျှော့နေသော အိမ်ထောင်စုတွေအတွက် ကိုယ့်ဘာသာ လက်မှတ်အတုထိုးပြီး အပိုအလိုမရှိ အတိအကျ တင်ပြလိုက်လည်း ရနေသည့်ဥစ္စာ။ ထိုအတွေးများနှင့်အတူ သူက ကိုယ့်ကိုယ်ကိုယ် နောင်တ,ရသလိုပင် ဖြစ်နေမိသည်။

သို့သော် သူက ချက်ချင်းဆိုသလိုပင် အမြင်မှန်ရသွားသည်။ ဦးစွာ သူက ဆိပ်ကမ်းမှာတုန်းက ဟိုလူနှစ်ယောက်၏ အပြန်အလှန် ပြောပြသွားကြသော ဇာတ်ကြောင်းများကို ပြန်သတိရလိုက်မိသည်။ သည်တုန်းကတော့ သူက ထိုနှစ်ယောက်ကိုပင် ဝေဖန်ခဲ့မိသေးသည်။ မမျှော်လင့်ဘဲ ရိုးသားလိုက်မိခြင်းအပေါ် ဂုဏ်ယူရမည့်အစား မကျူးလွန်ဖြစ်လိုက်သည့် အကုသိုလ်အား ပြန်လည်တမ်းတနေသူများအဖြစ် သူက ကဲ့ရဲ့ခဲ့မိသည်။ ယခု မိမိကိုယ်တိုင် ထိုနည်းအတိုင်း ဖြစ်နေပါပေါ့လား။ ရိုးသားသော ကုမ္ပဏီဝန်ထမ်း တစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပြီး စိတ်အေးချမ်းသာ ဖြစ်နေရမည့်အစား မဟုတ်က ဟုတ်က လောဘတွေနှင့်အတူ နောင်တပူတွေကိုပါ ရနေမိလိုက်သေးသည်။ အတော်မိုက်တွင်းနက်လှသည့် စိတ်အကြံမျိုးပင် ဖြစ်သည်။

ပြီးတော့ ခိုးကြောင်ခိုးဝှက် ပြုလုပ်ခဲ့မိသော မိမိလုပ်ရပ်က အကြောင်းတစ်မျိုးမျိုးကြောင့် ပြန်ငြိးပေါ်ပေါက်လာနိုင်သည်။ ထိုအခါ မိမိပင် ဒုက္ခရောက်သွားနိုင်သည်။ ထိုသို့ မပေါ်ပေါက်ဘူးပဲထားပါ၊ ထိုခိုးယူရရှိငွေတွေက မိမိတစ်သက်လုံး စားသွားနိုင်လောက်အောင် ဖူလုံပါသလား၊ မဖူလုံ။ စားသုံးနေရတာတွေကရော ကကယ်လေးလေးပင်ပင်နှင့် အရသာရှိနိုင်ပါ့မလား၊ အရသာမရှိနိုင်။ နောက်ဆုံးတော့ ဤအလုပ်မျိုးက မိမိ၌ အကျင့်ဆိုး၊ အကြံဆိုး၊ ဝါသနာဆိုးများကိုသာ အဖတ်တင်စေခဲ့မည့် လုပ်ရပ်မျိုးဖြစ်သည် စသည်ဖြင့် သူက အချိန်မီ အသိမှန်ရရှိလိုက်မိခြင်း ဖြစ်သည်။

ကိုစန်းအောင်က ရှက်ပြုံးတော့ ပြုံးလိုက်မိသေးသည်။ ပြီးလျှင် နောင်အခါများမှာတော့ မိုးခါးရေကို သတိထားပြီး ရှောင်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်မိခြင်းနှင့်အတူ လက်ထဲက အချိုရည်ဘူးအား တစ်ရှိန်ထိုးပင် မော့ချလိုက်တော့သည်။

ရဲမြတ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ပဝါတစ်ထည်ရှိရ
# စိုးယ်စွန်း



နွယ်ပင်မျိုးစုံတို့က ခြံတိုင်အဖြစ်စိုက်ထူထားသည့် ဝါးတိုင်များနှင့် ဝါးတန်းတို့တွင် လိမ်ယှက်ရှုပ်ထွေးစွာ ပေါက်ရောက်နေကြသည်။ ကင်းပုံပင်၊ ယောက္ခမရှုပ်ထွေးပင်၊ ပဲရိုင်းပင်တို့က နေရာအတော်များယူ၍ ပေါက်နေကြသလို ခြံထဲတွင် ဝါးရုံပင်အုပ်က အတော်ကြီးမား သန်စွမ်းနေသည်။ ဆယ်ပေပတ်လည်မျှရှိသော ဝါးခနီအိမ်ကလေးကလည်း အမိုးအကာများကိုပင် မမြင်ရအောင် ချုံနွယ်ပင်တို့ ဖုံးလွှမ်းပေါက်ရောက်နေသည်။

အသက်နှစ်ဆယ့်ငါးနှစ်စွန်းစွန်းအရွယ် လူရွယ်နှစ်ယောက်က ခြံရှေ့တွင်ရပ်လိုက်ကြပြီး တစ်ဦးက လက်ဆွဲအိတ်ထဲကို လက်နှိုက်ပြီး ပြန်၍ ထုတ်လိုက်ရာ သော့လေးနှစ်ချောင်း ပါလာသည်။ နှစ်ချောင်းတွဲ သော့ထဲမှ

www.burmeseclassic.com

www.burmeseclassic.com

တစ်ချောင်းကို ရွေးကိုင်ပြီး ခြံဝမှ ဝါးကပ်တွင် သံကြိုးနှင့် ခတ်ထားသည့် သော့ခလောက်၏ သော့ပေါက်တွင် ထည့်ပြီး ဖွင့်လိုက်သည်။

ပွင့်သွားသောသော့ကိုဖယ်ပြီး တံခါးကိုတွန်း၍-

'အောင်လှိုင်··လာကွာ'

'အေး'

ခြံထဲကို နှစ်ယောက်ယှဉ်၍ ဝင်လိုက်ကြပြီး ချုံနွယ်တို့ လိမ်ယှက်နွယ်တက်နေသော တဲအိမ်ကလေး၏ရှေ့တွင် ရပ်လိုက်ပြီး သော့တံတစ်ချောင်းနှင့် တံခါးသော့ကို ဖွင့်ကာ တွန်း၍ လှမ်းဝင်လိုက်ကြသည်။

'ဟ··ငြိမ်းမင်းရယ်၊ မင်းအိမ်က အပြင်ဘက်က ကြည့်တော့ ချုံပုတ်လိုပဲ အဲဒီအထဲမှာကြတော့လည်း သားနားသားပဲကွ'

'အေး··ငါပြန်ရောက်မှ ရှင်းထားတာ။ အခင်းရော ပစ္စည်းတွေရောပဲ'

'နေရာလေးလည်း ကောင်းတယ်။ ခြံမြေလည်း ကျယ်သားပဲ။ မင်း တစ်ခုခုစိုက်ပါလား'

'အေး··အပင်စုံအောင် စိုက်မယ်။ ဒီအိမ်ကိုထားပြီး ဟိုဘက်မှာ ပျဉ်ထောင်သွပ်မိုးနဲ့ တောင့်တောင့်လေး ဆောက်မယ်'

'ကျယ်ကျယ်ဆောက်၊ နှစ်ထပ်လုပ်ကွ။ ဒါမှ မင်းကလေးတွေရရင် အဆင်ပြေမှာ'

'အေး··ကဲ··လာ··ခြံထဲ ကြည့်ရအောင်'

ငြိမ်းမင်းက အောင်လှိုင့်ကိုခေါ်ပြီး အိမ်ကလေးထဲထွက်၍ ခြံထဲကို လျှောက်လာကြသည်။ မြက်ရိုင်းပင်များက အတော်ရှည်နေသဖြင့် ဝါးတုတ်နှင့်ရိုက်ရင်း လျှောက်လာကြသည်။

ကုက္ကိုပင်ကြီးသုံးလေးပင်နှင့် ငှက်ပျောတစ်အုပ်ကိုကျော်ပြီး ထူးထူးခြားခြားပင် မြက်ရိုင်းပင် လည်းမရှိသော မြေကွက်လပ်ပြောင်ပြောင်၏အနားကို ရောက်သည်တွင်-

'အဲဒီနေရာပဲ အောင်လှိုင်၊ ငါပြောတဲ့ ငှက်ပျောဒေဝီ နေရာ။ အခုတော့ အပင်ကိုပါတူးပြီး မြေအသစ်ဖို့ထားတာ။ မင်းတို့ ကူညီလို့ပေါ့'

'ငြိမ်းမင်းရာ··မသေကောင်းမပျောက်ကောင်း မင်းဘော်တော်ကို ကံကောင်းလို့ ဆရာရွှေမင်းနဲ့ တွေ့တာ'

'အေးကွာ၊ ငါ့ဘဝအတွက်တော့ ပြောစရာအဖြစ်ထူးတစ်ခုပဲ။ မလုပ်ကောင်းတဲ့ အလုပ်ကို လုပ်မိတာကိုး'

စကားပြောရင်းနှင့် ခြံကို တစ်ပတ်ကြည့်ပြီး တဲအိမ်ကလေးကို ပြန်လာကြသည်။ တဲပေါ်တွင် ခဏနားကြပြီး တဲအိမ်ကလေးကို တံခါးပိတ်၊ ခြံတံခါးကိုပါ သော့ပြန်ခတ်ပြီး သူငယ်ချင်းနှစ်ယောက် သမ္မန်ဆိပ်ကို ပြန်ဆင်းလာကြသည်။ သမ္မန်နှင့် တာကြီးပိုင်းကို ပြန်ကူးကြပြီး ဆိုင်ကယ်စီး၍ ဒလသင်္ဘောဆိပ်ကို ပြန်ရောက်ကြသည်။ ထိုမှ သင်္ဘောစီးကာ ရန်ကုန် ပန်းဆိုးတန်းမှ သဃ်န်းကျွန်းကို ဘတ်(စ်)ကားစီးရဦးမည်။

ငြိမ်းမင်းက ရန်ကုန်နှင့်ရော အောင်လှိုင်နှင့် သွားရောက်ခဲ့သော ဆိပ်ကြီးခနောင်တိုနှင့်ပါ ကင်းကွာခဲ့သည်မှာ သုံးနှစ်ကျော်ကျော်ကြာသည်။ တလောကသာ ခြံရှင်းရန် တစ်ခေါက်နှင့် ယခု အောင်လှိုင်နှင့် တစ်ခေါက်ရောက်ဖြစ်သည်။ ဆိပ်ကြီးခနောင်တိုမှ ခြံမြေကို ငြိမ်းမင်း၏အဖေနှင့် အမေက ဝယ်ယူထားပြီး ဆန်စက်ကုန်စက်မြေပေါင်းဖြစ်၍ ခြံစိုက်ပျိုးရန် စိတ်ကူးကြသည်။ ထိုအချိန်က မြေဈေးကလည်းပေါသည်။ အရပ်ဒေသ၏ လမ်းပန်းများကလည်း သစ်သားတံတားများ ဖြစ်သည်။ ယခုလို ကွန်ကရစ်ခင်းလမ်းများ မဟုတ်သေး။ ဆိုင်ကယ်မရှိ၊ ဆိုက်ကားမရှိ၊ ကားလည်း မရှိသေးချိန်ဖြစ်သည်။

ငြိမ်းမင်းက တက္ကသိုလ်တွင် တတိယနှစ်ကျောင်းသား။ မိဘများက သိမ်ကြီးဈေးထဲတွင် ဖိနပ်မျိုးစုံနှင့် ခြင်ထောင်ချုပ်ထည်များ၊ အိပ်ရာခင်း၊ စောင်တို့ကို ရောင်းချသည့် ဆိုင်ကြီးများ ရှိသည်။ သားသမီးက ငြိမ်းမင်းတစ်ယောက်တည်း။ သည်တော့ ပြီးပြည့်စုံ၍ လိုတ၊ ရသော ငြိမ်းမင်း ဖြစ်ခဲ့သည်။

အပေါင်းအသင်းတို့၏ ဦးစားပေး နေရာပေးခြင်းကိုလည်း ခံခဲ့ရသည်။ ဘယ်သူကမှ တားမြစ်ခြင်း၊ ကန့်ကွက်ခြင်းလည်းမရှိ။ မြှောက်ပင့်တွန်းထိုးသူများသာ ဝိုင်းဝိုင်းလည်ခဲ့သည်။ ကျောင်းသားဘဝ ငယ်သူများဖြစ်၍ အကြောင်းအရာတိုင်းကို လေ့လာစူးစမ်းကြသည်။ ငြိမ်းမင်းနှင့် အတွဲများကြသူများက အောင်လှိုင်၊ ဝင်းကို၊ ညီမောင်တို့ပဲဖြစ်သည်။ ဝင်းကိုနှင့် ပတ်သက်ပြီး ကျောင်းသားမဟုတ်သော တိုးမြင့်နှင့် သိကျွမ်းခဲ့သည်။ တိုးမြင့်က အသားမည်းမည်း၊ လက်ပြင်ကုန်းကုန်း၊ အရပ်က ထိုးဝါးလိုရှည်ရှည်၊ ရုပ်ကလည်း ကြမ်းကြမ်းဖြစ်သည်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ တိုးမြင့်၏ ဇနီးမယားက ဖြူဖြူနုနု ယဉ်ကျေး သိမ်မွေ့ ချောမောသူလေး ဖြစ်သည်။

ငြိမ်းမင်းက 'ကိုတိုးမြင့်နဲ့ မဝင်းသူနဲ့ ဘယ်လိုညား ခဲ့တာလဲတဲ့ဗျာ'

'အေး··ဒါက စိတ်ဝင်စားစရာပေါ့ကွာ။ အစ်ကိုကို ဝင်းကို ပေါင်းနေတာ ပီယဆေးလိုချင်လို့ပဲကွ။ အစ်ကိုရဲ့ ရုပ်နဲ့ ပုံသဏ္ဌာန်နဲ့ မဝင်းသူက ဘယ်ကြိုက်မှာလဲကွ။ အစ်ကိုကတော့ မဝင်းသူကို အသေအလဲပဲ။ အဲဒီတော့ ဆရာကောင်းကို ရှာရတာပေါ့။ အဲဒီဆရာ ပေးတဲ့နည်းက ဒီလိုကွ'

◆◆◆

ဆိပ်ကြီးခနောင်တို၏ စက်ကုန်းပိုင်းမှ ခြံဝင်းကျယ် ကြီးထဲတွင် ဝါးခင်း၊ ဓနိမိုး၊ ဝါးထရံကာ သစ်သားတိုင် နှင့် ဆယ်ပေပတ်လည် အိမ်သပ်သပ်ရပ်ရပ်ကလေး တစ် လုံး။ ထိုတဲအိမ်ကလေးတွင် လူငယ်တစ်ဦးက ရောက်ရှိ နေထိုင်ပြီး ခြံထဲတွင် လူငှားများနှင့် မြက်ရိုင်းများကို ရှင်းကြသည်။ အားလုံးအမြင်က လူငယ်လေးတစ်ဦး ခြံ စိုက်မလို့ ရှင်းလင်းနေသည်ဟုပင် မြင်ကြသည်။

ကျောင်းပိတ်သောရက်ဖြစ်၍ မိဘများကို ခြံရှင်း၍ အပင်များစိုက်ရန်ဟု အကြောင်းပြကောင်းကောင်း ပြလာ သည်။ ငြိမ်းမင်းက ခြံရှင်းသော အလုပ်သမားများ ရှင်း သွားသည်နှင့် အိမ်သစ်ကလေးနှင့် မနီးမဝေးနေရာမှ မြေကွက်ကို သေချာစွာ ရှင်းလိုက်သည်။ ထောင့်လေး ထောင့်တွင် ဝါးတိုင်စိုက်ပြီး ခြံကာသလို ကာလိုက်သည်။ ကြိုတင်ရှာထားသော ငှက်ပျောပင်ကို စိုက်လိုက်သည်။ ပန်းခရားနှင့် ရေလောင်းပေးပြီး အိမ်လေးတွင် ပြန်၍ နားလိုက်သည်။

ခြံရှင်း၍ ငှက်ပျောပင်စိုက်လိုက်သည်မှာ သုံးရက် ရှိပြီဖြစ်သဖြင့် လုပ်ရမည့်လုပ်ငန်း စရန်အတွက် စိတ်ကူး ၍ ခြံထဲကို လျှောက်ဝင်လာပြီး ငှက်ပျောပင်စိုက်ထား သည့်နေရာကို လာခဲ့သည်။

လူတစ်ရပ်နှင့် အညီရှိသော ငှက်ပျောပင်က စိုက် ထားသည်။ သုံးရက်ပဲရှိပေမယ့် လန်းဆန်းနေသဖြင့်-

'ဟား··ငှက်ပျောပင် ရှင်တယ်ကွ။ ငါ့အကြံ အောင် ပြီ'

ငြိမ်းမင်းက ငှက်ပျောပင်ကိုကြည့်၍ ဝမ်းသာအားရ ဖြစ်သွားသည်။ ငှက်ပျောပင်စိုက်ထားသည်မှာ ရာဇဝတ် ကာ၍ စိုက်ထားသဖြင့် ဘာမှန်းကို အကဲခတ်လို့မ အောင်လှိုင်၊ ညီမောင်၊ ဝင်းကိုတို့ ခေါ်ပြဖူးသည်။

'မင်းတော့ ရူးတော့မှာပဲ'

'ငြိမ်းမင်းရာ၊ အန္တရာယ်တွေဘာတွေ ဖြစ်နေပါဦး မယ်'

ညီမောင်နှင့် အောင်လှိုင်တို့က စိုးရိမ်စိတ်နှင့် ပြော ကြပေမယ့် ဝင်းကိုက သဘောအကျကြီးကျပြီး-

'မင်းလုပ်လို့ အောင်မြင်ရင် ငါ့ကို နည်းနည်းတော့ ပေးကွာ'

'ဝင်းကိုရာ··သူငယ်ချင်းကို မစိုးရိမ်ဘဲ မင်း အမြတ်ခွန်ကောက်ဖို့ စဉ်းစားနေတယ်'

ငြိမ်းမင်းက သူငယ်ချင်းများ ပြောနေသည်ကို ဘာမှ မပြောဘဲ ခပ်ပြုံးပြုံးနှင့်ပင် နားထောင်နေသည်။ ယနေ့ လုပ်ငန်းစမည်ဟုဆုံးဖြတ်ပြီး ငှက်ပျောပင်ကို လှည့်ပတ် ကြည့်ပြီး သူငယ်ချင်းများကို သတိရလိုက်သည်။ သူ ငယ်ချင်း လေးယောက်ထဲတွင် ငြိမ်းမင်းက ပို၍ပေါ်လွင် သည်။ ကိုယ်လုံးကိုယ်ထည် အသားအရေ၊ ရုပ်ရည်တို့ က အပြစ်ပြောစရာမရှိအောင် ပေပြစ်သည်။ ဝါသနာပါ လျှင် ရုပ်ရှင်မင်းသား လုပ်၍ရသည်။ ဗီဒီယို၊ မော်ဒယ် များ မရှိ။

ည၏ အမှောင်အားကို ကောင်းကင်မှလရောင်က ထိုးဖောက်၍မရအောင် ဖြစ်နေသဖြင့် ကြယ်ကလေးများ က လက်ိုဝိုင်း၍ နှစ်သိမ့်နေကြသည်။ ဆန်းရက် လ အားနည်းမှုကို ငြိမ်းမင်းက ဂရုမစိုက်။

ကိုတိုးမြင့်ကြီး ပြောထားသလိုပင် ငှက်ပျော အနားကိုကပ်၍ ခြေစုံရပ်ပြီး-

'မင်းက အရမ်းလှတာပဲ။ ငါ မင်းကို စိတ်ဝင်စား တယ်'

နှုတ်မှ မတိုးမကျယ်ပြောပြီး လှည့်ထွက်၍ ခြံ လေးကို ပြန်ပိတ်လိုက်ရင်းမှ ပြုံးလိုက်မိသည်။

ဆိပ်ကြီးခနောင်တို့ စက်ကုန်းပိုင်းမှ ခြံထဲတွင် ငြိမ်း မင်း ရောက်နေသည်မှာ ငါးရက်ရှိပြီဖြစ်သည်။ ငှက်ပျော ပင်ကို မင်းက အရမ်းလှတယ်။ ငါ မင်းကို အရမ်း ဝင်စားတယ်ဟု တစ်ဆင့်တက်၍ ပြောပြီးပြီဖြစ်သည်။

ငြိမ်းမင်း လုပ်ကိုင်နေသည့် အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ချင်းသုံးယောက်နှင့် နည်းပေးလမ်းပြ လုပ်လိုက်သည့် ကိုတိုးမြင့်ကြီးတစ်ယောက်သာ သိသည်။

ရန်ကုန်ကိုကူး၍ လိုအပ်သည်များကို အိမ်တွင်ယူ၍ သူငယ်ချင်းများနှင့်တွေ့ပြီး ဆိပ်ကြီးခနောင်တိုကို ပြန်လာခဲ့သည်။

ခြံထဲကိုဝင်ပြီး ရာဇမတ်ကာ၍စိုက်ထားသော ငှက်ပျောပင်ကို အရင်သွားပြီး ကြည့်လိုက်သည်။ ငှက်ပျောပင်ကလည်း စိုက်ခါစရက်များထက် ပို၍လန်းဆန်းစိုပြည်နေသည်။

ယနေ့ (၉)ရက်မြောက်ည ငှက်ပျောပင်ကို ငြိမ်းမင်း စကားပြောခဲ့သည်ပင် သုံးကြိမ်သုံးခါရှိပြီဖြစ်သည်။ ရန်ကုန်မှ စားသောက်လာသဖြင့် ညစာစားရန် လုပ်စရာမလိုဘဲ ရေနွေးကြမ်းသောက်ရင်း စာအုပ်တစ်အုပ်ကိုယူ၍ ဖတ်နေလိုက်သည်။ စာအုပ်ဖတ်ရင်းမှ အိပ်ပျော်သွားသည်။

တဲအိမ်ကလေးပေါ်ကို တက်လာသော အမျိုးသမီးက ထိုင်မသိမ်းအင်္ကျီ၊ ချိတ်လုံချည်နှင့် ပဝါလေးကို နှစ်ဖက်ချပြီး လှမ်းလိုက်တိုင်း ခါယမ်းသွားသည့် နက်မှောင်မှောင် ဆံပင်ရှည်ရှည်ကြီး အလှကလည်း ဖြည့်ဆည်းမှုတစ်ခု ဖြစ်နေသည်။

'မောင်ကြီး'

'အဲ'

ခေါ်လိုက်သောအသံ၏ ဆွဲဆောင်မှု၊ ဟန်အမူအရာများကြောင့် ငြိမ်းမင်းမှာ ပါးစပ်ဟ၍ အဲဟုပဲ ဖြစ်သွားသည်။

'မောင်ကြီး..ဒေဝီကို အပျော်အပျက်လို့ စိတ်ကူးတာလားဟင်'

'အာ..ဟို..မ'

'အဟင်း..မောင်ကြီးနော်၊ ဒေဝီကို အပျော်ကြံရင် ဒေဝီက စိတ်ဆိုးမှာ'

ငြိမ်းမင်းမှာ မိန်းမလှလေး ပြောနေသော စကားနှင့် ဟန်အမူအရာကြောင့် အာ..ဟို..အင်း..အဲနှင့်ပင် ငေးငေးမောမော ဖြစ်နေသည်။

'ဒေဝီ သွားမယ် မောင်ကြီး'

မိန်းမလှလေးက နှုတ်ဆက်၍ အိမ်ပေါက်မှ ပြန်ဆင်းသွားသည်။ ငြိမ်းမင်းမှာ ကိုယ်တစ်ချက်တွန့်၍ အိပ်ရာမှ လန့်နိုးသွားသည်။ အိမ်တံခါးကလည်း ပိတ်လျက် အိပ်ရာထဲမှထပြီး မျက်နှာသစ်၊ အဆာပြေစားရန် ပြင်လိုက်သည်။ ညက အိပ်မက်ထဲမှ မိန်းမလှလေးကိုပင် မြင်နေမိသည်။

ဒေဝီတဲ့၊ ဘယ်ကလဲ။ သည်နေရာက ဆန်စက်ဟောင်းနေရာ။ ဥစ္စာစောင့်တို့ ဘာတို့များ ရှိနေသလား။ ဘေးဝန်းကျင်၏ ပြောစကားများတွင်လည်း ဥစ္စာစောင့်သိုက် ရှိသည်ဟု မပါပေ။ ဒါဖြင့်-

သည်နေ့ညက (၁၂)ရက်မြောက်၊ သုံးရက်တစ်ကြိမ်ကျနှင့် ငှက်ပျောပင်ကို စကားပြောရန် လေးကြိမ်မြောက်ည ဖြစ်သည်။

ရွှန်းမြဝင်းပနေသောလကိုဘေးမှ အရန့်ကြယ်ကလေးများက ဝိုင်းဝိုင်းစက်စက်နှင့်ဆိုလျှင် ပို၍လှပမည်ဟု ပြောနေသယောင် မှိတ်တုတ်,မှိတ်တုတ်နှင့်ပင်။ ငြိမ်းမင်းက ငှက်ပျောပင်နားတွင် ခြေစုံရပ်၍ သေချာစွာစူးစိုက်ကြည့်လိုက်သည်။ ငှက်ပျောပင်က ပို၍လန်းဆန်းနေသလို လေပြည်လေညင်းကြောင့် ငှက်ပျောရွက်တို့၏ လှုပ်ရှားဟန်က အပျိုမ၏ သွဲ့နွဲ့သော လက်ချောင်းကလေး လှုပ်ရှားနေသလိုလို၊ သူ့ကိုပဲ လာလေဟု ကမ်းလင့်သလို ငြိမ်းမင်း၏ စိတ်တွေက အတွေးပွားနေသည်။

ခဏကြာပြီးမှ-

'မင်းက ပိုလှလာတယ်။ ငါ့စိတ်ကို ထိန်းမရအောင် ဖြစ်နေရပြီ'

ငြိမ်းမင်း၏နှုတ်မှ တစ်ခါ၊ နှစ်ခါ၊ သုံးခါပင် မတိုးမကျယ်နှင့် အသံထွက်၍ ပြောလိုက်သည်။ ခပ်သင်းသင်း လေးမွှေးသောရနံ့က နှာခေါင်းဝကို ကလူကျီစယ်သလို တိုးဝှေ့ဝင်လာသည်။ ရှေ့မှ ငှက်ပျောပင်၏ ပင်စည်တစ်ဖက်မှ မပီဝိုးတဝါး အရိပ်တစ်ခု။

'အယ်'

ငြိမ်းမင်း၏နှုတ်မှ အယ်ဆိုသည့်အသံကြောင့် အရိပ်က ပျောက်ပြယ်သွားသည်။ ငှက်ပျောပင်ကို လှည့်ပတ်ကြည့်ပြီး ခပ်တွေတွေနှင့် ပြန်လာခဲ့သည်။ အလှည့်ကျတာဝန်မပျက်သော လည်ပတ်မှုက နေ့ဖြစ်ခြင်းနှင့် ညဖြစ်ခြင်းပင်။ တစ်နေ့တာ ကုန်ဆုံး၍ ညကို ရောက်ခဲ့ပြန်ပြီ။ ညရောက်ရန် စောင့်မျှော်နေသော ငြိမ်းမင်းက ခြံထဲကို ထွက်လာသည်။ ငါးကြိမ်မြောက်ည၏ ရင်ခုန်မှုနှင့် ငှက်ပျောပင်အနားကို ရောက်လာသည်။ တစ်နေ့က ရနံ့ကို

www.burmeseclassic.com

သော ရန့်မွှေးမွှေးလေးက နှာခေါင်းဝမှ ရင်ထဲအထိ ရောက်သွားသည်။

'မင်းရဲ့အလုကြောင့် ငါ ဒီအနားက မခွဲခွာနိုင်ဘူး'

'အဟီ..ဟီ'

'ဟာ'

ငှက်ပျောပင်နောက်မှ ထွက်လာသော အသံကြောင့် ငြိမ်းမင်း၏နှုတ်မှ ကျယ်လောင်စွာပင် ဟာခနဲဖြစ်သွားရသည်။ မိန်းကလေးတစ်ယောက်၏ ရွှင်ကြည်စွာ ရယ်မြူးသံ။ ကြည့်နေရင်းမှပင် အရိပ်မှုန်ဝါးဝါးတစ်ခုက ငှက်ပျောပင်စည် အကွယ်မှ ပေါ်လာသည်။ လ၏အရောင် ကွက်ကြားက ထိုးကျလာသည်။

'ဟင်..ဒေဝီဆိုတဲ့ မိန်း..'

'အဟင်း..မောင်ကြီးက ဘယ်သူထင်လို့လဲ။ ဒေဝီပါ'

'ဒေ..ဒေဝီ၊ မင်း..ဟိုဥစ္စာ'

'ဟင့်အင်းကွယ်၊ မောင်ကြီးက ဥစ္စာစောင့်လို့ ထင်နေတုန်းလားလို့'

ထင်ရှားပီပြင်လာသော ရုပ်သွင်နှင့် အဝတ်အစားတို့က တစ်နေ့ညက အိပ်မက်ထဲမှ မိန်းကလေး။ ဒါကြောင့် ငြိမ်းမင်း၏နှုတ်မှ ဒေဝီဟု ခေါ်ဖြစ်လိုက်ခြင်း ဖြစ်သည်။

ခြံအေးမှ အရက်မူးသံနှင့် တေးသွားမပီ သံစဉ်မညီတဲ့သီချင်းကို အော်ဟစ်ဆိုလိုက်သံကြောင့် ငြိမ်းမင်းက လှည့်အကြည့် အရိပ်ကပါ ပျောက်သွားသည်။

ခဏကြာအောင် ရပ်နေပြီးမှ ထိုနေရာမှ လှည့်ထွက်ပြီး အိမ်ကလေးဆီကို ပြန်လာခဲ့သည်။ ညတစ်ဝက်၏ အချိန်က ဖွဲ့ယူခြင်းခံလိုက်ရသဖြင့် ကျန်သည့် ညတစ်ဝက်ကိုသာ ငြိမ်းမင်း အိပ်ရမည်။

'မောင်ကြီး..ဘာဖြစ်လို့ ပြန်သွားတာလဲ။ မနက်ဖြန်ည လာမှာလား။ ဒေဝီ မျှော်နေမယ်နော်'

ပြောနေသည့်အသံက ပျောက်သွားပြီး အိပ်ရာထဲမှ လူးလဲထလိုက်မိသည်။

◆◆◆

လရောင်ဖွေးဖွေးက ဘေးဝန်းကျင်၏ အရာဝတ္ထုများကို ရှင်းလင်းတိကျစွာမြင်ရသည်။ ငှက်ပျောပင်အနားတွင် ငြိမ်းမင်း ရပ်နေမိသည်က အတော်ပင်ကြာနေပြီ။ ဖြစ်ခဲ့သော အကြောင်းများနှင့် ဖြစ်လာဦးမည့် အကြောင်းများကိုလည်း တွေးလိုက်မိသည်။ နှုတ်မှ-

'ဒေဝီ..မောင်ကြီး၊ မင်းကို မခွဲနိုင်လို့ ရောက်နေပြီလေ'

'အဟင်း..မောင်ကြီး ရောက်လာလို့ ဒေဝီယုံလိုက်ပါပြီ'

မွှေးရန့်နှင့်အတူ အသံကိုပါ ကြားလိုက်ရပြီး ငှက်ပျောပင်နောက်မှ ဝိုးတဝါးအရိပ်ကပါ ပေါ်လာသည်။

'ဒေဝီ..ဒေဝီ'

'မောင်ကြီး'

ငြိမ်းမင်းက လက်ကမ်းကြိုလိုက်သော ဒေဝီကို ဖက်လိုက်ပြီး တရှိုက်မက်မက်ဖြင့် မျက်နှာပြင်လှလှလေးကို နမ်းလိုက်သည်။ ပြီးတော့ ဒေဝီပခုံးပေါ်မှ နှစ်ဖက်တွဲနေသည့်ပဝါကို လျှင်မြန်စွာဆွဲယူ၍ နေရာမှ အပြေးထွက်လာခဲ့သည်။

ထို့နောက်တွင်တော့ ဆိပ်ကြီးခနောင်တိုခြံထဲမှ အိမ်လေးကို အောင်လှိုင်နှင့် ညီမောင်တို့က တံခါးပိတ် သော့ခတ်ပြီး ခြံထဲမှ ငှက်ပျောပင်ကို အမြစ်ကပါတူး၍ မြေတွင်မြှုပ်ပေးရန် အလုပ်သမားငှားပြီး ခိုင်းလိုက်ကြသည်။ ထိုသည်မှ ဆိပ်ကြီးခနောင်တိုတွင်ရှိသော ခြံနှင့် အိမ်လေးကို ငြိမ်းမင်း မရောက်ဖြစ်သည်မှာ သုံးနှစ်ကြာသည်။

ထိုသုံးနှစ်အတွင်းတွင် လပြည့်ညတိုင်း ငြိမ်းမင်း၏ အသံတစ်သံက အနှောင့်အယှက် ဖြစ်စေခဲ့သည်။ ပဝါ ပြန်ပေးပါ ဆိုသည့်အသံ ဖြစ်သည်။ ကျောင်းပြီး ဘွဲ့ရပြီးသည်အထိ ဒေဝီ့ပဝါ ပြန်ပေးပါ ဆိုသည့်အသံ လပြည့်ညတိုင်းမှာ ကြားရသည်။ ထိုအမှုက ဘယ်သူမှ မိမိအမှုပင်။ ဝင်းကို၏အသိ ကိုတိုးမြင့်က အရူး အကျည်းတန်သော်လည်း လှပချောမောသည့် မဝင်း မိန်းကလေးကို ရခဲ့ခြင်းမှာ အစွမ်းထက်သော ဗိုလ် ကြောင့်ဟု ပြောပြသည်။ သူငယ်ချင်းများနှင့်စု၍ ထောင်ပြီး ဗီယဆေးစွမ်းလျှင် သူငယ်ချင်းများကို မည်ဟု ပြောလိုက်သည်။

ဝင်းကိုက ငြိမ်းမင်းကို 'မင်း လုပ်ပြီး ငါ့ကို ပေး'ဟု ပြောသည်။

ငြိမ်းမင်းကလည်း 'ငါ့အတွက်လုပ်မှာ မဟုတ်ဘူး' ဟု ပြောပြီး သူငယ်ချင်းများအတွက်နှင့် စူးစမ်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြောင့် လုပ်ဖြစ်လိုက်သည်။

လုပ်ရသည့်နည်းမှာ အားဝန်းကျင် ငါးပေပတ်လည်တွင် အမိုက်သစ်ပင်ကြီးငယ် မြက်ပင်တို့ မရှိရဘဲ မြေပြောင်မြေချောတွင် ငှက်ပျောပင်(လူတစ်ရပ်)ကို တစ်နေရာမှ တူးယူ၍ စိုက်ပျိုးရမည်။ (ရေလောင်း အမိုက်ပေါင်းရှင်းရမည်။)

ငှက်ပျောပင်စိုက်ပျိုးပြီး (၃)ရက်ပြည့်လျှင် ငှက်ပျောပင်အား မိန်းကလေးတစ်ယောက်လို ရည်းစားစကားပြောရန်မှာ (၃)ရက်ခြား တစ်ကြိမ်ပြောရမည်။ (ငှက်ပျောပင် မရှင်သန်လျှင် ပြန်စိုက်ရမည်။) ရည်းစားစကားပြောသောရက်မှာ လဆန်း၊ လပြည့် တစ်ရက်ရက်ဖြစ်ရန်လည်း လိုအပ်သည်။

ငှက်ပျောပင်ကို ရည်းစားစကား ပြောရန်မှာ (၃)ရက်ခြား (၅)ကြိမ်၊ ပိုလျှင်(၇)ကြိမ် ပြောရမည်။

ထိုသို့ပြောလျှင် ငှက်ပျောပင်မှ မိန်းကလေးကဲ့သို့ အရိပ်ပေါ်လာမည်။ ပခုံးတွင် ခြုံထားသော ပဝါကို အောင်ယူ၍ ထိုနေရာမှလွတ်အောင် ရှောင်ပြေးရမည်။ ထိုသည်ကို မျက်နှာပွင့်ပီယအဆောင် ငှက်ပျောဒေဝီပဝါ ပီယအဆောင်ဟု ခေါ်သည်။

အထူးမှတ်၍ ရှောင်ကြဉ်ရန်မှာ ငှက်ပျောပင်ကို ရည်းစားစကားပြော၍ အောင်မြင်လျှင် ခြုံပဝါကိုသာ အရယူရမည်။ ကျန်သည့် လက်ထိကိုယ်ရောက် အပြုအမူမျိုး မပြုလုပ်ရ။ လွန်ကဲသော ကျူးလွန်မှု မပြုရ။ ပြုခဲ့၊ ကျူးလွန်ခဲ့လျှင် ငှက်ပျောဒေဝီမှ ရေခြားမြေခြားအထိလိုက်၍ ပဝါကို ပြန်တောင်းတတ်သလို အသက်ကိုလည်း အန္တရာယ်ပြု တတ်သည်။ လိပ်ပြာလုသူ (သို့မဟုတ်) ငှက်ပျောဒေဝီ ကိုယ်တိုင်က နှစ်သက်လျှင် အကောင်အထည်မမြင်ရဘဲ ပေါင်းဖော်၍ အိမ်ထောင်ပြုမရအောင် ပြုတတ်သည်။

ငှက်ပျောဒေဝီ၏ ပဝါကိုရလျှင် ပဝါနှင့် မျက်နှာကို သုတ်ပြီး ပြောဆိုခြင်းပြုလျှင် မိမိစကားကို မငြင်းမပယ်အောင် အောင်မြင်ပြီး အစွမ်းထက်သည်။

ငြိမ်းမင်းက လက်တွေ့စမ်းသပ်ခြင်းနှင့် ပီယအဆောင် သွေးငယ်ချင်းများကို ပေးလို၍ လုပ်ခဲ့ပေမယ့် ငှက်ပျောဒေဝီက နှစ်သက်မြတ်နိုးပြီး ငြိမ်းမင်းရဲ့နောက်ကို အစဉ်သုံးမိုးထိ လိုက်နေခြင်း ဖြစ်သည်။



ငြိမ်းမင်းတစ်ယောက် မော်လမြိုင် ဘီလူးကျွန်းကို ရောက်ပြီး ရွှေရည်ဖြိုးစံဆိုသည့် မိန်းမချော မိန်းမလှလေးကို မြင်တွေ့ပြီး ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ နှစ်သက်မြတ်နိုးမိကာ ကြိုးစားလိုက်ရာ အဆင်ပြေချောမွေ့၍ နှစ်ဦးသား နားလည်မှုများနှင့် ရှေ့ဘဝခရီးကို လက်တွဲရန် ဆုံးဖြတ်လိုက်ကြသည်။

ရွှေရည်ဖြိုးစံ၏ မိဘများက ငါးဖမ်းစက်လှေ လေးငါးစင်း ပိုင်သူများဖြစ်ပြီး သားယောကျ်ားလေး မရှိကြသဖြင့် ငြိမ်းမင်းကို သားအဖြစ် လက်ခံကြသည်။ ခက်နေသည်က ငှက်ပျောဒေဝီ၏ ပဝါကိစ္စ။ ငြိမ်းမင်းကလည်း ပဝါကို ယူရုံတင်မဟုတ်၊ ဣတ္ထိယအလွန်အချောအယဉ် အလှစုနေသည့် ဒေဝီကို ဖက်ပွေ့နမ်းရှိုက်ခဲ့သည်။ ငှက်ပျောဒေဝီမှာ အသည်းစိုက်၍ ငြိမ်းမင်း နောက်ကို တကောက်ကောက်လိုက်နေတော့သည်။ မုဒုံကို အလည်လိုက်ခဲ့ရန် အသိများက ခေါ်သဖြင့် လိုက်သွားရာမှ မုဒုံကို ရောက်နေသော မှော်ဘီဆရာ ရွှေမင်းနှင့်တွေ့ပြီး ငြိမ်းမင်းက သူလုပ်ခဲ့သမျှ၊ ဖြစ်နေသမျှတို့ကို ပြောပြရာ-

"အဲဒါဆိုရင် ငှက်ပျောဒေဝီရဲ့ပဝါကို ပြန်ပေးလိုက်ပြီးရင် ငှက်ပျောပင်ကို အမြစ်ကပါတူးပြီး ရေမျှောလိုက်၊ မြေလည်း လှန်ပစ်လိုက်၊ အဲဒါတွေကို ကိုယ်စားလုပ်ခိုင်း၊ နောက်ထပ် ဘာသံမှလည်း မကြားဘူး၊ အိပ်မက်လည်း

www.burmeseclassic.com

www.burmeseclassic.com

မမက်ဘူးဆိုရင် ပြီးပြီ။ အဲဒီကို သွားလို့ရပြီ။ ဟုတ်လား'

ငြိမ်းမင်းက မော်ဘီဆရာရွှေမင်း ပြောသလို အောင်လှိုင်နှင့် ညီမောင်တို့ကို လုပ်ခိုင်းလိုက်သည်။ အားလုံး ကိစ္စတွေပြီး၍ အေးငြိမ်းသွားမှ ဆိပ်ကြီးခနောင်တိုမှ ခြံထဲကို တစ်ခေါက်ရောက်ပြီး ယခု အောင်လှိုင်နှင့် တစ်ခေါက်လာခြင်း ဖြစ်သည်။

ခြံထဲတွင် အိမ်ကောင်းကောင်းဆောက်၍ ရွှေရည်ဖြိုးစံနှင့် လက်ထပ်ပြီး ငါးဖမ်းစက်လှေများကို ကြီးကြပ်ရမည်။ တွံတေးတူးမြောင်းကြီးက စက်လှေ၊ လှေသမ္ဗန်နှင့် တွဲသင်္ဘောများ ဝင်ထွက်၍ရနေသည်။ ခြံရှင်းရန် အလုပ်သမားခေါ်ရမည်။ အိမ်ပုံစံကောင်းကောင်းကို လက်သမားကောင်း၊ ပန်းရန်သမားကောင်းများနှင့် ဆောက်လုပ်ပြီး အိမ်တက်ဆွမ်းကျွေး အလှူဒါနများပြုပြီး ငှက်ပျောဒေဝီနှင့်အတူ ပရလောကသားများကိုပါ မေတ္တာပို့ အမျှဝေမည်ဟု ငြိမ်းမင်းက အစီအစဉ်ဆွဲထားသည်။

'အေးပါ ငြိမ်းမင်းရာ၊ မလုပ်မဖြစ်လုပ်ရမှာက ရွှေရည်ဖြိုးစံနဲ့ မင်္ဂလာဆောင်ပြီး မင်္ဂလာဆွမ်းကျွေးရင်လည်း ငှက်ပျောဒေဝီကိုလည်း အမျှဝေပါ'

'အေးပါကွာ၊ ငါ အဲဒါတွေလုပ်ဖို့ စိတ်ကူးထားတယ်။ မင်းနဲ့ ညီမောင်က သတိုးသားအရံ လုပ်ပေး[illegible] နော်'

'အေး..လုပ်ပါမယ်။ ဖိတ်စာရိုက်ရင် ပဝါတစ်ထည်[illegible] ၏ ဂမ္ဘီရမင်္ဂလာဆောင်လို့ ဖိတ်စာထဲ ထည့်ရိုက်ပါလား'

'အောင်လှိုင်၊ မင်းကလေ..ဩော်..ဟိုကောင် [illegible] ကို ဘယ်ရောက်နေလဲကွ'

'မင်းက ပီယအုဆောင် ပေးမယ်ဆိုလို့ အဲဒါရ[illegible] မော်ဒယ်မယ်လှလှလေးကို အရယူမလို့။ မင်းက ပီ[illegible] အဆောင်မပေးတော့ မုဆိုးမ မအေးမော်နဲ့ပဲ သွ[illegible] ညားရတာပေါ့ကွာ။ အခု ကြည့်မြင်တိုင်မှာ ငါးဒိုင်[illegible] ထားတယ်'

အောင်လှိုင်၏ စကားအဆုံးတွင် နှစ်ယောက်သ[illegible] အသံထွက်အောင် ရယ်လိုက်သဖြင့် ဘေးကလူများ[illegible] ကြည့်ခြင်းကို ခံလိုက်ရလေသည်။

စိုးယဉ်ထွန်း


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

**ဆရာကြီးအရဟံဆရာအောင်**

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး ဒေးဝွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ ၀၉ ၉၇၂ ၆၃၂ ၂၇၂

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆




www.burmeseclassic.com

# မြေ့အ
# မောင်ရှ



အခန်းတစ်ခု အကြောင်းကို သိစေချင်ပါသည်။ ထို အခန်းကလေးသည် ဝါးထရံကာ၍ သွပ်မိုးထားသော နှစ်ထပ်အိမ် ခပ်ငယ်ငယ်တစ်လုံး၏ အောက်ထပ်တွင် တစ်ခုတည်းသာ ဖွဲ့ထားသည့် အခန်းငယ်မျှသာ။ အိမ်ကလေးကို တည်ဆောက်ထားသည်က အနည်းငယ်မြင့်သည့် ခြံဝင်း၏ မြောက်ဘက်ထိပ်တွင်ဖြစ်သည်။ နေအိမ်ကို တောင်ဘက်သို့ မျက်နှာပြုကာ တည်ဆောက်ထားပြီး အိမ်နောက်ဖေးဖြစ်သည့် မြောက်ဘက်တွင် ခြံစည်းရိုး ကာရံထားသော ဝါးကပ်များက အနည်းငယ်သာ သည်။ အိမ်ရှေ့မျက်နှာစာဖြစ်သည့် တောင်ဘက် ခြံဝင်းက ကျယ်ကျယ်ပြန့်ပြန့် ရှိလှသည်။ အိမ် တစ်ခုလုံးတွင် ကြီးကြီးမားမားသစ်ပင် မရှိ။ မြေသည်လည်း ဖြူရော်နေသည်ကြောင့် သစ်ပင် ဟူ၍ မတွေ့ရ။ လူနေခဲ့ဖူးသည့် လက္ခဏာတော့ သည်။

www.burmeseclassic.com

အိမ်ကလေး၏ အောက်ထပ်တွင် ခေါင်းရင်းဘက်သည် မြေစိုက်အဖြစ် တည်ရှိပြီး စားပွဲတန်းလျားကဲ့သို့သော နေထိုင်ရန် ပရိဘောဂပင် မထားချေ။ ခြေရင်းဘက်တွင် အပေါ်ထပ်သို့တက်ရာ လှေကားရှိသည်။ လှေကားခုံသည်ကား အမြင့်ပြုလုပ်ထား၏။ လှေကားတည်ရှိရာ၏ နောက်ဘက်တွင် အခန်းငယ်ကို ပြုလုပ်ထားသည်။ ထိုအခန်းနှင့် လှေကားတည်ရှိရာအခန်းသည် တစ်ရှယ်တည်းဖြစ်၍ ခြေရင်းပိုင်းကို ရှေ့နောက်အပြည့်ယူထားသည်။ သုံးပင်နှစ်ပင်မျှသာ ကျယ်လေသော အိမ်ကလေးတွင် ခေါင်းရင်းနှစ်ပင်ခန်းသည် အလွတ်ဖြစ်၍ ခြေရင်းတွင်သာ ခွဲခြားထားသော ထိုအခန်းငယ်က တည်ရှိနေပေသည်။ ထူးခြားသည်မှာ ထိုအခန်းကို သော့ခတ်ထားခြင်းပင်။ အခန်း၏ အတွင်းပိုင်းတွင်လည်း မည်သည့်ပစ္စည်းပစ္စယကိုမျှ မတွေ့ရ။ သို့သော် ထိုအခန်းသော့ကို ဖွင့်မကြည့်ရန် အိမ်ရှင်များ မှာကြားထားသည်ဟုဆိုသည်။ ထိုအခန်းငယ်သည် မည်သို့သောအကြောင်း ရှိပါလေသနည်း။

◆◆◆

လွန်ခဲ့သော(၁၉၉၅)ခုနှစ်က မြန်မာ့ခရီးသွားနှစ်အမီ တည်ဆောက်ကြသော ဟိုတယ်များ အများအပြားရှိခဲ့ဖူးသည်။ ထိုစဉ်အချိန်က မန္တလေးအခြေစိုက် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် ဝန်ထမ်းဖြစ်ခဲ့သူ ကျွန်တော်သည်လည်း ဟိုတယ်တစ်လုံးကို တည်ဆောက်ရေးလုပ်ခဲ့ဖူးသည်။ ဟိုတယ်သည် နိုင်ငံတကာ ဧည့်သည်များ ဝင်ရောက်မှုများပြားသည့် ပုဂံဒေသတွင် တည်ဆောက်ရခြင်းဖြစ်၏။ ပုဂံမြို့ဆိုသည်ကလည်း မြို့သစ်အဖြစ် စတင်တည်ထောင်စအချိန်ဖြစ်သည်။ ထိုမြို့သစ်၏ မြေကွက်များသည် အချို့မှာ နေအိမ်တည်ဆောက်ထားလျက် လူမနေသေး။ အချို့သည်လည်း မြေကွက်သာရှိ၍ နေအိမ်ပင်တည်ဆောက်ထားခြင်းမရှိ။ မြေကွက်အလွတ်များကို ပေါင်းကာ လုပ်ငန်းရှင်တို့က ဟိုတယ်ဆောက်ကြသည်။ ထိုအချိန်များက ကျွန်တော်ရောက်ခဲ့ဖူးသော အိမ်တစ်လုံး၏ အခန်းငယ်တစ်ခုသည် ဟိုတယ်တည်ဆောက်ရေး[illegible]သားတို့ ငှားရမ်းနေထိုင်ခဲ့သော အိမ်ကလေးတွင် ရှိခြင်း ဖြစ်သည်။

'အာစရိရေ..ညနေဘက်ကျရင် ကျွန်တော်တို့ အိမ်ဘက် လျှောက်ခဲ့ပါဦး'

မီးဆရာမောင်တင်က တစ်ရက်တွင် ထိုသို့ပြောသည့်အခါ အစီအစဉ်တစ်ခုခု ရှိနေသည်ဟု ခန့်မှန်းမိသည်။ ထိုနေ့က မန္တလေးမှ ပြန်ရောက်လာသူ မောင်တင်သည် လုပ်ငန်းနှင့်ပတ်သက်၍လည်း ငွေထုတ်ထားချိန် ဖြစ်လေ၏။

'ဘာအစီအစဉ်တွေ ရှိနေလို့တုံး'

'အစီအစဉ်လား၊ တစ်လုံးဝယ်ထားတယ်။ ထမင်းလည်း ချက်မယ်လေ'

မောင်တင်သည် ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းခွင်တွင် လျှပ်စစ်မီးသွယ်တန်းသူ ကန်ထရိုက်တာဖြစ်၏။ သူ၏ ဆရာဖြစ်သူမှာလည်း မန္တလေးမှ တစ်နှစ်စော၍ ကျောင်းဆင်းခဲ့သူ သူငယ်ချင်းတစ်ဦးသာဖြစ်သည်။ ညနေဘက်တွင် သူငယ်ချင်းဖြစ်သူမှာလည်း ပုဂံမြို့သို့ ရောက်လာမည်ဖြစ်သည်။ ထိုအချက်များကြောင့် မောင်တင်သည် စီစဉ်ထားသည်ကို ကြိုတင်၍ပြောခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့ပြောထားခြင်း မရှိပါကလည်း ကျွန်တော်သည် တွေ့ရာလူနှင့် ကြုံရာဆိုင်တွင် ထိုင်တတ်သူ ဖြစ်သည်။

မောင်တင်နှင့် အဖွဲ့သားများ ပုဂံမြို့သို့ ရောက်လာသည့်ရက်က ဟိုတယ်သည် အဖြူထည်တည်ဆောက်ရေးလုပ်ငန်းများပင် ပြီးစီးနေပြီဖြစ်သည်။ လက်စသိမ်းလုပ်ငန်းများ စတင်နေချိန်ဖြစ်၍ ပရိဘောဂသမားများ၊ ဆေးသုတ်သမားများ စသည်အားဖြင့် ရှုပ်ထွေးနေလေရာ နေထိုင်စရာပင် ဖန်တီးမပေးနိုင်ခဲ့ချေ။ ထိုရက်များက နေစရာရှာနေရင်း ထိုအိမ်ကလေးကို သူတို့တွေ ငှားရမ်းခဲ့သည်။ ရောက်ပြီးသည်၏ တစ်လခန့်တွင်မှ ထိုအိမ်သို့ လာရောက်ဖိတ်ကြားခြင်း ဖြစ်တော့၏။ ထိုအိမ်ကလေးသည် ပုဂံမြို့ကို တောင်-မြောက်သွားနေသည့် လမ်းအရှည်တစ်ခု၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ အိမ်ငှား၍ နေထိုင်သော မောင်တင်တို့အုပ်စုသည် လူငယ်များချည်းဖြစ်လေရာ လွတ်လပ်ပျော်ရွှင်ဖွယ် ဖြစ်ပေလိမ့်မည်။ သို့သော်..။

◆◆◆

'ဟာ..အာစရိ၊ တစ်ယောက်တည်း လာတာလား။ ကျွန်တော် လာသေးတယ်။ ခြင်းခတ်နေတာတွေ့လို့ ခေါ်မလာခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းအတွင်း လှမ်းဝင်လိုက်စဉ်မှာပင် မောင်တင်က ဆီးကြိုကာ နှုတ်ဆက်သည်။ မောင်တင်သည် အိမ်၏ အပေါ်ထပ်ရှိရာသို့ ခေါ်သွားလေသည်။

'အောက်ထပ်မှာ မလုပ်ဘူးလား'

'အောက်ထပ်မှာ နေစရာမရှိဘူးလေ။ မြေကြီးပေါ် ဖြစ်နေမှာ အာစရိ'

မောင်တင်က လှေကားပေါ်တက်ရင်း အောက်ထပ်ကို လက်ညှိုးထိုး၍ ပြောသည်။ သူတို့အုပ်စုတစ်ခုလုံး အပေါ်တွင်သာ နေကြဟန်ရှိ၏။ အောက်ထပ်တွင် လျှော်ဖွပ်ထားသည့် အဝတ်များ လှမ်းထားလေသည်။ စားပွဲ ကုလားထိုင်ပင် မရှိလေသော အောက်ထပ်သည် ယာယီ နေထိုင်သူများအတွက် လိုအပ်မှုမရှိလေဟန်။ အပေါ်ထပ်တွင် ကြမ်းတစ်ပြေးတည်း ခင်းထားသည့် အိပ်ရာများကို တွေ့ရသည်။ ထိုအိပ်ရာများ၏ဘေးတွင် ပုလင်းတစ်လုံးနှင့် စားသောက်ဖွယ်ရာတို့ကို ပြင်ဆင်ထားလေ၏။ ထိုအနီးတွင် ထိုင်နေသူ ဦးကျော်က နှုတ်ဆက်သည်။

'လာဗျာ၊ ကျွန်တော်က မျှော်နေတာကြာပြီ'

'ခြင်းလုံးကစားနေတာကြောင့် မိုးချုပ်သွားတယ်ဗျာ'

အနည်းငယ် မှောင်ရီသန်းနေပြီ ဖြစ်သည့်အတွက် ဖယောင်းတိုင်မီးအချို့ကို ထွန်းထားလေသည်။ အိမ်ကလေးသည် လျှပ်စစ်မီးပင် သွယ်တန်းထားခြင်းမရှိသေး။ အိမ်ရှင်များသည် နေထိုင်နိုင်ခြင်း မရှိသေး၍ အိမ်ဖြစ်ရုံမျှသာ ဆောက်ထားပုံရလေ၏။ ကိုကျော်သည် လျှပ်စစ်မီးသွယ်တန်းသည့် ကန်ထရိုက်တစ်ဦးဖြစ်သော်လည်း မီးမရှိသည့် ထိုအိမ်ကို ငှားထားသည်က နေစရာအခက်အခဲကို တွေးကြည့်နိုင်ပေသည်။ ကိုကျော်သည် အမြဲရှိနေမည် မဟုတ်သော်လည်း မောင်တင်နှင့် ကျန်လူငယ်များက လုပ်ငန်းပြီးသည်အထိ ရှိနေရပေမည်။ သို့သော် သူတို့တွေ နေထိုင်ရမည့် အိမ်ကလေးသည်ကား အခက်အခဲက ရှိနေပေသည်။

မောင်တင်မှ ဦးဆောင်၍ ဖန်ခွက်ကလေးများတွင် အရည်ထည့်ကာ ကမ်းပေးသည်။ လူငယ်အချို့က မသောက်တတ်ကြ။ သုံးလေးဦးသာ သောက်ကြရတော့သည်။ ပထမအကြိမ် အရက်ခွက် ကိုယ်စီမော့သောက်ချိန်တွင် အသံတစ်ခု ကြားကြရသည်။

'ခလွမ်'

'ဘာသံလဲ'

အသံကြားလိုက်၍ မေးသည့်အခါ မောင်တင်က ပြောသည်။

'ဖန်ခွက်ချင်း တိုက်မိသွားတာပါ။ အေးအေးဆေးဆေး သောက်ပါ အာစရိ'

'ဒီမှာတော့ မတိုက်မိပါဘူး။ အသံကြားတာ အောက်ဘက်က မဟုတ်လား'

'ဘေးအိမ်က ထင်တယ်ဗျ။ နီးနေတာဆိုတော့ ကြားရမှာပေါ့'

မောင်တင်ပြောသည်ကို လက်ခံ၍မရ။ အိမ်ချင်းနီး နေသည် မှန်သော်လည်း အသံလာရာကို မှန်းဆ၍ရ သည်မဟုတ်လား။ သို့သော် နေအိမ်၏ အောက်ထပ်၌ လည်း မည်သူမျှမရှိပေ။ အားလုံးသည် အပေါ်ထပ်၌ သာ ရှိနေကြသည်။ အလုပ်ကိစ္စအပြင် အခြားသော အကြောင်းများကို ပြောကြရင်း မေ့သွားကြတော့သည်။ အကြမ်းပန်းကန်ဖြင့် ထည့်ထားသောအရက်ကို နှစ်ခွက် မျှ ကုန်သွားကြသည့်အခါ လူငယ်အချို့သည် ... လျှောက်ကာ ထွက်သွားကြလေသည်။ ထိုလူငယ်များ အရက်မသောက်ကြ။ လက်ဖက်ရည်ဆိုင်သို့ သွားကြ ဟန်ရှိ၏။ ထိုအခါတွင်မှ မောင်တင်က ပြောသည်။

'အာစရိကြားတာ ဟုတ်တယ်ဗျ။ ကလေးတွေ ... လို့ မပြောသေးတာ'

'အောက်ထပ်က အသံကို ပြောတာလား'

'ဟုတ်တယ်။ မကြာခဏ အဲသလို အသံ... ကြားရတတ်တယ်။ လူကိုတော့ ဒုက္ခမပေးပါဘူး'

'ဩော်..မင်းတို့ နေတတ်လို့ တော်သေးတာ... ငါဆိုနေမှာ မဟုတ်ဘူး'

'ကြောက်စရာတော့ မဟုတ်ပါဘူး။ ထင်ယောင်... များလည်း ဖြစ်ချင်ဖြစ်မှာလေ'

မောင်တင်ပြောသည်ကို နားထောင်ရင်း အနည်း... တော့ ကျောချမ်းမိသည်။ ထိုညက အရက်သောက်... မကြာခဏ ထ၍ကြည့်မိကြသည်။ သို့သော်လည်း ... အတွင်း၌ ပကတိမြေတလင်းမျှသာ တွေ့ရသည်။ ... သူများ မေ့လျော့စပြုသည်နှင့် အသံတစ်ခုခုကြား... လက်နှိပ်မီးဖြင့် ထကြည့်လျှင်လည်း ဘာကိုမျှ... မရ။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ခုကို ပွတ်တိုက်...



www.burmeseclassic.com

www.burmeseclassic.com

မျိုး တက်ကြွကြွ မြည်နေတတ်သည်။ တစ်စုံတစ်ဦးသည် အလုပ်တစ်ခုခုကို လုပ်နေပုံမျိုးဖြစ်၏။ အသေအချာနား ထောင်ကြည့်လျှင် ဝေးသွားသည့်လက္ခဏာမျိုးဖြစ်သည်။

တစ်ချက်,တစ်ချက်တွင်တော့ တစ်ခုခုကို ထုရိုက်နေသံမျိုး အိမ်တွင်းရှိနေသူများ ကြားနိုင်ရုံမျှသာ။ သို့သော် မည်သည့်အရာကို ထုရိုက်နေသည်ဟု စိစစ်ဝေဖန်ရန် အသေအချာနားထောင်မိလျှင် ရပ်သွားပြန်သည်။ ထိုသို့ မရပ်လျှင်လည်း ဝေးသွားသည့် လက္ခဏာမျိုး ဖြစ်ပြန်သည်။

'လူခြေတိတ်သွားတဲ့အခါ ဒီအသံတွေ ကြားရသလား ဗျ'

'မကြားရဘူး အာစရိ။ အခုလို ညမနက်ခင်လေးပဲ ကြားရတာ'

'ဒါဆိုရင်တော့ စဉ်းစားလို့ရသွားပြီ။ ဒီအိမ်အနီးအနားမှာ မြေအနေတာမျိုး ရှိလိမ့်မယ်ဗျ'

'မြေက အ,နေတာ ဘယ်လိုလဲ'

'မြေအတယ်ဆိုတာက ဒီမြေပေါ်ကို အသံဖြတ်သွားရင် တစ်ဖက်ကို ရောက်ချင်မှရောက်တာ။ အကြောင်းတစ်ခုခုသင့်ရင်တော့ ရောက်သွားတတ်တယ်။ ရွာတွေမှာ အသံချဲ့စက်ဖွင့်ကြတဲ့အခါ ဒီမြေမျိုးရှိတဲ့အခါဆိုရင် နီးနေပါလျက် မကြားရတတ်တာမျိုး ရှိတယ်ဗျ'

'သြော်..ဟုတ်ပြီဗျာ။ ဘေးမှာ တစ်အိမ်အိမ်က အလုပ်လုပ်နေတာကို လေသင့်တာမျိုးမှ အသံက ရောက်လာတတ်တာ ဖြစ်မယ်ထင်တယ်'

'ဟုတ်တယ်။ ဒါက အနီးအဝေးကြောင့် ဖြစ်ရတာ ထင်တာပဲ'

ထိုညက အတော်ညဉ့်နက်လေမှ မောင်တင်တို့နှင့် လမ်းခွဲကာ ပြန်လာခဲ့သည်။ ကျွန်တော်တို့တွေ အဖြေရှာ၍ ရလာခဲ့သော်လည်း အိမ်ရှင်များသည်ကား အဖြေရှာ၍ ရချင်မှ ရကြပါလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် ထိုအိမ်ကလေးတွင် သော့ခတ်ထားသည့်အခန်းငယ် ရှိလျက် နေခြင်းကြောင့် ဖြစ်သည်။

မောင်လှ


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

ဗေဒင်မေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

**အခန်း(၄)၊ အနောက်ဘက်မုခ်၊ မြသော့နစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၇၅၈၂၇**





# ဒေါက်တာယတြာဆေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ခတ်ရိုက်၊ ခတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

**ကြိုတင်**

**ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၁၇၃၅**


www.burmeseclassic.com

www.burmeseclassic.com

(၁၃၁၃)ခုနှစ်။ တန်ဆောင်မုန်းလပြည့်နေ့က ဖြစ်သည်။

နံနက်ခုနစ်နာရီခန့်တွင် လှေကြီး ရှစ်လံနှစ်တောင်နှင့် ဦးစီး၊ တက်မကိုင်၊ လှေထိုးသားငါးဦးတို့ စပါးဟောင်းများကို ဝယ်ယူပြီး ရမ်းဗြဲမြို့နယ်၊ ရမ်းဗြဲချောင်း စိုင်းကုန်းမော် ရေတံခါးဝမှ စစ်တွေမြို့သို့ စပါးရောင်းရန် ထွက်လာကြသည်။

ထိုစဉ်က ရမ်းဗြဲတစ်ကျွန်းလုံးတွင် စပါးစက်၊ ဆန်စက်မရှိ။ စပါးကို နှီးဆုံ၊ သစ်သားဆုံများနှင့်သာ ဆန်ဖြစ်လာရန် စပါးကို ကြိတ်ဆုံနှင့် ကြိတ်ကြရသည်။ စစ်တွေမြို့၌မူ ဆတ်ရိုးကျချောင်းတစ်လျှောက်၌ စပါးစက်များ အများအပြားပင်ရှိ၏။ ထို့ကြောင့် ရမ်းဗြဲသား၊ ကျွန်းစဉ်သား၊ တောင်စဉ်သားတို့သည် မိမိဝမ်းပိုလျှံသော စပါးများကို စစ်တွေမြို့၌သာ သွားရောင်းကြရသည်။

ဤနေရာတွင် ယခင်က မြန်မာနိုင်ငံ၌ စပါးမည်မျှ ပေါများသည်ကို ရခိုင်တွင် တိုင်းမင်းကြီး လုပ်သွားသော ဆရာဦးထင်ဖတ်(မောင်ထင်)က (၁၉၇၆)ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာ၌ ယခု မြန်မာတစ်နိုင်ငံလုံးက နိုင်ငံ

# မုန်တိုင်းခေါ်၍ စွယ်တော်ဖူးခဲ့ရခြင်း





www.burmeseclassic.com

www.burmeseclassic.com

ခြားကို ရောင်းရသော စပါးများသည် ယခင်က စစ်တွေ တစ်ခရိုင်လုံးက ရောင်းရသော စပါးနှင့် ညီမျှသည်ဟု ရေးသားခဲ့သည်။

ရမ်းဗြဲကျွန်းမှ စစ်တွေမြို့သို့ စပါးရောင်းရန် ရှစ်လုံးနှစ်တောင် လှေကြီးနှင့် ထွက်လာကြသူများထဲတွင် ဦးစီးလှေသူကြီးက ဦးယိုင်သာအောင်၊ တက်မကိုင်က ဦးထွန်းကြိုင်(၃၆ နှစ်)၊ ကင်းကုန်းတောင်တန်းကျေးရွာမှ မောင်ဦး(၂၀ နှစ်)၊ လောင်းချိန်ကျေးရွာမှ မောင်ကြောင်ချေ(၂၄ နှစ်)၊ ကုန်ဘောင်ရွာ မောင်လှပု(၁၀ နှစ်)၊ ကျောက်ချောင်းကုန်ဘောင်ရွာမှ ကြွင်းကျန်(၂၅)နှစ်တို့ ဖြစ်ကြသည်။

စစ်တွေနှင့် ရမ်းဗြဲ ရေကြောင်းခရီးမှာ စပါးကြီးတွင် တစ်ည၊ ဝန်ဖိတ်တွင် တစ်ည၊ နွားရုံတောင်မှာ တစ်ည၊ မြေပုံမှာ တစ်ည၊ ပေါက်တောမှာတစ်ည၊ ခြောက်ရက်ငါးညကြာမှ စစ်တွေမြို့ကို နံနက်(၄)နာရီခန့်တွင်ရောက်သည်။ ဖက်စပ်စပါးအဝယ်ဒိုင်မှာ ဆတ်ရိုးကျချောင်းကမ်းပါးတွင်ရှိသဖြင့် ဆတ်ရိုးကျချောင်းသို့ ဝင်လာကြရသည်။ ဂိုထောင်ဆိပ်ကို ရောက်သောအခါ သူတို့လှေတွင် ပါလာသော စပါးဟောင်း(၃၀၀၀)ကို ရောင်းချကြသည်။

ငွေပေါ်ပြီးဖြစ်သဖြင့် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြ၏။ မိသားစုများအတွက် အိမ်ပြန်လက်ဆောင် ဝယ်ကြသည်။ စစ်တွေမြို့တွင် လည်ပတ်ကြပြီး (၁၃၁၃)ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်တွင် မိမိအရပ်



www.burmeseclassic.com

ပြန်ကြရန် ကြွေချိုင်ပေါက်ဆံတော်ရုံတွင် လှေကျောက်ချပြီး ဒီရေ အတက်အကျစောင့်ကာ တစ်ညနားကြသည်။

ကြွေချိုင်ပေါက်တွင် သူတို့ကဲ့သို့ စပါးရောင်းပြီး အပြန် ကျောက်ချရပ်နားနေသော လှေကြီးတစ်စင်း တွေ့သဖြင့် လှမ်းအော်မေးကြည့်ရာ ရမ်းဗြဲကျွန်း သံတောင်နယ် သလူမော်ရွာက ဦးယောင်းချေတို့လှေဖြစ်ကြောင်း သိရသည်။ သူတို့လှေမှာ လက်တောင်လေးဆယ်လှေ ဖြစ်သဖြင့် လူ(၁၁)ယောက် ပါသည်။

အိမ်ပြန်ခရီးတူ တစ်ကျွန်းတည်းသား ရွာနီးချုပ်စပ်သားတွေ ဖြစ်ကြသဖြင့် အဖော်ရသည်ဟု အားလုံးဝမ်းသာသွားကြ၏။ သည်လိုနှင့် အပြန်ခရီးကို စတင်လိုက်ကြသည်။

များမကြာမီ လေကြောင်းပြောင်းသွားပြီး ကမ်းခွာလေဟု သူတို့ခေါ်သော အရှေ့ဘက်မှ လေတိုက်စပြုလာသည်။ လှေနှစ်စင်းရှိ ဦးစီးနှင့် တက်မကိုင်တို့က သတိပြုမိလိုက်ကြသည်။ သို့သော် ညကြီးမှောင်ကြီးဖြစ်နေ၍ လှေနှစ်စင်းမှာ တစ်လှေနှင့်တစ်လှေ လှမ်းအော်သတိမပေးမိကြသေး။ ဤလေမျိုးသည် လေနီကြမ်း၊ မုန်တိုင်းတို့၏ ရှေ့ပြေးလေလား ဆိုသည်ကိုတော့ သံသယဝင်နေကြပြီ။

သူတို့မှာ ဤသို့ပင် အခေါက်ခေါက်အခါခါ စပါးရောင်းအသွားအပြန်ကို နှစ်စဉ်လိုလို သွားလာနေကြသူတွေဖြစ်သဖြင့် မြစ်ရေ၊ လေလှိုင်းနှင့် သမုဒ္ဒရာတို့၏အသွားကို ကျွမ်းပြီး သိပြီးသူများ ဖြစ်ကြသည်။

မိုးလင်း နံနက်ထ ဖရုံကာကျွန်းဝသို့ လှေနှစ်စင်းရောက်လာကြသည်နှင့် မကြာလိုက်ပါ အရှေ့လေတိုက်နေရာမှ ဆင်ခေါင်းလေ ကမ်းခွာလေဟု သူတို့ခေါ်သော အရှေ့မြောက်လေ တိုက်ခတ်လာလေသည်။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံး ချက်ချင်း မိုးရိပ်မိုးတိမ်များနှင့် ပြည့်နှက်လာသည်။ မိုးရိပ်မိုးသားများကို ခွဲဆင်းသွားသော လျှပ်စစ်စီးကြောင်း တဝင်းဝင်းတလက်လက်ကိုလည်း မြင်လာကြရသည်။ မကြာပါချေ၊ မုန်တိုင်းစတိုက်လာတော့၏။

ပင်လယ်သမုဒ္ဒရာတို့ကား အပြောင်းအလဲမြန်လွန်းလှသည်။ ခုနီလို့ ခုဝါတယ်၊ ပြာချင်ပြာ မှိုင်းတော့အချို့ ဆိုသလို သူတို့ ရေလမ်းသွား ခရီးသွားများ၏ စိတ်မချရပုံကိုလည်း ရှေးပညာရှိများက စစ်ထွက်ယောက်ျား၊ မြွေ သမားနှင့်၊ ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကဘယ်ခါမချရာဘူးဟု မှတ်တမ်းပြုထားခဲ့ကြသလိုပင် စစ်တွေ ကြွေချိုင်ဝက သူတို့ ထွက်လာစဉ် အလွန်သာသာယာယာရှိလှသော မဟာသမုဒ္ဒရာ ဘင်္ဂလားပင်လယ်အော်ကြီးမှာ ယခုအခါ မုန်တိုင်းဆင်နေလေပြီ။

သူတို့မှာ လှေဦးကို ကမ်းဘက်သို့ လှည့်မရတော့ နတ်တော်လဆန်း(၉)ရက်မှာတော့ သမုဒ္ဒရာနှင့် မိုးကောင်းကင်တို့ တစ်ဆက်တည်း တစ်စပ်တည်း မိုးမှောင်ကြီးကျသွားရာ သူတို့ရောက်နေသောနေရာမှာ ကျွန်းသာကျွန်းနှင့် တည့်တည့်ဟုသာ ခန့်မှန်းနိုင်ကြတော့သည်။

တဖြည်းဖြည်းနှင့် လှေနှစ်စင်းမှာ မုန်တိုင်းခေါ်ရာနောက် လွင့်ပါလာကြရာ ရမ်းဗြဲကျွန်းနှင့် ဝေးသထက်ဝေးသွားလေပြီ။ မိမိတို့ ရမ်းဗြဲကျွန်းကို လုံးဝကြည့်မမြင်ရတော့ဘဲ တောင်စဉ်ကမ်းဘက်က ရခိုင်ရိုးမကြီးလားဟုသာ ခန့်မှန်းနိုင်ကြသော အရိပ်တောင်၊ အရိပ်တန်းများကို လှမ်းမြင်ကြရတော့သည်။ ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း ဘယ်နေရာကြည့်ကြည့် အရပ်ရှစ်မျက်နှာတို့မှ လှိုင်းလုံးကြီးများ၏ထိပ်က ဖြူဖွေး(ဝါပွင့်ကြီး)နေသော အဖြူကွက်ကြီးများကိုသာ အမှောင်ထဲမှာ မြင်နေကြသည်။

နတ်တော်လဆန်း (၉)ရက်နေ့က လှေနှစ်စင်းမှာ မဝေး၍ ရှိနေသဖြင့် စကားလှမ်းအော်ပြော၍ ရကြသေး၏။ ဆယ်ရက်ည တစ်ညလုံးမှာ မုန်တိုင်းဒဏ်ကို အသေအလဲ ခံကြရသဖြင့် (၁၁)ရက်နေ့နံနက်မှာ အတူယှဉ်လွင့်ပါလာကြရသော ဦးယောင်းချေတို့ လှေကြီးကို မမြင်ရတော့။ ဦးယိုင်သာအောင်တို့က ဦးယောင်းချေတို့လှေကြီး အဝေးကို လွင့်ပါသွားသဖြင့် မမြင်ရတော့ဟု ထင်လိုက်ကြသည်။

'ဟေ့...ဟေး...လေက ပိုပြင်းလာတယ်။ ဦးယောင်းချေတို့လှေလို တို့လှေလည်း ကမ်းနဲ့ သိပ်အဝေးကြီးရောက်သွားရင် ခက်မယ်။ ရေပုံးတွေ၊ ထင်းစည်းတွေကို ကြိုးချည်ပြီး ပစ်ချကြ'ဟု ဦးယိုင်သာအောင်က ပြောသတိပေးသဖြင့် လှေထိုးသားတွေက ရေပုံးရေစည်ပိုင်းကြီးတွေ၊ ထင်းပေါက်စည်းတွေကို ကြိုးချည်၍ ရေထဲ ပစ်ချကြသည်။

ဤသို့ လုပ်ကြရသည်မှာ လှေပဲ့ပိုင်း မြောက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး လှေမှောက်မသွားအောင် အလေးဆွဲကြရခြင်းဖြစ်သည်။ မုန်တိုင်းထဲ၌ ရှစ်လံနှစ်တောင်လှေမှာ ရေပြင်ပေါ်၌ ကဆုန်ပေါက်နေသည်။ လှေသမားများမှာလည်း ပင်လယ်ထဲ ကျမသွားအောင် ပေါင်းမိုးဝါးလုံးများကို မြဲမြဲဆုပ်ကိုင်ထားကြရသည်။ ဦးထွန်းကြိုင်(ပွဲကိုင်)မှာလည်း ရှေ့ကြိုး၊ နောက်ကြိုး၊ ဗျန်တောင်၊ နပျံဂဠုန်တောင်ပံကြိုးတွေနှင့်လည်း လှေကြီးကို ထိန်းမရတော့။

နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း မုန်တိုင်းထဲတွင် နေလကို မမြင်ရသလို လှေကြီးပေါ် ထမင်းချက်စား၍လည်း မရသဖြင့် စစ်တွေက အိမ်အပြန် လက်ဆောင်ဝယ်လာကြသော မုန့်ပဲသရေစာများကိုစားပြီး နေနေကြရသည်။

နတ်တော်လဆန်း (၇)ရက်နေ့မှသည် နောက်(၇)ရက်လုံးလုံး ပင်လယ်ပြင်တွင် မုန်တိုင်းမစဲသေးသဖြင့် အရပ်ရှစ်မျက်နှာကိုလည်း ဘယ်ကားရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်စိတ်စော၊ ကြံတိုင်းမောစွ ဖြစ်နေကြ၏။ ဘယ်တိုင်းပြည် ဘယ်ကို ရောက်မှန်းလည်း မသိနိုင်ကြတော့။

ထို့ကြောင့် ဦးစီး ဦးယိုင်သာအောင်က-

'ငါတို့တော့ အိမ်ပြန်ရောက်ကြမှာ မဟုတ်တော့ဘူး မောင်တို့။ ဒီသမုဒ္ဒရာထဲမှာ ငါးမန်းစာ၊ မကန်းစာ ဖြစ်ပြီး သေကြရတော့မယ် ထင်တယ်။ သေရမယ့်အတူတူ အနန္တောအနန္တငါးပါးဂုဏ်ကိုသာ အမြန်အာရုံပြုကြပါတော့။ ဒါမှလည်း သေတဲ့အခါ ကောင်းရာသုဂတိ ရောက်နိုင်ကြမယ်'ဟု ပြောပြီး သူလည်း အာရုံပြု ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ တတ်သမျှ မှတ်သမျှ ရွတ်ဆိုကာ အာရုံပြုနေကြရသည်။

ဦးယိုင်သာအောင် ပြောသလို သမုဒ်မြစ်ကူး၊ တွင်း ူးတစ်ချက်၊ ထန်းတက်ယောကျ်ား၊ ဆင်သမားနှင့်၊ မင်း ါးနေသူ၊ ကိုယ်ဝန်ယူ၊ သေသူခြောက်ယောက်၊ စာရင်းပေါက်နေကြရာက အနန္တောအနန္တငါးပါး တန်ခိုးကြောင့် ူ ယုံကြည်ကြရမည်။

နောက်တစ်နေ့မှာ မိုးလေပါ ငြိမ်သွားသည်။ ကောင်းကင်မှာ ကြယ်လတွေကို မြင်ကြရသဖြင့် လူတွေမှာ အတိုင်းမသိ ဝမ်းသာသွားကြသည်။ သို့သော် ဘယ်ကို ရောက်နေမှန်း မသိကြသေး။ လူတွေမှာ စိတ်နည်းနည်းဖြေသာ သက်သာသွားကြသဖြင့် အစားအသောက်ကို သတိရကာ ဆန်နို့ဆီဘူး(၃၂)လုံးခန့် အကျန်ထဲက လက်နှစ်ဆုပ်ကို ဆန်ပြုတ်(ကစီရည်) ကျိုသောက်ကြသည်။

လေတိုက်နေသည်ကို သတိထားကြည့်ကြရာ အရှေ့မြောက်လေ(ဟောဝန်လေ) ကျလာ၏။ ရေစီးကြောင်းက တောင်ဘက်ကို ဆွဲနေသည်။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် သဘောနှင့် ရေစုန်ကို လေဖွင့်ပြီး နေ့ရော ညပါ ရွက်တင်ထားလိုက်ကြသည်။

ဤသို့နှင့် (၁၃)ရက်အကြာမှာ သောက်ရေနှင့် ကစီရေ(ဆန်ပြုတ်)ကိုပင် မသောက်ကြရတော့။ သေမည့်ရက်ကိုသာ စောင့်ကြရတော့မည်ဟု ညည်းညူကြသောအခါ တက်မကိုင်က လေးထောင့်သံပုံး တစ်လုံးနှင့် ရေပေါင်းတင် သောက်ကြရန် အကြံပြုသဖြင့် ထမင်းချက်ဒန်အိုးကြီးတစ်လုံးကို ရေခံအိုးလုပ်ပြီး အပေါ်က အဖုံးအုပ်ကာ ပေါင်းတင်ရေကို မှုတသောက်ကြရ၏။

သို့သော် ဤသမုဒ္ဒရာထဲ၌ပင် သေကြရတော့မည်ဟု ယုံကြည်နေကြသဖြင့် မိမိတို့တွင် ပါလာကြသော ငွေ(၄၀၀၀)ကျပ်ကို သံပုံးတစ်လုံးထဲ ထည့်ကြသည်။ 'ဤငွေ(၄၀၀၀) ကို ရရှိသူသည် သုံးပုံတစ်ပုံကို လိုရာသုံးစားပြီး ကျန်နှစ်ပုံကို ကင်းကုန်တောင်တန်းရွာ ဦးစီးမှူးမိန်းမထံ ပေးပါလေ'ဟု စာရေးကာ သံပုံးကို အလုံပိတ်ပြီး သမုဒ္ဒရာထဲ ပစ်ချလိုက်ကြသည်။

သူတို့ ထင်သလို သံပုံးရသူက ဆောင်ရွက်လျှင် သမုဒ္ဒရာမုန်တိုင်းထဲ သေသွားကြသော သူတို့အတွက် အလှူလုပ် အမျှဝေလိမ့်မည်ဟူသော ရည်ရွယ်ချက်ပင်။

ဤသို့ဖြင့် ပေါင်းရေသောက်ပြီး ဘုရားတရားအာရုံပြုကာ နေကြစဉ် ခုနစ်ရက်အကြာတွင် ပင်လယ်စင်ရော် (စန္ဒရားခိ) အကောင်တစ်ရာခန့်တို့သည် လှေထဲရှိ လူတွေ၏ ပခုံးပေါ် လာနားကြ၏။ ထိုငှက်များကို မည်သူတစ်ဦးတစ်ယောက်ကမျှလည်း ဖမ်းသတ်စားသုံးရန် စိတ်မရှိကြသလို ဦးစီးခေါင်းဆောင် နှစ်ယောက်ကလည်း ဖမ်းသတ်မစားကြရန် သီလနှင့်နေကြရန် ဆုံးမစကားပြောသဖြင့် ဖမ်းသတ်မစားကြ။ ထိုပင်လယ်စင်ရော်ငှက်များသည် မကြာမီ ပျံသွားကြပြီး မကြာမီ တစ်ခါထပ်လာ၍ ပခုံးပေါ် လာနားကြပြန်၏။

ဤသည်ကိုလည်း ဦးစီး ဦးယိုင်သာအောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တက်မကိုင် ဦးသွန်းကြိုင်တို့က-

"အဓောင်တို့--မဆန်းပေဘူးလား။ ပျံသွားတဲ့ငှက်တွေ တစ်ခါပြန်လာပြီး နားကြတာဟာ နတ်ဒေဝတာများက ဖန်ဆင်းပြီး ငါတို့စိတ်ကို စမ်းတာပဲဖြစ်မယ်။ ငှက်တွေကို သတ်စားဖို့ စိတ်မကူးကြပါနဲ့။ သီလနဲ့ပဲ နေကြပါ" ဟု သတိပေးကြပြန်သည်။

အမှန်လည်း ဖြစ်နိုင်သည်မှာ အားလုံး ယုံကြည်ကြ၏။ အံ့သြစရာလည်းကောင်း၏။ မုန်တိုင်းကျပြီးသွားသော သမုဒ္ဒရာထဲတွင် အရပ်ရှစ်မျက်နှာမှာလည်း ဘယ်နေရာကြည့်ကြည့် ရေပြင်ကျယ်ကြီးနှင့် မိုးကုပ်စက်ဝိုင်းတို့သာ ထိစပ်နေသော သမုဒ္ဒရာထဲတွင် ဤငှက်များ ဘယ်က ရောက်လာကြပါလိမ့်။

ထိုသို့ပြောဆို တွေးတောနေကြချိန်မှာပင် ယခင်နှစ်ခေါက်ကအတိုင်း တစ်ဖန်ပြန်ပြီး လှေတို့၏ ပခုံးပေါ်၊ ရွက်တိုင်ပေါ်၊ မီးဖိုဆောင် အမိုးပေါ်တို့၌ အုပ်လိုက်လာနားနေကြပြန်သည်။ သုံးကြိမ်သုံးခါ သူတို့၏ သီလစိတ်ကို လာစမ်းကြခြင်းဟု ယုံကြည်ကြ၍ တစ်ကောင်တလေသော ငှက်ကိုမျှ မဖမ်း မသတ်ကြ။ ပခုံးပေါ် လာနားကြသည်ကိုပင် ငြိမ်ခံနေကြ၏။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ပင် မကြာ ထိုငှက်စင်ရော်အုပ် ထပျံသွားကြပြန်၏။

စင်ရော်ငှက်တွေ ပျံသွားပြီး မိုးချုပ်သွားသောအခါ ညညကျလျှင် ပင်လယ်သမုဒ္ဒရာ ရေပြင်ပေါ် ရှပ်ပြေးခုန်ပျံတက်ကြ၊ မြူးထူးပျော်ပါးတတ်ကြသော ငါးပျံခေါ် ငါးအကောင် သုံးဆယ်လောက်သည် လှေကြီးထဲကို ခုန်ပျံကျရောက်လာကြပြန်သည်။ ညကြီးမှောင်ကြီး ခုန်ပျံကျရောက်လာကြသော ငါးပျံများကိုလည်း သစ္စာအဓိဋ္ဌာန်ပြု၍ "ဤငါးတွေကို ပြန်လွှတ်ရသလို ဤသမုဒ္ဒရာကြီးထဲ ငါတို့လည်း လွတ်ပါစေ၊ ကယ်မ,မည့်သူတွေနှင့် မကြာမီ တွေ့ရပါလို၏" ဟု ဆုတောင်းကြကာ ငါးပျံတွေကို တစ်ကောင်ချင်း ကောက်ပြီး ပင်လယ်ထဲ လွှတ်ချကြသည်။

ဤသို့သော အဓိဋ္ဌာန်ကြောင့် မကြာမီ ကမ်းကို ရောက်ကြရတော့မည်ဟု ယုံကြည်စိတ်နှင့် မိုးပေါ်က အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို ညွှန်ပြနိုင်သော မြောက်မှာ ဓူဝံ၊ တောင်မှာ ကွန်ချာ ကြယ်နှစ်လုံးကို ရှာ ကြည့်ကြသည်။ လှေမျောလာသည်မှာ ကြာပြီဖြစ်သဖြင့် မိုးပေါ်က ကြယ်တွေကိုကြည့်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် မသိအောင် မျက်စိလည်နေကြသည်။ ဓူဝံနှင့် ကွန်ချာ ကြယ်ကို ရှာမတွေ့ကြလျှင် ကြတ္တိကာ ကြယ် ခုနစ်သွယ်၊ ကြက်ငယ်စုသလိုဟု သူတို့ ဘုန်းကြီးကျောင်းသားဘဝတုန်းက ဘုန်းတော်ကြီး ည,ည မိုးပေါ် ကြည့်ခိုင်း၍ သင်ပြတတ်သော ဖျောက်ဆိပ်ခေါ် ကြ ကာကြယ်ကို မော့ရှာကြည့်ကြပြန်၏။ မမြင်ရ။ ခုနစ်စင် ကြယ်ပြောင် အမြီးထောင် သန်းခေါင်သန်းလွဲမှတ် သဖြင့် သံကောက်သဏ္ဌာန်နှင့်တူသော ခုနစ်စင်ကြယ် ရှာကြည့်ကြပြန်၏။ မျက်စိလည်နေ၍လားမသိ၊ ဘယ် ကြယ်ကိုမှ မမြင်ရ။ သည်လိုနှင့် မိုးလင်းသွားသည်။

အမှန်က သမုဒ္ဒရာတို့ကား မာယာများသလို သဘာ ထူးခြားချက်များလည်း ရှိသည်။ မိုးပေါ်တွင် အနမ္မတ သောကြယ်များကို မြင်နေရသော်လည်း သူတို့ရှာကြသော ထိုကြယ်များကို မမြင်ကြရခြင်းမှာ မိုးပေါ်၌ မကန်းတိ ကွက် လက်ယှက်ထိုးနေသဖြင့် မမြင်ရသလို သူတို ရောက်နေသော ရေပြင်မှာ ရေအောက်ပထဝီမြေပြင်သ မည်းနက်ပိန်းပိတ်နေသော မြေထုမည်းကြီးဖြစ်ရာ အမှော ထုက သူတို့ရောက်နေသော နေရာကို အရိပ်ခက် မှော ကျနေ၍လည်း ဖြစ်နိုင်ပေသည်။

သူတို့လှေ မုန်တိုင်းမိ၍ လွင့်မျောပါလာကြသည်မှာ (၁၉)ရက်ရှိသွားလေပြီ။ မိုးလင်း၍ ကောင်းကင်က ကြည လင်နေသော်လည်း ဘယ်ကမ်း ဘယ်သောင်ကိုမျှ မမြ ကြရသေး။ ကမ်းမြင် သောင်မြင်မလားဟု အရပ်ရှစ်မျ နှာကို ကြည့်ကြသည်မှာလည်း မောနေကြပြီ။

သည်လိုနှင့် နောက်တစ်နေ့နံနက် ရှစ်နာရီခန့် ဆေးနီသုတ်ထားသော လှေတစ်စင်းဟုထင်ရသည့် အ ဝတ္ထုတစ်ခုကို မပီဝိုးတဝါး ဦးယိုင်သာအောင်က အ မြင်ရ၍ ဝမ်းသာအားရပြောပြီး လက်ညှိုးထိုးပြသည ဦးယိုင်သာအောင် လက်ညှိုးထိုးပြရာဘက်ကို အား ဝိုင်းကြည့်ကြသည်။ မှန်၏၊ လှေအနီကလေးတစ် အဝေးကြီး မိုးကုပ်စက်ဝိုင်းဘက်မှ သူတို့ဆီ ဦးတည် နေသည်။

"ငါတို့ မသေတော့ဘူး။ စင်ရော်ငှက်တွေ၊ ငါးပျံ ကို သတ်မစားဘဲ လွှတ်လိုက်ကြလို့ ငါတို့ကို ကယ် သူတွေ လာနေပြီ။ ငါတို့ကို ကယ်မယ့်သူတွေ လာ

ဝမ်းသာအားရ အော်လိုက်ကြသည်မှာ အသံပင်



www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်အထိ ဖြစ်၏။ အစာငတ်ရေငတ် ဖြစ်လာကြသည်ကိုပင် သတိမရနိုင်ကြတော့ဘဲ အင်အားတွေက ချက်ချင်းပြည့်သွားသလို ခံစားလိုက်ကြရပြီး လှုငယ်တွေကခုန်ပေါက်၍ပင် အော်ဟစ်နေကြသည်။

တက်မကိုင် ဦးကြိုင်သည် လှေ၌ လွှင့်ချင်ရာလွှင့်၊ ရောက်ချင်ရာရောက် လွှင့်ထားသော လှေရွက်ကို ဆွဲချလိုက်ပြီး သူ့သမီးအတွက် စစ်တွေမြို့က ဝယ်လာသော အင်္ကျီစအနီကို တုတ်နှင့်ကန့်လန့်၍ ရွက်အစား ရွက်တိုင်ထိပ်သို့ ဆွဲတင်လိုက်သည်။ လှေဦးမှာလည်း အင်္ကျီဖြူတစ်ထည်ကို သွားစိုက်ထားလိုက်သည်။ စောစောက မပီဝိုးတဝါးသာ မြင်ရသော လှေကို မျက်စိနှင့် ပီပီပြင်ပြင်မြင်လာရပြီ။ လှေလာနေရာဘက်ကို ရှိခိုးသူကခိုး၊ ကုန်းပတ်(ထားဝယ်ပြင်)သို့ ပြေးတက်ပြီး လက်ပြသူပြ၊ အော်တစ်အကူအညီတောင်းသူတောင်းနှင့် လှေပေါ်တွင် ဆူညံနေကြသည်။

သို့သော် သူတို့ဆီသို့ ဦးတည်လာနေသော အရာမှာ သူတို့ အစက ထင်ခဲ့ကြသလို လှေမဟုတ်၊ ဝေးလွန်း၍ လှေငယ်တစ်စင်းဟု ထင်ခဲ့ကြခြင်းသာ။ နီးလာ၍ မြင်လိုက်ကြရသည်မှာ တောင်ကြီးတစ်လုံးလောက်ရှိသော ရာမသင်္ဘောကြီးတစ်စင်း။

သူတို့တစ်တွေ မျက်စိအောက်၌ပင် သင်္ဘောကြီးသည် စက်ရှိန်သတ်ကာ သူတို့လှေနား ကပ်လာသည်။ လှေနှင့် ရင်ပေါင်တန်း အနားကို ရောက်သောအခါ သင်္ဘောပေါ်က ကြိုးတစ်ပင် ချပေးလိုက်ပြီး ငုံ့ကြည့်ကာ အော်ပြောသည်။

သူတို့ စကားကို မည်သူမျှ နားမလည်။ သို့သော် ချပေးလိုက်သော ကြိုးကြီးကို တစ်ယောက်က ပြေးကောက်၍ လှေဦးတွင် မြဲမြဲချည်လိုက်၏။ နောက်တစ်ပင် ချပေးပြန်၏။ နောက်ချပေးသောကြိုးကို ပဲ့စင်မှ အလျင်သို့ ချည်လိုက်ကြ၏။ သင်္ဘောကြီးမှာ ကြီးလွန်းသဖြင့် သူတို့၏ ရှစ်လံနှစ်တောင် လှေကြီးပေါ်က မော့ကြည့်ကြရ၏။ နောက်ထပ် ကြိုးလှေကားတစ်ခုကို ချပေး၍ တက်လာကြရန် လက်ပြပြောသည်။

လူတွေမှာ ရက်ပေါင်း(၂၀)ကျော် အငတ်ငတ်အပြတ်ပြတ် ဒုက္ခကြီးစွာရောက်၍ ကယောင်ချောက်ချားဖြစ်လာကြသော ထိုအခါမှ ငါတို့ မသေတော့ဘူး။ ကိုယ့်အိမ်ကိုယ်

ပြန်ရောက်ကြတော့မည်ဟု သိလိုက်ကြသည်နှင့် လောဘစိတ် ချက်ချင်းပေါ်လာကြ၏။ မိဘ၊ ဆွေမျိုး၊ သားမယားအတွက်ကို သတိရကြသည်။ ထို့ကြောင့် စစ်တွေမြို့က ဝယ်လာကြသော အထုပ်ကြီး အထုပ်ငယ်များကို ပေါင်းမိုးထဲ ပြေးဝင်ပြီး ချက်ချင်း အလဲလဲအပြိုပြိုနှင့် ဆွဲထုတ်လာကြသည်။ သို့သော် ရက်ပေါင်းများစွာ ထမင်းငတ်၍ ရေကိုပင် ဝအောင်မသောက်ခဲ့ကြရသောလူတွေမှာ အားပြတ်ပြီး ကိုယ့်အထုပ် ကိုယ်မနိုင် ဖြစ်နေကြသည်။

ဤသည်ကို သင်္ဘောကြီးပေါ်မှ ငုံ့ကြည့်နေကြသူတွေက ရယ်ကြပြီး ကြိုးချပေးသည်။ အထုပ်တွေကို ကြိုးမှာ ချည်ကြ၊ သူတို့ ဆွဲတင်ပေးပါမည်ဟု လက်ဟန်ခြေဟန်နှင့်ပြပြီး သူတို့ ချည်ပေးထားကြသော အထုပ်များကို သင်္ဘောပေါ်ရှိ သူတော်ကောင်းကြီးများက သင်္ဘောပေါ်အရောက် ဆွဲတင်ပေးကြရှာသည်။ ဦးစီးနှင့် တက်မကိုင် နှစ်ဦးသာ လှေပေါ်မှာ ကျန်ရစ်ပြီး နောက်လူတွေက သင်္ဘောကြီးပေါ် ကြိုးလှေကားကို အားပြုဆွဲပြီး တက်လာကြ၏။ ဦးစီးနှင့် ပဲ့ကိုင်နှစ်ယောက်ကို နောက်အထုပ်တွေ ကျန်သေးလားဟု သင်္ဘောပေါ်မှ လူများက လက်ဟန်ခြေဟန်ပြ၍ မေးကြသည်။ မကျန်တော့ဘူးပြော၍ ဦးစီးနှင့် ပဲ့ကိုင်တို့က သင်္ဘောပေါ် နောက်ဆုံးတက်လာကြသည်။

လှေထဲတွင် တက်မလာနိုင်သူ၊ နေမကောင်းသူများ ကျန်နေသေးလားဟု ဦးစီးကို လက်ဟန်ခြေဟန်ပြ၍ ဝိုင်းမေးကြပြန်၏။ လှေပေါ်တွင် တစ်ယောက်မှ မကျန်တော့ဘူး ပြောကြတော့မှ ဦးပဲ့ချည်ထားသော ကြိုးနှစ်ပင်ကို ဓားနှင့် ခုတ်ဖြတ်လိုက်ကြပြီး အနောက်မြောက်ထောင့်သို့ သင်္ဘောကြီး ခုတ်မောင်းလာသည်။ သင်္ဘောကြီးပေါ် ရောက်လာသော သူတို့အား ထိုနေ့က ဘာမှမကျွေးကြဘဲ ရေကိုသာ အဝတိုက်ကြသည်။

ထိုသို့ခုတ်မောင်းလာရာ နောက်တစ်နေ့ (၈)နာရီခန့်တွင် ဆိပ်ကမ်းတစ်ခုသို့ ရောက်လာကြသည်။ နောက်မှ သိကြရသည်မှာ သီဟိုဠ်(ယခု သီရိလင်္ကာ) ကိုလံဘိုဆိပ်ကမ်းဖြစ်သည်။ ဒုက္ခသည် လှေသမားများကို သင်္ဘောခုတ်မောင်းနေစဉ် ဆရာဝန်တွေက စမ်းသပ်ပြီး ဆေးထိုးဆေးတိုက်ကြသည်။ သင်္ဘောပေါ်မှ သင်္ဘောသားနှင့် အရာရှိဟု ထင်ရသော လူသုံးဆယ်လောက်က ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com

ခင်းသပ်ကူသပေးနေသည်ကို ဝိုင်းကြည့်နေကြ၏။ ပြီးတော့မှ ကော်ဖီတိုက်၊ မုန့် ကျွေးကြ၏။ သင်္ဘောပေါ်ရှိ အားလားလေ့ကျင့်ရာဟု ငင်ရသောနေရာတွင် သီးသန့်နေရာချပေးသည်။

ညနေ(၄)နာရီရောက်သော့ ထမင်းကျွေးကြသည်။ ဟင်းလျာက အသီးအရွက်၊ သားငါး(၇)မျိုး ပါသည်။ ဇွန်း၊ ခက်ရင်းနှင့် စားကြ ရ၏။

ဦးစီးဦးယိုင်သာအောင်က-

'ငါတို့အားလုံး အသက်က သူတို့ ကယ်တင်လာလို့ အသက်ရှင်ကြရတာ။ ထမင်းမစားခင် ကယ်တင်ရှင်များကို ဦးဆုံး ရှိခိုးကြ၊ ထမင်းဟင်းတွေကိုလည်း ရှိခိုးကြ' ဟု ပြောသဖြင့် အားလုံးလိုက်နာပြီး အကြိမ်ကြိမ် ရှိခိုးကြသည်။

ထမင်းကို ဇွန်း၊ ခက်ရင်းနှင့် စားကြရ၏။ အလွန်ဆာလောင်ပြီး စားချင်စိတ်ရှိကြသော်လည်း အူကျဉ်းနေ၍ များများမစားနိုင်ကြ။ ထမင်းစားပြီးသည်နှင့် စီးကရက်ဘူးတွေနှင့် မီးခြစ်ကို အပုံလိုက် လာချပေးသည်။ ဆေးလိပ်အလွန်ကြိုက်သော်လည်း မုန်တိုင်းတိုက်ခတ်စဉ်က သူ့ဆေးဘူး ပျောက်လာ၍ ဆေးလိပ်မသောက်ခဲ့ရသူ ပဲ့ကိုင်ကြီးက စီးကရက်တွေကို ချေမွပြီး သူ့ဆေးတံ(ပန်းတူ)ထဲထည့်ကာ အငမ်းမရ ရှူဖွာနေတော့သည်။

သင်္ဘောကြီးပေါ်၌ ရှိနေကြစဉ် ကော်ဖီကို မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် မုန့်နှင့် တိုက်ကျွေးကြသည်။ ထမင်းကို မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျွေး၏။ သင်္ဘောကပ္ပတိန်ဟု ထင်ရသောသူနှင့် နောက်ဆယ်ယောက်တို့က ကမ္ဘာ့မြေပုံကြီးကို လက်နှင့် ထောက်ပြပြီး အိန္ဒိယကလားဟု မေးသည်။ ဦးယိုင်သာအောင်မှာ ဦးစီးပီပီ ဗဟုသုတရှိသူဖြစ်၏။ မဟုတ်ကြောင်း ခေါင်းခါလက်ခါ ပြရသည်။ ရန်ကုန်၊ မန္တလေးဟု အသံသြသြကြီးနှင့် မေးတော့မှ ခေါင်းညိတ်ပြလိုက်သည်။ သို့မှသာ ဘားမား(ယခု မြန်မာ)ဟုပြောပြီး မြန်မာလူမျိုးမှန်း သိသွားကြ၏။

သင်္ဘောကြီးမှာ တောင်အမေရိက သင်္ဘောဖြစ်သည်။ ဩစတြေးလျမှ စင်ကာပူသို့ ကုန်သွားပို့သည်။ အပြန်တွင် သူတို့ကိုတွေ့၍ ကယ်လာသည်။ သူတို့လှေကိုတွေ့သော နေရာမှာ တောင်သမုဒ္ဒရာ ဘင်္ဂလားပင်လယ်

၈ ၇၀၊ ကပ္ပလီကျွန်းတောင်ဘက်၊ မိုင်(၈၁၀)အကွာ ဆ[...] မတ္တရား၊ ဂျာဗား၊ ဗိုနီယိုမှ မိုင်(၈၅၀)အကွာတွင် တွေ့[...] ရကြောင်း ကမ္ဘာပတ် သင်္ဘောကြီးက ကမ္ဘာပတ်လမ်း[...] အပြင်ဘက်လမ်းကြောင်းဟု သင်္ဘောသားများက သံရုံး[...] ဝန်ထမ်းများကို ပြောပြကြ၍ တစ်ဆင့်သိရသည်။ ကိုလံ[...] ဘိုဆိပ်ကမ်းကို ကပ်ရသည်မှာ သူတို့ကို အိန္ဒိယသားတွေ[...] ထင်သဖြင့် ကိုလံဘိုဆိပ်ကမ်းတွင် ချပေးခဲ့ရန် ကပ်ခြင်း[...] ဖြစ်သည်ကို နောက်မှ သိကြရသည်။

ထိုညနေမှာပင် သတင်းထောက်တွေ ရောက်လာကြ[...] ၏။ လှေမျောဒုက္ခသည်များကို ဓာတ်ပုံရိုက်ကြသည်[...] ဗမာစကားတတ် သီဟိုဠ်ကုလားက အကြောင်းခြင်းရာ[...] အစုံအစေ့ ရေးမှတ်သွား၏။ ထိုအချိန်တွင် သီရိလင်္ကာ[...] နိုင်ငံတွင် မြန်မာသံမှူး ဦးတင်ရွှေနှင့် သံအမတ်ကြီး[...] ရှိသည်။

နောက်တစ်နေ့ နံနက်တွင် သတင်းစာထဲ ပါလာ[...] နံနက်(၈)နာရီတွင် သံရုံးအမှုထမ်းများ ရောက်လာကြ[...] ကိုလံဘိုမြို့လယ်ရှိ မန္တလေးဆရာတော် ဦးတိက္ခ[...] ကျောင်းကို ခေါ်သွားသည်။ ပြီး နေရာချထားပေး[...] ထိုကျောင်းတွင် သံဃာ(၁၉)ပါးရှိသည်။ ထိုသံဃာများ[...] ဆရာတော် ဘဒ္ဒန္တတိက္ခဝန်က နိုင်ငံခြားဘာသာ[...] စာပေ သင်ကြားပို့ချပေးသည်။ ထိုကျောင်းမှာ ဗြိတိ[...] လက်ထက်ကပင် ရှိသည်ဟု သိရသည်။ သီရိလင်္ကာ[...] များမှာ အသားစားသူ နည်း၏။ လူမျိုးပေါင်းစုံတော[...] ကြသည်။ လှေသမား ဒုက္ခသည်တို့မှာ ဆရာတော်[...] ကျောင်း၌ ကိုယ့်ထမင်း ကိုယ်ချက်စားကြရ၏။ တစ်[...] လျှင် တစ်နေ့ (၁၀)ကျပ်နှုန်းနှင့် ပေးကျွေး၏။

ထိုဆရာတော်ကျောင်းတွင် နေနေကြစဉ် ရမ်းဗြဲ[...] လှေသမားများ၏အကြောင်း သတင်းစာတွင် ဖတ်ရ[...] မာန်အောင်ကျွန်းရှိ ဆင်နားချောင်ရွာက ဆင်နား[...] ဆရာတော် ဦးတိက္ခဝန် ကျောင်းသို့ ရောက်ချလာ[...] ထိုဘုန်းကြီးမှာ သီဟိုဠ်စွယ်တော်ဖူးရန် သီရိ[...] သို့ ရောက်နေသော ဘုန်းကြီးဖြစ်သည်။

ရောက်ရောက်ချင်းပင် ဆင်နားချောင်ဆရာတော်[...]

'ဒကာကြီးတို့ ခုလို စွယ်တော်ဖွင့်ပွဲနီးချိန် သီ[...] ကို ရောက်လာကြတာ သိပ်ကံကောင်းတယ်။ ဗီ[...] နိုင်ငံကူးလက်မှတ် မလုပ်ရဘဲ ရောက်လာကြ[...]



www.burmeseclassic.com

www.burmeseclassic.com

အင်မတန် ဘုန်းကံကြီးမားလို့ ရောက်လာကြတယ်မှတ်။ ဒကာတို့ ကျောက်ဖြူမြို့၊ နဂါးကျောင်း ဆရာတော်ကြီးတောင် စွယ်တော်ဖူးသွားဖို့ ကြိုးစားခဲ့တာ ပျံလွန်တော်သာ မူသွားတယ် မရောက်ဖြစ်၊ မဖူးဖြစ်ခဲ့ရဘူး။ ကျုပ်လည်း စွယ်တော်သွားဖူးဖို့ ကြိုးစားနေတာ နှစ်နှစ်၊ သုံးနှစ်ရှိပြီ။ ဒီနှစ်မှ ရောက်ဖြစ်သွားတယ်'

ဟု မိန့်ကြားကာ လှေသမားများ၏ နေရပ်လိပ်စာကို မေးပြီးသည်နှင့်-

'ဘာမှမပူကြနဲ့။ ကျောက်ဖြူမြို့က အစိုးရရှေ့နေကြီး ဦးဘိုးလှကတစ်ဆင့် ဒကာကြီးတို့ ကင်းကုန်ဘောင်ရွာကိုလည်း ဒကာကြီးတို့ သီဟိုဠ်ရောက်နေကြကြောင်း ဘုန်းကြီး အကြောင်းကြားပေးမယ်။ အလွန့်အလွန်ကံကောင်းတယ်။ ပါရမီကြီးတယ်လို့ မှတ်ကြပါ'ဟု မိန့်ကြားပြန်သည်။

နောက် 'သတင်းစာထဲ ပါလာ၍လားမသိ၊ အမေရိကန်မ တစ်ယောက်က အမေရိကန်ဒေါ်လာ တစ်ယောက်လျှင် (၁၉)ဒေါ်လာကို စာအိတ်နှင့် လိပ်စာကမ္ပည်းထိုး၍ ကျောင်းထိုင်ဆရာတော်အား လာလှူသွားကြောင်း သိရသည်။ ငွေဆို၍ ခြူးတစ်ပြားမှ ပါမလာကြသော ရေမျောဒုက္ခသည်များမှာ အလွန်ဝမ်းသာသွားကြသည်။ ထိုငွေကို သီဟိုဠ်ငွေနှင့်လဲ၍ စွယ်တော်မှာလည်းလှူကြမည်။ မိဘ၊ သားမယား၊ ဆွေမျိုးများအတွက်လည်း သီဟိုဠ်လက်ဆောင် ဝယ်သွားကြမည်ဟု အပျော်ကြီး ပျော်သွားကြသည်။

ဒုတိယကျောင်းအုပ်(တိုက်အုပ်) ဆရာတော်ကို ငွေလဲပေးရန် လျှောက်ကြ၏။ ဆရာတော် မအားသဖြင့် ကြွလာပို့သော မြန်မာသံရုံးက စာရေးကြီးကို ပြောရသည်။ အတွင်းဝန် ရောက်လာကာ ဆရာတော်ဆီက ဒေါ်လာငွေတွေကိုယူပြီး တစ်ယောက်လျှင် ပုဆိုး၊ အင်္ကျီတစ်ထည်စီ ဝယ်ပေးသည်။

'ခင်ဗျားတို့ကိုကျွေးမွေးထားတဲ့ စရိတ်ကို အစိုးရလည်း ထုတ်မပေးသေးဘူး။ ခင်ဗျားတို့ ဒေါ်လာနဲ့ ကြွာဝယ်ရမယ်။ ခင်ဗျားတို့ ကိုယ့်ရွာရောက်ကြတဲ့အခါ ကြီးဆီကပဲ ထုတ်ယူကြတော့'ဟုပြောပြီး အတွင်းဝန် သွား၏။

ကိုလံဘိုမြို့မှ ကန္ဒီမြို့သို့ ဘုရားဖူး၊ စွယ်တော်ဖူးလိုက်ပါကြရသောနေ့မှာ ပြာသိုလပြည့်နေ့ နံနက်(၈)နာရီခန့်တွင်ဖြစ်သည်။ ကန္ဒီမြို့နှင့် ကိုလံဘိုမြို့မှာ (၇၅)မိုင်ဝေးသည်ဟု သိရ၏။ စွယ်တော်သွားဖူးကြရသော အဖွဲ့မှာ မြန်မာဘုန်းကြီး(၆)ပါးနှင့် သံရုံးအမှုထမ်း(၁၅)ဦးပါသည်။

ကိုလံဘိုမှ နံနက်(၈)နာရီက ထွက်လာသော ကားသည် (၁၁)နာရီ ကန္ဒီမြို့ကိုရောက်သည်။ မွန်းတည့်(၁၂)နာရီတွင် စွယ်တော်တိုက်ကိုဖွင့်၏။ စွယ်တော်ပင့်ဆောင်ရန် သွားရသောအဖွဲ့တွင် သီဟိုဠ်သံအမတ်၊ မြန်မာသံအမတ်နှင့် စွယ်တော်ကို စောင့်ရှောက်နေကြသော မြန်မာ၊ သီဟိုဠ် ရဟန်းတော်များ ပါသည်။ ထိုအထဲတွင် မာန်အောင်ကျွန်းမှ ရောက်ရှိနေသော ဆင်နားချောင် ဆရာတော်လည်း ပါသည်။ မြန်မာသံအမတ်နောက်မှ လိုက်လာကြသော လှေမျောဒုက္ခသည်များကို စွယ်တော်ဂေါပကအဖွဲ့က စစ်မေးသည်။ လှေနှင့် မျောပါလာကြသူ မြန်မာလှေသမားများဟု သိရသောအခါ စွယ်တော်ပင့်ဆောင်ရေးအဖွဲ့တွင် ပါဝင်ခွင့်ပြုလိုက်ကြသည်။

ဘုရားစွယ်တော် ကိန်းအောင်းရာတိုက်ခန်းမှာ (၁၅)ပေပတ်လည်ခန့် ကျယ်သည်။ စွယ်တော်မြတ်ကို ပလ္လင်ပေါ်တွင် ကြုတ်အုပ်ဆောင်း နှစ်ထပ်နှင့် ဖုံးအုပ်ထားသည်။ အုပ်ဆောင်းတစ်ခုနှင့်တစ်ခု ကြီးစဉ်ငယ်လိုက်အကွာအဝေး တစ်ပေခန့်ရှိသည်။ အုပ်ဆောင်းတစ်ခု၊ တစ်ခုစီ၏ တစ်ပေခန့် အကွာကြား၌ မင်းအဆက်ဆက်သူဌေးသူကြွယ်များ လှူဒါန်းထားကြသည့် ရတနာအမျိုးမျိုးကို ကမ္ပည်းစာရေးထိုး၍ သူ့နေရာနှင့်သူ ပြသထားပြီး အုပ်ဆောင်းတွေကို မှုလီနှင့် အခိုင်အခံ့ စုပ်ထားသည်။ အပြင်ဘက်အခန်းမှာ သုံးတောင်(၄ ပေ)ခန့်မြင့်သည်။

သော့ခတ်ထားသော ရတနာအုပ်ဆောင်း တစ်ခုစီကို ဘုန်းတော်ကြီးနှစ်ပါးက ဝက်အူလှည့်နှင့် တစ်ထပ်စီဖွင့်ကြ၏။ တစ်ထပ်ကို ဖွင့်ပြီးသွားတိုင်း ကြားထဲရှိ ရတနာများ ကို သေသေချာချာ ရေတွက်သိမ်းဆည်းပြီးမှ နောက်ထပ် တစ်ထပ်ကို ဖွင့်ရသည်။ ဤသို့ အဆင့်ဆင့်ဖွင့်ဖွင့်သွားကြရာ အောက်ဆုံးအထပ်ရှိ ရတနာမျိုးစုံ စီခြယ်ထားသော ကြာပွင့်ကလပ်ပေါ်တွင် စွယ်တော်မြတ်ကို ဝတ်ဆံတိုင် နှစ်ခုနှင့် ညှပ်ထားရာသို့ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စွယ်တော်ကို အစီအစဉ်ကျကျ လက်ဆင့်ကမ်း ပင့်ဆောင်လာပြီး အများပြည်သူ ဖူးမြော်နိုင်ရန် သံဆန်ကာနှင့် ကာရံထားသော အဆောင်ပြခန်း၌ ထားသည်။ ထိုပြခန်းမှာ အဝင်တစ်ပေါက် အထွက်တစ်ပေါက် နှစ်ပေါက်သာ ရှိသည်။ တစ်ကြိမ်လျှင် လူတစ်ရာခန့်စီ ဖူးခွင့်ပြုသည်။ အချိန်ကြာကြာ ဖူးနေခြင်းကို ခွင့်မပြု။ ရတနာ၊ ရွှေ၊ ငွေနှင့် ရွှေပန်းခိုင်၊ ငွေပန်းခိုင် လှူလိုသူများမှာ စွယ်တော်နံဘေးတွင် ချထားသော လင်ပန်းကြီးတစ်ချပ်ထဲ ထည့်လှူပူဇော်ကြရသည်။

စွယ်တော်ကိန်းဝပ်ရာ ပြခန်းပတ်လည်တွင် စွယ်တော်လာဖူးသူများနှင့် ကြိတ်ကြိတ်တိုးနေကြသည်။ ထိုသူများကို ထိန်းသိမ်းရန် ပုလိပ်(ရဲ)များနှင့် စွယ်တော်ဂေါပက အဖွဲ့က အမြဲအချိန်ပြည့် ကြပ်မတ်နေကြသည်။ ထိုနှစ်တွင် စွယ်တော်ကို တစ်နေ့တည်းသာဖွင့်ပြီး ညနေ(၅)နာရီကို ပြန်ပိတ်လိုက်သည်။ မဖူးလိုက်ရသူက များပေသည်။ ထိုနေ့ ညနေတွင် ရေများဒုက္ခသည်များကို မာန်အောင်ကျွန်း ဆင်နားချောင်ဆရာတော်က ဟိုတယ်တွင် ညနေစာ ကျွေးသည်။

ကန္ဒီမြို့မှာ သီဟိုဠ်ကျွန်း တောတောင်များထဲ၌ ရှိသည်။ လူနေတိုက်တာတွေမှာ ပကတိကျောက်တောင်တွေကို ဖောက်ထွင်း၍ တည်ဆောက်ထားသော တိုက်များရှိသည်။ မြို့၏ ပတ်ဝန်းကျင်တွင် လက်ဖက်တော၊ ကော်ဖီတောများနှင့် ရော်ဘာပင်တောများ ဝိုင်းပတ်ထားသလိုရှိသည်။ ရထားလမ်း၊ ကားလမ်းများလည်း ရှိ၏။ စွယ်တော်ဘုရား အနောက်မြောက်ဘက်တွင် ဒက္ခိဏသာခါမည်သော ဗောဓိတစ်ပင်ရှိသည်။ ထိုဗောဓိပင်မှာ အိန္ဒိယနိုင်ငံ ဗုဒ္ဓပွင့်တော်မူရာ ဂယာရှိ ဗောဓိပင်မှ တောင်ဘက်အကိုင်းကိုယူ၍ စိုက်ထားသော ဗောဓိပင်ဟု သိရသည်။

ကိုလံဘိုစွယ်တော်ဖူးအဖွဲ့မှာ ကန္ဒီမြို့တွင် တစ်ညအိပ်ပြီး နံနက်(၈)နာရီတွင် ကိုလံဘိုသို့ ပြန်လာကြသည်။ ကန္ဒီမြို့ ပတ်ဝန်းကျင်နှင့် လမ်းတစ်လျှောက် တောင်ကြိုတောင်ကြားတွင် မြေကွက်လပ်မြေရိုင်းဟူ၍ တစ်ကွက်မျှမရှိဘဲ ဥယျာဉ်ခြံမြေများချည်း တွေ့ခဲ့ကြရ၏။

ပြာသိုလကုန်၍ တပို့တွဲလဆန်းတွင် ကိုလံဘိုမှ အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ ပို့ပေးသည်။ သံရုံးနှင့် မနီးမဝေးတွင် အိမ်တစ်လုံးငှား၍ နေရာချထားပေးသည်။ မဒရပ်ရှိ သံအမတ်ကြီး ဦးဘဦးက တစ်ယောက်ကို ငွေ(၂၅)... စီ လှူသည်။ ရန်ကုန်-အိန္ဒိယသွား သင်္ဘောကို ... ရသည်မှာ (၁၀)ရက်ခန့်ကြာသည်။ အိန္ဒိယနှင့် ရန်... သို့ သင်္ဘောကြီး (၅)ရက် (၄)ညခုတ်မောင်းပြီးမှ ... တထောင်ဆိပ်ကမ်းသို့ ရောက်သည်။ ရဲများနှင့် ... ဆိုရှယ်အသင်းက စောင့်ကြိုပြီး ရခိုင်ဆိုရှယ်အသင်း... နေရာချပေးထားသည်။

တပို့တွဲလပြည့်ကျော်မှ စစ်တွေသို့ ရောက်ကြသည်... စစ်တွေမှ ကျောက်ဖြူသို့တစ်ဆင့် ပို့ပေးပြီးမှ ... မိမိအိမ်သို့ ရောက်ရှိကြသည်။ မိမိအိမ် မိမိအရပ်ကိုရော... တော့ အမေရိကန်အမျိုးသမီးတစ်ယောက် နာမည်... ကမ္ပည်းထိုးပြီး လှူသွားသောငွေကို မျှော်ကြသည်... အတွင်းဝန် ပြောသွားသော စကားကိုလည်း ကြားယော... မိနေကြသည်။

"ခင်ဗျားတို့ကို ကျွေးမွေးထားတဲ့စရိတ်ကို ... ကလည်း ထုတ်မပေးသေးဘူး။ ခင်ဗျားတို့ ဒေါ်လာ... ရိက္ခာ ဝယ်ရမယ်။ ခင်ဗျားတို့ ရွာကို ရောက်တဲ့... သူကြီးဆီကပဲ ထုတ်ယူကြတော့" ဆိုသဖြင့် စောင့်မျှော်နေကြရသည်။

ထိုစဉ်က မြန်မာနိုင်ငံမှာ ပေါင်စတာလင် အဖွဲ့... နိုင်ငံဖြစ်သဖြင့် အမေရိကန်တစ်ဒေါ်လာကို မြန်... ငါးကျပ်ရ သည်။ သီဟိုဠ်ငွေဆို သည်ထက်ပင် ... ဟု အားခဲထားကြသော ဒုက္ခသည် ရေမျောသမား... စွယ်တော်၌လည်း မလှူခဲ့ကြရ၊ ရွာရောက်၍ သူကြီး... ခဏ,ခဏ သွားမေးသော်လည်း အစိုးရဆီက ... အတွက် ဘာငွေမှ မပေးလာ၊ ညွှန်ကြားစာလည်း မ... ကြောင်းသာ ပြောသည်။

သည်လိုနှင့် သူတို့မှာ အတွင်းဝန် ဝယ်ပေး... သော ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည်နှင့်သာ ... ကန်သူမ လှူလိုက်သော တစ်ယောက်လျှင် (၁၉)... မှာ ဤသို့ပင် နိဂုံးချုပ်သွားလေသည်။

ဖိုး...

(ဤအဖြစ်အပျက်အား သတ္တရာဇ်နှင့်တကွ ... မည်များကိုပါ မှတ်တမ်းမှတ်ရာများနှင့် ပြော... ဦးဝေသာထွန်းအား ကျေးဇူးအမှတ်တရ။)

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။


**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆



www.burmeseclassic.com

www.burmeseclassic.com

'တုံ-တုံ-တုံ-တုံ'

မြို့ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို အတိုင်းသား ကြားလိုက်သည်။ ကြားရသည့် အုန်းမောင်းခေါက်သံကို စိတ်ထဲကလိုက်၍ ရေရွတ်မိနေသဖြင့် နံနက် (၄)နာရီထိုးပြီမှန်း သိလိုက်သည်။ သို့သော် မျက်လုံးက မဖွင့်ချင်သေးသဖြင့် အိပ်ရာထဲ၌ပင် အသာလေး မှိန်းနေလိုက်သည်။ ထိုစဉ်-

'အား··အီး··အား··အီး··အီး'

အိမ်နှင့် မနီးမဝေးမှ ထွက်ပေါ်လာသော ညည်းညူသံတစ်ခုကို အတိုင်းသား ကြားလိုက်ရပြန်သည်။ ထိုအသံကို ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ကျွန်တော့်အိမ်၏ တစ်အိမ်ကျော်ရှိ တိုးမောင်အိမ်မှ အသံဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

ထိုညည်းညူသံကို ကြားနေခဲ့ရသည်မှာ လေးငါးရက်မျှ ပင် ရှိနေလေပြီ။

တစ်ခါတစ်ရံ ညသန်းခေါင်ယံမှသည် အရုဏ်ဦး မိုးစင်စင်လင်းသည်ထိ ထိုညည်းညူသံကား ပျောက် မသွားချေ။ ညည်းညူနေသော အသံရှင်မှာ တိုးမောင့် ကိုယ်တိုင်ပင်။ တိုးမောင်မှာ ကျွန်တော်၏ ငယ်ပေါင်း သူငယ်ချင်း ဖြစ်သည်။ တိုးမောင် ဤသို့ဖြစ်ရသည်မှာ တစ်လနီးပါး ရှိလေပြီ။ တိုးမောင် ရောဂါတစ်ခု ခံစား နေရသည်မှာကား အမှန်ပင်ဖြစ်သည်။ သို့သော် မည်သည့် ရောဂါဖြစ်မှန်း အမည်တပ်ရန် ခက်ချေသည်ဟု သူကိုယ် တိုင် ညည်းညူတတ်သည်။

တကယ်လည်း တိုးမောင်ရောဂါက ဆန်းကြယ် သည်။ တိုးမောင့်မှာ နံနက်အရုဏ်လင်းပြီး နေရောင်ခြည် လာသည်နှင့် အိပ်ရာမှထနိုင်ကာ လူကောင်းပကတိအ တိုင်း သွားနိုင် လာနိုင်၊ စားနိုင် သောက်နိုင်သည်။ ထို့ ကြောင့် အိပ်ရာမှ ထသည်နှင့် လမ်းထိပ်အရက်ဆိုင်သို့ ပြေးကာ မောနင်းပက် သောက်နေကျဖြစ်သည်။ တစ်နေ ကုန် တိုးမောင် ကောင်းနေသည်။ လူလုံးမကွဲသော မှောင် ပျိုးသည်မှစ၍ တိုးမောင် လမ်းထလျှောက်၍ မရတော့။ အိပ်ရာထဲ လှဲနေရကာ တညည်းညည်းတညူညူ အော် ဟစ်နေတော့သည်။

တစ်ခါတစ်ရံ တစ်နေ့ကုန်သောက်ထားသော အရက် နံ့ကြောင့် အိပ်ပျော်သွားလေ့ရှိသော်လည်း အိပ်ရာမှ နိုး လာသည်နှင့် တိုးမောင်တစ်ယောက် ထ၍ ညည်းညူအော် ဟစ်နေတော့သည်။ တိုးမောင် ဤသို့ဖြစ်နေသည်ကို အိမ် နီးချင်းအားလုံးက သိကြသည်။ ထို့ကြောင့် တိုးမောင်ကို ဆေးရုံသို့ပြ၍ ဆေးရုံတက်ပြီး ဆေးကုသမှုခံယူရန် မိတ် ဆွေအပေါင်းအသင်းများက အကြံဉာဏ်ပေးကြသည်။

တိုးမောင်၏ဇနီး မမြစိန်ကလည်း တိုးမောင်ကိုခေါ် ၍ ဆေးရုံ၊ ဆေးခန်းသို့ ပြကြည့်သည်။ ခက်သည်က တိုးမောင်မှာ မျက်စိနှစ်လုံး ဖွင့်သည်နှင့် အရက်သောက် နေသူဖြစ်ရာ သူ့ကိုယ်မှာ အရက်နံ့က (၂၄)နာရီ လောက် ရှိနေသည်။

ထို့ကြောင့် တိုးမောင်ပြသော ဆရာဝန်များက တိုး မောင်ထံမှ အရက်နံ့ကိုရကာ နှာခေါင်းရှုံ့ကြသည်။ အရက် ဖြတ်ရန် ဆုံးမသည်။ အရက်ဖြတ်မည်ဆိုပါက ဆေးရုံ တင်ကာ ဖြတ်ပေးမည့်အကြောင်း ပြောပြသည်။ ထိုအစီ အစဉ်ကို တိုးမောင်က ဘဝင်မကျ။ နောက်ဆုံး ဆေးရုံ၊ ဆေးခန်းမှ ဟိုလိုသည်လိုနှင့်သာ ပြန်ခဲ့ရသည်ချည်း ရှိ သည်။ ကြာတော့ မမြစိန် စိတ်မရှည်တော့။ တကယ် တမ်းမှာလည်း မမြစိန်မှာ တိုးမောင်နှင့်စ၍ ညားစဉ်တည်း က ကြောက်ရွံ့ခဲ့ရသော ငယ်ကြောက်ဖြစ်ရကား သူမ၏ သြဇာမှာ သက်ရောက်ခြင်း မရှိချေ။

တိုးမောင်မှာ လူပေလူတေဖြစ်သည်။ ရုပ်ရည်သနား ကမားရှိပြီး ခေတ်ပညာ (၁၀)တန်းအထိ ပညာသင်ခဲ့သူ ဖြစ်သည်။ ပညာသင်ခဲ့သည်မှာ ရန်ကုန်မြို့လယ်ရှိ အင်္ဂလိပ် ကျောင်းထွက်ဖြစ်သည်။ တိုးမောင်၏ဖခင်မှာ အင်္ဂလိပ် ကျောင်း (အင်္ဂလိပ်စကားများ ပြောဆိုသင်ကြားရသော ကျောင်း) ကျောင်းအုပ်ဆရာကြီး၏ကားကို မောင်းသူဖြစ် ရကား ထိုအင်္ဂလိပ်ကျောင်းတွင် တိုးမောင်ကို ထားနိုင် ခဲ့ခြင်းဖြစ်သည်။ ထိုအင်္ဂလိပ်ကျောင်းကို နေနိုင်သူတို့မှာ ငွေကြေးပြည့်စုံသော မိဘများ၏ သားသမီးများသာလျှင် ဖြစ်ကြသည်။

တိုးမောင် ငယ်စဉ်ကျောင်းသားဘဝက အလွန်စမတ် ကျသူ ဖြစ်သည်။ ကျောင်းဝတ်စုံနှင့် အလွန်လိုက်ဖက် ကြည့်ကောင်းသူဖြစ်သည်။ အင်္ကျီအဖြူ၊ ဘောင်းဘီအတို အပြာရောင်၊ လည်ပင်းတွင် နက်ကတိုင်နှင့် ခြေထောက် တွင် ဖိနပ်အဖြူရောင်၊ ခြေစွပ်အဖြူရောင် ဝတ်ဆင်ထား ပြီး ခေါင်းမှဆံပင်ကို ဘိုကေညှပ်ထားပြီး အလယ်မှ ခွဲ ထားရာ တိုးမောင်၏ သွယ်လျသော မျက်နှာနှင့် အလွန် လိုက်ဖက် ကြည့်ကောင်းသောကြောင့် ကျွန်တော်တို့ သူ ငယ်ချင်းများမှာ တိုးမောင်ကို ကြည့်၍ အားကျမိခဲ့ကြ ရသည်။

ကျွန်တော်တို့မှာကား မိဘများ ဆင်းရဲကြသော ကြောင့် ဆင်ခြေဖုံးရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်း ၌သာ ကျောင်းနေခွင့်ရခဲ့သည်။ တိုးမောင်မှာ အင်္ဂလိပ် ကျောင်းသားဖြစ်၍ ရပ်ကွက်အတွင်း၌ သူငယ်ချင်း အပေါင်းအသင်း သိပ်မထားပေ။ သူတို့၏ ခေါင်းရင်း ဘက်၌နေသော ကျွန်တော်နှင့် သူ့အိမ်၏ ခြေရင်းဘက်၌ နေသော သောင်းထွန်းတို့ကိုသာလျှင် ပေါင်းသင်းသည်။ ရပ်ကွက်ထဲမှ သူနှင့် ရွယ်တူလေးများကလည်း သူ့ကို ကြည့်၍ မရပေ။ အိုင်တင်များသည်ဟူ၍ သတ်မှတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ခပ်ဝေးဝေး နေကြသည်။ တိုးမောင်ကလည်း သူ့စတိုင်အတိုင်း ခပ်တည်တည်နေကာ မည်သူနှင့်မျှ အရောမဝင်ပေ။

သည်လိုနှင့် တိုးမောင် အရွယ်ရောက်လာသည်။ အထက်တန်းကျောင်းသား ဖြစ်လာသည်။ တစ်ဦးတည်းသော သားဖြစ်၍ မိဘများ၏ အလိုလိုက်ခြင်းကိုခံရကာ တိုးမောင် နွဲ့ဆိုးဆိုးတတ်လာသည်။ တိုးမောင်၏ မိခင်ရော ဖခင်ပါ ကျန်းမာရေးချို့တဲ့သူများဖြစ်လေရာ ဦးစွာမိခင်ကြီးက စတင်၍ အိပ်ရာထဲ လဲတော့သည်။ အိပ်ရာထဲလဲပြီး တစ်လကြာသောအခါ မိခင်ကြီး ဆုံးပါးသွားရှာသည်။ တိုးမောင်၏ ဖခင်မှာ အလုပ်တစ်ဖက်၊ အိမ်ကိစ္စများတစ်ဖက် ဆက်လက်လုပ်ဆောင်လာခဲ့ရာ တိုးမောင်ကိုးတန်းအောင်သောနှစ်တွင် ကျန်းမာရေး ချို့တဲ့ကာ အိပ်ရာထဲ လဲတော့သည်။

ထိုအချိန်မှစ၍ တိုးမောင်၏ အကျင့်စရိုက်များ ပြောင်းလဲကာ ပျက်စီးစ ပြုလာလေသည်။ တိုးမောင်မှာ ငယ်စဉ်မှစ၍ မိဘများ၏ အရိပ်တကြည့်ကြည့်အောက်တွင် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့သူဖြစ်ရကား အိမ်တွင်းအလုပ်မှန်သမျှ ဘာကိုမျှ မလုပ်ကိုင်တတ်ပေ။ ထမင်းဟင်းချက်ဖို့ ဝေးစွ၊ မီးပင် ကောင်းကောင်းမမွေးတတ်ချေ။ မိမိအင်္ကျီ မိမိလျှော်ဖွပ် ဝတ်ရမှာကိုလည်း တိုးမောင် နားမလည်။ မိခင်၊ ဖခင်တို့ လျှော်ဖွပ်မီးပူတိုက်ပေးထားသော အဝတ်အစားများကိုသာ အဆင်သင့် ဝတ်လာခဲ့သူဖြစ်ရာ မိခင်မရှိသောအခါ တိုးမောင်အတွက် ထိုကိစ္စတို့မှာ ဒုက္ခတစ်ခု ဖြစ်လာသည်။ ထို့ပြင် ဖခင်ကပါ ကျန်းမာရေးချို့တဲ့၍ အိပ်ရာထဲလဲသောအခါ တိုးမောင်အတွက် ဒုက္ခများက နောက်ပိုးဆင့် ဖြစ်လာခဲ့ပြန်သည်။

ထိုဒုက္ခများကို တိုးမောင်တစ်ယောက် သူနားလည်သော အသိတို့ဖြင့် အလွယ်တကူ ဖြေရှင်းလိုက်သည်။ ဖခင်ဖြစ်သူမှာ ခြောက်လကျော်၊ ခုနစ်လ အိပ်ရာထဲ လဲနေသောကြောင့် အလုပ်ခွင်သို့ မဆင်းနိုင်လေရာ လုပ်ခငွေမှာ ပြည့်ဝအောင် မရတော့ချေ။ ထို့ကြောင့် သားအဖနှစ်ယောက် စားသောက်စရိတ်အပြင် ဆေးဝါးကုသရန်စရိတ်ကပါ အခက်အခဲဖြစ်လာချေသည်။ ထိုကိစ္စကို ဖြေရှင်းရန် သားဖြစ်သူအား အိမ်တွင်းရှိ ပစ္စည်းပစ္စယများကို ထုခွဲရောင်းချစေသည်။

တိုးမောင်ကလည်း အဖေမှာသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်သည်။ ထို့ပြင် သူ၏ အသုံးစရိတ်အတွက်ပါ ပို၍ ရှာဖွေလိုက်သည်။ ထိုမှစ၍ ပိုက်ဆံသုံးစရာမရှိလျှင် အိမ်ရှိပစ္စည်းများ ရောင်းချရန်ကိုသာ တိုးမောင် စဉ်းစားမိလာတော့သည်။ ဖခင်ကြီးကား အိပ်ရာထဲလဲ၍ ခုနစ်လကျော်မျှ ကြာသောအခါ သေဆုံးသွားရှာလေသည်။ ဖခင်ကြီး မရှိသည့်နောက်ပိုင်း တိုးမောင်မှာ အထီးကျန်ဆန်ကာ ရပ်ကွက်ထဲမှ သူနှင့်ရွယ်တူ လူငယ်အချို့နှင့် ပေါင်းသင်းနေထိုင်ရတော့သည်။

ထိုအချိန်မှစ၍ တိုးမောင်တစ်ယောက် (၁၀)တန်းကို ဆက်မတက်တော့၊ နှစ်တစ်ဝက်နှင့် ကျောင်းမှ ထွက်လိုက်သည်။ အထိန်းအကွပ်မဲ့သောကြမ်း ပရမ်းပတာဆိုသကဲ့သို့ တိုးမောင်တစ်ယောက် ပရမ်းပတာ ဖြစ်လာသည်။ သူနှင့် ပေါင်းသင်းသော သူငယ်ချင်းများ၏ စရိုက်ကို လိုက်ကာ တိုးမောင် အရောင်အသွေးအကျင့်များ ပြောင်းလဲသွားသည်။ ဦးစွာ ဆေးလိပ်သောက်တတ်လာသည်။ ပြီးနောက် ဆေးခြောက်ရှူတတ်သွားသည်။ နောက်ပိုင်း အရက်ကလေးပါ ကောင်းကောင်းသောက်တတ်လေတော့သည်။

ကျွန်တော်၏ မိဘများကမူ ဟိုးယခင်က တိုးမောင်နှင့် ပေါင်းသင်းဆက်ဆံခြင်းကို မပိတ်ပင်ခဲ့သော်လည်း တိုးမောင်တစ်ယောက်တည်းနေ၍ အရက်၊ ဆေးခြောက်ရှူတတ်၊ သောက်တတ်လာသော အချိန်တွင် တိုးမောင်နှင့် မပေါင်းသင်းရန် ပိတ်ပင်တားဆီးခဲ့ကြသဖြင့် ကျွန်တော်မှာ တိုးမောင်နှင့် ခပ်ဝေးဝေးနေခဲ့ရသည်။ သို့သော် လူငယ်ရွယ်တူချင်း ဖြစ်သည်ကတစ်ကြောင်း၊ အိမ်နီးနားချင်း ဖြစ်သည်ကတစ်ကြောင်းကြောင့် တိုးမောင် လုပ်ကိုင်သမျှ ကြီးငယ်သမျှကို ကျွန်တော်ကြားသိနေခဲ့ရသည်။

တစ်ခါတစ်ရံ တိုးမောင်နှင့်ကျွန်တော် လမ်းမှာ ဆုံ ပင်းတို့၍ စကားပြောဖြစ်ရာ တိုးမောင်ကို ကောင်းသော အကြံများ ပေးကြည့်သည်။ တိုးမောင်က လက်မခံ ... လုပ်သမျှ အမှန်ချည်းဟူ၍ ယူဆသည်။ ထို့ကြောင့် နောက်ပိုင်း ကျွန်တော်နှင့် တိုးမောင် သိပ်ပြီးစကားမပြော ဖြစ်တော့။ ဖခင်ကြီးဆုံးပြီး သိပ်မကြာလိုက် တိုးမောင် တစ်ယောက် ရပ်ကွက်ထဲမှ မမြစိန်နှင့် အိမ်ထောင်

www.burmeseclassic.com

သွားသည်။ မမြစိန်က မုဆိုးမသမီးဖြစ်၍ ဆင်းရဲသူ၊ တိုးမောင်က တစ်ကောင်ကြွက်ဖြစ်၍ အလုပ်အကိုင် မရှိသူ။

သူတို့နှစ်ဦး ညားသောအခါ စားရေး၊ သောက်ရေး၊ ဝတ်ရေးတို့မှာ အစစအရာရာ ဒုက္ခချည်း ဖြစ်လာသည်။ နေရေးအတွက် မိဘအမွေ အိမ်တစ်လုံး ရထား၍သာလျှင် တော်တော့သည်။ စီးပွားရေးအဆင်မပြေတော့ လင်မယားနှစ်ယောက် မကြာခဏ စကားများရသည်။ ထိုကိစ္စကို အကြောင်းပြု၍ တိုးမောင်က စိတ်ညစ်သည်ဆိုကာ နေ့ရောညပါ အရက်သောက်သည်။ ဝင်ငွေမရှိသော်လည်း အိမ်ထောင်စုလူဦးရေစာရင်း၌ တစ်ကောင်တိုးရန် အကြောင်းက ဖန်လာသည်။ မကြာမီ မမြစိန်ကိုယ်ဝန်က သိသိသာသာ လူမြင်ကွင်း ဖြစ်လာသည်။

သို့သော် မမြစိန် ငြိမ်ငြိမ်ကုပ်ကုပ် မနေအား၊ တိုးမောင်ကို အားကိုးမရသည့်အဆုံး ကလေးမွေးဖွားသည့်အခါတွင် သုံးရန် အသုံးစရိတ်ကို ကြိုတင်ရှာဖွေရတော့သည်။ ဝက်သားရောင်းသည့် အစ်မဝမ်းကွဲ တစ်ဦးထံမှ ဝက်သားကို ခေါက်ပြန်ကြေးယူကာ ရပ်ကွက်ထဲရှိ ဈေးလေးထဲမှာ သွားထိုင်ရောင်းသည်။ အမြတ်ကို စား၍ အရင်းကို အစ်မဖြစ်သူထံ ပြန်ပေးခြင်းဖြင့် နေ့စဉ်ရက်ဆက် ဈေးရောင်းလာခဲ့ရာ အဆင်ပြေလာသည်။ ပို၍ အဆင်ပြေသူမှာ တိုးမောင်ဖြစ်သည်။ တိုးမောင်၏ အရက်ဖိုးက ထွေထွေထူးထူး ရှာစရာမလိုတော့၊ မမြစိန်ဈေးဗန်းထဲမှ အဆင်သင့် နှိုက်ယူလိုက်ရုံဖြစ်သည်။

မမြစိန် ကလေးမီးဖွားချိန်တွင် တိုးမောင်အတွက် အရက်ဖိုးက အနည်းငယ် ခက်သွားသည်။ အိမ်မှ ပစ္စည်းများ ထုခွဲရောင်းချရန်ကလည်း အိမ်မှာ ခင်းထားသည့် ချဉ်၊ ကာထားသည့် ထရံ၊ မိုးထားသည့် ဓနိတို့သာ ရှိတော့လေရာ တိုးမောင် စိတ်လေသွားသည်။ ထိုစဉ် အရက်ဆိုင်တွင် တရုတ်ကြီးဆိုသူနှင့် သွား၍ ဆုံစည်းရင်း မိတ်ဖြစ်သွားသည်။

'ခင်ဗျား··လက်ရဲဇက်ရဲ ရှိမယ်ဆိုရင် နေ့စဉ် ဝင်ငွေပေးဖို့ ကျွန်တော် အလုပ်ပေးမယ်။ လုပ်နိုင်၊ မလုပ်နိုင်တာ ခင်ဗျားစဉ်းစား'

'လက်ရဲဇက်ရဲရှိရအောင် အလုပ်က ဘာအလုပ်မို့လို့လဲ။ ကျုပ်က ဂန်ဒူးမဟုတ်ဘူးနော်၊ ယောကျ်ားစစ်စစ်'

'ယောကျ်ားပေမယ့် သတ်ရဲဖြတ်ရဲမှရတာ'

'ဘာကို သတ်ရမှာမို့လို့လဲ၊ လူချင်းတော့ ကျုပ်မလုပ်နိုင်ဘူး'

'ခင်ဗျားကို လူလူချင်းလည်း မသတ်ခိုင်းပါဘူး။ ကျုပ်က တိရစ္ဆာန်ကို သတ်ခိုင်းမှာပါ'

'ဘာတိရစ္ဆာန်လဲ'

'ဝက်'

တရုတ်ကြီးနှင့် တိုးမောင်တို့ အပေးအယူမျှပြီးသည့်နေ့မှစ၍ တိုးမောင် တရုတ်ကြီးအိမ်တွင် အလုပ်သွားလုပ်သည်။ အစကနဦးတွင် တိုးမောင် လက်များက မယဉ်သေး။ ဓားကိုင်ရဲသော်လည်း ထိုးရမှာ ရွံ့တွန့်တွန့်ဖြစ်နေသည်။ ထိုကိစ္စကို ဆောင်ရွက်နေရသည့် အချိန်ကလည်း နံနက်လင်းအရုဏ်ဆော်စ (၄)နာရီအချိန် လူအချို့ နိုးထ၍ လူအချို့ အိပ်ကောင်းနေဆဲအချိန်။

ထိုအချိန်တွင် ထိုကိစ္စကို ဆောင်ရွက်နေမှန်း မည်သူမျှ သိရန်မလို။ အသံတိတ်ဖြင့် ဝက်တိရစ္ဆာန်ကိစ္စ ချောသွားဖို့လိုသည်။ ထိုအလုပ်ကိုလုပ်ရန် ပထမတွင် တရုတ်ကြီးက ပြသပေးသည်။ တရုတ်ကြီးက လက်ယဉ်နေပြီဖြစ်ရာ သူ၏ ဓားသွားတစ်ချက်သည် ဝက်တစ်ကောင် အသက်ကြွေပြီးသား ဖြစ်သည်။ 'အီး'ဟူသော အသံတစ်ချက်သာထွက်ပြီး ဝက်တစ်ကောင် ငြိမ်သက်သွားရသည်။ ထိုလက်ဆအတိုင်း တိုးမောင်လိုက်လုပ်ဖို့ ကြိုးစားသည်။ သည်အတွက် လက်ငြိမ်အောင် စောစောစီးစီး အရက်ဝမ်းပက် တူးပက်တော့ မော့လိုက်မှ အဆင်ပြေသည်။ တကယ်လည်း လက်ငြိမ်သွား၍ ဤထိုးချက်က မှန်သွားသည်။

တိုးမောင်တို့ ဝက်သတ်လုပ်ငန်းက လိုင်စင်နှင့် မဟုတ်၍ လူသိရန်မဖြစ်။ ထို့ကြောင့် သူများအိပ်ကောင်းနေချိန်တွင် အလုပ်လုပ်ရခြင်း ဖြစ်သည်။ တစ်နေ့လျှင် ဝက်လေး,ငါးကောင် ကိုင်ရသည်။ နောက်ပိုင်း တိုးမောင်၏ လက်က တရုတ်ကြီးလက်ထက်ပင် ပို၍ငြိမ်လာသည်။ ထို့ကြောင့် တရုတ်ကြီးက တိုးမောင်ကို ဘွဲ့ပေးထားသည်။ တစ်ချက်ထိုး တိုးမောင်ဟူ၍ ဖြစ်သည်။

တိုးမောင်ကလည်း ထိုတစ်ချက်ထိုးတိုးမောင် ဘွဲ့ကို လိုလိုလားလားလက်ခံပြီး ဝက်သတ်လုပ်ငန်းကိုသာ ဆက်၍ လုပ်ကိုင်ခဲ့သည်။ ရသည့်ဝင်ငွေနှင့် တစ်နေကုန် အရက်



www.burmeseclassic.com

www.burmeseclassic.com

သောက်သည်။ မမြစိန်ကမူ နို့စို့ကလေးကို ခါးထစ်ခွင်၍ ဈေးထဲမှာ ဝက်သားရောင်းသောအလုပ်ကို လုပ်သည်။ ယခင်က အစ်မဝမ်းကွဲထံမှ ဝက်သားကို ခေါက်ပြန်ကြေး ယူရောင်းသော်လည်း တိုးမောင် ဝက်သတ်လုပ်ငန်း လုပ်ကိုင်ချိန်မှစ၍ တိုးမောင်ယူလာသော ဝက်သားကို ဈေးထဲမှာ ရောင်းချသဖြင့် ငွေကြေးပို၍ ပြေလည်လာသည်။

တိုးမောင်က ဝက်သတ်ခ လုပ်ခတစ်ဝက်နှင့် ကျန် လုပ်ခကို ဝက်သားယူလာပြီး မမြစိန်ကို ရောင်းစေရာ အရင်းအနှီးမစိုက်ရပါဘဲနှင့် အမြတ်အစွန်းက ပေါ်လာသည်။ ထိုအခါ တိုးမောင်၏ ဩဇာက မမြစိန်အပေါ်တွင် ပို၍အောင်မြင်လာသည်။ မမြစိန်ကလည်း တိုးမောင်ကို ငယ်ကြောက်ဖြစ်ခဲ့ရလေရာ တိုးမောင် အရက်သောက်ခြင်းကို တားမြစ်ခြင်း မပြုတော့။ လက်ပိုက်ကာသာ ကြည့်နေတော့သည်။

သည်လိုနှင့် တိုးမောင်နှင့်မမြစိန်တို့ အိမ်ထောင်သက် (၁၀)နှစ်နီးပါးရှိခဲ့ပြီ။ ကလေး(၃)ယောက်နှင့် မိသားစုဝင် ရပ်လိုက်သည်။ ထိုအချိန်မှစ၍ တိုးမောင်တွင် ရောဂါ တစ်ခု ကပ်တွယ်လာသည်။ ထိုရောဂါမှာ ညညထ၍ အော်ဟစ်ညည်းညူတတ်သော ရောဂါဖြစ်သည်။

'အဲဒါ လောကငရဲလို့ခေါ်တယ်၊ ဝဋ်ငရဲလို့လည်း သတ်မှတ်လို့ရတယ်။ ဝဋ်ငရဲဆိုတာ မိမိပြုခဲ့တဲ့ အကုသိုလ်ကံတွေကို မိမိပြန်ပြီး ခံစားရတာပဲ။ ငရဲဆိုတာ ဘယ်တော့မှ မငြိမ်းချမ်းဘူး သားရဲ့။ ညမှာစံရင် နေ့မှာ ခံရတယ်၊ နေ့မှာ စံရင် ညမှာ ခံရတယ်။ အဲဒါ ငရဲပဲ။ အဲဒီငရဲမျိုး က သံသရာမှာလည်း ရှိတယ်။ ဒီလောကမှာလည်း ရှိတယ်'

တိုးမောင် အော်ဟစ်ညည်းညူနေပုံကို ညွှန်း၍ ကျွန်တော်၏ မိခင်ကြီးမှ ကျွန်တော်အား ရှင်းပြသည့် စကားက ကျွန်တော့်နားထဲမှာ ပြန်၍ကြားယောင်နေမိသည်။ သည်တော့မှ တိုးမောင်၏ဘဝကြောင်း အတွေးစဉ်မှ ပြတ်တောက်သွားသည်။

ထိုစဉ်-

'အား..အီး..အီး.. အမယ်လေး..အီး..အီး'

ကျယ်လောင်စူးရှသော အော်သံကြီး ပေါ်ထွက်လာသဖြင့် အရုဏ်ဦးကျေးငှက်တွန်ကျူးသံများပင် ငုပ်လျှိုး ကွယ်ပျောက်သွားရသည်။ သို့သော် ငှက်ဆိုးထိုးသံတစ်ခု ကမူ အရုဏ်ဦးနှင့် လိုက်ဖက်မှုကင်းစွာ ထွက်ပေါ်လာ နေသည်ကို ကျွန်တော်သတိပြုမိလိုက်သည်။ သိပ်မကြာ လိုက်၊ အိမ်ရှေ့မှ တံခါးခေါက်သံကြားရ၍ သွားရောက် ဖွင့်ကြည့်ရာ တိုးမောင်မိန်းမ မမြစိန်ကို တွေ့လိုက်ရသည်။

'ကိုမြင့်အောင် ရှင့်သူငယ်ချင်း ကိုတိုးမောင် စော စောက ဆုံးသွားရှာပြီ။ အဲကို ကိုမြင့်အောင်ကို လာပြီး အကြောင်းကြားတာ'

မမြစိန်က ငိုသံပါနှင့် ပြောဆိုပြီး လှည့်ထွက်သွား သည်။ မကြာမီ မျက်နှာ ကပျာကသီ သစ်ပြီးနောက် တိုးမောင်အိမ်ဘက်သို့ ကျွန်တော် ကူးလာလိုက်သည်။ တိုးမောင်တစ်ယောက် သူ၏ အိမ်ဦးခန်းတွင် ပက်လက် ကြီးဖြစ်လျက် အသက်ဝိညာဉ်ကင်းမဲ့စွာ ရှိနေသည်။ ကျွန် တော် တိုးမောင်ကိုကြည့်ကာ စိတ်မကောင်းကြီးစွာဖြစ် မိသည်။

'တိုးမောင်တစ်ယောက် သေခါနီး တော်တော် ဝေဒနာခံစားသွားရရှာသည်။ ကျွန်တော် သူ့ကိုကြည့်ပြီး သနားလိုက်တာဗျာ။ ဒါပေမဲ့ ကျွန်တော်လည်း ဘာမှ ပြီး မကူညီနိုင်တော့ ဒီအတိုင်း လက်ပိုက်ပြီး ကြည့်နေ ရတော့တာပါပဲ'

တိုးမောင် အသက်ထွက်သွားပုံကို အစအဆုံး တွေ့ မြင်လိုက်ရသော တိုးမောင်မိတ်ဆွေတစ်ဦး၏ စကား တိုးမောင်၏ အဖြစ်အပျက်ကို ပုံဖော်ပြနေသကဲ့သို့ ကျွန် တော်ခံစားလိုက်ရသည်။ ထိုအခါ ကျွန်တော်၏ မိခင်ကြီး ဆုံးမခဲ့ဖူးသော စကားကို ပြန်၍ ကြားယောင်လာမိတော့ သည်။

'ဝဋ်မှာ အမြဲ၊ ငရဲမှာ အပ ဆိုတဲ့ စကား ငရဲကတော့ ကျွတ်လွတ်နိုင်တယ်။ ဝဋ်ကတော့ တော့မှ ရှောင်လွှဲလို့မရဘူး ဆိုတယ်။ ဒါပေမဲ့ မိမိပြုတဲ့ အကုသိုလ်ကံက ကြီးမားရင် ဝဋ်ဆို ငရဲတစ်ခုလို ခံစားရတတ်တယ်။ တကယ့်ငရဲ မဟုတ် ဝဋ်ငရဲပေါ့။ အဲဒီဝဋ်ငရဲဆိုတာကို တချို့များ ဒီလော မှာတင် လောလောလတ်လတ် ခံစားသွားရတဲ့ ဝဋ် တာတွေ ရှိတယ်နော်။ သတိထားပြီး အသိတရားနဲ့ ကြည့်ကြပါကွယ်'

ချစ်မင်း



www.burmeseclassic.com

www.burmeseclassic.com

နယ်လှည့်သာသနာပြု ဖိုးမမွသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)



[မွေးရာပါ အကြားအမြင်]

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

**လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☎ ၀၉ ၄၂၈ ၃၁၇၂၉၉

---

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** — **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း — သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ဒြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ချက်စီ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ထူးဆန်းသော ဇာတ်ငှားသူနှစ်ဦး**

ဇာတ်သမားတို့သည် ဇာတ်ကတိုင်း ဇာတ်စထွက်သည်နှင့် အပျိုတော်ယိမ်း အကဖြင့် နတ်ဆိုင်းတီးပြီးမှ ကတတ်ကြလေ၏။ ဆိုရလျှင် နတ်နှင့် ဇာတ်သည် လမိုင်းကပ်စွာ လင်နှင့်မယားလို ကင်းကွာ၍ မရစကောင်း။



# ညိုမြရောင်
## နတ်ဆိုင်းမတီးရတဲ့ရွာ



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကမှတော့ နတ်ဆိုင်းတီးရမည်မှာ အစဉ်အလာတစ်ခုလိုပဲ မဟုတ်ပါလား။ ဇာတ်ဆရာနှင့် ဇာတ်သူဇာတ်သားတို့သည် ဇာတ်ကတော့မည် ဆိုသည်နှင့် ဇာတ်စင်ရှေ့ ဆိုင်းဝိုင်းအနီးတွင် အုန်း၊ ငှက်ပျောပွဲတို့ဖြင့် ကန်တော့ပွဲ ပေးရသည်မှာ ရိုးရာတစ်ခုလို အစဉ်အဆက် ကျင့်သုံးရစမြဲဖြစ်သည်။

"ဘယ့်နှယ်ဗျာ..အခုတော့ သူတို့ရွာမှာ



ဇာတ်ကရင် နတ်ဆိုင်းမတီးပါနဲ့တဲ့ဗျာ။ ကောင်းရော..ကောင်းရော"

ဇာတ်ပိုင်ရှင်လည်းဖြစ်၊ ဇာတ်ဆရာဆိုသည် မမှားသည့် ကိုစိန်ပွသည် ဇာတ်ငှားလာသည့် ရွာသားတို့ကိုကြည့်ပြီး စိတ်ထဲမှ ညည်းချင်းထုတ်လိုက်သည်။ သည်သော ညည်းချင်းတစ်ပုဒ်ကို အပြင်ထုတ်ပြောဖို့ကည်း မဖြစ်သာပြီ။ မိမိက အရိုးများသော ဈေးခါးသော လိုက်လေမှ မငှားဘဲ ပြန်သွားမှာကိုလည်း သူ့အနေ မလိုလားပါချေ။

မိုးတွင်းတစ်တွင်းလုံး ဇာတ်မကရဘဲ ဇာတ်ခေါင်းပြီးမှ ဇာတ်ခေါင်း၊ ဇာတ်ကိုယ်၊ ဇာတ်ခြေ၊ ဇာတ်တို့ ကစဉ့်ကလျား ပြန့်ကျဲနေရာမှ တစ်ခုချင်း ပြန် ကျားသေကို အသက်သွင်းလိုက်ရတာက ဘာမှသေး။ ဈေးသည်တို့ ဈေးဦး မပယ်ကောင်းသလိုဖျား လာငှားတော့လည်း ကိုယ့်ဆန္ဒကို ရှေ့တန်းနေတော့ဘဲ မျက်စိမှိတ် လက်ခံလိုက်ရတော့၏။

"အေးဗျာ..နတ်ဆိုင်းမတီးရဆိုတော့လည်း ဆန်းသားဗျ။ မတီးနဲ့ဆိုလည်း မတီးဘူးပေါ့ဗျာ။ အင်း..အဲ..အဲ..ဟို..ဟိုလေ၊ ပြောရမှာတော့ အားနာပါတယ်။ သွားရမယ့်ခရီးက ဝေးလွန်းတော့ စရန်တစ်ဝက်လောက် မ,စခဲ့ပါလားဗျာ"

ဇာတ်ဆရာအနေနှင့် အကြွေးသည် လက်ငင်းလောက် မသေချာဆိုသည့်ထုံး နှလုံးမူပြီးသကာလ ရှေ့မျက်နှာ နောက်ထားကာ အလုပ်သဘောအဖြစ် စရန် (စပေါ်) တောင်းလိုက်ရလေ၏။

ထိုအခါမှာတော့ ဇာတ်လာငှားသူ အသက်ခပ်ကြီးကြီး သျှောင်ကြီးဖွေကြီးနှင့် လူလတ်အရွယ် လူနှစ်ဦးတို့သည် ရှောရှောရှူရှူပင် ရှမ်းလွယ်အိတ်ကြီးထဲမှ ငွေအထပ်လိုက်ကိုထုတ်ကာ ဇာတ်ဆရာ တောင်းသမျှ ပေးလိုက်လေသည်။

"ရော့..ရော့..ဇာတ်ဆရာ တောင်းသမျှထက် ပိုပါတယ်။ ငွေတွေ ကြေးတွေက အဓိကမကျပါဘူးဗျ။ ကျုပ်တို့ရွာက ပွဲတော်နေတော့ ဘယ်လိုကက ရပါတယ်။ အင်း..ဇာတ်ကရင် နတ်ဆိုင်းတီးတာတော့ မကြိုက်ဘြ



www.burmeseclassic.com

www.burmeseclassic.com

အုန်း

ဤသို့ဖြင့် ဇာတ်ဆရာသည် မိမိတို့သွားရ၊ ကရမည့် ရွာနာမည်၊ ဇာတ်လာငှားသူတို့အမည်၊ ကပြရမည့် ရက်နှိုင်းတို့ကို ဇာတ်စာအုပ်ထဲတွင် မှတ်သားထားလိုက်သည်။

ဇာတ်သမားများသိရှိရန်၊ ဤရွာတွင် ဇာတ်ကလျှင် နတ်ဆိုင်းမတီးရဟု ဇာတ်ဆရာသည် သူ့မှတ်စုစာအုပ်ထဲတွင် မျဉ်းသားထားပြီး တေးမှတ်ထားလိုက်သည်။ ဤသို့ ထူးဆန်းအံ့သြရသည်နှင့်အမျှ တုန်လှုပ်ချောက်ချားဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို အစပျိုးမိသည့် အချိန်သည်ကား လွန်ခဲ့သည့် အနှစ်(၆၀)ကျော်ခန့်ကပင် ဖြစ်ချေတော့၏။

◆◆◆

## ဆဲမှကြိုက်တဲ့ရွာ

အဘွားမယ်ခသည် ဤထူးဆန်းသည့် ဇာတ်လမ်းတစ်ပုဒ်အား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် ကျွန်တော့်အား ပြောပြခဲ့လေ၏။ ငယ်ဘဝအကြောင်းကို ပြန်တွေးကြည့်မိတိုင်း ကျွန်တော်သည် ပိန်းဇလုပ်အရှေ့ဘက်မှ ရွာနီးချုပ်စပ်တို့တွင် ထင်းခွေခဲ့သည့် အဖြစ်တို့ကို အဦးဆုံး ပြေးမြင်မိလေ၏။

ကျွန်တော် မောင်စိန်လွင်သည် သူငယ်ချင်းယောကျ်ားလေး အဖော်နှစ်ယောက်၊ သုံးယောက်ခန့်၊ မိန်းကလေး အဖော်(၃၊ ၄)ယောက်ခန့်တို့ဖြင့် ကျောင်းအားလပ်ရက်များတွင် အမေ့အတွက် တစ်တပ်တစ်အား ကူညီသည့်အနေဖြင့် ထင်းခွေထွက်တတ်ပါသည်။

သည်လိုအခါများတွင် အဘွားဖြစ်သူ ဒေါ်မယ်ခသည် ထင်းခွေထွက်ကြမည့် ကျွန်တော်တို့ကို စိုးရိမ်တကြီး မှာကြားတတ်လေ၏။

'ဟဲ့..ကလေးတို့၊ ထင်းခုတ် ထင်းခွေ ထွက်ရင် လူစုကွဲတဲ့အချိန်မှာ မောင်ဘယ်သူ၊ မဟုတ်ဆိုပြီး နာမည်တပ်မခေါ်ကြနဲ့။ အခု ငါ့မြေးတို့သွားမယ့် ရွာပျက်ကြီးဟာ တစ်ချိန်က အင်မတန်ကို မြေကြမ်း ရေကြမ်းပြီး အခြောက်အလှန့်ကြမ်းတဲ့ ရွာကိုးကွယ့်။ သင်းခွေချုပ်အယောင်ဆောင် ကျတ်တွေက နာမည်ခေါ်လိုက်တာနဲ့ အခေါ်ခံရသူရဲ့ နာမည်ကို မှတ်ထားတတ်ကြတယ်။ အဲ..ခေါ်သူရဲ့ အသံနေအသံထားအတိုင်း တုပပြီး တူအောင် ပြန်ခေါ်တတ်ကြတာကလား။ အဲဒီမှာ ထူးတဲ့သူက သူ့ခေါ်တယ်ထင်ပြီးများ ရှင်လို့ ထူးလိုက်တာနဲ့ အပမှီပြီး သေတာပါပဲ။ ဒါကြောင့် လူချင်းကွဲလို့ ခေါ်ချင်ရင် ဝူး..ဝူးဆိုပြီး အသံပေးရတယ်ကွယ့်'

ထင်းခွေထွက်သည့်အခါများမှာမှ အဘွားသည် မည်သည့်အဓိပ္ပာယ်၊ ရည်ရွယ်ချက်ဖြင့် သတိပေးခဲ့သည်ကို မသိရှိသေးသော်လည်း ကျွန်တော်တို့အဖွဲ့သည် တပျော်တပါး လူစုလူဝေးဖြင့် ထင်းအရှာ ထွက်ဖြစ်ကြသည်။ ထိုစဉ်က ကျွန်တော်တို့သည် လူပျိုပေါက်၊ အပျိုပေါက်များဖြစ်ကြ၍ ကျွန်တော်တို့လို လူပျိုကာလသားများက ပခုံးတစ်ဖက်တစ်ချက် ထင်းစည်းနှစ်စည်းကို ထမ်းနိုင်သမျှ ထမ်းလေ့ရှိကြ၏။

အပျိုပေါက်အရွယ် မိန်းကလေးများကမူ မိမိတနိုင် ထင်းခြောက်၊ ထင်းစိုတို့ကို နွယ်နီ(နွယ်ကြိုး)တို့ဖြင့် စည်းနှောင်ကာ ခေါင်းပေါ်ရွက်ပြန်ကြလေ၏။ ပိန်းဇလုပ်မြို့မှ ထွက်လျှင် စားကျက်တောရွာ ရှိလေရကား ကျွန်တော်တို့သည် ထိုစားကျက်တောရွာသို့ရောက်လျှင် တစ်ထောက်နား အပန်းဖြေကြလေ၏။

မိမိတို့တွင်ပါလာသည့် ကောက်ညှင်းပေါင်း၊ မုန့်ဝိုင်းပေါင်း၊ မုန့်လိပ်ပြာ၊ မူတူးမုန့်(မြူစွမ်ချောင်းလိုလို သေးဖြူဖြူမုန့်တို့ကို သကြား၊ အုန်းသီးခြစ်ဖြင့် ဖြူးစားရသည့်မုန့်)၊ ခဲလုံးကျည်တောက်(ကောက်ညှင်းကျည်တောက်)တို့ကို ထုပ်ကာ အလဲအလှယ်သဘောဖြင့် အတူတကွ စားသောက်ရင်း အနားယူတတ်ကြစမြဲ။

'ဟဲ..ဟဲ..တို့မုန့်ပွဲက တစ်အိမ်တစ်လက် ဆွမ်းဟင်းချက်ပို့တဲ့ ဘုန်းကြီးပွဲနဲ့ မတူဘူးလားကွယ့်'

အစအနောက်သန်ပြီး နေရာတကာ လူတွင်ကျယ်လုပ်တတ်သည့် ကျွန်တော်သည် ဤသို့ပင် ထင်းခွေအဖော်သားတို့ကို ပျော်တော်ဆက်တတ်လေ၏။

ထိုစားကျက်တောရွာထိပ်တွင် ရေတွင်းတစ်တွင်း၊ သဘာဝကန်ငယ်တစ်ခု ရှိလေရကား နတ်ရေကန်ဟု အမည်ပေးထားသည့် ထိုကန်အနီးမှာပင် စားကြသောက်ကြ၊ ရေငင်ကြနှင့် ကျွန်တော်တို့၏ငယ်ဘဝ တပျော်တပါး ကုန်ဆုံးစေလိုက်ကြသည်။ ထင်းခွေပြီး ပြန်လာတိုင်း ကျွန်တော်တို့သည် အနီးနတ်ရေကန်မှ ရေကြည်ချမ်းချမ်း အမောပြေ ခပ်ကြ၊ သောက်ကြ မှိဝဲကြလေ၏။

ချွေးတိတ်သည့်အခါများတွင် တစ်ယောက်တစ်လှည့် ရေဆင်းကူးကြကုန်၏။ ရေတွင်းသဏ္ဌာန် ခပ်ဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

လေးဖြစ်နေသည့် ထိုနတ်ရေကန်သည် အနက်အားဖြင့် နှစ်တောင်ခန့် ရှိသော်ငြားလည်း ထိုကန်မှ ပြန်တက်ပြီး မကြာမီပင် တွင်းရေသည် တစ်မုဟုတ်ချင်း ကြည်လင်သွားလေ၏။ တစ်ခါတစ်ရံ ဖြတ်သွားဖြတ်လာ ပြုတတ်သည့် ခရီးသွားတို့ မည်မျှပင်ခပ်ခပ် နတ်ရေကန်သည် တိမ်ကောကာ ခန်းခြောက်သွားသည်မရှိ၊ ပကတိရေပြည့်လျက်ပင် ရှိနေပေသည်။ ခုချိန်ထိ ကျွန်တော်မှတ်မိနေသေးသည်မှာ ပိန်းဇလုပ်အထွက် ကန်ကလေးရွာကျော်လျှင် စားကျက်တောရွာသို့ ရောက်သွားခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် စားကျက်တောရွာသည် ပိန်းဇလုပ်မြို့မှထွက်လျှင် (၃)မိုင်ကျော် ခရီးတာမျှသာတည်း။

ထိုစဉ်က ကျွန်တော်သည် လူပျိုကြက်ချေးဟု အများသမုတ်ကြသလို လူပျိုဖြစ်စအရွယ်မို့ ကြီးကောင်ဝင်တို့ထုံးစံအတိုင်း မျက်နှာလိုမျက်နှာရအနေနှင့် မိန်းမပျိုတို့၏ ထင်းစည်းအတွက် ထင်းခွေထင်းခုတ် ကူမပေးခြင်းဖြင့် မျက်နှာလုပ်တတ်ပါသည်။ ထင်းခွေ၊ ထင်းခုတ်ရင်းမှာပင် သမီးရည်းစား စကားပြောကြ၊ ညားသွားကြသည့် စုံတွဲပေါင်းများစွာလည်း မရေမတွက်နိုင်တော့ပြီ။

ဤအထဲတွင် ကျွန်တော့်အဘွားသည်လည်း အဘိုးနှင့် ဤသို့နှယ် ထင်းခွေရင်း ညားကြလေသတည်းဟု ရယ်ကာမောကာ ပြောပြတတ်လေ၏။ ထင်းခြောက်ကောက်ရင်း လူစုကွဲသည့်အခါ ကျွန်တော်တို့သည် အဘွားမှာကြားလိုက်သည့်အတိုင်း တဝူးဝူးဖြင့် လူစုကြပြန်တော့၏။ ရံဖန်ရံခါတွင် ခေါ်သံတို့သည် တောင်ကမ်းပါးယံမှ ဟိန်းဟိန်းဟလာသလို သံတူကြောင်းကွဲများပါ လာတတ်သဖြင့် ကျွန်တော်တို့သည် အဘွားပြောသည့် ကျတ်ခေါ်သံများလားလို့ အတွေးပွားကာ ကြောက်ဒူးတုန်ခဲ့ရပါသေးသည်။

ထူးဆန်းသည်မှာ ပိန်းဇလုပ်မြို့နားက ရွာနီးချုပ်စပ်ချင်းအတူတူ ကန်ကလေးရွာသည် ဘာသာတရား ကိုင်းရှိုင်းပြီး တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးပျူငှာ နှစ်လိုဖွယ် စကားတို့ကို ပြောတတ်ကြလင့်ကစား စားကျက်တောရွာသားတို့မှာကား နင်ပဲငဆ တစ်တစ်ခွခွဆဲမှ ကြိုက်သည့် စရိုက်ရှိသော ရွာပါတကား။

ဤသို့ဖြင့် ပိန်းဇလုပ်မှ ကန်ကလေး။ ထိုမှလွန်သော် စားကျက်တောရွာတောတန်းသို့ အခေါက်ခေါက်အခါခါ ရောက်နေတတ်သည့် ကျွန်တော်တို့သည် အဘွားပြောပြသည့် တုန်လှုပ်ချောက်ချားဖွယ် ဇာတ်လမ်းကို ကြားပြီးသည်မှ အစပြု၍ အနီးစားကျက်တောရွာပျက်သို့ ခြေဦးမလှည့်ဖြစ်ကြတော့။

ထိုစဉ်က ကျွန်တော် ငယ်ပါသေးသည်။ နောင် စာအုပ်စာပေတို့ကို ဖတ်ရှုလေ့လာမိမှ ဂမ္ဘီရဆိုသော ဝေါဟာရကို သတိပြုမိလာသည်။ ငယ်ရွယ်စဉ်က ထင်းခွေခဲ့၊ နတ်ရေကန်မှာ ရေချိုးခဲ့သည့်အဖြစ်နှင့် ဆဲမှကြိုက်သည့် ရွာတို့ကို ပြေးမြင်မိတိုင်း သြော်··ဒါတွေဟာ ဂမ္ဘီရဆန်ခဲ့ပါလားဟု ခုနေခါ ပြန်ပြီးဆန်းစစ်ကြည့်မိတော့သည်။

ကျွန်တော့်အဘွား ဒေါ်မယ်ခသည် တစ်ညတစ်မျိုး မရိုးနိုင်သည့် ဇာတ်လမ်းတို့ကို တစ်ညတစ်ပုဒ်ကျ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောပြတတ်လေရကား အဘွားပြောပြသည့် ချောက်ချားဖွယ် ဇာတ်လမ်းများထဲမှ ဤနတ်ဆိုင်းမတီးရသည့်ရွာနှင့်ပတ်သက်၍ သွေးပျက်ချောက်ချားဖွယ် ဇာတ်လမ်းတစ်ပုဒ်အား ကနဦးတွင် အစချီခဲ့သလို အောက်ပါအတိုင်း ပြောပြပါတော့၏။

<u>**ထူးဆန်းရွာမှ ဇာတ်ကစဉ်**</u>

ဇာတ်ဆရာ ကိုစိန်ပွသည် စရန်တစ်ဝက်ကျော်ကျော် ယူထားပြီးဖြစ်၍ ဇာတ်သမား တစ်ယောက်ချင်းစီတို့ကို အကြောင်းကြား လူစုပြီးလျှင် ဇာတ်ကမည့်ရွာသို့ ထွက်ခွာရန် ပြင်ဆင်လေတော့၏။ ဇာတ်မှာ ပဲခူးဇာတ်ဖြစ်၍ ပဲခူးစိန်ဟု ဇာတ်ဆရာက အမည်ပေးထားပါသည်။

သွားရမည့်ခရီးက တောလမ်းမြိုင်ကန္တာကို ဖြတ်သန်းရမည်ဖြစ်၍ ဇာတ်ဆရာသည် အကြမ်းပတမ်းခံနိုင်မည့် လှည်းနှင့် နွားတို့ကိုငှားကာ ပဲခူးမြို့မှ ပိန်းဇလုပ်သို့ တက်သုတ်နှင်လျက် ဖုန်ထွေ့တထောင်းထောင်းဖြင့် အပြင်းမောင်းလိုက်ကြသည်။ ဇာတ်သူဇာတ်သား၊ ဇာတ်ပစ္စည်းတို့က များလှသမို့ အချို့သောလှည်း၊ နွားတို့ကိုတော့ ဇာတ်လာငှားသူတွေက ကြိုတင်စီစဉ်ပေးခဲ့လေ၏။

ဇာတ်အဖွဲ့ဆိုတာကလည်း ကားလိပ်ဆွဲ၊ ဆိုင်းဝိုင်းအဖွဲ့၊ ဇာတ်သူဇာတ်သား၊ ထမင်းချက်အဖွဲ့၊ တောက်တိုမည်ရအလုပ်သမားများနှင့် ဖွဲ့စည်းထားကြသည် မဟုတ်လား။ ဤသို့ဖြင့် လှည်း(၄၊ ၅)စီးတို့ဖြင့် ခြံရံကာ ဇာတ်သေတ္တာပေါ် ထိုင်ငိုက်ရင်း မရောက်ဖူးသည့် မျက်နှာစိမ်းရွာသို့ မေးပါများစကားရထုံး နှလုံးမူလျက် ထွက်လာခဲ့

www.burmeseclassic.com

ကြလေတော့၏။

ပွဲငှားလာသူတွေကလည်း ခန့်ခန့်ညားညား နွတ်ခမ်းမွေးတကားကားနှင့်ဖြစ်သလို ဝတ်ထားစားထားလိုက်ကြတာကလည်း ဘုရားတကာ ပုံစံနှင့်မို့ ဇာတ်ဆရာသည် စိတ်ချလက်ချပင် သူ့အဖွဲ့သားများကို ခေါ်ချလာခြင်းဖြစ်သည်။ ပေးထားသည့် စရန်ငွေကလည်း ပိုပိုသာသာ မက်လောက်စရာမို့ ဘာညာသာရကာ တွေးမနေတော့ဘဲ ယုံကြည်ချက်အပြည့်နှင့် မျက်စိမှိတ် လိုက်ခဲ့ခြင်းလည်း ဖြစ်သည်။

ဇာတ်အဖွဲ့သားတို့သည် တပျော်တပါး ဟေးလားဟားလား ရယ်ပွဲဖွဲ့ကြသည်။ တရွေ့ရွေ့ဖြင့် လာလိုက်ကြတာ မှောင်စလည်းပျိုးရော ဇာတ်ကရမည့် ထိုရွာသို့ ရောက်လာလေတော့၏။

ဇာတ်ဆရာသည် သွားဟယ်လာဟယ်ဖြင့် သံပတ်ရုပ်လို လှုပ်ရှားသက်ဝင်နေသည့် ရွာသူရွာသားတို့ကိုကြည့်ရင်း သူ့စိတ်ထဲ အိပ်မက်နိုင်ငံတစ်ခုသို့ ရောက်သွားသလိုတော့ ခံစားလိုက်ရသည်။

သူသည် သူတို့ဇာတ်ကမည့်ရွာ ဟုတ်,မဟုတ် ရွာသားထဲမှ တစ်ဦးတစ်ယောက်အား သေချာသထက် သေချာအောင် ကောက်ကာငင်ကာ မေးလိုက်သည်။

'ဗျို့..နောင်ကြီးခင်ဗျ၊ ဒီရွာနာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျာ'

ဇာတ်ဆရာအမေးကြောင့် သျှောင်တစောင်းထုံးထားသည့် ရွာသားကြီးသည် ဇာတ်ဆရာကို မျက်ထောင့်နီကြီးဖြင့် ခပ်စိမ်းစိမ်းကြည့်ရင်း မဖြေချင့် ဖြေချင်ဖြင့် ဖြေလိုက်သည်။

'ဒါ စားကျက်တောရွာပဲဗျ။ ခင်ဗျားတို့က ဘယ်ကလဲ။ ဘာလာလုပ်ကြတာတုံး'

ဖြေသာ ဖြေလိုက်ရသော်လည်း ထိုရွာသားက မိမိတို့ကို မလိုလားသလို ဘုကြည့်ကြည့်ပြီး အဖက်မတန်သည့်ပမာ ရှေ့တူရူသို့ လျှောက်ထွက်သွားလေ၏။

'အင်း..ချိုကတည်းက ယဉ်သကို ဆိုသလိုပါလားဟေ့'

ကရင်စပ် ဇာတ်ဆရာသည် ကရင်သံဝဲဝဲဖြင့် စိတ်ပျက်လက်ပျက် ဗွေဆော်ဦးနိဒါန်းအဖြစ် ဥဒါန်းကျူးရင့်မိလေ၏။ မကြာခင်မှာပင် ပဲခူးစိန်ဇာတ်အဖွဲ့သည် လွင်တီးခေါင်တစ်ခုပမာ ကျယ်လွင့်သည့် ရိုးပြတ်ကွင်းတစ်ခုထဲသို့ ရောက်သွားကြတော့သည်။

မှောင်ရီပိုးတဝါးအချိန်မို့ ဇာတ်ပွဲလာတို့သည် သွားလိုက်ပြန်လိုက်ဖြင့် မိမိတို့ကိုပင် ပခုံးချင်းတိုက်ကာ ဖျာ ပန်းခပ်မျှ လှုပ်ရှားနေသည်များကို တွေ့လိုက်ကြသည်။

မျက်လှည့်ပြမည့်သူ၊ ရုံပွဲသွင်းမည့်သူများကလည်း ထူးပေ့ဆန်းပေ့ဆိုသည့် မိမိတို့ အကောင်ဗလောင်များကို ပွေ့လျက်တစ်မျိုး၊ ခြင်းကြားထဲထည့်လျက်တစ်မျိုး ပျာယီးပျာယာဖြင့် လူးလာဆန့်ခတ် ဖနောင့်သံစူးမတတ် အသံတိတ်လှုပ်ရှားသွားလာနေကြချေ၏။ ဇာတ်ဆရာကတော့ သူတို့တစ်တွေ ယူဆောင်လေသည့် ထူးဆန်းသော အကောင်တို့ကို မြင်ဖြစ်အောင် မြင်လိုက်မိချေသေး၊

ခေါင်းနှစ်လုံးနှင့်ကြက်ဖ၊ လိပ်လိုလို မိကျောင်းလိုလို လိပ်မိကျောင်းကောင်တွေ၊ အမြီးတန်းလန်းနှင့် ဆန်းလည်းဆန်းတဲ့သတ္တဝါ။ ပြီးတော့ လူလိုလို ငါးလိုလို အကျည်းတန်တဲ့ ရေသူထီး၊ ရေသူမလိုလို အကောင်တွေ၊ ဒါတင်လား မဟုတ်သေးချေ။ လူ့မျက်နှာနှင့် ဝက်ကိုယ်လုံးလုံး ထူးဆန်းသည့် သတ္တဝါတွေ။

'ဟာ..အလိုလေးလေး၊ ဘယ်လိုဟာကြီးတွေလဲဟ အားပါးပါး ဒီရွာမှာ ဒီလိုထူးဆန်းတဲ့ အကောင်တွေ များလှချည်လားကရို'

မအောင့်နိုင်မအည်းနိုင် ဇာတ်ဆရာ ညည်းချင်းသံ ပုဒ် ထုတ်မိပြီကော။

အချိန်ကလည်း ညီအစ်ကိုမသိတသိအချိန်။ မိုးတဝါး မှုန်တိမှုန်ဝါးအချိန် ဖြစ်လေသမို့ ကြည့်လေရာ မြင်လေရာရာမှာ လူလုံးမကွဲလှပါချေ။

ကွင်းလယ်မှာတော့ ဇာတ်စင်တစ်စင်သည် ကပြ ခနော်ခနဲ့အဆင်းသဏ္ဍာန်ဖြင့် အထီးတည်း ရှိနေသော ကွင်းအနီး တောစပ်တစ်နေရာမှာတော့ စေတီပျက်တစ်ဆူ သည် ထုံးသင်္ကန်းတို့ မေးမှိန်ကာ ရေညှိတက်အားလုံး တစ်ဝက်တစ်ပျက်ဖြင့် ပျက်စီးစပြုနေပေပြီ။ စေတီအောက် မှ ကြေးညှိတက်ထီးတော်သည်ပင် လျှင်တော်လေ ကြောင့်လား မဆိုနိုင်။ စေတီငှက်ပျောဖူးပေါ်သို့ တစ်ခြမ်း တစ်စမျှ ငိုက်ကျနေချေ၏။

ဇာတ်ဆရာ ကိုစိန်ပွနှင့် ဇာတ်သမားတို့သည် မြင်မြင်သမျှ မြင်မိမြင်ရာမြင်ကွင်းတို့ကိုကြည့်ရင်း စိတ်အပူ

www.burmeseclassic.com

ပျက်မိကြလေ၏။ အားငယ်မိကြလေ၏။ ထိုထက်ပို၍ဆို ရသော် တုန်လှုပ်ချောက်ချားခြင်းကြီးစွာ ဖြစ်မိကြလေ တော့၏။

ဇာတ်အဖွဲ့သားတိုင်း၏ တူညီသော ရင်တွင်းစကား များကလည်း ဟင်း..လာမိတာမှားလေခြင်းဟု သက် ပြင်းတချချ တွေးမိကြလေမလားမသိ။ မျက်နှာကိုယ်စီတို့ သည် ညှိုးရော်ပန်းလျှ နွမ်းဟိုက်သွားကြကုန်၏။ ဟောင်း အိုနေသည့် စေတီပျက်အနီးမှာတော့ ထန်းနှစ်ပင်သည် မိုးကြိုးပစ်ခံလိုက်ရဟန်ဖြင့် ခေါင်းပြတ်ကာ အရွက်မရှိ ငုံးတိတိသစ်ငုတ်တိုအလား ငုတ်တုတ်မေ့နေကြလေ၏။ ခေါင်းပြတ်တစ္ဆေ နှစ်ကောင်အလား ချောက်ချားဖွယ် အသွင်ကို ဆောင်နေချေ၏။ ထိုမျှလောက်ပင် မကချေ သေး။ အနီးထန်းနှစ်ပင်ညီနောင်သည် မိုးကြိုးဒဏ်ကြောင့် ...းကျွမ်းထားသည့် နာနာဘာဝရုပ်အလောင်းကောင်လို ...ည်းမှောင်မှောင် အဆင်းဖြင့် အမှောင်ထုအောက်တွင် ...ိုယ်ထင်ပြလျက် လာသမျှလူတို့အား လက်ယပ်ခေါ်နေ ...သည့်သဏ္ဍာန် ရှိနေပြန်သည်။

'ဟူး..ဘယ်လိုရွာကြီးတုန်းဟ။ ဇာတ်တောင်မက ...သေးဘူး။ ကြောက်စရာ ထိတ်စရာမြင်ကွင်းတွေနဲ့ တို့ ...ကြိုဆိုလိုက်ပဟ'

ဇာတ်မင်းသား ကိုသာဆန်းက ရင်တုန်ပန်းတုန်လေ ...ဖြင့် နှုတ်ထွက်စကား ဆိုလိုက်သည်။ ကိုသာဆန်း ...ည်ဆိုလည်း ဆိုလောက်သည်။ ကြည့်ပါလေဦး၊ ဇာတ် ...အမိုးက ထန်းရွက်ထန်းခက် ထန်းပလက်ပြားတို့ဖြင့် ...ကတတ်ဆန်း မိုးထားသလို ဇာတ်စင်ကြမ်းခင်းတွေက ...ည်း အခေါင်းတလားရိုက်သည့် ပျဉ်ချပ်လို ခယိုခယိုင် ...ောင်းအိုဆွေးမြည့်လျက် ဇာတ်ကလှျင်ပင် လဲပြိုကျ ...မယောင်ရှိသည်။ ဒါတင်ပဲလား၊ ရှိပါသေးသည်။ ...တ်ခရောင်းတောအပေါ် ဖြတ်လျှောက်လာသည့် ဇာတ် ...းတို့သည် ခြေထောက်အောက်မှ ရှူးခနဲ၊ ရှီခနဲ ...တိုက်ဖြတ်ပြေးသွားသည့် မြွေဟောက်မြွေဆိုးတို့ ...ြင့် ထခုန်မိမတတ် ပြေးခဲ့ရသည်လည်း ရှိပေသေး ...။

ဇာတ်ဆရာ ကိုစိန်ပွသည် ဇာတ်စင်နှင့် စေတီပျက် ...ကြည့်ရင်း စိတ်ပျက်လက်ပျက် သက်ပြင်းမောကြီး ...လိုက်သည်။ သူသည် နွမ်းလျစွာ ဇာတ်ငှားလာသူ တို့ကို တွေ့လိုတွေ့ငြား လူအုပ်ကြီးရှိရာသို့ လျှောက်သွား လိုက်သည်။

'ဟော့လူ၊ ကျုပ်တို့အဖွဲ့ဆီ ဇာတ်လာငှားတဲ့ ဟို သျှောင်ကြီးဖွေ့နဲ့ ဘုရားဒကာလူကြီးကို တွေ့မိသေးလား ဗျို့။ သူ့ကို ဘယ်မှာရှာရင် တွေ့နိုင်မလဲ။ သိရင် ပြော ပြပါဦးဗျ'

မြွေအလမ္ပာယ်ဆရာ ဖြစ်ပုံရသည့် မျက်ထောင့်နီနှင့် လူကြီးသည် မြွေဟောက်တစ်ကောင်ကို လည်ပင်းညှစ် ကာ ကိုင်ထားရာမှ မီးဝင်းဝင်းတောက်သည့် မျက်နှာဖြင့် ဇာတ်ဆရာကို စိုက်ကြည့်လိုက်လေ၏။

'ဘာ..ဇာတ်လာငှားတဲ့သူတဲ့လား။ ကြားသားမိုး ကြိုး ကျုပ်တို့ရွာက ဇာတ်ငှားဖို့ မလိုဘူး။ အားလုံး ဇာတ်ဆရာ၊ ပညာသည်ကြီးပဲ။ အင်း..မကြာခင်မှာပဲ ကျုပ်လည်း ဇာတ်စင်ပေါ်တက်ပြီး ဟောဒီလို ဟောဒီလို ဒီမြွေဟောက်နဲ့ ကစားပြမယ်ဗျ'

အလမ္ပာယ်ဆရာလိုလူသည် ပြောရင်းဆိုရင်းမှာပင် သူညှစ်ကိုင်ထားသည့် မြွေဟောက်ခေါင်းကို ဆတ်ခနဲ လွှတ်ပေးလိုက်လေ၏။ ပါးပျဉ်းထောင်နေသည့် မြွေ ဟောက်ကြီးသည် ရှီခနဲ ဒေါပြန်ထကာ ဇာတ်ဆရာဆီ ပေါက်တော့မယောင် ဦးလှည့်လိုက်ပါသည်။

'အမယ်လေးဗျ၊ ကံကောင်းလို့မသေ သံချောင်းတို့ အဖေ ဖြစ်တော့မလို့ဗျို့။ လာ..လာ..အမြန်လာ၊ ဇာတ် ဆရာရေ။ ပြေး..ပြေးကြရအောင်'

ပတ်မသမား သာဖျောသည် မြွေအလမ္ပာယ်ဆရာ လက်ထဲမှ ကြောက်ခမန်းလိလိ ပါးပျဉ်းထောင်နေသည့် မြွေဟောက်ကိုကြည့်ရင်း ဇာတ်ဆရာအား အလော့သုံး ဆယ် သတိပေးလိုက်သည်။ ဇာတ်သမားတို့သည် သာ ဖျော သတိပေးလိုက်သံကြားလေမှ အသိဝင်လာကာ ခြေ ဦးတည့်ရာသို့ ကမူးရှူးထိုး ပြေးကြလေတော့၏။

ပြေးမိပြေးရာ စွတ်ပြေးကြလေသည့် ဇာတ်သမားတို့ လည်း တစ်ခုသော မဏ္ဍပ်ရှိရာသို့ အမှတ်မထင် ရောက် သွားကြလေ၏။ စတုဒိသာမဏ္ဍပ် ဖြစ်ပုံရသည့် ထိုမဏ္ဍပ် အတွင်းမှာတော့ ကလေး,လူကြီးမကျန် ယောကျ်ား,မိန်းမ ပုရိသအပေါင်းတို့သည် စတုဒိသာမှ ချကျွေးသည့် မုန့် မျိုးစုံတို့ကို ခေါင်းမဖော်အောင် လွေးနေကြလေ၏။ တစ် ချက်,တစ်ချက် သူတို့၏ မျက်လုံးအစုံတို့သည် ဂနာမငြိမ်


www.burmeseclassic.com

www.burmeseclassic.com

ရှာမြင်း ကြည့်နေလိုက်ကြသည်။

နီဗွာန်ဈေး(ယခုခေတ် ဘူဖေး)ဟုခေါ်သည့် မဏ္ဍပ်ထဲမှာတော့ ခဲလံကျည်တောက် (ကောက်ညှင်းကျည်တောက်)၊ မုန့်စိမ်းပေါင်း၊ ဘိန်းမုန့်၊ မုန့်လေပွေ၊ မုန့်ကြာလွှတ်၊ မုန့်ပျားသလပ်၊ မုန့်လိပ်ပြာ၊ မုန့်ကြာစေ့၊ မုန့်ကြိုးလိမ်၊ မုန့်လက်ဆောင်း၊ သာကူကျို၊ မုန့်ဦးနှောက်၊ မုန့်ဇမ်း(မုန့်ဆမ်း) စသည့်မုန့်တို့ဖြင့် အလျှံပယ် ပြင်ဆင်ထားလေရကား ဘယ်ရွာနှင့်မှမတူ အသွင်တစ်မူထူးသည့် ရွာသူရွာသားတို့သည် သရဲမံရဲ(သားရဲမင်းရဲ)စီးကာ ဣန္ဒြေပင် မဆည်နိုင်အောင် အလုအယက် အိုးစွပ်ခွက်စွပ်ဖြင့် စားနေကြခြင်း ဖြစ်သည်။

ဇာတ်သမားတို့သည် မျက်စိသူငယ် နားသူငယ်ဖြင့် မြင်မိမြင်ရာသို့ ကျီးကန်းတောင်းမှောက်ကြည့်ရင်း ယောင်တိယောင်ချာ ဖြစ်နေကြလေ၏။

ထိုစဉ် လူအုပ်ထဲမှ မဟားတရား တံတောင်တွတ်တိုးဝှေ့ရင်း ထွက်လာသည့် သျှောင်ကြီးဖွေ လူကြီးတစ်ဦးသည် ဇာတ်အဖွဲ့သားများရှိရာသို့ ဟောဟဲဆိုက်ရောက်ရှိလာသည်။ သူသည်ကား ဇာတ်လာငှားသည့် သျှောင်ကြီးဖွေပင် ဖြစ်လေတော့၏။

'ဩော်··ဟော်··ဟော်··မောင်ရင်တို့ ရောက်လာကြပြီပေါ့။ ငါ့လခ္ခီး··ရောက်မှ ရောက်ပါ့မလားလို့။ မင်းတို့ ဒီည ကရမယ်နော်။ ကတိ··ကတိကွ၊ ကတိဟာ အရေးကြီးတယ်ကွ။ ရော့··ရော့··လက်ကျန်ငွေတွေ ယူ··ယူထားလိုက်။ ဟီး··ဟီး··အဘတို့ကတော့ ရော့ပတ္တမြား ရော့နဂါးပဲဟေ့။ ရှီး'

ဇာတ်လာငှားသူ သျှောင်ကြီးဖွေသည် စပါးကြီးမြွေရေခွံဖြင့် ချုပ်ထားသည့် ရှည်လမျော သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတို့ကို ရေတွက်မနေတော့ဘဲ အထုပ်လိုက်အစည်းလိုက် ဇာတ်ဆရာဆီသို့ ပစ်ပေးလိုက်လေ၏။ ဇာတ်ဆရာ ကိုစိန်ပွသည် ပါးစပ်ဟောင်းလောင်းဖြင့် သူ့ကို ငေးကြည့်ရင်း သူပေးသည့်ငွေထုပ်ကို ကတုန်ကယင်ဖြင့် လက်ခံလိုက်ရသည်။

'ဟုတ်··ဟုတ်··ကျွန်··ကျွန်တော်တို့ ချက်ချင်းပဲ ဇာတ်လိုက်ကာတွေ ဆင်··ဆင်ပြီး ဒီည က··ကပြမှာပါ'

ထစ်ထစ်ငေါ့ငေါ့ပြောနေသည့် ဇာတ်ဆရာကိုကြည့်ပြီး သျှောင်ကြီးဖွေသည် နားလည်ရန် အလွန်ခက်[...]သည့် အပြုံးတစ်စဖြင့် ပြုံးပြလိုက်သည်။

'ဒါထက် ဇာတ်ဆရာရေ၊ ကျုပ် အတန်တန်သ[...] ပေးထားတဲ့အတိုင်း ဇာတ်ကရင် နတ်ဆိုင်းမတီးမိစေ[...] မှတ်မိရဲ့နော်'

'ဟုတ်··ဟုတ်ကဲ့ပါ၊ ဦးကြီးတို့ဆန္ဒအတိုင်း [...] ကပြပါ့မယ်ဗျာ'

ဇာတ်ဆရာသည် လိုနေသည်ထက် ပိုပေးလိုက်သ[...] ငွေမျက်နှာကြောင့် ချက်ချင်းမှာပင် ဟုတ်ကဲ့လိုက်ရသ[...] ငွေက စကားပြောသောအခါ အမှန်တရားသည် [...] ဆိတ်နေတာပဲ မဟုတ်ပါလား။ အမှန်တရားက [...] ဆိတ်နေဖို့ အခွင့်မသာချိန်မှာတော့··။

◆◆◆

<u>ဗြုန်းစားကြီး နတ်ဆိုင်းတီးမိပြီ</u>

'အေး··ဟုတ်ပြီ၊ ဒီညတော့ အထွေအထူး [...] စရာမရှိဘူး။ လူအုပ်ထဲကလူတွေ စားတဲ့အတိုင်း နီဗွာ[...] ဈေး အစားအစာတွေပဲ။ ကြိုက်သလို မျိုကြ ဆို[...] ကွာ။ ဟား··ဟား··ဟား·· ဟီး··ဟီး··ဟီး··[...] ဟေ့။ ဒီညတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ကကြ [...] ခုန်ပေါက်ကြပေါ့ကွာ။ ဟား··ဟား··ဟား'

ဇာတ်လာငှားသူ သျှောင်ကြီးဖွေကြီးသည် [...] သည်နှင့် လူအုပ်ထဲမှ လုစ်ခနဲဆိုသလို တိုးဝင်[...] ကွယ်သွားလေတော့၏။ ကြည့်ရင်း ကြည့်ရင်း[...] ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည့် အဖြစ်[...] ဇာတ်ဆရာလည်း ပါးစပ်အဟောင်းသားဖြင့် [...] သည်။

ဟင်··ဘယ်လိုပြောလိုက်တာပါလိမ့်။ သူ[...] ဟောဟောဒိုင်းဒိုင်းနဲ့ဆိုတော့ ပွင့်လင်းတာပဲလား။ [...] ဒါမှမဟုတ် သူ့စရိုက်ကိုက ထူးခြားနေတာများ[...] ဇာတ်ဆရာ အတွေးပေါက်မိသည်။

'အင်း·· တစ်ကျောင်းတစ်ဂါထာ တစ်ရွာ[...] ဆန်း ဆိုသလိုပါပဲလား မောင်စိန်ပွရေ၊ ဒီည[...] ဆိုင်းတီးပြီး အပျိုတော်ယိမ်းကမယ့် ငါ့ကကွ[...] ဘူးဆိုတော့ ငါ့အဖြစ်က ကကြိုးပျောက်တဲ့ [...] လို ဖြစ်နေပါပကောလားဟေ'

ရေ့ထွက်ဇာတ်မင်းသမီးကြီး စိန်လှကြည်[...]



www.burmeseclassic.com

www.burmeseclassic.com

ဆရာကို တိုင်တည်ရင်း ငိုချင်းချလိုက်လေ၏။ သူ့စိတ်ထဲမှာတော့ အေးလေ၊ ဇာတ်ဆရာအလိုကျ အဲ..ဟုတ်ပါဘူး၊ ဇာတ်ငှားသူ အလိုကျပေပဲလေဟုသာ ဖြေသိမ့်လိုက်ရသည်။ ဒါကိုပင် အရိပ်အခြည်တစ်ခုလို အကင်းပါးစွာ နားစွင့်နေသည့် ပတ်မတီး သာဗျောက မင်းသမီးကြီး စိန်လှကြည်အား ဆောင်းပါးရိပ်ခြည်ဖြင့် မျက်စပစ်ပြလိုက်သည်။

မင်းသမီး..ဗိုတ်တိုတ်နေ၊ မီးစင်ကြည့်ကရတာပေါ့ ဆိုသည့်သဘောဖြင့် အချက်ပြလိုက်ခြင်းပါပေ။ ဇာတ်သမားချင်းအတူတူ တစ်ယောက်အထာ တစ်ယောက်သိထားကြသည်မို့ ဒေါ်စိန်လှကြည်သည် ရေငုံ့နှုတ်ပိတ် ဆိတ်ဆိတ်နေလိုက်တော့၏။

သည်လိုနှင့် ပဲခူးစိန်ဇာတ်မဟာအဖွဲ့ကြီးသည် အစပိုင်းမှာတော့ နတ်ဆိုင်းတီးဖြင့် ကရသည့် အပျိုတော်ယိမ်းအကကို မကချေတော့ဘဲ တစ်ပင်တိုင်အက၊ နှစ်ပါးခွင်တို့ဖြင့် အစပျိုးကာ ကရင်း ကိစ္စပြီးလိုက်ကြ၏။ ဇာတ်စင်ပေါ်ကခုန်ရင်း လှမ်းကြည့်လိုက်လျှင်ပင် ပွဲဈေးတန်းတစ်ခုလုံးသည် မီးတုတ်၊ မီးအိမ် (အောက်လင်းမီး)၊ ရေနံဆီမီးခွက်တို့ဖြင့် ဟိုနေရာစုစု သည်နေရာစုစု လင်းဖြာနေကာ ပါလာသည့် ခြေနင်း(ဖိနပ်)တို့ကို ဖင်ခုထိုင်ပြီး စိတ်ဝင်တစား ပါးစပ်ဟ ခေါင်းတမော့မော့ဖြင့် ကြည့်နေကြသည့် ပရိသတ်တို့ကို တွေ့နေရပေသေးသည်။

ဇာတ်ပွဲကို အမှီပြုကာ ပွဲဈေးရောင်းသူတို့ကလည်း ရေနံဆီမီးခွက်တို့ကိုထွန်းကာ လေအသင့်မှာ မှိုင်းဝင်နေသည့် မီးခိုးတန်းအောက်မှာ ဆောင့်ကြောင့်ထိုင်ရင်း ဝယ်လာသမျှ ဈေးဝယ်တို့ကို လက်မလည်အောင် ရောင်းပေးနေကြချေ၏။ ရောင်းမကောင်းသည့် ဈေးသည်တို့ကမူ ချောင်ကလောင်တွင် စိတ်ပျက်လက်ပျက်ထိုင်ရင်း ငုတ်တုတ်မေ့နေသည့်ပမာ ငိုက်မျဉ်းကြလေ၏။ တစ်ချက်, တစ်ချက်မှာ ဗေတီဆိုသည့် ပတ်မသံ၊ ဖြောသံနှင့် ဗြန်းခနဲ ဝက်ဝက်ကွဲမျှတီးလိုက်သည့် လင်းကွင်းသံတို့ကြောင့် ထိုသူတို့သည် အထိတ်တလန့်ဖြင့် ဆတ်ခနဲတွန့်သွားကြကာ အိပ်ချင်မူးတူး မျက်လုံးအစုံကို အားယူဖွင့်ကြည့်လိုက်ကြ၏။ ပတ်မထုအပြီးမှာတော့ ငိုက်လက်စ မျက်လုံးကို မှေးစင်းကာ အိပ်စက်ခြင်းအလုပ်ကို ဆက်လုပ်ကြပြန်၏။

ဇာတ်ပိုင်ရှင်လည်းဖြစ်၊ ဇာတ်ဆရာလည်းဖြစ်၊ ဇာတ်မင်းသားလည်းဖြစ်လေသည့် ကိုစိန်ပွသည် ဘက်စုံတတ်လေရကား သူကျွမ်းကျင်သည့် သေတ္တာမှောက် ဇာတ်သမားကြီးအဖြစ် သူ့ဇာတ်ကိုသူ နိုင်အောင် ကနေချေ၏။ ထိုညက ကပြသည့်ဇာတ်မှာ ဥစ္စာစောင့်သိုက် ဇာတ်လမ်းဖြစ်သည့် ရွှေဂျီးဖြူနှင့် မူလခဲဇာတ် ဖြစ်လေရကား ဇာတ်ပွဲကြည့်နေသည့် ပွဲကြည့်ပရိသတ်တို့သည် ကြည့်နေရင်းမှာပင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့၏။

ဇာတ်ဆရာနှင့် ဇာတ်မင်းသမီး၊ ပတ်မတီးနှင့်အတူ မုံ၊ မောင်း၊ လင်းကွင်းတီး၊ ဝါးလက်ခုပ်တီး၊ စည်းဝါးလိုက်သူတို့သည် ပရိသတ်တို့ ရုတ်ရုတ်သဲသဲ ဖြစ်ခြင်းကိုပင် ဇာတ်နာ၍ ဆူညံပွက်လောရိုက်နေကြပါလားဟု အတွေးပေါက်ရင်း ဇာတ်ရှိန်မြှင့်ကာ အားကြိုးမာန်တက်ဆက်ကနေလိုက်ကြသည်။ ဇာတ်ကရင်းမှာပင် တောကြီးတန်းဘက်ဆီမှ ဆူညံသံတစ်သံသည် ဇာတ်စင်ပေါ်သို့တိုင် လေအသင့်မှာ ဝေါခနဲလွင့်လျက် ဝဲပျံလာကြတော့၏။

အို..ဟိုနားတစ်စ သည်နားတစ်စ လင်းထိန်နေသည့် မီးတုတ်တွေ၊ မီးအိမ်တွေ၊ တဝုတ်ဝုတ်ဟောင်နေတဲ့ ခွေးတွေရဲ့အသံ၊ ဝပ်ခရူး..ဝပ်ခရူးဟု အော်နေကြသည့် နွားတွေ၊ တညည့်ညူအော်နေသည့် ကျွဲတို့ရဲ့အသံ၊ ကလေး လူကြီး ယောကျ်ား မိန်းမတို့ရဲ့ မေးသံမြန်းသံ၊ မှာတမ်းခြွေနေသည့်အသံ စသည်တို့သည် ဇာတ်စင်ရှိရာသို့ အလုံးအရင်းနှင့် လိမ့်ပြီးတက်လာကြလေတော့သည်။

မှောင်မိုက်သည့် ညတစ်ညပင် ဖြစ်လင့်ကစား တောစပ်ထဲမှ ဩကာသလောကကြီးသည် နေ့ခင်းအလားလင်းချင်း၍လာလေတော့၏။ ဇာတ်မင်းသား၊ ဇာတ်မင်းသမီးနှင့် ဇာတ်လူကြမ်းတို့သည် မိမိတို့ ဖန်တီးထားသည့် အနုပညာရသဇာတ်ဝင်ခန်းအပေါ် ရှာန်ဝင်နှစ်မြှုပ်ထားကြ၍လားမသိ။ ပစ္စက္ခလောက၏ အရိပ်အခြည်ကို လားလားမျှ မသိရှိ၊ မရိပ်မိလေဘဲ ကမြဲကနေကြလေ၏။

ဥစ္စာစောင့်ဇာတ်လမ်း အပြီးမှာတော့ နတ်ဆိုင်းမဲ့တီးရလျှင် စားမဝင် အိပ်မပျော်လောက်အောင် ဝါသနာအထုံကြီးလွန်းသည့် ပတ်မတီးသာဗျောသည် ဗေတီနှင့် တီးလုံးကိုဖွင့်ကာ စ၍တီးခတ်လိုက်ပါတော့၏။ မသိစိတ်၏ စေစားချက်များလား၊ ပတ်မတီးသမားသည် စိတ်နှင့်ကိုယ် မကပ်ချေဘဲ နတ်ဆိုင်းကို အစပျိုးမိပြီကော။



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးကြီး စိန်လှကြည်ကလည်း အားကျမခံ စည်းချက်ကျကျ နတ်သီချင်းကို သီဆိုရင်း နတ်ကချင်း တစ်ပိုဒ်ကို ထဘီအဖျားခတ် ကလိုက်လေတော့၏။

'ဟာ..ဘယ်လိုဖြစ်တာပါလိမ့်။ ပွဲကြည့်ပရိသတ် တွေလည်း တစ်ယောက်မှ မရှိတော့ဘူး။ အားလုံး ထပြန် ကုန်ကြပြီ။ အင်းလေ၊ ဘာတတ်နိုင်မှာလဲ။ တို့တာဝန်က ရွှေပွဲလာပရိသတ်ရှိမှ ကရတာ မဟုတ်လား။ အေးပေါ့၊ ကြည့်သူ မရှိမှတော့ ဇာတ်စင်ပေါ်မှာပဲ ဖြစ်သလို အိပ် ကြတာပေါ့ကွာ'

မိုးလင်းပိုင်းလည်း ရောက်လာပြီမို့ ဇာတ်သမားတို့ သည် ဇာတ်ဆရာအမိန့်ဖြင့် အိပ်လိုက်ကြတော့၏။ တစ် နေ့လုံး လှည်းကြမ်းကြီးတွေစီး၊ ကိုယ်လက်ကနာ၊ မအီ မသာဖြစ် အရမ်းလည်းပင်ပန်းနေကြတော့ ဇာတ်သမားတို့ သည် ဣန္ဒြေပင်မဆည်နိုင်တော့ဘဲ ဇာတ်စင်ထောင့်မှ လိုက်ကာအောက်မှာယှင် ကုလားသေကုလားမော ခေါင်း ထိုးအိပ်လိုက်ကြခြင်း ဖြစ်သည်။

ဇာတ်သမားတို့ မည်မျှအိပ်မောကျသွားသည်မသိ ဝါးခနဲသမ်းဝေလိုက်သည့် ပတ်ဆရာသာဗျောတစ်ယောက် ဦးစွာနိုးလာပါတော့သည်။ နိုးနိုးချင်းမှာပင် သာဗျောသည် ဇာတ်ဆရာအပါအဝင် ဇာတ်မင်းသား၊ ဇာတ်မင်းသမီးနှင့် လူကြမ်း စသည့်ဇာတ်အဖွဲ့သားတို့ မိမိအနီးတွင် တခေါ ခေါဖြင့် ပိုးစိုးပက်စက် ဖင်ဇပါခေါင်းပေါ် အိပ်နေသည့် အဖြစ်ကို ဦးစွာမြင်လိုက်ရသည်။

သူသည် မျက်စိနှစ်ကွင်းတွင် စေးကပ်ကပ်ဖြစ်နေ သည့် မျက်ချေး(မျက်ဝတ်)တို့ကို လက်နှစ်ဖက်ဖြင့် စုံ ပွတ်ရင်း ဘေးဘီသို့ အမှတ်မထင် ပင့်ကြည့်လိုက်သည်။

'အ..အ..အား..အမယ်လေး.. လူ..လူသေတွေဗျ။ ခေါင်း..ခေါင်းပြတ်ကြီးတွေနဲ့ တဆွေဆွေ ငါ့ကို ခြောက်.. ခြောက်'

တုန်လှုပ်ချောက်ချားစရာ မြင်ကွင်းတို့ဖြင့် ပက်ပင်း တိုးလိုက်ရသည့် ပတ်မသမား သာဗျောသည် မျက်လုံးဖွင့် အကြည့်မှာ ဖြုန်းစားကြီး တွေ့လိုက်ရသည့် မြင်ကွင်း ကြောင့် နှလုံးသွေးရပ်ကာ မိုင်းခနဲ လဲကျသွားလေတော့ ၏။ ငယ်သံပါအောင် စူးစူးဝါးဝါးအော်လိုက်သည့် သာ ဗျောအသံကြောင့် အိပ်မောကျနေကြသည့် ဇာတ်သမားတို့ သည် ဆတ်ခနဲ လန့်နိုးလာကြသည်။ ချက်ချင်းဆိုသလို

ထထိုင်မိလျက်သား ဖြစ်သွားကြသည်။ မိမိတို့ရှေ့မှော[...] မှာပင် အကြောင်းခြင်းရာ တစ်စုံတစ်ရာ မသိရလေ[...] လတ်တလော သေဆုံးသွားသည့် သာဗျောကိုကြည့်ရ[...] အလန့်ကြီး လန့်နေမိကြသည်။ ၄တ်တုတ်ထိုင်လျက်[...] တောင်မြောက်လေးပါးကို ကြည့်မိကာမှ သူတို့သည် သ[...] ဗျော သေရသည့် အဖြစ်အပျက်အပေါ် ချောက်ချားတ[...] ယင်စွာ သိခွင့်ရလိုက်တော့၏။

'ဟာ..ဟို..ဟိုမှာ၊ ချုံပုတ်ပေါ်မှာ လူ..လူသေ[...] ကောင်တွေ'

'ဟင်..ဟိုမှာလည်း ခေါင်း..ခေါင်းပြတ်၊ ခြေပြ[...] တွေနဲ့ အလောင်းကောင်တွေ'

'အို..အလိုလေး.. ကြောက်..ကြောက်စရာကြီး[...] လား။ ဟို..ဟိုသစ်ပင်ပေါ်မှာ ကြည့်လိုက်စမ်း။ အ[...] အလောင်းတစ်လောင်း။ ဘုရား..ဘုရား..ဇောက်[...] ဇောက်ထိုးကြီး၊ တွဲ..တွဲလောင်းနဲ့'

'အောင်မယ်လေးဗျ၊ တွေ့..တွေ့ပြန်ပြီ။ မျက်[...] ပြူးပြူး လျှာ..လျှာကြီး တန်းလန်းနဲ့။ ချုံ..ချုံ[...] အောက်မှာ သေနေလိုက်ကြတာ။ ခွေခွေကလေး'

မြင်လိုက်ရသည့် မြင်ကွင်းက ရင်တုန်ချောက်ချား[...] ဖွယ် ကောင်းလှချေ၏။ သူတို့သည် သွေးပျက်ချောက်ချား[...] ဖွယ် မြင်ကွင်းအစုံတို့ကို ကြည့်ရင်းမှာပင် စိတ်[...] မသိုးမသန့် ဖြစ်လာသည်။ သို့ဖြင့် သူတို့ ဆောင့်ကြော[...] ထိုင်နေသည့် ဖင်အောက်သို့ ငုံ့ကြည့်မိလျက်သား [...] သွားကြသည်။

'ဟဲ့..သောက်ပလုတ်တုတ်။ ငါ့ဖင် အော[...] အောက်မှာ ခေါင်း..ခေါင်းတလားကြီး'

'အို..ငါထိုင်..ထိုင်နေတာက အုတ်..အုတ်ဂူ[...] ကြီးပေါ်မှာပါလား။ ဟီး..ဟီး..ကြောက်..ကြောက်[...] ကြီး'

'ဟင်..ငါ့ရှေ့..ရှေ့မှာ အလောင်းပတ်..ပတ်[...] တဲ့ ဖျာ..ဖျာလိပ်တွေ၊ စောင်စုတ်တွေ၊ ခေါင်းအုံး[...] တွေ။ ပြန့်..ပြန့်ကျဲလို့ပါလား'

'အလိုလေး..ကျွတ်..ကျွတ်..ချုံပုတ်ဘေး[...] သေရှေ့မှာ ချ..ချထားတာ ဘာတွေလဲဟ။ ဟင်[...] ၄က်ပျောတွေနဲ့ ဂန်တော့ပွဲဇလုံကြီးပဲ'

ဇာတ်အဖွဲ့သားတို့သည် ခဏချင်းမှာပင် သူ[...]

www.burmeseclassic.com

ဇာတ်ခေါင်းကွဲကာ တောင်ပြေးမြောက်ပြေးဖြင့် ကယ်သူဝေးခဲ့လေပြီတကား။ သူတို့ပါးစပ်ကလည်း အလိုလိုထွက်ကျလာသည့် အာမေဋိတ်သံတို့ကိုပြုရင်း ကြီးစွာသောသောကတို့ လောင်မြိုက်ကြလေကုန်၏။

မှတ်မှတ်ရရပါပဲ၊ ထိုညက ပွဲလာကြည့်သူတို့အထဲတွင် ပွဲကြိုက်ခင် ဒေါ်ခတို့ အပျိုမသုံးယောက်လည်း ရောယောင်မှန်သောက် ဘုမသိ ဘမသိဖြင့် ထိုရွာလေးသို့ ရောက်ဖြစ်ကြသည်။

ဇာတ်ပွဲအပြီးမှာတော့ ဒေါ်ခတို့ မိန်းမတွေ သုံးယောက်သားသည် ဇာတ်စင်အောက်မှာပင် တစ်ပါတည်းယူလာသည့် ဖျာစုတ်တို့ကိုခင်းကာ အိပ်လိုက်ကြသည်။ မည်မျှအိပ်မောကျသွားကြသည်မသိ မိမိတို့ရှေ့မှ ကြားလိုက်ရသည့် ထိတ်ထိတ်ပျာပျာ အသံနက် အသံသြအသံပြာတို့ကြောင့် ဒေါ်ခတို့လည်း ရင်တုန်ပန်းတုန် လန့်နိုးလာကြသည်။

'ဟဲ့·· သောက်ရေးထဲ ဘာတွေဖြစ်ကုန်ပြီလဲဟ။ ဇာတ်စင်ရှေ့မှာ ဆူဆူညံညံနဲ့။ အဲတော့ ဇာတ်စင်လည်း မတွေ့တော့ဘူး။ ဟင်··ဟိုရှေ့··ရှေ့မှာ လူတွေ··လူတွေ အုတ်ဂူကြား ပတ်ပြေးနေကြပါလား။ ဟဲ့··မိညိုတို့၊ ငနီမတို့ရဲ့ ဘာတွေလဲ ဒီဥစ္စာ'

ဒေါ်ခသည် ကြည့်နေရင်းမှာပင် ထိုမြင်ကွင်းတို့အပေါ် ရိပ်စားမိလိုက်လေပြီ။

ဆိုင်းသံဗုံသံကြားလျှင်ပင် ဇေထိဆို အပြေးကလေးပွဲကြည့်တတ်ကြသည့် မိမိတို့ သူငယ်ချင်းတစ်စုသည် လူကြီးသူမတွေ ပြောဖူးသလို မထင်မှတ်ဘဲ ကျတ်ရွာသို့ ရောက်သွားရခြင်းပါတကား။ ဖန်ဆင်းတတ်၊ ခြောက်လှန့်တတ်သည့် ကျတ်တို့ရွာသို့ အမှတ်မထင် ရောက်သွားရလေပြီမို့ ထိုအခါမှစ၍ ဒေါ်ခသည် ဖြစ်ကြောင်းကုန်စင် ရေစေ့တွင်းကျ ပြောပြနိုင်ခဲ့သည်။

တဒင်္ဂကာလအတွင်း ငုတ်တုတ်ကလေး မေ့နေကြသည့် ဇာတ်အဖွဲ့သားတို့နှင့်အတူ ပတ်မ၊ ကြေး၊ မောင်း၊ ဆင်းကွင်း၊ ဝါးလက်ခုပ်နှင့် နဲ့ အစရှိသည့် တူရိယာ ပစ္စည်းတို့မှာ ပုပ်စော်နံနေသည်။ အယောင်ဆောင် ဖွတ်၊ ကင်သင်ညိုတို့သည်လည်း လူ့သေကောင်ပုပ်တို့နှင့်အတူ ဂူတပ်ပေါ်တွင် ချိတ်လိုချိတ်၊ တချို့လည်း ကျလိုကျဖြင့် ခြေဦးကလျား ပြန့်ကျဲနေသည့် အဖြစ်တို့ကိုလည်း ဒေါ်ခ တစ်ယောက် အလုံးစုံ မြင်လိုက်ရပေသေးသည်။

ဒေါ်ခသည် သူ့စိတ်ကူးထဲမှ တစ်စုံတစ်ခုကို သတိရလာသည်နှင့် ညက ကြည့်ခဲ့ရသည့် ဇာတ်စင်ရှိရာသို့ မဝံ့မရဲ လှမ်းကြည့်လိုက်ပြန်၏။

'အလို··ဇာတ်စင်နေရာမှာ ကျူထရံ ဝါးအခွေးတွေနဲ့ ခနော်ခနဲ့ဆောက်ထားတဲ့ တဲပျက်ကြီးပဲ ရှိနေတာကလား။ ထီးတင်ပွဲဆိုပြီး ဇာတ်ကဖို့ လာငှားကြတာ ဘယ်မလဲထီး၊ ဘယ်မလဲစေတီ။ အရိုးရိုး··ခုတော့ အုတ်ပုံကြီးနဲ့ ဘုရားပျက်တွေပဲ တွေ့နေရတော့တယ်'

ဒေါ်ခ အံသြတကြီး ညည်းမိပါပြီ။

ဤသို့ဖြင့် ဒေါ်ခတို့သည် တုန်လှုပ်ချောက်ချားစွာဖြင့် ဇာတ်အဖွဲ့တို့ကို အဖော်ပြုရင်း ချောက်ချားရွာမှ ထွက်ခဲ့ကြကာ ပိန်းဇလုပ်သို့ ပြန်ခဲ့ကြတော့၏။

အလာတုန်းက ကျတ်ရွာသားတို့ ဖန်ဆင်းပေးထားသည့် လှည်းတို့သည်လည်း ပျောက်ခြင်းမလှ ပျောက်ဆုံးသွားပြီကော။

ဤသို့ဖြင့် ဇာတ်သမားတို့သည် ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့ဆိုသလို မြင်လေရာရာ တောတန်းတောင်တန်းတို့ကို ကြောင်စီစီငေးမောကြည့်ရင်း ရွာနီးချုပ်စပ်မှ လှည်းနွားတို့ကိုငှားပြီး ပြန်ခဲ့ရသည်။

အပြန်လမ်းမှာ ဇာတ်ဆရာသည် ပွဲငှားသူ သျှောင်ကြီးဖွေ ပေးလိုက်သည့် ပိုက်ဆံတို့ကို မသင်္ကာစိတ်ဖြင့် ထုတ်ကြည့်မိလိုက်သည်။ ပေးတုန်းက တပ်အပ်သေချာ မြင်နေလျက်ကယ်နှင့် ယခုတော့လည်း ထိုအသပြာငွေတို့မှာ သစ်ရွက်ခြောက်အဖြစ်သို့ ထူးဆန်းစွာ ဘဝပြောင်းသွားကြောင်း တအံ့တသြ တွေ့ရှိလိုက်ရတော့သည်။

အမှန်တော့ ပတ်မသမား သာဗျောသည် နတ်ဆိုင်းမတီးနဲ့ဆိုသည့် ကတိစကားကို ဖောက်ဖျက်ကာ နတ်ဆိုင်းတီးမိလေ၍ စည်းကျိုး စည်းပေါက်ရလေခြင်းပင်။

နတ်ဆိုင်းတီးမိသည့် သာဗျောသည် စည်းစဖောက်သူဖြစ်ချေ၍ စည်းပေါက်ကာ အသေဆိုးနှင့် သေသွားရလေခြင်းလား။

ပသို့ဆိုစေ အဘွားခတစ်ယောက် သည်အဖြစ်အပျက်တို့ကို တွေးမိလေတိုင်း ယနေ့ထက်တိုင် တုန်လှုပ်ချောက်ချားနေရဆဲ ဖြစ်လေတော့သည်။

ညီးရောင်



www.burmeseclassic.com

www.burmeseclassic.com



# အာမြူစားသနားသူ

ညီမကတော့ မယုံချင်ဘူး အစ်မရယ်။ ဒါပေ့

တို့ ရွာမှာတော့ မကြာ,မကြာ ကြားရတတ်တယ်

သူ့ကို ဘယ်သူက ပြုစားလိုက်လို့ ဆိုတာမျိုး

'အစ်မ..စုန်းကဝေတွေ တကယ်ရှိတယ် ဆိုတာကို ယုံလား။

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဘယ်သူ့လက်ချက်နဲ့ အသက်ထွက်သွားပြီ ဆိုတာမျိုး။ ရှီးလွှန်း အ,လွှန်းလို့ လူလိမ်တွေ လိမ်တာကို ခံရတာရှိသလို အမှန်တကယ် ကြုံရတာတွေလည်း ရှိတယ် အစ်မရဲ့။

သြော်··အစ်မက ဒီအကြောင်းတွေကို စိတ်ဝင်စားတယ်လား။ မသိပေါင် အစ်မရယ်။ အစ်မက ရန်ကုန်မြို့ကြီးသူဆိုတော့ ဒါမျိုးတွေကို နားထောင်ချင်လိမ့်မယ်လို့ မထင်ထားဘူး။ ရွာမှာ ကြားနေကျ ထူးထူးဆန်းဆန်း အကြောင်းအရာတွေမို့သာ ညီမက ပြောပြနေမိတာပါ။ ကိုယ်တိုင်ဖြင့် တယ်မယုံချင်ဘူး။ မဖြစ်နိုင်ဘူးလို့ ထင်တာပဲလေ အစ်မရယ်။ ဒါတွေက သိပ္ပံပညာနဲ့ စမ်းသပ်ယူလို့မှ မရတာ'

'သိပ္ပံပညာနဲ့ စမ်းသပ်လို့မရတဲ့ ကိစ္စတွေ အများကြီးရှိတယ်'

'ဟုတ်လား အစ်မ၊ ဟုတ်လိုက်တာ အစ်မရယ်။

ဟုတ်တယ်၊ ဟုတ်တယ်။ အိမ်က အစ်ကိုကြီးကလည်း အစ်မ ခုပြောလိုက်သလိုမျိုး ပြောဖူးတယ်။

သိပ္ပံပညာဆိုတာ နောက်မှ ပေါ်လာတာ၊ ဒီကိစ္စတွေက ရှေးပဝေသဏီကတည်းက ရှိခဲ့တာ၊ မဆိုင်ခင်မှာတော့ မယုံချင် နေလို့ရတယ်၊ ဆိုင်လာခဲ့တဲ့အခါကျ မယုံခဲ့မိတာကို နောင်တ,ရလိမ့်မယ်။ ဘယ်ပညာမဆို သိထားမှတ်ထားတာ အလကားမဖြစ်ဘူးတဲ့။ ဟုတ်ပါ့။ ညီမလည်း အရင်က မယုံခဲ့ဘူး။ အဲ··အမှန်ပြောရရင် ခုထိတောင် မယုံချင်ချင်ဘဲ။ ဒါပေမဲ့ ကိုယ်တိုင်ကြုံခဲ့တဲ့ ကိစ္စကြီးဆိုတော့ အင်း··ယုံရခက် မယုံရခက်။ ညီမအဖြစ်ကို အစ်မကို ပြောပြဦးမယ်။ ရွာမှာနေတုန်းက ကြုံခဲ့ရတာဆိုပါတော့'

◆◆◆

မကွေးမြို့နှင့် အတော်လေးအလှမ်းဝေးသည့် ကန်ကြီးရွာ။

၄င်းရွာက လှသွယ်၏ ဇာတိချက်ကြွေ မွေးရပ်မြေ။ ကန်ကြီးရွာတွင် နေထိုင်လာခဲ့သည်မှာ မွေးကတည်းက ယခု ဆယ်တန်းနှစ်ရောက်သည်အထိ။ တစ်ရွာလုံး လှသွယ်၏ခြေရာ မထင်ဖူးသည့် နေရာမရှိ။ ရွာကလည်း ကျဉ်း၊ လူကလည်း နည်းသဖြင့် လှသွယ် မသိကျွမ်း မင်မင်ဖူးသူဆို၍ မရှိသလောက်။

ကိုးတန်းနှစ်ရောက်တော့ လှသွယ်က ကျောင်းထွက်ရန် ဆိုခဲ့ပေမယ့် ပညာလိုလားသူ အစ်ကိုကြီးက လုပ်အားကို နှစ်ဆတိုးလုပ်ကာ ညီမငယ်ကို စံပြရွာဖြစ်သည့် (ကန်ကြီးရွာ၏မြောက်ဘက်ရှိ) ဇီးပင်ကုန်းရွာသို့ ပို့ကာ ဘော်ဒါတက်စေသည်။ ကျောင်းအိပ်ကျောင်းစား(ဘော်ဒါ) ကြေးက ခေတ်ကာလနှင့်အညီ ဈေးမသေးလှပါ။

အစ်ကိုကြီးခမျာ နေပူထဲ တစ်နေကုန်လုပ်မှ တစ်ထောင့်မျှရသော ကောက်စိုက်ပျိုးကြဲ အလုပ်များကိုသာမက ရေရှားသောဒေသ ဖြစ်သည့်အတိုင်း ကန်ကြီးမှ ခပ်ယူသယ်ပို့ရသော ရေထမ်းအလုပ်ကိုလည်း သိမ်းကျုံးလုပ်၍ ညီမငယ် လှသွယ်၏ ဘော်ဒါကြေးကို ရှာဖွေပေးခဲ့သည်။

အစ်ကိုကြီး ပင်ပန်းမှန်း သိသဖြင့် လှသွယ် စာကို ကြိုးစားပါသည်။ ဆရာ/ဆရာမ သင်ပြပေးသည့်အခါ သေချာလိုက်နားထောင် မှတ်သားသလို တစ်နေ့စာကို တစ်နေ့ပြီးအောင် ကျက်သည်၊ တွက်သည်၊ ဖတ်သည်။ ကိုးတန်းကို ရှောရှောရှူရှူ အောင်မြင်ခဲ့သည်။

ဆယ်တန်းကိုလည်း နှစ်ချင်းပေါက် အောင်နိုင်စေရန် နှစ်စကတည်းက စာကြိုးစားခဲ့သည်။ နှစ်ဝက်လောက်ရောက်သည့်အခါ စာတွေက လှသွယ်အတွက် သိပ်မခက်ခဲတော့ပေ။ အခြားသူငယ်ချင်းများကပင် လှသွယ်ကို စာရှင်းပြခိုင်းနေရပြီ။ လှသွယ်က ဘော်ဒါမှာ အတော်ဆုံးကျောင်းသူ ဖြစ်လာခဲ့သည်။

လှသွယ်၏ကျောင်းလခကို အစ်ကိုကြီးတစ်ယောက်တည်း ရှာဖွေ၍ မလုံလောက်သေး။ သိန်းဂဏန်းဟူသော ငွေကြေးက ဤကဲ့သို့ ရွာကလေးနေ လက်လုပ်လက်စားများအဖို့ အတော်လေး ကျပ်ကျပ်တည်းတည်း ခက်ခက်ခဲခဲ ရှာဖွေရသော ပမာဏပင်။ လှသွယ်၏ အစ်မကြီးက မြို့သို့သွား၍ အိမ်ဖော်လုပ်ရသည်။ အိမ်ဖော်အလုပ်မှ ရသောငွေဖြင့် ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။ ထိုအကြောင်းများကို သိသူ လှသွယ်က စာကို တိုး၍ ကြိုးစားသည်။ ခြေချော်လက်ချော်ဖြစ်မှာကို စိုးသဖြင့် အထပ်ထပ်အခါခါ ကျက်မှတ်သည်။ လှသွယ်အဖို့ နှစ်ချင်းပေါက် အောင်မှသာ ဖြစ်မည်ပဲ မဟုတ်လား။

စာမေးပွဲရက်များ၌ လှသွယ် အတော်လေး စိတ်ဖိစီးခဲ့ရ၏။ စာတွေက ခက်သလို စာမေးပွဲနတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးပါဘိ။ သို့ဖြစ်၍ သေချာကျက်မှတ်ကာ သေချာဖြေဆိုခဲ့သည်။ နောက်ပြီး ဗုဒ္ဓဘာသာဝင်ပီပီ ကံ၊ ဉာဏ်၊ ဝီရိယကို ယုံကြည်လက်ခံသည့်နည်းတူ ဘုရားကိုလည်း သေချာရှိခိုးသည်။

စာမေးပွဲရက်များတွင် ဘာသာတရားကို အခြားရက်များထက် ပို၍ကိုင်းရှိုင်းသည်။ သို့ကြောင့်ပင် ဖြစ်မည်။ စာမေးပွဲကို ရှောရှောရှူရှူ ဖြေဆိုနိုင်ခဲ့သည်။ စာမေးပွဲရက်ကြီး လွန်မြောက်သွားသည့်အခါ လှသွယ်၏စိတ်တို့ ပေါ့ပါးသွားခဲ့ရပြီ။ အောင်စာရင်းတွင် လှသွယ်၏အမည် ပါလာမှာ အသေအချာ။

ထိုနေ့ကို လှသွယ် နောက်ဆုံးမှတ်မိခဲ့ခြင်းပါ။ ထိုနေ့က စာမေးပွဲ ဖြေဆိုပြီးသည့်နေ့။

လှသွယ် အိမ်ပြန်ရောက်လာပြီး နွားတင်းကုပ်ထဲက ကွပ်ပျစ်ပေါ်မှာထိုင်ရင်း ညနေခင်းဆည်းဆာကို ငေးကြည့်နေသည်။ အိမ်ပေါ်မှာ ပူလွန်းလှ၍ လှသွယ်က နွားတင်းကုပ်ထဲမှာပဲ အိပ်စက်လေ့ရှိပါသည်။

ဆည်းဆာအလှကို ရှုစားနေခိုက်မှာပဲ ခြံထဲမှ ကြက်က အိပ်တန်းတက်သည်။ ညနေစောင်းဖြစ်၍ ပတ်ဝန်းကျင်က မှောင်ရီဝေဝိုးတဝါး။ နေလုံးက ငုပ်လျှိုးပျောက်ကွယ်စပြုနေပြီ။ အိမ်၌မွေးထားသော ကြက်ဖကြီးက နွားတင်းကုပ်ထဲသို့ ဝင်လာကာ ထုပ်တန်းပေါ်သို့ ပျံတက်သည်။ ထုပ်တန်းပေါ် ရောက်သည်နှင့် ချက်ချင်းဆိုသလို ပြန်ခုန်ဆင်းသည်။ တစ်ဖန် ထုပ်တန်းပေါ်သို့ ပျံတက်ပြန်သည်။

ဒီကောင်ကြီး ဘာဖြစ်နေပါလိမ့်။

ထိုသို့ တွေးရင်း လှသွယ် ငေးကြည့်နေမိပြီ။

အချိန်က ညီအစ်ကိုမသိတသိအချိန်။ ကြက်ဖကြီးက လှသွယ်၏ရှေ့မှနေ ကာဆီးပိတ်ဆို့ကာ ခုန်တက်၊ ခုန်ဆင်း လုပ်နေသည်။ လှသွယ်က ညနေဆည်းဆာကို ငေးနေမိရာမှ ကြက်ဖကြီး၏ အပြုအမူကို လှမ်းကြည့်ရင်း ကြက်သီးမွေးညင်းတို့ ထလာခဲ့ရသည်။ ဘာကြောင့်မှန်း မသိ၊ ကြောက်စိတ်တို့က ရင်ထဲ ခိုလာသည်။

လှသွယ်၏ နံဘေးဝန်းကျင်သို့ အမှောင်ထုကြီး တိုးကပ်လာသလို ခံစားရလာ၏။ ခဏအကြာ ကြက်ဖကြီးက သံရှည်ဆွဲ၍ အောက်အီးအီးအွတ်ဟု တွန်ကြူးလိုက်လေရာ လှသွယ်၏စိတ်ထဲ ဖြန်းခနဲ လန့်သွားပြီးနောက် ရုတ်ခြည်းသတိလစ်ကာ မေ့လဲကျသွားခဲ့တော့သည်။

◆◆◆

(၁၅)ရက်တိတိ လှသွယ် သတိလစ်နေခဲ့သည်။ လှသွယ်၏စိတ်က သတိလစ်နေခဲ့သော်လည်း လှသွယ်၏ ရုပ်ခန္ဓာကမူ အသက်ဝင်လှုပ်ရှားကာ ဆန်းဆန်းပြားပြား တို့ကို ပြုမူနေခဲ့ကြောင်း (သတိဝင်လာသည့်အခါ) အခြားသူများက ပြန်ပြောင်းပြောပြသဖြင့် တအံ့တသြ ကြားသိခဲ့ရ၏။ အထူးဆန်းဆုံးမှာ ထို(၁၅)ရက်လုံးလုံး ပြုမူခဲ့သမျှ ကိစ္စအားလုံးကို လှသွယ် လုံးဝမမှတ်မိ။ ရူးသွပ်သွားခဲ့ခြင်းလား၊ ဒါမှမဟုတ် ရွာကလူတွေ ပြောသလိုမျိုး တစ်စုံတစ်ယောက်၏ ကြိုးကိုင်ခြယ်လှယ်မှုကို လှသွယ် ခံခဲ့ရတာလား။

ဒါကိုတော့ နတ်သိကြားပဲ သိလိမ့်မည်။

ကြက်ဖကြီး တွန်လိုက်၍ လှသွယ် မေ့လဲသွားပြီး နောက် သတိပြန်ဝင်လာသည့်အခါ လှသွယ်ဟာ လှသွယ် နှင့် မတူတော့ပါ။

လူတကာကို ရန်လိုဟန်ဖြင့် စူးစူးရဲရဲကြီး စိုက်ကြည့်နေတတ်သလို အနီးအပါးသို့ သွားကာ-

'သမီး··လှသွယ်။ ညည်း··ဘာဖြစ်နေတာလဲ'

ဟု မေးမြန်းသူများအား-

'ငါ လှသွယ် မဟုတ်ဘူး'

ဟူ၍ အသံနက်ကြီးဖြင့် အော်ငေါက်မောင်းထုတ်တတ်သည်။

ထိုသို့ဖြစ်ခြင်းကို ရွာမှလူများက ပယောဂဝင်သည်ဟု သတ်မှတ်ကာ ပယောဂဆရာကို အိမ်သို့ပင့်သည်။ ပယောဂဆရာက ဟိုဘက်ရွာမှ ဦးသံခဲဖြစ်၏။ တိုင်းရင်းဆေးလည်း ကုသလို ပယောဂလည်း ကုသည်။ ဦးသံခဲ ရောက်လာတော့ လှသွယ်က အော်ရယ်သည်။

'ငါ့တပည့် လာဦးတိုက်သကိုး'

ဟု သရော်တော်တော် လှမ်းအော်ပြောသဖြင့် ဦးသံခဲ လည်း-

'အစ်မရေ··အောက်လမ်းပညာနဲ့ လုပ်ထားတာ ဝမ်းတွင်းပါပဲ။ အတော်အဆင့်မြင့်တယ်။ ကျုပ် မနိုင်လောက်ဘူး' ဟု ဆိုကာ အိမ်ပြန်သွားသဖြင့် လှသွယ်၏ မိသားစုလည်း ဘာလုပ်၍ လုပ်ရမှန်း မသိဖြစ်ခဲ့ကြ။

လှသွယ် ကံကောင်းသည်ဟု ဆိုရမည်။ ရွှေရင်



www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းက ဆရာဟု ဆိုသူတစ်ယောက် နေအိမ်သို့ ကြွလာပြီး လှသွယ်၏ ရောဂါကို လာကုပေးသည်။ ပဋ္ဌာန်းဆက်ရှိသဖြင့် အထက်က လွှတ်လိုက်၍ ရောက်လာသည်ဟုဆို၏။ ဘာသာတရား ကိုင်းရှိုင်းသော ကလေးမဖြစ်၍ ကယ်ရမည်ဟုလည်း ပြောသည်။ မလှသွယ်၏ မိသားစုက ပဋ္ဌာန်းဆက်လောဘာလော နားမလည်ပါ။ ပျောက်အောင်ကုပေးပါက တတ်နိုင်သလောက် ကျေးဇူးဆပ်ပါ့မည်ဆိုကာ သမီးကို ထိုးအပ်ကြသည်။

ထိုဆရာက အသက်(၄၀)ခန့် ရှိလိမ့်မည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ဖြစ်၏။ မကွေးမှ လာသည်ဟု ဆို၏။ ပခုံးပေါ်၌ လွယ်အိတ်တစ်လုံး ပါလာသည်။

'ဆရာက အသပြာဆရာ မဟုတ်ဘူး။ ငွေကြေးလုံးဝလက်မခံဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ခေတ်မှာ အလိမ်တွေ သိပ်ပေါနေတော့ အစစ်တွေ သိပ်ဂုဏ်ငယ်ရတယ်။ အတုတွေ ပေါလွန်းတော့ အစစ်ကိုလည်း လူတွေ မယုံတော့ဘူး။ ဒီတော့ အစစ်တွေက အစစ်မှန်းသိသာအောင် အနစ်နာခံပြမှဖြစ်မယ်။ ဆရာဆို ဘယ်တော့မှ ငွေကြေးမယူဘူး။ စေတနာကြေးတောင် မယူဘူး။ အတုတွေက အစစ်လောက်နီးနီး သိက္ခာရှိသယောင် ဟန်ဆောင်နိုင်တော့ အစစ်တွေက အတုထက် ပညာကြွယ်အောင် ကြိုးစားရတယ်လေ။ ဒီတော့ ဆရာ့ကို ငွေကြေးစကား မပြောနဲ့။ ဆရာ့ကို ပေးချင်ရင် ဘုရား၊ တရား၊ သံဃာကို ပိုပြီးလှူဒါန်းပါ။ ပိုပြီး ဆည်းကပ်ပါ။ ဒါဆို ဆရာ့ကို ပေးတာနဲ့ အတူတူပဲ'

ဆရာ၏ စကားက ကြည်ညိုစရာပင်။ လှသွယ်၏ မိသားစုလည်း ဆရာ့ကို တောင်းပန်ကာ နေရာထိုင်ခင်း ပေး၍ လိုအပ်တာရှိလျှင် ကူညီနိုင်စေရန် အသင့်စောင့်နေလိုက်သည်။

ဆရာက ဘုရားစင်ရှေ့တွင် နာရီအတော်ကြာ ပုတီးစိပ်ပါသည်။ လူနာကို ကုသရန် သမာဓိကို ထူထောင်နေခြင်းပေလော။ နံဘေးမှ လူများလည်း နားမလည်သဖြင့် ကြောင်တိယောင်တောင် ငေးကြည့်နေကြ၏။ ဆရာက လူများကို သီလယူကြရန် ဆိုသည်။ အားလုံးလည်း ဆရာ့စကားအတိုင်း သီလယူကြသည်။

ထူးဆန်းစွာပင် ထိုဆရာ ကြွလာကတည်းက လှသွယ်တစ်ယောက် ငြိမ်ချက်ကောင်းနေသည်။ ယခင်ကဆို ပယောဂဆရာ အိမ်ပေါ် ကြွလာသည်နှင့် ဆီး၍အော်တတ်သော လှသွယ်ဟာ ယခုများကျ စောင်ထဲတွင် ပုန်းလို့ခိုလို့။

'ဒီကလေးမကို စုန်းပညာသည်က ပြုစားထားတာ။ အင်း··ဝမ်းတွင်းစုန်းပဲ။ ဒါ့ကြောင့် ဒီလောက်စွမ်းနေတာကိုး။ အဲဒီစုန်းပညာသည်ကလည်း ဒီကလေးမနဲ့ ရွယ်တူလောက်ပဲရှိဦးမယ်။ (···)ရွာသူ၊ နာမည်က (···)။ အင်း··သူ ပြုစားဖို့ ကြိုးစားနေတာ ဒီကလေးမ စာမေးပွဲဖြေတဲ့ ရက်ကတည်းကပဲ။ သင်္ချိုင်းဖြေပြီးတဲ့ ညနေကတည်းက ကြိုးပမ်းနေခဲ့တာ။ အင်း··အင်း··ဘုရား၊ တရား၊ သံဃာရဲ့ ကျေးဇူးတော်ပဲကွယ့်။ ဒီကလေးမက စာမေးပွဲရက်အတွင်းမှာ ဘာသာရေးကို သိပ်ကိုင်းရှိုင်းခဲ့တဲ့အတွက် သူ့ကို ပြုစားလို့ မရခဲ့ဘူး။

ဒါပေမဲ့ စာမေးပွဲရက်လွန်တော့ သူ ဘာသာရေးလုပ်တာ အားနည်းသွားတယ်။ ဒီမှာပဲ အခွင့်အရေးပေါ်ပြီး ပြုစားလို့ ရသွားတာ။ အင်း··ဟုတ်ပြီ။ အကြောင်းအရာကို သိပြီ။ ပြုလုပ်သူကိုလည်း သိပြီဆိုတော့ သူ့ကို ဆရာ ခေါ်လိုက်မယ်။ ပြီးရင် သစ္စာရေတိုက်မယ်။ တစ်ခုရှိတာက အဲဒီကလေးမကိုလည်း ဒီကလူတွေက အပြစ်မယူရဘူး။ ရိုက်လားပုတ်လား၊ နှောင့်ယှက်လား မလုပ်ရဘူး။ သူ့အမှားကို သူ့ဘာသာသူ နောင်တ,ရပါလေ့စေ။





www.burmeseclassic.com

www.burmeseclassic.com

အဲဒါကိုတော့ ဆရာ့ကို ကတိပေးရမယ်'

'ကတိပေးပါတယ် ဆရာရယ်။ သမီးလေး ရောဂါ ပျောက်ရင် ကျေနပ်ပါပြီ'

'ကျွန်တော်တို့လည်း ကတိပေးပါတယ်။ ညီမလေး ပြန်ကောင်းလာရင် ရပါပြီ'

လှသွယ်၏ မိသားစုက ကတိပေးသဖြင့် ဆရာ လည်း ရောဂါကုပေးလေသည်။

ငယ်ငယ်ရွယ်ရွယ်မို့ မထားသင့်သည့်ကိစ္စကို အာ ဃာတထား၍ နှောင့်ယှက်ပြုစားမိခဲ့ခြင်းအပေါ် နောင်တ ရသွားကာ ဝမ်းတွင်းစုန်းပညာသည် ကလေးမလည်း ဆရာတိုက်သည့် သစ္စာရေကို သောက်ပြီး ပညာတွေ အားလုံးကို လှူလိုက်သည်။

ထိုခဏမှာပဲ လှသွယ်လည်း သတိလစ် လဲကျသွား ခဲ့သည်။ သတိဝင်လာတော့ အကောင်းပကတိ။ စောစော က ပြုစားခံရသော ကာလအတွင်း ပြုလုပ်ခဲ့သမျှ ကိစ္စ အားလုံးကို မမှတ်မိ။

◆◆◆

'ညီမ တော်တော်လေး အံ့ဩမိတယ် အစ်မရယ်။ အဲဒီကောင်မလေးက ညီမနဲ့ ဘော်ဒါမှာတုန်းက လည် ပင်းဖက် ပေါင်းလာတဲ့သူငယ်ချင်း အရင်းခေါက်ခေါက် ရယ်။ သူ့ကို သချာ်တွေ ရှင်းမပြခဲ့လို့ မုန်းပြီး ပြုစား တာတဲ့။ ညီမ လူတွေအပေါ် ဘယ်လောက်တောင် လန့် သွားခဲ့သလဲဆိုတာ အစ်မ စဉ်းစားလို့တောင် ရမှာမဟုတ် ဘူး။ တကယ်ပါ၊ ညီမလေ သူ့ ဘာပဲလိုလို ကူညီခဲ့တာ ချည်းပဲ။ စာမေးပွဲရက်တုန်းက ညီမ မရသေးတဲ့စာတွေ ကို ကျက်နေရလို့ သူ့ကို သချာ် ရှင်းမပြဖြစ်ခဲ့ဘူး။ ဒါ လေးတစ်ချက်နဲ့ သူ ညီမအပေါ် အာဃာတထားပြီး ပြု စားခဲ့တာ'

လှသွယ်က သက်ပြင်းရှည်ကြီး ရှိုက်ရင်းဆိုသည်။ သူ့အကြောင်းကို ပြန်ပြောင်းပြောရင်း စိတ်မောနေပုံရ သည်။ သူငယ်ချင်းဖြစ်သူ၏ ပြုစားဒုက္ခပေးမှုကို ခံခဲ့ရ သဖြင့် ချောက်ချားခဲ့ဟန်တူပါသည်။

'ဒီလိုပဲပေါ့ ညီမရယ်။ အဲဒါကြောင့်လည်း ဘုန်း ဘုန်းကြီးတစ်ပါးက သူ့အကြိုက် ဆယ်ခါလိုက်လည်း မလိုက်တစ်ခါ ရှိခဲ့ပါမူ ကြီးစွာရန်သူ မှတ်ထင်ယူ၏လို့ ဟောကြားခဲ့တာပေါ့။ လူတွေက ကိုယ့်အပေါ် ဘယ် လောက်ကောင်းကောင်း တစ်ခါလောက် မကောင်းတာ ရန်သူလို့ မှတ်သွားတတ်ကြတယ်။ အဲဒီကလေးမက သူ မှာ ပညာလည်း ပါလာတော့ ပိုဆိုးသွားတာပေါ့။ တတ် တဲ့ပညာနဲ့ ညီမကို ဒုက္ခပေးလိုက်တဲ့ သဘောပေါ့ကွာ'

'ဟုတ်တယ် အစ်မ။ အင်း··ဒါပေမဲ့လေ၊ ဆွေမျိုး တွေက ပြန်ပြောပြလို့သာပါ အစ်မရယ်။ ညီမမှာတော့ ခုချိန်ထိ ယုံရခက်ခက်ရယ်။ ကိုယ်တိုင် ကြုံခဲ့ရတယ် ပေမဲ့ အဲဒီအချိန်မှာ ညီမက သတိလစ်နေခဲ့တာဆိုတော့ ဘာမှမမှတ်မိပါဘူး'

ညီမငယ် လှသွယ်က ရယ်ကျဲကျဲနှင့်ဆိုသည်။ သူ ထိုအကြောင်းကို သတိလက်လွှတ် ပြောပြလိုက်မိ၍ ရှက် နေဟန်တူသည်။

ရန်ကုန်သို့ တက္ကသိုလ်လာတက်ရင်း အင်္ဂလိပ်စာ သင်တန်းတက်နေသော လှသွယ်နှင့် စာရေးသူ ကျွန်မ သင်တန်းမှာ ဆုံဖြစ်ကြသည်။ ရိုးသားပွင့်လင်းသော သူ နှင့် ကျွန်မ ခဏအတွင်း ရင်းနှီးသွားကြပြီး ရောက်တတ် ရာရာ ပြောကြရင်း ထိုအကြောင်း စကားစမိကြခြင်း ဖြစ်သည်။

ကျွန်မကိုယ်ကျွန်မလည်း အံ့ဩပါသည်။ ကျွန်မ ဆုံသူတိုင်းက ထိုကဲ့သို့ ထူးဆန်းထွေလာ ဖြစ်ရပ်များ မဖွင့်ဟမိသူ မရှိသလောက်။ ကျွန်မက ဖွင့်ဟမေးမြန်း လည်းမဟုတ်။ ကျွန်မ၏ရှေ့မှာ သူတို့ဘာသာသူတို့ ကိစ္စများကို အိတ်သွန်ဖာမှောက် ရင်ဖွင့်ကြသည်။ ခြေ လိမ်လည်ပြောဆိုခြင်း မဟုတ်ကြောင်း ထိုသူတို့၏ မျက် ဝန်းများက သက်သေခံနေ၍သာ ကျွန်မမှာလည်း အား တသြ နားဆင်ရသည်။

ကျွန်မ၏ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များအပေါ် စိတ်ဝင်စားမှုကပဲ သံလိုက်ကဲ့သို့ ဆွဲငင်နေသဖြင့် သူ တို့က ကျွန်မရှေ့သို့ ရောက်သည်နှင့် မဖွင့်ပြော မနေ နိုင်အောင် ဖြစ်နေကြလေရောလား မပြောတတ်တော့

မည်သို့ပင်ဖြစ်စေ ညီမငယ် လှသွယ်၏ ဖြစ်ရပ်မှန် ဇာတ်လမ်းကို နားဆင်ရင်း သံဝေဂရမိသည်။ တစ်ဦး တစ်ဦး အာဃာတ အငြိုးအတေးထားခြင်း ကင်း စေဟု တောင်းဆုခြွေရင်း··။

စေတနာရှေ့ထား
ဂျိုး



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့်.(၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဇယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဗီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ဇာတ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမဏရဏ်မင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

**ကြိုတင်ရက်ချိန်းယူပါ**


www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ကိစ္စတစ်ခုဖြင့် ကျွန်ုပ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်လုံသို့ ရောက်ရှိနေခဲ့သည်မှာ (၃)ရက်ခန့် ရှိပေပြီ။ ကျွန်ုပ်၏ တပည့်ကျော် ဒေဝသည် ကျွန်ုပ်နှင့်အတူ လိုက်ပါခဲ့ရသဖြင့် လွန်စွာမှ ပျော်ရွှင်တက်ကြွလျက် ရှိလေ၏။

ကျွန်ုပ်သည် ရုပ်ရှင်ကိစ္စအတွက် ခရီးထွက်တိုင်း ကျွန်ုပ်၏တပည့်ကျော် ဒေဝသည် အမြဲလိုလိုပင် ပါ၏။ ကျွန်ုပ်ကလည်း လက်ကတုံးတောင်ဝှေးအဖြစ် ကျွန်ုပ်အား ကူဖော်လောင်ဖက်ရအောင် ခေါ်ဆောင်လာစမြဲ ဖြစ်လေ၏။

ကျွန်ုပ်သည် ပြီးခဲ့သော (၃)လခန့်က ကလောမြို့သို့သွား၍ 'လျှင်သူမုဆိုး' ရုပ်ရှင် ရိုက်ကူးခဲ့လေ၏။ ကြားမှာ (၂)လခန့် နားပြီးလျှင် ယခု ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေ၏။



# ဝိပုလ္လအောက်သံ

## သိုက်တာဝ

မြူးဇော်အောင်

ကျွန်ုပ်လာရောက်ခြင်းမှာ DCP (Digital Cinena Production) ရုံတင်ရုပ်ရှင် ရိုက်ကူးရန်အတွက် သမားစဉ် ရိုက်နေကျမဟုတ်၍ ဂရုတစိုက် ရိုက်ကွင်းရိုက်ကွက် ရှာခင်းရှာကွက် Location ကို သေချာလာရောက်ကြည့်ရှုခြင်း ဖြစ်လေသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်လုံသည် လွန်စွာမှ သာယာအေးချမ်းလှပေ၏။ ကွမ်လုံကို တောင်များပတ်ပတ်လည် ဝိုင်းရံထားသောကြောင့် မိုးပြဒယ်ပုံသဏ္ဍာန် ဖြစ်၍နေလေ၏။

နံနက်အရုဏ်ကျင်းသည်နှင့် နှင်းမြူနှင်း... ဆိုင်းလျက် နံနက်(၁၁)နာရီထိ နှင်းက သိပ်မကွဲ... မှိုင်းမှိုင်းမှုန်မှုန်ဖြင့် ကွမ်လုံကို ဖြန့်ကြက်ထား...

လေကလည်း ဟူးဟူးလျားလျား တိုက်ခတ်... ကြောင့် အရိုးအသားထဲ စိမ့်ဝင်နေသကဲ့သို့ ... ၏။

ကျွန်ုပ်တို့သည် သံလွင်မြစ်၏ သည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



တွင် တည်းခိုအဆောင်၌ နေကြ၏။ ဟိုမှာဘက်
မ်းတွင်မူ တပ်မတော်နယ်မြေဖြစ်၏။ သံလွင်
စ်၏ ဟိုမှာဘက်ခြမ်းနှင့် သည်မှာဘက်ခြမ်းကို
တားတစ်စင်း ထိုးထား၏။ ကြိုးတံတားဖြစ်
ည်။ ကွမ်လုံတံတားဟု ခေါ်၏။

ထိုနေ့ကား ဈေးနေ့ဖြစ်၍ ကွမ်လုံမှာ စည်ကားလျက်
၏။ တောင်ပေါ်နေသူများ၊ ရပ်ဝေးနေသူများ၊ အုံနှင့်
င်းနှင့် ရောက်လာကြပြီး ၄င်းတို့၏ ဒေသထွက်ကုန်
ည်းများ ရောင်းချကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ကုန်စိမ်းများနှင့် သားကောင်တိရစ္ဆာန်တို့၏ အရေခွံများ၊ အရိုးများ၊ ဦးချိုများ၊ ပုလဲပုတီးများ၊ သန္တာပုတီးများ၊ သစ်ဥသစ်ဖု၊ သစ်ခေါက်၊ ဝါးခေါက်၊ ဆေးတံပြောင်းအိုးများ စုံနေအောင် ရောင်းချတတ်ကြလေ၏။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ တပည့်ကျော်ကြီး ဒေဝတို့သည် သံလွင်မြစ်ရိုးအတိုင်း လျှောက်လာကြရာ တစ်နေရာသို့ အရောက်တွင် သံလွင်မြစ်ကမ်းနံဘေး၌ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းပျပျဖြင့် တောတန်းလေးတစ်ခုကို တွေ့လိုက်ရလေ၏။ ၎င်းတောတန်းလေးမှာ စိမ်းလန်းစိုပြည်လျက် အရိပ်အာဝါသလည်း လွန်စွာကောင်းပုံရလေ၏။

ယခု ကျွန်ုပ်တို့ ရောက်ရှိနေသော တောအုပ်လေးမှာ မယ်ဇလီပင်တောအုပ်လေးဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုတောအုပ်တောတန်းလေးအတွင်းသို့ ဝင်လိုက်လေ၏။

'ဟာ··အေးစိမ့်နေတာပဲ။ မယ်ဇလီအနံ့ကလေးကလည်း သင်းနေတာပဲ။ ဘယ်သူက စိုက်ထားတယ်မသိဘူး။ သဘာဝအလှပေါက်ပင်တွေတော့ ဟုတ်ပုံမပေါ်ဘူး' ဟု တပည့်ကျော်ဒေဝက သူ့ထင်မြင်ချက်ဖြင့် တစ်ယောက်တည်း ပြော၍ ဝေဖန်ချက်ပြုလေ၏။

ကျွန်ုပ်ကမူ ပတ်ဝန်းကျင်ကို လိုက်လံအကဲခတ်ကြည့်ရှုရာ ခပ်လှမ်းလှမ်း၌ တဲတစ်လုံးကို သစ်ပင်အုံ့ဆိုင်းကြားထဲတွင် ရုတ်တရက်တွေ့မြင်လိုက်ရလေ၏။ ဘူးစင်နှင့် သစ်ပင်များကြားတွင် တဲငယ်ကလေးအား ကွယ်ဝှက်၍ ထားသကဲ့သို့ ရှိလေ၏။

'ဟော့ကောင် ဒေဝ၊ ရှေ့မှာ တဲတစ်လုံး တွေ့တယ်။ လူသံတော့ မကြားဘူး။ လာ··သွားပြီး မိတ်ဆက်ရင်း မိတ်ဆွေဖွဲ့လိုက်ရအောင်' ဟု ပြော၍ ကျွန်ုပ် ဒေဝပခုံးကို ပုတ်ကာ ရှေ့မှ ဦးဆောင်ထွက်သွားလေ၏။

ဒေဝကမူ ကျွန်ုပ်၏ နောက်ပါးမှကပ်၍ ထက်ကြပ်မကွာ လိုက်ပါခဲ့လေ၏။

'အဟမ်း··ဟမ်း၊ အိမ်ရှင်တို့၊ အိမ်ရှင်များ ရှိပါသလားခင်ဗျာ' ဟု ကျွန်ုပ်ကပင် စတင်၍ ချောင်းဟန့်ကာ အသံပေးလိုက်လေ၏။

တစ်ခဏမျှကြာတော့ တဲ၏ အတွင်းပိုင်းဆီမှ ဝါးကြမ်းခင်းကို နင်းသည့် 'ကျွတ်··ကျွတ်··ဂျစ်··ကျွတ်' ဟူသော ခြေနင်းသံများ ထွက်ပေါ်လာပြီးနောက် မိန်းမပျို တစ်ယောက်ကို ဘွားခနဲ မြင်တွေ့လိုက်ရလေ၏။

'ဩော်··ဘာကိစ္စရှိလို့ပါလဲရှင်' ဟု ရှမ်းသံဝဲဝဲဖြင့် ထိုမိန်းကလေးက ကျွန်ုပ်ကို အကဲခတ်သလိုကြည့်ပြီးနောက် မေးလိုက်လေ၏။

'ကိစ္စရယ်လို့ မဟုတ်ပါဘူး ကလေးမ။ လမ်းကြုံရင်း ဝင်ကြည့်တာပါ။ အိမ်ရှိတယ်လို့တောင် မထင်ရဘူး။ မယ်ဇလီတောထဲရောက်မှ ကလေးမရဲ့အိမ်ကို ဘွားခနဲ မြင်လိုက်လို့ ဦး အံ့တောင် အံ့သြမိပါရဲ့ကွယ်။ ဦးတို့က ရန်ကုန်ကလာတဲ့ ရုပ်ရှင်သမားတွေပါ။ ခရီးထွက်လေ့လာရင်း ကွမ်းလုံ့ခဏရောက်နေတာပါ။ သံလွင်တစ်ဖက်ကမ်းမှာ တည်းပါတယ်' ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ စကားအဆုံး၌ ရှမ်းအဘွားအိုကြီးတစ်ယောက် တဲ၏ အနောက်ဘက်ခြမ်းမှ ထွက်လာပြန်လေ၏။

'ဟဲ့··နန်းမူ၊ ဧည့်သည်တွေကို နေရာထိုင်ခင်း လုပ်ပေးလေ။ ဘယ့်နှယ်ကွယ်၊ မိုးတိုးမတ်တတ်ကြီး ဧည့်ခံနေရတာလဲ ဒီကောင်မလေးတော့ ခက်တော့တာပဲ' ဟု ပြောရင်း စကားပြတ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် နန်းမူက ကျွန်တော်တို့ကို ကြည့်ပြီး 'ဦးလေးတို့ကြွပါရှင်၊ ထိုင်ပါဦးရှင်' ဟု ဖြတ်ဝင်၍ ပြောလိုက်သောကြောင့် ဖြစ်လေ၏။

အကင်းပါးပုံရသော ရှမ်းမလေးကို တစ်ချက်ကြည့်၍ ကျွန်ုပ်က ခေါင်းကိုဆတ်ကာ ပြုံးပြလိုက်ပြီး-

'ဘယ်အနားမှာ ထိုင်ရမှာလဲ ကလေးမ'

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ အနားရောက်လာသော ရှမ်းအဘွားအိုကြီးက-

'ခေါင်းရင်းမှာ ထိုင်ကြပါကွယ်။ ဘုရားစင်ကလေး နည်းနည်းနိမ့်တယ်။ ထရင် သတိထားပြီး ထနော်။ တိုက်မိမယ်' ဟု သတိပေးပြောလေ၏။

'ဟုတ်ကဲ့ အဘွား'

ဟု ကျွန်ုပ်က လေးစားရိုသေစွာပြောရင်း တစ်ဆက်တည်းပင်-

'ကျွန်တော်တို့က ရန်ကုန်ကပါ။ ကျွန်တော် ဒါရိုက်တာမျိုးဇော်အောင်လို့ ခေါ်ပါတယ် အဘွား။ ဒါကတော့ ကျွန်တော့်တပည့် မောင်ဒေဝပါ' ဟု ပြောလိုက်လေ၏။

ရှမ်းအမျိုးသမီး မိန်းကလေးမှာ ကျွန်ုပ်တို့အား



www.burmeseclassic.com

www.burmeseclassic.com

စွာလေးစားသွားပုံရလျက်-

'ဆရာတို့နဲ့အတူ မင်းသား၊ မင်းသမီးတွေရော မပါဘူးလား။ ကျွန်မ အရမ်းတွေ့ချင်တယ်။ မိတ်လည်းဆက်ချင်တယ်။ ဓာတ်ပုံလည်း အတူတူတွဲရိုက်ချင်တယ်' ဟု ပြောလေ၏။

'သူမ၏ ပြောဟန်ဆိုဟန်တို့မှာ ရှမ်းသံလေးဝဲဝဲနှင့် အဝေးသွက်လက်ချက်ချာပုံရလေ၏။ ထို့နောက် သူမကပင်-

'ကျွန်မနာမည်က နန်းမူ မဟုတ်ဘူး ဦးလေး။ နန်းမူအေးလို့ ခေါ်ပါတယ်။ အဘွားက အလွယ်ခေါ်တာ။ နန်းမူအေးတို့ ဘွားဘွားနာမည်က နန်းကြာမွှန်လို့ ခေါ်တယ်'

ဟု ပြောလိုက်ရာ ကျွန်ုပ်က-

'အလို··အဘွားရဲ့နာမည်က မြေးရဲ့ နာမည်ထက် ပိုပြီးအနုပညာဆန်နေပါလား နန်းမူအေး' ဟု ပြောလိုက်လျှင် မြေးအဘွားနှစ်ယောက် ရယ်မောကြလေ၏။

'ဘိုးဘိုးနာမည်က ပိုလို့တောင် အနုပညာ ကဗျာဆန်သေးတယ်'

ဟု နန်းမူအေးက ပြောလိုက်ရာ ကျွန်ုပ်က-

'ဘယ်လိုအနုပညာ ကဗျာဆန်တာလဲ ပြောပါဦးကွယ်' ဟု ပြော၍ မေးလိုက်လေ၏။

ထိုအခါ သူမက-

'ဘိုးဘိုးနာမည်က စိုင်းတေဇာဘုန်းလို့ ခေါ်တယ် ဦးရဲ့' ဟု ဖြေကြားလိုက်သောကြောင့် ကျွန်ုပ်မှာ သူမ၏ သွက်လက်ချက်ချာမှုနှင့် ဖော်ရွေမှုတို့အပေါ် လွန်စွာသဘောတွေ့၍သွားလေတော့၏။

သူမ၏အသက်မှာ ဘာမျှရှိသေးပုံ မရပေ။

ကျွန်ုပ်က-

'သမီးအသက် ဘယ်လောက်လဲ'

ဟု မေးကြည့်ရာ နန်းမူအေးက-

'ကျွန်မအသက် (၁၈)နှစ်ပြည့်ခဲ့ပါပြီ ဦးလေး' ဟု ပြန်၍ ဖြေကြားလေ၏။

ထိုမြေးအဘွားနှစ်ယောက်ကို ကြည့်ရင်း ကျွန်ုပ်၏ စိတ်ထဲ၌ တစ်ခုခုလိုအပ်နေသည်ဟု ထင်မိသဖြင့် နန်းမူအေးကိုပင်-

'ဒါထက် သမီးရဲ့ ဖေဖေနဲ့ မေမေလည်း မတွေ့မိပါလားသမီး' ဟု မေးလိုက်ရာ သူမက သူ့အဘွားကို တစ်ချက်ကြည့်လိုက်ပြီး မျက်နှာငယ်လေးဖြင့် 'အဘွားပဲ ပြောလိုက်ပါ' ဟူသော သဘောမျိုးဖြင့် ခေါင်းကိုဆတ်၍ ပြလေ၏။

အဘွား ဒေါ်နန်းကြာမွှန်က-

'သမီးလေးနဲ့ သားသမက်တို့က လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပဲ တောထဲသွားရင်း ဝံပုလွေကိုက်လို့ နှစ်ယောက်စလုံး ဆုံးသွားရှာတယ်ကွယ်' ဟု စိတ်မကောင်းစွာ ဝမ်းနည်းသံဖြင့် ပြောလေ၏။

'ဝံပုလွေတွေက ဒီနယ်တစ်ဝိုက်မှာရှိလို့လား အဘွားရဲ့။ ကျွန်တော်ဖြင့် တစ်ခါမှ မကြားဖူးဘူး' ဟု ပြန်၍မေးလိုက်လေ၏။

'ကွမ်လုံနယ်မှာ ဝံပုလွေမရှိဘူးလို့ တချို့က ပြောတယ်။ တချို့ကတော့ တရုတ်ပြည်ဘက်က နယ်ကျွံပြီး သစ်တောတွေပြုန်းလို့ ရောက်လာတယ်လို့လည်း ပြောတယ်။ တစ်ခုထူးဆန်းတာက အဘွားရဲ့သမီးနဲ့ သားသမက်ကို သတ်သွားတဲ့ ဝံပုလွေက လူဝံပုလွေလို့ ပြောတယ်။ တချို့ကလည်း လူကောင်ဖန်ဆင်းတတ်တဲ့ ဝံပုလွေလို့ ပြောတယ်။ တချို့ကတော့ သမန်းဝံပုလွေလို့ ပြောတယ်။ အဘွားတို့ သတင်းကြားကြားချင်း ရွာထဲက ရှမ်းသူရှမ်းသား ဆွေမျိုးတွေနဲ့စုပြီး သွားရှာကြည့်တော့ လူတော့ မတွေ့ဘူး။ သွေးကွက်တွေ၊ သမီးရဲ့ အဝတ်အစားတွေနဲ့ သားသမက်ရဲ့ အဝတ်အစားတွေပဲ တွေ့ခဲ့ရတယ်ကွယ်' ဟု ဝမ်းနည်းသံဖြင့် ပြောပြရှာလေ၏။

ကျွန်ုပ်မှာ အဘွားနန်းကြာမွှန် ပြောပြသော ထူးဆန်းသည့် လူယောင်ဆောင်တတ်သော သမန်းဝံပုလွေအကြောင်းကို လွန်စွာစိတ်ဝင်စား၍ သွားမိလေတော့၏။

ထို့နောက် ကျွန်ုပ်ကပင်-

'ဒါထက် အဘွားရဲ့ခင်ပွန်းသည်၊ နန်းမူအေးရဲ့အဘိုးရော ရှိသေးရဲ့လား အဘွား'

ဟု မေးလိုက်ရာ-

'ရှိတယ်၊ ရှိပါတယ်ကွယ်။ သူက အသက်(၇၀)ကျော်ပြီ အမဲပစ်တုန်းပဲ။ သူ အခု အိမ်မှာမရှိဘူး။ အရှေ့ဘက်တောကို တောပစ်သွားတယ်။ သူကတော့ ဝံပုလွေအကြောင်း ကောင်းကောင်းသိတယ်။ မနက်ဖြန်ဆို သူရောက်လာလိမ့်မယ်။ အဲဒီကျ အဘွားမိတ်ဆက်ပေးမယ်။ သိချင်တာတွေကိုတော့ မင်းတို့ သေသေချာ

www.burmeseclassic.com

ချာ မေးကြည့်ပေါ့ကွယ်။ မှော်ဝင်ဝံပုလွေအကြောင်း၊ သမန်းဝံပုလွေအကြောင်း၊ မနုသဝံပုလွေအကြောင်း အို.. စုံလို့ပါပဲကွယ်။ သူလာရင်တော့ မင်းတို့နဲ့ ပွဲကျပြီး အရမ်းကိုပျော်မှာ’

ဟု အဘွားနန်းကြာမှုန်က ပြောပြီး-

‘ဒါထက် မင်းတို့ စားသောက်ပြီးမှ ပြန်ကြပေါ့ကွယ်’

ဟု ပြောရာ ကျွန်ုပ်ကပင်-

‘မစားတော့ပါဘူး အဘွား။ ကျေးဇူးတင်ပါတယ်။ တည်းဆောင်ရောက်မှပဲ စားတော့မယ်’

ဟု ဆိုကာ နှုတ်ဆက်ပြီးအထ နန်းမူအေးက-

‘မနက်ဖြန်တော့ ဆက်ဆက်လာခဲ့ကြနော်။ နန်းမူ ဘိုးဘိုးကိုကြိုပြီး ပြောထားနှင့်မယ်’ ဟု ဆိုလေ၏။

‘အေး..အေး..လာခဲ့မယ်။ နန်းမူအေးအတွက်လည်း ဦးလေး လက်ဆောင်ယူလာခဲ့မယ်’ ဟု ပြောပြီး မြေးအဘွား နှစ်ယောက်ကို နှုတ်ဆက်၍ ကျွန်ုပ်တို့ ဆရာတပည့် နှစ်ယောက်လည်း ပြန်ခဲ့ကြလေတော့၏။

♦ ♦ ♦

ကွမ်လုံသည် ရေခဲစိမ်ထားသကဲ့သို့ အေးချမ်းလှပေသည်။ သံလွင်မြစ်ရေကလည်း တရိုတ်ပြည်မြောက်ပိုင်း ရပ်ဝန်းမှ ရေခဲတောင်များကို ဖြတ်သန်းစီးဆင်းလာသောကြောင့် မြစ်ရေသည် အလွန်အေးစိမ့်လေ၏။

ထိုနေ့သည် မနေ့ကထက် ပို၍အေးနေသည်ဟု ကျွန်ုပ်ထင်လေ၏။ မနေ့က နံနက်ခြောက်နာရီထိုးမှာထ၍သည်မနက်တော့မှု နံနက်(၄)နာရီကျော် (၅)နာရီအတွင်း နိုးနေခဲ့လေ၏။ ဤသည်မှာ အအေးလွန်မှုကြောင့် ကျွန်ုပ်သည် အိပ်စက်မရဘဲ နိုးထခဲ့ခြင်း ဖြစ်လေ၏။

ကျွန်ုပ်၏တပည့်ကျော် ဒေဝမှာမူ ဟောခေါခေါနှင့်ဟောက်၍ပင် ကောင်းစွာအိပ်ပျော်လျက်နေလေ၏။ ကျွန်ုပ်လည်း သူ့အားမနှိုးတော့ဘဲ ညက အဆင်သင့်ဆောင်ထားသော ဓာတ်ဘူးထဲမှ ရေနွေးကို ဖန်ခွက်တစ်ခု၌ လောင်းထည့်ကာ ရယ်ဒီမိတ်ကော်ဖီတစ်ခွက်ကိုဖျော်၍ ပါလာသော ဘီစကွတ်မုန့်များဖြင့် ဝမ်းဖြည့်ပေးလိုက်လေ၏။ ထိုအခါ အနွေးဓာတ်များသည် ကျွန်ုပ်၏ရင်ထဲ၌ နွေးနွေးထွေးထွေး ရှိသွားလေတော့၏။

နေသာထိုင်သာ မှန်သွားပြီဖြစ်သောကြောင့် ကျွန်ုပ်သည် တည်းခိုဆောင်၏ မှန်ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ အုံ့ညြဖွယ်ရာ မြင်ကွင်းတစ်ခုကို ကျွန်ုပ်သည် ရုတ်တရက် မြင်တွေ့လိုက်ရပေ၏။ ယင်းမြင်ကွင်းမှာ လက်သီးဆုပ်လောက်ရှိသော မီးလုံးတစ်လုံးသည် တောင်အမြင့်မှနေ၍ တောင်အောက်သို့ လိမ့်ဆင်းကျလာပြီး တောင်လယ်လောက်အရောက်တွင် ရုတ်တရက် ပျောက်ကွယ်၍သွားလေ၏။

နောက်ထပ် အချိန်အနည်းငယ်စောင့်ဆိုင်း၍ ကြည့်မိရာ ထိုလက်သီးဆုပ်ခန့် မီးလုံးသည် ပြန်၍ပေါ်ထွက်လာခြင်း မရှိတော့ပေ။ ကျွန်ုပ်သည် ဘယ်က အစပျိုး၍ လိမ့်လာမှန်းမသိသော ထိုမီးလုံးသည် စုန်း၊ ပယောဂ နာနာဘာဝ စသည်တို့ကို အတွေးများ ဝင်မိပြန်သည်။ မနက်ခြောက်နာရီအထိ ကျွန်ုပ်စောင့်၍ ကြည့်မိရာ ထိုလက်သီးဆုပ်ခန့်မီးလုံး ပြန်၍ ပေါ်ထွက်လာခြင်း မရှိတော့ပေ။ မနက်(၇)နာရီထိုးတော့မှ အရှေ့ကျွန်းက နေ မရဲတရဲ မှိန်ပျပျသန်းလာသည်။ ကျွန်ုပ်၏ တပည့်ကျော် ဒေဝလည်း အိပ်ရာမှ နိုးထလာတော့၏။

‘ဟော့ကောင် ဒေဝ၊ မနက်စာစားသောက်ပြီးရင် မယ် ဇလီတောရှိတဲ့ ရှမ်းရွာလေးကို သွားရဦးမယ်နော်။ တို့နှစ်ယောက်ကို ဖိတ်ထားတယ်’

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

‘ဟုတ်ကဲ့ အာစရိ၊ သွားကြတာပေါ့’ ဟုဆို၍ အစာ အစားလဲ၍ တည်းခိုဆောင်မှ ထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် သံလွင်မြစ်၏ ဟိုမှာဘက်ကမ်း ကြိုးတံတားပေါ်မှ လျှောက်လာကြလေ၏။ ထိုတံတား ထိပ် ဘေးဘက်ရှိ ကျောက်ဆောင်ပေါ်တွင်မူ စေတီ တစ်ဆူရှိ၏။ တချို့က လွမ်းစေတီဟုခေါ်ကြ၏။ ညာ တော်မှာ သိပ်မမြင့်လှပေ။

မယ်ဇလီတောအုပ် ရှမ်းအိမ်လေးဆီသို့ ရောက်သော အခါ အဆင်သင့်စောင့်နေသော နန်းမူအေးတို့ ဘွား ဘိုးအေတို့နှင့် တွေ့ဆုံခွင့်ရကြလေ၏။

‘လာကြဖေ့..လာကြဟော့၊ လာကြ။ ဒီနေ့ ကျ တယ်။ ဒီက မြေးမနဲ့ အဘွားကြီး ပြောထားလို့ မောင်ရင်တို့ကို စောင့်နေတာ’ ဟု ပြောပြီး ကျွန်ုပ်တို့ နေရာထိုင်ခင်း ချပေးလေ၏။ ကျွန်ုပ်တို့လည်း ခင်း နေရာချပေးရာ၌ ဝင်၍ ထိုင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'မောင်ရင်တို့က ရုပ်ရှင်သမား ဒါရိုက်တာလို့ ပြောတယ်။ ဟုတ်ရဲ့လား'ဟု အဘိုးဦးစိုင်းက မေးလေ၏။

'ဟုတ်ကဲ့ခင်ဗျာ၊ ခရီးထွက်လာရင်း ဒီမှာ ရှုကွင်းရှုကွက်ကောင်းတွေ တွေ့နေရလို့ မပြန်ဖြစ်သေးဘဲ ရုပ်ရှင်ရိုက်ဖို့ ရိုက်ကွင်းနေရာတွေ လိုက်ကြည့်နေတာအဘ'ဟု ကျွန်ုပ်ကပြော၍ ကျွန်ုပ်၏ ရုပ်ရှင်သက်သေခံ ဒါရိုက်တာကတ်ပြားကို ထုတ်၍ပြလိုက်ရာ အဘိုးဦးစိုင်းက ယူ၍ကြည့်ပြီး ကျွန်ုပ်အား ပြန်၍ပေးလေ၏။

'ကောင်းပါတယ်၊ ကောင်းပါတယ်ကွယ်။ ကျုပ်တို့ဆီမှာတော့ ရုပ်ရှင်လာရိုက်တဲ့လူတွေ ရောက်ခြင်း ပေါက်ခြင်း သိပ်မရှိကြဘူး။ ကချင်မြို့နယ်ဘက် ရှမ်းပြည်နယ်တောင်ပိုင်းဘက်တွေမှာတော့ ရိုက်ဖြစ်ကြတယ်လို့ ပြောသံကြားဖူးတယ်။ ဒါထက် ကွမ်းလုံ့မှာ ကြာဦးမယ်မဟုတ်လား'ဟု ၄င်းက ဆိုလေ၏။

ဗမာရှည် အလွန်လည်ဝယ်သော ရှမ်းအဘိုးကြီးတစ်ယောက် ဖြစ်လေ၏။ ကျွန်ုပ်နှင့် အဘိုးမှာ ဘာသာပြန်မလိုဘဲ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနိုင်ကြသောကြောင့် လွန်စွာမှ အဆင်ပြေလျက် ရှိနေလေတော့၏။

ထို့နောက် ရှမ်းအဘိုးကြီးကပင် ထမင်းခြောက်ကြော်၊ ဆတ်သားခြောက်၊ ပဲပုပ်ပြားကင်များဖြင့် နံနက်စာ ဧည့်ခံ၍ ကျွန်ုပ်တို့ ဆရာတပည့် နှစ်ယောက်မှာ အလွန်ခံတွင်းတွေ့၍ သွားလေတော့၏။

အာလာပသလ္လာပ စကားများ အတန်ကြာ ပြောဆိုကြပြီးနောက် ကျွန်ုပ်က-

'အဘိုးကို အဘွားနန်းကြာ မပြောပြဘူးလား'

ကျွန်ုပ်က မေးလိုက်လျှင် အဘိုးက-

'ပြောပါတယ်ကွယ့်။ သမန်းဝံပုလွေ၊ မနုသဝံပုလွေတဲ့ ဝံပုလွေတွေအကြောင်း ငါ့တူ သိချင်တယ်ဆို ဟုတ်လား'ဟု အဘိုးအိုက ပြန်၍ မေးမြန်းလေ၏။

'ဟုတ်ပါတယ် အဘိုး၊ သိချင်ပါတယ်။ အဖြစ်ထူး၊ အဖြစ်ဆိုးဆိုရင် စာပဲရေးရေး၊ ရုပ်ရှင်ပဲဖြစ်ဖြစ် ရေးသားရိုက်ကူးဖော်ပြချင်လို့ပါ အဘိုး။ မသိတဲ့ ဗဟုသုတတွေလည်း ရအောင်လို့ပါ'ဟု ကျွန်ုပ်က ပြောလိုက်ရာ အဘိုးအိုလည်း ခေါင်းတညိတ်ညိတ်ဖြင့် သောက်လက်စ ဆေးတံကို ဖွာရှိုက်ကာ ဝံပုလွေနှင့်ပတ်သက်သော အကြောင်းများကို ဆက်ပြောလေ၏။ ကျွန်ုပ်လည်း စိတ်ရောကိုယ်ပါဝင်စားစွာဖြင့် နားထောင်နေလေ၏။

ကျွန်ုပ်သည် အဘိုးအို ဦးစိုင်းတေဇာဘုန်း ပြောပြသော ထူးဆန်းအံ့ဖွယ် လူမနုသဝံပုလွေ (သို့မဟုတ်) မှော်သိုက်ဝင်ဝံပုလွေ (သို့မဟုတ်) သမန်းဝံပုလွေအကြောင်းကို ဝတ္ထုဆန်ဆန် ရေးသား၍ အောက်တွင် ဖော်ပြလိုက်ပေသတည်း။

◆ ◆ ◆

ခွန်နောင်နှင့် နန်းမြိုင်တို့ လင်မယားမှာ ညားခါစ ပူပူနွေးနွေး အိမ်ထောင်ရှင်များ ဖြစ်ကြလေ၏။

သူတို့သည် တောင်ယာများ လုပ်ကိုင်စားသောက်ကြသော်လည်း ရံဖန်ရံခါ ခွန်နောင်သည် တောပစ်ထွက်၍ သားကောင်များကို ပစ်ခတ်ကာ အိမ်သို့ ယူဆောင်လာပြီးလျှင် ငါးရက်တစ်ဈေး (ဈေးနေ့)၌ သားကောင်တို့၏ အသားများ၊ ဦးချိုများ၊ အရေခွံများ၊ အရိုးများ စသည် တောပစ်ထွက်၍ရလျှင် ရသလို ရောင်းချတတ်လေ၏။

စီးပွားရေးမှာ သိပ်ပြီးပြေလည်ကြသည်တော့ မဟုတ်သော်လည်း စားစားသောက်သောက် သူ့အိုးနှင့် သူ့ဆန်လောက်တော့ အဆင်ပြေလျက် ရှိကြလေ၏။

တောပစ်ထွက်၍ သားကောင်ရလာသော နေ့များ၌ဆိုလျှင် ခွန်နောင်တို့လင်မယား စီးပွားရေးဖြောင့်ဖြူးသာယာလျက် အဆင်ပြေ၍ နေတတ်လေ၏။ နန်းမြိုင်၏





www.burmeseclassic.com

www.burmeseclassic.com

မိဘများမှာ စီးပွားပြေလည်ကြသူများ ဖြစ်ကြ၏။

ခွန်နောင်ကား မိမဲ့ဖမဲ့။ ဦးလေးတော်စပ်သူအိမ်၌ ခိုကပ်၍ နေရသူဖြစ်၏။ သူတို့နှစ်ဦး မေတ္တာမျှ၍ ချစ်ကြိုက်သွားကြသောအခါ နန်းမြိုင်၏ မိဘသားစုများက သဘောမတူကြ၍ ၄င်းတို့နှစ်ဦး ခိုးရာလိုက်ပြေးကြကာ မိဘများနှင့်ဝေးရာ ကွမ်လုံသို့ ရောက်လာခဲ့ကြခြင်း ဖြစ်လေသည်။

၄င်းတို့ဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး အနစ်နာခံကာ လွန်စွာမှ ချစ်ခင်စုံမက် မြတ်နိုးကြလေ၏။ ဤသို့ဖြင့် ခွန်နောင်နှင့် နန်းမြိုင်တို့ ကွမ်လုံအနီး ရှမ်းစုရွာလေးတွင် တောင်ယာလုပ်ကိုင် စားသောက်နေထိုင်ကြရင်း နန်းမြိုင်၌ ရင်သွေးလေးအား ရင်၌ သန္ဓေတည်၍ လာခဲ့လေတော့၏။

'ခွန်နောင် . . ငါ့မှာ နင့်ရင်သွေးလေးရှိနေပြီ သိလား' ဟု လေသံတိုးတိုးလေးနှင့် ပြောလိုက်စဉ်က ခွန်နောင်တစ်ယောက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထခုန်မတတ် ဖြစ်ခဲ့ရလေ၏။

'ဝမ်းသာလိုက်တာ နန်းမြိုင်ရယ်၊ ငါတို့ရင်သွေးလေးအတွက် အလုပ်တွေ အများကြီးလုပ်ရတော့မယ်။ သားကောင်များများရအောင် ပစ်ခတ်ရတော့မယ်။ တောင်ယာလုပ်ငန်းကလည်း ဝင်ငွေတိုးအောင် ကြိုးစားလုပ်ကိုင်ရတော့မယ်' ဟုပြောကာ ခွန်နောင်တစ်ယောက် စိတ်ကူးတွေ အများကြီး ယဉ်ခဲ့လေတော့၏။

တစ်နေ့သ၌ ခွန်နောင်သည် အမဲပစ်ထွက်ရင်း တောတစ်တော၌ ဝံပုလွေတစ်ကောင်နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ရလေ၏။ ထိုဝံပုလွေကောင်သည် ခွန်နောင့်ကို တိုက်ခိုက်ဖို့ ပြေးလာစဉ် ခွန်နောင်က လျှင်မြန်စွာ သေနတ်နှင့် လှမ်း၍ပစ်လိုက်လေ၏။ ဝံပုလွေသည် ချက်ကောင်းကို ထိမှန်ခြင်းမရှိဘဲ ကိုယ်ကိုသာ ရှပ်မှန်သွားသဖြင့် ဒဏ်ရာရထားသည့်ကြားမှ ခွန်နောင်ကို အခဲမကျေဘဲ စိမ်းစိမ်းကြီးကြည့်ကာ မကျေမနပ်ဖြင့် 'အူး . . အူး . . အူး' ဟု သံကုန်အော်ဟစ်၍ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

ခွန်နောင်လည်း ဝံပုလွေနောက်သို့ ဆက်မလိုက်တော့ဘဲ နောက်ကြောင်းပြန်လှည့်ကာ အိမ်သို့ ပြန်ခဲ့လေတော့၏။ အိမ်သို့ ပြန်ရောက်သောအခါ တောတွင်းအဖြစ်အပျက်နှင့် ဝံပုလွေ၏ ပရိယာယ်မာယာတို့ကို ဇနီး နန်းမြိုင်အား ပြောပြလေတော့၏။ နန်းမြိုင် ခွန်နောင် ပြော စကားတွေအတွက် လွန်စွာထိတ်လန့်သွားပုံရလေ၏။

'သေနတ်ထိမှန်တာတောင် မသေဘူးဆိုတော့ ခွန်နောင်ရယ်၊ နင်ပစ်လိုက်တဲ့ ဝံပုလွေက အဆန်းပဲ။ တော ထဲမှာ အပမှီတယ်ဆိုတဲ့စကား ငါကြားဖူးတယ်။ သား ကောင်ကို ပစ်လိုက်တဲ့အခါ ထိလို့ ထိသွားပြီလို့အော်ရင် အဲဒီသားကောင်ဟာ အပမှီပြီး တစ္ဆေသရဲဖြစ်သွားတတ် တယ်တဲ့ ခွန်နောင်။ နင်လည်း အမဲပစ် တောပစ်သမား သိမှာပေါ့'

ဟု နန်းမြိုင်ကပြောသောအခါ ခွန်နောင်က ပြုံးစေ့စေ့ဖြင့် ခေါင်းညိတ်ကာ-

'ကိုယ့်မိန်းမ နန်းမြိုင်လည်း ဘယ်ဆိုးလို့လဲ၊ ဗဟု သုတ မနည်းဘူးပဲ။ ဟုတ်ပါတယ်။ နင်ပြောတဲ့အတိုင်း ဖြစ်တတ်တယ်။ ဒါပေမဲ့ ငါကတော့ မှန်သွားပြီ၊ ထိသွား ပြီလို့ အော်လည်း မပြောဘူး။ ဝံပုလွေကြီး ငါ့ကို ဘာ လုပ်မလဲ ဆိုတာကိုပဲ စဉ်းစားပြီး ငါက စိုက်ကြည့်နေ တာ။ ငါ့စိုက်ကြည့်နေသလို ငါ့ကိုလည်း အဲဒီဝံပုလွေ ကြီးက စိုက်ပြီးကြည့်နေတယ်ဟာ။ ငါတောင် လန့်သွား တယ်။ နောက်တစ်ချက် ထပ်ပစ်မယ်အလုပ်မှာ ဝံပုလွေ ကြီးက လှစ်ခနဲ တောထဲပြန်ဝင်ပြီး ပျောက်သွားတယ်' ဟု ခွန်နောင်က အဖြစ်အပျက်အမှန်ကို ပြောပြလေ၏။

နောက်တစ်နေ့ မနက်ကျတော့ ခွန်နောင်တို့ လင် မယား မျှစ်ချိုး မှိုရှာ ထွက်ကြလေ၏။

'အူး . . . အူး . . . အူး'

တောစပ်အလွန်မှူသာ ရှိသေးသည်။

တောတွင်းဟိုအဝေးတစ်နေရာမှ-

'အူး . . အူး . . အူး . .'

ဝံပုလွေအူသံ ကိုကြား၍ နန်းမြိုင် ထိတ်လန့်ပြီး-

'ခွန်နောင်၊ ကြားလား။ ဘာသံလည်း မသိဘူး'

'အဲဒါ ဝံပုလွေအသံပဲ နန်းမြိုင်၊ ငါ့သေနတ်နဲ့ ထိ သင့်ထားတဲ့ အကောင်ပဲဖြစ်တယ်။ အသံကိုကြား ပေါက်ကွဲသံလိုလို ဒေါသသံလိုလို ပါနေတယ်။ အန္တရာယ်ရှိတယ်။ နန်းမြိုင် ငါတို့ပြန်ကြမယ်' ဟု ပြီး နန်းမြိုင်လက်ကို ဖမ်းဆွဲလိုက်လေ၏။

'ခွန်နောင် . . နင် ဒီဝံပုလွေအူသံတွေကို နင်



www.burmeseclassic.com

www.burmeseclassic.com

လို့ ရသလားဟင်။ ငါတော့ မရဘူး။ အရေးကြီးတာက နီးသလား၊ ဝေးသလား ခွန်နောင်'ဟု နန်းမြိုင်က စူးစမ်းသလို မေးသည်။ သူမကိုယ်တိုင်လည်း စိုးရွံ့ကြောက်လန့်နေပုံရလေ၏။

'ပရိယာယ်များတဲ့ ဒီဝံပုလွေတွေရဲ့ စရိုက်၊ မာယာကို ငါလည်း ကောင်းကောင်းမသိဘူး။ ငါ့ရဲ့ပစ်မှတ်ပစ်ကွင်းထဲမှာ ဝံပုလွေ မပါဘူး။ ငါ့ကို ရန်မူရင်တော့ ကာကွယ်တဲ့အနေနဲ့ ခုခံတာလောက်ပဲ ရှိတယ်။ သူတို့အုပ်စုထဲ ငါဘယ်တော့မှ မဝင်ဘူး။ ဝေးဝေးက ရှောင်တယ်။ ဒီကောင်တွေရဲ့ အသားကိုလည်း ငါမစားဘူး။ စီးပွားအဖြစ်လည်း တစ်ခါမှ ရောင်းမစားဘူး'

ပြောပြောဆိုဆို ခွန်နောင်နှင့် နန်းမြိုင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး-

'ဟော..ခု ဝံပုလွေအသံ ပျောက်နေတယ်။ အဲဒါ သူတို့ရဲ့ အမဲလိုက်နည်း မာယာတစ်ခုပဲ နန်းမြိုင်။ ခု ငါ့မှာလည်း သေနတ်မပါဘူး။ သူတို့နဲ့ ရင်ဆိုင်တွေ့လို့ ခုခံရင် အန္တရာယ်ကျရောက်သွားနိုင်တယ်။ ငါ့မှာပါတဲ့ ဓားက ဓားတိုလေး။ မှိုတူးမျှစ်ဖြတ်လို့ပဲရတယ်။ ကဲ..လာ..လာ၊ သွားကြမယ်'ဟု ခွန်နောင် ပြောပြောဆိုဆို နန်းမြိုင်လက်ကိုဆွဲ၍ လှည့်အထွက်မှာပင် ထိတ်လန့်ဖွယ် ဝံပုလွေကြီးက မမျှော်လင့်ဘဲ ဘွားခနဲ ခွန်နောင် ရှေ့တွင် မားမားကြီး နေနေတော့၏။ မမျှော်လင့်ဘဲ-

'ခွန်နောင်..လုပ်ပါဦး။ ငါကြောက်တယ်'

'နန်းမြိုင်..နင် ပြေး..ပြေးတော့။ ငါ ဒီကောင်ကြီးကို ကာကွယ်ထားမယ်'ဟု ခွန်နောင် ပြောနေစဉ်မှာပင် ပြေးဖို့ဟန်ပြင်နေသော နန်းမြိုင်ဆီသို့ ဝံပုလွေကြီးက ခုန်အုပ်၍ ကိုက်ဆွဲလေတော့၏။

'ခွန်နောင်..ခွန်နောင်..လုပ်ပါဦး၊ အမယ်လေး၊ ငါ့ကို ကယ်ပါဦး'ဟု နန်းမြိုင် အကြောက်အလန့် ရုန်းကန်၍ အော်ဟစ်အကူအညီတောင်းလေ၏။

ခွန်နောင်လည်း လွှားခနဲ ဝံပုလွေကြီးပေါ်သို့ ခုန်အုပ်၍ ဓားတိုဦးချွန်ဖြင့် အဆက်မပြတ် ထိုးနေတော့၏။ ဓားချက်ပေါင်း မည်မျှရှိသွားသည်ကိုပင် မသိလိုက်။ နန်းမြိုင်အော်သံလည်း မကြားတော့။ ခွန်နောင်၏ ဓားချက်များကြောင့် လက်အံပင် သေလုမတတ် ဖြစ်နေလေ၏။ သွေးများမှာလည်း မြင်မကောင်းအောင်ပင် လွှမ်းကုန်၏။

နန်းမြိုင်၏ ခြေသလုံးမှာလည်း ဝံပုလွေကြီးကိုက်ခဲထား၍ အသားများပင်လန်ကာ သွေးများဖြင့် ရဲဗလောင်းထ၍နေတော့၏။ ဝံပုလွေကြီးကား တုတ်တုတ်မျှပင်မလှုပ်တော့။ ဇီဝိန်ချုပ်ကာ ငြိမ်သက်သွားပြီဖြစ်လေ၏။

ခွန်နောင်သည် သတိလစ်မေ့နေသော နန်းမြိုင်ကို ပွေ့ချီ၍ အိမ်သို့ သုတ်သုတ်လျှင်လျှင် ပြန်ခဲ့လေတော့သတည်း။

◆◆◆

အထက်ပါ ကိစ္စအဖြစ်အပျက်အား ဖြစ်ပေါ်ခဲ့ပြီးနောက် တစ်လခွဲခန့်အကြာတွင် တိုင်းရင်းရိုးရာ ဆေးကောင်းဝါးကောင်း ဆရာကောင်းတို့ကြောင့် နန်းမြိုင်၏ ဒဏ်ရာများ ကောင်းမွန်၍ သွားခဲ့သော်လည်း သူမမှာ ယခင်လိုပုံစံ အနေအထားမျိုး မဟုတ်တော့ဘဲ အနည်းငယ် ထူးခြားပြောင်းလဲသွားသလို ရှိလေ၏။

ခွန်နောင်၏ စိတ်ထဲ၌မူ နန်းမြိုင်တစ်ယောက် အကြောက်လွန်စိတ်ကြောင့် ဖြစ်လိမ့်မည်ဟု သာမန်အတွေးမျိုးပေါက်၍နေလေ၏။ သူမအား အကြောက်ပြေစေရန်နှင့် ဝံပုလွေအကြောင်းကို မေ့မေ့ပျောက်ပျောက်နေ၍ နှစ်သိမ့်၍သာ ပေးခဲ့လေ၏။

တစ်ညသ၌ဖြစ်သည်။ ထိုနေ့ကား လပြည့်နေ့ပင်ဖြစ်သည်။ နန်းမြိုင် ဝံပုလွေအကိုက်ခံရသည့်နေ့ကလည်း ယခုလို လပြည့်နေ့ မနက်ခင်းပိုင်းအချိန်ပင်ဖြစ်လေသည်။

ရုတ်တရက် နန်းမြိုင်မှာ အိပ်နေရာမှ-

'အူး..အူး..အူး'

ဝံပုလွေအော်သံများကြား၍ လန့်နိုးကာ ထလိုက်၏။ သူမ၏ တစ်ကိုယ်လုံးလည်း ယားလာသကဲ့သို့ ရှိလေ၏။

'အူး..အူး..အူး'

ဝံပုလွေအော်သံကို ကြားနေရဆဲ နန်းမြိုင် မျက်နှာတစ်ဝိုက်နှင့် လက်ချောင်း၊ ခြေချောင်းများ တင်းမာလာသဖြင့် လက်ဖြင့် စမ်းသပ်ကြည့်ရာ အမွေးအမှင်တချို့ ထွက်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့၍သွားလေ၏။ စိတ်မှာလည်း ဂနာမငြိမ်ချင်သလိုဖြစ်လာ၏။ ဘေးမှ ခွန်နောင်ကို ကြည့်လိုက်သောအခါ ခွန်နောင်မှာ တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိလေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးထိန်ထိန်လင်းတော့ နန်းမြိုင် အိမ်မှာ မရှိတော့။ ခွန်နောင့်အတွက် စာတစ်စောင်ရေးထားခဲ့ပြီး မိဘရပ်ထံ ခေတ္တပြန်သွားကြောင်း၊ (၂)ရက်ခန့် ကြာမည်ဖြစ်ကြောင်း စာ၌ ရေးသားဖော်ပြထားခဲ့လေ၏။ ခွန်နောင်မှာ စာကိုဖတ်ပြီး ချက်ချင်းကြီး ဘယ်လိုဖြစ်တာပါလိမ့်ဟု စိတ်ထဲ တွေးမရအောင် ဖြစ်ရလေ၏။

နောက်နှစ်ရက်ခန့် ကြာသောအခါ ခွန်နောင့်ဆီကို နန်းမြိုင် ပြန်ရောက်လာ၏။

နန်းမြိုင် အိမ်သို့ပြန်ရောက်တော့ ခွန်နောင်က–

'နန်းမြိုင်··မင်းက မပြောမဆိုနဲ့ ဘယ်လိုဖြစ်ပြီး နင့်မိဘဆီ ပြန်သွားရတာပဲဟာ'

ဟု မေးရာ နန်းမြိုင်က–

'ဖေဖေနဲ့ မေမေတို့ကို ညက အိပ်မက်,မက်တယ်။ အသည်းအသန်ဖြစ်နေတယ် သမီး။ အမေတို့ဆီ ခဏလောက် အမြန်ပြန်လာခဲ့ပါလို့ မက်လို့ အရမ်းစိုးရိမ်ပြီး အမေတို့ဆီကို ထွက်သွားလိုက်တာ။ နင့်ကို မနှိုးတာက နင်တားနေမှာစိုးလို့ စာရေးပြီး ထားခဲ့ရတယ်။ အမေတို့ဆီ ရောက်တော့ အမေတို့ ဘာမှမဖြစ်လို့ စိတ်အေးပြီး ပြန်လာခဲ့တာ'ဟု ဆိုလေ၏။

'တော်သေးတာပေါ့ နန်းမြိုင်ရယ်၊ စာသာ ရေးမထားခဲ့ရင် ငါ စိတ်ပူပြီး ဘယ်လိုက်လို့ ဘယ်ရှာရမှန်းတောင် သိမှာမဟုတ်ဘူး။ အခုမှပဲ စိတ်ဒုန်းဒုန်းချရတော့တယ်။ ဒါထက် အဲဒီညက ငါလည်း အိပ်မက်,မက်တယ်။ အိပ်ရာကနိုးတော့ နင့်ကို ငါ့အိပ်မက်အကြောင်း ပြောပြမလို့ပဲ။ နင်က ရုတ်တရက်ကြီး ဘာမပြော ညာမပြောနဲ့ နင်တို့အမေဆီ ထွက်သွားတော့ ငါ့မှာ ဟက်ကော့ကြီးဖြစ်ပြီး အိပ်မက်အကြောင်း နင့်ကို မပြောလိုက်ရဘူး'

ဟု ခွန်နောင်က ပြောလိုက်ရာ ထိတ်လန့်အံ့သြသွားဟန်ဖြင့် ခွန်နောင်ကို နန်းမြိုင် ကြည့်ပြီး–

'ခွန်နောင်၊ နင့်အိပ်မက်က ဘယ်လိုများ မက်တာလဲ'ဟု မေးလေ၏။

သည်တွင် ခွန်နောင်က–

'ဘာရယ်မဟုတ်ပါဘူး နန်းမြိုင်။ ငါ့စိတ်စွဲလမ်းလို့နဲ့တူပါတယ်။ အိပ်မက်ထဲမှာ နင်က ဝိပုလ္လမလေးဖြစ်ပြီး တောဝင်သွားတယ်လို့ မက်တယ်ဟာ'ဟု ပြောလိုက်ရာ နန်းမြိုင်သည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားပြီး ထိတ်လန့်သွားလေ၏။

'သူ ငါ့ကိုများ တွေ့သွားတာလား။ အို··မဟုတ်နိုင်ဘူး'

ခွန်နောင် သတိမထားလိုက်မိချိန်မှာပင် နန်းမြိုင် ကျွန်ရွေဆည်၍ စိတ်ကိုထိန်းထားလိုက်လေ၏။ ထိုနေ့ည က ကိစ္စကို နန်းမြိုင် ပြန်စဉ်းစားမိလေ၏။

အမှန်တကယ်လည်း ခွန်နောင်၏ အိပ်မက်ထဲက အတိုင်း နန်းမြိုင်တစ်ယောက် လူ့စိတ်တစ်ပိုင်း တိရစ္ဆာန် စိတ် တစ်ပိုင်းဖြင့် ဝေခွဲမရနိုင်အောင် စိတ်တွေကယောင်ချောက်ချား ဖြစ်ခဲ့သည်တော့ အမှန်ပင် ဖြစ်လေ၏။

နောက်ဆုံး လူ့စိတ်အသိဖြင့် သိလိုက်ရသည့်အခိုက်မှာ ခွန်နောင့်ကို စာရေးထားခဲ့ခြင်းဖြစ်သည်သာ။ နောက်ဆုံး မသိဖြစ်ပေတော့၏။ နောက်ပိုင်း နန်းမြိုင် ဘာဖြစ်သည်ကို ဘာမှမသိ၊ ဘာမှလည်း မမှတ်မိတော့။ အိပ်မက်ထဲမှာ မိဘနှစ်ပါး အသည်းအသန်ဖြစ်၍ မိဘရပ်ထံ ခဏပြန်သည်ဟူသော စကားမှာလည်း နန်းမြိုင်မှ ခွန်နောင့်ကို သံသယကင်းအောင် လိမ်ညာ၍ ပြောခြင်းသာ ဖြစ်လေ၏။

ထိုနေ့က ခွန်နောင်သည် တောပစ်မထွက်ဘဲ လုပ်ငန်း၊ ကိုင်းလုပ်ငန်း၌သာ အချိန်ကို ကုန်ဆုံးစေခဲ့လေ၏။

နန်းမြိုင်ကတော့ အိမ်မှာ ထမင်းချက်၊ ဟင်းချက် အလုပ်ဖြင့် အချိန်တို့ကို ကုန်ဆုံးစေခဲ့၏။

ဤသို့ဖြင့် လ,အတန်ကြာလာသောအခါ နန်းမြိုင်၏ ကိုယ်ဝန်မှာလည်း တဖြည်းဖြည်း ဖောင်းကား၍ မွေးဖွားတော့မည့် အချိန်သို့ ရောက်ရှိ၍လာတော့၏။

ကွမ်လုံမြို့လေး၏ သံလွင်တစ်ဖက်ခြမ်းမှာပင် ဝမ်းဆွဲဆရာမ ဒေါ်နန်းပုံကို နန်းမြိုင်၏ကိုယ်ဝန် အပ်ထားရာ ဒေါ်နန်းပုံကလည်း ဂရုတစိုက် နေ့တိုင်း အိမ်သို့ ပြုစုစောင့်ရှောက်ပေးတတ်လေသည်။

ရှိးရာစဉ်လာအတိုင်း ဝမ်းဆွဲဆရာမ လုပ်ခဲ့သည့် သက်တမ်းမှာလည်း မနည်းတော့။ နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်နီးပါးခန့် ရှိပေပြီ။ အဖိတ်အစဉ် မြို့ သံလွင်မြစ်ကမ်းနံဘေးရှိ ရှမ်းရွာကလေးက ဒေါ် ဆိုလျှင် တစ်ရွာလုံး တစ်နယ်လုံး သိရှိပြီး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က နန်းမြိုင်၏ဗိုက်ကို စမ်းသပ်စစ်ဆေးရင်း ဒေါ်နန်းပုံက–

'နန်းမြိုင်၊ နင့်ဗိုက်ထဲက ကလေးက ယောကျ်ားလေးဟဲ့။ သန်မာထွားကျိုင်းမယ်။ တိရစ္ဆာန်တွေလို အားရှိမယ်။ နေဦး၊ ငါ အာရုံခံပြီး ကြည့်လိုက်ဦးမယ်' ဟု ပြောပြီး မျက်လုံးကို စုံမှိတ်ကာ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်သည်။ လက်ဝါးကိုထောင်၍ လက်ချောင်းကလေးများကို ရေတွက်သည်။

ပြီးမှ 'ဒီလ ဝါဆိုလပြည့် အတိအကျမှာမွေးမယ်။ ရက်မစွန်းဘူး နန်းမြိုင်' ဟု ပြောလိုက်ရာ နန်းမြိုင် ထိတ်ခနဲ ရင်တုန်ပန်းတုန်ဖြစ်၍ သွားလေ၏။

စိတ်ထဲကလည်း တိုက်ဆိုင်လွန်းသည်ဟု ထင်လေ၏။ မိမိကို ဝံပုလွေကြီး ကိုက်ခဲ့သည့် ရက်မှာလည်း လပြည့်နေ့။ မိမိစိတ်ထဲက လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း ဖြစ်ခဲ့ရာမှ အိမ်က ရုတ်တရက် ထွက်သွားသည့်နေ့မှာလည်း လပြည့်နေ့၊ မီးဖွားမည့် နေ့ရက်ကလည်း လပြည့်နေ့ ဆိုတော့ကာ နန်းမြိုင် စိတ်လှုပ်ရှားမိတာ မဆန်းပေ။

မိမိစိုးရိမ်သည်က မိမိ၏ရင်သွေးသားမို့ မိမိကဲ့သို့ လပြည့်နေ့ရောက်တိုင်း လူစိတ်တစ်ပိုင်း တိရစ္ဆာန်စိတ်တစ်ပိုင်းဖြင့် စိတ်ထဲ ဝေခွဲမရအောင်ဖြစ်ပြီး မသိစိတ်လွှမ်းမိုးမှာကို အို..နန်းမြိုင် ဆက်၍ မတွေးဝံ့၊ မတွေးရဲတော့ပေ။

ထိုနေ့တစ်နေ့လုံး ကိုယ်ဝန်စမ်းသပ်၍အပြီးမှာ ဒေါ်နန်းပုံကြီး ပြန်သွား၏။ နန်းမြိုင်တစ်ယောက်တည်း တောတွေးတောင်တွေးဖြင့် မိမိ၏အဖြစ်မှန်ကို ခွန်နောင်အား ဖွင့်ပြောပြရကောင်းမလားဟု စဉ်းစားမိလေ၏။ ပြောပြလိုက်လို့ မိမိအပေါ် အမြင်စောင်းသွားခဲ့လျှင်လည်း မိမိချစ်ရသော လင်ယောကျ်ား၊ မိမိအားကိုးရသော ကြင်ဖော် မိမိအား စွန့်ပစ်သွားမှာကိုလည်း စိုးရိမ်ရပြန်လေ၏။ ခွန်နောင်သည် စင်စစ် မိမိအဖို့တော့ တန်ဖိုးမဖြတ်နိုင်သော ယောကျ်ားကောင်းတစ်ယောက်ပင် မဟုတ်ပါလား။ မိမိအပေါ်မှာလည်း အလွန်ချစ်သည်။ မိမိကိုလည်း များစွာမှ နားလည်မှုပေးသည်။ မိမိအားလည်း ကောင်းစွာလုပ်ကိုင်ရှာဖွေကာ ကျွေးမွေးစောင့်ရှောက်သည်။ ဤကဲ့သို့သော ယောကျ်ားမျိုးက မိမိအား အမြင်မကြည်လင်ဘဲ စွန့်ပစ်သွားခဲ့မည်ဆိုလျှင် နန်းမြိုင် ဆက်မတွေးရဲတော့ပေ။

ပေါက်ခနဲ မျက်ဝန်းမှတစ်ဆင့် ပါးပြင်ပေါ်သို့ ကျလာသော မျက်ရည်တစ်စက်သည် နန်းမြိုင်၏ လက်ခုံပေါ်သို့ကျ၍ ဖောက်ခနဲ မြည်သံနှင့်အတူ ကြမ်းပေါ်သို့ လိမ့်ဆင်းကျသွားပြန်လေ၏။ ထိုမျက်ရည်သည် ကြမ်းပြင်ထက်၌ ကြေကွဲ၍သွားလေ၏။ နန်းမြိုင်၏ ရင်ထဲမှာလည်း အမောပင်ကြီး ရှင်သန်ပေါက်ဖွားလာသလို အသက်ရှူပင် မဝချင်တော့။ ရင်ထဲမှ ဆို့တက်ကာ တင်းကျပ်သကဲ့သို့ ခံစားလိုက်ရလေတော့၏။

◆◆◆

'ရှမ်းရွာလေးနဲ့ အနီးအနားတစ်ဝိုက်မှာတော့ ဒေါ်နန်းပုံကြီးက နတ်၊ ဝမ်းဆွဲဆရာမလို့ နာမည်တော့ အကြီးသားဟ။ သူပြောရင် မှားခဲတယ်။ ယောကျ်ားလေး ဆိုတော့ဟာ သိတယ်မဟုတ်လား။ အားပေါ့ နန်းမြိုင်၊ ဟုတ်ဘူးလား' ဟု ပြောပြီး ခွန်နောင် စိတ်ကူးဖြင့် ပျော်ရွှင်တက်ကြွ၍နေလေ၏။

ထိုရက်ပိုင်းအတွင်း နန်းမြိုင်ကို ဘာတစ်ခုမှ အလုပ်မခိုင်းဘဲ ခွန်နောင် တစ်ယောက်တည်းသာ အိမ်မှုကိစ္စ၊ မီးဖိုချောင်ကိစ္စ၊ အပြင်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းပါ မကျန် ဒိုင်ခံ၍ ဇယ်ဆက်သလို သုပ်ကိုင်၍နေတော့၏။

နန်းမြိုင်မှာလည်း ချစ်ရသူ ခွန်နောင်ကိုကြည့်ပြီး တစ်နေ့ ငါ့အကြောင်းများ သိသွားခဲ့ရင် ငါ့ကို ပစ်သွားမှာလားဟူသော စိုးရိမ်စိတ်က လွှမ်းကဲပြီး နေ့ရှိသရွေ့ ဖြစ်တည်ခံစားနေရတော့၏။

ခွန်နောင် အလုပ်သိမ်း၍ အိမ်သို့ ပြန်ရောက်တိုင်း နန်းမြိုင်ကြိုက်တတ်သော အစားအစာတစ်ခုခု ပါလာတတ်လေ၏။ ထိုနေ့က နန်းမြိုင်စားဖို့ ပန်းသီးအလုံးကြီးကြီးတစ်လုံး ဝယ်လာခဲ့၏။ ကိုယ်တိုင်အခွံနွှာ၍ကျွေး၏။

'ခွန်နောင်..နင်လည်း စားလေ'

ဟု နန်းမြိုင်က ပြောလျှင် ခွန်နောင်က–

'ငါက မွေးတဲ့လူ မဟုတ်ဘူး၊ ကျွေးတဲ့လူ။ နင်ကမှ မွေးတဲ့လူအစစ်။ စား..ဒါမှ နင် အားရှိမှာ' ဟုပြောပြီး စနောက်တတ်သဖြင့် နန်းမြိုင်မှာ စိတ်သောက ခဏငြိမ်းပျောက်၍ ပျော်ရွှင်တက်ကြွ လန်းဆန်းခဲ့ရပြန်လေ၏။

ဘာမှမသိရှာသေးသော ခွန်နောင်ကို ကြည့်ပြီးလည်း စိတ်ထဲ အလိုလို စိတ်မကောင်းဖြစ်မိကာ အားငယ်မိနေတတ်လေ၏။ နန်းမြိုင်မှာ ကိုယ်ဝန်ကိစ္စကိုလည်း တစ်ခါ

www.burmeseclassic.com

တစ်ရုံထက် အမြဲလိုပင် တွေးမိပြန်၏။ အကယ်၍များ မွေးဖွားလာမည့် မိမိ၏ ရင်သွေးလေးမှာ လူသားစင်စစ် မဟုတ်ဘဲ မိမိကိုယ်တွင်း၌ ဝံပုလွေသွေးတို့ ပျံ့နှံ့နေသောကြောင့် သွေးစပ်သွေးနှောပြီး ဝံပုလွေကဲ့သို့သော တိရစ္ဆာန်တစ်ကောင် မွေးဖွားလာခဲ့မည်ဆိုလျှင် နန်းမြိုင် အို.. ဆက်မတွေးရဲတော့ပေ။

ဤသို့ စိတ်ဆင်းရဲပေါင်းများစွာကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်ကို ခွန်နောင် မသိအောင် မျိုသိပ်လျှို့ဝှက်ထားခဲ့ရသည့် လပေါင်းများစွာတို့သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်လေ၏။

နန်းမြိုင်တစ်ယောက် ထိတ်လန့်ကြီးမားစွာဖြင့်ပင် ဒေါ်နန်းပုံ၏လက်သည် လက်စွမ်းကောင်းမှုကြောင့် သားယောကျ်ားလေး ရှောရှောရှူရှူ မွေးဖွားလာနိုင်ခဲ့လေသည်။

ထိုစဉ် -

'အူး..အူး..အူး'

ဝံပုလွေအော်သံတို့သည်လည်း လပြည့်ညကို ဖုံးလွှမ်းသွားလေပြန်သည်။

နန်းမြိုင်မှာ သားယောကျ်ားလေး မွေးပြန်တော့လည်း ရင်အုပ်မကွာ အရိပ်တကြည့်ကြည့် ဘယ်တော့များ အမွေးအမှင်တွေ ပေါက်လာ၍ ဝံပုလွေတိရစ္ဆာန်ရုပ် ပေါက်လာလေမလားဟု စိုးရိမ်တထိတ်ထိတ် ဖြစ်ခဲ့ရပြန်လေ၏။

မိမိ၏အသွေးအသားမှဖြစ်သော မိခင်၏ နို့ရည်ကိုပင် သားလေးအား ပေးမတိုက်ရာရဲခဲ့။ မိမိကဲ့သို့ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း အဖြစ်ဆိုးမျိုး ဖြစ်မှာကို စိုးရိမ်ကြောင့်ကြကြီးစွာ ဖြစ်၍နေလေ၏။

နန်းမြိုင်သည် တစ်ခါတစ်ရံ ရှမ်းရွာစုထဲသွား၍ မိမိရင်သွေး သားအတွက် နို့အလှူခံထွက်၍ တောင်းရ၏။ မိမိမှာ နို့မျက်၍၊ နို့မသန့်၍ စသည့်အလိမ်အညာမျိုးလည်း မလွဲမရှောင်သာ မုသားစကားလည်းသုံး၍ နို့အလှူခံရလေ၏။

တစ်ခါတစ်ရံတော့ နို့ဘူးဝယ်၍လည်း တိုက်ကျွေးရလေ၏။ မိမိသွေး၌ တိရစ္ဆာန်ဝံပုလွေသွေး နှောနေမည်။ မိမိ၏သားကို ကူးစက်မည်ဟူသော ကြောင့်ကြစိတ်၊ စိုးရိမ်စိတ်တို့ ဝင်မိလေ၏။ ဗီဇမျိုးစေ့၏ နိယာမသည် သွေးသားနှင့် များစွာသက်ဆိုင်သည်ဟု နန်းမြိုင် သိရှိနားလည်ကြားဖူးထားသောကြောင့် ဖြစ်လေသည်။

သားလေး လေးငါးလလောက်အရွယ်တွင် နန်းမြိုင် ကိုယ်လက်ယားယံခြင်း၊ ကိုယ်သားကိုယ်ရေ တင်းမာခြင်း စသည့်အရိပ်အယောင်များပြ၍ ကိုယ်ထင်ရှား၊ စိတ်ထင်ရှား ကြီးစွာသော ပြောင်းလဲခဲ့ခြင်းမျိုးကား မရှိခဲ့ေ ဤသည်မှာ သားလေးမွေးဖွား၍ မိမိတို့၏ သွေးသား များ ပြောင်းလဲသွားသောကြောင့်များလားဟု နန်းမြိုင် တွေးသည်။ ဤသို့ သွေးသားအသစ်တစ်ဖန် ပြောင်း သွားလျှင်ဖြင့် အဘယ်မျှ ကောင်းလိမ့်မလဲဟုလည်း နန်း မြိုင် ဆက်တွေးနေပြန်လေ၏။

အမှန်တော့ နန်းမြိုင်၏ အတွေးအမျှင်တို့ မမှန်ခဲ့ေ သားလေး တစ်နှစ်သားအရွယ်တွင် မူလစိတ်ဟောင်းများ ပြန်လည်နိုးကြွား တက်ကြွလာပြန်လေတော့၏။

'အူး..အူး..အူး' (ဝံပုလွေအော်သံများ)

ထိုည လပြည့်ညဖြစ်သည်။ ခွန်နောင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ နန်းမြိုင်ကတော့ ဝံပုလွေအော်သံကြား ရ၍ လန့်ထိတ်ကာ မီးအလင်းရောင်အောက်၌ သားေ ၏ ရုပ်အခြေအနေကို အကဲခတ်ကြည့်သည်။ ဘာမှမေ ခြား။ သားလး၏ မျက်နှာဝင်းလေးက ပကတိလူသား စင်စစ်ရုပ်မျိုးအတိုင်း ဖြစ်၏။ သားငယ်လေး၏ ပါး ဖက်ကိုအုပ်၍ ကိုင်ထားသော မိမိ၏ လက်နှစ်ဖက်မှာ ညိုနက်မှောင်သော အမွေးအမှင်များ ပေါက်ရောက် သည်ကို နန်းမြိုင် ထိတ်လန့်စွာ မြင်တွေ့လိုက်ရလေ၏

'သွားပြီ၊ ဒုက္ခပါပဲ'

နန်းမြိုင်စိတ်ထဲက ခံစားမှုနှင့်အတူ မျက်နှာကို သပ်ကြည့်ပြန်သော် ပါးနှစ်ဖက်တွင် မွေးညင်းနန ထွက်ပေါ်နေသည်ကို စမ်းသပ်ရှာဖွေ သိရှိမိလေ၏

'အူး..အူး..အူး'

ဝံပုလွေအော်သံတို့သည်လည်း ဆက်တိုက်အော် သံများက နန်းမြိုင်ရင်ထဲသို့ ဆို့နင့်နေပေ၏။

'ဟင်..ငါ ဘယ်လိုလုပ်ရပါ့မလဲ။ ခွန်နောင်သိ တော့ ပြဿနာတက်တော့မယ်။ ငါ့ယောကျ်ား၊ င ချစ်ရတဲ့ သားလေးနဲ့ မခွဲနိုင်ဘူး။ ခွန်နောင် မသိအေ စာတစ်စောင် အမြန်ရေးပြီး ထားခဲ့မှပဲ'ဟု တွေး စာတစ်စောင် အမြန်ရေးကာ သား၏ဘေး၌ စာကို ခဲ့ပြီး လူ့စိတ်မှ တိရစ္ဆာန်(ဝံပုလွေ)စိတ်သို့ မကူးခင် ရှိစဉ်မှာပင် သားလေးကို တစ်ချက်နမ်းပြီး နန်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြင်သို့ ပြေးထွက်သွားလေ၏။

လပြည့်ညသည် မျက်တောင်မခတ်ဘဲ လုပစ္စာဝင်းပလင်းထိန်လျက် ရှိနေလေ၏။ တိမ်မည်းညိုတို့နှင့်အတူ ဝံပုလွေအော်သံများက တဖြည်းဖြည်း ကျယ်လောင်လာလေ၏။

ခွန်နောင် အိပ်ရာမှ လန့်နိုး၍ ထလိုက်သည်။ ဘေးမှ နန်းမြိုင်ကို မတွေ့ဘဲ သားလေးဘေးမှ စာကိုတွေ့သောအခါ ဖတ်ကြည့်လိုက်လေ၏။

စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

'ခွန်နောင်ရေ..အရေးတကြီး ကိစ္စတစ်ခုကြောင့် ငါ့အမေအိမ်ကို ခဏထွက်သွားတယ်။ မနက်ဖြန် ပြန်ရောက်မယ်။ သားလေးကို နို့ဘူးတိုက်ထားပေးပါ။ ငါ ဆက်ဆက်ပြန်လာခဲ့မယ်။ နန်းမြိုင်'ဟူ၍ ဖြစ်လေ၏။

ခွန်နောင် နန်းမြိုင်ရေးထားခဲ့သောစာကိုဖတ်ပြီး-

'ငါ့ကို နိုးပြီး မပြောနိုင်ရလောက်အောင် ဘာများဒီလောက်အရေးကြီးနေလို့လဲ'ဟု တွေးနေမိလေ၏။

ခွန်နောင် စိတ်ထဲမှလည်း မိမိမသိဘဲ စာရေးထားခဲ့ပြီး မိဘရပ်ထံ နန်းမြိုင်ပြန်သွားတာမှ ဟုတ်မှဟုတ်ရဲ့လားဟု သံသယစိတ်အတွေးများ စတင်ဝင်မိစပြုလာတော့၏။

'ငါ့ယောက္ခမတို့ အိမ်ကိုလိုက်ပြီး မေးကြည့်မယ်။ လာ,မလာ သိရတာပေါ့'ဟု ခွန်နောင် တွေးပြီး သားလေးကို ကောက်ချီကာ အနီးက နို့ဘူးတစ်ဖက် ကလေးတစ်ဖက်ဖြင့် အိမ်ပြင်သို့ ထွက်လိုက်လေတော့၏။

'အူး..အူး..အူး'

ဝံပုလွေအော်သံများ အနီးအဝေးမှ ခွန်နောင် ကြားနေရ၏။

အိမ်မှ ခြံပြင်သို့ထွက်၍ လမ်းပေါ်သို့ အရောက်မှာပင် လူသုံးလေးယောက်တို့ တုတ်၊ ဓား၊ လှံများ ကိုယ်စီကိုင်၍ ခွန်နောင်ရှိရာသို့ သုတ်သုတ်ရောက်လာကြလေ၏။

'ဘာဖြစ်လို့လဲ ကိုစိုင်း'

ဟု ခွန်နောင်က သားလေးချီထားပြီး မေးလိုက်ရာ ကိုစိုင်းဆိုသူနှင့် အနီးရှိလူများက ခွန်နောင်ကို သံသယမျက်ဝန်းအစုံဖြင့် ဝိုင်းကြည့်နေကြပြီး ကိုစိုင်းဆိုသူက အသံမာမာဖြင့် -

'ခွန်နောင်..မင်း မမြင်လိုက်ဘူးလား။ မင်းအိမ်ပေါ်က ဝံပုလွေတစ်ကောင် ခုန်ဆင်းပြေးသွားတာ'ဟု ပြန်၍ပြောလေ၏။

'မမြင်မိပါဘူးဗျာ။ ကျုပ်မိန်းမလည်း အရေးတကြီး ကိစ္စတစ်ခုနဲ့ သူ့အမေဆီ သွားမယ်ဆိုပြီး စာတစ်စောင်ရေးပြီး ထွက်သွားလို့ အဲဒါ သူ့နောက်ကို လိုက်မလို့ သားလေးချီပြီး ထွက်လာတာ'ဟု ခွန်နောင်က ကိုစိုင်းဆိုသူကို ပြော၍ စာပါ ထုတ်၍ပြလေ၏။

ကိုစိုင်းက စာကိုဖတ်ပြီး ခွန်နောင်ကို ပြန်၍ပေးလိုက်ပြီးလျှင် -

'ခွန်နောင်..မင်းမိန်းမ ထွက်သွားတာ ကြာပြီလား'ဟု ကိုစိုင်းက မေးသည်။

'မကြာသေးပါဘူးဗျာ။ ခင်ဗျားတို့ ရောက်လာတာနဲ့ ရှေ့ဆင့်နောက်ဆင့်လောက်ပဲ ရှိလိမ့်မယ်ထင်တယ်'ဟု ခွန်နောင်က ဖြေသည်။

'မင်းတို့အိမ်ပေါ်က ခုန်ဆင်းပြေးသွားတဲ့ ဝံပုလွေကလည်း အဲဒီအချိန်လောက်ပဲရှိမယ်'ဟု ကိုစိုင်းပြောပြီး ခွန်နောင်ကိုကြည့်ကာ သံသယဝင်နေပုံရလေ၏။

'ဒါဆို ကျုပ်မိန်းမ နန်းမြိုင်အတွက် အန္တရာယ်ရှိနိုင်တယ်။ ကျုပ် နန်းမြိုင်နောက် လိုက်သွားဦးမယ်'

ဟုပြောပြီး ခွန်နောင် သားလေးကိုချီလျက် ထွက်သွားဖို့အပြင် ကိုစိုင်းက ခွန်နောင်လက်ကို လှမ်းဆွဲ၍-

'မင်းတစ်ယောက်တည်းသွားလို့ မဖြစ်ဘူး။ မင်းမှာလည်း ကလေးနဲ့ ဝံပုလွေနဲ့ တန်းတိုးနိုင်တယ်။ ငါတို့ပါ





www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့အတူ လိုက်ခဲ့မယ်' ဟုဆိုကာ အားလုံးထွက်သွားကြလေတော့၏။

'အူး··အူး··အူး'

ဝံပုလွေအော်သံများက ကြားနေရသည်။

တုတ်ကိုင်၍ ရှေ့က ဦးဆောင်လမ်းပြသွားနေသော ကိုစိုင်းနောက်မှ ကလေးချီလိုက်နေသော ခွန်နောင်နှင့် ပါလာသူများ သတိကြီးစွာဖြင့် သွားနေကြသည်။

'အူး··အူး··အူး'

ဝံပုလွေအော်သံများက တဖြည်းဖြည်း အနီးပတ်ဝန်းကျင်မှ ကြားလာရသည်။ ခွန်နောင် ကလေးကို သေချာပွေ့ချီထားလိုက်သည်။

ထိုစဉ် မမျှော်လင့်ဘဲ ခြံအကွယ်အတွင်းမှ အမည်းရောင် အရိပ်သဏ္ဍာန်တစ်ခုက ခုန်ထွက်လာပြီး ရှေ့မှ ကိုစိုင်းဆိုသူကို ခုန်အုပ်လိုက်ရာ ကိုစိုင်းမှာ တုတ်တခြား လူတခြားဖြစ်၍ လွင့်စဉ်သွားလေ၏။ ထို့နောက် ချောက်ချားဖွယ် အော်ဟစ်သံများကို ကြားလိုက်ရလေ၏။

◆◆◆

'အား··အား'

'အူး··အူး··အား'

ယင်းအော်ဟစ်လိုက်သော အသံမှာ ကိုစိုင်း၏အသံဖြစ်လေ၏။ ကျန်လူနှစ်ယောက်မှာ ထိတ်လန့်ကြောက်ရွံ့ပြီး ထွက်ပြေးကြလေ၏။ လမင်းထိန်ထိန်သာနေသော လရောင်ရိပ်အောက်ဝယ် ကိုစိုင်းမှာ ဇီဝိန်ချုပ်၍ ငြိမ်သက်နေပြီဖြစ်၏။

ခွန်နောင်မှာလည်း ကလေးချီထားပြီး ကိုစိုင်းအလောင်းကို မြင်လိုက်ရ၍ အံ့သြမှင်တက်နေ၏။ ဝံပုလွေမှာလည်း ခွန်နောင်တို့ကို စိမ်းစိမ်းကြည့်၍ အနားသို့တိုးကပ်လာနေလေ၏။ ခွန်နောင် ဝံပုလွေကို မလှုပ်ဘဲ မျက်ခြည်မပြတ်ကြည့်နေရာမှ ချီထားသောသားငယ်ကို အနားရှိ တောင်ကမူမြက်ခင်းပေါ်သို့ အသာချ၍ ကိုစိုင်းဘေးတွင်ကျနေသောတုတ်ကို ဆတ်ခနဲလှမ်းယူလိုက်လေ၏။ ထို့နောက် စိမ်းစိမ်းကြည့်ပြီး တိုးကပ်လာနေသော ဝံပုလွေကို တုတ်နှင့် ရွယ်ထားလိုက်လေ၏။

'အူဝဲ··အူဝဲ··အူဝဲ··အူဝဲ'

သားလေး၏ငိုသံ ကြားလိုက်ရသည်တွင် ဝံပုလွေက ခွန်နောင်ဆီသို့ ဦးတည်နေရာမှ တောင်ကမူမြက်ခင်းပြင်ပေါ်မှ ငိုယိုနေသော သားလေးဆီသို့ တရွေ့ရွေ့ဦးတည်ရွေ့လျားလိုက်လေ၏။

'သားလေးကို ကိုက်သတ်တော့မယ် ထင်တယ်'

ခွန်နောင် အတွေးဖြင့် သားလေးတော့ အန္တရာယ်ဖြစ်မခံ။ ဖခင်တစ်ယောက်အနေဖြင့် သားအတွက် ရင်ဆိုင်ရန် သားဆီသွားနေသော ဝံပုလွေကို အလစ်မပေးဘဲ တုတ်ကို လက်နှစ်ဖက်နှင့် စုံကိုင်၍ အားကုန်လွှဲကာ ခုန်၍ ဝံပုလွေ ခေါင်းကို ဖြောင်းခနဲမြည်အောင် ရိုက်ချလိုက်လေ၏။

ဝံပုလွေသည် ချက်ကောင်းထိသွား၍ ယိမ်းယိုင်ကာ ဖင်ထိုင်၍ကျသွားလေ၏။ ခွန်နောင်သည် ဒုတိယမြောက် ထပ်၍ တုတ်ဖြင့် ခေါင်းကို ထပ်မံရိုက်ချလိုက်ပြန်၏။

'ဖြောင်း'

'အုန်း'

ခွန်နောင်၏ ဒုတိယမြောက်တုတ်ချက်မှာ ကိုယ်တွင်းရှိ ခွန်အားအပြည့်နှင့် တစ်အားကုန် ရိုက်ချလိုက်သောကြောင့် ဝံပုလွေသည် ချောက်ချားဖွယ်ကောင်းစွာ 'အူး··အူး··အူး' ဟုအော်ကာ ခွေကျသွားလေတော့၏။

တတိယအကြိမ် တုတ်ဖြင့် ရိုက်မည်အလုပ်မှာ ဝံပုလွေသည် ရှေ့လက်နှစ်ဖက်ကိုမြှောက်၍ ပါးစပ်မှ 'ခွန်နောင်··ခွန်နောင်··ခွန်နောင်··ခွန်နောင်' ဟူသော မပီမသ ခေါ်သံ ထွက်လာလေသည်။

ခွန်နောင် တုတ်ဖြင့်ထပ်ရိုက်မည်ပြုရာမှ အံ့အားသင့်နေမိ၏။ ထိုစဉ် 'အူဝဲ··အူဝဲ··အူဝဲ' သားလေးငိုသံကိုလည်း ကြားရလေ၏။

လဲနေသော ဝံပုလွေ၏ မျက်နှာပြင်ပေါ်မှ ညို့မှောင်မည်းနက်နေသော အမွေးအမှင်များမှာ တဖြည်းဖြည်း အသားပြင်ကိုခွဲ၍ ဝင်သွားသလို ပါးစပ်မှ အစွယ်များသည်လည်း တိုဝင်သွားကာ အမွေးအမှင်များ ပျောက်ကွယ်၍ သွားလေတော့၏။

'ဟင်'

ခွန်နောင် ထိတ်လန့်သွားလေ၏။ လရောင်အောက်ဝယ် ဝံပုလွေအသွင်အပြင်မှ တဖြည်းဖြည်း လူရုပ်အသွင်သို့ ပြောင်းလဲသွားသောကြောင့် ခွန်နောင် အံ့သြထိတ်လန့်သွားခြင်းဖြစ်လေသည်။ ပို၍ထိတ်လန့်အံ့သြဖွယ်ကောင်းသည်ကား ခွန်နောင် အသည်းပေါက်မတတ် ချစ်ခင်ရ



www.burmeseclassic.com

ရသော နန်းမြိုင်၏ ရုပ်အသွင် ဖြစ်၍နေသောကြောင့်တည်း။

'နန်း··နန်းမြိုင်··နန်းမြိုင်၊ နင်··နင်'

'ဟုတ်တယ် ခွန်နောင်၊ ငါ··ငါ··နန်းမြိုင်အစစ်ပါ'

'ဖြစ်ရလေ နန်းမြိုင်ရယ်'

'ငါ··ငါ ဝံပုလွေရဲ့ အသွေးအသားတွေ ငါ့ကိုယ်ထဲ စိမ့်ဝင်ပူးကပ်နေခဲ့တာ။ ဟိုတစ်ခါ ဝံပုလွေ အကိုက်ခံခဲ့ကတည်းကလို့ ထင်တယ်။ ခွန်နောင်··ကြာခဲ့ပါပြီ။ ငါ့သား၊ ငါ့ရဲ့သားလေးကို ငါ့သွေးသားတွေ မကူးစက်စေချင်လို့ ငါသိတဲ့နည်းမျိုးစုံနဲ့ ကာကွယ်စောင့်ရှောက်ပြီး မွေးခဲ့ပါတယ် ခွန်နောင်။ ဝံပုလွေမျိုးဆက်ကူးမှာစိုးလို့ မိခင်နို့ရည်တောင် မတိုက်ကျွေးခဲ့ပါဘူး။ ပြီးတော့ ငါလေ ငါ နင့်ကိုချစ်တဲ့စိတ်၊ ရင်သွေးသားလေးကို ချစ်တဲ့စိတ်၊ သံယောဇဉ်တွေ အရမ်းကြီးလွန်းလို့ ငါ့အကြောင်း အမှန်တွေကို ငါလေ ငါ နင့်ကို မပြောပြခဲ့ဘူး ခွန်နောင်။ အဲဒါ နင့်ကိုချစ်လို့။ နောက်ပြီး နင်လေ ငါ့ကို ရွံမုန်းကြောက်ရွံ့ပြီး ပစ်သွားမှာစိုးလို့ ငါတစ်ယောက်တည်း ကြိတ်လျှို့ဝှက်ထိမ်ချန်ထားခဲ့တယ် ခွန်နောင်။ ခွန်နောင်ရယ်··ငါ့ကို ခဏလောက် ပွေ့ဖက်ထားပေးပါ ခွန်နောင်'

ထိုစဉ် သားလေးငိုသံ-

'အူဝဲ··အူဝဲ··အူဝဲ'

အသံကြားပြီး-

'ခွန်နောင်··သားလေးကို ငါ့ဆီ ခေါ်ပေးစမ်းပါ'ဟု ပြော၍ ခွန်နောင် သားလေးအား မြက်ခင်းပြင်မှ သွားရောက်ပွေ့ချီလာပြီး နန်းမြိုင်လက်ပေါ် ပေးလိုက်သည်။

နန်းမြိုင် ခေါင်းဒဏ်ရာကြားက သားလေးကို အငမ်းမရ ပွေ့ဖက်နမ်းရှုံ့လေ၏။

'ခွန်နောင်··ငါ့ကိုယ်စား နင့်ရဲ့သား၊ ငါ့ရဲ့သားလေးကို ငါမရှိတဲ့နောက်ပိုင်း စောင့်ရှောက်ပေးပါနော် ခွန်နောင်။ ငါမနေရတော့ပါဘူး ခွန်နောင်ရယ်။ ဒါပေမဲ့ နင်နဲ့ သားလေးကို မခွဲရက်ဘူး၊ မခွဲရက်ဘူး ခွန်နောင်။ ငါ့ကို နောက်ဆုံးအနေနဲ့ ဖက်ထားစမ်းပါ ခွန်နောင်ရယ်။ နင့်ရင်ခွင်ကို သားလေးကိုဖက်ပြီး ရင်ခွင်လေးလှုံပြီး ခဏလောက် နေစမ်းပါရစေ ခွန်နောင်ရယ်။ ငါ နင့်ကိုလည်း သိပ်ချစ်တယ်။ ငါ့သားလေးကို ချစ်တယ်'

'ငါလည်း ချစ်ပါတယ် နန်းမြိုင်ရယ်။ ဘာမှမပြောနဲ့နော်။ မောနေမယ်'ဟု ခွန်နောင်တစ်ယောက် ကြေကွဲစွာဖြင့် နန်းမြိုင်နဲ့ သားလေးကို ကြည့်ပြီး ရှိုက်ခနဲ တစ်ချက်ငိုရှိုက်လိုက်ပြီး နန်းမြိုင်နဲ့ သားလေးကို ကြေကွဲဝမ်းနည်းစွာဖြင့် ပွေ့ယူ၍ ဖက်ထားလိုက်လေ၏။

ထိုစဉ်မှာပင် အနောက်ခြမ်းဘက်ဆီက လူသံများ ပြေးလာနေကြသော ခြေသံများကို ခွန်နောင် ကြားလိုက်ရသော်လည်း နန်းမြိုင်တစ်ယောက်ကတော့ ထိုလူသံနှင့် ခြေသံတို့ကို ကြားမည်မထင်တော့ပေ။ အဘယ်ကြောင့်ဆုသော် နန်းမြိုင်၏ ဝိညာဉ်လိပ်ပြာသည် အဝေးတစ်နေရာသို့ ငြိမ်သက်တိတ်ဆိတ်စွာ ခွန်နောင်နဲ့ သားလေးအား နှုတ်ဆက်၍ ထွက်ခွာသွားခဲ့ပြီ ဖြစ်သောကြောင့်တည်း။

<u>**နိဂုံး**</u>

ရှမ်းအဘိုးအို အဘစိုင်းတေဇာဘုန်း ပြောပြသော ထူးဆန်းအံ့ဖွယ်လူမနုဿဝံပုလွေ ဇာတ်ကြောင်းကား ဤတွင် အဆုံးသတ်ပြီးဆုံးခဲ့ပြီ ဖြစ်လေ၏။

ကျွန်ုပ်၏ စိတ်ထဲ၌မူ ယင်းဇာတ်ကြောင်းနှင့်ပတ်သက်၍ ကောင်းစွာဘဝင်မကျခဲ့ပေ။ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်တစ်ပုဒ်အဖြစ်မျှသာ ခံစားရမိလေ၏။ ကျွန်ုပ် အမှန်တကယ် သိချင်သည်က လူစင်စစ်က ဘယ်ပုံဘယ်နည်း ဘယ်သို့သော အကြောင်းကြောင်းကြောင့် ဝံပုလွေအဖြစ်သို့ ကူးပြောင်းသွားရသည်ဟူသော ခိုင်လုံသည့် အကြောင်းပြချက်ကို သိလို ကြားလို ဗဟုသုတအလို့ငှာ အမှန်တကယ် သိချင်နေပေသေး၏။

ထို့ကြောင့် ကျွန်ုပ်က အဘစိုင်းတေဇာဘုန်းအား-

'အဘပြောပြတဲ့ ဇာတ်လမ်းထဲက ခွန်နောင်(ယခု ဦးခွန်နောင်)ဆိုတဲ့လူ အခု သက်ရှိထင်ရှားရှိသေးရဲ့လား။ ကျွန်တော့်ကို သူနဲ့ တွေ့ခွင့်ပေးနိုင်ပါ့မလား'

ဟု တောင်းဆိုခဲ့ရာ အဘစိုင်းတေဇာဘုန်းက-

'အဘတွေ့ဆုံပေးမယ်။ ဒါပေမဲ့ သူက အခု ကွမ်လုံမှာမရှိဘူး။ ပုပ္ပားတောင်မှာ ရသေ့ဝတ်ပြီး တောင်ကျင့်ကျင့်နေတယ်။ သက်တော်ကတော့ ကိုးဆယ်ကျော်ရှိပြီ။ ကျန်းကျန်းမာမာပဲ။ တွေ့ချင်ရင် အဘခေါ်သွားပြမယ်'ဟု ဆိုသဖြင့် ကျွန်ုပ်မှာ ဝမ်းသာအားရဖြင့် ကျေနပ်မိရလေ၏။ သို့သော် ကျွန်ုပ်အဖို့ အချိန်တော့ ပေးရဦးမည်။

**ဒါရိုက်တာမျိုးဇော်အောင်**

www.burmeseclassic.com



# ကိုယ်တွေ့သရဲခြောက်ခံရခြင်း

## ကျော်မင်းညွန့်(လှည်းကူး)

(၁၉၇၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်၊ ည(၁၀
နာရီ။

ကျွန်တော်သည် မြယာပင်စာအုပ်တိုက်မှ ရဲဘော်ဘ
ရဲဘော်မြတို့ ရေးသားသည့် သခင်သန်းထွ
နောက်ဆုံးနေ့များ (ဒုတိယတွဲ)ကို ဖတ်နေသ
ကျွန်တော် ရောက်နေသည်က ရန်ကု
အတွင်းရှိ မြို့နယ်တစ်ခု၏ ထိုစဉ်က ကော်ဇောစက်ရုံတ
လုံးချင်းဝန်ထမ်းတိုက် အောက်ထပ်တွင် ဖြစ်ပါသည်။

စက်ရုံ၏ အနေအထားမှာ ခန့်မှန်းခြေ တစ်ကေ
မြေကွက်၏ အတွင်းပိုင်းတွင် ပေ(၄၀×၆၀)ခန့်ရှိ နှစ်ထ
စီမံဘဏ္ဍာရုံး၊ (၁၀၀×၆၀)ပေခန့်ရှိ ရက်ကန်းစင်များ
သည့်စက်ရုံ၊ လက်ရှိ ကျွန်တော်စာဖတ်နေသည့် (
ခန့်ရှိ နှစ်ထပ်တိုက်တစ်လုံးတို့ဖြင့် ဖွဲ့စည်းထားပြီး ပြ
အုတ်တံတိုင်းခတ် ကာရံထားကာ ဝင်ပေါက် ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

တည်းသာရှိကာ အစ်ကိုဖြစ်သူမှာ စက်ရုံ၏ မန်နေဂျာတစ်ဦးဖြစ်၍ ကျွန်တော် စာဖတ်နေသည့် တိုက်ခန်း၏ အပေါ်ထပ်တွင် မိသားစုနှင့် နေထိုင်လျက် ရှိသည်။

ဤစက်ရုံမှာ ထိုစဉ်က လူမျိုးခြားပိုင် စက်ရုံဖြစ်ပြီး လက်ရှိပြည်သူပိုင်သိမ်းထားသော စက်ရုံဖြစ်သည်။ လုပ်သားအင်အား (၄၀)ခန့်နှင့် လည်ပတ်နေသော စက်ရုံဖြစ်ပါသည်။

အချိန်က ည(၁၀)နာရီကျော်လာပြီဖြစ်၍ ဝင်းတစ်ခုလုံး တိတ်ဆိတ်နေပါသည်။ စက်ရုံစောင့် ဦးလှမော်၏ ဘုရားရှိခိုးသံ အကျယ်ကြီးကို ကြားနေရသည်။

စာအုပ်ကလည်း အရေးပါသော အခန်းကို ရောက်နေပြီ။ ကြံတိတ် (ခေါ်) လုံတိတ် (ခေါ်) ရဲဘော်မြကြီးက ကွန်မြစ်နစ်ပါတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကို လုပ်ကြံရန် သေနတ်ရသွားပြီ။ ယခင်က တပ်ဖွဲ့ဝင်များကို ပေးထားသော လက်နက်များကို သိမ်းထားရာမှ တပ်မတော်၏ ထိုးစစ်က စိပ်လာ၍ လက်နက်များ ပြန်လည်ထုတ်ပေးလိုက်သည့်အခန်း။

စာအုပ်ထဲတွင် စိတ်ပါဝင်စားနေသော ကျွန်တော်။

အောက်ထပ်၏ အနေအထားမှာ ဝင်ပေါက် ထွက်ပေါက် တစ်ချပ်သာရှိပြီး တံခါးပေါက်၏ ညာဘက်တွင် အိမ်သာရှိပြီး တံခါးကို အမြဲလိုလို ဖွင့်ထားလေ့ရှိသည်။ တံတိုင်းမြင့် ကာရံထားပြီး ဝန်းကျင်တွင် လူနေအိမ်များရှိသော စက်ရုံ၏ တစ်ခုတည်းသော ဝင်ပေါက် ထွက်ပေါက်တွင်လည်း လုံခြုံရေးဝန်ထမ်းက အချိန်ပြည့်ရှိနေသည်။ အစ်ကိုဖြစ်သူမှာလည်း နေ့ညအချိန်မရွေး ဝင်ထွက်သွားလာရသူဖြစ်၍ ဤတံခါးကို အမြဲဖွင့်ထားရခြင်း ဖြစ်သည်။

ထိုတံခါးနှင့် (၁၅)ပေခန့်အကွာတွင် ကျွန်တော်နှင့် ဇနီးသည် နီလာဦးတို့ ခုတင်တစ်လုံးနှင့်အိပ်ကြပြီး လိုက်ကာအဖြစ် ရောင်စုံပိတ်ပါးစနှင့် ကာရံထားပါသည်။ တံခါးနှင့် ခုတင်ကြားတွင် စားပွဲတစ်လုံး၊ ကုလားထိုင် လေးလုံးချထားပြီး ကျွန်တော်တို့ ခုတင်ခြေရင်းတွင် အပေါ်ထပ် အစ်ကိုလင်မယား၏ အိပ်ခန်းသို့တက်ရာ လှေကားရှိပါသည်။

စာထဲ စိတ်ဝင်စားနေသော ကျွန်တော်။

အလုပ်ရုံဘက်မှ ကျွန်တော်တို့နေသော တိုက်ခန်းဘက်သို့ လာနေသော ခြေသံတဖျတ်ဖျတ်ကို ကြားလိုက်ရသည်။

မှောင်သောကြောင့် အောက်ထပ်တစ်ခုလုံးကို လေးပေမီးချောင်းနှစ်ချောင်း ထွန်းထားသဖြင့် ခြင်ထောင်အတွင်းမှ စာဖတ်နေသောကျွန်တော် ပြင်ပမြင်ကွင်းကို အရှင်းသား မြင်တွေ့နေရသည်။

ပြီး လေးပေမီးချောင်းက ကျွန်တော်တို့ ခြင်ထောင်အထက်တွင် တပ်ထား၍လည်း မြင်ကွင်းက အရှင်းသား။

တဖျတ်ဖျတ်ခြေသံနှင့်အတူ ဝင်လာသူသည် အရေးပေါ်ကိစ္စနှင့် အိမ်သာသို့ လာနေသော လုံခြုံရေးဝန်ထမ်း ဦးဝင်းမြိုင်သာ ဖြစ်လိမ့်မည်။

အဘယ်ကြောင့်ဆိုသော် စက်ရုံစောင့်ကြီး ဦးလှမောင်၏ ဘုရားရှိခိုးသံက ကြားနေရဆဲ ဖြစ်နေ၍ပင်။

စုံထောက်မောင်စံရှား၏ အတွေးနှင့်တွေးပြီး စာဆက်ဖတ်နေမိသည်။

ထိုစဉ် အေးမြသော လေစိမ်းတစ်ချက်က ခြင်ထောင်ကို လှုပ်ခတ်ဖြတ်ကျော်ပြီး ကျွန်တော့်မျက်နှာကို ရိုက်ခတ်သွားသည်။

လေစိမ်းအေး၏ရသကြောင့် တစ်ကိုယ်လုံး သိမ့်ခနဲဖြစ်သွားပြီး ကြက်သီးမွေးညင်းများ ထလာသည်။ အားငယ်စိတ်၊ ကြောက်စိတ်များ ဝင်လာပြီး ဦးခေါင်းမှ ဆံပင်များ ထောင်ထသွားသည်။

အလိုလို စိတ်၏ စေ့ဆော်မှုကြောင့်ထင့်။

မျက်နှာချင်းဆိုင်တွင်ရှိနေသော တံခါးဘက်သို့ မျက်စိအကြည့်က ရောက်သွားသည်။

လူတစ်ယောက် .လူစိမ်းတစ်ယောက်။

နေ့အလား လင်းထိန်နေသော အလင်းရောင်အောက်တွင်ပင် တဖျတ်ဖျတ်ခြေသံပေး၍ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် ဝင်လာသောလူစိမ်း။

ကျွန်တော်သိထားနေသော ဝန်ထမ်းမိတ်ဆွေများ မဟုတ်မှန်းသိရ၍ စိတ်ထဲမှ သူခိုးဟု သိလိုက်ရသည်။

အနီးသူခိုးကို ခြင်ထောင်အတွင်းမှ သေသေချာချာ ကြည့်လိုက်မိသည်။

လူတစ်ယောက်တော့ လူတစ်ယောက်။

သို့သော် အနီးလူသားက ကျွန်တော်နှင့် သူ့အကြားတွင်ရှိနေသော အကာအရံ အတားအဆီးများဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com

စားပွဲ၊ ကုလားထိုင်များကို ဖယ်ရှားခြင်း လုံးဝမပြုဘဲ သွင်းဆောက်ဖြတ်သန်းလာနေခြင်း။

လူတစ်ယောက် ဆိုရမည်ထက် အဖြူနှင့် မီးခိုးရောင် စပ်ထားသော လူသဏ္ဍာန်ရှိ ဖြူတုတု မီးခိုးမြူခိုး လူတစ်ယောက်ပုံ။

မျက်နှာနှင့် ကိုယ်နေဟန်ထားက သဲသဲကွဲကွဲမမြင်ရ။

စာအုပ်လေးချလိုက်ပြီး ဓာခြင်ထောင်အတွင်းမှ သူ့ကို ကြည့်နေသော ကျွန်တော့်ထံသို့ ထိုဖြူတုတု လူသဏ္ဍာန်ပုံရိပ်က ကျွန်တော်နှင့် သူ့အကြား စည်းခြားထားသော ခြင်ထောင်နှင့် လိုက်ကာအဝတ်ပါးစ အနီးသို့ ရောက်လာပြီ။

ရန်သူပဲ့သော အန္တရာယ်အချက်ပေး ခေါင်းလောင်း သံကြောင့် အိပ်ရာဘေး အသင့်ချထားသော သံတုတ်ကို လှမ်းယူရန် ကိုယ်ကို လှုပ်ရှားလိုက်သည်။

'ဗုဒ္ဓေါ'

ဘုရားမတဖူးသော ကျွန်တော့်ပါးစပ်မှ အလိုလိုအသံ ထွက်သွားသည်။ သို့သော် အသံက လည်ချောင်းထဲတွင်သာ တိမ်၍ ပျောက်ကွယ်သွားပြီး နှုတ်က အသံလုံးဝ မထွက်။

သကောင့်သားက ကျွန်တော့်အခြေအနေမှန်ကို သိသွားပြီထင့်။ ရှေ့သို့ တစ်ဆင့်တိုးကာ လိုက်ကာစနှင့် သူ့မျက်နှာကို ကပ်လိုက်ပြီး ဓာခြင်ထောင်စအထိ ကပ်လိုက်သည်။

အကွာအဝေးက ကျွန်တော်နှင့် သူ့မျက်နှာ ရှိလှပါမှ တစ်ပေခန့်။ ကြောက်ကြောက်နှင့်ပင် သူ့မျက်နှာကို အသေအချာ ကြည့်လိုက်မိသည်။

ဒုတိယအကြိမ် ကျွန်တော် ဗုဒ္ဓေါ။

မျက်နှာအနေအထားက စက္ကူတစ်ချပ်နှယ် လုံးဝဖြူဖွေး၍ နှာခေါင်း၊ မျက်စိ၊ ပါးစပ်ပေါက်၊ နားရွက်တို့ လုံးဝမပါရှိသော ပြောင်ချော။

သေရေးရှင်ရေးအချိန်တွင် နံဘေး၌ အိပ်မောကျနေသော ဇနီးသည် နီလာဦးနှင့် အပေါ်ထပ်မှ အစ်ကိုမိသားစု အား အော်၍ လှမ်းခေါ်လိုက်သည်။

အသံက လုံးဝမထွက်။ ပါးစပ်က သော့ခတ်ခံထားရသည့်အလား။

ဘီလူးအစီးခံနေရတယ်ဆိုရင် ကိုယ့်အနားက အိပ်နေတဲ့ သူ့ရဲ့အသားကိုထိလိုက် ချက်ချင်းပျောက်တယ်ဟူ သော လူကြီးသူမများစကား ကြားထားမှုကြောင့် အနီးဆုံး လူ ဇနီးသည် နီလာဦး၏အသားနှင့် ထိစေရန် ကိုယ်ကို တစောင်းလှိမ့်လိုက်သည်။ ခြင်ထောင်တွင်းမှ အကွာအဝေး က အများဆုံး ခြောက်လက်မခန့်။

သို့သော် လက်တစ်လုံးခန့်ပင် လှိမ့်မရ။

ပီဘိ ပိန္နဲစေးကပ်မိနေသော ယင်တစ်ကောင်ဘ အော်မရ၊ လှုပ်မရ။

သတိကောင်းစွာရှိနေသေး၍သာ၊ နို့မဟုတ်လျှင်

ပြောင်ချောမျက်နှာကြီးက ခြင်ထောင်ဓာစနှင့် လိုက်ကာပိတ်ပါးစကို ကပ်ထားကာ လိပ်ပက်လက်လန်ဖြစ်နေ သော ကျွန်တော့်မျက်နှာနှင့် တဖြည်းဖြည်းချင်း ကပ်လာ ပြီ။

ကျွန်တော် ဘာလုပ်ရဦးတော့မည်နည်း။

မိဘနှစ်ပါးက လယ်သမားမျိုးရိုး။ ဗုဒ္ဓဘာသာဝင် များဖြစ်နေ၍ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ကျွန်တော် နောက် ဆုံး အားထားရာအဖြစ် သရဏဂုံသုံးပါးကို နှုတ်မှအသံ ထွက် ရွတ်ဆိုလိုက်မိသည်။

ထူးဆန်းလေစွ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

ဆိုလိုက်သည့် ကျွန်တော့်အသံကို ကျွန်တော့်နား ကြားလိုက်ရသည်။

ဒုတိယမ္ပိ၊ တတိယမ္ပိပင် မဆိုရသေး မျက်နှာပြောင် တိမ်နှယ်မီးခိုးနှယ် မြူနှယ်လူသဏ္ဍာန်ကောင်ကြီးမှာ ကြီး မားလှသော စွမ်းအင်ကြီးတစ်ခုက ဝင်၍ဆောင့်လိုက် သည့်နှယ် အသံ...ကျက်ဘဲ နောက်သို့ပစ်ကျကာ လှု ထ၍ ထွက်ပြေးသွားတော့သည်။

ထိုအခါမှ ပိန္နဲစေးတွင်မိနေသော ယင်ကောင်ဘ ရုတ်ခြည်းပင် အားအင်များ ဝင်လာကာ လူးလဲကုန်း ထလိုက်ကာ ဇနီးသည် နီလာဦးအားနှိုး၍ နှစ်ယောက်သား အပေါ်ထပ်သို့ တက်ပြေးရပါတော့သည်။

အစ်ကို့ဇနီးမောင်နှံက-

'မင်းတို့ ကြောက်နေမှာစိုးလို့၊ ဒီမှာ ဒါတွေက ပြီ။ ဒီ့ထက်တော့ မဆိုးပါဘူးတဲ့'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကရော ဘာများတတ်နိုင်ပါဦးမည်နည်း။

◆◆◆

ခဏ,ခဏ တွေ့ပါများ၍ မကြောက်တော့သည်သာ။

ယခင်က မေ့လျော့ထားခဲ့သော ဘုရားရှင်ကိုပင် ပြန်လည်ဖူးမြော်ကန်တော့ သုတ်ပရိတ်တော်များ ရွတ်ဖတ်လာ၍လားမသိ၊ ထိုမျက်နှာပြောင်ချောကောင် မလာတော့။

လာပြန်လျှင်လည်း ပထမတစ်ခေါက်ကကဲ့သို့ မဝင်တော့ဘဲ အပြင်မှ ခြေသံပေး၍ လှည့်ပတ်သွားလာခြင်း စသည့်အသံများကိုသာ ကြားရလေ့ရှိပါသည်။

တစ်နေ့၊ တစ်နေ့သော တနင်္ဂနွေနေ့။

စက်ရုံပိတ်သည်။ ဝန်ထမ်းဇနီးမောင်နှံဖြစ်သော အစ်ကို၊ အစ်မ မိသားစုက ကျွန်တော့်ဇနီး နီလာဦးကိုပါ ခေါ်၍ သမ္မတရုံတွင် ပြသနေသော မင်းသားကြီး ဖရန့်စင်နာထရာ၏ VON RYAN'S EXPRESS ရုပ်ရှင်ကား သွားကြည့်နေကြသည်။

ထုံးစံအတိုင်း စာကြမ်းပိုး ကျွန်တော်က ဆရာကြီး ရွှေဥဒေါင်း၏ ဖော်ဟိတ်ဝတ္ထုတို့များမှ အပေါ်ထပ်မှ ခရီးသည် အခန်းကို စိတ်ပါဝင်စားစွာ ဖတ်နေမိသည်။

ဆရာကြီး၏ ကောင်းလှသည့် စာအရေးအသားကြောင့် ဖော်ဟိတ်နေရာတွင် ကိုယ်တိုင်ခံစားနေရသည့်အလား။ ထိုစဉ်-

'ချွင်··ချွင်··ချွင်'

တချွင်ချွင်အသံက အပေါ်ထပ်မှနေ၍ စာဖတ်နေသော ကျွန်တော်ရှိရာ အောက်ထပ်သို့ ပျံ့လွင့်လာသည်။ ကျွန်တော် သေသေချာချာ နားစွင့်လိုက်သည်။

ကြားလိုက်ရသော ခြူသံနှယ် အသံက ထပ်ပေါ်လာနေသည်။ စက်ရုံတစ်ဝင်းလုံး ပိတ်ရက်ဖြစ်နေ၍ ကျွန်တော်မှတစ်ပါး မည်သူမှမရှိ။ သေသေချာချာ ပြန်စဉ်းစားသည်။

အပေါ်ထပ်မှ အစ်ကိုကြီးမိသားစု ရုပ်ရှင်သွားကြည့်နေသည်။ ကျွန်တော့်ဇနီးပါ အဆစ်ပါသွားသည်။ ပြီး တနင်္ဂနွေနားရက်။

သေချာအောင် ထပ်စဉ်းစား၍ အသံကို နားထောင်လိုက်သည်။ သေချာသည်၊ အပေါ်ထပ် လှေကားတစ်ဆစ်ချိုး အကွေ့မှအသံ။

ဖတ်လက်စ ဝတ္ထုကို စားပွဲပေါ်ရှိ ခြောက်လက်မပေတံလေး ကြားညှပ်၊ အပေါ်ထပ်တက်သည့် လှေကား အနားသို့ ခြေသံလုံအောင်နင်း၍ ချဉ်းကပ်လိုက်သည်။

တချွင်ချွင် အသံက ရပ်မသွား။

ပြတ်တောင်း,ပြတ်တောင်းမဟုတ်၊ ဆက်တိုက်ပေါ်ထွက်လာနေသံ။

ပမာဆိုရပါလျှင် ကုလားကားများထဲက ကုလားမလေးများ၏ ခြေချင်းဝတ်တွင်စွပ်၍ ခြေလက်များ လှုပ်ရှားသောအခါ ထွက်ပေါ်လာသည့် ကုလားမခြူသံ။

ထိုစဉ်က ကျွန်တော့်စိတ်ထဲတွင် ပထမအကြိမ်ကို ပြောင်ချောနှင့် တွေ့ဆုံခဲ့ရခြင်းကိုလည်းကောင်း၊ ယခု အပေါ်ထပ်မှ အသံကိုလည်း သဘာဝလွန် ပယောဂသံဟု လုံးဝမစဉ်းစား၊ မတွေးတောတတ်ခဲ့ပါ။

အပေါ်ထပ်တွင် အမျိုးသမီးသူခိုး ဝင်ရောက်နေသည်ဟုသာ ထင်မြင်မိနေပါသည်။

ပထမဆုံး လှေကားထစ်ကို အသာဖွဖွလေးနင်း၍ တက်လိုက်သည်။ တဖြည်းဖြည်းနှင့် စတုတ္ထလှေကားထစ် ရောက်လာပြီ။

အံ့ဩဖွယ်ကောင်းလှပေစွ။

ပဉ္စမလှေကားထစ်သည် အပေါ်ထပ်သို့ တစ်ဆစ်ချိုး ကွေ့တက်သည့် လှေကား။

ထိုပဉ္စမလှေကားထစ်ကွေ့ကြောင့် မြင်ကွင်းက တစ်ဆစ်ချိုးဖြစ်သွား၍ မျက်ကွယ်ဖြစ်သွားသည်။

သို့သော် ထိုမျက်ကွယ်လှေကားထစ်တွင် လူထိုင်၍ လှေကား၏ စတုတ္ထထစ်သို့ ခြေထောက်များ ချထားပါက ထိုလှေကားအတိုင်း တက်လာသူသည် ပထမဦးစွာ ချထားသော ခြေအစုံကို မြင်တွေ့ပြီးမှ လူကို မြင်တွေ့ရမည်ဖြစ်သည်။

တရွေ့ရွေ့ အသံတိတ်တက်လာသော ကျွန်တော်။

ထိုအချိန်က ဤတိုက်တွင် သရဲခြောက်သည်။ ကိုယ်တိုင်လည်း ခံခဲ့ရဖူးသည်။ ကြားနေရသောအသံသည် မရိုးသား။ ဝိညာဉ်လောကသားများ၏ အသံဆိုသော ဆင်ခြေအဇွေးများ ကျွန်တော့်တွင် လုံးဝမရှိ၊ မဝင်စားပါ။

နေ့ခင်းကြောင်တောင် အသံပေး၍ အိမ်ပေါ်တက်ခိုးသော သူခိုးကို ဖမ်းဆီးရန်မှတစ်ပါး အခြားမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

မြင်တွေ့လိုက်ရချက်ကြောင့် ကျွန်တော့်နှုတ်မှ အသံထွက်သွားသည်။ သို့သော် အချိန်မီ အုပ်လိုက်နိုင်၍ အသံက လည်ချောင်းထဲတွင်ပင် ပျောက်သွားသည်။

ပဥ္စမလှေကားထစ်တွင် မိန်းမပျိုလေးတစ်ယောက်ထိုင်နေခြင်း ဖြစ်ရမည်။ စတုတ္ထလှေကားထစ်သည် ကွေ့တစောင်းဖြစ်နေပြီး ပဥ္စမလှေကားထစ်က လိန်၍ ကွေ့ကာ အပေါ်ထပ်သို့ တစောင်းတက်သွား၍ ဖြစ်သည်။

သို့သော် ကျွန်တော် မျက်ဝါးထင်ထင် မြင်လိုက်ရသည်ကား စွန်တောင်လျားနဲ့ သလုံးသားလေး ငြိနေသည့်နယ်ဆိုသော မင်းသားကြီးဝင်းဦး၏ သီချင်းတစ်ပုဒ်ထဲမှ စာသားအတိုင်းပင်။

အပြစ်ဆိုရက်စရာမရှိသော လှပ၍ ချစ်စရာကောင်းလှသည့် ဖြူဖွေးသော သလုံးသားလေး နစ်ဖက်က စာရီလော၊ ထဘီလော မခန့်မှန်းနိုင်သည့် ဖုံးဖိထားသည့်ကြားမှ စည်းဝါးလိုက်နေသည့်အလား။ ဖြူဖွေးမို့အိပြည့်နေသော ခြေဖဝါးနှစ်ဖက်က ဘယ်ညာအသာကြွလိုက်၊ ပြန်ချလိုက် သက်တံ့မြင့်တုံ စည်းချက်နှင့်အညီ လှုပ်ရှားနေသည်။

တချွင်ချွင်အသံ ထွက်ပေါ်လာနေသည်က အနီးအပြစ်ဆိုဖွယ်မရှိသော ဝါဝင်းနေသည့် ခြေသလုံးနှစ်ဖက်နှင့် ပြစ်မျိုးမှည့်မထင် ခြေဖဝါးတော်မို့မို့ နှစ်ခုကြားတွင် ခြေချင်းဝတ်၌ တပ်ဆင်ထားသည့် ခြူကလေးများပါဝင်သည့် ခြေကွင်းတစ်စုံမှအသံ။

ကိုယ်လုံးကို မမြင်ရသေးဘဲ ချစ်စဖွယ် သလုံးသားလေးနှစ်ဖက်၊ ခြေဖဝါးတော်မို့မို့အစ်အစ် ဖောင်းဖောင်းလေး၏ စည်းဝါးလိုက်သံကြောင့် တုန်ခါရာမှ ထွက်ပေါ်လာသည့် မြူသံ။

ဝါဝင်းဖြူဖွေးချစ်စဖွယ် သလုံးသားအလှနှင့် ပြစ်မျိုးမှည့်မထင် ခြေဖဝါးတော်နုနုနှင့် သာယာဖွယ် ဂီတသံစဉ်မြူသံကြောင့် ကျွန်တော် ခေတ္တတွေဝေသွားသည်။

ထူးခြားသည်က မျက်နှာပြောင်ချောကြီးနှင့် တွေ့စဉ်ကနယ် ထိတ်လန့်ဖွယ် လက္ခဏာမဆောင်။ ကြောက်လန့်မှုမရှိ။

ကျားသတ္တဝါတို့၏ ထုံးစံအတိုင်း ခန္ဓာကိုယ်အောက်ပိုင်းပင် ဤမျှလှပပြေပြစ်နေလျှင် ကိုယ်လုံးအချိုးအဆစ်နှင့် မျက်နှာကား အလှဋီကာချဲ့၍ ဆုံးအံ့မထင်။

အခြားတပ်မက်မှု လုံးဝမပါဘဲနှင့် ရိုးရိုးသားသား အလှရှာတော်ပုံဖွင့်လိုသော ကျွန်တော်။

စတုတ္ထလှေကားထစ်မှ ပဥ္စမတစောင်းအနေအထား ကြောင်လိန်လှေကားအား ဝုန်းခနဲခုန်တက်လိုက်ပြီး မိန်း ပျို၏ လက်မောင်းရှိရာကို ဖမ်းဆွဲလိုက်သည်။

"အား"

"ဝုန်း··ဝုန်း··ဘုန်း"

အော်ဟစ်၍ လှေကားမှ လိမ့်မကျမီ နောက်ဆုံးမြင် တွေ့လိုက်ရသည်ကား -

လှေကားလိန်၏မျက်ကွယ် ပဥ္စမမြောက်လှေကား ထစ်တွင် မည်သူတစ်ဦးတစ်ယောက်မှမတွေ့။ မစမ်းသ မဖမ်းမိဘဲ အရှိန်လွန်ကာ အော်ဟစ်သံနှင့်အတူ လှေကား ထစ်များအတိုင်း ကျွန်တော် တလိမ့်လိမ့်ကျလာခြင်းပင်။

ကံကောင်းထောက်မ၍ မကျိုးမပဲ့သော်လည်း ပွန်း ဒဏ်ရာများတော့ ရရှိခဲ့ပါသည်။

ဤဖြစ်ရပ်မှာ စာရေးသူကျွန်တော်(ကျော်မင်းည ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ရန်ကုန်တိုင်းအတွင်းရှိ ရုံတစ်ရုံက ပရလောကသားများနှင့် ဆုံခဲ့ရသည့် ဖြစ် တစ်ခု ဖြစ်ပါသည်။

သရဲတစ္ဆေ၊ နာနာဘာဝ၊ ဝိနာဘာဝ မရှိ၊ မယုံ ပြောကြသူများသည် ကိုယ်တိုင် မကြုံမတွေ့ဖူး၍လည် ကောင်း၊ ဗုဒ္ဓ၏ ပေတဝတ္ထုကို မဖတ်ဖူး၍လည်းကော မကြားဖူး၍လည်းကောင်း ဖြစ်ပါလိမ့်မည်။

ကိုယ်တွေ့မှ ယုံမည်ဆိုပါက သင်သည် သင် အဘိုး၊အဘွား၏ နှစ်ဆက်ကျော်ထက် ပို၍မသိနိုင် တွေ့ဖူးရန်ဆိုသည်က ဝေးလွန်းပါသည်။ ထိုဘိုး အဆက်အနွယ်များကို မမြင်တွေ့ရ၍ မရှိပါဟု ငြင်း နေမည့်အစား ယုတ္တိဗေဒနည်းဖြင့် သိပ္ပံနည်းကျ ချဉ်း လေ့လာပါဟု အကြံကောင်းဖြင့် တင်ပြလိုက်ရပါသည်

**မှတ်ချက်**

အကြောင်းကြောင်းကို အကြောင်းမြှု၍ ထိုစက် တည်နေရာအတိအကျ မဖော်ပြနိုင်ခြင်းကို နားလည် လွှတ်ပေးကြပါရန်နှင့် ယခုလက်ရှိတွင်လည်း လည် နေကြောင်း သိရှိရပါသည်။

မေတ္တာများနှင့်

ကျော်မင်းညွန့်(လှည်း



www.burmeseclassic.com

www.burmeseclassic.com

ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

**အောင်ကောင်းမြ (သာကေတ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** **ကြံတိုင်းအောင် စာပေနှင့် ဟောခန်း**
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**လမ်းညွှန်** ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။

NHV

# နေရှင်နယ် (မိသားစု)

NHV

## ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရေး

✤ အလှူမင်္ဂလာညခံပွဲ၊ မွေးနေ့မင်္ဂလာ၊ အစည်းအဝေးမှတ်တမ်း၊ ကန့်ပစ္စည်းကြော်ငြာနှင့် ဓာတ်လမ်းသီချင်းများ (MTV) လက်ခံရိုက်ကူးပေးခြင်း၊

✤ Video Tape များအား VCD,DVD ပြုလုပ်ပေးခြင်း၊

✤ ဓာတ်ပုံများအား VCD,DVD Slide Show ပြုလုပ်ပေးခြင်းများကို မိတ်ဆွေတို့ ဓါတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးပါသည်။

ချိုနိုင် (ကျုံပျော်) ဖုန်း-09 51 27772 / 09 44 8539721
09 55 06850 09 42 1022785

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညနေချမ်း နေညိုချိန် မြိုင်ညိုရွာအနောက်ရှိ မှိုင်းညို့ညို့ ထန်းတောကြီးတွင် စည်ကားလျက် ရှိနေသည်။ အနောက်တောင်စွယ်တွင် နေကွယ်ခါနီးအချိန်ဖြစ်၍ တစ်နေ့တာလုံး အပူဓာတ်ပေးခဲ့သောနေမင်းကြီး ပျောက်ကွယ်တော့မည်ဖြစ်၍ လေချိုသွေးလိုက်တိုင်း အေးမြလျက်ရှိပါတော့သည်။ ပြာလဲ့လဲ့ကောင်းကင်တွင် ပုစွန်ဆီသွေးရောင် တောက်ပလျက် သာယာသော ညနေခင်းကလေး ဖြစ်ပါသည်။

ထန်းတောသို့ ဝင်လိုက်သည်နှင့် ရယ်မောသံ၊ နောက်ပြောင်သံများကြောင့် ပျော်စရာအတိ ဖြစ်ခဲ့ရသည်။ စကားနည်းသော် သီလဝကဲ့သို့သော လူပင်လျှင် ပင်ကျရည် နှစ်ခွက်လောက် သောက်လိုက်ရုံဖြင့် စကားများ တဖောင်ဖောင်ပြောကာ ပျော်ရွှင်ရယ်မောနေမည်မှာ အမှန်ဖြစ်ပါသည်။ ပင်ကိုက ပျော်ပျော်ရွှင်ရွှင် နေတတ်သူများအဖို့ တဝါးဝါး တဟားဟားဖြင့် ပျော်ပွဲကြီးဆင်ကာ လောကကြီးကို မေ့လျော့နေမှာ သေချာလှတော့သည်။

မြိုင်ညိုထန်းတော၏ ညနေခင်း လူအစည်ကားဆုံး အချိန်ဖြစ်၍ ထန်းတောသို့ လာရောက်သူတိုင်း သောက များ ပြေပျောက်ကာ ပျော်တတ်သူများနှင့်ရောကာ အပျော်ကူးစက်၍ ပျော်မိကြပါတော့သည်။ စိတ်ပျက်ဝမ်းနည်း ပူဆွေးရသူများပင် ထိုနေရာသို့ ရောက်ပါက ရယ်မော ပျော်ရွှင် ကြည်နူးမှုကို ခံစားရရှိနိုင်ပါသည်။

အေးချိုသည် သာဦး၏ လက်ကိုဆွဲကာ ထန်းတောထဲသို့ ဝင်ခဲ့သည်။ သာဦးမှာ ရုတ်တရက်ဖြစ်၍ အေးချိုကို နားမလည်နိုင်အောင် ရှိနေပါသည်။

'လာကွာ၊ တစ်ခါတစ်ရံ သောက်ကြည့်ကြရအောင်။ သာစမ်းပါ။ ငါ ဒကာခံပါ့မယ်ကွာ'

အံ့အားသင့်နေသော သာဦးကို အေးချိုက ပြောလိုက်သည်။ အေးချိုနှင့် သာဦးတို့မှာ ထန်းရည်သောက်တတ်သူများ မဟုတ်ပါ။ ညနေတိုင်း မြိုင်ညိုထန်းတောအနီးမှ ထွက်ပြီး အိမ်ပြန်ကြသော်လည်း ထန်းရည်သောက်ခဲ့ကြခြင်းမရှိပါ။ အပေါင်းအသင်းနှင့် အဖော်ကောင်းမှ တစ်ခါတစ်ရံ သောက်တတ်ကြသူများသာ ဖြစ်သည်။ ဇရပ်ကုန်းစက်ရုံကြီးကျောင်းကြီး ဆောက်လုပ်ရာတွင် ပါဝင်လုပ်ကိုင်နေကြသော နေ့စားလက်သမားများသာ ဖြစ်ကြသည်။ ဆက်စောစော အိမ်ကထွက်လာပြီး တစ်နေ့ကုန် လက်သမားလုပ်ကာ ညနေမှ ပြန်ရသူများဖြစ်သည်။ အေးချိုနှင့် သာဦးတို့နှစ်ယောက်မှာ အသောက်အစားမရှိဘဲ ရသမျှငွေကို စုဆောင်းနေကြသူများဖြစ်ကြသည်။ သားကျွေးမှု မယားကျွေးမှုအတွက် အပိုငွေကုန်မည့် အသုံးအဖြုန်း ရှိကြသူများ မဟုတ်ကြပါ။

ယနေ့မှ အေးချိုက ထန်းရည်သောက်ရန် ထန်းတောသို့ခေါ်သဖြင့် သာဦး အံ့သြနေခဲ့ခြင်းဖြစ်သည်။ သာဦးမှာ ထန်းရည်သောက်ချင်သော်လည်း ရုတ်တရက်ဖြစ်၍ ထူးဆန်းနေသလို ခံစားရခြင်း ဖြစ်ပါသည်။ အေးချိုက သူ့အကြံနှင့်သူ ရှိနေသည်။ သူ့စိတ်ထဲက အကြံကို နှုတ်က ထုတ်ဖော်ပြောခြင်းမရှိဘဲ သာဦးကို ရုတ်တရက် ဆွဲခေါ်ခဲ့ခြင်း ဖြစ်သည်။ သာဦးမှာလည်း တစ်ခါတစ်ရံ သောက်ချင်စိတ် ပေါ်တတ်သဖြင့် ထန်းရည် သောက်ရမည်ဆို၍ ကျေနပ်လျက် ရှိပါသည်။

ထိုနေ့က လုပ်ငန်းသိမ်း၍ အိမ်အပြန်တွင် ရွာအနောက်လမ်းဘေးတွင် အမဲသားပေါ်နေသည်နှင့် ကြုံရသည်။ အမဲသားကို အတွဲလိုက်ရောင်းချနေသဖြင့် ရွာသားများ ဝယ်ယူကာ အမဲသားတွဲကိုယ်စီ ဆွဲသွားကြသည်ကို တွေ့ရသည်။ သာဦးက သူ့အိမ်အတွက် အမဲသားတစ်တွဲ ဝယ်လိုက်ပြီး အေးချိုကို ဝယ်ရန်တိုက်တွန်းပါသည်။ အေးချိုက အမဲသားဝယ်ချင်သော်လည်း ဝယ်သင့်၊မသင့် စဉ်းစားလျက်ရှိပါသည်။ အမဲသားဝယ်သွားပါက မိသားစု ပျော်ပျော်ပါးပါး စားသောက်ကြရမည်ကို သိပါသည်။ ဇနီးသည်နှင့် သားသမီးများသာမက မိခင်ကြီးကပါ အမဲသား ကြိုက်တတ်သဖြင့် အိမ်သားများအတွက် အဆင်ပြေမှာ သေချာပါသည်။ သို့သော် ပြီးခဲ့သောအပတ်က အမဲသားတွဲ ဝယ်သွားမိသဖြင့် အိမ်တွင် ပြဿနာတက်ခဲ့ရသောကြောင့် စဉ်းစားနေမိခြင်း ဖြစ်သည်။

ထိုနေ့က သာဦး အလုပ်မဆင်းသဖြင့် အေးချို တစ်ယောက်တည်း ပြန်ခဲ့စဉ် အမဲသားပေါ်သည်နှင့် ကြုံသဖြင့် အမဲသားတစ်တွဲ ဝယ်ယူခဲ့သည်။ မြိုင်ညိုသုသာန်ကိုဖြတ်၍ ပြန်ရမည်ဖြစ်ရာ နေဝင်ဖျိုးဖျအချိန်ဖြတ်ပါက ထိန်ပင်သရဲမက အမဲသားပါပါက နောက်က လိုက်လာတတ်ကြောင်း ကြားဖူးထားသဖြင့် ကြောက်စိတ်ဝင်မိပါသည်။ ကိုယ်တွေ့မကြုံဖူး၍ မယုံကြည်သော်လည်း ထိုနေ့က ကိုယ်တွေ့ကြုံလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိန်ပင်ကိုဖြတ်စဉ် သရဲမက ဓာကယ်လိုက်လာခဲ့သည်။ အိမ်အဝင်တွင် ထူးထူးဆန်းဆန်း ဇနီးသည်က သနပ်ခါးအဖွေးသားနှင့် အိမ်ဝကကြိုနေသည်ကို တွေ့လိုက်ရသည်။ ဇနီးသည်အသွင် ထူးခြားပြီး မြူးပျော်နေရှံသာမက နှုတ်ကပါ အော်ပြောနေပါသည်။

'ကိုကို ပြန်လာပြီ၊ ကိုကိုက ချစ်ချစ်စားဖို့ ဝယ်လာတာကိုး။ ဒါကြောင့် ကိုကို့ကို ချစ်ရတာ'

ဇနီးသည်၏ နှုတ်ဆက်စကားကြောင့် အေးချိုသာမက အိမ်သားများပါ အံ့အားသင့်နေကြသည်။ ဇနီးသည့်မှာ အလွန်အရှက်အကြောက်ကြီးသူဖြစ်ပြီး အေးအေးနေတတ်သဖြင့် အေးချိုကို တစ်ခါမှ ကိုကိုဟု မခေါ်ဖူးဘဲ သူ့ကိုယ်သူ ချစ်ချစ်ဟု ပြောဝံ့သူ မဟုတ်ပါ။

ဇနီးသည်မှာ အေးချို၏ အနားသို့ကပ်လာပြီး လက်ထဲက အမဲသားတွဲကို ရုတ်တရက် ဆွဲယူပြီး ထွက်ပြေးပါတော့သည်။ အေးချို ဘာမှမပြောနိုင်မီ ခြံစည်းရိုးအနီးက သစ်ပင်အောက်တွင် အမဲသားများကို အစိမ်းလိုက်ကိုက်စားနေသည်ကို မြင်ကြရသည်။ အမဲသားသွေးသံရဲရဲကို အားပါးတရစားနေသည်ကို မြင်ရ၍ ကလေးများမှာ ကြောက်လန့်ပြီး အိမ်ပေါ်သို့ တက်ပြေးကြတော့သည်။

အေးချို၏ မိခင်ကြီးက တုန်တုန်ယင်ယင် ပြောလိုက်သည်။

'ဒါ ထိန်ပင်က သရဲမ ဖြစ်ရမယ်။ ရွာထဲက မြအေးတို့ အိမ်မှာ အမဲသားတွဲ ဝယ်လာတုန်းက သရဲမ လိုက်လာပြီး မြအေးကိုပူးကပ်ပြီး အမဲသားကို အဲဒီလိုလုစားတာ ငါကိုယ်တိုင် မြင်ခဲ့ဖူးတယ်။ ကဲ‥စားနေပြီဆိုတော့စားပါစေ။ ဘာမှမလုပ်ကြပါနဲ့။ အမဲသားကုန်ရင် သူပြန်ခွာသွားတော့မှာပါ'

အိမ်သားများအတွက် ဝယ်လာခဲ့သော အမဲသားတွဲကို လုယူစားသောက်နေသည့် သရဲမကိုကြည့်၍ အေးချိုဒေါသထွက်လျက်ရှိပါသည်။ ဇနီးသည်ကို ပူးကပ်နေသဖြင့် အကြမ်းဖက်လျှင်လည်း ဇနီးသည်သာ ခံရမည်ဖြစ်၍ ဘာမှမတတ်နိုင်တော့ဘဲ ကြည့်နေရသည်။ ပူးကပ်နေသော သရဲမက အမဲသားတွဲကို ခဏအတွင်း အကုန်စားသောက်ပြီး ပါးစပ်တွင် ပေကျံနေသော သွေးများကို လက်နှစ်ဖက်ဖြင့် သုတ်သင်ကာ အေးချိုဆီသို့ လျှောက်လာပါသည်။

'စားလို့ကောင်းလိုက်တာ ကိုကိုရယ်။ နောက်နေ့လည်း ဝယ်ခဲ့'

စကားဆုံးသည်နှင့် ဇနီးသည်မှာ မြေပြင်သို့ ပျော့ခွေလဲကျသွားတော့သည်။ ဇနီးသည် ခေါင်းနှင့် မြေကြီး မထိခင် အေးချိုက ပြေး၍ပွေ့ထားလိုက်သည်။ မကြာမီ ဇနီးသည် သတိရလာပြီး မျက်စိဖွင့်၍ကြည့်ရာ အေးချို ပွေ့ထားသည်ကို တွေ့ရ၍ အံ့သြနေပုံရသည်။

'ကိုချို‥ကျွန်မ ဘာဖြစ်တာလဲဟင်'

ဇနီးသည်မှာ ဘာမှသိပုံမရ၍ အေးချိုက ဇနီးသည်ကိုတွဲ၍ အိမ်ပေါ်သို့ တင်ပေးလိုက်သည်။

'ဘာမှမဖြစ်ပါဘူး။ ရုတ်တရက် မင်း လဲကျမလိုဖြစ်တာပါ'

ဇနီးသည်မှာ မယုံကြည်သလိုကြည့်ရင်း အေးချိုနှင့် တွဲလျက် အိမ်ပေါ်သို့ တက်ခဲ့ပါသည်။ ထိုဇာတ်လမ်းမှာ ထိုနေရာတွင် ပြီးဆုံးသွားသော်လည်း အေးချို၏စိတ်ထဲတွင် လုံးဝမကျေနပ်နိုင်ပါ။ မိသားစုစားရန် ချွေးနဲ့စာဖြင့် ဝယ်ယူလာခဲ့သော အမဲသားကို ဗိုလ်ကျလုယူသွားသော သရဲမကို ဒေါပွလျက်ရှိပါသည်။ ထိုအဖြစ်အပျက်ကို ချိုး စားလိုက်မိသဖြင့် သာဦးက အမဲသားဝယ်ရန် ပြောသော်လည်း ဝယ်သင့်,မသင့် ချိန်ဆနေခြင်း ဖြစ်ပါသည်။

'အမဲသား ဝယ်သွားရင်လည်း ထိန်ပင်သရဲမ လိုက်လာဦးမှာပဲ။ သရဲမအတွက် ဝယ်သလို ဖြစ်ဦးမှာ သရဲမ မနိုင်မချင်း အမဲသားဝယ်လို့ မဖြစ်သေးဘူး။ မင်း အတွက်သာ မင်းဝယ်ပါ သာဦးရယ်'

အေးချို၏စကားကို သာဦးက အတန်ကြာစဉ်းစား ပြီးမှ ပြောလိုက်သည်။

'သရဲမကို နိုင်တဲ့နည်းလမ်းပေးရင် မင်းယူမှာ'

'နည်းလမ်းရှိရင် ပြောပါဦး'

အေးချိုက စိတ်ဝင်စားစွာ ပြန်မေးလိုက်သည်။

'သရဲမက ဘယ်တော့မှ မနှောင့်ယှက်နိုင်တဲ့နည်း ပါ။ အမဲသားကိုလည်း ပေးစရာမလိုတဲ့ နည်းပေါ့'

'ပြောစမ်းပါ မင်းနည်းလမ်းကို'

'မင်း တကယ်လုပ်မယ်ဆိုရင် မင်းဘက်က မရှိစေရဘူး။ သရဲမလည်း မင်းကို သိပ်ကြောက်သွား နောက် မလိုက်ရဲစေရဘူး'

'ကဲ‥ပြောပါဦး၊ လုပ်သင့် လုပ်ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'မင်းစိတ်ဝင်စားမယ်ဆိုရင် ပြောပါ့မယ်။ သေသေချာချာနားထောင်။ မင်းအိမ်ပြန်ရောက်ရင် မင်းမိန်းမက မင်းကို ကြိုဆိုမှာပဲ။ မင်းမိန်းမကို မင်းက ရအောင်ချော့ခေါ်သွားရမယ်။ မင်းတို့ အိပ်ခန်းထဲကို ရအောင် ခေါ်ရမယ်။ အနုနည်းမရရင် အကြမ်းနည်း သုံးရမှာပေါ့။ အမဲသားတွဲကိုတော့ သရဲမလက်ထဲ မရောက်စေနဲ့'

'သရဲမကို အခန်းထဲခေါ်ပြီး ငါက ဘာဆက်လုပ်ရမှာလဲ'

'မင်းက တော်တော်အတဲ့ကောင်ပဲ။ သရဲမနဲ့ မင်္ဂလာဦးည ကျင်းပလိုက်ပေါ့ကွာ။ ပတ်ဝန်းကျင်အမြင်မှာလည်း ကိုယ့်မိန်းမကို ကိုယ်ခေါ်သွားတာ အပြစ်မရှိပါဘူး။ အဲဒီနည်းနဲ့ သရဲမကို အနိုင်ယူလိုက်ရင် နောင် မင်းကိုမြင်ရင် ကြောက်သွားပြီပေါ့ကွာ။ မင်းဘက်က အရှုံးမရှိဘဲ အမြတ်ထွက်ပြီး သရဲမကို ချစ်ပွဲဝင်လိုက်တဲ့ လူတစ်ယောက်အဖြစ် မင်းလည်း နာမည်ကြီးသွားမှာပဲ'

အေးချို့မှာ ဘာမှပြန်မပြောဘဲ အပြန်ပြန်အလှန်လှန် စဉ်းစားနေသည်။ ခဏကြာမှ သာဦး၏ နည်းလမ်းကို လက်ခံလိုက်ကြောင်း ပြောပါသည်။

'မင်းပေးတဲ့နည်းလမ်း ကောင်းတယ်။ ငါ အဲဒီအတိုင်း လုပ်မယ်။ အခန်းထဲရောက်မှ သရဲမက ကြောက်ပြီး ထွက်သွားရင်လည်း ကိုယ့်မိန်းမကိုယ် နားလည်အောင် ရှင်းပြရမှာပေါ့။ အန္တရာယ်မရှိနိုင်ပါဘူး။ သရဲမက မပြေးနိုင်ရင်လည်း သူ့ထိုက်နဲ့ သူ့ကံပဲပေါ့'

'ဒါဆို မင်း အမဲသားတွဲ ဝယ်တော့မှာပေါ့'

'ဝယ်မယ်ကွာ'

သူငယ်ချင်းနှစ်ယောက် အမဲသားတွဲကိုယ်စီဖြင့် ရွာသို့ ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် အေးချို့မှာ စကားမပြောနိုင်တော့ဘဲ စဉ်းစားလာခဲ့သည်။ သရဲမတော့ တွေ့ကြသေးတာပေါ့ကွာဟု စိတ်ထဲက ကြိမ်းဝါးနေမိသည်။ သရဲမကို အခန်းထဲ အရောက်ခေါ်သွားနိုင်သည့်တိုင် နာနာဘာဝကို အနိုင်ကျင့်ခြင်းသည် ဖြစ်နိုင်ပါ့မလား။ နာနာဘာဝက သူ့အစွမ်းနှင့်သူ မတုံ့ပြန်ဘဲ နေပါ့မလား။ ထိုအတွေးဝင်လာသဖြင့် အေးချို့ ကြောက်စိတ်ဝင်လာသည်။ ထိုအကြံကို စွန့်လွှတ်ရန်အထိ အတွေးဝင်မိသည်။ သာဦးကိုလည်း ကတိပေးပြီးပြီ။ အမဲသားတွဲကလည်း ဝယ်ပြီးပြီမို့ နောက်ဆုတ်၍ မရတော့ပါ။ ဝယ်လာသည့် အမဲသားကို သရဲမအား မကျွေးနိုင်သဖြင့် အမဲသားကို ကာကွယ်သည့်အနေဖြင့် သာဦးပေးသော နည်းလမ်းကို အောင်မြင်အောင် အကောင်အထည်ဖော်ရပေတော့မည်။

စိတ်က ဆုံးဖြတ်လိုက်ရသော်လည်း ကြောက်စိတ်က ဝင်နေဆဲဖြစ်သည်။ နောက်မှ သတိရသည်မှာ ကြောက်စိတ် ပြေပျောက်စေရန် ရဲဆေးတင်လျှင် ကောင်းမည်ဟု အကြံရသည်။ ရဲဆေးတင်လိုက်ပါက ကြောက်စိတ်များ ပျောက်၍ သတ္တိစိတ်ဝင်လာပြီး စွမ်းအားပြသနိုင်တော့မည် မဟုတ်ပါလား။ အေးချို့သည် ရဲဆေးတင်ရန် သာဦးကို မြိုင်ညိုထန်းတောသို့ အရောက်ခေါ်လာခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ယောက်မှာ ထန်းရည်ကို များများသောက်နိုင်သူများ မဟုတ်ကြပါ။ ထန်းရည်တစ်မြူကို နှစ်ယောက် သောက်လိုက်ကြသည်။ ထန်းရည်ကုန်သည်နှင့် သွေးကြွလာပြီး မူးယစ်စပြုလာပြီဖြစ်၍ ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် ခြေလှမ်းမမှန်ကြတော့ဘဲ မလဲစေရန် ထိန်း၍ ပြန်ခဲ့ကြသည်။ အေးချို့မှာ ထန်းရည်သောက်လိုက်ရ၍ သွေးကြွပြီး ကြောက်စိတ်မရှိတော့ဘဲ ဘာကိုမဆိုရင်ဆိုင်ရန် အသင့်ရှိနေပါသည်။ စိတ်ထဲက သရဲမတော့





www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြသေးတာပေါ့ဟု ကြိမ်းဝါးနေမိသည်။

သရဲမကို မြန်မြန်တွေ့ချင်နေသည်။ ရဲဆေးမပြယ်မီ တွေ့ရလျှင် အကောင်းဆုံးဖြစ်တော့မည်။ အိမ်သို့ အမြန်ရောက်ချင်နေသည်။ အိမ်သို့ရောက်ပါက အမဲသားတွဲကို တစ်နေရာတွင် ထားခဲ့ပြီး သရဲမကို အိပ်ခန်းထဲသို့ ခေါ်သွားရမည်ဟု တွေးနေမိသည်။ အကယ်၍ သရဲမက ရုန်းကန်နေပါက ယောကျ်ားကြီးတစ်ယောက်၏အားနှင့် ရအောင်ခေါ်ရမည်။ ဒီနေ့တော့ သရဲမနှင့် ချစ်ပွဲဝင်ရတော့မည်။ ရဲဆေး၏အရှိန်ဖြင့် ငယ်မူငယ်သွေး ငယ်စိတ်များ ပြန်ဝင်လာပြီး တက်ကြွနေပြီး ခြေလှမ်းပင် ပို၍သွက်လာတော့သည်။ အိမ်သို့ရောက်ချင်စောနှင့် ခြေလှမ်းသွက်သဖြင့် သာဦး နောက်တွင် ကျန်ခဲ့သည်ကိုပင် သတိမထားနိုင်အောင် ရှိပါသည်။ စိတ်က မြူးကြွသဖြင့် အချစ်သီချင်း တစ်ပုဒ်ကို နှုတ်ကဆိုနေမိတော့သည်။

ရွာထိပ်က ခရေပင်ကြီးကို ကျော်လိုက်သည်နှင့် အိမ်ကိုမြင်ရတော့မည်။ အိမ်ရှေ့တွင် ထွက်၍ကြိုနေမည့် သရဲမ ကပ်နေသော ဇနီးသည်၏မျက်နှာကို မြင်ရတော့မည်။ သရဲမနှင့် တွေ့ရတော့မည်ဟု တွေးလိုက်တိုင်း ရင်ခုန်နေရသည်။ ခရေပင်ကြီးကို ကျော်လိုက်သည်နှင့် ဇနီးသည်၏ မျက်နှာကို မမြင်ရသေးသော်လည်း ဇနီးသည်၏ အသံကို သဲ့သဲ့ကြားနေရသည်။ နဘူးချုံများကို ကျော်လိုက်ပါက ဇနီးသည်ကို ထင်ထင်ရှားရှား မြင်ရပေတော့မည်။ အိမ်နှင့် နီးကပ်လာသဖြင့် ဇနီးသည်၏အသံကို ပီပီသသ ကြားလာရသည်။

'ကိုကိုရေ လာပါတော့၊ မျှော်ရသူ မောလှပေါ့'

ဇနီးသည်၏အသံကို ကြားလိုက်ရသည်နှင့် သရဲမ ရောက်နေသည်မှာ သေချာသွားပါသည်။ သရဲမနှင့် တွေ့ရတော့မည်ဖြစ်၍ ရင်ခုန်မိသော်လည်း သူ၏အကြံ အောင်မြင်အောင် ကြိုးစားရတော့မည်ဟု ရဲစိတ်မွေးလိုက်ရသည်။ နဘူးချုံများကို ကျော်လိုက်ပါက ဇနီးသည်၏မျက်နှာကို မြင်ရတော့မည်။ ဇနီးသည်ကို နီးနီးကပ်ကပ်မြင်နိုင်ရန် ခြေလှမ်းကို ပို၍သွက်သွက်လှမ်းလိုက်သည်။ စိတ်က လောနေသဖြင့် ခရေပင်အမြစ်ကို မမြင်လိုက်ဘဲ ခလုတ်တိုက်မိ၍ လဲကျသွားပါသည်။ ခြေမ,ကွဲသွား၍ သွေးများစီးကျကာ နာကျင်လှသော်လည်း ဂရုမစိုက်နိုင်ဘဲ အိမ်အရောက် ဆက်လျှောက်ခဲ့သည်။ ဇနီးသည်၏ အသံကို ထပ်မံကြားရပြန်သည်။

'ကိုကိုရေ လာပါတော့၊ ချစ်ချစ် မျှော်ရပေါ့'

အသံကို ပီပီသသကြားရသည်။ ဇနီးသည်အသံမှာ သရဲမ ပူးကပ်ထားသဖြင့် ပုံမှန်အသံ မဟုတ်တော့ဘဲ အစ်သံထွက်နေသည်ကို သတိထားမိသည်။ အသံမှမှန် သည်နှင့် ရုပ်ရည်ပါ ထူးခြားမှုရှိ,မရှိကို သိလိုလှသည်။ ဇနီးသည်ကို မကြာမီမြင်ရတော့မည်ကို သိသော်လည်း စိတ်က မချုပ်ထိန်းနိုင်တော့ဘဲ ချက်ချင်းမြင်နိုင်အောင် နဘူးချုံများကို ကျော်လွှား၍ ခုန်ထွက်ခဲ့သည်။ ဝါးတစ် ရိုက်အကွာတွင် ထင်ထင်ရှားရှား မြင်ခွင့်ရပါတော့သည်။ သနပ်ခါးအဖွေးသားနှင့် ခေါင်းအပြည့် ပန်းများပန်ပြီး တေးတကြော်ကြော် အော်နေပါသည်။

အနီးကပ်မြင်လိုက်ရမှ အေးချို ရုတ်တရက် ကြက် သေသေသွားပါသည်။ စိတ်အကြီးအကျယ်ပျက်သွားပါ သည်။ သရဲမ ပူးကပ်နေသူမှာ သူ့ဇနီးသည်မဟုတ်ဘဲ သူ့အမေဖြစ်နေသည်ကို အံ့သြဖွယ် တွေ့လိုက်ရပါသည်။ ဖြစ်မှဖြစ်ရလေ အမေရယ်ဟု ညည်းတွားရင်း အမေကို သနားနေမိသည်။ မိခင်စိတ် ပျောက်နေသော အမေကို မကြည့်ရက်အောင် ရှိနေပါသည်။ ကြံစည်ခဲ့သမျှ အားလုံး ပျက်စီးကုန်ပြီဖြစ်၍ စိတ်ကိုလျှော့လိုက်ပြီး အမေ အမြ ဆုံး လူကောင်းပကတိ ဖြစ်လာစေရန် အမဲသားတွဲကို အမေ့လက်သို့ ပေးလိုက်ရသည်။

အမေသည် အမဲတွဲကိုရသည်နှင့် ခြံထောင့်က သစ် ပင်ဆီသို့ ပြေးတော့သည်။ သစ်ပင်အောက်တွင် အမဲသား တွဲကို သွေးသံရဲရဲနှင့် အငမ်းမရ စားနေသော အမေ့ကို မကြည့်ရက်အောင် ရှိပါသည်။ အမဲသားတွဲကုန်မှ အမေ က ဝါးခနဲသမ်းပြီး မြေပြင်သို့ လဲကျသွားပါတော့သည်။ အမေ မြေပြင်သို့လဲမကျမီ အေးချိုက အမေကို ပြေး၍ တွဲလိုက်သည်။ အမေကို တွဲခေါ်ကာ အိမ်ပေါ်သို့ ပို့ပေး လိုက်ရသည်။ အမေပြန်လည်သတိရလာမှ အားလုံး စိတ် အေးရပါတော့သည်။

သရဲမကို ပို၍ဒေါပွနေမိသည်။ သရဲမသည် သူ၏ အကြံကို ကြိုတင်သိထားသဖြင့် အမေကို ဝင်ပူးခြင်း ဖြစ်ရမည်။ မာယာများသော သရဲမဟု ကြိတ်မနိုင်ခဲမ ဖြစ်ရပါတော့သည်။

ကောင်း…



www.burmeseclassic.com

www.burmeseclassic.com



(တစ်)

'ကျေးဇူးတင်လိုက်တာ 'အဒေါ်ရယ်၊ တကယ့်ကို ကျေးဇူးတင်တာပါ'

ကြည်ကြည်မွေးရဲ့ နှုတ်ဖျားဆီက ဆို့နင့်ကြေကွဲစွာ ထွက်ပေါ်လာတဲ့ စကားသံကြောင့် ဒေါ်အေးမြ အံ့သြထိတ်လန့်လို့ သွားတော့၏။

## မျိုးကြီး(အမရပူရာနေ)

# ကာလဝိဘတ် နောက်ပိုးတက်ချိန်

www.burmeseclassic.com

www.burmeseclassic.com

'ဘုရားရေ··အကြည်၊ အကြည် ရူးသွားပြီလား'

စိတ်ထဲက အသံတိတ် ရေရွတ်လိုက်သော်လည်း-

'အဒေါ်··ကျွန်မကို ရူးနေပြီလို့ ထင်နေတာ မဟုတ်လား'

ဘုရား··ဘုရား··ငါ့စိတ်ထဲမှာ ဖြစ်နေတာကို သိ··သိနေပါလား။

'အဟင်းဟင်း··အံ့သြသွားပြန်ပြီပေါ့။ မအံ့သြပါနဲ့ အဒေါ်ရယ်။ ကျွန်မအဖြစ်တွေကို အဒေါ်သိသွားရင် နားလည်ပေးနိုင်မှာပါ။ အဒေါ့်ကို ကျွန်မ ဘာလို့ကျေးဇူးတင်သလဲဆိုတာ သိသွားမှာပါရှင်'

ရင်ဘတ်အောက်ဘက်မှာ ခေါင်းအုံးတစ်လုံးခုပြီး ခုတင်ပေါ် အားလျားမှောက်ကာ ပါးစပ်က တတွတ်တွတ် ပြောနေသော ကြည်ကြည်မွေးကား ကျောပြင်ထက်မှာ ဗလာကျင်းလို့နေ၏။ အပူလောင်ဖုငယ်များ ကျန်သည့်နေရာတချို့ ကျန်နေသော်ငြား အသားနီလန်ကာ ပန်းရောင်ဖျော့ဖျော့ဖြစ်နေသော နေရာများကား ကျောပြင်တစ်ခုလုံး နီးပါးပင်။ အပူသက်သာစေဖို့ ဆေးဆီများ ပက်ဖျန်းပေးထားသဖြင့် အဆီဝင်းဝင်းနှင့် ရင်နင့်ဖွယ် မြင်တွေ့နေရသည်။ ဒေါ်အေးမြမျက်ဝန်းထက်မှာ မျက်ရည်များ ရစ်ဝိုင်းလို့ မျက်စိကို စုံမှိတ်ထားလိုက်မိတော့၏။

သည်ကိစ္စ အရင်းအမြစ် တရားခံကား ဒေါ်အေးမြ သူမ မဟုတ်ပေလော။ မည်သို့မျှ စဉ်းစား၍မရ။ ဒေါ်အေးမြ မျက်ဝန်းထဲမှာ ယခုထိ မထွက်။

အသုပ်,သုပ်စားဖို့ ရေဆေးသန့်စင်ပြီး ကြွေရည်သုပ်ဇလုံကြီးထဲ ထည့်ထားတဲ့ မြူရွက်စိမ်းစိမ်းတွေအပေါ် ကျွက်ကျွက်ဆူ အငွေ့တထောင်းထောင်း ထနေတဲ့ ရေနွေးတွေ ဝေါခနဲ အလောင်းမှာ-

'အား··အမယ်လေး သေပါပြီတော့'လို့ အထိတ်တလန့်နဲ့ အော်လိုက်တဲ့ အောက်ဘက်ဆီက အသံ။

ပြာထွက်သွားတဲ့ မျက်လုံးတွေ။ ဝုန်းခနဲ လက်ထဲက ရေနွေးမရှိတော့တဲ့ ဒန်အိုးကို လက်နှီးအဝတ်နဲ့အတူ ပစ်ချလိုက်ပြီး အပြေးအလွှား ထွေးပွေ့လိုက်ငြား အချိန်နှောင်းခဲ့ပေပြီ။

အစိမ်းနုရောင် အပွင့်အခက်လေးတွေနဲ့ ပုံဖော်ထားတဲ့ ကြည်ကြည်မွေးရဲ့ အရိပ်ပန်းလက်စက အင်္ကျီလေးက ကျောပြင်ထက်မှာ ခန္ဓာကိုယ်အသားနဲ့ တစ်သားတည်း ကပ်လို့ အငွေ့တထောင်းထောင်းက မပြယ်သေး။

ဘာလို့များ အောက်ဘက်မှာ ငုတ်တုတ်ထိုင်ပြီး ကြက်သွန်နွှာနေတဲ့ ကြည်ကြည်မွေးရဲ့ ကျောပြင်ကို မြူ ရွက်စိမ်းစိမ်းတွေ ထည့်ထားတဲ့ ဇလုံလို့ အမြင်မှားခဲ့မိ လိမ့်။ သူမရဲ့ အပြစ်လား၊ ညနေခင်းရဲ့ ဖျော့တော့တဲ့ အလင်းရောင်ကြောင့်လား၊ ထောင်းထောင်းထနေတဲ့ ရေ နွေးငွေ့တွေက ဖုံးကွယ်သွားလို့ပေပဲလား၊ ကြည်ကြည် မွေး ဝတ်ထားရှာတဲ့ အရိပ်ပန်းအင်္ကျီလေးရဲ့ အစိမ်း ရောင်အပွင့် အခက်တွေကြောင့်ပေလော။ အားလုံးသော အကြောင်းအချက်တွေထက် အဓိကကျလှတဲ့ ကြည်ကြည် မွေးရဲ့ အတိတ်ကံ အကြောင်းတရား တစ်ရပ်ကိုတော့ ဒေါ်အေးမြ မသိတတ်နိုင်ပါ။ ကာယကံရှင် ကြည်ကြည် မွေးသာလျှင်··။

**(နှစ်)**

ယမန်နေ့ညက ဘုန်းမီးနေလ အသောက အိန္ဒိယ ဇာတ်လမ်းတွဲကြည့်ရင်း အခန်းဖော် မလေးမိရဲ့လက်ရာ ချဉ်ငန်စပ် လက်ဖက်၊ ပဲကြော်စုံ အညာသုပ်လေး ပုစွန်ခြောက်တွေကဲထားတော့ ထမင်းဖြူတစ်ပန်းကန်နှင့် ဆွဲလိုက်ကြတာ ဇာတ်လမ်းတွဲပြီးတဲ့အထိ မျက်လုံးတွေ က မှိတ်လို့မရ၊ အိပ်လို့မပျော်။ အရုဏ်ဦး သုံးနာရီကျော် ကျော်ခန့်ထိ ဖတ်လက်စ ဆရာနိုင်ပန်းလှရဲ့ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းနှင့် အိပ်ရာထက်မှာ မှောက်လိုက် လှန် လိုက်နှင့် စခန်းသွားနေခဲ့ရ၏။ နံနက်ခင်းအိပ်ရာထက်က ဖျတ်ခနဲနိုးတော့ (၇)နာရီခွဲနေပြီ။

ဖယ်ရီကားက (၇း၄၅)ဆို ရောက်ပေတော့မည်။ (၁၅)မိနစ်အတွင်း ရေချိုး၊ မျက်နှာပြင် အဝတ်လဲ ကြီးတက်တုန်းက စံချိန်ချိုးရပေတော့မည်။

အမယ်လေး··အခုမှ သတိရသည်။ ယမန်နေ့ ညနေ က ဈေးပို့တဲ့နေ့မို့ မြို့မဈေးက ဝယ်ခဲ့တဲ့ ရဲယိုရွက်နု ငါးခူငါးသည်မလေးက လတ်မှလတ်ဆိုပြီး ထည့်ပေး လိုက်တာ တဖြန်းဖြန်းနဲ့ ဘုန်းမီးနေလ အသောက ပြီး အထိ တလှုပ်လှုပ်ဖြစ်နေသေးလို့ စဉ့်အင်တုံပေါ် တင်၊ ကျောက်ငရုတ်ကျည်ပွေ့နဲ့ ဖိထားခဲ့လိုက်တာ ဖယ်လိုက်တော့ ဟိုက်ရော··တလှုပ်လှုပ် လှုပ်နေသေး

သုံးမိနစ် ရေနွေးဘူး တစ်ဝက်လောက်ရေ ခလုတ်နှိပ်ပြီး ရေချိုးခန်း ပြေးရတော့သည်။ အ



www.burmeseclassic.com

www.burmeseclassic.com

လဲပြီးလို့ ပြန်ရောက်လာတော့ ရေနွေးဘူးက မီးနီလေး ငြိမ်းနေပေပြီ။ မီးဖိုခလုတ်ဖွင့်၊ ညကတည်းက လုံးထားတဲ့ အနှစ်အိုး ပြန်တင်နွေး၊ ညကတည်းက ခလုတ်နှိပ်ထား ခဲ့တဲ့ ထမင်းပေါင်းအိုးထဲက ထမင်းကို ချိုင့်ထဲ ပြောင်း ထည့်၊ တဗျစ်ဗျစ် မြည်လာတဲ့ အနှစ်အိုးကို တစ်ချက် နှစ်ချက်မွှေလိုက်ပြီး ရေနွေးနည်းနည်းထပ်ရောထားလိုက် သည်။

ထမင်းချိုင့် အံတစ်ဖက်မှာ သရက်သီးကုလားတည် နှင့် ဗလာချောင်ကြော်နှစ်ဖွန်း၊ သုံးဖွန်းကော်ကက် ထည့် လိုက်ကာ ကိုရွှေငါးခူထည့်ထားတဲ့ စဥ့်အင်တုံကို မ၊ အဖွင့် -

'အကြည်ရေ··ဒီက ဆင်းနှင့်ပြီးနော်'

မလေးမိ အသံကြောင့် -

'အင်း··အင်း··လာမယ်၊ လာခဲ့မယ်။ ဆင်းနှင့်တော့'

ပြန်အော်ရင်း နာရီကို ကြည့်လိုက်သည်။ ဒုက္ခ၊ မိနစ်(၄၀)။ အင်း··ဒီနေ့တော့ 'အကြည်ရောက်ပြီလား ဟေ့။ လူစုံပြီ၊ ကားဆရာ ထွက်တော့'လို့ ဝိုင်းပြီး အပြောင်ခံရမှာ မြင်သေး။ တစ်ခါတလေပဲ ရှိမှာပေါ့ပြော ပြော၊ ပြောချင်တာပြောကြ စိတ်ထဲပေါ်လာတာတွေ နှုတ် က တတွတ်တွတ်ရွတ်ရင်း ကဲ··အချိန်မရှိတော့ဘူးဆို ကာ ရေနွေးဘူးအဖုံးဖွင့်တဲ့ပြီး စဥ့်အင်တုံထဲ မျက်စိမှိတ် ကာ လောင်းချလိုက်တော့သည်။ ထောင်းထောင်းထနေ သော ရေနွေးငွေ့များက မျက်နှာကို လာဟပ်သည်။ မျက် စိအဖွင့် မျက်ဝန်းထောင့်မှာ ဖျတ်ခနဲကွေးကောက်သွားတာ ကို မြင်လိုက်မိ၏။

ထည့်ထားတဲ့ရေနွေး ပြန်ခန်းသွားလို့ တဖျစ်ဖျစ်ပြန် မြည်လာတဲ့ ဟင်းအနှစ်ကို ယောက်မနှင့် တချက် နှစ်ချက် မွှေလိုက်ပြီး မီးအရှိန်လျှော့ရန် ခလုတ်တစ်ခု ပိတ်လို့ ထားလိုက်သည်။ စဥ့်အင်တုံထဲက ငါးခူကြီးကို စတီးဇွန်း နဲ့ မကော်ကာ စဥ်းတီတုံးပေါ် တင်လိုက်၏။ ပုစွန်အကွေး ငါးအနွေးတဲ့။ ဗွမ်းဗွမ်းထနေသော ရေနွေးကြောင့် အသား များပင် နူးသယောင်ယောင် ဖြစ်လို့နေပေပြီ။

ခပ်တင်းတင်း ဖြစ်နေသော အရေခွံပေါ်က အညို များကို ဇွန်းပြားနှင့် ခြစ်လိုက်ကာ ခေါင်းပိုင်းကိုဖြတ်ရင်း တွဲလွဲပါလာသောသည့် အူနှင့် သည်းခြေ စည်ဖောင်း အစုံတို့ကို ဆွဲထုတ်လိုက်၏။ ငါးပိုင်း,ပိုင်းကာ စဥ့်အင် တုံထဲက ခပ်နွေးနွေးသာရှိတော့သည့် ရေနွေးထဲ ပစ်ထည့် ကာ ဆေးကြောလိုက်ပြီး ညကတည်းက ရေဆေးအသင့် ပြင်ထားတဲ့ ရဲယိုရွက်များနှင့် ထုပ်ကာ အနှစ်အိုးထဲ ပစ် ထည့်လိုက်သည်။

အဖုံးအုပ်ကာ မီးခလုတ်တစ်ဖက်ဖွင့်၊ မီးအားမြှင့် လိုက်စဥ်တွင် -

'ဘော်··ဘော်··ဘော်'

ဦးအေးလှရဲ့ ဖယ်ရီသံ။

'ဟင်း··ကားကလည်း ဒီနေ့မှ စောလိုက်တာ'

ကြည်ကြည်မွှေး တတွတ်တွတ်ရွတ်ရင်း ဟင်းအိုး အဖုံးကို ပြန်ဖွင့်လိုက်တော့ ရဲယိုရွက်တွေက မကျသေး။ ခပ်စိမ်းစိမ်းသာ ရှိသေးသည်။ ငါးက နပ်ပြီးသားပဲဟာ။ စိတ်မှာရွတ်ရင်း ကျန်တဲ့ချိုင့်အလွတ်ထဲ သုံးတုံး အနှစ်နှင့် ရောထည့်၊ အပြေးအလွှားနှင့် အခန်းတံခါးပိတ်နေချိန်မှာ တော့ တဘော်ဘော်နှင့် အောက်ဘက်ဆီက ဦးလှအေး ကြီးရဲ့ အဆက်မပြတ် ဟွန်းတီးသံတွေ ပျံ့လွင့်လို့လာတော့ ၏။

## (သုံး)

'အဲဒါပဲ အဒေါ်။ ကျွန်မလေ··ကျွန်မ အဲဒီအဖြစ် အပျက်ကြီးကို မေ့လို့မရဘူး။ တစ်ခါတလေ ညဘက် အိပ်မက်ထဲထိ ကွေးကောက်သွားတဲ့ ငါးခူကြီးနဲ့ ရေနွေး ငွေ့တွေ ရောက်ရောက်လာကြတယ်။

ဒီအချိန်၊ အဲဒီအချိန် ဘယ်တော့ရောက်လာမှာလဲ။ နောင်ဘဝတွေမှ အတိုးအရင်းတွေနဲ့ တနင့်တပိုးခံစားရမှာ လားနဲ့။ အခုတော့ ကျွန်မမျှော်လင့်နေတဲ့အချိန်ကို ရောက် လာခဲ့ပြီပေါ့။ နောင်ဘဝတွေထိ မပါဘဲ ဒီဘဝမှာတင် အကြွေးကျေသွားလို့ အဒေါ်ကို ကျေးဇူးတင်နေတာပါ အဒေါ်ရယ်၊ တကယ်ကျေးဇူးတင်ပါတယ်'

ဒေါ်အေးမြတစ်ယောက် ကျေးဇူးတင်စကားတွေ တဖွဖွပြောရင်း ဝေဒနာကို ပျော်ပျော်ကြီးအံကြိတ်လို့ ခံယူ နေတဲ့ ကြည်ကြည်မွှေးအဖြစ်ကိုကြည့်ရင်း သြော်··ဝဋ် ကြွေးအတွက် ကာလဝိဘက် နောက်ပိုးတက်ချိန်ဟာ ကြောက်ဖွယ်ပါတကားလို့ တွေးတောနေမိပါတော့တယ်။

မျိုးကြီး(အမရပူရနေ)




www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း(၄၀)နီးပါးက ဖြစ်၏။

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်အပိုင် ကနစိုချောင်းကျေးရွာကြီးသည် နာမည်နှင့်လိုက်စွာ ရေငန်ဒေသတွင် ပေါက်ရောက်လျက်ရှိသည်။ လမု၊ ကနစို၊ မဓမ၊ သင်ပေါင်းတို့သည် မီးသွေး၊ ထင်းနှင့် မျောတိုင်များ ပြုလုပ်ရန် ပေါများလှပေ၏။ ဒီရေတောကြီးဖြစ်သဖြင့် ရွာမှ မြောက်ဘက်သို့ လေးမိုင်ခန့်ဝင်လိုက်လျှင် အင်ကြင်း၊ အင်၊ ကညင်၊ သစ်ရာ၊ နှော၊ ပိတောက်၊ ကုက္ကို စသည့် သစ်ပင်ကြီးများရှိသဖြင့် ရွာသားများက ထင်း၊ မီးသွေး၊ အိမ်တိုင်အတွက်သာ






www.burmeseclassic.com

www.burmeseclassic.com

ခုတ်ကြသော်လည်း စီးပွားရေး အကွက်မြင်သည့်သူများက လှေ၊ ဘောက်တူ၊ သမ္ဗန်၊ စက်တပ်မော်တော်၊ ပဲ့ထောင်စသည်တို့အတွက် လိုအပ်သော သစ်ခွဲသား၊ အရိုင်းများကို ခိုးယူခုတ်ကြကာ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချကြလေ၏။

ရန်ကုန်မှ တရုတ်သူဌေး အန်းကူကြီးက မြစ်ဝကျွန်းပေါ်ဒေသတွင် အမှန်တကယ် လိုအပ်နေသော ငါးရာပါ၊ တစ်ထောင်ပါ လှေကြီးများနှင့် စက်တပ်မော်တော်တို့ကို တည်ဆောက်၍ အမြတ်များစွာဖြင့် ပြန်ရောင်းသောလုပ်ငန်းကို လုပ်နေသူဖြစ်လေ၏။ ထိုစဉ်က သူတစ်ဦးတည်းသာ လုပ်ကိုင်နေသော်လည်း စီးပွားရေးသမားတို့၏ ထုံးစံအတိုင်း အောင်မြင်ကြီးပွားလျှင် နောက်တစ်ဦးက လိုက်လုပ်ကြသဖြင့် ခိုး၍ မော်တော်တည်ဆောက်သူ သုံးလေးဖွဲ့ရှိလာပြီး ကနစိုချောင်းရွာကြီးအနီးရှိ ထင်းတောကြီးတွင် အပြိုင်အဆိုင် လုပ်ကိုင်လေတော့၏။ မော်တော်နှင့် လှေကြီးများ တည်ဆောက်ကြမည့် အဖွဲ့များအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသည့် သစ်ခွဲသား၊ အရိုင်းများ ရရှိရန် သစ်ရောင်းသမားများ၊ သစ်ကန်ထရိုက်များဖြင့် ဆက်သွယ်ရ၏။ ဈေးလည်း သက်သာသဖြင့် အလုအယက် ဝယ်ယူကြ၍ ကိုယ့်စခန်းနှင့်ကိုယ် လှေကြီးများ၊ သမ္ဗန်ကြီးများ၊ မော်တော်များကို တည်ဆောက်နေကြလေ၏။ ငွေအရချောင်သဖြင့် အနီးအနားရှိ ရွာများနှင့် မော်လမြိုင်ကျွန်းမြို့မှလည်း သစ်ခွဲသည့် လွှစင်များ၊ သစ်ခွဲစက်များဖြင့် သစ်များကိုခွဲကာ သစ်ခွဲသားများကို လိုချင်သည့်ဆိုဒ်အတိုင်း မော်တော်နှင့် လှေကြီးများ တည်ဆောက်နေသည့် အဖွဲ့များကို ရောင်းချကြလေ၏။

အန်းကူကြီးက အကွက်မြင်သူဖြစ်ပြီး ငွေကြေးတတ်နိုင်သဖြင့် လှေ၊ မော်တော် တည်ဆောက်သည့်အဖွဲ့များတွင် အင်အားအတောင့်ဆုံးနှင့် အဆက်အသွယ်အကောင်းဆုံး ဖြစ်လေ၏။ ယင်းလုပ်ငန်းကို လုပ်ဆောင်ရန် အုပ်ချုပ်သူမန်နေဂျာအဖြစ် အသက်(၅၀)ခန့်ရှိ ဦးမောင်လွင် (ခေါ်) ကျောက်ရီဆိုသူအား ခန့်ထားလေ၏။ ဦးမောင်လွင်သည် မော်တော်တည်ဆောက်ရာတွင် ကျွမ်းကျင်သဖြင့် အင်ဂျင်နီယာများ၊ လက်သမားများ၊ အလုပ်ကြမ်းသမားများကို စနစ်တကျ စီမံကိုင်တွယ်နိုင်သူဖြစ်ရာ သူဌေးက လူယုံတစ်ယောက်အဖြစ် ခန့်ထားလေ၏။

ဦးမောင်လွင်အနေဖြင့် ယခုနှစ်အတွင်း မော်တော်တစ်စင်းနှင့် ငါးရာပါ သမ္ဗန်ကြီးတစ်စင်း တည်ဆောက်ပြီးဖြစ်၍ မိသားစုထံ ပြန်မည့်ဆဲဆဲတွင် သူဌေးကြီးမှ သူ့မိတ်ဆွေအတွက် မော်တော်တစ်စင်း အမြန်တည်ဆောက်ပေးရန်နှင့် မော်တော်ကို (၃)လအတွင်း ပြီးစီးရန် ညွှန်ကြားလာခဲ့ရာ သူဌေးနှင့် တွေ့ရန်အတွက် ရန်ကုန်သို့ သွားရလေ၏။

စခန်းရှိ ဦးမောင်လွင်၏လက်ထောက် ဦးမြဝင်းနှင့် ကိုသိန်းနိုင်တို့က ကြိုတင်မှာခဲ့သည့်အတိုင်း သစ်များကို ဆိုက်အလိုက် ဝယ်ယူခဲ့ရာ အကုန်မရဘဲ ဖြတ်ညှပ်၍သုံးရန် (၁၀)ပေမှ (၅)ပေအကြား ရောနှောဝယ်ရကြောင်း၊ အသားများကတော့ မှန်ကန်ပါကြောင်း သတင်းပို့သဖြင့် နေ့ကောင်းရက်သာရွေး၍ ထုံးစံအတိုင်း ကန်တော့ပွဲများ ပေးကာ မော်တော်ကို တည်ဆောက်လေတော့၏။ သုံးလမပြည့်မီ မော်တော်မှာ (၈၅)ရာခိုင်နှုန်း ပြီးစီးသွားသော်လည်း အခန်းအတွက် သစ်အနည်းငယ်လိုနေရာ တောထဲတွင် မရတော့၍ ကိုသိန်းနိုင်တို့အဖွဲ့မှာ ပဲ့ထောင်ဖြင့် နယ်ဆင်း၍ ဝယ်ရလေ၏။ လိုအပ်သည့် သစ်များကို ရရှိခဲ့သော်လည်း ပေမီကိုက်မီမရ၍ အတိုရော အရှည်ပါ ဝယ်ခဲ့ရလေ၏။ ဤသို့ဖြင့် သုံးလပြည့်ပြီး တစ်ပတ်ကျော်တွင် ဆေးခြောက်ဘည်နှင့် မော်တော်ရေချပြီး ဦးမောင်လွင် ဦးစီးလျက် အဖမ်းအဆီးများကို ရှောင်တိမ်းရန် ညအချိန် ခုတ်မောင်း၍ သတ်မှတ်နေရာသို့ သုံးရက်ခရီး သွားရလေ၏။

◆◆◆

ဦးမောင်လွင်သည် ကပ်မည့် ဆိပ်ကမ်းနှင့် နီးလာသဖြင့် မော်တော်ဝမ်းမှ မော်တော်ဦးသို့တက်ရန် (၁၀)ပေခန့် မြင့်သော လှေကားဖြင့် တက်သွားလေ၏။ မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်နေပြီဖြစ်၍ မိုးအုံ့ခြင်း၊ လေပြင်းတိုက်ခြင်းများ ရှိသော်လည်း မြစ်ပြင်၌ မဖြစ်စလောက် လှိုင်းလေများသာရှိသဖြင့် မော်တော်ဆလင်(ပဲ့ကိုင်)က ကမ်းသို့ ဒီဂရီ(၃၀)စောင်း၍ သွားနေလေ၏။ ဆိပ်ကမ်းကပ်ရန် ကိုက်(၁၀၀)မျှ အလိုတွင် လေပြင်းပြင်းတစ်ချက် ပင့်လိုက်သဖြင့် ဦးမောင်လွင်သည် ကိုယ်ရှိန်ပျက်သွားလျက် လှေကားအတိုင်း မော်တော်ဝင်းထဲသို့ နောက်ပြန်ကျသွားရာ ဦးခေါင်းနှင့် ခြေလက်တို့



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်မိပြီး မော်တော်၏ ပျဉ်ခင်းမှ အရှည်(၂)လက်မ ခန့်ရှိသည့် (၃)လက်မသံအလုံးခန့် သစ်သားစ တစ်စသည် ဦးမောင်လွင်၏ ဘယ်ဘက်လက်ခုံထဲသို့ စိုက်ဝင်သွားကာ ကျိုးကျန်ရစ်ခဲ့လေတော့၏။

ဦးမောင်လွင်သည် ဘယ်ဘက်လက် ရောင်ကိုင်းနေရာမှ အဖျားပါဝင်လာကာ တစ်လခန့် ကြာသည်အထိ ဆေးမြီးတိုများဖြင့် ကုသနေရာ မပျောက်သဖြင့် မြန်မာဆေးများဖြင့် ကုသသော်လည်း အဖျားသာ ပျောက်သွားပြီး အရောင်က မပျောက်ချေ။ ဆူးက ပြန်မထွက်သဖြင့် ညတိုင်း အော်ဟစ်နေရ၏။ ဆေးရုံကို ပြသော်လည်း ဆူးက ရှာမတွေ့ဘဲ သောက်ဆေး၊ လိမ်းဆေးများဖြင့်သာ တိုက်နယ်ဆေးရုံတွင် နှစ်ပတ်ခန့် နေရလေ၏။ မကြာခင်မှာပင် ဦးမောင်လွင်၏လက်သည် ရောင်ရမ်းနေရာမှ ပုပ်စော်နံလာ၏။ ခြေထောက်များပါ ဖောယောင်လာသဖြင့် မစားနိုင်၊ မအိပ်နိုင် ဖြစ်လာ၍ နောက်ဆုံး မိတ်ဆွေများ၏ အကြံပေးချက်အရ ပယောဂကုသည့် ကျွန်းကလေးဘက်မှ ဆရာကြီးတစ်ဦးအား ပင့်၍ ကုသရလေတော့၏။

ဆရာကြီးသည် လူနာ၏ဖြစ်စဉ်ကိုမေးပြီး ရောဂါကို စမ်းသပ်၍ ပထမဦးစွာ ရောင်ကိုင်းနေသည့် လက်နှင့် ဖောနေသည့် ခြေထောက်များနှင့် ကိုက်ညီသည့် ဆေးများကိုပေးရာ ခြေထောက်များမှာ သက်သာသွားလေ၏။ ဆရာကြီးမှာ နောက်နေ့တွင် လူနာကို ဆေးမကုသမီ



ဘုရားကျောင်းဆောင်(ဘုရားစင်)ရှေ့၌ သောက်တော်ရေ ကိုကပ်၍ ပုတီးစိပ် သမာဓိယူနေသည်မှာ တစ်နာရီခန့် ကြာပေ၏။ ၄င်းနောက် ဆရာကြီးသည် သောက်တော်ရေ ကိုစွန့်၍ နှုတ်မှလည်း ဂါထာများကို ဥုံခံရွတ်ရင်း လက် ကို လိမ်းပေးလေ၏။ အစ်ဘူးလေးထဲမှ ထုတ်ယူသည့် ရွှေရောင်(ဆေးတော်ကြီး) ဆေးတောင့်အား အနည်းငယ် ခြစ်ယူ၍ ရေဖြင့် တိုက်ပြီးလျှင် ပြန်သွားလေ၏။ ထိုနေ့က တစ်ညလုံးလိုလို လက်နှင့် ကျောပြင်တို့မှာ လွန်စွာကိုက်ခဲ ပြီး မနက်(၃)နာရီကျော်သည်နှင့် သက်သာသွားလေ၏။

နောက်တစ်နေ့ မနက်(၉)နာရီတွင် ဆရာကြီး ရောက် လာရာ မနေ့က မှာခဲ့သည့်အတိုင်း ကန်တော့ပွဲ၊ အမွှေး တိုင်၊ ဖယောင်းတိုင်၊ ပိတ်ဖြူ၊ ပိတ်နီတို့ဖြင့် ပြင်ဆင်ထား သည့် နေရာ၌ ဆရာကြီးက ထိုင်ကာ ပုတီးစိပ်ပြန်လေ၏။ (၁)နာရီခန့်အကြာ ဆရာကြီးက လူနာကိုခေါ်၍ ဘုရား ရှိခိုးခိုင်းပြီး လက်ကို ပုတီးဖြင့် သပ်ချရာ ပြည်နှင့် သွေး အမည်းများရောနေသည့် (၃)လက်မသံချောင်းလုံးပတ် (၂)လက်မခန့်ရှည်သော သစ်သားစကြီးမှာ ပခုံးမှ ထိုး ထွက်လာလေတော့၏။ မကောင်းသည့်သွေးနှင့် ပြည်ပုပ် များကို ညှစ်ထုပ်ပြီး ဆေးထည့် ဆေးလူးပေးလိုက်ရာ နာကျင်မှု မရှိတော့ပေ။ ဆရာကြီးက-

"ဒီသစ်ဆွေးစကြီးဟာ ပြည်ပုပ်သစ်စကြီးပဲ။ ပြည် ပုပ်ဆိုတာ မကောင်းတဲ့ မသန့်တဲ့ပျဉ် (သစ်သား)ကို ခေါ် တာ။ ရှင်းရှင်းပြောရရင် မသာခေါင်းလုပ်တဲ့ ပျဉ်ပြား သစ်စကြီးဖြစ်တယ်။ ဒီသစ်စကြီး ထွက်လာပြီး လူ ထိုးမိတာက သာမန်မတော်တဆဖြစ်တာ မဟုတ်ဘူး လူနာလဲတဲ့နေရာက ပျဉ်ကို လဲပစ်ရမယ်။ မလဲခင် မော်တော်မှာ သံဃာတော်များပင့်ပြီး ပရိတ်ရွတ်ရမယ် ပြီးတော့ သစ်မင်းနဲ့ရိုက်ပြီး အဲဒီမကောင်းဆိုးဝါးကို ထုတ်ရမယ်"ဟု ပြောလေ၏။

နောက်နှစ်ရက်တွင် သစ်ဝယ်သည့် ကိုသိန်းနိုင်အား ဦးမောင်လွင်က ခေါ်ယူမေးရာ ကိုသိန်းနိုင်က သစ် အရေးတကြီး ဝယ်ရသည့်အတွက် အသားကောင်းနှင့် ၍ သင်္ချိုင်းမှ ခွာရောင်းသည့် ခေါင်းပျဉ်များကို ဝယ် မိသည်ဟု ထင်မိပါကြောင်း၊ ကျွန်တော်ခိုင်းသည့် အသ တော်မှ ပြီးစလွယ် ပေါ့ဆစွာ ဝယ်ခဲ့ကြောင်း ပြော နောင်တွင် ဂရုတစိုက် ဆောင်ရွက်ရန်သာ မှာကြား



www.burmeseclassic.com

www.burmeseclassic.com

တော့၏။

နောက်နေ့တွင် ဦးမောင်လွင်ကိုယ်တိုင် ဦးဆောင်၍ မော်တော်ပေါ်တွင် သံဃာငါးပါးပင့်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ကမ္မဝါဖတ်ခြင်းများကို ပြုလုပ်လေ၏။ ဆရာကြီးကိုယ်တိုင် ကြပ်မတ်၍ သစ်မင်းကို စို့ပြုလုပ်ကာ ပျဉ်ခင်းများကို ရိုက်ခိုင်းလေ၏။ မော်တော်၏ ရှေ့နောက်ဝဲယာတို့ကိုလည်း သစ်မင်းစို့များဖြင့် ရိုက်ပြီး မော်တော်စောင့်များကို မှာကြားကာ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့ နံနက်(၇)နာရီခန့်တွင် မော်တော်ကြီးကြပ်သူ ဦးအောင်စိန်ဆိုသူ ရောက်လာပြီး ဦးမောင်လွင်က-

‘ညက (၁၀)နာရီလောက်မှာ မော်တော်တစ်စင်းလုံး မိုးမရွာ လေမတိုက်ဘဲ သွက်သွက်ခါလှုပ်ယမ်းပြီး မော်တော်ကြမ်းပြင်အခင်းတွေက တဖျစ်ဖျစ်မြည်လာတယ်။ အဖွဲ့သား လေးယောက်လုံး ကြားရတယ်။ မီးအိမ်တွေ ထွန်းထားလို့ အလင်းရောင်လည်း ထိန်နေတယ်။ အဲဒီလို ကြည့်နေတုန်း လူပုံသဏ္ဌာန် အမည်းရောင်အခိုးအငွေ့လုံးကြီးဟာ မော်တော်ဝမ်းအတွင်းမှာ လှည့်ပတ်ပြေးလွှားနေပြီး မကြာခင် မိနစ်ဝက်လောက်ပဲ ကြာမယ်ထင်တယ်။ မြစ်ထဲဘက်ကို လွင့်သွားတယ်။ အဲဒီနောက် မော်တော်လည်း ငြိမ်သွားတော့တယ်’ ဟု ပြောလေ၏။

ထိုကိစ္စများ ဖြစ်ပြီးနောက် (၂)ပတ်အကြာ၌-

ဦးအန်းကူကြီး၏ အမိန့်အရ မော်တော်ကို ဒေါက်ပြန်တင်၍ ပျဉ်ပုပ်များကို လဲလှယ်အစားထိုးရန် ကနစိုချောင်းစခန်းသို့ ပြန်သွားစေခဲ့ရာ ဦးမောင်လွင်နှင့် အဖွဲ့သည် အဖမ်းအဆီးများကို လှည့်ပတ်ရှောင်တိမ်းရင်း ပြန်မလော့မြစ်ဘက်မှလှည့်၍ သွားလေ၏။ ပြန်မလော့မြစ်သည် လေတိုက် မိုးသည်းလျှင် လှိုင်းလုံးများမှာ အိမ်လုံးနီးပါး ရှိလေရာ နီးရာကမ်းသို့ကပ်ရန် ကြိုးစားစဉ် တစ်ဖက်သို့ စောင်းပြီး နစ်မြုပ်သွားလေတော့၏။ ဦးမောင်လွင်အပါအဝင် အဖွဲ့သားများအား ဧရာဝတီသဘော်နှင့် ငါးဖမ်းလှေများက ကယ်ဆယ်သွားသဖြင့် အသက်ဘေးမှ လွတ်ကင်းသွားကြောင်း သိရလေတော့၏။

**တစ်မိုးအောက်**


**စိတ်မနေအာရုံ အကြားအမြင် လက္ခဏာ**

**ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး**

**ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ**



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး “အထူး” စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

ရှားဖြူကုန်းရွာသည် ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး အိမ်ခြေငါးရာကျော်ရှိသည့် ရွာကြီးတစ်ရွာဖြစ်၏။ ရွာတည်ဆောက်ပုံမှာ အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းဟူ၍ အပိုင်းကြီး (၅)ပိုင်းဖြင့် လှေကြီးတစ်စင်းပုံစံ ဖြစ်လေသည်။ ၎င်းရွာသည် ဧရာဝတီမြစ် မြစ်ကျဉ်းသည့်နေရာမှ တစ်မိုင်ခန့်သာ ဝေး၏။ ရွာသူကြီးဦးချစ်သည် ဒီမြစ်ကျဉ်းနဲ့ပတ်သက်၍လည်း သူ့လက်ထက်၌ လူသေဆုံးမှုပြဿနာဟူ၍လျှင် ထဲ သွားပစ်ချရာ တစ်နယ်လုံးကိုပါ မြစ်ကျဉ်းလူစားသည့် သတင်းမှာ ဟိုးဟိုးကျော်လေတော့၏။ အကြောင်းတိုက်ဆိုင်၍လားတော့ မဆိုနိုင်ချေ။

နောက်လေး,ငါးရက် အကြာ၌လည်း ရွာမြောက်ပိုင်းက ဖိုးနီရဲ့ဆိတ်ကို မြစ်ကျဉ်းက စားလိုက်ပြီဟူ၍လည်းကောင်း၊ ရွာလယ်ပိုင်းက တာတီးရဲ့နွား မြစ်ကျဉ်းထဲကျသွားပြီဟူ၍လည်းကောင်း သူကြီးနားအထိ ရောက်လာလေတော့ ဦးချစ်လည်း မနေသာတော့ပေ။ ထို့ကြောင့်



နှစ်ကြိမ်ကြုံဖူးလေပြီ။ ပထမဆုံးအကြိမ်က ဒီမြစ်ကျဉ်းနားရေဆင်းကူးသည့် ကလေးငယ်တစ်ဦး ပျောက်ခြင်းမလှပျောက်ကာ အလောင်းပင် ပြန်မရခြင်းပင်။ မြစ်ကလည်းကျဉ်း ရေစီးကလည်းသန်သဖြင့် တခြားနေရာတွေ၌ ပေါ်မည်အထင်ဖြင့် လူစုခွဲ၍ ရှာခိုင်းသော်လည်း ရှာမတွေ့ခဲ့ချေ။ ဒါကြောင့်လည်း ဤမြစ်ကျဉ်းနေရာသည် လူစားသလိုလို အစောင့်အရှောက်ကြီးသလိုလို နာမည်ထွက်လာလေသည်။

ရွာအနောက်ပိုင်းမှ နတ်ဝင်သည် သန်းဦးကလည်း ဤမြစ်ကျဉ်း၌ နဂါးသိုက်ရှိတယ်ဟု ပြောဆိုထားသဖြင့် လူတွေ ထိတ်လန့်စရာနေရာအဖြစ် ဖြစ်တည်လာခဲ့လေ၏။ ထိုအချိန်မှာမှ ရွာတောင်ပိုင်းက အရက်သမား ကိုသံပြာက လူစားချင်လို့ မြစ်ကျဉ်းအော်သည်ဟုဆိုကာ ခွေးတစ်ကောင်ကို ခြေတွေ လက်တွေ ကြိုးတုပ်၍ ထိုမြစ်ကျဉ်း

# အစကတော့ လူဆို

ရှားဖြူကုန်းရွာသူကြီး ဦးချစ်တစ်ယောက် မြို့တက်၍ တာဝန်ရှိသူတွေကို အကြောင်းကြားကာ မြို့နယ်တာဝန်ရှိ သူတွေမှ မိန့်မှာလိုက်သည့်အတိုင်း ရွာပြန်ကာ ပြင်ဆင်စရာ ရှိသည်တို့ကို ကြိုပြင်ထားလေ၏။ မြို့နယ်က အစီအစဉ်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ရွာကိုပေါက်ချလာပြီး စူးစမ်းလေ့လာရာ များမကြာမီမှာပဲ အဖြေအတိအကျ

www.burmeseclassic.com

ရလေတော့၏။

အကြောင်းမှာ မြစ်ကျဉ်းက လူစားခြင်း မဟုတ်ပါဘဲ မြစ်ကျဉ်းထဲ၌ ငါးရွေးတွင်း ရှိနေသဖြင့် ငါးရွေးစားခြင်းသာ ဖြစ်ပါ၏။ ငါးရွေး သားပေါက်ချိန်နှင့်တိုးလျှင် ပိုဆိုးတတ် သည်ဟုလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ရှင်းပြလေ၏။ သူကြီး ဦးချစ်မှာလည်း အဲဒီတော့မှ လူတွေရဲ့ ကောလာဟလကို



www.burmeseclassic.com

www.burmeseclassic.com

ချေဖျက်နိုင်သဖြင့် သက်ပြင်းချနိုင်တော့၏။

ထိုကာလက ရှားဖြူကုန်းရွာတွင် လူနည်းစုမှာသာ လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ၏။ လူများစု၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ အင်းအလုပ်နဲ့ တံငါအလုပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရှားဖြူကုန်းရွာတွင် ကောက်စိုက်သမ လွန်စွာရှားပါး၏။ ရွာရှိ လက်လုပ်သူများမှာ ကောက်စိုက်ချိန်၌ ကောက်စိုက်သမလိုချင်လျှင် မြစ်အနောက်ဘက်ကမ်းရှိ ရွာစဉ်များမှ ကောက်စိုက်သမတွေကို ကောက်စိုက်ခ ကောင်းကောင်းပေးကာ ခေါ်ငင်ရလေ၏။ ကောက်စိုက်သမ ရှားသည့်အတွက်လည်း လွန်စွာဂရုစိုက်ကြရလေသည်။ ပျိုးချပြီးချိန်ကနေ ပျိုးနုတ်ချိန်နှင့် တမန်းပြင်ချိန်ကို တွက်ချက်ကာ ကောက်စိုက်သမတွေကို ရက်ချိန်းနဲ့ ငွေပါ စရန်သဘောမျိုး ကြိုပေးထားကြရ၏။ ထိုမှတစ်ဖန် ကောက်စိုက်ချိန်ရောက်လျှင်လည်း မနက်စောစောထကာ မြစ်အနောက်ဘက်ကမ်းအထိ လှေဖြင့် သွားကြိုရပါ၏။ ကောက်စိုက်စဉ်အတွင်း၌လည်း ကောက်စိုက်သမတွေ အတွက် သက်ဆိုင်ရာ လယ်ပိုင်ရှင်မှ နေရေးထိုင်ရေး စားရေးသောက်ရေး စီစဉ်ပေးရတာရှိသလို မနက်ဘက် စောစောထလာ၊ ညဘက်ပြန်ချင်သူတွေအတွက်လည်း ဟိုဘက်ကမ်းအရောက် လိုက်ပို့ပေးရပါသေး၏။ ထိုသို့ပို့ပေးရင်း၌ ယခုကိစ္စက အကြောင်းဖန်လာဖေ၏။

သူရိယနေဝန်းသည် အနောက်ဂေါ်ယာကျွန်းဆီသို့ တဖြည်းဖြည်း ယွန်းနေပေ၏။ ရှားဖြူကုန်းရွာ၌ ကောက်လာစိုက်နေသည့် မြစ်တစ်ဖက်ကမ်းရှိ ရှားပင်ရွာမှ ကောက်စိုက်သမလေးတို့ ထူးထူးခြားခြား လွန်စွာတက်ကြွနေပေ၏။ သူမတို့ကို ဤကဲ့သို့ တစ်ခါမှ မမြင်ဖူးချေ။

ကောက်စိုက်လာရသည့် သက်တမ်းတစ်လျှောက်၌ ရောက်တဲ့နေရာ၌သာ ရွက်ကျပင်ပေါက်ကဲ့သို့ နေထိုင်လုပ်ကိုင်ခဲ့ချည်းသာ ဖြစ်ပါ၏။ ရွာရောက်မှ အသိတစ်ယောက်ကပြောပြ၍ သို့မှ ကောက်စိုက်သမလေးများသည် ထိုနေ့ည ရှားပင်ရွာ၌ မယ်တော်ပွဲရှိသဖြင့် ဆိုင်းဝိုင်းနဲ့ ဧယင်ကျူးမည်ဖြစ်ကြောင်း သိလိုက်ရသည်။ ဆိုင်းဆိုတဲ့အသံ ကြားရတာနဲ့ပင် နားထောင်ချင်စိတ်က ရှုပိုးထိုးနေသည်ဟု ထင်လိုက်ရပါသည်။ ဒီတော့လည်း လယ်ပိုင်ရှင်ကို ခွင့်တောင်းပြီး ကောက်စိုက်တာကို နေ့တစ်ပိုင်းနှင့်သိမ်းကာ ဖြီးလိမ်းခြယ်သ ဝတ်ကောင်းစားလှတွေဖြင့် ဧယင်ကျူးပွဲကို လှေစီးလို့ ချီတက်ကြလေ၏။

လှေစထွက်သည်ဆိုလျှင်ဖြင့် မိန်းမတို့၏ သဘာဝအတိုင်း စကားတွတ်ထိုး စနောက်ရယ်မော၍ လိုက်ပါလာကြ၏။ လိုက်ပို့သူ လှေသမားတို့ကလည်း ရေဆန်ကိုဆန်တက်လို့ လှော်ရပင်ငြား မြစ်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသည့် လေနုအေးအေးကြောင့် မောပန်းသည်ဟု မထင်ကြချေ။ သည်လိုနှင့် သီချင်းလေးညည်းရင်း လှော်ခတ်လာကြရာ မြစ်ကျဉ်းနားအရောက်၌ ကောက်စိုက်သမတစ်သိုက်မှ ရေပြင်၏ စိမ်းမြကြည်လင်နေခြင်း၊ မြစ်နံ့ကမ်းပါးတို့၏ တင့်တယ်ပုံနှင့် ပတ်ဝန်းကျင်ရှုမျှော်ခင်းလှပပုံတို့ကို တစ်ယောက်တစ်မျိုး ချီးကျူးကြကုန်သည်။

'ဟယ်‥ဒီနေရာလေးက သာယာလိုက်တာ အရမ်းပဲ။ ရေကလည်း ကြည်စိမ်းနေတာပဲအေ'

'ဟုတ်ပ အစ်မရယ်။ ကမ်းပါးပေါ်က သစ်ပင်တွေလည်း စိမ်းစိမ်းစိုစိုနဲ့ အရိပ်အာဝါသ ကောင်းပါဘိ'

'ညည်းတို့ ပြောမှပဲအေ ကျုပ်တောင် ဒီနေရာမှာ တစ်သက်လုံးကို နေချင်စိတ်ပေါက်လာပြီအေ့'

ထိုသို့ ကောက်စိုက်သမတစ်ယောက် မထင်မှတ်ဘဲ ဆိုလိုက်ရာ လှေသမားတွေရော မျက်စိပျက် မျက်နှာပျက်နဲ့ ဖြစ်ကုန်ကြပြီး တစ်ယောက်က သတိပေးလိုက်ရ၏။

'ဟာ‥ခင်ဗျားတို့ဗျာ၊ ပေါက်တတ်ကရတွေ မပြောကြပါနဲ့ဗျ။ ဒီနေရာက နတ်ကြီးပါဘိသနဲ့'

ဤသို့ ဟန့်ပြောပြောနေသည့်ကြားက ကောက်စိုက်သမထဲမှ မိန်းမငယ်တစ်ယောက်က ပြက်ချော်ချော်ဖြင့် ဆိုလိုက်သေး၏။

'တော်တို့ကလည်း ယောကျ်ားအရင့်အမာကြီးတွေလုပ်ပြီး ကြောက်တတ်ရန်ကောရှင်။ နတ်ကြီးတော့ရော ဘာဖြစ်သလဲလို့။ နတ်ကြီးရင်လည်း နတ်ကလေးက နိုင်ပါတယ်တော်'

'ဝါး‥ဟား‥ဟား‥ဟား'

ဟားတိုက်ရယ်လိုက်ကြသေးသည်။ ထို့ကြောင့် လှေသမားတွေမှာလည်း ဘာမှထပ်ပြောမနေတော့ဘဲ ကြောက်ကြောက်လန့်လန့်ဖြင့်သာ မြစ်ကျဉ်းကို ကျော်ချင်အောင် လှေကို အားစိုက်လှော်ခတ်ရာ မြစ်ကျဉ်းကို ကျော်လုနီးခင် အစပ်မှာပင် လှေတိမ်းမှောက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကောက်စိုက်သမများကို တင်ဆောင်လာသည့်လှေ တိမ်းမှောက်သည်ဆိုတာနဲ့ လှေသမားတွေ၊ ခရီးသွားလှေတွေကပါ ဝိုင်းကူဆယ်ကြပါသည်။ ရှားဖြူကုန်း ရွာသူကြီး ဦးချစ်သည် ဘယ်ကနေဘယ်လို သတင်းရသည် မသိချေ။ မြစ်ကျဉ်းသို့ သူ၏ တပည့်တပန်းတွေဖြင့် ရောက်ချလာလေသည်။

'ဟေ့ကောင်တွေ၊ ဘယ်လိုဖြစ်တာတုန်းဟ။ လူအကုန် ဆယ်နိုင်ရဲ့လား။ အပျောက်အရှမရှိဘူး မဟုတ်လား'

သူကြီးဦးချစ်က စိတ်ပူစွာ မေးလေသည်။ လှေသမားတွေထဲမှ သွက်လက်ချက်ချာသည့် လူရွယ်တစ်ယောက်က ပြန်၍ဖြေကြားလိုက်ပါသည်။

'ကျွန်တော်တို့တစ်တွေမှာ ဆယ်တာက အကုန်ဆယ်လို့ရပါတယ် သူကြီးရာ။ ဒါပေမဲ့ မိန်းမငယ်သုံးယောက်က လှေပေါ် ရောက်ပြီးခါမှ ထဘီမပါလို့ ရှက်တယ်ဆိုပြီး ပြန်ခုန်ချသွားတာ ခုထိ ရှာမတွေ့တော့ဘူးဗျာ'

'ဟာ..ဒီကလေးမလေးတွေကတော့ကွာ။ အရှက်နဲ့အသက်ကို လဲသွားပြီ ထင်တယ်ကွာ။ ကဲ..ကဲ..ဝိုင်းရှာကြစမ်း ဟေ့ကောင်တွေ။ ဆင်းငုပ်ကြစမ်းဟ။ မင်းတို့လူဆယ်လောက်ရှိတာဆိုတော့ ငါးယောက်တစ်လှည့်စီ ငုံ့ကြကွ'

'ဝုန်း'

'ဗွမ်း'

'ဘွား'

'ဝါး'

'တွေ့လားဟ'

'မတွေ့ဘူး သူကြီးရ'

'ဟာ..ဒီပုံအတိုင်းဆို တစ်မျိုးစီစဉ်မှ ဖြစ်တော့မယ်'

'သူကြီးက ဘယ်လိုစီစဉ်ချင်လို့တုန်းဗျ'

'နေပါဦးကွာ။ ငါ စဉ်းစားပါရစေဦး'

သူကြီး စဉ်းစားနေသည်မှာ အတော်ကြာနေသဖြင့် သူကြီးရဲ့ လူရင်းလည်းဖြစ်၊ တံငါလောကမှာ ဆရာတစ်ဆူလည်းဖြစ်သည့် ကိုကြွက်နီက သူ့ဆရာလို ချစ်ခင်ရသူ သူကြီးရဲ့ အရိပ်အကဲကိုခတ်ကာ မေးကြည့်လေသည်။

'သူကြီး စဉ်းစားလို့ရပြီလားဗျာ။ ကျွန်တော်တို့အဖွဲ့တွေလည်း နှုတ်ခမ်းတွေ ပြာနှမ်းနေပြီ။ ဒီလိုရေငုပ်ရှာနေလို့ကတော့ တယ်အဆင်ပြေလှမယ် မထင်ဘူးဗျ'

'အေး..ဟုတ်တယ်ဟ ဖိုးကြွက်နီရ။ ငါအကြံရပြီကွာ။ မင်း လူတွေထဲက တစ်ယောက်ကို ခုရှာမရတဲ့ ကောင်မလေးတွေရဲ့ နောက်ဆုံးအုံးခဲ့တဲ့ခေါင်းအုံး သွားယူခိုင်းလိုက်ကွာ။ အဲဒီလိုရှာမှ ရတော့မယ်ဟ'

'ဟုတ်ကဲ့ပါ သူကြီး၊ ကျွန်တော် သွားယူခိုင်းလိုက်ပါ့မယ်။ ဟေ့..မောင်ဦး လာဦးကွ'ဆိုပြီး ဖိုးကြွက်နီက သူ့လူ မောင်အုံးကို ကောင်မလေးတွေရဲ့ ခေါင်းအုံးသုံးလုံး သွားယူခိုင်းလိုက်လေသည်။

နာရီဝက် မရှိတတ် ရှိတတ်လောက်မှ မောင်အုံးနဲ့ လယ်ပိုင်ရှင် မိသားစုတွေပါ လိုက်ချလာလေသည်။ အားလုံး စိတ်မကောင်းကြပေ။ သူကြီးက ခေါင်းအုံးတွေကို ယူကာ လှေမှောက်သည့်နေရာကို သွားပြီး ပါးစပ်မှ တစ်စုံတစ်ရာကို တိုင်တည်ဟန်နဲ့ တိုးတိုးရွတ်ဆိုပါသည်။

ထို့နောက် ခေါင်းအုံးတွေကို ရေထဲ ပစ်ချလိုက်လေ၏။ စစချင်းတော့ ခေါင်းအုံးတွေမှာ ရေစီးနဲ့မျောပါသွားပြီး ဝါးတစ်ပြန်လောက်အကွာ၌ ခေါင်းအုံးတစ်လုံးမှာ လည်ပြီးနေလေသည်။ နောက်ဝါးတစ်ပြန်သာသာလောက်၌ နောက်တစ်လုံး လည်နေကာ ငှင်းခေါင်းအုံးနဲ့ နှစ်တောင်သုံးတောင်အကွာမှာ နောက်ဆုံး ခေါင်းအုံးလည်နေသည်ကို ထူးဆန်းစွာ တွေ့ကြရလေ၏။ ထိုအခါမှ သူကြီးက သူ့လူတွေကို ခေါင်းအုံးလည်သည့်နေရာတွေ၌ ဆင်းရှာခိုင်းရာ အလောင်းတွေကို အံ့ဖွယ်တွေ့ရလေ၏။

ဧယင်ကျူးသွားတဲ့ ကောက်စိုက်သမအဖွဲ့ ခုလိုအဖြစ်ဆိုးနဲ့ ကြုံရသည့် သတင်းသည် တစ်နယ်လုံးကို ပျံ့နှံ့ကာ မြစ်ကျဉ်းနဲ့ ပတ်သက်၍လည်း သို့လော၊သို့လော အမျိုးမျိုးပြောဆိုနေကြလေသည်။ နာနာဘာဝဆို အယုံအကြည်မရှိ၊ နတ်ဆို ကြည့်မရသည့် သူကြီးဦးချစ်တောင်မှ ဖိုးကြွက်နီကို မှာကြားလေတော့သည်။

'ဖိုးကြွက်နီ..မင်း တံငါအဖွဲ့တွေကို ဒီရက်ပိုင်းအတွင်း ဒီမြစ်ကျဉ်းမှာ ငါးမရှာရလို့ ငါအမိန့်ထုတ်တယ်လို့သာ ပြောလိုက်တော့ကွာ'

'ဟုတ်ကဲ့၊ စိတ်ချပါသူကြီး။ ကျွန်တော် ဆက်ဆက်ပြောလိုက်ပါ့မယ်'

'အေး..အေး..ကောင်းပြီ။ အလောင်းတွေ သူ့သက်ဆိုင်ရာရွာ ပို့ဖို့ပြင်တော့။ ကမ်းပေါ်ရောက်ရင် ရွာသားကို

www.burmeseclassic.com

တန်းမဝင်နဲ့နော်။ သက်ဆိုင်ရာ ရွာလူကြီးကို အကြောင်းကြားဦး။ သူတို့ပြောတဲ့ လမ်းအတိုင်း ဝင်ရတယ်။ ရွာထဲလုံးလုံးဝင်မရဘူး။ ရွာထဲဝင်ရင် ရွာနာတတ်တယ်။ ဒီလိုအပြင်သေက နောက်ဖေးဘက်မှာပဲ ထားရတယ်ကွ'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ သေသေချာချာ လုပ်ကိုင်ပါ့မယ် သူကြီး။ ဟော့ကောင်တွေ လာကြဟေ့။ ဝါးကပ်နဲ့ ပို့ရမှာပဲ။ ဟိုကျမှ အခေါင်းရိုက်ကြမယ်။ ခုလောလောဆယ် ဝါးကပ်မြန်မြန်ရက်ကြကွာ။ သိပ်မှောင်သွားရင် မကောင်းဘူးကွ'

ဖိုးကြွက်နီက သူ့လူတွေကို လော်ဆော်လိုက်ပြီး တက်သုတ်ရိုက်စီစဉ်ကြလေသည်။ သူတို့အရပ်၌ ဒီကိစ္စမျိုးက ရေကြောင်းမှသာ သယ်ပို့လို့ရတာရယ်။ တစ်ရွာကနေ တစ်ရွာသို့ ပို့ရပြီဆိုလျှင် ကြားထဲမှာရှိသည့်ရွာတွေက ရေးအယူအရ ရွာနာမှာ စိုးရိမ်သဖြင့် ဖြတ်သန်းခွင့်မပေးချေ။ ယခုလည်း ရေကြောင်းကနေ သယ်သွားပြီး သက်ဆိုင်ရာရွာရဲ့ ကမ်းပေါ်ရောက်လျှင် ဘယ်လိုဖြစ်ဦးမယ် မသိပါပေ။ သူကြီးပြောသလိုသာ စီစဉ်ကြည့်ရပေတော့မည်။

နေဝင်ရီတရောမို့ အပမှီတာတို့ သရဲတစ္ဆေ ကပ်လိုက်တာတို့ကလည်း ဖြစ်တတ်သေးသည်မို့ အတော့်ကို ဂရုစိုက်လုပ်ရသည့် တာဝန်ဖြစ်ပေသည်။ ဒါကြောင့်လည်း သူကြီးဦးချစ်က သူ့လူရင်းဖြစ်တဲ့ သတ္တိလည်းကောင်း၊ အတွေ့အကြုံလည်း များသည့် ဖိုးကြွက်နီကို တာဝန်ပေးရခြင်းဖြစ်၏။ ဖိုးကြွက်နီတို့အဖွဲ့သည် လမ်းခရီးမှာ အဆင်မှ ပြေပါ့မလား။ သက်ဆိုင်ရာရွာတွေ ရောက်လျှင်ရော ဘာအခက်အခဲတွေ ကြုံတွေ့ရဦးမည်နည်းဟု ရင်တမမဖြင့် စိုးရိမ်ပူပန်မိပေမယ့်လည်း ဟိုရောက်တော့ အထင်နဲ့အမြင် တက်တက်စင်အောင်လွဲကာ အားလုံး အဆင်ပြေလေသည်။

သေသူတွေ၏ သက်ဆိုင်ရာ မိသားစုတွေ အော်ဟစ်ငိုကြွေးခြင်း၊ ရပ်မိရပ်ဖတွေနဲ့ ရွာသူရွာသားတွေ စိတ်မကောင်းဖြစ်ကြခြင်းတို့မှတစ်ပါး တောသူတောင်သားတို့၏ အယူအဆအတိုင်း သေနေ့စေ့၍ဟုသာ မှတ်ယူကြလေသည်။ ကိုကြွက်နီတို့လည်း သူတို့တာဝန် ပြီးဆုံးသဖြင့် သက်ဆိုင်ရာ မိသားစုဝင်တွေနဲ့ ရပ်မိရပ်ဖတွေကို ယခုကိစ္စအတွက် သူတို့ ရွာဖြူကုန်းရွာသူကြီး ဦးချစ်နဲ့ ရွာဖြူကုန်းရွာ တစ်ရွာလုံးမှလည်း များစွာစိတ်မကောင်းဖြစ်ရပါကြောင်း ပြောဆိုနှုတ်ဆက်ကာ ပြန်ခဲ့ကြလေသည်။

◆◆◆

တစ်နေ့သ၌ ဖိုးကြွက်နီ နေထိုင်ရာ ရွာအလယ်ပိုင်းသို့ ရွာမြောက်ပိုင်းမှ သံချောင်းတစ်ယောက် ပေါက်ချလာလေသည်။ သံချောင်းဆိုတာက ဖိုးကြွက်နီ၏ တပည့်လည်းဟုတ်၊ ညီဆိုလည်း ဟုတ်သည့်သူ ဖြစ်ပါ၏။ ဖိုးကြွက်နီ၏ ဦးလေးဖြစ်သူ ဦးမာဒင် ဆုံးပြီးကတည်းက ဖတ္တဆိုးသားလေး သံချောင်းနဲ့ အဒေါ်မုဆိုးမကြီးကို ဖိုးကြွက်နီက စောင့်ရှောက်ခဲ့ရလေသည်။

သံချောင်းတစ်ယောက် အရွယ်လေးရောက်လာတော့ တံငါအလုပ် လုပ်ချင်ပါသည်ဆိုတော့ ဖိုးကြွက်နီက... တွဲခေါ်သင်ပေးခဲ့ရသည်ပင်။ ခါတိုင်းဆိုလျှင် သံချောင်းတစ်ယောက် ဖိုးကြွက်နီအိမ်သို့ အနည်းဆုံး တစ်နေ့ တစ်ခေါက်လောက်တော့ ပုံမှန်လာရောက်နေကျဖြစ်၏။ ပြီး... ခဲ့တဲ့ တစ်ပတ်ကျော်ကမှ ဒီကောင်သံချောင်း ပျောက်... မလှ ပျောက်သွားသည်မှာ ဖိုးကြွက်နီ ဆူလိုက်၍ စိတ်... ဆိုးသွားခြင်းမှန်း ဖိုးကြွက်နီ သိ၏။ မဆူ၍လည်းမဖြစ်... ဒီညီဝမ်းကွဲလေးကို ဖိုးကြွက်နီက သနားကရုဏာသက်... သလို ညီအရင်းတစ်ယောက်လို ချစ်ခင်၍လည်း အ... အရာရာ အလိုလိုက် ဂရုစိုက်ခဲ့ပါ၏။

အလိုလိုက်တာ များလို့လားတော့မသိ။ ဖိုးကြွက်... က သေသေချာချာ ထပ်ခါတလဲလဲ တားမြစ်ထားသည့်... ကြားက သံချောင်းတစ်ယောက် မြစ်ကျဉ်းဘက် ငါး... ရှာနေသည်ဟု သတင်းထွက်လာ၏။ ဖိုးကြွက်နီ... ကြားကြားချင်း မယုံပေမယ့် သူ့ညီသံချောင်းကိုယ်တိုင်... ဟုတ်ပါသည်ဟု ဝန်ခံလေသောအခါ လွန်စွာစိတ်ဆိုး... ၏။ ဒေါသဖြစ်ဖြစ်နဲ့လည်း စကားခပ်ကြမ်းကြမ်း... သုံးနှုန်း ပြောဆိုလိုက်မိသည်။ အဲဒီနေ့ကတည်းက ဖိုး... ကြွက်နီအိမ်သို့ သံချောင်းတစ်ယောက် ပေါ်မလာတော့... တစ်ပတ်ကျော်နေပေပြီ။ ဒီနေ့မှသာ ဒီကောင် ဘာ... ကူးပေါက်၍ ရောက်လာမှန်းတော့ ဖိုးကြွက်နီ မသိ... ဖိုးကြွက်နီကလည်း ဒီကောင် ရောင့်တက်သွားမှာ... ရိမ်လို့သာ လိုက်မခေါ်ခြင်းဖြစ်သည်။ နေ့စဉ်လာကျ... ပေါ်မလာတော့လည်း မျှော်နေမိသည်။ ခုတော့လည်း...



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မရောက်ခင်ကို သံချောင်းအော်ခေါ်သံကို စကြားရလေသည်။

'ဗျို့..ကိုကြီးကြွက်နီရေ'

'ဗျို့..ကိုကြီးကြွက်နီရေ'

'မကြီးစမ်းရေ၊ ကိုကြီးကြွက်နီ မရှိဘူးလားဗျ'

'ရှိပါ့တော်။ လိုက်လည်းလိုက်တဲ့ ညီအစ်ကိုတွေ။ တစ်ယောက်ကလည်း ပေါ်မလာလို့ မျှော်နေပေမယ့် မထူးဘူး။ သံချောင်း..နင်ကလည်း ကိုယ့်အစ်ကိုအကြောင်း သိလျက်နဲ့ နေနိုင်လွန်းတယ်။ ခုတော့ မနေနိုင်တဲ့အဆုံးမို့ ပေါက်ချလာတာ မဟုတ်လား'

ဖိုးကြွက်နီ၏ဇနီးချော မစမ်းက တန်းပြောလိုက်ခြင်းဖြစ်သည်။ သံချောင်းက သွားဖြီးကြီးနဲ့ ဟုတ်မှန်ကြောင်း အချက်ပြလေ၏။ ဖိုးကြွက်နီကလည်း အိမ်ပေါ်ကနေ ထူးချင်ပေမယ့် မကြားဟန်ပြုနေ၏။ နောက်တော့ မိန်းမဖြစ်သူ မစမ်းကပါ သူရှိတယ်လို့ လှမ်းပြောလိုက်လေတော့ မထူး၍ မကောင်းတော့ချေ။ ဒါနဲ့ပဲ ပြန်အသံပြုလိုက်ရလေ၏။

'အေး..ရှိတယ်ဟ ညီလေးသံချောင်းရ။ လာလေကွာ၊ အိမ်အပေါ်ကို'

'ဟုတ်ကဲ့၊ လာပြီ..လာပြီ ကိုကြီးကြွက်နီရေ'

သံချောင်းက ပါးစပ်ကလည်းပြော၊ လူကလည်း လှေကားပေါ် ပြေးတက်သွားလေသည်။ ဖိုးကြွက်နီသည် အကြမ်းပန်းကန်ထဲကို ရေနွေးကြမ်းငှဲ့ရင်း သူ့ညီသံချောင်းကို တစ်ချက်အကဲခတ်ကြည့်၏။ သံချောင်းကတော့ ဘာမှ မထူးခြားသည့်ပုံစံဖြင့် အိမ်ပေါ် ရောက်လျှင်ရောက်ချင်း ဖန်ဘူးထဲက ထန်းလျက်တစ်ခဲကို ကောက်ငုံလေသည်။ ပါးစပ်ကလည်း အာလုတ်သံကြီးနှင့် စကားဆိုလိုက်သေးသည်။

'ကျွန်တော် ထိန်တောဘက်ရောက်နေလို့ ကိုကြီးကြွက်နီဆီ မရောက်ဖြစ်တာဗျ'

'ဟေ..မင်းက ထိန်တောဘက် ဘာကိစ္စရှိလို့ သွားရတာကုံး။ မင်း ငါ့ကိုလည်း မပြောမဆိုနဲ့။ အဲဒီဘက်က လူမိုက်များတယ်ကွ။ လူစိမ်းအဝင်အထွက်ဆို သိပ်ကြိုက်တာ မဟုတ်ဘူးဟ'

'ဟာ..လူမိုက်ပေါလည်း မတတ်နိုင်တော့ဘူး ကိုကြီးကြွက်နီရာ။ ကျွန်တော်တို့နားက ငါးသိပ်မပေါ်တော့ဘူးဗျ။ ရှာတဲ့သူက ပိုများနေတာလည်း ပါမယ်။ မြစ်ကျဉ်းဘက်ကျတော့လည်း ငါးပေါ်ပေမယ့် ကိုကြီးကမှ မကြိုက်တာ။ အင်းတွေမှာကလည်း နေ့စားတွေက ပုံခံနေတာလေဗျာ'

'မင်းပြောတာ ငါးနားလည်ပါတယ် ညီလေးရာ။ ဒါပေမဲ့ သူများတွေလည်း ဒီလိုအချိန်အခါမှာ အခက်အခဲတွေ ကိုယ်စီရှိနေကြတာပဲလေ။ မင်းတစ်ယောက်တည်းမှ ထူးပြီး မပြေလည်တာ မဟုတ်ဘူးလေကွာ။ ငါ့မှာကလည်း သားသမီးအရင်းအချာဆိုလို့ တစ်ယောက်မှ မရှိကြတော့ သွေးရင်းသားရင်းဖြစ်တဲ့ မင်းပဲ ရှိတာရယ်။ ငါ့အနေနဲ့ မင်းကို မဆုံးရှုံးချင်ဘူး ညီလေးရာ။ မြစ်ကျဉ်းကိုတော့ မသွားချင်စမ်းပါနဲ့ကွာ။ ကံမြင့်နေတုန်းသာ ကောင်းတာရယ်။ ကံနိမ့်တဲ့အခါကျရင် အသက်ပါ ပေးလိုက်ရမှာကွ။ မင်းက မြစ်ကျဉ်းကို ဘာမှတ်နေလဲ။ မင်းအစ်ကို ငါက ကိုယ်တွေ့ကြုံခဲ့တာတွေ များပြီဟ'

'ကျွန်တော်လည်း ကိုကြီးကြွက်နီရဲ့စကားကို ဘယ်နှစ်ခါများ ပယ်ရှားဖူးတာ ရှိလို့လဲ။ ဟိုတစ်ပတ်ကျော်က သွားမိတာကလည်း မိုးညိုမြို့ပေါ်ကလူတွေ သူကြီးအိမ်လာလည်ရင်း မြစ်ကျဉ်းအကြောင်းပြောတာ ကြားလို့ဗျ'

'ဟေ..သူတို့က ဘယ်လိုပြောလို့လဲ'

'ဟိုးအရင်ကလည်း မြစ်ကျဉ်းလူစားတယ်ဆိုလို့ သူတို့အဖွဲ့ပဲ လာစစ်ဆေးတော့ ငါးရွှေတွင်း ရှိနေတယ်တဲ့။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်က လှေမှောက်ရမှာလည်း လှေသမားတွေက သူတို့ အပြစ်လွတ်ချင်လို့ ဇာတ်လမ်းဆင်ပြီး ပြောခဲ့တာတဲ့ဗျ'

'ဒီမှာ ငါ့ညီသံချောင်းရေ၊ သူတို့က ပါးစပ်ပြောပဲကွ။ တကယ့်လက်တွေ့ကျကျ အသက်နဲ့ရင်းပြီး လုပ်နေရတာက ငါတို့ကွ။ သေမှာကြောက်လို့ ပြောနေတာ မဟုတ်ပါဘူးကွာ။ လူဆိုတာ တစ်နေ့ သေကြရမှာ၊ သေမျိုးချည်းပဲ။ ဒါပေမဲ့ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့် ဆိုသလိုပေါ့ကွာ။ သိသိကြီးနဲ့တော့ မမိုက်စေချင်တာပါ။ ရေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့ ဆိုတဲ့ စကားလည်း ရှိသေးတယ်မဟုတ်လား။ ငါမှမပြောရင် ငါ့သွေးငါ့သား မင်းကို ဘယ်သူက လာဆုံးမပါ့မလဲ။ မင်းကို တံငါလောကထဲကို သွင်းပေးမိတဲ့ ငါ့ကိုယ်ငါပဲ အပြစ်တင်မိနေတယ်။ နောင်တလည်း ရမိတယ်ကွာ'



www.burmeseclassic.com

'မဆိုင်ပါဘူး ကိုကြီးကြွက်နီရာ။ ကိုကြီးအနေနဲ့ အပြစ်မရှိစေရဘူး။ နောင်တလည်း မရစေရဘူး။ အစ်ကို မကြိုက်တာ ကျွန်တော် မလုပ်တော့ပါဘူး။ ကျွန်တော် ဆင်ခြင်ပါတော့မယ်။ ကျွန်တော် ကတိပေးပါတယ်ဗျာ'

'ညီလေးသံချောင်း··မင်း တကယ်ပြောတာနော်။ အစ်ကို ဝမ်းသာလိုက်တာကွာ။ ဒါမှ ငါ့ညီသံချောင်းကွ' ဟု ဝမ်းသာပီတိတွေဖြစ်ကာ သူ့ညီအား ငယ်ငယ်ကလိုပဲ ပွေ့ဖက်နမ်းရှုံ့မိလေတော့သည်။

◆ ◆ ◆

'လက်ပံပွင့်တွေ××× လေအတိုက် ကြွေတဲ့အခိုက် မှာ×× တဝဲဝဲဝင့်လို့ လေယာဉ်ပမာ××× သြော်···ချစ်စရာ ချစ်စရာ မြင်ရပါလေဦးတော့မည်××× အညာဌာနီ××× တစ်ခါလာမည်××× ကျွန်တော့်အတွက်တော့ မေ့မရပါ လေပြီ×××'

သီချင်းလေး တအေးအေးဖြင့် ကျောင်းတွင်းရေခပ် နေသည့် သံချောင်းကို ပြုံးပြီးငေးကြည့်နေသော ဖိုးကြွက်နီ အနီးသို့ သူကြီးဦးချစ် ရောက်နေသည်ကိုပင် ဖိုးကြွက်နီ တစ်ယောက် သတိမပြုမိချေ။ ထို့ကြောင့် သူကြီးကပဲ သူ့ကို စတင်နှုတ်ဆက်လေသည်။

'ဟ··ပြုံးလှပါလား ဖိုးကြွက်နီရ။ သံချောင်း ရေခပ် ရင်း သီချင်းဆိုတာ ဘာတွေ ဒီလောက်တောင် သဘော ကျနေသလဲကွ'

'ဘာမှတော့ မဟုတ်ရပါဘူး သူကြီးရာ။ ကျွန်တော့် ညီ သံချောင်းဘဝလေး အေးချမ်းသွားတာ ပီတိဖြစ်လို့ပါ ခင်ဗျ'



'အေးကွာ၊ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွ[illegible] ချိန်တန်လို့လည်း ဖြစ်မှာပါ။ ငါ့မှာဖြင့်ကွာ··သံချော[illegible] သတင်း စကြားခါစက အတော့်ကို စိတ်မကောင်းဖြစ်[illegible] တာဟ။ ယုံတောင် မယုံနိုင်စရာပါ'

'ဟုတ်တာပေါ့ သူကြီးရာ။ ကျွန်တော်က ပိုခံစား[illegible] တာပေါ့ဗျာ။ ကျွန်တော့်မှာက သွေးရင်းသားရင်းဆို[illegible] ပြေးကြည့်မှ ဒီညအစ်ကိုနှစ်ယောက်တည်း ရှိတာဗျ။ ပို[illegible] တာက ဒီတံငါလောကထဲကို ကျွန်တော်ကပဲ သူ့ရဲ့အ[illegible] ဆန္ဒကိုလိုက်ပြီး တွဲခေါ်ခဲ့တာလေဗျာ။ ဖြစ်စကဆို ပ[illegible] လို့ ထင်ထားတာပါ။ ကျွန်တော်ကိုယ်တိုင် အမြဲသွန်[illegible] ဆုံးမနေတဲ့ကြားက မိုက်လုံးကြီးလို့လည်း ယူကျုံးမ[illegible] မိပါတယ်'

'မင်းဘက်ကကြည့်ရင်လည်း မှန်ပါတယ် ဖိုးကြွ[illegible] ရာ။ လူဆိုတာကလည်း ခက်တယ်ကွ။ မလုပ်နဲ့ဆို[illegible] အရာကိုမှ လုပ်ကြည့်ချင်တယ်။ ဒီနေရာတော့ မသွားနဲ့[illegible] သွားဖြစ်အောင်ကို သွားတတ်ကြတယ်။ စမ်းသပ်ကြ[illegible] ချင်တဲ့၊ စပ်စုကြည့်ချင်တဲ့ လူသဘော ဆိုပါတော့[illegible] သံချောင်းလည်း ဒီစိတ်ကြောင့်သာ သွေးပျက်ဖွယ် အ[illegible] ဆိုးကြီးနဲ့ ကြုံခဲ့ရတာပေါ့ကွ'

'အင်းပေါ့ဗျာ၊ ဒီလောက်ဖြစ်တာကိုပဲ အဆိုး[illegible] အကောင်းလို့ မှတ်နေရတာကိုးဗျ။ တစ်ခုခက်တာက [illegible] ကြီးရ၊ ဒီကောင်က သူစိတ်လိုတဲ့အချိန်မှ ဒီအကြောင်[illegible] ကို ပြောပြတာနော်။ အောင်မယ်··ဒါတောင် သူက [illegible] ရွေးလိုက်သေးသဗျ'

'မင်းကိုပဲ သူက ယုံကြည်လို့နေမှာပေါ့ ဖိုးကြွ[illegible] ရာ။ နောက်ထပ် သူယုံကြည်တဲ့ သူတွေကတော့ [illegible] မြောက်ပိုင်းက ကလေးတွေကွ။ အဲဒီကလေးတွေ[illegible] စိတ်လည်တဲ့ အချိန်ဆို ပြောဆိုဆုံးမသတဲ့ဟ။ ဒါ[illegible] တစ်ခါ,တစ်ခါ ပြောနေရင်းနဲ့ ထဖောက်လို့ က[illegible] တွေက သူတို့က လေးတွေကို စိတ်မချဖြစ်ပြီး [illegible] သံချောင်းအနား မကပ်ဖို့ တားမြစ်ထားကြတယ်[illegible] ဒါပေမဲ့ သံချောင်းဟာ အန္တရာယ်ရှိတဲ့ လူမျိုးတော့ [illegible] ပါဘူးကွာ'

'မိဘဆိုတော့လည်း စိုးရိမ်ပေမပေါ့ သူကြီး[illegible] တော်တောင်မှ ကျွန်တော့်ညီလေးကို ဒီလောက်[illegible] တာဗျာ၊ သူတို့က မိဘဆိုတော့ ပိုချစ်မှာပေါ့။ မိ[illegible]

နှိုင်းစရာမှ မရှိတာကိုးဗျ။ ကဲ..ကဲ..သူကြီးရေ၊ စကားကလည်း ပြောလို့ကောင်းပါရဲ့။ ကျွန်တော့်မှာ ကိစ္စလေးတွေရှိသေးလို့ သွားခွင့်ပြုပါဦးဗျာ'ဟု သူကြီးကို နှုတ်ဆက်ပြီး ခွင့်ပြုချက်ရသည်နှင့် ဖိုးကြွက်နီတစ်ယောက် ရွာမြောက်ပိုင်းသို့ ခြေဦးတည်လိုက်လေသည်။

လမ်းလျှောက် နေရင်းလည်း သံချောင်းအကြောင်းကို ပြန်ပြောင်းစဉ်းစားလာခဲ့ပါသည်။

◆◆◆

သံချောင်းသည် သူ့အစ်ကို ဖိုးကြွက်နီကို မြစ်ကျဉ်းမှာ ငါးမရှာတော့ပါဘူးဟု ကတိပေးပြီးနောက် စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်သို့ပြန်ခဲ့လေသည်။ ဖြစ်ချင်တော့ လမ်းမှာ ကိုကြီးကြွက်နီတပည့် ကိုမောင်အုံးကြီးနှင့် ဆုံလေ၏။ ကိုမောင်အုံးကြီးနှင့် ဖြစ်နိုင်လျှင် သံချောင်း မဆုံလိုပေ။ ဒီလူကြီးနဲ့ပေါင်းမှ သံချောင်း အရက်သောက်တတ်လာသလို လူတွေ့တိုင်း အရက်ပဲ တိုက်ခိုင်းနေလို့ စိတ်ပျက်မိသည်။ ခုတော့ တည့်တည့်တိုးချေပြီ။ ရှောင်ထွက်သွားဖို့ကလည်း ရွာတစ်ပိုင်းတည်းသားချင်းမို့ မသင့်လျော်ချေ။ ဒါနဲ့ သံချောင်းကပဲ ဦးအောင် နှုတ်ဆက်လိုက်ရလေသည်။

'ကိုကြီးမောင်အုံး..ဘယ်တုန်းဗျ'

'ဘယ်တုန်းဗျ လုပ်မနေနဲ့ သံချောင်းရ။ ငါ မင်းကို လိုက်ရှာနေတာဟ'

'ဘာကိစ္စထူးလို့လဲဗျ'

'ထူးတာပေါ့ မောင်ရာ။ လာကွာ၊ ကိုကြီးကျော်ဆိုင်ရောက်မှ ပြောပြမယ်'ဟု အတင်းဆွဲခေါ်နေသဖြင့် ကိုမောင်အုံးနောက် သံချောင်းတစ်ယောက် ကန့်လန့် ကန့်လန့် ပါချသွားလေ၏။

ကိုကြီးကျော်ဆိုင် ရောက်တယ်ဆိုလျှင်ပဲ ကိုမောင်အုံးက သူ့ထုံးစံအတိုင်း ဆိုက်ကြီး(ဘီအီး) တစ်လုံးနဲ့ ကြက်ဥကြော်တစ်ပွဲ မှာလေသည်။ ထို့နောက် ကိုမောင်အုံးနှင့် သံချောင်းတို့ နှစ်ယောက်သား သောက်ရင်းစားရင်းနှင့် ထွေထွေထွေလေး ဖြစ်လာပါသည်။

ထိုမှ တစ်ဖန် ကိုမောင်အုံးသည် ဆိုက်ကြီးတစ်လုံးမှာရင်း ရွာတောင်ပိုင်းက ကောင်တွေက သူ့ကို သံချောင်းတစ်ယောက် မြစ်ကျဉ်းမှာ ငါးရှာရဲတယ်ဆိုတာတွေ့အကြောင်းပြောကာ ကြက်နှစ်ပီသာနှင့် အရက်အဝတိုက်ကြေး စိန်ခေါ်သဖြင့် အလောင်းအစားတစ်ခု လုပ်ခဲ့ကြောင်း ပြောပြပါသည်။

သံချောင်းက သူ့အစ်ကိုကြီး ဖိုးကြွက်နီကို ကတိပေးထားသဖြင့် မြစ်ကျဉ်းသို့ ငါးသွားမရှာလိုကြောင်း ပြောပေမယ့် ကိုမောင်အုံးက သူပြောပြီးဆိုပြီးသားဖြစ်နေ၍ ဒီတစ်ခါတော့ ကူညီပါရန် တောင်းဆိုလေသည်။ ကိုမောင်အုံးကပဲ ဆက်လက်ပြီး သူ့ဆရာ ဖိုးကြွက်နီ သိလျှင်လည်း သူကိုယ်တိုင် လိုက်တောင်းပန်ပေးပါမည့်အကြောင်း ကတိပါခံလေသည်။ သံချောင်းသည် အရက်အရှိန်ကလေးကလည်းရ၊ ကိုမောင်အုံးကလည်း ကတိခံပြန်၊ လူငယ်သဘာဝ မခံချင်စိတ်ကလေးကလည်း ခေါင်းထောင်လာပြန်တော့ အလောင်းအစားကို သူ့ဘက်ကပါ လက်ခံလိုက်လေသည်။

သံချောင်းသည် လေ့ပေါ်တက်ခါနီး၌ စိတ်ထဲ နည်းနည်းလေးနေသဖြင့် ကိုမောင်အုံးကို ဆိုက်ကြီးတစ်လုံး ထည့်ပေးလိုက်ဖို့ ပြောလိုက်ပါသည်။ ကိုမောင်အုံးကလည်း ဒါမျိုးတော့ အလိုက်အလွန်သိသည်။ တစ်လုံးမှာရာ နှစ်လုံးပင် ထည့်ပေးလိုက်ပါ၏။ သံချောင်း အရက်တစ်ငုံမော့ပြီး လှေစထွက်လေတော့၏။ စိတ်ထဲကလည်း သူများတွေပြောတော့ အရက်က ခါးတယ် ခါးတယ်နှင့် ငါသောက်တော့လည်း ချိုနေတာပါပဲလားဟု တွေးရင်း တစ်ချက်ပြုံးလိုက်သေးသည်။

ရေဆန်လေဆန်ကို ဆန်တက်ပြီး လှော်လိုက် သောက်လိုက်နှင့် မြစ်ကျဉ်းရောက်မှ အသောက်ရပ်ကာ ငါးဖမ်းဖို့ စတင်ပြင်ဆင်လေတော့သည်။ ဒီနေ့မှ ရာသီဥတုကလည်း ကိုယ့်ဘက်ပါနေသဖြင့် အရက်ကလေးမော့လိုက်၊ ငါးဖမ်းလိုက်နှင့် ကံကိုကလိုက်တာ။ ငါးချောချောသန့်သန့်တွေချည်း ရပါ၏။ ဒီလိုနဲ့ သံချောင်းမှာ ငါးဖမ်းကောင်းကောင်းနှင့် ဖမ်းလိုက်ရာ နွားရိုင်းသွင်းချိန်ရောက်မှပင် အလုပ်သိမ်းဖို့ သတိရလေ၏။ ခုမှ ပတ်ဝန်းကျင်အခြေအနေကို လှည့်ပတ်ကြည့်ရှုရင်း ခါတိုင်းဆို ဒီနေရာမှာ ဒီအချိန်အထိ မနေသင့်မှန်းကို ပြေးသတိရမိကာ ကြက်သီးတွေ ဖြန်းခနဲထလာပါ၏။

သံချောင်း စိတ်ကိုတင်းပြီး လက်ကျန်အရက်ကို တစ်ချက်ကောက်မော့လိုက်မှ ကြောက်စိတ်အတန်ငယ် ပြေသွား၏။ သွေးလေးနည်းနည်း ပူလာတုန်း ကမ်းကပ်ပြီး

www.burmeseclassic.com

ပိုက်ကွန်တွေ ရေချ၊ ဆေးကြောနှင့် လုပ်စရာ ကိုင်စရာ ရှိတာတွေ အကုန်လုပ်ရပါ၏။ တစ်အောင့်လောက်ကြာမှ ကိစ္စဝိစ္စတွေ အကုန်ပြီးလို့ ခါးကြောတစ်ချက်ဆန့်ရင်း ဘေးဘီကြည့်မိတော့ ကမ်းမှားကပ်မိမှန်း ချက်ချင်းသိလေသည်။

'အမယ်လေး··ဘုရား··ဘုရား··ဘယ်လိုများ ဖြစ်ပါလိမ့်' ဟု သံချောင်း ရေရွတ်မိပါသည်။ သံချောင်းရဲ့ငါးဖမ်းသက်တမ်းတစ်လျှောက်မှာလည်း တစ်ခါမှ ခုလိုမျိုး မဖြစ်ဖူးချေ။

သံချောင်းစိတ်မှာ အသိတစ်ခု ချက်ချင်းတန်းဝင်လာပါသည်။

'ကမ်းက အမြန်ခွာမှ ဖြစ်တော့မယ်' ဆိုပြီး ဒရေသောပါး လှော်တက်ကောက်ကိုင်လိုက်စဉ်မှာပဲ သံချောင်းတစ်ယောက် သူ့နောက်ကျောဘက်မှ အသံနွဲ့နွဲ့နှင့် စကားပြောသံကို ကြားလိုက်ရပါသည်။

'မောင်ကြီးရေ··မှောင်ခါနီးမို့ နှမ လှေကြုံလေး· လိုက်ပါရစေရှင်'

သံချောင်းခမျာ တစ်ယောက်တည်းမို့ လန့်လန့်ဖျပ်ဖျပ်ဖြင့် နောက်လှည့်ကြည့်လိုက်ရာ လှလိုက်သည့် မိန်းကလေး၊ သူ့တစ်သက် ဒီလောက်လှတာ မမြင်ဘူးပေ။ သံချောင်းစိတ်ထဲမှာလည်း နှစ်ခွဖြစ်နေပေသည်။

လှေကြုံတင်ခေါ်ခဲ့ရကောင်းမလား၊ ထားခဲ့လိုက်ရကောင်းမလား။ မိန်းကလေးတစ်ယောက်တည်း ဒီလိုအချိန်၊ ဒီနေရာမှာ ပစ်ထားခဲ့ရတော်ပါ့မလား။ နှမချင်းမစာနာရာများ ကျနေမလားဆိုပြီး လားပေါင်းများစွာဖြင့် သံချောင်း ဆုံးဖြတ်ရခက်နေချိန်မှာပဲ မိန်းကလေးက စကားထပ်ဆိုလာပါသည်။

'နှမက လူပါ မောင်ကြီးရယ်၊ နှမကို ကူညီပါရှင်'

အသနားခံ ပြောလေသောအခါ သံချောင်းမှာ မျက်နှာနီရဲသွားပြီး-

ဟယ်··ငါယောကျ်ားအရင့်အမာကြီး လုပ်နေပြီး ကြောက်တတ်ရန်ကောလို့ စိတ်ထဲမှ ရှက်ကာ 'ကဲ··လာ၊ တက်··တက်' ဆိုပြီး လှေကို ကမ်းကပ်ပေးလိုက်တော့သည်။

မိန်းကလေးက လှေပေါ် လှမ်းအတက်မှာပဲ လှေအရမ်းခါသွားသဖြင့် သံချောင်းက ဟန်ချက်ညီအောင် ထိန်းပေးလိုက်ရပါသေး၏။

ထိုစဉ်မှာပဲ သံချောင်းနှာခေါင်းမှာ အမွှေးနံ့ရသဖြင့်-

'မွှေးလိုက်တာဗျာ'

လို့ သံချောင်းကပြောတော့ မိန်းကလေးက အသံလွင်လွင်ကလေးနဲ့ တခစ်ခစ်ရယ်ပြီး-

'မွှေးမှာပေါ့ မောင်ကြီးရယ်၊ နှမလေးက အပျိုရှင်' ဟု ပြောပြီး တစ်အောင့်လောက်အကြာမှာ နံလိုက်သည့် ပုပ်စော် နှာခေါင်းထဲ စုပ်သွင်းတဲ့အတိုင်းပဲ။

သံချောင်းက မိန်းကလေး ဘာများပြောလေမလဲလို့ လှမ်းကြည့်တော့ ဘာမှမဖြစ်သလို နေနေသဖြင့်-

'နှမလေးရယ်··ပုပ်စော်နံလိုက်တာဗျာ'

လို့ ထပ်ပြောမှ မိန်းကလေးက တဟားဟားအော် ရယ်ရင်း-

'နံမှာပေါ့ရှင်။ နှမလေးက ရေနစ်သေတာ ကြာပြီ ရှင့်' ဟု ဆိုတော့ သံချောင်းက မိန်းကလေး နောက်နေ တယ် ထင်၍ မိန်းကလေးမျက်နှာကို အကဲခတ်ကြည့်စဉ် မှာပဲ မိန်းကလေးမျက်နှာ ပျောက်ကွယ်ကာ ခေါင်းပြတ် ကြီးလည်းဖြစ်သွားရော ဘာပြောကောင်းမလဲ သံချောင်း ငယ်သံပါအောင်အော်ပြီး လှေကို တရကြမ်းလှော်ရာ သူ နေထိုင်ရာ ရွာဖြူကုန်းရွာကို ကျော်သွားလို့ ကျော်သွား မှန်းမသိ ထိန်တောရောက်မှ အမောဆို့ပြီး လှေကမ်းကပ် သည် ဟူ၏။

♦♦♦

ဖိုးကြွက်နီသည် သူ၏အတွေးစတွေကို ဖျက်ပစ်လိုက် ရသည်။ မဖျက်ပစ်၍လည်း မရပေ။ သူ့ရှေ့မလှမ်းမကမ်း မှာ သူ့ညီသံချောင်းတစ်ယောက် အစကတော့ လူဆို အစကတော့ လူဆိုဟုအော်ပြီး လျှောက်လာလေသည်။ ဒီလိုနွေရာသီရောက်ပြီဆိုလျှင် သူ့ညီသံချောင်းတစ်ယောက် မှာ မနက်ပိုင်းမှာသာ သီချင်းလေး တအေးအေးဖြင့် သောက်ရေခပ်ဆင်းတတ်ပေမယ့် နေကလေးမြင့်ပြီဆိုလျှင် နှင့် သူ့ရဲ့ မူပိုင်လက်သုံးစကားဖြစ်တဲ့ 'အစကတော့လူဆို' ဟု အော်လျှောက်နေကျဆိုတာကို သံချောင်းရဲ့အစ်ကို ဖြစ်သူ ဖိုးကြွက်နီတစ်ယောက် ကောင်းစွာသဘောပေါက် သည် မဟုတ်ပါလား။

လေးစားစွာဖြင့်

ဝင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

'လာဟော့ သူငယ်ချင်း'

ဝင်းသိန်းနှင့် ကျွန်တော်က သူငယ်ချင်း၊ အိမ်ချင်း နီးသည်။ မီးထွန်းချိန် ရောက်တိုင်း အိမ်သို့ လာ၍ ရေနွေးကြမ်းသောက်ရင်း စကားပြောလေ့ရှိသော သူငယ်ချင်းကို ကျွန်တော်က ခေါ်လိုက်ခြင်း ဖြစ်သည်။

# ပန်းတနော် နောင်လေတ် တစ်ချက်လွှတ်




www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါ ဝင်းသိန်း ရောက်လာသည်မှာ တစ်ယောက်တည်းမဟုတ်၊ လူစိမ်းတစ်ယောက် ပါလာသည်။

'ဧည့်သည်ပါလာတာကိုး၊ ထိုင်ကြပါ။ ရေနွေးကြမ်းသောက်၊ ပဲလှော်ဝါး၊ ထန်းလျက်စား'

သူတို့နှစ်ယောက်က ရေနွေးကြမ်းဝိုင်းတွင် ဝင်ထိုင်သည်။

'သူငယ်ချင်း…ဒါ ငါတို့အိမ်ကို လာလည်တဲ့ ငါ့မိတ်ဆွေ ကိုခင်မောင်မြင့်တဲ့။ ကိုခင်မောင်မြင့်…ဒီကောင်က စာရေးတယ်။ ကလောင်နာမည်က ပန်းတနော်နောင်လတ်။ ခင်ဗျားအကြောင်းတွေ သူ့ကိုပြော၊ စာရေးလိမ့်မယ်'

ဝင်းသိန်းက မိတ်ဆက်စကား ပြောပြီးသည်နှင့် ပဲလှော်ဝါးသည်။ ကိုခင်မောင်မြင့်က ရေနွေးကြမ်းတစ်ငုံသောက်ပြီး အကြမ်းပန်းကန်ကို ပြန်ချသည်။ ပြီးမှ စကားစသည်။

'တွေ့ရတာဝမ်းသာပါတယ် ဆရာ။ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက်ပါ။ ကျွန်တော့်အမျိုးသမီးကလည်း အင်ဂျင်နီယာပါပဲ။ နာမည်က ချိုချိုနိုင်လို့ ခေါ်ပါတယ်။ ကျွန်တော်ပြောပြမှာက ကျွန်တော့်အကြောင်းမဟုတ်ပါဘူး။ ချိုချိုမောင်လေး ကိုအောင်ကိုလင်းနဲ့ ဆက်စပ်တဲ့ အကြောင်းပါ'ဟု နိဒါန်းပျိုးပြီးမှ ပြောသည်။

စကားပြောကောင်းသော ကိုခင်မောင်မြင့်၏ စကားကို နားထောင်ရသည်မှာ အသံလွှင့်ဇာတ်လမ်းကောင်းတစ်ပုဒ် နားသောတဆင်ရသည်နှင့် တူသည်။

◆◆◆

မြို့က မြို့ကြီး။ မျက်စိအထူးကုပါရဂူကြီး နာမည်က ဦးကိုကိုအောင်၊ ဦးကိုကိုအောင်၏ဇနီးက ဒေါ်သန္တာချို၊ မြို့နယ်ဆရာဝန်မကြီး။

ဥပုသ်စောင့်ရန် ဥပုသ်ဇရပ်သို့ ဒေါ်သန္တာချို ရောက်လာသောအခါ ရောက်နှင့်နေကြသော ဒေါ်သီဂီ၊ ဒေါ်အေးအေးမာ၊ ဒေါ်မြမြင့်မိုရ်တို့ကို တွေ့ရသည်။

'ဒေါ်သန္တာချိုကို မလာတော့ဘူးလို့တောင်ထင်တာ'

'အလုပ်ကများလို့ နည်းနည်းနောက်ကျသွားတာပါ။ ဒေါ်အေးအေးမာ၊ ဒေါ်မြမြင့်မိုရ်တို့ ရောက်နေတာ ကြာပြီလား'

'သိပ်တော့ မကြာသေးပါဘူး။ ဒေါ်သီဂီနဲ့ ရှေ့ဆင့်နောက်ဆင့် ဆိုပါတော့'

ဒေါ်သီဂီက သီဂီရွှေစင် စိန်ရွှေရတနာရောင်းဝယ်ရေးပိုင်ရှင်၊ ဒေါ်အေးအေးမာက ပါရမီသက်နှ်းပရိက္ခရာရောင်းဝယ်ရေးပိုင်ရှင်၊ ဒေါ်မြမြင့်မိုရ်က မြမြင့်မိုရ် ပရိဘောဂလုပ်ငန်းပိုင်ရှင်။

မြို့နယ်ဆရာဝန်မကြီး ဒေါ်သန္တာချိုက ဥပုသ်ဇရပ်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ရိုသေစွာရှိခိုးကန်တော့သည်။ သီလပေးမည့် ဆရာတော် မကြွလာသေးမီ အဆင်သင့်ချထားသော လှူဖွယ်ပစ္စည်းများ နေရာတွင် ယူလာသောအမွေးတိုင်၊ ဖယောင်းတိုင်များ ချထားပြီး ဝတ္ထုငွေတစ်ထောင်ကို ရေစက်ခွက်ထဲ ထည့်သည်။ ပြီးမှ သီလယူဖော်များရှိရာ ပြန်လာသည်။

ဒေါ်သန္တာချို ပြန်ရောက်လာတော့ အမျိုးသမီးကြီးများက စကားဝိုင်းဖွဲ့နေဆဲ။ ဥပုသ်စောင့်ရန် သွားသူများအနက် အချို့မှာ သီလမယူမီ အချင်းချင်းစကားလက်ဆုံပြောမကုန် ဖြစ်နေကြသည်မှာ ကြာပြီ။

'ဒါနဲ့ စကားမစပ် မေးရဦးမယ်။ ဒေါ်မြမြင့်မိုရ်ရဲ့သားလေး မောင်အောင်မြင့်က အခု ဘယ်နှစ်တန်း ရောက်နေပြီလဲ'

'သားလေးက ကိုးတန်းတက်ရမယ်။ မနှစ်က ရှစ်တန်းမှာ လူရည်ချွန်ရတယ်'

'တစ်ဦးတည်းသားနော်။ တော်လိုက်တာရှင်'

'ဒေါ်အေးအေးမာရဲ့သမီး မအေးအေးဝင်းကမှ တော်တာပါ။ ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးရတယ်'

'ဟုတ်ကဲ့၊ ဝမ်းတူတင်း(န်)ထဲ ဝင်ပါတယ်'

'တော်လိုက်တာနော်။ ဒေါ်သီဂီမှာရော သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်မဟုတ်လား'

'ဟုတ်ကဲ့ ရှိပါတယ်'

'ဘယ်အတန်းတွေ ရောက်ကုန်ပြီလဲ'

'သမီးကြီး ယမင်းရွှေရည်က တစ်နှစ်ကတည်းက ဘွဲ့ရပါတယ်။ ဒါပေမဲ့ အပြင်လုပ်ငန်းမလုပ်ဘဲ ကျွန်မ ရွှေဆိုင်မှာပဲ ထိုင်ပါတယ်'

'သားကရော'

'သားလေး နေသူရိန်က သူ့မမထက် တော်တယ် သူငယ်တန်းကတည်းက အတန်းတိုင်း ဒုတိယရတယ်'

'ဟုတ်လား၊ အခု ဘယ်နှစ်တန်းလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဆေးတက္ကသိုလ် နောက်ဆုံးနှစ်'

'တော်လိုက်တာရှင်၊ တော်လိုက်တာ'

စကားဝိုင်းထဲ ဝင်မပါဘဲ သူများပြောစကားသာ တပြုံးပြုံးနားထောင်နေသူက ဒေါ်သန္တာချို။

'ဒေါ်သန္တာချိုမှာရော သားသမီးတွေ ရှိတယ်မဟုတ်လား'

'ရှိပါတယ် ဒေါ်အေးအေးမာ'

'ဘယ်နှစ်ယောက် ရှိလဲရှင့်'

'ငါးယောက်ပါ'

'ပညာအရည်အချင်းလေး ပြောပါဦး'

'ပြောပါမယ် ဒေါ်မြမြင်းမိုရ်၊ သားအကြီးဆုံး အောင်ကိုဝင်းက သူ့အဖေလိုပဲ ပါရဂူ၊ သူ့အဖေ ကျွန်မခင်ပွန်း ဦးကိုကိုအောင်က မျက်စိအထူးကုပါရဂူ၊ သားကြီးအောင်ကိုဝင်းက ရင်ခေါင်းခွဲစိတ်အထူးကုပါရဂူ။ သူ့အောက်က အင်ဂျင်နီယာမက ချိုချိုခိုင်၊ ချိုချိုခိုင့်အောက် ယောကျ်ားလေးက နိုင်ငံခြားသင်္ဘောကပ္ပတိန်၊ နာမည်က အောင်ကိုမင်း။ အောင်ကိုမင်းအောက် ချိုချိုလှိုင်က လေယာဉ်မယ်။ အငယ်ဆုံးသားလေး အောင်ကိုလင်းက ဆေးတက္ကသိုလ် နောက်ဆုံးနှစ်'

'ဒါဆို ဒေါ်သန္တာချိုရဲ့သား မောင်အောင်ကိုလင်းက ဒေါ်သီဂီရဲ့သား မောင်နေသူရိန်နဲ့ အတန်းအတူတူပေါ့။ သူတို့က သူငယ်တန်းကနေ အခု ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အထိ ကျောင်းအတူတူနေတာ၊ အတန်းအတူ တက်တာထင်တယ်'

'ဟုတ်ပါတယ်'

'ဒေါ်သီဂီရဲ့သား မောင်နေသူရိန်က သူငယ်တန်းကနေ အခု ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အထိ အတန်းတိုင်း ဒုတိယရသလို ဒေါ်သန္တာချိုရဲ့သား မောင်အောင်ကိုလင်းကရော ပညာတော်တယ် မဟုတ်လား'

'သိပ်မတော်ပါဘူး'

'အဆင့်ဘယ်လောက်ရလို့လဲ'

'ဒေါ်သီဂီရဲ့သား မောင်နေသူရိန်ထက် အဆင့်တစ်ဆင့်ပဲ မြင့်ပါတယ်'

'ဟာ‥ဒါဆို ဒေါ်သန္တာချိုရဲ့သား မောင်အောင်ကိုလင်းက အတန်းတိုင်း ပထမရခဲ့တာပေါ့။ တော်လိုက်တာ'

'တော်လိုက်တာရှင်'

တော်လိုက်တာဆိုသော စကားသံများကြောင့် ဒေါ်သီဂီ အရှက်ကြီးရှက်ပြီး ခေါင်းကြီးငုံ့သွားသည်။ မျက်ရည်မကျအောင် ထိန်းသည့်ကြားမှ မျက်ရည်များက ကျဖြစ်အောင် ကျခဲ့သည်။

ထိုစဉ်က ကျသောမျက်ရည်ကို လူမမြင်အောင် သုတ်ခဲ့ရသောအခါ ဒေါ်သီဂီ စိတ်နာကြည်းမှုကို ဒေါ်သန္တာချို သတိမထားမိ။ အားပါးတရ ငိုရှိုက်မမိအောင် ဟန်ဆောင်ခဲ့ရသော ဒေါ်သီဂီ၏ စိတ်နာကြည်းမှုကို ဒေါ်သန္တာချို သတိမထားမိ။

◆ ◆ ◆

မြန်မာ့အစားအစာတွင် မပါမဖြစ်သည်မှာ မုန့်ဟင်းခါးဟု ဆိုရမည်။ မုန့်ဟင်းခါးကြိုက်သူများတွင် မျက်စိအထူးကုပါရဂူကြီး ဦးကိုကိုအောင်တို့ မိသားစုလည်း ပါသည်။ မုန့်ဟင်းခါးအကြိုက်ဆုံးက မောင်အောင်ကိုလင်း။

ကင်တင်း(န်)တွင် စားသောက်တော့လည်း အောင်ကိုလင်းက မုန့်ဟင်းခါး၊ မုန့်ဟင်းခါးအကြိုက်လွန်သော အောင်ကိုလင်း မုန့်ဟင်းခါးကြောင့် ဒုက္ခရောက်ရတော့သည်။ အကြီးအကျယ်ဒုက္ခရောက်ရတော့သည်။

မုန့်ဟင်းခါးစားပြီး ဝမ်းသွားခြင်းမဟုတ်၊ ထိုမျှလောက်ကိုတော့ မိဘနှစ်ပါးဖြစ်သည့် မြို့နယ်ဆရာဝန်မကြီး ဒေါ်သန္တာချိုနှင့် မျက်စိအထူးကုပါရဂူကြီး ဦးကိုကိုအောင်က လွယ်လွယ်လေးကုသပေးနိုင်သည်။ သို့သော် အပင်းသွင်း ပြုစားခံရခြင်းကိုတော့ မည်သို့မျှမတတ်နိုင်။

မောင်အောင်ကိုလင်းက စကားမပြောတော့။ စာမဖတ်တော့။ သို့သော် ဘောပင်ဒါဇင်လိုက်ကို စာရေးစားပွဲပေါ် တင်ထားသည်။ ဗလာစာအုပ် ဒါဇင်လိုက်ကို စာရေးစားပွဲပေါ် တင်ထားသည်။ ဘောပင်ဒါဇင်လိုက် အစည်းထဲမှ ဘောပင်တစ်ချောင်းဆွဲနုတ်၊ ဗလာစာအုပ် ဒါဇင်လိုက်အစည်းထဲမှ ဗလာစာအုပ်တစ်အုပ် ဆွဲထုတ် တကုက်ကုက်ဖြင့် ရေးသည်။ မျဉ်းကြောင်းပေါ်မှ ရေးသည်။ မျဉ်းကြောင်းအောက်မှ ရေးသည်။ မျဉ်းကြောင်းအလယ်မှ ရေးသည်။ ဘေးတိုက် ရေးသည်။ ဇောက်ထိုး ရေးသည်။ ကန့်လန့် ရေးသည်။ ရေးပြီးဘောပင်ဖြင့် သူငယ်တန်းကလေးငယ်များ ခြစ်သလို ဟိုခြစ်သည်ခြစ်



www.burmeseclassic.com

www.burmeseclassic.com

ခြစ်သည်။ ခြစ်ပြီး တဟားဟားရယ်ကာ လွှင့်ပစ်သည်။ ဘောပင်ကို လွှင့်ပစ်သည်။ ဘာတွေရေးမှန်းမသိ ရေးပြီး ခြစ်ထားသော ဗလာစာအုပ်ကို လွှင့်ပစ်သည်။

ရယ်ရလွန်းသောကြောင့် မောလာသောအခါ နို့ဆီဘူးကို ဖောက်ပြီး မော့သောက်သည်။ တစ်ကြိမ်မော့သောက်ပြီး ထိုသောက်လက်စ နို့ဆီဘူးကို လွှင့်ပစ်ကာ ရှိုက်ကြီးတငင ငိုသည်၊ အားရပါးရ ငိုသည်။

ထမင်းမစား ဟင်းမစား။ ထမင်းဟင်းကျွေးလျှင် လက်ဖြင့် တွန်းဖယ်ပစ်သည်။ မထင်လျှင် ခြေထောက်ဖြင့် ကန်သည်။ ချော့ပြောသော်လည်း နားမထောင်၊ ခြောက်ပြောသော်လည်း မကြောက်။ မနားတမ်း လမ်းလျှောက်သည်။ အိမ်ပေါ်၌ အခေါက်ခေါက်အခါခါ လျှောက်သည်။ ခြေထောက်ညောင်းလျှင် ထိုင်သည်။ ခြေဆင်းထိုင်သည်။ ဘုရားစင်ဘက်ကိုပင် ခြေဆင်းထိုင်သည်။ မထိုင်ရန် ပြောသောအခါ အော်သည်။ အသံကုန်အော်သည်။ မပြောသောအခါ ကလေးလို ခြေဆောင့်ငိုသည်။

ပညာတတ်မိသားစုက အပင်းသွင်းသည်၊ ပြုစားသည်၊ ကျိန်စာတိုက်သည် ဆိုခြင်းများကို မယုံကြည်။ မြို့နယ်ဆရာဝန်မကြီးနှင့် မျက်စိအထူးကုပါရဂူကြီးက သူတို့ကိုယ်တိုင် ကုသ၍ မရသောအခါ စိတ်ရောဂါအထူးကုဆရာဝန်ကြီးထံ အပ်နှံ၍ ကုသမှု ခံယူသည်။

ပျောက်တော့ ပျောက်သည်၊ လုံးဝပျောက်ခြင်းတော့ မဟုတ်။ ဆေးရုံမှာနေလျှင် ပျောက်သည်။ ဆေးရုံဆင်းလျှင် ပြန်ဖြစ်သည်။ ပျောက်လိုက်ဖြစ်လိုက်၊ ဖြစ်လိုက်ပျောက်လိုက် သံသရာသုံးခါမြောက်ပြီးသောအခါ ဆရာဝန်လင်မယားက သားကို နိုင်ငံခြားခေါ်သွားပြီး ကုသမှု ခံယူစေသည်။

အမေရိကန်နိုင်ငံရှိ ဆေးပညာရှင်ကြီးများက တော်သော်လည်း အောင်ကိုလင်း၏ အရူးတစ်ပိုင်းလို ဖြစ်နေသော အခြေအနေကို ဘာရောဂါဟု မပြောနိုင်။ ရောဂါမသိသောကြောင့် တိတိကျကျကုသမှု မပေးနိုင်။ ဤသို့ဖြင့် မြန်မာနိုင်ငံသို့ ပြန်ခဲ့ကြရသည်။

◆◆◆

'ဆရာကြီးတို့ ဇနီးမောင်နှံကို မောင်အောင်ကိုလင်းနဲ့ ပတ်သက်ပြီး ကျွန်တော် အကြံပေးချင်တယ်'

တစ်နေ့သ၌ ကွန်ပေါင်ဒါးလေး တစ်ယောက်က ဦးကိုကိုအောင်နှင့် ဒေါ်သန္တာချိုကို ပြောခဲ့သည်။

'ပြောကွာ၊ ဘာပြောမလဲ'

သားငယ်အတွက် စိတ်ညစ်နေသော မျက်စိအထူးကု ပါရဂူလင်မယား၏ သောကကို ကွန်ပေါင်ဒါးလေးက သိသည်။

'အခုဆို မောင်အောင်ကိုလင်းက စာလည်းမဖတ်၊ လေ့ကျင့်ခန်းလည်းမလုပ်၊ ကျောင်းလည်းမသွား'

'ဟော့ကောင်··ဒါတွေ ပြောမနေနဲ့။ ပြောစရာရှိရင် တိုတိုပြော'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ရန်ကုန်က မင်္ဂလာမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း ဆရာတော်ကို ပန်းတနော်ဆရာလို့ လူသိများနေတယ်။ ပန်းတနော်ဆရာတော်ရဲ့ ပရိတ်ရေက တော်တော်အစွမ်းထက်တယ်။ ဆေးရုံက ကုသလို့မရတဲ့ လက်မခံတော့တဲ့လူတွေတောင် ဆရာတော်ရဲ့ ပရိတ်ရေနဲ့ မျက်နှာသစ်လို့၊ ပရိတ်ရေနဲ့လိမ်းလို့၊ ပရိတ်ရေကိုသောက်လို့ ပျောက်တာများတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲက ပိုလီယိုဖြစ်တဲ့ တစ်ယောက်တောင် ပရိတ်ရေကြောင့် အကောင်းပြန်ဖြစ်တယ်။ အဲဒါ မောင်အောင်ကိုလင်းကို ခေါ်သွားပြီး ပြကြည့်ရင် ကောင်းမယ်ထင်လို့ အကြံပေးတာပါ'

မြို့နယ်ဆရာဝန်မကြီး ဆိုသော်လည်း ဒေါ်သန္တာချိုက မိခင်၊ မိခင်သောကကို မိခင်များသာ သိသည်။

'ပြကြည့်မယ်'





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သန္တာချို၏ဆန္ဒကို ဦးကိုကိုအောင်က မငြင်း။ ပရိတ်ရေဆိုသည်မှာ မြတ်စွာဘုရားရှင်၏ ပရိတ်တော်များ ထုံမွမ်းထားသောရေ။ ရေကိုလိမ်းရုံ၊ သောက်ရုံဖြင့် အန္တရာယ်မရှိနိုင်ဟု ယူဆပြီး မငြင်းခြင်း ဖြစ်သည်။

'သားကို ပန်းတနော်ဆရာတော်ကြီးနဲ့ ပြကြည့်မယ်။ ဘယ့်နှယ်လဲ'

မျက်စိအထူးကုပါရဂူကြီးက ခေါင်းညိတ်ပြခဲ့ဖူးပါသည်။

◆◆◆

ပန်းတနော်ဆရာတော်ကြီးက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီး၊ ဆရာတော်ကြီးက ရောက်လာသော အောင်ကိုလင်းတို့ မိသားစုကိုကြည့်သည်။ တစ်ဦးချင်း ကြည့်သည်။ အောင်ကိုလင်းကို စူးစူးစိုက်စိုက်ကြည့်သည်။

ဆရာတော်ကြီးကို ကန်တော့ပြီး မျက်စိအထူးကုပါရဂူကြီးက လာရင်းကိစ္စကို လျှောက်ထားသည်။ မြို့နယ်ဆရာဝန်မကြီးက ဆရာတော်၏ စကားကို နားစွင့်သည်။ အောင်ကိုလင်းက အငြိမ်မနေ။ ဟိုကြည့် သည်ကြည့် လုပ်သည်။ ဟိုငေး သည်ငေး လုပ်သည်။ လက်ချောင်းကလေးများကို တဖျောက်ဖျောက်ချိုးသည်။ ခြေထောက်ကို ဒူးထောင်ပေါင်ကား ထိုင်သည်။ ပြောရလျှင် ပန်းတနော်ဆရာတော်ကို မခန့်လေးစားလုပ်သည့် အနေအထား။

ဆရာတော်ထံမှ စကားသံထွက်လာသည်။

'တစ်ချက်လွှတ် လုပ်ထားတာ၊ လုပ်တဲ့သူက တော်တော်ကို အရှက်ရလို့၊ အရှက်ကြီးလို့ အမျက်ကြီးပြီးလုပ်တာ။ အစာထဲမှာ အပင်းသွင်းပြီး လုပ်တာ။ လုပ်တဲ့လူကိုယ်တိုင် သေမှ အလုပ်ခံရတဲ့လူ အကောင်းအတိုင်းပြန်ဖြစ်မှာ။ လုပ်တဲ့လူက ဗုဒ္ဓရုပ်ပွားတော်ထံမှာ နောက်ဘဝမှာ တန်ပြန်ခံပါ့မယ်လို့ ကတိသစ္စာခံပြီးမှ တစ်ချက်လွှတ်လုပ်တာ။ ခံရတဲ့ ဒီကလေးကိုတော့ သနားတယ်။ ဒါပေမဲ့ အကောင်းအတိုင်း ပြန်ဖြစ်အောင်လုပ်ရင် လုပ်တဲ့ လူက မိန်းမ၊ သူကိုယ်တိုင် လုပ်တာမဟုတ်ဘူး။ မလုပ်တတ်ဘူး။ လုပ်တတ်တဲ့လူကို ပိုက်ဆံတော်တော်လေးပေးပြီး လုပ်ခိုင်းတာ။ ဘာပဲဖြစ်ဖြစ် အဲဒီမိန်းမသေမှ ပြန်ကောင်းမှာ သူ့ကို သေအောင်သတ်ပြီးမှ ပြန်ကောင်းမှာ။ တို့များက ဘုန်းကြီး၊ သာသနာ့ဝန်ထမ်း၊ သူများအသက် သေအောင် စိတ်နဲ့တောင် မဆောင်ရွက်ရဘူး။ ဒါကြောင့် မကူညီနိုင်တာ နားလည်ပါ'

ပညာတတ် ဇနီးမောင်နှံဖြစ်သော ဆေးပညာရှင်နှစ်ဦး မည်သို့မျှ မတတ်နိုင်။ သဗ္ဗေသတ္တာ ကမ္မသကာဟု ဆိုရပေတော့မည်။

◆◆◆

မောင်အောင်ကိုလင်းက ဗလာစာရွက်များကို ဘောပင်နှင့် ရေးချင်သလို ရေးသည်။ ခြစ်ချင်သလို ခြစ်သည်။ လွှင့်ပစ်သည်။ နို့ဆီဖောက်စုပ်သည်။ လွှင့်ပစ်သည်။

စာမေးပွဲဖြေဖို့ သွားသည်။ စာဖြေခန်းထဲ မဝင်၊ စာဖြေခန်းထဲမှ စာသင်သားများအား ပြန်ထွက်လာသည်ကို ကြည့်ပြီး ရယ်သည်။ ရယ်ပြီး ငိုသည်။

နို့ဆီစုပ်သည်မှလွဲ၍ အစာမစား၊ ရေတော့တစ်ခွက်ခပ်လိုက် နည်းနည်းသောက်လိုက်၊ သွန်ပစ်လိုက် လုပ်သည်။ ထိုင်ချင်သလို ထိုင်သည်။ အိပ်ချင်သလို အိပ်သည်။ ဘုရားစင်ဘက် ခြေဆင်းပြီးလည်း အိပ်သည်။

ဤသို့ဖြင့် မောင်အောင်ကိုလင်းအဖြစ်မှ ကိုအောင်ကိုလင်း၊ ကိုအောင်ကိုလင်းအဖြစ်မှ ဦးအောင်ကိုလင်းဖြစ်ချိန် အသက်ငါးဆယ်ကျော်ချိန် ရောက်သောအခါ မူလအတိုင်း အကောင်းပြန်ဖြစ်ခဲ့သည်။ အကောင်းအတိုင်းပြန်ဖြစ်လာသော်လည်း ဦးအောင်ကိုလင်း ဆေးကျောင်းပြန်တက်၍မရတော့။ ထို့ကြောင့် ဆရာဝန် မဖြစ်တော့။

အောင်ကိုလင်း အကောင်းအတိုင်း ပြန်ဖြစ်သည့်နေ့က သတင်းစာ၌ နာရေးသတင်းတစ်ပုဒ် ပါလာသည်။ သီဂီရွှေစင် စိန်ရွှေရတနာရောင်းဝယ်ရေးပိုင်ရှင် ဦးမောင်ရွှေ၏ဇနီး ဒေါ်သီဂီ ကွယ်လွန်သည့် သတင်းကြော်ငြာ။

◆◆◆

အင်ဂျင်နီယာကိုခင်မောင်မြင့်၏စကားကို ဆုံးအောင် နားထောင်ခဲ့ရပြီးသော ကျွန်တော်သည်-

စကားမပြောခင် ကြိုကြိုတင်တင် ဆင်ခြင်ကြဖို့၊ အရှက်ပိုအောင် လှောင်ပြောင်စကား မပြောကြားကြဖို့၊ အမျက်ဒေါသ အာဃာတကြောင့် ဘဝဆင်းရဲ ဒုက္ခထဲမှာ ဝဲမလည်ဖို့ **တစ်ချက်လွှတ်** ဖြစ်ရပ်မှန်ကို ရေးသားလိုက်ရပေတော့သည်။

**ပန်းတနော် နောင်လာသော်**



www.burmeseclassic.com

## မြေလျှောက်ဝီရှာကြီး
## အုနိုးဆီသည်
# ညမြတွေးဓောက်

(၁၉၆၄)ခုနှစ်လောက်က ဖြစ်သည်။ တောင်ဥက္ကလာပ၊ မြို့သစ်တစ်ခု၌ ရှစ်ရပ်ကွက်ဟူသော ရပ်ကွက်တစ်ခု ရှိလေ၏။ ၄င်းရှစ်ရပ်ကွက်ကို ချောင်းသေးသေးလေး တစ်ခုက ခြားထားရာ စက်မှုပိုင်းနှင့် ဈေးပိုင်းဟူ၍ ဖြစ်ပေါ်လာ၏။

ရှစ်ရပ်ကွက်ဈေးပိုင်းကို ဗဟိုဈေးဟု သတ်မှတ်ခေါ်ဝေါ်ကြ၏။ ထိုဗဟိုဈေး၏ ဝေဇယန္တာလမ်းကို မျက်နှာမူထားသော နေရာတွင် ရုပ်ရှင်ရုံ တစ်ရုံ ရှိသည်။ ၄င်းရုပ်ရှင်ရုံကို ရွှေယင်းမာ ရုပ်ရှင်ရုံဟု ခေါ်သည်။ ထိုရုပ်ရှင်ရုံ၏ ပိုင်ရှင်မှာ တရုတ်အမျိုးသား တစ်ယောက်ဖြစ်၍ ပြသသော ရုပ်ရှင်ကားများမှ အိန္ဒိယရုပ်ရှင် ဇာတ်ကားများ ဖြစ်ကြလေ၏။



www.burmeseclassic.com

ကျွန်ုပ်သည် ထိုအရပ်၌ နေထိုင်၏။ ၎င်းဗဟိုဈေးမှာ ဈေးရပ်ကွက်လေးဖြစ်၍ ဈေးလည်း ရောင်း၏။ လူတို့လည်း အိမ်အဖြစ် နေထိုင်ကြလေ၏။

ဗဟိုဈေးရပ်ကွက်သည် ကတန်း၊ ခတန်း၊ ဂတန်းဟူ၍ တန်းလျားရှည်ကြီးဖြစ်ကာ ဆယ်ပေခန်း၊ ဆယ့်ငါးပေခန်း စသည်ဖြင့် အခန်းဖွဲ့ကာ နေထိုင်ကြလေ၏။

ကျွန်ုပ်ကား ကကြီးတန်းလျား၏ ထိပ်ပိုင်းတွင် နေထိုင်၍ အခန်းအကျယ်မှာ ဆယ်ပေပတ်လည် ဖြစ်လေ၏။

ဗဟိုဈေးရပ်ကွက်သည် လူမျိုးစုံကြသကဲ့သို့ အလွှာလည်း စုံကြပေသည်။ ဈေးသည်များထဲတွင် တချို့စာရေးဆရာများ၊ ကဗျာဆရာများ၊ သီချင်းရေးဆရာများလည်း နေကြ၏။ ရှိကြ၏။ ခါးပိုက်နှိုက်၊ သူခိုးဂျပိုး၊ အလစ်သုတ်သမားများလည်း ရှိကြလေသည်။

ကျွန်ုပ်တို့ ရပ်ကွက်ထဲတွင် ထူးထူးခြားခြား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း တစ်ဦးလည်း ရှိလေ၏။ ၎င်းပုဂ္ဂိုလ်ကြီးမှာ ဦးစန္ဒြောဟူ၍ ဖြစ်၏။

ဦးစန္ဒြောသည် ဈေးထဲ၌ အုန်းဆီလည်ရောင်း၏။ အထိုက်အလျောက်ရောင်းပြီးလျှင် ရရှိသောငွေဖြင့် ဈေးဝယ်၏။ ဆန်၊ ဆီ၊ ဆားကအစ ဟင်းသီးဟင်းရွက်အဆုံး ဝယ်ခြမ်း၏။ ပြီးလျှင် အိမ်၌ ကိုယ်တိုင် ချက်စား၏။

ကျွန်ုပ်ကဲ့သို့ပင် ဦးစန္ဒြောလည်း တစ်ယောက်တည်းသမားဖြစ်လေ၏။ ကျွန်ုပ်၏လုပ်ငန်းမှာ ဆိုင်းဘုတ်၊ ပန်းချီရေးခြင်း၊ ဆိုင်အမည်၊ လုပ်ငန်းအမည်၊ ကားနံပါတ်၊ ဆိုက်ကားနံပါတ် စသည်ဖြင့် ခိုင်းသူရှိလျှင် အခကြေးငွေ ယူ၍ လုပ်ဆောင်ပေး၏။ လုပ်ငန်းများစွာ မတွင်ကျယ်သော်လည်း စားဖို့သောက်ဖို့တော့ အဆင်ပြေလျက်ရှိလေ၏။

ကျွန်ုပ်သည် ဦးစန္ဒြောဆိုသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းနှင့် မရင်းနှီးကြသော်လည်း တစ်ရပ်ကွက်တည်းသားမို့ မျက်မှန်းတန်းမိတော့ ရှိကြ၏။

ဦးစန္ဒြောသည် အုန်းဆီရောင်း၍ပြီးလျှင် ထမင်းဟင်းကိုယ်တိုင် ချက်စား၏။ စားသောက်၍ပြီးလျှင် ဗေဒင်လာမေးသူများကို ဗေဒင်ဟော၏။ လက္ခဏာကြည့်သူများကို လက္ခဏာကြည့်ပေး၏။ ငွေကြေးအားဖြင့်မူ ဘယ်ရွေ့ဘယ်မျှ သတ်မှတ်မထားပေ။ စေတနာဖြင့် ဟောပြော၍ စေတနာဖြင့် ငွေကြေးကူညီလျှင်လည်း လက်ခံ၏။

ဦးစန္ဒြော၏ တစ်နေ့ဝင်ငွေမှာ ဗေဒင်ဟောခြင်း လက္ခဏာဖတ်ခြင်း အပါအဝင် အုန်းဆီရောင်းခြင်းအဆုံး နှစ်ဆယ် အစိတ်ခန့် ဝင်ငွေရှိလေ၏။ ကျွန်ုပ်ထက်စာလျှင် ၎င်း၏ဝင်ငွေမှာ ပို၍အဆင်ပြေကာ စိတ်ချရလေ၏။

တစ်နေ့သ၌ ဦးစန္ဒြောသည် အုန်းဆီလည်ရောင်းခြင်းလုပ်ငန်းပြီး၍ ကျွန်ုပ် ပန်းချီဆွဲရာ ဆယ်ပေခန်းသို့ ရောက်လာလေ၏။

"ဟေ့ကောင်လေး··ပန်းချီရေးဆွဲတာ အဆင်ပြေရဲ့လား"ဟုမေးရင်း ကျွန်ုပ်၏အခန်းရှေ့ မြေပြင်ပေါ်တွင် ချထားသော ကုလားထိုင်တွင် "ထိုင်မယ်နော်"ဟု ခွင့်တောင်းလေ၏။

ကျွန်ုပ်လည်း "ထိုင်ပါ ဦးကြီး"ဟု ရိုသေစွာဖြင့် ဆိုလေ၏။ ၎င်းသည် ကုလားထိုင်၌ထိုင်လျက် ကျွန်ုပ် ရေးဆွဲနေသော ပန်းချီကားကို ကြည့်၍ နေလေ၏။

အတန်ကြာ ကြည့်ရှုပြီးနောက် ဦးစန္ဒြောက "မင်းနာမည်က ဘယ်လိုခေါ်လဲ"ဟု မေးလေ၏။

"ကျွန်တော့်နာမည် မောင်ဖေထွေးလို့ ခေါ်ပါတယ် ဦးကြီး"ဟု ကျွန်ုပ်က ပြန်၍ဖြေကြားလေ၏။

"ဒါဆိုရင်တော့ ပန်းချီပုံ ပြောင်းရေးဆွဲရလိမ့်မယ်နဲ့ တူတယ်။ အခု မင်းရေးဆွဲနေတဲ့ မိန်းမလှပုံက မင်းကို အကျိုးမပေးဘူးကွ။ မင်းကို အကျိုးပေးမယ့် ပန်းချီကားက ညောင်ပင်ကြီးကြီးတစ်ပုံမှာ အောက်ကနေပြီး အကိုင်းတွေကို ဝါးတွေနဲ့ ထောက်ထားတဲ့ပုံကို ရေးကွ။ ဒါမှ မင်း အဆင်ပြေပြီး အကျိုးဖြစ်မှာ"ဟု ဆိုပြီးလျှင် "ထမင်းချက် ဟင်းချက်ဖို့ ပြန်လိုက်ဦးမယ်။ ကျုပ်ပြောသလို စမ်းရေးကြည့်"ဟု ဆက်၍ပြောကာ ထွက်သွားလေ၏။

ကျွန်ုပ်လည်း ဦးစန္ဒြောပြောသွားသော စကားအပေါ် ယုံရခက် မယုံရခက် ဖြစ်၍နေလေ၏။ ရေးလက်စပန်းချီကားမှာလည်း မပြီးပြတ်သေးပေ။ ထို့ကြောင့် ကျွန်ုပ်သည် မိန်းမလှပန်းချီကားကို အပြီးသတ် ရေးဆွဲလိုက်လေတော့၏။

မိန်းမလှပန်းချီကားမှာ ဝယ်သူမရှိ၊ အရောင်းမထွက်ဘဲ ရှိလေ၏။ တစ်ပတ်ခန့် ကြာသောအခါ၌ ကျွန်ုပ်သည် အဘစန္ဒြော ပြောသကဲ့သို့ ညောင်ပင်တစ်ပင်ကို ရေးဆွဲလေ၏။ အကိုင်းအခက်များကို ဝါးများဖြင့် ထောက်ထားသောပုံ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုညောင်ပင်ဝါးထောက်ပုံ ရေးဆွဲပြီး မျှားမကြာမီမှာပင် နိုင်ငံခြားသားတစ်ယောက် ရောက်ရှိလာကာ ငွေကျပ်ငါးရာပေး၍ ဝယ်ယူသွားလေ၏။ ကျွန်ုပ်လည်း များစွာအံ့သြ၍သွားလေ၏။ ဤမျှဈေးကြီးပေး၍ ဝယ်ယူလိမ့်မည်ဟု မထင်မိသောကြောင့် ဖြစ်လေ၏။ (ထိုခေတ်က ငွေငါးရာသည် အလွန်တန်ဖိုးရှိလေ၏။)

ကျွန်ုပ်သည် အာဘစန္ဒြေကို အမှတ်ရမိသောကြောင့် ၎င်းထံ သွားရောက်၍ တွေ့ဆုံလေ၏။

'ဘယ်လိုလဲ ကောင်လေး၊ ညောင်ပင်ကြီးက မင်းကို ငွေတွေ အန်ထုတ်ပေးလိုက်ပြီ မဟုတ်လား' ဟု ရောက်မဆိုက်ပြောလေ၏။

ကျွန်ုပ်လည်း 'ဟုတ်ကဲ့ အာဘ' ဟု ပြန်၍ ဖြေကြားလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က ငွေတစ်ရာ ကြိုထည့်လာသော စာအိတ်ကို အာဘအား ဉာဏ်ပူဇော်ခအနေဖြင့် ပေးအပ်ရာ အာဘစန္ဒြေက -

'ရပါတယ်ကွာ။ အာဘက မင်းအတွက် လမ်းဖြောင့်ပေးတာပါ။ ငါ့ကိုပေးမယ့် ငွေတစ်ရာကို ဘုရားကို လှူလိုက်။ အဲဒါ ပိုပြီးအဓိပ္ပာယ်ရှိတယ်' ဟု ပြောလေ၏။

ကျွန်ုပ်သည် 'စာအိတ်ထဲက ငွေတစ်ရာကို အာဘ ဘယ်လိုလုပ် သိတာလဲ' ဟု တွေးနေမိလေ၏။

'အကြားအသိများတဲ့လူက အရာရာကို ခန့်မှန်းရင် လွဲခဲတယ်ကွ။ ဒါကလည်း အတွေ့အကြုံတစ်ခုပဲပေါ့ကွာ။ မဆန်းပါဘူး။ အတွေးမရှိတဲ့လူဆိုတာ ဒီလောကမှာ မရှိပါဘူး။ ငါပြောလိုက်တဲ့ ငွေတစ်ရာကိစ္စ မင်းအတွေးထဲ ရောက်သွားတယ် မဟုတ်လား' ဟု အာဘစန္ဒြေက ပြောလိုက်လေ၏။

'ဟုတ်ပါတယ် အာဘ၊ ကျွန်တော် အဲဒီအတိုင်းပဲ တွေးနေမိတယ် အာဘ' ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

'လောဘမရှိတဲ့ လောကဆိုတာ မရှိဘူး ကောင်လေးရေ။ အေး‥လောဘမကြီးဖို့သာ အရေးကြီးတာ။ မင်းကို ကြည့်ရတာ လောဘကြီးပုံမရပါဘူး'

ဟု အာဘစန္ဒြေက ပြောလိုက်ရာ ကျွန်ုပ်လည်း -

'ဟုတ်ကဲ့၊ လောဘမကြီးအောင် အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် ဆုံးမနေခဲ့တာ ကြာပါပြီ အာဘ။ လောဘမကြီးအောင် အမြဲတမ်း ထိန်းပါတယ် အာဘ' ဟု ပြောလိုက်လေ၏။

အာဘစန္ဒြေသည် သဘောကျဟန်ဖြင့် ခေါင်းညိတ်ပြီးလေ၏။

'ကျွန်တော် အာဘကို တစ်ခုလောက် မေးချင်တယ်။ အာဘ အမှန်အတိုင်း ဖြေမယ်လို့လည်း ကျွန်တော်ယုံကြည်တယ်'

ဟု စကားပလ္လင်ခံလျှင် ကျွန်ုပ်က မေးလိုက်ရာ အာဘက ကျွန်ုပ်အား အကဲခတ်ကြည့်၍-

'မေး‥ဘာမေးချင်လို့လဲ' ဟု လမ်းဖွင့်ပေးလေ၏။

'ကျွန်တော့်ကို ဝါးလုံးတွေထောက်ထားတဲ့ ပန်းချီကားကို ဘာဖြစ်လို့ ရေးဆွဲခိုင်းတာလဲ အာဘ။ အဲဒီအကြောင်းကို ကျွန်တော်သိချင်ပါတယ် အာဘ' ဟု မေးလိုက်ရာ အာဘစန္ဒြေက တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

ထို့နောက် ရေနွေးတစ်ခွက်ကို ငုံ၍သောက်လေ၏။

'ဝိဇ္ဇာတွေလမ်းစဉ်မှာ ဝေဒဆိုတဲ့ အတတ်ပညာဆိုတာ ရှိတယ်တဲ့။ အဲဒီနည်းနဲ့ မင်းကို ရေးဆွဲခိုင်းတာပါ။ ဒါကြောင့် မင်း အလုပ်ဖြစ်သွားတာပေါ့ကွ' ဟုပြောပြီး ရေနွေးတစ်ခွက်ငုံ၍ သောက်ပြန်လေ၏။

ကျွန်ုပ်မှာ အာဘစန္ဒြေ၏ ဆိုလိုရင်းစကားအဓိပ္ပာယ်ကို နားမလည်သောကြောင့် ကြောင်၍ အာဘကို ကြည့်နေမိလေ၏။

'ဒါဆိုရင် ကျွန်တော် အလုပ်ဖြစ်အောင် အဲဒီပုံတွေ ဆက်ဆွဲရမလား အာဘ'

ဟု ကျွန်ုပ်က မေးလိုက်ရာ အာဘက လက်ကိုကာ၍-

'အဲဒီပုံတွေအတိုင်း မင်း ဆက်ဆွဲရင် ဆောင်းတယ်၊ ငွေကုန်မယ်၊ အရောင်းတော့ ထွက်မှာမဟုတ်ဘူး' ဟု ပြောလိုက်လေ၏။

'ဟင်‥ဘယ်လိုဖြစ်ပြန်ရတာလဲ အာဘ' ဟု ကျွန်ုပ်က ရေရွတ်၍ ညည်းလိုက်မိလေ၏။

'လောကမှာ ဘယ်အရာမှ ပုံသေမရှိဘူး ကောင်လေးရေ။ အမြဲတမ်း ပြောင်းလဲနေတာ။ အခုတောင် မင်းလာစအချိန်နဲ့ အခုအချိန်တောင် မတူတော့ဘူး။ ရေနွေးဖြန့်ဆို ပိုပြီးတောင် ဝေးသွားနိုင်တယ်။ များရင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ရှိးရင် အင်တယ်။ ညောင်ပင်ကြီးက ပြီးသွားခဲ့ပြီ။ မင်း ဆွဲလည်း အကျိုးဖြစ်မှာ မဟုတ်ဘူး။ အကျိုးဖြစ်မယ့် ပုံတစ်ပုံ မင်း ရေးဆွဲနိုင်အောင် ငါပြောပြမယ်'ဟု အဘ စန္ဒြောက ပြောလေ၏။

ကျွန်ုပ်လည်း အဘပြောပြမည့်ပုံ ဘာပုံပါလိမ့်ဟု တွေးနေမိလေ၏။

'လမ်းတံတားတစ်ခုကို လူတွေ ဝိုင်းပြီးတည်ဆောက် နေတဲ့ပုံကိုဆွဲ၊ အဲဒီကားပြီးရင်း မင်း ထူးခြားလိမ့်မယ်'ဟု အဘစန္ဒြောက ဆိုလေ၏။

ထို့နောက် ကျွန်ုပ်၏ လက်နှစ်ဖက်ကို ဆွဲယူ၍ လက္ခဏာဖတ်လေ၏။

'မင်းကို ငါ အတပ်ဟောလိုက်မယ်။ လမ်းတံတား ပန်းချီကားပြီးရင် မင်း ကုလားပြည်ကို ရောက်လိမ့်မယ်။ ကုလားဆာဒူးကြီး ရန်းချန်ဒရာဆင်းဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ မယ်။ သူ့ဆီက ပညာသင်ပြီး ဗမာပြည်ပြန်ရောက်မယ်။ နောက်ဆက်တွဲတွေ ရှိသေးတယ်။ ဆက်မဟောတော့ဘူး၊ ဒီမှာပဲ ရပ်ထားလိုက်မယ်'ဟု အဘက ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ဆန့်တငံ့ငံ့ဖြစ်၍သွားလေ၏။ ဆက် မေးချင်သေးသော်လည်း အဘဆီ ဗေဒင်လာမေးသူများ ရောက်လာကြ၍ ကျွန်ုပ်လည်း မမေးဖြစ်တော့ဘဲ အဘ ကို နှုတ်ဆက်ကာ ပြန်ခဲ့လေတော့၏။

◆ ◆ ◆

ကျွန်ုပ်သည် အဘစန္ဒြော၏ ပြောပြချက်အရ လမ်း တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဝိုင်းဝန်းလုပ်ကိုင်နေ သကဲ့သို့ အခြားတစ်ဖက်ကလည်း ညောင်ပင်ကို ညောင် ထောက်သော ပန်းချီကားကို တစ်ပြိုင်နက်တည်း ရေးဆွဲ လျက်ရှိလေ၏။

ကျွန်ုပ် ဤသို့ ပန်းချီကားနှစ်ချပ်ကို ရေးဆွဲနေခြင်း မှာ အဘစန္ဒြော၏စကား မှန်,မမှန်ကို သိလို၍ ဖြစ်လေ ၏။ အဘက ညောင်ပင်ကိုင်းထောက်ပန်းချီကား ရေးဆွဲ လျှင် အလုပ်မဖြစ်နိုင်ကြောင်း၊ အရောင်းမထွက်ဟု ဆို ၏။ လမ်းတံတားပန်းချီကား ရေးဆွဲမှ အလုပ်ဖြစ်မည်။ အရောင်းထွက်မည်၊ အကျိုးရှိမည်ဟု ဆို၏။ ထိုစကား ဟုတ်,မဟုတ်၊ မှန်,မမှန် သိလိုသောကြောင့် ကျွန်ုပ်သည် ဤသို့ လက်တွေ့စမ်းသပ်ခြင်း ဖြစ်ပေတော့၏။

ဤသို့ဖြင့် နှစ်ပတ်ခန့်အကြာတွင် ပန်းချီကားနှစ်ချပ် လုံး ရေးဆွဲ၍ ပြီးခဲ့လေတော့၏။

ပန်းချီကားနှစ်ချပ်စလုံး ပြီးဆုံးခဲ့သော်လည်း လမ်းတံ တားတည်ဆောက်ရေးပန်းချီကားမှာမူ ရေးဆွဲပြီး တစ်ရက် အကြာတွင် အိန္ဒိယသံရုံး တစ်ခုမှ မြန်မာငွေကျပ် ငါး ထောင်ပေး၍ ဝယ်ယူသွားလေ၏။ ညောင်ထောက်ပန်းချီ ကားမှာမူ တစ်လပင် ကျော်လွန်ခဲ့ပေပြီ။ အဘစန္ဒြောပြော သကဲ့သို့ပင် ယခုတိုင် အရောင်းမထွက်ဘဲ ရှိနေလေ၏။ ပို၍ထူးဆန်းသည်မှာ အရောင်းမထွက်သည့်ကြားက ၎င်း ပန်းချီကား (ညောင်ဝါးထောက်ပန်းချီကား)မှာ ခြင်ဆေး ခွေမီးကြောင့် မီးလောင်ကျွမ်း၍ တငွေ့ငွေ့ ပြာကျသွား တော့မှ ကျွန်ုပ်လည်း သတိထားမြင်လိုက်မိတော့သတည်း။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက် နှစ်ရက်ခန့်ကြာသောအခါ၌ အဘစန္ဒြောသည် အုန်းဆီ လှည့်ပတ်ရောင်းရင်း ကျွန်ုပ်၏ ပန်းချီခန်းသို့ ရောက်လာ လေ၏။

ရောက်ရောက်ခြင်းပင် အဘစန္ဒြောက-

'မင်းက ငါပြောတာ မယုံလို့ လက်တွေ့စမ်းလိုက် တော့ လက်တွေ့ပဲ မီးထဲပါသွားပြီ မဟုတ်လား ကောင် လေး'ဟု ပြောလေ၏။

'ဟုတ်တယ် အဘရေ။ အဘပြောတဲ့အတိုင်း ကွက် တိပဲ'ဟု ကျွန်ုပ်က ပြန်၍ပြောလေ၏။

'လက်တွေ့စမ်းတော့လည်း လက်တွေ့သိရတာပေါ့ ကွာ။ စန္ဒြောက ဘယ်တော့မှ အမှားမပြောဘူး။ အမှန်ပဲ ပြောတာ'

ဟု ပြောလိုက်ပြီးလျှင်-

'ဒီမှာ ကောင်လေး၊ ငါပြောတိုင်း ဘာလို့မှန်လဲဆို တာ မင်းသိလား'ဟု ဆက်၍မေးလိုက်လေ၏။

'ဟုတ်ကဲ့၊ သိချင်ပါတယ် အဘ'ဟု ကျွန်ုပ်က လည်း ပြန်၍ပြောလေ၏။

'အမှန်ကတော့ မင်းရဲ့ နာမည်ကြောင့်ပဲ'ဟု အဘ စန္ဒြော ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်၏နာမည်ကြောင့်ဆိုသော စကား အဓိပ္ပာယ်ကို နားမလည်သောကြောင့် ကျွန်တော့်နာမည် က 'ဘာဖြစ်လို့လဲ အဘ'ဟု မေးလိုက်လျှင် အဘက-

'ဒီလိုကွ၊ လူတိုင်းရဲ့ နာမည်တိုင်းမှာ ဌာန်ဆိုတဲ့ ဌာန်နာမည်တွေ ရှိကြတယ်။ ဥပမာကွာ..မင်းနာမည်က

www.burmeseclassic.com

မောင်ဖေထွေးဆိုတော့ ဌာန်အားဖြင့် ကာယဌာန်ဇယား ထဲမှာ ပါတယ်။ ကာယဌာန်ဆိုတဲ့ သဘောက ကိုယ့်အား ကိုယ့်ခွန် ကိုယ်မာန်နဲ့ လုပ်ဆောင်ရတဲ့သဘောကို ဆိုလို တာ။ ဒါကြောင့် မင်းကို အားမာန်ပါတဲ့ ညောင်ထောက် ပန်းချီကား၊ တံတားတည်ဆောက်တဲ့ ပန်းချီကားတွေ ရေး ဆွဲခိုင်းတာပေါ့။ ဒါမှ မင်းနာမည်နဲ့ မင်းလုပ်ရပ် အံဝင် ခွင်ကျ ဖြစ်တော့မှာပေါ့။ ဗေဒင်စကားနဲ့ပြောရင် ဆန်း ဝင်တဲ့ သဘောပေါ့ကွာ။ ဆန်းဝင်တော့ လမ်းမြင်တာပေါ့ ကွာ။ အလုပ်ဖြစ်တာပေါ့။ ပန်းချီကား အရောင်းထွက် တာပေါ့။ အဲဒါ ဝိဇ္ဇာအတတ်လို့ခေါ်တဲ့ ဝေဒအတတ်ပဲ ကောင်လေးရ' ဟု ပြောပြီး ရယ်မော၍နေလေ၏။

'ကျွန်တော် အဘကို ကန်တော့ပါရစေ' ဟု ကျွန်ုပ် က ပြောလိုက်ရာ 'မင်းက ဘာနဲ့ ကန်တော့မှာလဲ' ဟု အဘက ပြန်၍မေးလေ၏။

'ပန်းချီကားရောင်းလို့ရတဲ့ငွေနဲ့ အဘကို ကန်တော့ ချင်လို့' ဟု ကျွန်ုပ်က ပြောလေ၏။

'ကန်တော့ချင် ကန်တော့တော့ကွာ' ဟု အဘက ပြောလိုက်ရာ ကျွန်ုပ်လည်း အဘစန္ဒြောအား ငွေကျပ်တစ် ထောင်တိတိကို ကန်တော့လိုက်လေတော့သတည်း။

◆ ◆ ◆

တစ်နေ့သ၌ အဘစန္ဒြောသည် ကျွန်ုပ်ဆီသို့ ရောက် လာပြီးလျှင်-

'ကောင်လေး..အထုပ်အပိုးတွေ ပြင်ထားတော့။ ဒီ နေ့ နေ့လယ်အချိန် လူတစ်ယောက် ကားနဲ့ မင်းဆီ ရောက် လာလိမ့်မယ်။ သူက မင်းအတွက် လေယာဉ်လက်မှတ် တစ်စောင် လာပေးလိမ့်မယ်။ အဲဒီလေယာဉ်လက်မှတ်နဲ့ မင်း ကုလားပြည်သွားရမယ်။ ဒီမှာ မင်းအတွက် သုံးဖို့စွဲဖို့ ယွန်းသေတ္တာလေး ထားခဲ့တယ်။ သေတ္တာထဲမှာ ပတ္တမြား နဲ့ စိန်တွေ ပါတယ်။ ရွှေတုံးရွှေခဲလည်း ပါတယ်။ ကုလား ပြည်ရောက်ရင် ထုခွဲပြီးစား။ ကျန်တဲ့ကိစ္စတွေ ကုလား ပြည်ရောက်မှ ဆက်လုပ်ရှား။ ဒါပဲ' ဟု ပြောသံကြောင့် ကျွန်ုပ် အိပ်ရာမှ လန့်နိုးလေ၏။

အဘကို ရှာတော့ မတွေ့တော့။ သည်တော့မှ အိပ် မက်,မက်မှန်း သိရလေတော့၏။

အိပ်ရာမှအထ စားပွဲပေါ်တွင် ယွန်းသေတ္တာဘူးလေး ကို တွေ့လိုက်ရ၍ ကျွန်ုပ်သည် အံ့သြ၍သွားလေ၏။

ယွန်းသေတ္တာဘူးကို ဖွင့်ကြည့်လိုက်သောအခါ ပတ္တမြား တချို့၊ စိန်တချို့၊ ရွှေတုံးရွှေခဲများကို တွေ့ရလေ၏။

'ဟာ..ဒါ အဘစန္ဒြော ပစ္စည်းပဲ။ အဘ ငါ့အိပ် တကယ်ရောက်လာတာနဲ့တူတယ်' ဟုတွေးပြီး နေရာအနှံ့ လိုက်ရှာကြည့်လေ၏။ နေရာသာ စုံသွားသည်။ အဘ စန္ဒြောကိုကား မတွေ့ရှိပေ။

ကျွန်ုပ်သည် ယွန်းသေတ္တာဘူးကိုကိုင်လျက် အိပ်မက် အကြောင်းနှင့် အဘစန္ဒြောအကြောင်းကို တွေးနေမိလေ ၏။

ထိုအချိန်မှာပင် ကျွန်ုပ်၏ ဆိုင်ရှေ့တွင် ကားတစ်စီး ထိုးစိုက်ကာ ရပ်လေ၏။ ကားပေါ်မှ အိန္ဒိယအမျိုးသား တစ်ယောက် ဆင်းလာလေ၏။

'ဦးဖေထွေး..အဆင်သင့်ဖြစ်ပြီဆိုရင် ကားပေါ်တက် ပါ။ ကျွန်ုပ်တို့ ဒီနေ့ပဲ ကုလားပြည်ကို သွားကြမယ်' ဟု ဆိုလေ၏။

ထိုအိန္ဒိယအမျိုးသားမှာ ဗမာစကားကို ကောင်း စွာပြောတတ်သူတစ်ယောက် ဖြစ်လေ၏။ သို့သော် ကျွန်ုပ် သည် ထိုအိန္ဒိယအမျိုးသားအား လုံးဝမသိပေ။

'ကျုပ် ခင်ဗျားကို မသိဘူး။ ခင်ဗျားက ဘယ်သူလဲ' ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်းက-

'အဲဒါတွေ မေးစရာ မလိုဘူး၊ သိစရာလည်း မလို ဘူး။ ခင်ဗျား ကျုပ်နဲ့အတူ လိုက်ဖို့သာပြင်ပါ။ ငြင်းမယ် ဆိုရင် ခင်ဗျားကို ကျုပ်တို့ ဆရာဂုရုကြီးက ကြိမ်းမော တဲ့ဒဏ် ခတ်လိမ့်မယ်'

ဟု ၎င်းကဆိုလေရာ ကျွန်ုပ်က-

'ခင်ဗျား ဆရာဂုရုကြီးဆိုတာက ဘယ်သူလဲ'

ဟု မေးလိုက်ရာ ၎င်းအိန္ဒိယအမျိုးသားကြီးက ... နေရာသို့ လက်ညိုးထိုးပြ၍-

'ဟိုမှာ အဲဒါ ကျုပ်တို့ရဲ့ ဂုရုကြီးပဲ'

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း ၎င်းညွှန်ပြရာ... ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ-

'အုန်းဆီဝယ်ကြဦးမလားဗျို့' ဟူ၍ အော်ရောင်း... တစ်လှမ်းချင်း ထွက်ခွာသွားနေသော အဘစန္ဒြော... အံ့သြထိတ်လန့်စွာ မြင်တွေ့လိုက်ရလေသတည်း။

ရှင်ထွေး...



www.burmeseclassic.com

www.burmeseclassic.com

# အဘခေါင် တန်ခိုးဖြင့် ဘုရားတည်ရသူ

သိန်းထွန်းသစ်



(၁)

ပုဂံမြို့ဟောင်းရှိ မနုဟာမင်း တည်ထားခဲ့သော ဘုရား၌ အဓိဋ္ဌာန်လုပ်ငန်း ဆောင်ရွက်ပြီး၍ ဆရာကြီး ညာရွှေနှင့် ကျွန်တော် ချောက်မြို့ရှိ ရွှေဘုံတောင်စေတီသို့ အဓိဋ္ဌာန်ခရီးသွားရန် ပုဂံမြို့ အာနန္ဒာစေတီကြီးရှေ့၌ လိုင်းကားကို စောင့်ဆိုင်းနေကြခြင်း ဖြစ်ပါသည်။

အချိန်ကာလအားဖြင့် (၁၉၈၅)ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ဖြစ်ပါသည်။ သည်နှစ်မှ ပြည်ထောင်စုနေ့ အလံကို လက်ဆင့်ကမ်း သယ်ယူကြရာ ညောင်ဦးမြို့နှင့် ပုဂံမြို့ဟောင်းကို ဖြတ်သန်းပြီး ရောဝတီတစ်ဖက်ကမ်း ပခုက္ကူမြို့သို့ သယ်ယူကြမည်ဖြစ်သည်။ ပုဂံမြို့ဟောင်း ဗူးစေတီအနီး ကူးတို့ဆိပ်မှ အလံကို သယ်ဆောင်မည်ဖြစ်ရာ အလံတော်ကို ကြိုဆိုပြီး သယ်ယူမည့် အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ ကျောင်းသူကျောင်းသားများဖြင့် ပုဂံမြို့ဟောင်းအတွင်း စည်ကားလျက်ရှိပါသည်။ နံနက်ပိုင်း လိုင်းကားမလာ၍ ညနေပိုင်းအချိန် လိုင်းကားကို စောင့်ဆိုင်းနေကြရပါသည်။ နံနက်(၁၀)နာရီအချိန် ပုဂံမြို့မှ ပြည်ထောင်စုအလံတော် ဖြတ်သန်းသယ်ဆောင်သွားခဲ့ကြသည်။ ပုဂံမြို့အတွင်း အတော်အသင့် လူရှင်းလင်းသွားပါသည်။

နံနက်(၁၁)နာရီအချိန်မှ ညောင်ဦးမြို့မှ လိုင်းကား ပုဂံမြို့ဟောင်းသို့ ရောက်လာပါသည်။ လိုင်းကားဆို၍



www.burmeseclassic.com

www.burmeseclassic.com

ဘတ်(စ်)ကား အကောင်းစားများ မဟုတ်ပါ။ ရန်ကုန်အခေါ် (၃)တန်ကား၊ နယ်မြို့များအခေါ် လော်ရီကားကြီးဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်သုံးကျန် ချက်ပလက်ခေါင်းတိုကို မြန်မာပြည်ဖြစ် ကားဘော်ဒီကိုယ်ထည် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ယင်းလိုင်းကားမှာ နှစ်ထပ်ပြုလုပ်ထားပါသည်။ ဝါးပိုးဝါးများ တန်းထိုးထားပြီး ဝါးကပ်များ ခင်းထားသည်။ အပေါ်ထပ်မှာ ယောကျ်ားများသာ စီးနင်းရပြီး အောက်ထပ်မှာ မိန်းမသားများသာစီးရသည်။ သုံးတန်ကားအပြည့် ခရီးသည်များ လိုက်ပါလာပြီး ဆီးသီးတောင်းများ၊ အောက်ထပ်၌ ဆိတ်များပါတင်ဆောင်လာရာ ဆိတ်အော်သံ၊ လူအများ စကားပြောသံ၊ သုံးတန်ကား ဘော်ဒီကိုယ်ထည် လှုပ်ခါ၍ တကျွီကျွီမြည်သံများဖြင့် ဆူညံနေပါသည်။ ဆရာကြီးပညာရွှေကိုကားခေါင်းခန်း ၌ နေရာပေး၍ အဆင်ပြေသွားပါသည်။ ကားခမှာ (၅)ကျပ်ဖြစ်ပါသည်။

ပုဂံမြို့ဟောင်း တူရွင်းတောင်ခြေတစ်လျှောက် ဖြတ်သန်းမောင်းနှင်လာရာ ဧရာဝတီမြစ်ကြီးကမ်းခြေ အေးရှုခင်းများကို ကြည့်ရှုလာမိသည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည်တောင်ကြီးကို မိုးထိလုဘန်န်း မြင့်မားစွာရှိနေသည်ကို မြင်တွေ့ရသည်။ ပုဂံမြို့ဟောင်းရှိရာ အညာဒေသသည် ထန်းပင်ထန်းလက်များဖြင့် အေးရိပ်ဆာယာရှိနေပါသည်။ ကျွန်တော်တို့ စီးလာသော လိုင်းကားသည်မကြာမီ စဉ့်ကူမြို့သို့ ရောက်လာပါသည်။ ကားခေတ္တရပ်နားစဉ် ကားပေါ်မှဆင်း၍ ဖုန်မှုန့်များကို ခါထုတ်ရပါသည်။ လိုင်းကားသည် ချောက်မြို့၌ ဂိတ်ဆုံးမည်ဖြစ်ရာချောက်မြို့သို့ လိုက်ပါမည့် ခရီးသည်များကို တင်ဆောင်ပြီး ဆက်လက်ထွက်ခွာပါသည်။

(၂)

ချောက်မြို့အဝင် တောင်ထိပ်၌ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ရွှေဘုံတောင်စေတီရှိပါသည်။ ရွှေဘုံတောင်အနီး ရေနံတွင်းများတည်ရှိပြီး ဧရာဝတီတစ်ဖက်ကမ်း၌လည်း ရွာရှိနေပါသည်။ ရွှေဘုံတောင်စေတီတောင်ခြေရင်း လိုင်းကားရပ်လိုက်သည်နှင့် ဆရာကြီးပညာရွှေနှင့် ကျွန်တော်တို့ ကားပေါ်မှ ဆင်းလိုက်ပါသည်။ အချိန်အားဖြင့် နံနက်(၁၂)နာရီထိုးရန် (၁၅)မိနစ်သာ လိုပါတော့သည်။

ဆရာကြီးပညာရွှေသည် နေ့စဉ် ဥပုသ်ဝတ် တည်ဆောက်ထားရာ မွန်းလွဲ(၁၂)နာရီကျော်လျှင် ဆရာကြီးနံနက်စာထမင်း စားရတော့မည် မဟုတ်ပါ။ ကျွန်တော်စိတ်ပူပန်မိသည်။ ဆရာကြီးပညာရွှေမှာ အေးဆေးစွာပင်ကျွန်တော့်နောက်မှ လိုက်ပါနေသည်။ ရွှေဘုံတောင်စေတီသည် မြို့ပြင်၌ တည်ရှိပြီး လူပြတ်၍ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်များ မရှိပါ။ ကျွန်တော် စေတီကုန်းတော်ခြေရင်းရောက်လာစဉ် ဆရာကြီးပညာရွှေ နောက်မှာကျန်ခဲ့၍ လှည့်ကြည့်လိုက်ရာ ကျွန်တော့်နောက် ဝါးတစ်ရိုက်အကွာတွင် ဆီးပင်အောက်၌ ထမင်းထိုင်စားနေသောဆရာကြီးကို တွေ့လိုက်ရပါသည်။

'လူလေး..ပုံသကူထမင်းထုပ် ဆီးပင်မှာ ချိတ်ထားတာတွေ့လို့ ငါ ဥပုသ်မကျိုးအောင် ယူစားလိုက်တယ်။ ဘုရားကုန်းပေါ်ရောက်ရင် မင်းကို ထမင်းကျွေးမယ့်သူစောင့်နေတယ်။ ရှေ့က သွားနှင့်တော့။ ငါ နောက်ကလိုက်ခဲ့မယ်။ သည်နေရာ သည်ဌာနမှာ မင်းက ငါ့ကိုဦးဆောင်ခေါ်သွားရမှာ'

ကျွန်တော့်အား ဆရာကြီးပညာရွှေ နောက်ပြောင်စကားပြောသည်ထင်၍ ဆရာကြီးအတွက် လွယ်ထားသော လွယ်အိတ်ထဲမှ ရေဘူးထုတ်ပေးရပါသည်။

'လူလေး..သွားနှင့်တော့။ မင်းနောက်က ငါလိုက်လာခဲ့မယ်'

ဆရာကြီးပညာရွှေ ပြောပါများ၍ ကျွန်တော် မသွားချင် သွားချင်နှင့် ရွှေဘုံတောင်စေတီကုန်းတော်ပေါ် တက်လာရပါသည်။

(၃)

ရွှေဘုံတောင်စေတီရှိရာ ကုန်းတော်သည် အတော်အသင့် မြင့်မားလှပါသည်။ ကုန်းတော်ပေါ် ရောက်သည်နှင့် လူတစ်ဦးတစ်ယောက်မျှ မမြင်ရပါ။ လေနုအေးတို့တသုန်သုန်တိုက်ခတ်နေ၍ ကုန်းတော်ပေါ် တက်လာသည့်အမောတို့ ပြေပျောက်သွားရပါသည်။ ဧရာဝတီမြစ်ပြင်ပေါ် ဖြတ်သန်းလာသည့် လေနုအေးသည် ကျွန်တော့်ရင်ကို အေးမြသွားစေပါသည်။

စေတီတော်ကို ထီးခြင်းငါးပါးဖြင့် ကန်တော့လိုက်ပြီး အရပ်ရှစ်မျက်နှာကို မေတ္တာပို့သလိုက်ပါသည်။ ကျွန်တော့်နောက်မှ ခြေသံကြား၍ ထိုင်ကန်တော့နေရာမှထ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်မိပါသည်။ ကျွန်တော့်စိတ်အထင် ဆရာကြီး ပညာရွှေ ရောက်လာသည်ဟု ထင်မြင့်မိပါသည်။ တက်တက်စင်အောင် မှားပါသည်။ အသက်(၁၆)နှစ်ကျော် အညာသူ အမျိုးသမီးငယ်လေးတစ်ယောက် ဖြစ်နေပါသည်။

'တို့မောင်ကြီး ထမင်းဆာလှရော့မယ်။ တောင်ဘက်မုခ်ဦးကနေ တောင်အောက်ကို ဆင်းသွားပါနော်။ ထမင်းကျွေးမယ့် ဇရပ်ရှိနေတယ်။ အဘဆရာကြီး လိုက်လာလိမ့်မယ်။ တို့မောင်ကြီး သွားလိုက်တော့နော်'

ယင်းမိန်းကလေးသည် ဆံတောက်ကြီးဖားဖားနှင့် လှပလွန်းသူဖြစ်သည်။ အညာသူများ မျက်ခမ်းစပ် မျက်မှေးသူများဖြစ်သည်ဟု ဆိုကြသည်။ ယင်းအမျိုးသမီးငယ်ကား အညာသူမှ ဟုတ်ပါလေစ။ ကျွန်တော် သူမကို နာမည်မေးလိုက်ပါသည်။

'ညီမလေးနာမည် ဘယ်လိုခေါ်လဲ'

'အိုဖုန်းသင်ပါ။ နှမလေး တောင်မင်းမြောက်မင်းဘက် သွားလိုက်ပါဦးမယ်။ မောင်ကြီး ရင်ကွဲဇရပ်လေးဆီ သွားပါတော့နော်။ ကံဆုံရင် ပြန်ကြုံကြရမှာပါ'

အမျိုးသမီးငယ်လေး အပြေးထွက်ခွာသွားပါသည်။

ကျွန်တော် သူမကို ငေးကြည့်နေမိရာ-

'လူလေးတစ်ယောက် ကြုံဆိုမယ့်သူနဲ့ပါလား။ ဟန်ကျလိုက်တာ။ နေဏ ပူပါဘိ။ ရင်ပြင်တော်သမံတလင်းကလည်း ပူလိုက်တာ။ လူလေး အပူမကြောက်ပါလား'

'ဆရာကြီးအတွက် ပုံသကူထမင်းထုပ် လာထားတဲ့မိန်းကလေးနာမည်က အိုဖုန်းသင်တဲ့။ ပုဂံခေတ်က အမျိုးသမီးတွေ နာမည်ပဲ။ ပြည်ထောင်စုနွေည ချောက်မြို့က အားကစားကွင်းမှာ ဇာတ်ဝင်မယ်လို့ ကားပေါ်မှာ ကြားခဲ့ရတယ်။ ဇာတ်မင်းသမီးလေးတစ်ဦး ထင်ပါတယ်'

'ထင်ချင်ရာ ထင်ပေတော့ လူလေးရေ၊ မင်းကတော့ ပုထုဇ္ဇနော ဥမ္မတ္တကောပဲ။ လူတွေဟာ အရူးလို့ ဘုရားရှင် ဟောကြားထားတယ်။ မင်းလည်း အရူးတစ်ဦးပေါ့။ ငါ့တပည့်ရူးမှတော့ ထူးလာဦးမှာပေါ့။ မင်းခြေဖဝါးတွေ အပူကြောင့် ကျွမ်းသွားလိမ့်မယ်။ တောင်အောက်ဆင်းပေတော့'

ကျွန်တော် တောင်အောက်သို့ လှေကားထစ်များအတိုင်း ဆင်းလာစဉ် ဆရာကြီးပညာရွှေ နောက်မှ ပညာပေးစကား ရွတ်ဆိုလိုက်ပါသည်။

'ကုမုဒြာကြာစွယ်ကို လက်ဖြင့် တိခနဲ ပိုင်းဖြတ်သကဲ့သို့ အသင်လူသားတို့သည်လည်း ကိလေသာတဏှာကို သတိတရားဖြင့် ပိုင်းဖြတ်ကြကုန်'

'ကျွန်တော် ထူးပြီ ဆရာကြီးရေ' လို့ အော်ပြောလိုက်ချင်ပါသည်။ ကျွန်တော့်အား ဆရာကြီးပညာရွှေသည် ပထမဆုံးအကြိမ် ငါ့တပည့်ဟူသော အသုံးအနှုန်းကြောင့် ဖြစ်ပါသည်။

(၄)

ရွှေဘုံတောင်စေတီ တောင်ဘက်မုခ်ဦး လှေကားအတိုင်း ဆင်းလာခဲ့ပြီး လမ်းလေးအတိုင်း ဝါးနှစ်ရိုက်ခန့် ဆက်လျှောက်လာစဉ် ရင်ကွဲဇရပ်လေး တစ်ဆောင်နား ရောက်လာပါသည်။ ယင်းဇရပ်လေးဝန်းကျင်၌ တစ်ဦးတည်း နေထိုင်ကျင့်ကြံနိုင်သည့် ဇရပ်ဇေးများ ရှိနေပါသည်။ ရင်ကွဲဇရပ်ဟု ခေါ်ကြခြင်းမှာ လမ်းလေးတစ်ဖက်တစ်ချက်၌ ဇရပ်တစ်လုံးစီ ရှိနေပြီး ယင်းဇရပ်လေးနှစ်လုံးကို ခေါင်အမိုးတစ်ဆက်တည်း ပြုလုပ်ထား၍ ဇရပ်လေး နှစ်လုံး ကွဲကွာနေကြခြင်း ဖြစ်ပါသည်။

ရင်ကွဲဇရပ်လေးထဲ ဝင်လိုက်သည်နှင့်-

'ပုဂ္ဂိုလ်ထူးတွေ လာကြပြီ။ ဇရပ်ပေါ်တက်ပြီး အနားယူပါဦး'

သာယာချိုအေးသောအသံရှင် ယောဂီမယ်တော်ကြီးတစ်ပါးကို တွေ့လိုက်ရပါသည်။ ကျွန်တော် ဇရပ်ပေါ်တက်ပြီး ထိုင်လိုက်စဉ် ဆရာကြီးပညာရွှေလည်း ရောက်လာပါသည်။

'အဘဆရာကြီး..ခေါင်းရင်းဘက် ကြွပါရှင်။ ဆရာကြီး လဲလျောင်းပြီး အနားယူဖို့ နေရာထိုင်ခင်းစီစဉ်ထားပါတယ်။ ပါရမီရှင်ပုဂ္ဂိုလ်ထူးလေး ထမင်းသုံးဆောင်လိုက်ပါဦး'

ယောဂီမယ်တော်ကြီး ဧည့်ဝတ်စကား ပြောလိုက်စဉ် ကျွန်တော်ထိုင်နေရာရှေ့သို့ ယောဂီအမျိုးသမီး နှစ်ဦးက ထမင်းပွဲ ပြင်ထားသော စားပွဲဝိုင်း လာချပေးပါသည်။ ကျွန်တော်လည်း လမ်းတစ်လျှောက် မည်သည့်မုန့်ပဲသရေစာမျှ စားလာခြင်းမရှိ၍ ဗိုက်ထဲဆာလောင်နေပါသည်။ သက်သတ်လွတ် ခရမ်းချဉ်သီးငါးပိချက်၊ မြေပဲကြော် လက်ဖက်သုပ်များဖြင့် စားချင်စဖွယ် ရှိနေသလို ဟန်



www.burmeseclassic.com

www.burmeseclassic.com

မဆောင်နိုင်ဘဲ ဓာတ်ဝကြီးစားသောက်လိုက်ပါသည်။

'စားလို့ကောင်းရဲ့လား ပါရမီရှင်လေး။ အချိန်တောင် အတော်လင့်နေပြီ။ အဘဆရာကြီးနှင့် ပါရမီရှင်လေးတို့ ရောက်လာမယ့် သတင်းစကား အပျိုမလေး အိုဖုန်းသင် ပြောထားလို့ ကြိုတင်ပြင်ဆင်ထားတာ'

ယောဂီမယ်တော်ကြီး စကားကြောင့် ကျွန်တော် အံ့အားသင့်သွားရပါသည်။ ဓာတ်မင်းသမီးအပျိုတော်မလေးက ကျွန်တော်တို့ ရောက်လာကြမည်ကို ဘယ်လိုသိလိုက်ပါလိမ့်။ ကျွန်တော် ယောဂီမယ်တော်ကြီးကို မေးလိုက်ပါသည်။

'ဓာတ်မင်းသမီး အပျိုတော်မက အလှူလက်ဖက်နဲ့ မျက်နှာလုပ်သွားတာပဲ။ အားနာလိုက်တာ မယ်တော်ကြီးရေ' -

ကျွန်တော့်စကားကြောင့် မယ်တော်ကြီးက ရယ်မောလိုက်ပါသည်။ မယ်တော်ကြီးရယ်သံက အသံကျယ်သွားပါသည်။ အိပ်ရာခင်းပေါ် လဲလျောင်းနေသော ဆရာကြီးပညာရွှေသည် အိပ်မောကျနေပါသည်။ ဆရာကြီးသည် သူစိမ်းတစ်ရံ နေရာ၊ ဌာန၊ အိမ်၊ ကျောင်း၊ တော၊ တောင် စခန်းများ၌ လွန်စွာမှပင် အိပ်ခဲပါသည်။ ဆရာကြီးအိပ်မောကျနေခြင်းကိုကြည့်၍ ကျွန်တော် ဝေခွဲမရဖြစ်နေပါသည်။

ကျွန်တော် ယုံမှားသံသယစိတ်ကို ဆရာကြီးပညာရွှေက -

'လူလေး··ငါ အိပ်မပျော်ပါဘူး။ မယ်တော်ကြီး စကားကို မင်း စိတ်ချလက်ချ နားထောင်လိုက်ဦး'

'ပါရမီရှင်လေး အိုဖုန်းသင်က အလောင်းစည်သူမင်းကြီးရဲ့ အပျိုတော်လေးတစ်ဦးပါ။ ရွှေဘုံတောင်သိုက်ထဲမှာ စောင့်နေရတယ်။ ပုဂံခေတ်ကဆိုတော့ သူ့အသက်ကို ခန့်မှန်းကြည့်ပေတော့။ သူ့ကို တွေ့ရခဲတယ်။ ပါရမီရှင်လေးနဲ့ ဘဝပဋ္ဌာန်းဆက်ရှိလို့သာ လာတွေ့တာ။ ဓာတ်မင်းသမီး မဟုတ်သလို လူသားစစ်စစ်လည်း မဟုတ်ဘူး။ ထမင်းဖိုး ဒေါင်းဒင်္ဂါးပြားတစ်ပြား ပေးသွားတယ်။ ကြည့်လိုက်ပါဦး'

ယောဂီမယ်တော်ကြီး ပြသော ဒေါင်းဒင်္ဂါးပြားမှာ ရှေးခေတ်သုံး ငွေဒင်္ဂါးပြားဖြစ်၍ ယခုခေတ်တွင် တန်ဖိုးကြီးပါသည်။ ကျွန်တော် ထမင်းစားပြီး၍ ဇရပ်ပေါ်မှ ထရပ်ရင်း ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းလိုက်မိသည်။ ရင်ကွဲဇရပ်လမ်းအဆုံး၌ ကိုးတောင်ပြည့်စေတီလေးတစ်ဆူကို တွေ့လိုက်ရပါသည်။ ကျွန်တော့်စိတ်အာရုံသည် ယင်းစေတီလေးထံ ရောက်သွား၍ ကျွန်တော် စေတီလေးသမိုင်းကို ယောဂီမယ်တော်ကြီးထံ မေးကြည့်လိုက်ရပါသည်။

<u>ဝိဇ္ဇာအောင်မင်းခေါင် တန်ခိုးဖြင့် ဘုရားတည်ရသူ</u>

အချိန်ကာလအားဖြင့် မြန်မာသက္ကရာဇ်(၁၃၀၉) ခုနှစ်ကာလ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရသေးမီကာလဖြစ်၍ ပြည်တွင်း၌ မိတ္တာဒိဋ္ဌိ ဂျပန်များရှိနေဆဲဖြစ်ပါသည်။ မဟာမိတ်အင်္ဂလိပ်တပ်များနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့တပ်မတော် ပြောက်ကျားတပ်များ ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်နေခဲ့သည်လည်း ဖြစ်ပါသည်။ ဓားပြ၊ သူခိုး၊ တောကြောင်များလည်း ထကြွသောင်းကျန်းနေဆဲ ဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားများ ကပ်ကြီး(၃)ပါးရန်မှ ကင်းဝေးစေရန် ဝိဇ္ဇာအောင်မင်းခေါင်သည် မြန်မာပြည်အနှံ့ လှည့်လည်သွားလာလျက် ကိုးတောင်ပြည့်စေတီများ တည်ထားပြီး ကပ်(၃)ပါးရန်မှ ကင်းလွတ်စေရန် ဓာတ်ယ[...]များ ဆောင်ရွက်ပေးလျက်ရှိသည်။

ကပ်(၃)ပါးမှာ ထိုအချိန်က မြန်မာပြည်တွင် ကျ[...] ရောက်ဆဲရှိနေရာ

၁။ သတ္တန္တရကပ် (စစ်မက်လက်နက်ဘေးကြောင့် ကပ်ဘေးဆိုက်ခြင်း)၊

၂။ ဒုဗ္ဘိက္ခန္တရကပ်
(အစာရေစာငတ်မွတ်ဘေး ကပ်ဆိုက်ခြင်း)၊

၃။ ရောဂန္တရကပ် (ရောဂါဘေးကပ်ဆိုက်ခြင်း)များ မြန်မာပြည်သူပြည်သားများ လွတ်မြောက်စေရန် ဆော[...] ရွက်ပေးနေခြင်း ဖြစ်သည်။

ဝိဇ္ဇာအောင်မင်းခေါင်နှင့် နောက်ပါတပည့်(၉)ဦး[...] သည် စဥ့်ကူရွာသို့ နေဝင်ဆည်းဆာချိန် ရောက်ရှိလာ[...] တိုင်းပြည်အခြေအနေ မအေးချမ်းသောကာလဖြစ်၍ [...] ရွာသားများက ရွာခြံစည်းရိုးတံခါးပိတ်ထားပြီး ဖွင့်[...] ၍ ရွှေဘုံတောင်စေတီသို့ ရောက်လာခဲ့ကြသည်။ ရွှေ[...] တောင်စေတီရှိရာအနီးတွင် သီလရှင်ဆရာကြီး ဒေါ်[...] နှင့် တပည့်ဖြစ်သူ ဆရာလေး ဒေါ်စန္ဒာအောင်တို့ [...]

www.burmeseclassic.com

ကျောင်းလေးများ ရှိကြသည်။ ဝိဇ္ဇာအောင်မင်းခေါင်နှင့် နောက်ပါ(၉)ဦးအား ဒေါ်ပံသုက လက်ခံပြီး နေရာထိုင်ခင်းပေးခဲ့ပါသည်။ ဝိဇ္ဇာအောင်မင်းခေါင်ကို အထင်မကြီးသော်လည်း လေးစားသမှုဖြင့် ဆက်ဆံကြောင်း နောင်အခါ ဒေါ်စန္ဒာအောင်က ပြောပြခဲ့ပါသည်။

'ဝိဇ္ဇာအောင်မင်းခေါင်လို့ သူ့တပည့်တွေက ပြောလို့သိရတာ။ တောသားကြီး တစ်ဦးလိုပါပဲ။ အညာပင်နီကြမ်း တိုက်ပုံအင်္ကျီ ဝတ်ထားပြီး ပုဆိုးကွက်ကျားကြီး ဝတ်ထားတယ်။ ဇရပ်မှာ နေခွင့်ရလို့ နေ့နေ့ ညည တရားပဲ ထိုင်နေတယ်။ စကားမပြောဘူး။ ဝိဇ္ဇာအောင်မင်းခေါင် ဝေယျာဝစ္စတွေကို နောက်ပါ တပည့်တွေက လုပ်ကိုင်ပေးတယ်။ မယ်တော်တို့က စားသောက်ရေး လုပ်ကိုင်ပေးရတယ်။ ထူးဆန်းတာက ဝိဇ္ဇာအောင်မင်းခေါင်နဲ့ တပည့်တွေစားဖို့ အနီးအနားရွာကလူတွေ လာလှူကြတယ်။ တစ်ခါမှ မမြင်ဖူးတဲ့ သူစိမ်းတွေချည်းပဲ။ အားလုံးဟာ အညာသူအညာသား ပုံသဏ္ဍာန်တွေပဲ။ ထူးခြားတာက ဆွမ်းအုပ်တွေနဲ့ သက်သတ်လွတ် ထမင်းဟင်းတွေပို့ပြီး ပြန်သွားကြတယ်။ စကားလုံးဝမပြောကြဘူး။

ဝိဇ္ဇာအောင်မင်းခေါင်နဲ့ တပည့်တွေ စားလို့ မကုန်တဲ့အပြင် မယ်တော်တို့အတွက်ပါ ပိုလျှံနေသေးတယ်။ သီလရှင်ဆရာကြီး ဒေါ်ပံသုက ဝိပဿနာတရားပဲ အားထုတ်တယ်။ လူအုပ်စုတွေ အုံးအုံးကျွက်ကျွက်ဖြစ်လာတော့ ဒေါ်ပံသု စိတ်ညစ်လာတယ်။

ဘိုးတော် ဘယ်တော့ ပြန်ကြွမလဲ။ တရားအလုပ်လုပ်ရတာ အနှောင့်အယှက်ဖြစ်လှတယ်။

ဘိုးတော်ဆိုတာက အညာဒေသ အခေါ်အဝေါ်ပဲ။ ယောက်ျားသား အသက်ကြီးသူများကို ဘိုးတော်လို့ခေါ်ကြတယ်'

ဒေါ်စန္ဒာအောင် မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပါသည်။

ကျွန်တော်က-

'အဘခေါင်က ဒေါ်ပံသုကို ဘာမှပြန်မပြောဘူးလား'

ကျွန်တော့်စကားကြောင့် ဒေါ်စန္ဒာအောင်က ပြန်ပြောပါသည်။

'ဝိဇ္ဇာအောင်မင်းခေါင်က တိုတိုပြတ်ပြတ်ပဲ စကားပြောလိုက်တယ်။ မယ်သီလ ဘုရားတည်ရမယ်'

မယ်တော်ကြီး ဒေါ်ပံသုက-

'ဘုရားမတည်နိုင်ဘူး။ သံသရာရှည်ဦးမယ်။ နိဗ္ဗာန်သွားချင်ပြီလို့ ပြန်ပြောတယ်'

ဝိဇ္ဇာအောင်မင်းခေါင်က 'ဘုရားတည်ပြီးမှသွားလို့' ခပ်ဇောက်ဇောက် ပြောလိုက်တယ်။

မယ်တော်ကြီး ဒေါ်ပံသုက 'ဝိဇ္ဇာလို့၊ ဘိုးတော်လို့ အခေါ်ခံနေရတယ်။ ဘာအစွမ်းအစရှိလဲ။ ပြပါဦးလို့ ပြောပြန်တယ်'

'အစွမ်းပြရင် ဘုရားတည်ပေးရမယ်'လို့ ဝိဇ္ဇာအောင်မင်းခေါင်က ပြောလိုက်တယ်။ မယ်တော်ကြီး ဒေါ်ပံသု တိတ်ဆိတ်သွားတယ်။

နောက်နေ့မနက် အိပ်ရာကနိုးထချိန် မယ်တော်ကြီး ဒေါ်ပံသု ဝိဇ္ဇာအောင်မင်းခေါင်ရှေ့ ရောက်လာပြီး ဒူးတုပ်ဦးချလိုက်တယ်။

'ဘိုးတော် တယ်စွမ်းပါလား။ ကျုပ်လက်ထဲမှာ ဘုရားဓာတ်တော်(၅)ဆူ ကြွရောက်နေတယ်။ ဘိုးတော် အစွမ်းအစ ပြတော့လည်း ကျုပ် ဘုရားတည်ရမှာပေါ့'

ဝိဇ္ဇာအောင်မင်းခေါင်က-

'နိဗ္ဗာန်မသွားခင် သတ္တဝါတွေကို ကယ်သွားဦး'

မယ်တော်တို့လည်း အံ့အားသင့်လွန်းလို့ ဘာမှမပြောမိကြဘူး။

ဒေါ်စန္ဒာအောင်က ဘုရားစေတီသမိုင်းအကျဉ်းချုပ်ကို ရှင်းပြပါသည်။

'သည်နေရာမှာ ဝိဇ္ဇာအောင်မင်းခေါင် (၃)ရက် နေထိုင်သွားခဲ့တယ်။ (၁၃၀၉)ခုနှစ်မှာ ဝိဇ္ဇာအောင်မင်းခေါင် ပန္နက်ရိုက်ပေးပြီး သီလရှင်ဆရာကြီးက ကိုးတောင်ပြည့်စေတီတည်ထားလို့ ဘုရားဓာတ်တော်(၅)ဆူကို ဌာပနာပြုပြီး ဓာတ်ပန္နက်ရိုက်ပေးခဲ့တယ်။ ထူးခြားချက်က ချောက်မြို့တစ်မြို့လုံး ဗုံးဒဏ်လွတ်ကင်းသွားတယ်။ စဥ့်ကူးမြို့ကတော့ ဗုံးဒဏ်ခံလိုက်ရတယ်။ ရွှေဘုံတောင်စေတီနားမှာ ရေနံအထွက်ကောင်းတဲ့ ရေနံတွင်းတွေရှိတယ်။ မပျက်စီးကြဘဲ ဘေးရန်က လွတ်ကင်းသွားတယ်။ စစ်ဘေးရှောင် ဒုက္ခသည်တွေ၊ ယောဂီတွေ၊ ရဟန်းသံဃာ၊ သီလရှင်ဆရာလေးတွေ သတ္တန္တရကပ်ဘေးက လွတ်ကင်းခဲ့ကြရတယ်'

www.burmeseclassic.com

## ကပ်ကျော်ကိုးတောင်ပြည့်စေတီ

'ဘုရားလေးငယ်ငယ်၊ ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား၊ ကိုးနဝင်းနဲ့ မိုးလင်းရမယ် တဘောင်ရှိတယ် လူလေးရ။ မင်း ပုတီးစိပ်၊ မေတ္တာပို့ လုပ်ငန်းဆောင်ရွက်ဖို့ သွားလိုက်ပါဦး'

ဆရာကြီးပညာရွှေ ကျွန်တော့်အား လှမ်းပြောလိုက်၍ ဝိဇ္ဇာအောင်မင်းခေါင်၏ ဓာတ်ပန္နက်စေတီ၌ ကျွန်တော် သီလခံယူ၊ ဘုရားရှိခိုးပြီး ပုတီးစိပ်၊ မေတ္တာပို့လုပ်ငန်း ဆောင်ရွက်ရပါသည်။ ကျွန်တော် အာနာပါနကမ္မဋ္ဌာန်းနှင့် တွဲ၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေစဉ် အဘအောင်မင်း ခေါင်ပုံရိပ်များ အာရုံမနော၌ မြင်တွေ့နေရပါသည်။ ကျွန်တော့်နောက်မှ ဆရာကြီးပညာရွှေစကားသံ ကြားလိုက်ရပါသည်။

'လူလေး..မင်း လက်ဝါးနှစ်ဖက် ဖြန့်ထား၊ ဝိဇ္ဇာအောင်မင်းခေါင် စမဓာတ်တွေ ချီးမြှင့်ပေးလိမ့်မယ်'

အဘအောင်မင်းခေါင်ပုံရိပ် လျှပ်ရှားသက်ဝင်လာပြီး ကျွန်တော့်ဘယ်လက်ဖဝါးပေါ် စမအက္ခရာများ ရေးကာ ညာဘက်လက်ဖဝါးပေါ် အပေါင်းလက္ခဏာအင်းကွက် ရေးပေးပါသည်။ ဆရာကြီးပညာရွှေ ကြီးကြပ်၍ အင်းပညာပေးခဲ့စဉ် ဓမ္မစေတီအင်းစဉ်၊ ဗားမဲ့ဆရာတော်အင်းစဉ်နှင့် ပထမံဘိုးဘိုးအောင်အင်းစဉ်များ ပြသသင်ကြားပေးခဲ့ပါသည်။ ထွက်ရပ်ပေါက် ဆရာတော်ကြီးများ၏ အင်းစဉ်များထဲ၌ အဘအောင်မင်းခေါင် ချီးမြှင့်ပေးသော အင်းစဉ်မျိုး မတွေ့ရပါ။

ကျွန်တော် မေတ္တာပို့ အမျှဝေလိုက်စဉ် သာဓု သုံးကြိမ်ခေါ်သံ ကြားလိုက်ရပါသည်။ ဆရာကြီးပညာရွှေ သာဓုခေါ်သံ မဟုတ်မှန်း သိသာပါသည်။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်စဉ် ထုစ်ဦးတည်းနေ တရားဇရပ်လေးရှေ့ သရက်ပင်ကြီးအောက်၌ ပုဂ်သူ အိုဖုန်းသင်နှင့် မိန်းကလေး(၇)ယောက်တို့ ကိုးတောင်ပြည့်စေတီဘက်သို့ ဦးချကန်တော့ပြီး သာဓုခေါ်နေကြခြင်းဖြစ်သည့်ကို မြင်လိုက်ရသည်။

'အိုဖုန်းသင်..ညီမလေး'

ကျွန်တော် လှမ်းခေါ်လိုက်မိသည်။

'အသိ၊ သတိ တရားလေးထားဦး လူလေးရ။ ယောဂီတွေအားလုံး မင်းကို ပုထုဇ္ဇနော ဥမ္မတ္တကော အရူးလို့ ထင်နေကြဦးမယ်။ မင်းမြင်သလို သူတို့ မမြင်နိုင်ကြဘူး။ မင်းနဲ့ သိုက်နန်းရှင်တွေ ဆက်နွယ်မှုက များလှပါလား'

ကျွန်တော် ဆရာကြီးပညာရွှေ စကားကို ကြားလိုက်ရ၍ သတိတရား ပြန်ဝင်လာပါသည်။

'သွားကြရအောင်။ ချောက်မြို့ထဲ မိုးမချုပ်မီ ဝင်ကြရအောင်။ ငါ ရွှေဘုံတောင်စေတီရင်ပြင်ပေါ်က တနင်္ဂနွေထောင့်မှာ စောင့်နေမယ်။ မင်း ရသေ့မ ဒေါ်စန္ဒာအောင်ကို နှုတ်ဆက်ကန်တော့လိုက်ဦး။ ငါ ငွေ(၁၀)ကျပ်ပေးခဲ့မယ်'

ဆရာကြီးပညာရွှေ ရွှေဘုံတောင်စေတီရှိရာသို့ ထွက်ခွာသွားပါသည်။ ကျွန်တော် ဆရာကြီး မှာကြားချက်အတိုင်း ဒေါ်စန္ဒာအောင်ရှိရာ ရင်ကွဲဇရပ်လေးသို့ သွားလိုက်ရတော့သည်။

## ပါရမီရှင် ရသေ့မကြီး ဒေါ်စန္ဒာအောင်

ရသေ့မကြီး ဒေါ်စန္ဒာအောင်မှာ နုပျိုသော ရုပ်ဆင်းအင်္ဂါရှိ၍ အသက်(၃၀)ဝန်းကျင်ခန့်သာ ရှိမည်ဟု ကျွန်တော်ထင်လိုက်ရသည်။ ဝါဝင်းသောအသားအရေ၊ ကြည်လင်သောမျက်နှာ၊ တောက်ပသောမျက်လုံးတစ်စုံ၊ ကိုယ်ခန္ဓာမှာ ဆူဖြိုးခြင်းမရှိဘဲ ကျစ်လျစ်သန်မာလှသည်။ တရားဓမ္မကျင့်ကြံအားထုတ်သူ အကျင့်သမားမှန်း သိသာလှပါသည်။ သက်သတ်လွတ်စား၍ ကိုယ်ရေကိုယ်နှုန်းကောင်းလှသည်။ နက်မှောင်သောဆံပင်ကို စုထုံးထားပြီး ဝိုင်းဝန်းသောမျက်နှာ ပိပြားသောနှာတံ၊ နှုတ်ခမ်းပါးပါးနှင့် မျက်နှာပြင်တစ်ခုလုံး ကရုဏာဓာတ် လွှမ်းခြုံထားပါသည်။

'သားလေး..မယ်တော်က အမေကြီး ဒေါ်ပုံသုထံ ငယ်စဉ်ကတည်းက ရောက်နေခဲ့ပြီ။ ပါရမီဖြည့်လို့ ဝတ်ကြီးဝတ်ငယ် ပြုစုပေးနေခဲ့တာ။ ကျေးအမေဖြစ်သလို ပညာအမေလည်း ဖြစ်တယ်ကွယ့်။ ရသေ့မတွေရဲ့ ရိက္ခာထောက်ပညာ ဗေဒင်လည်း သင်ပေးတယ်။ အဘအောင်မင်းခေါင် ဓာတ်ပန္နက်စေတီကို အဘအမိန့်အရ အမေကြီး ဒေါ်ပုံသု တည်ထားခဲ့ရတယ်။ သတ္တဝါတွေ ကပ်(၃)ပါး ဘေး ကျော်လွှားအောင် ဓာတ်ပြုထားတဲ့စေတီမှာ မိုး ရေချမ်း၊ ဆီမီး မပြတ်မလပ်ရအောင် မယ်တော်က တာဝန်ယူ လုပ်ကိုင်ပေးရတဲ့ ပါရမီပြုရတယ်။ ကပ်ကျော်အောင်ဓာတ်ပေါင်းစုစေတီ ဘွဲ့မည်နဲ့ တည်ထားခဲ့တာ အမေကြီး ဒေါ်ပုံသုကို သတိရလိုက်တာကွယ်'



www.burmeseclassic.com

www.burmeseclassic.com

ရသေ့မကြီး ဒေါ်စန္ဒာအောင် ငိုရှိုက်လိုက်ပါသည်။

'သားလေးက အချိန်တန်လို့ ရောက်လာရတာ၊ ဆရာကောင်းတပည့် ပန်းကောင်းပန်ရတတ်ပါတယ်။ နောင်တစ်ချိန် သားလေး သည်နေရာ၊ သည်ဌာန ရောက်လာခဲ့ရင် မယ်တော် ရှိချင်မှ ရှိတော့မှာ'

မယ်တော် ဒေါ်စန္ဒာအောင်၏အသက်မှာ (၄၉)နှစ်ရှိပြီး ရသေ့ဝါ(၂၃)ဝါရှိကြောင်း သိလိုက်ရပါသည်။ ယခုနှစ် (၂၀၁၇)ခုနှစ်တွင် အသက်(၈၁)နှစ်ရှိပြီ ဖြစ်ပါသည်။ ကျွန်တော်နှင့် မယ်တော်ကြီး ဒေါ်စန္ဒာအောင် တွေ့ဆုံခဲ့ရသည့် အချိန်ကာလ ခြားနားချက်သည် (၃၂)နှစ်ရှိခဲ့ပြီဖြစ်သည်။ ပါရမီစခန်းပညာလမ်း၌ တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာ ရှိပါသည်။ မယ်တော်ကြီး ဒေါ်စန္ဒာအောင်ရှိရာ ရွှေဘုံတောင်သို့ ကျွန်တော် မရောက်ဖြစ်တော့ပါ။ နှစ်ပေါင်း(၃၀)ကြာ ဆရာသခင်များနောက် လိုက်ရင်း ပါရမီဖြည့်ကျင့်ခဲ့ရာ မယ်တော်ကြီး ဒေါ်စန္ဒာအောင် အသက်ရာကျော်ရှည်စွာ ရှိနေစေကြောင်း ဆုတောင်းမေတ္တာ ပို့သနေရပါသည်။

ကျွန်တော့်ရင်ထဲ လွမ်းမောနေမိသည်။ သတိတရတ,သနေမိသည်။ ရွှေဘုံတောင်စေတီဘွဲ့တော် (ရန်အောင်) ကုန်းတော်ပေါ်မှ ခတ်ပေါင်းစုစေတီရှိရာ မှန်းမျှော်ရင်း ရွှေဘုံတောင်စေတီကုန်းတော်မှ ဆင်းခဲ့ရပါသည်။ စေတီကုန်းခြေရင်းရောက်မှ ဆရာကြီးပညာရွှေကို သတိရမိပြီး ရှာကြည့်ပါသည်။

'လူလေး..ငါ ဒီမှာဟေ့။ မင်း ပုဂံသူကို နှုတ်ဆက်ဦးမလား'

ဆရာကြီးပညာရွှေ လှမ်းအော်ပြီး ပြောသံကြောင့် ကျွန်တော် အသံကြားရာသို့ ကြည့်လိုက်ရာ ဆီးပင်လေးအောက်၌ ဆရာကြီးပညာရွှေ ထိုင်စောင့်နေသည်ကို မြင်လိုက်ရသည်။ ညနေဆည်းဆာချိန်ဖြစ်၍ ဧရာဝတီမြစ်ရယ်၊ ချောက်မြို့ တောင်တန်းတွေရယ်၊ မြစ်ပြင်ပေါ် ဖြတ်သန်းပြီး ပျံသွားကြသော ငှက်ကလေးများကိုကြည့်၍ လွမ်းမောတ,သစရာချည်း ဖြစ်ရသည်။

'လူလေး..မင်း မျက်နှာမကောင်းပါလား။ ရွှေဘုံတောင်မှာ နေရစ်ခဲ့လို့ မရဘူးနော်။ လူငယ်တွေမှာ အချစ်စိတ် ပြင်းထန်တတ်ကြတယ်။ ပါရမီစခန်း၊ ပညာလမ်းမှာ အချစ်စိတ်ထက် မေတ္တာစိတ်ကို ပိုထားတတ်ကြရမယ်။ အချစ်စိတ်က ကာမတဏှာ၊ ရာဂစိတ်ကို နိုးကြွစေတယ်။ မေတ္တာစိတ်က တဏှာရာဂကင်းတဲ့ ငြိမ်းအေးတဲ့ စိတ္တသုခကို ဖြစ်စေတယ်။ ဘဝအကြောင်းများစွာ သံသရာလည်နေကြရတာ။ ပုဂံသူ အိုဖုန်းသင်ရဲ့ အသက်ကို မင်းခန့်မှန်းကြည့်စမ်း။ အသက် ရာ,ထောင်နီးပါး ရှိနေပြီ။ ငယ်ရွယ်နုပျို လှပချောမောတဲ့ရုပ်ကို မြင်ရတာ သူတို့ကမ္မဇိဒ္ဓိစွမ်းအားကြောင့်ဖြစ်တယ်။ မူလရုပ်ကိုပြန်ကြည့်ရင် ဆံဖြူ သွားကျိုး အိုမင်းရင့်ရော်တဲ့ရုပ်ကြီး မြင်ရမယ်။ အချစ်စိတ်တွေ ထားနိုင်ဦးမလား။ အိုဖုန်းသင် ငါ့ကို လာတွေ့သွားပြီ။ ပုဂံ မနုဟာမင်းကောင်းမှုဘုရားမှာ မင်းပို့သတဲ့ အမျှကို သာဓု(၃)ကြိမ် ခေါ်ခွင့်ရလို့ ကျေးဇူးတင်ကြောင်း လာပြောသွားတာ။ အရပ်ရှစ်မျက်နှာထက်အောက်ဖြန့်ကြက်တဲ့ မေတ္တာစိတ်၊ ကုသိုလ်ကောင်းမှုအမျှပေးဝေတာတွေဟာ မင်းနဲ့ သက်ဆိုင်သူတွေအားလုံး ထိထိရောက်ရောက် ရကြတယ်။ သွားကြရအောင်'

ဆရာကြီးပညာရွှေ ကျွန်တော်နှင့်အတူ လမ်းလျှောက်လာခဲ့ပါသည်။ ယခင်အချိန်များတွင် ရှေ့မှ ခပ်သွက်သွက်သွားတတ်သော ဆရာကြီးနောက် မီအောင် လိုက်ရပါသည်။

'လူလေး..လွမ်းတတ်ရင်လည်း လွမ်းပေါ့ကွာ။ ပုထုဇဉ်စိတ်ဆိုတာ အနှောင်အဖွဲ့ များတတ်တယ်။ တို့မှာ လုပ်စရာကိစ္စတွေ၊ တာဝန်တွေ ရှိသေးတယ်။ ချောက်မြို့ထဲက ကိုဖေသိန်းအိမ်မှာ တစ်ညအိပ်ပြီး နောက်နေ့မှာ ပြည်ရွှေဆံတော်စေတီကို အဓိဋ္ဌာန်ဝင်ဖို့ သွားကြမယ်။ သက်သတ်လွတ် ဟင်းလျာထဲမှာ ချောက်မြို့ ပုန်းရည်ကြီးဟာ ဟင်းကောင်းတစ်မည်ပဲ။ နောက်နေ့မနက်မှာ မင်းစားဖို့ ငါကိုယ်တိုင် သုတ်ကျွေးပါ့မယ်။ အညာနှမ်းဆီစစ်စစ်ကလည်း မွှေးပါ့။ မိုးစုန်းစုန်းမချုပ်ခင် ချောက်မြို့ထဲ ဝင်လိုက်ကြရအောင်'

ပြောပြောဆိုဆို ဆရာကြီးပညာရွှေ လမ်းခပ်သွက်သွက်လျှောက်သွားရာနောက်သို့ ကျွန်တော် မီအောင်လိုက်ရပါသည်။ ရွှေဘုံတောင်စေတီနှင့် ချောက်မြို့မှာ မိုင်ဝက်ခန့်ပင်ဝေးပါသည်။ ဆရာကြီးပညာရွှေနှင့် ကျွန်တော်တို့ ချောက်မြို့ရှိ ဦးဖေသိန်းအိမ်သို့ မိုးချုပ်စမှာပင် ရောက်သွားပါတော့သည်။

**သိန်းထွန်းဇေဝ်**



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်ုပ်သည် ကျွန်ုပ်၏ မှတ်စုစာအုပ်ကို ပြန်လည် ဖတ်ရှုကြည့်သောအခါတွင် ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်တွင် ကုန်သွယ်လယ်ယာ မြို့နယ်မန်နေဂျာတာဝန် ထမ်းဆောင်နေစဉ် (၁၉၉၄-၉၅) စပါးရာသီ၏ တစ်ခုသောနေ့တွင် မြို့မစပါးဒိုင်၏ ဒိုင်ခွဲတစ်ခုဖြစ်သော ညောင်ပင်ဆိပ်ဒိုင်ခွဲသို့ သွားရောက်စစ်ဆေးကြောင်း မှတ်သားထားသည်ကို တွေ့ရှိရ၏။

# စုန်းမီးတောက်
## နှင့်
# ငါးခြောက်အာပင်း

## ဖိုးသိန်းကျော် (ဇီးကုန်း)





www.burmeseclassic.com

www.burmeseclassic.com

နေ့မှာ (၃၀-၁-၉၅)ခုနှစ်ဖြစ်လျက် မြန်မာလအနေဖြင့် ပြာသိုလကွယ်နေ့ ဖြစ်လေသည်။ ကျွန်ုပ်နှင့် အဖော်လိုက်ပါသူမှာ ဆရာနု ဖြစ်ကြောင်းလည်း မှတ်သားထားသည်ကို တွေ့ရှိရ၏။

ဆရာနုသည် မြန်မာ့ရိုးရာဗေဒင်ပညာကို တတ်ကျွမ်းသည့်ပြင် မြန်မာဆေးလည်း ကုသ၏။ ်းပွားဖြစ်မဟုတ်သော်လည်း ဝန်ထမ်းမိသားစုများထဲမှ တစ်စုံတစ်ခုဖြစ်၍ လိုအပ်ပြီဆိုလျှင် ဆရာနုက တွက်ချက်ဟောပြောပေးလေ့ရှိ၏။ လိုအပ်ပါက ဆေးလည်း ကုသပေးလေသည်။

ဆရာနုသည် ပယောဂကိုလည်း နိုင်နင်းစွာ ကုသနိုင်လေသည်။ လူတစ်ယောက် နေမကောင်းလျှင် ရိုးရိုးဖျားခြင်းလား၊ ပယောဂမှီနေသလား ဆိုသည်ကို ဆရာနုသိလေသည်။ ပယောဂနှင့် ယှဉ်၍ဖြစ်ပါက ဆရာနုသည် ပယောဂဖြစ်အောင် လုပ်ထားသည့် လက်သည်ကို ဖော်ထုတ်၍ ပျောက်ကင်းအောင် မေတ္တာဖြင့် ကုသပေး၏။

ပယောဂကုရာတွင် ဆရာနုသည် အကြမ်းနည်းကို မသုံးချေ။ ရတနာသုံးပါးဂုဏ်တော်နှင့် မေတ္တာတရားကို အခြေခံလျက် ကုသပေးလေသည်။

ညောင်ပင်ဆိပ်ဒိုင်မှ ဒိုင်မှူးမှာ ကိုညိမ်းမောင် ဖြစ်၏။ ဆရာနု ဒိုင်မှူးဖြစ်ခဲ့စဉ်က ကိုညိမ်းမောင်သည် ဆရာနု၏ တပည့်ဖြစ်ခဲ့ဖူး၏။ ယခုသော် ဆရာနုသည် အသက်(၆၀) ပြည့်တော့မည်ဖြစ်၍ မကြာမီ ပင်စင်ယူတော့မည်ဖြစ်လေသည်။ သူ့အား ဒိုင်မှူးကဲ့သို့ ကြီးလေးသော တာဝန်များကို မပေးတော့ဘဲ မြို့နယ်ရုံးတွင် စာပေးစာယူဌာနခွဲ တာဝန်ချထားပေးခြင်း ဖြစ်လေသည်။

(၃၁-၁-၉၅)ရက်နေ့သည် လစာထုတ်ရက်ဖြစ်၍ ကျွန်ုပ်သည် ဝန်ထမ်းလစာ ဘီ(လ်)များ အခြားအသုံးစရိတ်ဘီ(လ်)များကို စစ်ဆေး၍ (၃၀-၁-၉၅)ရက်နေ့တွင် ချက်လက်မှတ်၌ လက်မှတ်ထိုးပေးရ၏။

ချက်လက်မှတ်များတွင် လက်မှတ်ရေးထိုးပေးပြီးနောက် (၃၀-၁-၉၅) နံနက်(၁၀)နာရီခန့်တွင် လှေတစ်စင်းဖြင့် ညောင်ပင်ဆိပ်ဒိုင်သို့ ဆရာနုနှင့်အတူ ထွက်ခွာလာခဲ့ကြပါသည်။

လှေမှာ စက်တပ်လှေ မဟုတ်ပါ။ လက်ခတ်လှေဖြစ်၏။ လှေသမားတစ်ယောက်သည် လှေကိုလှော်ခတ်ကာ ချောင်းရိုးအတိုင်း လိုက်လာခဲ့ကြပါသည်။

ချောင်းအတွင်း ရွှေ့မျောနေသော ဗေဒါပင်ကလေးများကို စိမ်းစိမ်းစိုစိုအရွက်များ၊ ခရမ်းရောင်အပွင့်ကလေးများဖြင့် မြင်ရသည်မှာ စိတ်ကြည်နူးစရာကောင်းပါသည်။ ချောင်းကမ်းပေါ်တွင် ဘယ်ဘက်၌ ပြည်တော်ဆေနံစက်ကိုလည်းကောင်း၊ ညာဘက်တွင် မနဂုဏ်ဆန်စက်ကိုလည်းကောင်း တွေ့ရပြီး မီးခိုးတလူလူဖြင့် စပါးများကြိတ်ခွဲလျက်ရှိကြောင်း တွေ့ရပါသည်။

ဆရာနုနှင့် ကျွန်ုပ်သည် စကားတပြောပြောနှင့် လာခဲ့ကြရာ ဆရာနုပြောသော စကားများတွင် သူသည် သရဏဂုံသုံးပါးကို အမြဲယုံကြည်ကိုးကွယ်ကြောင်း၊ ရေသောက်လျှင်ဖြစ်စေ၊ အစားအစာတစ်ခုခုကို စားလျှင်ဖြစ်စေ သေချာစွာကြည့်၍ မြတ်စွာဘုရားကို အာရုံပြုကာ သရဏဂုံသုံးပါးကို ရွတ်ဆိုကြောင်း ရွတ်ဆိုပြီးမှ စားသောက်ကြောင်း ဤသို့ပြုလုပ်သဖြင့် အကျိုးကျေးဇူးအနေဖြင့် အစာတွင် အဆိပ်ခတ်ခြင်း၊ အပင်းထည့်ခြင်း စသောကိစ္စများ မကြုံတွေ့ရကြောင်း၊ အကယ်၍ မနာလိုသူတစ်ဦးမှ အစာတွင် အဆိပ်ခတ်ထားပါက (သို့မဟုတ်) အပင်းထည့်ထားပါက ထည့်ထားသောအပင်းကို ရိုးရိုးမျက်စိဖြင့်ပင် မြင်တွေ့ရကြောင်းတို့ကို ပြောပြပါသည်။

အစာမစားမီ သရဏဂုံသုံးပါးကို ရွတ်ဆိုခြင်းအားနှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲပြုလုပ်လာခဲ့သဖြင့် အကျင့်ဖြစ်နေပြီဖြစ်ကြောင်း သူတို့ရွာပတ်ဝန်းကျင်တွင် စုန်းများရှိ၍ ဆရာနုကို ပညာစမ်းလေ့ရှိကြောင်း နောက်ဆုံး မည်သို့မျှ ပြုလုပ်၍ မရတော့မှ နောက်ဆုတ်သွားကြကြောင်းလည်း ပြောပြပါသည်။

ကျွန်ုပ်တို့သည် လှေကလေးစီး၍ လာကြရာတွင် ချောင်းကမ်းပါးပေါ်၌ ဥယျာဉ်ခြံမြေများ ငှက်ပျောပင်များကို တွေ့ရပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သွားမည့် ညောင်ပင်ဆိပ်ကျေးရွာသို့ ရောက်ရှိကြပါသည်။

(၂)

ဒိုင်မှူးကိုညိမ်းမောင်သည် ကျွန်ုပ်တို့အား ကမ်းပေါ်မှ ကြိုဆိုကာ စပါးဒိုင်ရှိရာသို့ ခေါ်သွားပါသည်။ လမ်းတစ်လျှောက်တွင် ဒိုင်၌ အလုပ်လုပ်ကြသော အလုပ်သမားများ နေထိုင်သည့် အိမ်ကလေးများကို တွေ့ရပါသည်။ အိမ်ရှင်မများသည်လည်း ဒိုင်အလုပ်သမားများအဖြစ် အလုပ်ဆင်းနေကြသဖြင့် ကလေးများသည် အိမ်



www.burmeseclassic.com

www.burmeseclassic.com

ရှေ့များတွင် ဆော့ကစားနေကြပါသည်။

ဒိုင်ဝင်းအတွင်း ဝင်သွားသောအခါတွင် စပါးရောင်းတောင်သူများသည် မိမိတို့စပါးများကို ကတ္တားများတွင် ချိန်တွယ်ရောင်းချနေကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်တို့ ဒိုင်အတွင်းဝင်သွားရာ လမ်းနံဘေးတွင်ရှိသော ကတ္တားတစ်လုံး၌ ဒိုင်ဝန်ထမ်း မောင်ကျော်စိုးသည် စပါးများ ချိန်တွယ်ဝယ်ယူနေကြောင်း တွေ့ရလေသည်။ ကျွန်ုပ်တို့ ဝင်လာသည်ကိုသိသော စပါးရောင်းတောင်သူအဒေါ်ကြီးတစ်ယောက်သည် လူအုပ်ထဲမှ ထိုးထွက်လာကာ ဒိုင်မှူးအား စကားပြောပါသည်။

'ဒိုင်မှူး..ဒိုင်မှူး၊ ကျွန်မ စပါးကို ဆန်နီဖြတ်နေတယ်။ ကြည့်ပြောပေးပါဦး'

'ဩော်..ရှာက ဒေါ်ဝိုင်းစိန်ပါလား၊ ဆန်နီက ဘယ်လောက်ပါလို့လဲ'

ကတ္တားစာရေး မောင်ကျော်စိုးက-

'ဆန်နီပါတာတော့ပါတယ်။ ဒါပေမဲ့ မဝယ်ရဘူးလို့ သတ်မှတ်ထားတဲ့အထိတော့ မပါပါဘူး။ ဖြတ်တောက်ဝယ်ရင် ရတဲ့အဆင့်မှာရှိလို့ ကျွန်တော် ဖြတ်ဝယ်လိုက်တာပါ'

'အဲဒါတော့ မတရားပါဘူး။ ကျွန်မ လယ်ဘေးက ကန်သင်းတင်လယ်က ဦးလှကြီး စပါးတွေတော့ ဆန်နီအဖြတ်မခံရဘူး'

ထိုအခါ ဆရာနသည် ထိုကိစ္စကို ဖြေရှင်းပေးရန် ရည်ရွယ်၍-

'မောင်ကျော်စိုး..လယ်သမားနှစ်ဦးစလုံးရဲ့ စပါးနမူနာတွေ ယူခဲ့စမ်း'

မောင်ကျော်စိုးသည် ဒေါ်ဝိုင်းစိန်နှင့် ဦးလှကြီးတို့ လာရောက်ရောင်းချသော စပါးနမူနာများကို ဗန်းကလေးများနှင့်ထည့်၍ ယူလာပေးလေသည်။

ဆရာနသည် ရှေးဦးစွာ ဦးလှကြီး၏စပါးကို လက်ပွတ်ကြိတ်ထဲထည့်၍ ကြိတ်၏။ ထွက်လာသောဆန်များကို စစ်ဆေးကြည့်ရာ ဆန်နီမှတ် မတွေ့ရချေ။

နောက်တစ်ဖန် ဒေါ်ဝိုင်းစိန်၏ စပါးကို လက်ပွတ်ကြိတ်ဖြင့်ကြိတ်၍ ထွက်လာသော ဆန်စေ့များကို စစ်ဆေးကြည့်ရာ ဆန်နီများပါဝင်ကြောင်း တွေ့သဖြင့် အဆိုပါဆန်နီများကို ရွေးထုတ်၍ ဖန်ပြွန်ဖြင့်တိုင်းသောအခါ ဆန်နီမှတ် တွေ့ရလေသည်။ သို့သော် မဝယ်ရန် သတ်မှတ်ထားသော ဆန်နီမှတ်ထိ မပါချေ။ ဖြတ်တောက်ဝယ်လျှင် ဖြစ်သည့်အနေအထားဖြစ်၍ ဖြတ်တောက်ဝယ်လိုက်ခြင်းဖြစ်လေသည်။

ဆရာနသည် ဒေါ်ဝိုင်းစိန်အား-

'တူမကြီး စပါးတွေက ရေနက်ကွင်းမှာ စိုက်တာလား'

'ဟုတ်ပါတယ်ရှင်'

'ရေနက်ကွင်းစပါးဆိုတော့ ဆန်နီအနည်းနှင့်အများပါတတ်တာပဲ။ ဒါကြောင့် ဖြတ်တောက်ပြီး ဝယ်လို့ရတဲ့အဆင့်မို့ ဖြတ်ပြီးဝယ်လိုက်တာပါ။ တူမကြီးမြင်တဲ့အတိုင်းပဲ။ ဦးလှကြီးစပါးမှာတော့ ဆန်နီပါတာ မတွေ့ရဘူးလေ။ ဒါကြောင့် မဖြတ်ဘဲ ဝယ်လိုက်တာပါ'

'ကျွန်မတစ်ဦးတည်း အဖြတ်ခံရလို့ မကျေနပ်တာပါ'

'ကျေနပ်လိုက်ပါ တူမကြီးရယ်၊ ဦးလေးကိုယ်တိုင်စစ်ဆေးကြည့်တာပဲ'

'စပါးကတော့ ရောင်းပြီးသွားပါပြီ။ ချိန်လို့လည်းပြီးပါပြီ။ ဒါပေမဲ့ ဆန်နီမှတ်အတွက် ဖြတ်တာကို ကျွန်မလုံးဝမကျေနပ်ဘူး'

ဒေါ်ဝိုင်းစိန်သည် မကျေနပ်ကြောင်း ထပ်တလဲလဲပြောကာ ထွက်သွားလေသည်။

ကျွန်ုပ်တို့လည်း ဒိုင်အတွင်းဝင်လာကြပြီး ဒိုင်စာရင်းများကို စတင်စစ်ဆေးကြပါသည်။

ထမင်းစားချိန်ရောက်သောအခါ ဒိုင်မှူးက ကန်စွန်းရွက်ကြော်၊ ငါးကြော်တို့ဖြင့် ထမင်းကျွေးလေသည်။ ကျွန်ုပ်သည် ဒိုင်သို့လာလျှင် ထမင်းစားချိန်ဖြစ်၍ ဒိုင်က ထမင်းကျွေးပါက ကြက်၊ ဘဲ စသည်တို့ကိုသတ်၍ ဟင်းချက်သည်ကို လုံးဝမကြိုက်ချေ။ ကျွန်ုပ်အတွက် အသက်တစ်ချောင်း သေသွားရသည်ကို မဖြစ်စေလို။ ထိုသို့ချက်သောဟင်းကို ကျွန်ုပ်သိပါက မစားတော့ချေ။ အခြားဟင်းဖြင့်သာ ဖြစ်သလို စားလေ့ရှိ၏။

ဆရာနကား သက်သတ်လွတ်သမားဖြစ်၏။ ကျွန်ုပ်တို့အကြောင်းကိုသိသော ဒိုင်မှူးက ဆရာနအတွက် သက်သတ်လွတ် ကန်စွန်းရွက်ကြော်နှင့် ကျွန်ုပ်အတွက် ငါးကြော်တို့ကို စီစဉ်ပေးခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားလျှင် ဆရာနုသည် မစားမီ ထမင်းဟင်းများကိုကြည့်ကာ သရဏဂုံသုံးပါးကို ခပ်တိုးတိုးရွတ်ဆိုလေသည်။ ကျွန်ုပ်က သူရွတ်ဆိုမှုပြီးအောင် စောင့်နေရ၏။ ဆရာနု ရွတ်ဆိုပြီးတော့မှ ထမင်းစားကြ၏။ ထမင်းစားပြီးသောအခါ အလုပ်များ ဆက်လုပ်ကြ၏။

ဒိုင်မှူး ကိုညိမ်းမောင်က-

'ဆရာတို့..ဒီနေ့ပြန်မယ်ဆိုရင် ည(၈)နာရီခွဲလောက်မှာ မြို့ကို ပန်းဂေါ်ဖီသွားပို့မယ့် လှေတစ်စင်းတော့ရှိတယ်။ ဆရာတို့အတွက် နေရာလုပ်ပေးဖို့ ပြောထားတယ်'

ထိုအချိန်တွင် ဝယ်ယူပြီး စပါးများ အမိုးအကာအောက်ရောက်အောင် အင်တိုက်အားတိုက် သယ်ယူနေရသည့်အချိန်ဖြစ်ရာ လှေဆိုလျှင် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စပါးများ သယ်ယူပို့ဆောင်ပေးနေရသဖြင့် အားသည့်လှေဟူ၍ မရှိချေ။ ကျွန်ုပ်တို့အား လိုက်ပို့သော မြို့မှ လှေမှာလည်း မြို့သို့ ပြန်သွားပြီ ဖြစ်လေသည်။

'ဒီလှေက မနက်တုန်းက ဝမ်းဗိုက်ပေါက်နေလို့ ပြုပြင်ဖာထေးနေရတာနဲ့ စပါးပို့တဲ့အထဲ မပါတာ။ ခုတော့ ဖာပြီးသွားလို့ စပါးပို့ဖို့လည်း အချိန်မရှိတော့လို့ ပန်းဂေါ်ဖီတွေ သွားပို့မှာပါ။ မနက်ဖြန်မှ စပါးပို့မယ်'

'အေးလေ၊ ရုံးမှာလည်း အလုပ်တွေနဲ့မို့ အခုည ကျုံပျော်ပြန်ရောက်ရင် ပြီးတာပါပဲ'

သို့နှင့် ကျွန်ုပ်တို့သည် စပါးရောင်းတောင်သူများနှင့် စကားပြောခြင်း၊ ဝယ်ယူသည့်လုပ်ငန်း သယ်ယူသည့်လုပ်ငန်းများကို စစ်ဆေးလမ်းညွှန်မှုပေးခြင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားကာ ညနေစောင်းသို့ ရောက်လာခဲ့လေပြီ။

(၃)

ညနေ(၅)နာရီခန့်တွင် အသက်(၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးသည် လက်ထဲတွင် ချိုင့်တစ်လုံးကို ဆွဲလာပြီး ဒိုင်အတွင်း ဝင်လာလေသည်။ ထိုအချိန်တွင် စပါးရောင်းတောင်သူများ မရှိတော့ဘဲ စက်များသို့ စပါးပို့ရန်အတွက် ချိန်တွယ်နေကြသော အလုပ်သမားများလည်း အလုပ်သိမ်းနေပြီ ဖြစ်လေသည်။

အမျိုးသမီးသည် ဒိုင်မှူး ကိုညိမ်းမောင်အား ချိုင့်ကလေးကို ပေးလိုက်ပါသည်။

'ကျွန်မက ရွာက ဒေါ်ဝိုင်းစိန်ရဲ့ သမီးပါ။ ဆရာတို့အတွက် ငါးခြောက်ဖုတ်တွေ အမေက ပို့ခိုင်းလိုက်လို့ပါ'

'ဒေါ်ဝိုင်းစိန်ကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါဗျာ။ မောင်ကျော်စိုးရေ..ချိုင့်ကို လှယ်ယူထားလိုက်ပါကွာ'

'အမေက ပြောခိုင်းလိုက်ပါတယ်။ မနက်က သူ့စပါးကို ဆန်နီဖြတ်တာကို စိတ်မဆိုးတော့ပါဘူးတဲ့။ သူ့ကို ခွင့်လွှတ်ပါလို့လည်း မှာလိုက်ပါတယ်'

'ဩော်..ရပါတယ်ဗျာ။ တာဝန်အရ ဆောင်ရွက်ရတာပါ'

ကျွန်ုပ်တို့ ဒိုင်စာရင်းများကို စစ်ဆေးနေသည်မှာ ည(၇)နာရီခန့်တွင် အားလုံးပြီးစီးသွား၍ ကျွန်ုပ်နှင့် ဆရာနုသည် ရေချိုးရန် ပြင်ဆင်ကြပါသည်။

လကွယ်နေ့ညဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး အတော်မှောင်နေ၏။ ဒိုင်အတွင်း အလင်းရောင်ရရန် အောက်လင်းဓာတ်မီးကြီးတစ်လုံးကို ထွန်းညှိချိတ်ဆွဲထားသည်ကို တွေ့ရ၏။

ဒိုင်အစောင့်သည် ထမင်းစားပြီး၍ ညစောင့်တာဝန်ထမ်းဆောင်ရန် ဒိုင်ထောင့်ရှိ လင့်စင်ကလေးပေါ်သို့ တက်သွားလေသည်။

ဤတွင် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို မြင်ရလေသည်။ ထိုမြင်ကွင်းမျိုးကို ကျွန်ုပ်တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မမြင်ဖူးချေ။

ကျွန်ုပ်တို့ ရေချိုးနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်နေ၏။ ဒိုင်နှင့် မလှမ်းမကမ်းတွင်ရှိသော ကျေးရွာတစ်ရွာကို အမှောင်ထဲတွင် ရေးတေးတေးမြင်ရ၏။ ထိုကျေးရွာ၏ အစပ်တွင်ပေါက်နေသော သစ်ပင်ကြီး တစ်ပင်တွင် ထူးဆန်းသော အလင်းရောင်တစ်ခုကို မြင်ရ၏။ သေသေချာချာ ကြည့်သောအခါတွင် ယင်းအလင်းရောင်မှာ မီးလုံးတစ်လုံးဖြစ်ကြောင်း တွေ့ရပြီး အပေါ်တက်လိုက် အောက်ဆင်းလိုက်ဖြင့် ရွေ့လျားနေလေသည်။

ကြည့်နေဆဲတွင် အခြားသစ်ပင်တစ်ပင်၌လည်း မီးလုံးတစ်လုံး ပေါ်လာကာ ရှေးနည်းတူ အပေါ်တက်လိုက် အောက်ဆင်းလိုက်ဖြင့် ရွေ့လျားနေလေသည်။

'ဆရာနု..ဆရာနု၊ ဟိုမှာ မီးလုံးကြီးတွေ မြင်ရတယ်'

'ဟုတ်တယ် ဆရာ၊ အဲဒါ စုန်းတောက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့က လကွယ်နေ့ဆိုတော့ သူတို့ မြူးတာပေါ့'

ကျွန်ုပ်တို့ကြည့်နေစဉ် မီးလုံးကြီး(၂)လုံးသည် ပူးသွားလိုက် ခွာသွားလိုက်ဖြင့်ရှိနေပြီး သစ်ပင်တစ်ပင်နှင့် ကူးချည်သန်းချည် လုပ်နေသည်ကို မြင်ရ၏။

ကျွန်ုပ်တို့သည် ရေချိုးပြီးသွားသော်လည်း မီးလုံးကြီးများကို ကြည့်ကောင်းကောင်းဖြင့် ကြည့်နေကြပါသည်။ ခဏအကြာတွင် ထိုမီးလုံးကြီးများသည် ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်နှင့် ဆရာနုတို့သည် မြင်တွေ့ရသော မီးလုံးကြီးများအကြောင်းကို ဒိုင်ဝန်ထမ်းများအား ပြောပြနေလေသည်။

ဒိုင်ဝန်ထမ်းတစ်ဦးက-

'ကျွန်တော်တို့လည်း အရင်က တစ်ခါ ,နှစ်ခါ မြင်ဖူးတယ်။ ဆရာမြင်တာက အခုလို လပြည့်၊ လကွယ်နေ့တွေမှာပဲ။ တစ်ခါ ,တစ်ခါ မီးလုံးတစ်လုံးတည်း မြင်ရတယ်။ တစ်ခါ ,တစ်ခါမှာလည်း (၂)လုံးမြင်ရတယ်။ အခု ဆရာတို့ မြင်ရသလိုပဲ သစ်ပင်တစ်ပင်နဲ့တစ်ပင် ကူးလိုက်သန်းလိုက် လုပ်နေတာပဲ'

ဒိုင်မှူး ကိုညိမ်းမောင်က-

'အခုမြင်ရတာ ရွာမဟုတ်လား။ မနက်က စပါးလာရောင်းသွားတဲ့ ဒေါ်ဝိုင်းစိန်တို့ရွာလေ'

ကျွန်ုပ်တို့ ထမင်းစားသောအခါတွင် အခြားဟင်းများနှင့်အတူ ညနေက အမျိုးသမီးလာပို့သွားသော ငါးခြောက်ဖုတ်ကိုလည်း တည်ခင်းထားလေသည်။

ဆရာနုသည် ထမင်းစားခါနီး ပြုနေကျအတိုင်း ထမင်းဝိုင်းကိုကြည့်ကာ သရဏဂုံသုံးပါးကို ရွတ်ဆိုပါသည်။ ထို့နောက် ကျွန်ုပ်မသိသော အခြားဂါထာမန္တန်များကိုလည်း ရွတ်ဆိုလေသည်။ ထို့နောက် သူ၏ ညာဘက်လက်ဖဝါးကိုဖြန့်ကာ ထမင်းဟင်းများပေါ်တွင် အုပ်ထားလိုက်ပါသည်။

အမျိုးသမီးလာပို့သွားသော ငါးခြောက်ဖုတ်ပန်းကန်ကိုမူ ဆရာနုသည် လည်ပင်းတွင် ဆွဲထားသော စိပ်ပုတီးကိုချွတ်၍ ပန်းကန်အောက်တွင် ခွေထားလိုက်ပြီး လက်ဖဝါးဖြင့် အုပ်ထားလိုက်ပါသည်။

လက်ဖဝါးကို ပြန်ရုပ်လိုက်သောအခါ ငါးခြောက်ဖုတ်ပန်းကန်တွင် ငါးခြောက်ဖုတ်များ မတွေ့ရတော့ဘဲ သစ်သားပေါက်စကလေးများ ထည့်ထားသည်ကိုသာ တွေ့ရလေတော့သည်။

ဆရာနုက ထိုပန်းကန်အား ကျွန်ုပ်ကိုပြ၍-

'ဆရာ··မစားသေးလို့ပေါ့။ စားမျှားစားမိရင် အာခေါင်တွေ၊ လည်ချောင်းတွေကို ကျိန်းသေစူးပြီး ပေါက်ထွက်ကုန်မှာပဲ'

'အေးဗျာ၊ ဆရာနု ပြုလုပ်နေကျအတိုင်း သရဏဂုံသုံးပါးနဲ့ ဂါထာမန္တန်တွေရွတ်လို့ သိရတာပဲ။ ဒီအတိုင်း စားလိုက်ရင် မလွယ်ဘူး'

'ဒါ တခြားမဟုတ်ဘူး၊ မနက်က ဒိုင်မှာ ဆန်နီဖြတ်တာကို မကျေမနပ်ဖြစ်သွားတဲ့ ဒေါ်ဝိုင်းစိန်လက်ချက်ပဲ'

ဆရာနုသည် ငါးခြောက်ပန်းကန်ကိုကြည့်ကာ ဂါထာမန္တန်အချို့ကို ရွတ်ဖတ်လျက်-

'ကဲ··ငါတို့ဆီကို ငါးခြောက်အတုတွေ ဖန်ဆင်းပြီးပို့တဲ့ စုန်းမရေ၊ ငါတို့ကို ပညာစမ်းတယ်ပေါ့။ ငါတို့ကလည်း ဒါကို သိလို့ မစားသေးဘဲ လုပ်သင့်တာကို လုပ်နေတာ။ ကိုယ့်ပညာကိုယ် လာနုတ်လှည့်ဖို့ ဆရာ မေတ္တာရပ်ခံပါတယ်။ ဆရာ အသာတကြည်ခေါ်နေတုန်း လာနော်။ နောက်ကျလို့မလာရင် မင်းဒုက္ခရောက်သွားမယ်။ ဆရာ့အဆိုးမဆိုနဲ့'

ဆရာနုသည် ငါးခြောက်ပန်းကန်ပေါ်တွင် လက်ဖဝါးကို ဖြန့်အုပ်ထားပြီး ကာယကံရှင်ကို ခေါ်ပါသည်။

နှစ်ကြိမ်၊ သုံးကြိမ်မျှ ခေါ်ပြီးသောအခါတွင်-

'ကဲ··ဆရာခေါ်တာ (၃)ကြိမ်ရှိသွားပြီ။ ခဏစောင့်မယ်။ မလာရင်တော့ နင့်ထိုက်နဲ့ နင့်ကံပဲ'

မျှားမကြာမီတွင် ဒိုင်အဝင်ဝဆီမှ ခွေးဟောင်သံများကြားရပြီး ဒိုင်အတွင်းသို့ အမျိုးသမီးနှစ်ယောက် ဝင်လာပါသည်။ တစ်ဦးမှာ မနက်က တွေ့ရသော ဒေါ်ဝိုင်းစိန်ဖြစ်ပြီး ကျန်တစ်ဦးမှာ ငါးခြောက်ဖုတ်လာပို့သော အမျိုးသမီး ဖြစ်လေသည်။

သူတို့နှစ်ဦးစလုံးသည် အနက်ရောင်အောက်ခံတွင် အစင်းကလေးများ ဖော်ထားသော ချည်လုံချည်များကို ဝတ်ဆင်ထားပါသည်။ အင်္ကျီများမှာလည်း အနက်ရောင်အောက်ခံတွင် အနီလုံးကလေးများ ဖော်ထားသော အင်္ကျီများကို ဝတ်ဆင်ထားပါသည်။

သူတို့သည် ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့အား



www.burmeseclassic.com

www.burmeseclassic.com

ပြေးလာကာ ဆရာနုနှင့် မလှမ်းမကမ်းတွင် ကျုံ့ကျုံ့ထိုင်ပြီး ဆရာနုကို ကန်တော့ကြပါသည်။

'ဆရာ··ဒါက ကျွန်မသမီးပါ။ ကျွန်မနဲ့ အတူနေပါတယ်။ ကျွန်မပညာတွေ သူ့ကိုပေးထားပါတယ်။ တကယ်တော့ မနက်က ဆန်နီကိစ္စကို ကျွန်မ မကျေနပ်လို့ သမီးကို ငါးခြောက်ဖုတ်အသွင်နဲ့ ဟင်းပို့ခိုင်းလိုက်တာပါ။ အိမ်မှာအသင့်ရှိတဲ့ သစ်သားပေါက်စကလေးတွေကို ငါးခြောက်အသွင် ဖန်တီးပြီး ပို့လိုက်တာပါ။ စိတ်ထဲမှာ ဆန်နီအဖြတ်ခံရတာကို တနုံ့နုံ့စဉ်းစားပြီး မကျေနပ်နိုင်လို့ လုပ်လိုက်မိတာပါ'

'ဆရာ ရိပ်မိပါတယ်။ ဒါနဲ့ ခုနက ဒီက လှမ်းမြင်ရတဲ့ မီးလုံးကြီးတွေက'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ပါ လက္ခယ်နေ့ညမို့ ပျော်လို့ တောက်စားမိတာပါ။ ဆရာ့ကို ပညာစမ်းမိလို့ နောင်တရမိပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါရှင်'

'အင်း··ကျုပ်ကတော့ မေတ္တာသမားပဲ။ ခွင့်လွှတ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ဘုရားမကြိုက်တဲ့၊ အများလည်းမကြိုက်တဲ့ လုပ်ရပ်တွေနော်။ နောင်မလုပ်တော့ဘဲ စွန့်လွှတ်ပါ့မယ်လို့ ကတိပေးနိုင်မလား'

ဒေါ်ဝိုင်းစိန်သည် ဆရာနုစကားကို ကြားလိုက်သောအခါတွင် ဆရာနုကို တွေတွေကြီး ကြည့်နေ၏။

ပြီးမှ တုန်ယင်သော အသံဖြင့်-

'ပေးပါတယ်ရှင်၊ ပေးပါတယ်။ တကယ်တော့ ကျွန်မကိုယ်တိုင်လည်း ဒီပညာတွေကို စွန့်လွှတ်ချင်နေတာပါ။ သမီးလေးလည်း ဒီအတိုင်းပါပဲ။ အခွင့်သင့်တုန်း ကျွန်မတို့သားအမိနှစ်ယောက်စလုံး ဒီပညာကို စွန့်လွှတ်ပါ့မယ်။ နောင်ကို ဒါမျိုးလည်း မလုပ်တော့ပါဘူး'

ထိုအခါတွင် သမီးဖြစ်သူကလည်း-

'ကျွန်မလည်း ဒီပညာကို အမေပေးလို့သာ ဘာမှန်းညာမှန်းမသိဘဲ ယူထားရတာပါ။ မကောင်းမှန်း သိပါတယ်။ အခုလို အခွင့်သင့်တုန်း အမေနဲ့အတူ စွန့်လွှတ်ပါတော့မယ်။ ကတိပေးပါတယ်'

အမျိုးသမီးနှစ်ယောက်စလုံးသည် ဆရာနုအား ကန်တော့၍ ပြန်သွားကြပါသည်။ မကြာမီ မြို့သို့ ပန်းဂေါ်ဖီပို့ရန်သွားမည့် လှေသမားရောက်ရှိလာပြီး ကျွန်ုပ်တို့အား ခေါ်ပါသည်။

သို့နှင့် ကျွန်ုပ်တို့လည်း ဒိုင်မှူးနှင့် ဝန်ထမ်းများကို နှုတ်ဆက်ကာ လှေဆိပ်သို့ ဆင်းလာကြပါသည်။

လှေပေါ်ရောက်၍ မြို့သို့ လှေထွက်လာသောအခါ ကျွန်ုပ်က-

'ဆရာနု··ဒေါ်ဝိုင်းစိန်က မနက်က ဆန်နီကိစ္စကို စိတ်မဆိုးတော့ပါဘူးလို့ သူ့သမီးက ပြောသွားတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ စိတ်ထဲ ခုနေတုန်းမို့ ငါးခြောက်ဖုတ်အတုတွေ ဖန်ဆင်းပြီး ပို့လိုက်တာ ကြည့်တော့လေ'

ထိုအခါ ဆရာနုက-

'ဆရာရေ··သူတို့ကိုယ်သူတို့ စိတ်မဆိုးဘူးလို့ ထင်ပေမယ့် လက္ခယ်နေ့ ညလည်းဖြစ်ပြန်၊ ပျော်နေတဲ့အချိန်လည်းဖြစ်ပြန် ဒါကြောင့် စုန်းမီးတွေ တောက်စားတာမဟုတ်လား။ ပြီးတော့ ကျွန်တော့်ကို ပညာစမ်းချင်တဲ့အနေနဲ့ လုပ်လိုက်တာပါ။ သူတို့ကိုယ်တိုင်လည်း ဒီပညာဟာ မကောင်းမှန်း သိပါတယ်။ ဒီပညာကို စွန့်လွှတ်ပါမယ်လို့ ကတိလည်း ပေးသွားတယ်မဟုတ်လား။ ကျွန်တော်ကလည်း နှစ်ပေါင်းများစွာ အလေ့အကျင့်လုပ်လာခဲ့တဲ့ သရဏဂုံသုံးပါးကို ရွတ်ဆိုတော့ သရဏဂုံသုံးပါးက ကယ်သွားတာပါပဲဗျာ' ဟု

ပြောလိုက်လေသတည်း။

**မင်းသန့်ကျော်(ဖီးကုန်း)**





www.burmeseclassic.com

www.burmeseclassic.com

'ကလင်··ကလင်··ကလင်··ကလင်'

အဆက်မပြတ် ဖုန်းမြည်သံကြောင့် ရဲအုပ်သက်ခိုင် စားပွဲပေါ်မှဖုန်းကို ကောက်ကိုင်လိုက်ပြီး-

'အမိန့်ရှိပါခင်ဗျာ၊ ရဲအုပ်သက်ခိုင် စကားပြောနေပါတယ်'

ဟု ဆိုလိုက်ရာ တစ်ဖက်မှ-

'အေး··မောင်သက်ခိုင်၊ ခုချက်ချင်း ကိုယ်နဲ့ လာတွေ့ပါ'ဟု ဆိုပြီး ဖုန်းချသွား၏။

ရဲမင်းကြီး ခေါ်နေတာပါလား။ ရဲအုပ်သက်ခိုင် မျက်လုံးပြူးသွား၏။ ငါ့မှာ ဘာအပြစ်များ ရှိနေပါသလဲဟုဆိုကာ ချက်ချင်းပင် ၄င်း တာဝန်ကျနေသည့် မင်းဘူးမြို့မှ တစ်ဖက်ကမ်းရှိ မကွေးမြို့သို့ သွားရောက်ပြီး ရဲမင်းကြီး အခန်းသို့ ဝင်ရောက်အလေးပြုလျက်-

# မြင်သာ
# သောင်းတင်
## မြွေဟောက်ကို ထိပ်ပုတ်ကစားလို့ အမြှတ်ထုတ်တဲ့ ဖိုးရှုပ်



'မင်းကြီး··ကျွန်တော် ရောက်ပါပြီ'ဟု သတင်းပို့လိုက်၏။

'အေး··မောင်သက်ခိုင် ထိုင်ပါ' ဆိုပြီး အမှုတွဲ တစ်တွဲကို လှမ်းပေးလိုက်၏။


ထို့နောက် ဆက်လက်၍ 'ဒီအမှုဟာ သက်ဆိုင်ရာ မြို့နယ်မှူးက အင်းစိန်မှုခင်းတပ်ဖွဲ့(စီအိုင်ဒီ)ကို လွှဲပြောင်း စစ်ဆေးသင့်ကြောင်း မှတ်ချက်ရေးပြီး ပေးပို့လာတဲ့ အမှုပဲ။ အမှုက ရှုပ်ထွေးနေတဲ့ ခိုးမှုတစ်မှု။ ပါသွားတဲ့ပစ္စည်းက များတယ်။ ရွှေ(၅၀)ကျပ်သားနဲ့ ငွေ(၁)သိန်း။ [မှတ်ချက်-ထိုအချိန်ကာလက ငွေ(၁)သိန်းသည် ရွှေ(၁၀) ကျပ်သားဝန်းကျင်ရှိပါသည်။] တရားခံတစ်ယောက်က ဝန်ခံထားတယ်။ မျက်မြင်သက်သေလည်း ရှိတယ်။ ဒါပေမဲ့ သက်သေခံပစ္စည်း ဘာတစ်ခုမှမရလို့ တရားမစွဲဆိုနိုင်တဲ့အတွက် ဖမ်းဆီးထားတဲ့ တရားခံတွေကို ပြန်လွှတ်ခဲ့ရတယ်။ အမှုစစ်တွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီး စစ်ဆေးခဲ့တယ်။ ဒါပေမဲ့ အမှုမှန်ကို မဖော်ထုတ်နိုင်ခဲ့ဘူး။ တိုင်စာတောစာတွေလည်း အထက်အ... အစည်းတွေဆီရောက်လို့ အမှုစစ်ရဲအရာရှိတွေ ဟိုပြော... ဒီရွှေ့၊ ထုချေလွှာ တောင်းခံရနဲ့ ချာလပတ်ရမ်းကုန်... မြို့နယ်မှူးကိုယ်တိုင် အမှုစစ်အဖွဲ့ဖွဲ့ပြီး စစ်ဆေးခဲ့... အမှုမှန်မပေါ်ပေါက်ခဲ့ဘူး။ နောက်ဆုံး အင်းစိန်မှုခင်း...



www.burmeseclassic.com

www.burmeseclassic.com

(စီအိုင်ဒီ)သို့ လွှဲပြောင်းစစ်ဆေးပေးသင့်ကြောင်း မြို့နယ်မှူး မှတ်ချက်နဲ့ တင်ပြခဲ့တယ်။ ဒီရှီးရှီးခိုးမှုလေးကို စီအိုင်ဒီက စစ်ဆေးပေးပါဆိုရင် တို့ဒေသခံတိုင်းရဲတပ်ဖွဲ့ သိက္ခာကျမယ်။ ဒါကြောင့် မောင်ရင် အတတ်နိုင်ဆုံး ကြိုးစားကြည့်စေချင်တယ်။ လိုအပ်တာ ရှိရင် ကိုယ့်ဆီ တိုက်ရိုက်ဆက်သွယ် အကူအညီတောင်းပါ'ဟု ပြောပြောဆိုဆို အမှုတွဲကို



ရဲအုပ်သက်ခိုင် လက်ထဲ ထည့်ပေးလိုက်၏။

ရဲအုပ်သက်ခိုင် အလေးပြုလို့ ပြန်ထွက်လာပြီး မင်းဘူးမြို့သို့ ပြန်လာသောအခါ အမှုတွဲကို သေချာစွာဖတ်ရှုလိုက်၏။ ဆင်ဖြူကျွန်းရဲစခန်းအပိုင်တွင် (၁၉၈၈)ခုနှစ်အစပိုင်း၌ ဖြစ်ခဲ့သော ခိုးမှု၊ အိမ်ပြတင်းပေါက်မှ ကျော်တက်ဝင်ရောက် ခိုးယူသည့်အတွက် ဖောက်ထွင်းခိုးယူမှု။ တရားလိုက ဒေါ်တုတ်၊ အသက်(၅၀)၊ အပျိုကြီး။ မိဘလက်ငုတ်လက်ရင်းဖြင့် လယ်ပိုင်ရှင်၊ ပဲခင်း၊ နှမ်းခင်း ပိုင်ရှင်။



www.burmeseclassic.com

www.burmeseclassic.com

သူရင်းငှားများဖြင့် လုပ်ကိုင်၍ ရရှိသည့်ငွေများကို ရွှေဝယ်စုဆောင်းထား ရွှေ(၅၀)ကျပ်သားနှင့် ငွေ(၁)သိန်းကို ကျွန်းသေတ္တာငယ်တွင် ထည့်၍ သော့ခတ်ပြီး မိမိအိပ်ခန်းသားတွင်ထား၍ ညအိပ်၊ သေတ္တာပျောက်ဆုံးသည့်နေ့က ပြတင်းတံခါး ဂျက်မထိုးမိ၊ နံနက်မိုးလင်းသောအခါ ထိုရွှေသေတ္တာမရှိတော့၊ အခိုးခံလိုက်ရကြောင်း သိလျှင်သိချင်း ရဲစခန်းတွင် သွားရောက်တိုင်ကြား၊ တိုင်ချက်တွင် ငှင်း၏တူတော်သူ သူရင်းငှား သောင်းအေးကို မသင်္ကာကြောင်း တိုင်ချက်တွင် ဖော်ပြထား၊ အမှုအခင်းရဲအရာရှိက တိုင်ချက်ပါ တရားခံသောင်းအေးကို ဖမ်းဆီးစစ်ဆေး၊ သောင်းအေးက အတန်တန်ငြင်းဆိုထား၊ အမှုစစ်အနေဖြင့် အခင်းဖြစ်အရပ် စစ်ဆေးခြင်း၊ သက်သေများ စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သေတ္တာအခွံအား ရွာပြင်မှ သိမ်းဆည်းခြင်း စသည်များကို အပြည့်အဝဆောင်ရွက်ထားသော်လည်း ပျောက်ဆုံးသွားသော ရွှေပစ္စည်းများအနက် သက်သေခံပစ္စည်းအဖြစ် ရွှေတစ်ရွေးသားမျှပင် ပြန်မရ၊ သောင်းအေးအား အချုပ်ထားခွင့် ရမန်ကြီး(၂)ပတ် ကုန်ဆုံးသွားသည့်တိုင် သက်သေအထောက်အထားတစ်စုံတစ်ရာ မရှိသည့်အတွက် ပြန်လွှတ်ခဲ့ရကြောင်း စသည်တို့ကို အမှုနေ့စဉ်မှတ်တမ်းများအရ တွေ့ရှိခဲ့ရ၏။

ထိုသို့ဖြင့် အမှုကို စစ်ဆေးနေစဉ်အတွင်း တစ်နိုင်ငံလုံး အုံးအုံးကျွက်ကျွက် (၈)လေးလုံးအရေးအခင်းကြီး ပေါ်ပေါက်လာ၍ အမှုကို ဒီအတိုင်း ရပ်ဆိုင်းထားရ၊ တပ်မတော်က အခြေအနေအရပ်ရပ်ကို ထိန်းသိမ်း၍ ငြိမ်ဝပ်သွားသောအခါ တရားလို ဒေါ်တုတ် ပြန်လှုပ်ရှားခဲ့၊ သူ့စိတ်ထဲ စွဲနေတာက သူ့ပစ္စည်း ခိုးယူသူမှာ တူဖြစ်သူ သူရင်းငှား သောင်းအေးပင်။ ပတ်ဝန်းကျင်ကလည်း ရဲတွေ သောင်းအေးနှင့်ပေါင်းပြီး အမှုကို အစဖျောက်ထားလိုက်သည်ဆိုသော သတင်းစကားတွေကြောင့် ဒေါ်တုတ်ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

ထိုစဉ် ခိုင်လုံမှုရှိသော သက်သေ(၂)ဦးကို ဒေါ်တုတ်ရှာဖွေတွေ့ရှိသွား၏။ တစ်ယောက်မှာ အခင်းဖြစ်သည့်နေ့က ဒေါ်တုတ် အိမ်ပြတင်းပေါက်မှ သောင်းအေး တက်သွားပြီးနောက် သေတ္တာတစ်လုံးကို ပြတင်းပေါက်က အောက်ကို လှမ်းချပေးသဖြင့် အောက်ကနေ လှမ်းယူပြီး ထမ်း၍ ရွာပြင်သို့ ပို့ပေးရသည်ဆိုသော စိန်ကုလား၊ နောက်တစ်ယောက်မှာ စိန်ကုလားကို သောင်းအေးက သေတ္တာလှမ်းပေးပြီး စိန်ကုလားက သေတ္တာထမ်း၍ ရွာပြင်သို့ ထွက်သွားသည်ကို မြင်တွေ့ရပါသည်ဆိုသော ဦးလူအုံ၊ ဒီအခြေအနေထိ အမှုက ရှင်းရှင်းလေးနှင့် ပေါ်နေပြီဖြစ်၏။

ဒေါ်တုတ် ထိုသက်သေနှစ်ယောက် ရရှိသည့်အတွက် ရဲစခန်းသို့ အပြေးအလွှား သွားရောက်သတင်းပို့ရာ အမှုစစ် ရဲအရာရှိများ ချက်ချင်းလိုက်လာ၊ ဦးလူအုံနှင့် စိန်ကုလားတို့ကို စစ်ဆေးရာ စိန်ကုလားနှင့် ဦးလူအုံတို့က ဒေါ်တုတ်အား ပြောပြသည့်အတိုင်း အစစ်ခံ၊ ထိုအခါ အမှုစစ် ရဲအရာရှိက ဦးလူအုံ၊ စိန်ကုလား၊ သောင်းအေးတို့ကို ရဲစခန်းသို့ ခေါ်ယူသွားပြီး သောင်းအေး၊ စိန်ကုလား၊ ဦးလူအုံတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊ စိန်ကုလားကို တရားရုံးတွင် ဖြောင့်ချက်ယူခြင်း၊ ဦးလူအုံကို တရားရုံးတွင် ကြိုတင်အစစ်ခံချက် ရယူခြင်းများ ဆောင်ရွက်ခဲ့၊ သောင်းအေးက မဟုတ်ရပါကြောင်းသာ အတန်တန် ငြင်းဆိုနေ၏။ စိန်ကုလားကလည်း ငှင်းရရှိပါသည်ဆိုသော နားကပ်လေးတစ်ရန်နှင့် ဆွဲကြိုးလေးတစ်ကုံးကို ဝှက်ထားသည်ဆိုသော နေရာများသို့ အမှုစစ်ရဲအရာရှိက စိန်ကုလားနှင့်အတူ သွားရောက်သောအခါ စိန်ကုလားက ဟိုနေရာလိုလို ဒီနေရာလိုလို ပျောက်သွားသလိုလိုနှင့် ဝိုးတိုးဝါးတား၊ နောက်ဆုံး သက်သေခံပစ္စည်းအဖြစ် ရွှေတစ်ရွေးသားမျှပင် ပြန်မရ။

သောင်းအေးနှင့် စိန်ကုလားတို့အား ချုပ်ခွင့်ရမန်ကြီး (၂)ပတ် ကုန်ဆုံးသွားသည့်တိုင် အမှုကို တရားမစွဲဆိုနိုင်၍ သောင်းအေးနှင့် စိန်ကုလားတို့ကို ပြန်လွှတ်ခဲ့ရပြန်၏။ ထိုအခါ ဒေါ်တုတ်အား နည်းပေးလမ်းပြ ပြုသူများက ရဲတပ်ဖွဲ့ မရိုးမသား ဆောင်ရွက်ထားမှုကြောင့် ရှင်းရှင်းကြီး ပေါ်ပေါက်နေသောအမှုကို မဖော်ထုတ်ပေးကြောင်း တရားခံနှင့် ရဲတပ်ဖွဲ့များပေါင်းပြီး အမှုကို အစဖျောက်ထားကြောင်း စသည့် တိုင်စာများ ရေးသား၍ ဒေါ်တုတ်ကို လက်မှတ်ထိုးခိုင်း၊ ဒေါ်တုတ်က စာမတတ်သဖြင့် ကြက်ခြေခတ်၍ လက်ဗွေနှိပ်ပြီး အထက်အဖွဲ့အစည်းများသို့ တိုင်စာများ ပလူပျံသွားကုန်၏။

အားလုံး ရှုပ်ထွေးကုန်ပြီ။ အမှုစစ်ရဲအရာရှိတွေ ... ဦးပြီး တစ်ဦးနှင့် လွှဲပြောင်းစစ်ဆေးခဲ့သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com

မပေါ်။ အမှုစစ်အရာရှိတွေ ဟိုပြောင်းဒီရွှေ့ ထုချေလွှာ တောင်းခံရနှင့် ချာလပတ်ရမ်းကုန်ကြ၏။ ထိုအခါ မြို့နယ်မှူးက အမှုစစ်အဖွဲ့ဖွဲ့၍ စစ်ဆေးခဲ့သော်လည်း သက်သေခံပစ္စည်း တစ်စုံတစ်ရာ မရရှိ၍ တရားစွဲဆိုနိုင်ခြင်း မရှိ၊ အမှုမပေါ်ပေါက်။ နောက်ဆုံး မြို့နယ်မှူး မှတ်ချက်ဖြင့် အမှုကို မှုခင်းတပ်ဖွဲ့(စီအိုင်ဒီ)သို့ လွှဲပြောင်းပေးသင့်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးထံ တင်ပြလာခြင်းပင် ဖြစ်၏။

ရဲအုပ်သက်ခိုင် အမှုတွဲဖတ်ပြီး ဝူးခနဲ လေပူများ မှုတ်ထုတ်ပြီးနောက် အမှုတွဲကို စားပွဲပေါ် ပစ်တင်လိုက်၏။ ယခင်အမှုစစ်များသည် ၄င်းထက်ပင် ဝါရင့်အတွေ့အကြုံရှိသော ရဲအရာရှိများ ပါဝင်နေပြီး ထိုရဲအရာရှိများ ပါဝင်တဲ့ အဖွဲ့က မဖော်ထုတ်နိုင်တဲ့အမှု၊ ငါကရော ဘာကောင်မို့လို့လဲဟုဆိုကာ စိတ်ပျက်စွာဖြင့် အသာအယာ ထလိုက်၏။

ထို့နောက် ရဲအုပ်သက်ခိုင် စဉ်းစားမိလိုက်ပြန်၏။ ရဲမင်းကြီးကိုယ်တိုင် ၄င်းကိုခေါ်ယူ၍ မျှော်လင့်ချက်တွေထားခဲ့ခြင်း၊ အမှုအား စီအိုင်ဒီသို့ လွှဲပြောင်းပေးလျှင် တိုင်းရဲတပ်ဖွဲ့ သိက္ခာကျမည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ အမှုတွဲအခြေအနေအရ တစ်နေရာရာမှာ တစ်ခုခုတော့ အကြီးအကျယ် မှားယွင်းမှုကြီး ရှိနေလိမ့်မည်။ ဘာမှားယွင်းမှုလဲဆိုတာ သိရအောင် အခင်းဖြစ်ကျေးရွာသို့ တစ်ခေါက်သွားမည်။ အခြေအနေ အရပ်ရပ်ကို စုံစမ်းမည်ဟု ဆုံးဖြတ်၍ ဒုရဲအုပ်(၁)ဦး၊ တပ်ကြပ်ကြီး (၁)ဦး၊ ရဲတပ်သား(၂)ဦးတို့ကိုခေါ်၍ အခင်းဖြစ် ကျေးရွာသို့ ထွက်သွား၏။ ရှေးဦးစွာ အမှုမှ တရားလို ဒေါ်တုတ်၏ အခြေအနေကို အကဲခတ် စုံစမ်းလိုက်၏။

ဒေါ်တုတ်၊ အသက်(၅၀)ကျော် အပျိုကြီး၊ စာလုံးဝမတတ်ကြောင်းကို အမှုတွဲ လေ့လာစဉ်က သိရှိထား၏။

ဒေါ်တုတ်က ၄င်း၏ အမှုကိစ္စအတွက် တိုင်းက ဆင်းလာသည်ဟု သိလိုက်လျှင် သိလိုက်ချင်း-

'အောင်မယ်လေး..ဗိုလ်ကြီးတို့ရယ်၊ အမှုက ပေါ်ပြီးသားပါ။ သူခိုးက သောင်းအေးလေ၊ အဒေါ့်တူ သောင်းအေးပေါ့။ သောင်းအေးနဲ့အတူ ခိုးပါတယ်ဆိုတဲ့သူကလည်း ဝန်ခံထား၊ သောင်းအေးတို့ ခိုးယူနေတာကို မြင်တွေ့တဲ့သူကလည်း မြင်တွေ့ထား၊ ဒါကို ဒီက ရဲတွေက သောင်းအေးနဲ့ပေါင်းပြီး အမှုကို အစဖျောက်ထားတယ်။ ဗိုလ်ကြီးတို့..အဒေါ့်ကိုကယ်ပါ။ အဒေါ် ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ် ဗိုလ်ကြီးတို့ရယ်'

ရဲအုပ်သက်ခိုင် အကဲခတ်နေ၏။ ဒေါ်တုတ် စကားပြောရာတွင် ကရားရေလွှတ် အဆက်မပြတ် ပြောတတ်ကြောင်း သဘောပေါက်မိနေ၏။

'ကဲ..အဒေါ်၊ ကျွန်တော်တို့ ပြောတာကို ခဏနားထောင်ပါ။ ကျွန်တော်တို့ သိချင်တာလေးတွေကို အဒေါ့်အနေနဲ့ အမှန်အတိုင်း ပြောပြပေးပါ။ သိပ်ပြီးစိတ်ပူမနေပါနဲ့။ အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူး။ အမှန်အတိုင်း ဖြစ်စေရမှာပေါ့'

ဟု ဆိုပြီး-

'ဒီသောင်းအေးနှင့်အတူ ခိုးပါတယ်လို့ ထွက်ဆိုထားတဲ့ စိန်ကုလား၊ သောင်းအေးက သေတ္တာကို အဒေါ့်အိမ်ပြတင်းပေါက်က လှမ်းပေးတာကို မြင်တွေ့ရပါတယ်ဆိုတဲ့ ဦးလူအုံ့တို့ကို အဒေါ် ဘယ်လိုကနေဘယ်လို ရှာဖွေတွေ့သွားပါသလဲဆိုတာ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ'

ဟု လမ်းကြောင်းပေးလိုက်သောအခါ ဒေါ်တုတ်က-

'အဒေါ်က ခေါင်းစွဲရှိတယ်လေ။ အဒေါ့်ကို (၃၇) မင်းနတ်တွေက စောင့်ရှောက်နေတာ။ ပစ္စည်းပျောက်တဲ့နေ့က အဒေါ့်အိမ်က နတ်ရုပ်တုတော်တွေရှေ့မှာ အဒေါ် အာရုံခံကြည့်လိုက်တယ်။ အဒေါ့်ကို ကိုယ်တော်လေးဝင်စီးပြီး အဒေါ့်ပစ္စည်း ခိုးတဲ့သူဟာ သောင်းအေးပဲလို့ အမိန့်ရှိလိုက်တယ်။ သောင်းအေးက သူ့ကို ပစ္စည်းမပျောက်ခင်က အလုပ်ထုတ်ပစ်ခဲ့ဖူးတယ်။ အဲဒါကို သောင်းအေးက မကျေနပ်လို့ အရက်မူးလာပြီး ခင်ဗျားကျုပ်ကို ဘာအပြစ်ရှိလို့ အလုပ်က ထုတ်ပစ်တာလဲ။ ကျုပ်အကြောင်း ကောင်းကောင်းသိစေရမယ်ဆိုပြီး ကြိမ်းမောင်းဖူးခဲ့တယ်။ တစ်ရွာလုံးကလည်း သောင်းအေးပဲဖြစ်မယ်လို့ ပြောဆိုနေကြတယ်။ ဒါပေမဲ့ ရဲတွေက သောင်းအေးနဲ့ပေါင်းပြီး သောင်းအေးကို ဖမ်းဆီးထားရာကနေ ပြန်လွှတ်လိုက်တယ်။ အဲဒါနဲ့ ဟိုချောက်မြို့နယ်၊ သပြေစုရွာက ဆရာကြီးဆိုသူဆီရောက်ပြီး သောင်းအေးနဲ့ ခိုးယူတဲ့ စိန်ကုလားတို့ ခိုးယူနေတာကို တွေ့မြင်ရတဲ့ ဦးလူအုံ့



www.burmeseclassic.com

www.burmeseclassic.com

တို့ဆိုတာ ပေါ်လာတာပါ ဗိုလ်ကြီးရယ်။ အင်း··ဒီဆရာကြီးသာ မကယ်ရင် အခေါ် အရှူးမီးဝိုင်း ဒုက္ခတွေဖြစ်ပြီး ပစ္စည်းတွေ ဆုံးရတော့မှာပါ"

ရဲအုပ်သက်ခိုင် ကောင်းကောင်းကြီး သဘောပေါက်သွားပြီ။ ဒေါ်တုတ်ကို ခေတ္တအနားပေးပြီး အစစ်ခံချက် အသေးစိတ်ကို ခရေစေ့တွင်းကျ တစ်ခုမကျန် ရယူလိုက်၏။ ထို့နောက် အားပါးတရပြုံးရယ်လိုက်ပြီး ဦးလူအုံနှင့် စိန်ကုလားတို့ နေထိုင်ရာ ချောက်မြို့နယ်၊ ချောင်းငယ်ဘက်ဆီသို့ ချက်ချင်းသွားရောက်လိုက်၏။

တွေ့လိုက်ပါပြီ၊ စိန်ကုလားနှင့် ဦးလူအုံ။ ၄င်းတို့နှစ်ဦးက သားအဖ။ စိန်ကုလားက အိမ်ထောင်ရှိ၍ ချောင်းနံဘေးတွင် တဲထိုးပြီး နေထိုင်၏။ ဦးလူအုံက ဇနီး ကွယ်လွန်ပြီး တဲတစ်လုံးနှင့် ချောင်းဘေးတွင်ပင် နေထိုင်၏။ ၄င်းတို့နှစ်ဦးစလုံး စာလုံးဝမတတ်။ ဗဟုသုတ ဘာတစ်ခုမျှ မရှိ။ ငါးရှာ၊ ဖားရှာဖြင့် ဝမ်းစာရှာဖွေနေရသူများ။ သားအဖနှစ်ဦးစလုံးက အူကြောင်ကြောင်။

ရဲအုပ်သက်ခိုင်က ဦးလူအုံနှင့် စိန်ကုလားတို့အား သစ်ပင်တစ်ပင်အောက် ခေါ်သွား၍ အေးဆေးငြိမ်သက်စွာ ထိုင်နေစေပြီး ရွာတွင်းမှ ဝယ်ယူလာသော ဆေးလိပ်နှင့် မုန့်များကို တိုက်ကျွေး၍ ဧည့်ခံလိုက်၏။

ထို့နောက် ချိုသာစွာဖြင့်-

"ကဲ··ဦးလူအုံနဲ့ စိန်ကုလား၊ ခင်ဗျားတို့နှစ်ယောက် သားအဖဆိုတာ ကျွန်တော်သိတယ်။ အမှန်တွေကိုသာ ပြောဆိုစေလိုပါတယ်။ ဆက်ပြီး လိမ်ညာနေမယ်ဆိုရင်တော့ ခုလိုပဲ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်စစ်ဆေးကြလိမ့်မယ်။ ရုံးရောက်၊ ရဲစခန်းရောက်နဲ့ ချုပ်နှောင်မှုတွေလည်း ဆက်ပြီးဖြစ်နေလိမ့်မယ်။ စိန်ကုလားအနေနဲ့ အချုပ်ခန်းထဲလည်း ရောက်ခဲ့ပြီးပြီ မဟုတ်လား။ ဟိုသပြေစုရွာက ဆရာကြီးနဲ့လည်း ကျွန်တော်တို့ တွေ့ခဲ့ပြီးပါပြီ။ ဆရာကြီးက အားလုံး အမှန်တွေ ပြောပြလိုက်ပါပြီ"

ဟု အေးဆေးတည်ငြိမ်သော လေသံဖြင့် ရဲအုပ်သက်ခိုင် ပြောဆိုလိုက်တဲ့အခါမှာတော့ ဦးလူအုံက-

"ဟင်··ဟိုသပြေစုရွာက ဆရာကြီးနဲ့ တွေ့ခဲ့ပြီးပြီလား။ ဆရာကြီးက အမှန်တွေ ဖွင့်ပြောလိုက်ပြီဆိုတော့ ကျွန်တော်တို့ ဆရာကြီးတိုက်ထားတဲ့ ကျိန်စာ၊ သစ္စာရေတွေကြောင့် ကျွန်တော်တို့ ဘာမှမဖြစ်တော့ဘူးပေါ့"ဟု ဆိုကာ အဖြစ်မှန်တွေကို ဖွင့်ပြောလိုက်ပါတော့သည်။

ရဲအုပ်သက်ခိုင် ကျေနပ်စွာဖြင့် အားပါးတရ အသံထွက်သွားသည်အထိ ပြုံးရယ်လိုက်ပြီးနောက် ဒေါ်တုတ်ထံမှ စစ်ဆေးခဲ့သော အသေးစိတ် အစစ်ခံချက်နှင့် ယခုဦးလူအုံနှင့် စိန်ကုလားတို့က အမှန်အတိုင်း အသေးစိတ်ပြောပြချက်များကို ပေါင်းစပ်လိုက်သောအခါ-

ဘိုးတော်ငရှုပ် နယ်တကာလှည့်ပြီး ဘုရားတည်နေသလိုလို၊ သာသနာပြုနေသလိုလိုနှင့် လောဘဇောတွေတက်ကာ မသိနားမလည်သော ဒေါ်တုတ်အား လုပ်ဇာတ်ခင်းပြီး ကိုယ်တိုင်ဒါရိုက်တာလုပ်၊ သရုပ်ဆောင်တွေ ရွေးထုတ်လိုက်တဲ့အတွက် ဘယ်လိုမှ ရှင်းမရအောင် ပွေလီရှုပ်ထွေးလွန်းလှတဲ့ အမှုတွဲကြီးရဲ့ အမှန်ဖြစ်ရပ်တွေက အခန်းဆက် ဝတ္ထုရှည်ကြီးသဖွယ် ပေါ်ပေါက်လာပုံကတော့··။

♦ ♦ ♦

"ဗျို့··အရီးတုတ်··အရီးတုတ်။ ဟို ချောက်မြို့နယ် သပြေစုရွာမှာ အစွမ်းထက်တဲ့ မေတ္တာရှင်ဆရာကြီးတစ်ဦး ခေါင်းဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ ရောက်နေတယ်ဗျ သမာဓိစွမ်းအားနဲ့ မေးသမျှတွေကို အကြားအမြင်နဲ့ ပြောပေးနေတယ်။ နေ့တိုင်း လူတွေ လာလာမေးနေကြတယ် ဘာမျှလည်း ပေးစရာမလိုဘူးတဲ့ဗျ"

အရှုးလိုဖြစ်နေတဲ့ ဒေါ်တုတ် ဘယ်သူ့ကိုမှလည်း အားကိုးမရ။ သောင်းအေးကိုလည်း ရဲတွေက ပြန်လွှတ်လိုက်ပြီ။ ဒီကြားထဲ တိုင်းပြည်တစ်ပြည်လုံး (၈)လေးလုံး အရေးအခင်းကြီးက ကြောက်စရာ လန့်စရာ။ ရဲစခန်းသွားဖို့ နေနေသာသာ ကိုယ့်ရပ် ကိုယ့်ဒေသ ကိုယ်တိုင် ... ဝန်ယူနေရတဲ့ အခြေအနေမျိုး။ တပ်မတော်က အုပ်ချုပ်... တာဝန်ယူ ထိန်းသိမ်းလိုက်တဲ့အခါ အခြေအနေအရှုပ်... အေးဆေးသွား၏။

ထိုစဉ် ဒေါ်တုတ်တူတစ်ယောက်ဖြစ်သော မောင်... ဆိုသူ ရောက်လာပြီး အထက်ပါအတိုင်း သတင်း... ပါးလိုက်၏။ နဂိုကတည်းက နတ်တို့၊ အကြားအမြင်... ကို ဝါသနာပါတဲ့ ဒေါ်တုတ် ဖင်တကြွကြွဖြစ်လို့ ... နေ့မနက်စောစော ဒေါ်တုတ်အမျိုးတစ်စု ဆရာကြီး... သပြေစုရွာသို့ သွားကြ၏။ ဒေါ်တုတ် နေထိုင်ရာ...



www.burmeseclassic.com

www.burmeseclassic.com

သပြေစုရွာဆိုတာက တစ်နာရီလောက်သွားလျှင် ရောက်၏။

ရှေးဦးစွာ ဆရာကြီးတပည့်(၃)ယောက်နှင့် တွေ့ရ၏။ အခြားလာမေးသူ (၂)ဦး၊ (၃)ဦးမှာ သူတို့အတွက် သတ်မှတ်ထားသောနေရာတွင် ထိုင်နေကြ၏။ ဒေါ်တုတ်က ဆရာကြီးတပည့် သုံးဦးအား သူ့ထုံးစံအတိုင်း သူပြောချင်တာတွေကို ကရေးရေလွှတ် ပြောလိုက်၏။ ရွှေ(၅၀)ကျပ်သားနှင့် ငွေ(၁)သိန်းပျောက်ဆုံးသွားပုံ၊ ၎င်း၏တူ သောင်းအေး ခိုးယူကြောင်း၊ တစ်ရွာလုံးကလည်း သောင်းအေး ခိုးသည်ဟုပင် ပြောနေကြကြောင်း၊ ရဲစခန်းက သောင်းအေးကိုဖမ်းပြီး ပြန်လွှတ်လိုက်ကြောင်း၊ ရဲက သောင်းအေးနှင့် ပေါင်းပြီး အမှုအစဖျောက်ထားကြောင်း စသည်များကို ၎င်းထင်မြင်သည့်အတိုင်း အဆက်မပြတ် ပြောလိုက်၏။

ဆရာကြီး၏ တပည့်တွေက ရွှေ(၅၀)ကျပ်သားနှင့် ငွေတစ်သိန်းဆိုကတည်းက လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြ၏။ ဒေါ်တုတ်တို့အား ခေတ္တထိုင်ခိုင်းပြီး ဒေါ်တုတ်တို့ရှေ့မှာပင် ဆရာကြီး၏ အခန်းလိုက်ကာကို ဖွင့်ကြည့်ပြီး ဆရာကြီး အာရုံပြုနေတယ်။ ခဏစောင့်ပါဟု ပြောလိုက်၏။

မိနစ်(၂၀)ခန့်ကြာသောအခါ ဆရာကြီးတပည့် နှစ်ယောက်နှင့်အတူ ဆရာကြီး အာရုံပြုနေသော အခန်းဝသို့ ဒေါ်တုတ်တို့အဖွဲ့ ရောက်ရှိသွားပြီး ဆရာကြီးတပည့် နှစ်ယောက်က ဝင်ခွင့်တောင်းလိုက်ရာ ဆရာကြီးက ဝင်ခွင့်ပြုလိုက်သောကြောင့် ဒေါ်တုတ် ဆရာကြီးရှေ့ အပြေးတစ်ပိုင်းနှင့် ဝင်ရောက်လို့ ဒူးတုပ်ထိုင်ပြီး ရှိခိုးလိုက်၏။

'သိနေတယ်လေ၊ သိနေတယ်'ဟု ဆရာကြီးက တစ်ခွန်းပြောလိုက်ပြီး 'ငါ့သမီး စိတ်အေးအေးထား၊ မင်းပစ္စည်းတွေ ပြန်ရစေရမှာပေါ့'တဲ့။

ဆရာကြီးပုံစံက သျှောင်တစောင်းနှင့် ခေါင်းပေါင်းပေါင်းထား၏။ သန့်ပြန့်သော အပေါ်ဖုံးအင်္ကျီနှင့် တောင်ရှည်ပုဆိုးလို လုံခြည်အကွက်ကြီး ဝတ်ထားပြီး ခါးပတ်ပတ်ထား၏။ လူရိုသေ ရှင်ရိုသေ ပုံစံမျိုးဖြင့် ဒေါ်တုတ်တို့အဖွဲ့ ဘာမျှပင် မပြောရသေး ဒေါ်တုတ်၏ အဖြစ်အပျက်တွေကို ကြိုတင်သိနေသလိုလို၊ ဒေါ်တုတ်က အဖြစ်အပျက်တွေကို ပြောပြဖို့ စကားစလိုက်ရုံရှိသေး 'တော်ပြီ··တော်ပြီ။ ငါတို့ ဆရာကြီးတွေ အားလုံးသိပြီးနေပြီ။ စိတ်အေးအေးသာထား။ ခုပြန်သွားလိုက်။ နောက်တစ်ပတ်ပြည့်ရင် ပြန်လာခဲ့'တဲ့။ ဒေါ်တုတ်ကို ဘာမျှပြောခွင့်မပြု။ ဆရာကြီး၏ သမာဓိစွမ်းအားဖြင့် အားလုံးသိပြီးနေသည့် အခြေအနေမျိုး။

ဒေါ်တုတ်တို့ အိမ်ရှေ့ခန်းသို့ ပြန်ရောက်ကြသောအခါ ဆရာကြီးတပည့် နှစ်ယောက်က-

'အံ့ရော··အံ့ရောဗျို့၊ ဆရာကြီးရဲ့ သမာဓိစွမ်းအားကတော့ တကယ့်ကို အံ့မခန်းစရာပါ။ အစ်မကြီးတို့ မြင်တဲ့အတိုင်း အစ်မကြီးတို့ ရှေ့မှာပဲ ကျွန်တော်တို့လည်း အခန်းဝက ကြည့်လိုက်တာ။ ဆရာကြီး အာရုံပြုနေလို့ ခဏစောင့်နေရတာ၊ အစ်မကြီးတို့ မျက်စိအောက်မှာပဲလေ။ အစ်မကြီးတို့ကလည်း ဆရာကြီးကို ဘာမှမပြောရသေး၊ ဆရာကြီး ကြိုတင်သိနေတာကတော့ တကယ့်အံ့မခန်းစရာပါ'

ဒေါ်တုတ်တို့ သတိမထားမိလိုက်တဲ့ အချက်တစ်ချက်က ဒေါ်တုတ်တို့ ဆရာကြီးထံ ရောက်ရောက်ချင်း ဒေါ်တုတ် သူ့ရွှေတွေ ပျောက်ဆုံးပုံကို ကရားရေလွှတ်သလို အဆက်မပြတ် စကားတွေ ပြောလိုက်စဉ်က နားထောင်နေတာက ဆရာကြီးတပည့်သုံးယောက်၊ ခုတွေ့နေတာက ဆရာကြီးတပည့်နှစ်ယောက်။ (၁)ယောက်က ဘယ်ပျောက်သွားလဲဆိုတာ သူတို့ သတိမထားမိကြ။ ဒါကလည်း ဒေါ်တုတ်တို့လို တောသူတောင်သားတွေ အနေနဲ့ ဆရာကြီးထံ လာရောက်မေးမြန်းကြတဲ့ သူလိုလိုကိုယ်လိုလိုနဲ့ ဘယ်သတိထားမိကြပါ့မလဲ။

ဒေါ်တုတ်တို့အဖွဲ့ ပြန်သွားပြီးနောက် ဆရာကြီးတို့အဖွဲ့ အလုပ်ရှုပ်နေကြပေပြီ။ ဆရာကြီးက သူ့တပည့်(၃)ယောက်ကို ဒေါ်တုတ်နေထိုင်ရာရွာသို့ လျှို့ဝှက်စေလွှတ်၍ အခြေအနေအရပ်ရပ်ကို သေချာစွာ မှာကြားလိုက်၏။

ဆရာကြီး သိချင်သော အချက်များကို စုံစမ်းကြရာ ဒေါ်တုတ်၏ပစ္စည်းကို ခိုးသူမှာ သောင်းအေးပင်ဖြစ်ကြောင်း၊ တစ်ရွာလုံးကလည်း သောင်းအေးပင်ဟု ပြောဆိုနေကြကြောင်း၊ သောင်းအေးသည် အိမ်ဈေးဆိုင်ဖွင့်၍ (၃)ရက်ခြားတစ်ကြိမ် မြို့တက်၍ ဈေးဝယ်ကြောင်း၊ ညနေ (၃)နာရီလောက်မှာ ပြန်လာတတ်ကြောင်း၊ ဈေးသွားလျှင် စက်ဘီးစီး၍သွားကြောင်း စသည်များကို သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com

ခုံစမ်း၍ ဆရာကြီးအား ပြောပြလိုက်၏။

ဆရာကြီးက သူ့တပည့်တွေ ပြောပြချက်အရ အစီအစဉ်တွေ ဆွဲနေပြီ။

ဒေါက်တာတို့အဖွဲ့ ချိန်းဆိုသည့်နေ့တွင် ရောက်လာကြသောအခါ 'အေး··မင်းတို့ပစ္စည်း ခိုးတဲ့သူကို တို့ဆရာကြီးများအဖွဲ့က ဖော်ထုတ်ပေးလိမ့်မယ်။ နောက်(၃)ရက်ကြာရင် ပြန်လာခဲ့' ဟု ပြောဆိုလိုက်၏။

ထိုသုံးရက်မြောက်သောနေ့သည် သောင်းအေး မြို့သို့တက်ပြီး ဈေးဝယ်မည့်နေ့ဖြစ်ကြောင်း ဆရာကြီးက သေချာစွာ တွက်ချက်ထားပြီးဖြစ်၏။ သောင်းအေး နေထိုင်ရာရွာနှင့် ဆရာကြီးတို့အဖွဲ့ ရောက်နေသည့် သပြေစုရွာက စက်ဘီးစီးသွားလျှင် မိနစ်(၂၀)အတွင်း ရောက်နိုင်၏။ ဆရာကြီးလွှတ်ထားသော တပည့်များက ထိုနေ့တွင် သောင်းအေး မြို့တက်၍ စက်ဘီးစီးသွားသောအခါ ဝတ်ထားသော အင်္ကျီ၊ လုံချည် အရောင်အသွေး၊ ဆောင်းထားသော ဦးထုပ်ကအစ ဆရာကြီးထံ သတင်းပို့ထား၏။

လာကြပါပြီ ဒေါက်တာတို့အဖွဲ့၊ လက်ဆောင်ပစ္စည်းတစ်ပွေ့တစ်ပိုက်နှင့် နံနက်(၁၀)နာရီခန့် ရောက်လာကြ၏။

'အေး···တို့ဆရာကြီးများအဖွဲ့က မင်းတို့ပစ္စည်း ခိုးတဲ့သူကို အတိအကျ ဖော်ထုတ်ပေးလိုက်ပြီ' ဟု ပြောဆိုလိုက်ရာ ဒေါက်တာ ဖင်တကြွကြွ ဖြစ်နေ၏။

ထိုအခါ ဆရာကြီးက 'ဒီနေ့ နာရီပြန်နှစ်ချက်တိတိမှာ မင်းတို့ရွာအဝင် ညောင်ပင်အောက် သောက်ရေအိုးစင်နားမှာစောင့်ပြီး ကြည့်နေကြ။ မင်းတို့ပစ္စည်းခိုးတဲ့သူဟာ အင်္ကျီအဖြူ၊ လုံချည်အပြာကွက်နဲ့ မြက်ဦးထုပ်ဆောင်းပြီး စက်ဘီးနဲ့ လာလိမ့်မယ်။ ဒီလူဟာ မင်းတို့ဝစ္စည်း ခိုးတဲ့သူပဲ ဖြစ်တယ်။ ဒါ တို့ဆရာကြီးများ အစွမ်းနဲ့ ဖော်ထုတ်ပေးလိုက်တာဖြစ်တယ်'



ဒေါက်တာတို့အဖွဲ့ ပါလာသော လက်ဆောင်ပစ္စည်းများကို ဆရာကြီးရှေ့သို့ ပုံချကန်တော့ကြပြီး ချက်ချင်းရွာသို့ ပြန်သွားကြ၏။

ထိုနေ့ မွန်းလွဲ(၁)နာရီလောက်ကတည်းက ဆရာကြီးပြောလိုက်သော ရွာအဝင် ညောင်ပင်အောက်ရောက်လို့ မယောင်မလည် လူစုခွဲပြီး စောင့်နေကြသောအခါ ညနေသုံးနာရီလောက်တွင် လူတစ်ယောက် စက်ဘီးစီးလို့ မြက်ဦးထုပ်ဆောင်းပြီး လာနေသည်ကို မြင်တွေ့ကြရ၏။ နီးလာသောအခါ ဝတ်ထားသောအင်္ကျီက အဖြူရောင်၊ လုံချည်က အပြာကွက်။

'ဟာ··ဟင်··'

ဒေါက်တာတို့အဖွဲ့ အံ့အားသင့်ကုန်ပြီ။ ထိုသူမှာ သောင်းအေးဖြစ်နေ၏။ ဒေါက်တာတို့အဖွဲ့ လှုပ်လှုပ်ရွရွနှင့်။

မောင်ပေါက 'အတိအကျမှ တကယ့်ကို အတိအကျပဲဗျို့' တဲ့။

ဒေါက်တာကလည်း 'နဂိုကတည်းက ငါ့အာရုံမှာလည်း သောင်းအေးကိုပဲ မြင်နေတယ်လို့ ပြောခဲ့တယ် မဟုတ်လား'

ဒေါက်တာတို့အဖွဲ့ ဆရာကြီးထံ အပြေးအလွှားသွားကြ၏။ ဆရာကြီး အာရုံပြုနေလို့ ခဏစောင့်ရသေး၏။

'ဘယ့်နှယ်လဲဟေ့၊ တွေ့ခဲ့ကြရဲ့လား'

ဟု ဟိတ်တွေဟန်တွေနှင့် မေးလိုက်သောအခါ ဒေါက်တာတို့အဖွဲ့က-

'ဆရာကြီး အမိန့်ရှိလိုက်တဲ့အတိုင်း အင်္ကျီ၊ လုံချည်၊ ဦးထုပ် အားလုံး တစ်ထပ်ထည်းပါပဲ။ သမီးတို့ ထင်နေတဲ့ သောင်းအေးပဲ ဖြစ်နေတယ်'

ဟု ပြောဆိုလိုက်သောအခါ-

'ဟေ··ဟုတ်လား။ မှတ်ထား၊ အဲဒါ တို့ဆရာကြီးတွေရဲ့အစွမ်းပဲ'

ဆရာကြီးက အံ့ဩနေသည့်ပုံစံဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

နောက် ဒေါ်တုတ်၏ အခြေအနေကို အကဲခတ်နေ၏။

ဒေါ်တုတ် ဖင်တရွေ့ရွေ့နှင့် ဆရာကြီးနား တိုးလာသည်ကို တွေ့လိုက်၍ ဆက်ပြောလိုက်တာက-

'တို့ဆရာကြီးတွေဆိုတာ သာသနာပြုနေကြတာ။ ရောက်တဲ့နေရာမှာ ဘုရားတည် ကျောင်းဆောက်ဖို့ လှူဒါန်းကြတယ်။ အဲဒီလို လှူဒါန်းတဲ့အခါမှာ တို့ဆရာကြီးများရဲ့ အကူအညီကြောင့် အကျိုးကျေးဇူး ရရှိသွားတဲ့ ပုဂ္ဂိုလ်တွေကို လှူဒါန်းပါဝင်ခွင့်ပြုထားတယ်။ လူတိုင်းတော့ ပါဝင်ခွင့် မရှိဘူးပေါ့။ ပဋ္ဌာန်းဆက်နဲ့ တိုက်ဆိုင်ဦးမှကိုး။ ခု သမီးတို့က တို့ဆရာများနဲ့ ပဋ္ဌာန်းဆက်ရှိတာကြောင့် ခုလိုလာရောက်တွေ့ဆုံကြတာပါ'

လို့ ငွေကြေးစကားဖြင့် လမ်းကြောင်းပေးလိုက်ရာ-

'ဆရာကြီးတို့အစွမ်းနဲ့ ပျောက်ဆုံးသွားတဲ့ပစ္စည်းတွေ ပြန်ရလို့ကတော့ တစ်ဝက်တိတိကို ဆရာကြီးလက်ထဲ ထည့်ပေးပြီး သာသနာပြုဖို့ လှူမှာပါ။ သမီး ကတိပေးပါတယ်'

လို့ ဒေါ်တုတ်က ပြောလိုက်တဲ့အခါ ဆရာကြီးမျက်လုံးပြူး၍ လောဘဇောအခိုးတွေနဲ့။ ပျောက်သွားတဲ့ ရွှေက (၅၀)ကျပ်သား၊ တစ်ဝက်ဆိုတော့ (၂၅)ကျပ်သားကြီးများတောင်။ ဒေါ်တုတ် ဆက်ပြောလိုက်တာက-

'ဆရာကြီးတို့ အစွမ်းနဲ့ ခုဖော်ထုတ်ပေးလိုက်တဲ့ သောင်းအေးကို ရဲတွေက ဖမ်းဆီးစစ်ဆေးလို့ အမှုမပေါ်ဘူးဆိုပြီး ပြန်လွှတ်ထားတယ် ဆရာကြီး။ သောင်းအေးနဲ့ ရဲတွေပေါင်းပြီး အမှုကို အစဖျောက်ထားတယ်' ဟု ပြောလိုက်ရာ ဆရာကြီး လက်ကာပြ၍ နောက်တစ်ပတ်ကြာရင် ပြန်လာရန် ချိန်းဆိုလိုက်၏။

ဒေါ်တုတ်တို့အဖွဲ့ ပြန်သွားသောအခါ ဆရာကြီးတို့အဖွဲ့ ခေါင်းချင်းဆိုင်နေကြပေပြီ။

တပည့်တစ်ဦးက-

'ဒါ ရဲတွေ သောင်းအေးနဲ့ပေါင်းပြီး မရိုးမသားလုပ်ထားတာ ဖြစ်ရမယ်။ နောက်တစ်ဦးက ရဲတွေ မရိုးမသားလုပ်လို့မရအောင် ခွင်တစ်ခု ဖန်တီးရမယ်။ အတိအကျ သက်သေတွေကို ဖန်တီးလိုက်ရင် ရဲတွေ သောင်းအေးဆီက ပစ္စည်းတွေကို ဖော်ထုတ်ပြီး ပေးကိုပေးရမယ်'

ထိုအခါ ဆရာကြီးက သူ့တပည့်တွေရဲ့ ပြောစကားကို မေးစေ့ပွတ်၍ စဉ်းစားကာ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေ၏။

ထို့နောက် ဆရာကြီးက-

'မင်းတို့ သေသေချာချာ နားထောင်'

ဟု ပြောပြီး ဇာတ်လမ်းရှည်ကြီးကို ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ဇာတ်ကောင်တွေကို ရှာလိုက်ပုံက-

'မင်းတို့ ဒီအနီးအနား ချောင်းရိုးတစ်လျှောက်မှာ ဖားရှာ ငါးရှာနဲ့ ဆင်းဆင်းရဲရဲ ရှာဖွေစားသောက်နေရတဲ့သူ၊ ရိုးရိုးအအ၊ စာမတတ် ဗဟုသုတမရှိတဲ့ သူမျိုးကို တွေ့အောင်ရှာ၊ တွေ့ရင် ငါ့ဆီ ခေါ်ခဲ့ကြ' ဟု ပြောဆိုပြီး တပည့်တွေကို စေလွှတ်လိုက်၏။

တွေ့ခဲ့ပါပြီ၊ ဦးလူအုံနှင့် စိန်ကုလား။ ပိုအဆင်ပြေသွားတာက သူတို့နှစ်ယောက်က သားအဖ။ ဆင်းရဲလိုက်တာမှ ကုန်းကောက်စရာမရှိဟု ဆိုရမည့်သူတွေ၊ ချောင်းထဲ ငါးရှာ ဖားရှာနှင့် ထမင်းပင် နပ်မှန်အောင် မစားနိုင်သူတွေ။ နှစ်ယောက်စလုံးက စာလုံးဝမတတ်၊ ဗဟုသုတမရှိ။

ဆရာကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး သဘောကျ နှစ်မြိုက်စွာ ခေါင်းညိတ်လို့ ဖခင်ဖြစ်သူကို သက်သေနေရာတွင်အသုံးပြု၊ သားဖြစ်သူကို သောင်းအေးနှင့်အတူ ခိုးယူရာတွင် ပါဝင်သူအဖြစ် အသုံးပြုလိုက်ရင် ဖခင်ဆိုတာ သားဖြစ်သူ ဒုက္ခရောက်စေမယ့် မဟုတ်မမှန်တဲ့ စကားပြောမှာ မဟုတ်ကြောင်း လူအများက လက်ခံထားမှာ အသေအချာ။

ဆရာကြီးက ဦးလူအုံနှင့် စိန်ကုလားတို့ကို သူသင်ပေးသည့်အတိုင်း ပြောရုံလေးပြောလိုက်လျှင် တစ်ယောက် ရွှေ(၂)ကျပ်သားစီ ပေးမယ်။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူမေးမေး တို့သင်ပေးထားတဲ့အတိုင်း ပြောရမယ်။ ဒါကို သေသည်အထိ နှုတ်လုံစေရမယ်ဟု ပြောလိုက်ရာ ဦးလူအုံနှင့် စိန်ကုလားတို့ ရွှေဆိုလို့ တစ်ရွေးသားမျှပင် မကိုင်ဖူး ရွှေ(၂)ကျပ်သားကြီးများတောင်ဆိုတော့ မျက်လုံးပြူးကုန်ကြ၏။ ပြောခိုင်းတဲ့အတိုင်း ပြောလိုက်ရုံလေးနှင့် ရွှေ(၂)ကျပ်သားရမယ်ဆိုတဲ့ လောဘဇောနှင့် သဘောတူလိုက်ကြ၏။

ထိုအခါ ဆရာကြီးက ဒီအတိုင်းတော့ လွယ်လွယ်ကူကူ သဘောတူလို့မရ၊ သစ္စာရေသောက်ရမယ်။ သစ္စာဖောက်ရင်တော့ သွေးပွက်ပွက်အန် သေလိမ့်မယ်ဆိုပြီး

www.burmeseclassic.com

အုန်းငှက်ပျောပွဲထဲက ရေထည့်ထားသော ဖန်ခွက်ကိုယူ၍ ဖန်ခွက်ထဲကရေကို ဖလားတစ်လုံးတွင်ထည့်ပြီး ဓားကဲ့သို့ အချွန်အတက်တွေ ထည့်လိုက်၏။ ထို့နောက် အမျိုးမျိုးမန်းမှုတ်၍ ဦးလူအုံနှင့် စိန်ကုလားတို့ကိုလည်း အမျိုးမျိုးသစ္စာတွေ ဆိုခိုင်းလိုက်၏။

အဓိကအရေးကြီးဆုံးက ဒီကိစ္စကို ဘယ်သူကမေးမေး ဆရာကြီးတို့ သင်ထားတဲ့အတိုင်းသာ ပြောဆိုရန် ဒါကို အသက်အသေခံပြီး နှုတ်လုံစေရမယ်။ တကယ်လို့ ဆရာကြီးတို့အဖွဲ့က ဒီအတိုင်းပြောဆိုဖို့ သင်ထားပါတယ်ဆိုရင် မင်းတို့ဟာ ခုဖလားထဲမှာရှိတဲ့ ဓားတို့၊ လှံတို့ရဲ့ အစွမ်းကြောင့် သစ္စာရေတွေဟာ သွေးအဖြစ် ပြောင်းသွားပြီး မင်းတို့ သွေးအန်သေလိမ့်မယ်ဟု ဆိုကာ သစ္စာရေကို တိုက်လိုက်ပြီး အောက်ပါအတိုင်း သင်ကြားပေးလိုက်၏။

စိန်ကုလားပြောရမည့်စကားက ပစ္စည်းခိုးယူတဲ့နေ့က သောင်းအေးရောက်လာပြီး အရက်တိုက်ကြောင်း၊ ည(၁၂)နာရီလောက်တွင် သောင်းအေးခေါ်ရာသို့ လိုက်သွားရာ ဒေါ်တုတ်အိမ်နားရောက်တော့ လူသုံးယောက်ကို ထပ်တွေ့ကြောင်း၊ မှောင်နေ၍ မည်သူမည်ဝါဟု မသိရကြောင်း၊ သောင်းအေးက ဒေါ်တုတ် အိမ်ပြတင်းပေါက်မှ တက်သွားပြီး ခဏအကြာ သေတ္တာတစ်လုံး လှမ်းပေးကြောင်း၊ ၎င်းက အောက်ကနေ လှမ်းယူလိုက်ကြောင်း၊ လူစိမ်းသုံးယောက်က ပတ်ဝန်းကျင်အခြေအနေကို အကဲခတ် ကြည့်နေကြကြောင်း၊ သေတ္တာရရှိပြီးနောက် ၎င်းက သေတ္တာထမ်း၍ ရွာပြင်သို့ ပေးရကြောင်း၊ ရွာပြင်သို့ ရောက်သောအခါ သောင်းအေးနှင့် အဖော်များက သေတ္တာရိုက်ဖွင့်၍ အထဲက ပစ္စည်းတွေကို ယူကြကြောင်း စသည်တို့ကို ရက်စွဲ၊ အချိန် အတိအကျ ဆရာကြီးက စိန်ကုလားကို သင်ပေးလိုက်၏။

ဦးလူအုံ ပြောရမည့်စကားက ထိုအချိန်က ငါးရစ်ဖမ်းရန် ချောင်းထဲတွင်ရှိနေစဉ် လူတစ်စုကိုတွေ့၍ အကဲခတ်ကြည့်နေကြောင်း၊ ထိုလူစုမှာ ဒေါ်တုတ်အိမ်ဘက်သို့ သွားနေသဖြင့် မီးခွက်အုပ်ဆောင်းကိုမှုတ်၍ နောက်က လိုက်ကြည့်ကြောင်း၊ လရောင်မှုန်ဝါးဝါး အလင်းရောင်ကြောင့် ၎င်း၏သားဖြစ်သူ စိန်ကုလားကို သောင်းအေးတို့အဖွဲ့နှင့်အတူ တွေ့လိုက်ရကြောင်း၊ သစ်ပင်ကွယ်မှ အသာကြည့်နေစဉ် သောင်းအေးက ဒေါ်တုတ် အိမ်ပြတင်းပေါက်မှ ကျော်၍ ဝင်သွားကြောင်း၊ ခဏအကြာတွင် သောင်းအေးက သေတ္တာတစ်လုံးကို ပြတင်းပေါက်မှ လှမ်းပေးသဖြင့် စိန်ကုလားက သေတ္တာကိုထမ်း၍ သောင်းအေးတို့လူစုနှင့် အတူ ရွာပြင်သို့ ထွက်သွားသည်ကို မြင်တွေ့ရပါကြောင်း ရက်စွဲ၊ အချိန် အတိအကျဖြင့် သင်ပေးလိုက်၏။

ဗဟုသုတမရှိ၊ စာလုံးဝမတတ် ကြောင်တောင်တောင်သားအဖနှစ်ယောက် ဒါလေးပြောရုံနှင့် ရွှေ(၂)ကျပ်သားစီ ရမယ်ဆိုတဲ့ အတွေးနဲ့ ဘယ်သူမေးမေး သေသည်အထိ ဒီအတိုင်း ပြောပါ့မယ်ဆိုကာ သဘောတွေကျ၊ စိတ်ကူးတွေ ယဉ်နေကြသလို ဆရာကြီးတို့အဖွဲ့ကလည်း ဒီလိုသာ သက်သေအထောက်အထားတွေ ခိုင်လုံနေရင် ရဲတွေအနေ နှင့် သောင်းအေးနှင့် ပင်းထားလို့မရတော့။ အကယ်၍ သောင်းအေးနှင့် ပင်းမထားဘူးဆိုရင်တောင် ခိုင်လုံသော သက်သေနှစ်ယောက်ရဲ့ ထွက်ဆိုချက်အရ သောင်းအေး ကို အမျိုးမျိုးညှဉ်းပြီး ပစ္စည်းတွေကို ဖော်ထုတ်ခိုင်းမည် သာဖြစ်ကြောင်း၊ ဆရာကြီးတို့ အဖွဲ့ကလည်း သူတို့ အကွက်ဆင်ထားသည့်အတိုင်း သဘောတွေကျလို့ ဒေါ် တုတ်ထံမှရရှိမည့် ရွှေ(၂၅)ကျပ်သားကို မျက်စိထဲမြင်ပြီး စိတ်ကူးတွေ ယဉ်နေကြ၏။ ဦးလူအုံနှင့် စိန်ကုလားကို လည်း ကောင်းကောင်းကျွေးမွေးထားကြ၏။

ဆရာကြီးတို့ ချိန်းဆိုသည့်နေ့ ဒေါ်တုတ်တို့အဖွဲ့ ရောက်လာကြသောအခါ တစ်နေရာတွင် ထိုင်နိုင်းထား သော ဦးလူအုံနှင့် စိန်ကုလားတို့အား လက်ညှိုးထိုး၍-

'ကဲ··ငါ့သမီးတို့၊ မင်းတို့ပစ္စည်း ခိုးတဲ့သူဟာ မင်း ထင်နေပြီး တို့ဆရာများ အစွမ်းနဲ့ ဖော်ထုတ်ထား သောင်းအေး ဆိုတာကို ဟိုလူနှစ်ယောက်က ပြောပြ မယ်။ ဒါကလည်း တို့ဆရာကြီးများ အစွမ်းနဲ့ ဖော်ထု ပေးထားတာပါ။ မင်းတို့ ပစ္စည်းတွေကိုတော့ သက် ရာက ဖော်ထုတ်ပေးပါလိမ့်မယ်။ တို့ဆရာကြီးများအဖွဲ့ ဒီလောက်ပဲ ဖော်ထုတ်ပေးလိုက်ဖို့နဲ့ ကျန်တာကို သ ဆိုင်ရာက ဆက်လုပ်ကြပါစေတဲ့။ ဒါကို တို့ဆရာများ အဖွဲ့က စည်းကမ်းထားရတယ်။ လူစည်း၊ ဘီလူး ဆိုသလိုပေါ့ကွာ။ နေရာတကာတို့ ဆရာများက ဝင် မရှိဘူး' ဟု ဟိတ်ဟန်တွေနှင့် ပြောလိုက်၏။

ထို့နောက် စိန်ကုလားနှင့် ဦးလူအုံတို့ကိုခေါ်၍



www.burmeseclassic.com

www.burmeseclassic.com

တုတ်ရှေ့တွင် ယခင်သင်ထားသည့်အတိုင်း ပြောဆိုစေလိုက်ရာ ဒေါ်တုတ်မှာ မူးမေ့လဲကျသွားမလိုလိုပင် ဖြစ်သွား၏။

ဒေါ်တုတ်တို့အဖွဲ့ ဆရာကြီးအား ပဏာမအနေဖြင့် ထိုက်ထိုက်တန်တန် လက်ဆောင်ပစ္စည်းများနှင့် ကန်တော့ကာ ပြန်သွားကြ၏။

ရွာသို့ ပြန်ရောက်သောအခါ ဒေါ်တုတ်က 'ဟဲ့··ဒီသတင်းကို မပေါက်ကြားစေနဲ့။ တော်ကြာ သောင်းအေး ထွက်ပြေးသွားလိမ့်မယ်' ဟု ပြောပြီး အမျိုးတစ်စု ရဲစခန်းသို့ ပြေး၍ အကြောင်းကြားလိုက်၏။

အမှုစစ်ရဲအရာရှိနှင့်အဖွဲ့ ချက်ချင်းလိုက်လာကာ ဦးလူအုံ့နှင့် စိန်ကုလားတို့အား စစ်ဆေးမေးမြန်းကြသောအခါ ဦးလူအုံ့နှင့် စိန်ကုလားတို့က ဆရာကြီး သင်ကြားထားသည့်အတိုင်း အတိအကျထွက်ဆိုနေသဖြင့် ဦးလူအုံ့၊ စိန်ကုလား၊ သောင်းအေးတို့ကို ရဲစခန်းသို့ ခေါ်သွားကြ၏။ ထိုအချိန်ရောက်မှ တစ်ရွာလုံး သတင်းပျံ့နှံ့သွားရုံပင်မက အနီးဝန်းကျင်ကျေးရွာများသို့ပင် ဒေါ်တုတ်ရွှေသေတ္တာ အခိုးခံရတဲ့အမှုကို သပြေစုရွာရောက်နေတဲ့ ဆရာကြီးတို့အဖွဲ့က ဖော်ထုတ်ပေးလိုက်ပြီဆိုတဲ့ သတင်းပျံ့နှံ့သွားလို့ ဆရာကြီးတို့အဖွဲ့ နာမည်ပို၍ကြီးသွားပြန်၏။

သို့သော် တာဝန်ရှိရဲတပ်ဖွဲ့က အမျိုးမျိုး စစ်ဆေးခဲ့သော်လည်း အမှုက မပေါ်ပြန်။ စိန်ကုလားကလည်း နှုတ်ပိတ်ခ ရရှိပါတယ်ဆိုတဲ့ ကြောက်ကြောက်နှင့် ပြောလိုက်သော နားကပ်လေးတစ်ရန်၊ ရွှေဆွဲကြိုးလေးတစ်ကုံးကို ဟိုနေရာလိုက်ပြ၊ ဒီနေရာလိုက်ပြနှင့် ပျောက်သွားသလိုလို ဝိုးတိုးဝါးတား၊ ဘာသက်သေခံပစ္စည်းမျှ ပြန်မရ။

အမှုစစ် ရဲအရာရှိက ၎င်းတို့သုံးဦးအား တိုက်ဆိုင်စစ်ဆေးခြင်း၊ စိန်ကုလားကို တရားရုံးတွင် ဖြောင့်ချက်ယူခြင်း၊ ဦးလူအုံ့ကိုလည်း တရားရုံးတွင် ကြိုတင်အစစ်ခံချက် ရယူခြင်း စသည်များကို ပြည်စုံစွာ ဆောင်ရွက်ထားလိုက်၏။

အားလုံး ရှုပ်ထွေးကုန်ပြီ။ နောက်ဆုံး သောင်းအေးနှင့် စိန်ကုလားတို့အား ချုပ်ရမန်ကြီး(၂)ပတ်ပြည့်၍ ပြန်လွှတ်ခဲ့ရပြန်၏။ တိုင်စာတောစာတွေကလည်း အထက်အဖွဲ့အစည်းတွေကို ပလူပျံသလို တက်နေတော့ အမှုစစ်အရာရှိတွေ ဟိုပြောင်းဒီရွှေ့ ချာလပတ်ရမ်းကုန်ကြ၏။

နောက်ဆုံး မြို့နယ်မှူးကိုယ်တိုင် အမှုစစ်အဖွဲ့ဖွဲ့၍ စစ်ဆေးခဲ့သော်လည်း အမှုမပေါ်ပေါက်၍ မြို့နယ်မှူး မှတ်ချက်ဖြင့် တိုင်းရဲတပ်ဖွဲ့မှူးမှတစ်ဆင့် အင်းစိန်မှုခင်းတပ်ဖွဲ့(စီအိုင်ဒီ)သို့ လွှဲပြောင်းသင့်ကြောင်း တင်ပြခဲ့သော အမှုရှုပ်ကြီး ဖြစ်လာပေတော့သည်။

ရဲအုပ်သက်ခိုင် ရှုပ်ထွေးမှုကြီး၏ အဖြစ်မှန်ကို သိရှိလိုက်သောအခါ ရင်မောစွာဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။ ဩော်··ငရှုပ်··ငရှုပ်၊ လောဘသားတစ်ယောက်ရဲ့ မွေနောက်ချက်က တာဝန်ရှိသူတွေ ဟိုပြောင်းဒီရွှေ့၊ ထုချေလွှာတောင်းခံရနဲ့ ချာလပတ်ရမ်းကုန်တဲ့အဖြစ်မျိုးပါလား။

ရဲအုပ်သက်ခိုင် ဒီအမှုနှင့်ပတ်သက်၍ ပညာတစ်ခုရရှိလိုက်တာကတော့ ယခင် အမှုစစ်ရဲအရာရှိများ ကျန်ခဲ့သည့် အချက်တစ်ချက်မှာ အမှုမှန်ပေါ်ပေါက်နေပြီ အထင်နှင့် တရားခံကိုသာ အားသွန်ခွန်စိုက် စစ်ဆေးနေပြီး တရားလိုအား အသေးစိတ် ထပ်မံမစစ်ဆေးခဲ့မိခြင်းပင်ဖြစ်၏။

ရဲအုပ်သက်ခိုင် ဒီလောက်နှင့် ရပ်နေလို့ မဖြစ်သေး။ တိုင်းရဲမင်းကြီးထံ အမှုနှင့်ပတ်သက်၍ ယခုအခြေအနေအထိ အဖြစ်မှန်ပေါ်ပေါက်လာပုံကို အသေးစိတ် အစီရင်ခံစာ ရေးသားတင်ပြပြီး ၎င်းအမှုနှင့်ပတ်သက်၍ တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ပါက ရဲတပ်ဖွဲ့အပေါ် သံသယဖြစ်နေသော အမြင်တွေ ရှင်းသွားမည့်အပြင် ယုံကြည်လွယ်ပြီး အလိမ်အညာခံနေရသော တောသူတောင်သားတွေလည်း သင်ခန်းစာတစ်ခု ရရှိသွားမည်ဖြစ်ကြောင်း ခံယူချက်ဖြင့် အမှုမှ တရားခံအစစ်အမှန်ကို ဖော်ထုတ်ရန် ကြိုးစားလိုက်သောအခါ -

ပေါ်လာပါပြီ၊ ဒေါ်တုတ်နေထိုင်ရာရွာနှင့် မနီးမဝေးထန်းပင်စုရွာက ကြည်လွင်။ လောင်းကစားသမား၊ ခိုးမှုနှင့် မကြာခဏထောင်ကျခဲ့ဖူးသော ကြည်လွင်၊ သတင်းပေးများမှတစ်ဆင့် ခြေရာခံမိရာကအစ လျှို့ဝှက်ထောက်လှမ်း စုံစမ်းလိုက်သောအခါ ဒေါ်တုတ်၏ ရွှေသေတ္တာပျောက်ဆုံးပြီးနောက်ပိုင်း (၁၉၈၉)ခုနှစ်က ကြည်လွင်၏ အစ်မဝမ်းကွဲတော်သူ မဝင်းက သူမ၏ခင်ပွန်း နေထိုင်မကောင်း၍ ကြည်လွင့်ဆီ လာရောက်အကူအညီတောင်းခဲ့ကြောင်း၊ ကြည်လွင်က ရွှေဆွဲကြိုးတစ်ကုံးကို မြို့တော

www.burmeseclassic.com

www.burmeseclassic.com

၍ ရောင်းခိုင်းလိုက်ကြောင်း၊ ရရှိခဲ့သောငွေကို ကြည်လွင့်ထံ လာပေးကြောင်း၊ ကြည်လွင်က မဝင်းအား ရောင်းရငွေတစ်ဝက် ပြန်ပေးလိုက်ကြောင်း၊ ထိုငွေဖြင့် မဝင်း၏ ခင်ပွန်းအား ဆေးကုသကြောင်း သတင်းအစအန ရရှိရာက စလို့ ရဲအုပ်သက်ခိုင် မဝင်းနေထိုင်ရာ ပဲခင်းသို့ သွားရောက် အမျိုးမျိုးအယုံသွင်း ဖျောင်းဖျ၍ စစ်ဆေးလိုက်သောအခါ မဝင်းက အမှန်အတိုင်းဝန်ခံ၍ ၄င်းရောင်းချထားသော ရွှေပန်းထိမ်ဆိုင်မှ ရွှေဘောင်ချာကို ထုတ်ပြပြီး ရွှေပန်းထိမ်ဆိုင်ကိုပါ လိုက်ပြပေး၏။

ရွှေပန်းထိမ်ဆိုင်က ဝယ်ယူထားသော ရွှေဆွဲကြိုးကို ထုတ်ပြလိုက်၏။ ထိုဆွဲကြိုးမှာ ဒေါ်တုတ် အခိုးခံရသော ပစ္စည်းစာရင်းမှ ဆွဲကြိုးပုံစံ ဖြစ်နေသဖြင့် မိမိနှင့် ပါလာသော ဒုရဲအုပ်နှင့် တပ်ကြပ်ကြီးအား ချက်ချင်း ကြည်လွင်ကို သွားရောက်ဖမ်းဆီးရန် ညွှန်ကြားပြီး ရွှေဆွဲကြိုးအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်၏။

ရဲအုပ်သက်ခိုင် ရွှေဆွဲကြိုးကို သိမ်းဆည်းပြီးနောက် ရဲတပ်သားတစ်ဦးနှင့်အတူ မဝင်းအား တစ်နေရာတွင်ထား၍ ကြည်လွင်နှင့် ရဲအုပ်သက်ခိုင် တွေ့ဆုံလိုက်၏။ ပထမတွင် ကြည်လွင်က မဟုတ်ရပါကြောင်း၊ ဒေါ်တုတ်အိမ်ကပစ္စည်း အခိုးခံရခြင်းနှင့်ပတ်သက်၍ ဘာမျှမသိရပါကြောင်း၊ ဒေါ်တုတ်ကိုလည်း မသိကြောင်း အတန်တန်ငြင်းဆို၍ အားလုံးကို ဘူးခံ၍သာ ပြောဆိုနေ၏။

ရဲအုပ်သက်ခိုင် ဒါမျိုးတွေ အရေထူနေပါပြီ။ သိမ်းဆည်းခဲ့သော ရွှေဆွဲကြိုးကို ထုတ်ပြလိုက်၏။ ထို့နောက် မဝင်းကို ကြည်လွင်မြင်တွေ့နိုင်သော နေရာလောက်တွင် ရုပ်လုံးပြလိုက်၏။ မဝင်းက အားလုံးကို အမှန်အတိုင်း ဝန်ခံလိုက်ပြီဖြစ်ကြောင်း၊ ကြည်လွင်အနေနှင့် အမှန်အတိုင်း ဝန်ခံပြောဆိုဖို့သာ ရှိတော့ကြောင်း ပြောဆိုလိုက်သောအခါ ကြည်လွင်က ရွှေဆွဲကြိုးကိုတစ်လှည့်၊ မဝင်းကိုတစ်လှည့် ကြည့်ပြီး ခေါင်းငိုက်စိုက်ကျသွား၏။

မုဆိုးနဲ့ကျားဆိုတာ သူတစ်ပြန် ကိုယ်တစ်ပြန် ပိုင်ဖို့က အဓိက။ မုဆိုးထောင်ချောက်ထဲ ကျားဝင်လာလျှင် ထိုကျား သေဖို့သာပြင်၊ အဲ‥မပိုင်ဘဲနှင့် ကျားကိုသွားဖမ်းရင်တော့ ကျားကိုက်လို့ မုဆိုးသေပြီသာမှတ်။ ဆရာ့ဆရာတွေရဲ့ ဆုံးမစကားကို ရဲအုပ်သက်ခိုင်နားထဲ ကြားလို့နေပေပြီ။ ဒုရဲအုပ်သက်ခိုင် တရားခံကို ရှန်းထွက်မသွားနိုင်အောင် ပိုင်ပိုင်နိုင်နိုင် ဖမ်းဆီးမိလိုက်ပြီ။

ကြည်လွင်က ဒေါ်တုတ်အိမ်မှပစ္စည်းများ ခိုးယူသူမှာ သူတို့အဖွဲ့ဖြစ်ကြောင်း၊ ၄င်းနှင့်အတူ ပါဝင်သူများမှာ ချောက်မြို့နယ်မှ မည်သူမည်ဝါတွေဖြစ်ကြောင်း ဝန်ခံအစစ်ခံလိုက်သည့်အပြင် ၄င်းရရှိသည့် ဝေစုထဲမှ ရောင်းချထားသည့် နေရာတွေပါ လိုက်ပြပေးပါမည်ဟု ဝန်ခံလိုက်၏။ သောင်းအေး၊ စိန်ကုလား၊ ဦးလူအုံ့တို့ကို သိပင် မသိကြောင်း အသေးစိတ် အစစ်ခံလိုက်၏။

ရဲအုပ်သက်ခိုင် ကြည်လွင်ဆီက ပညာတစ်ခု ရပြန်ပြီ။ ဩော်‥ရဲအရာရှိဆိုတာ တရားခံဆီက ပညာယူသင့်ရင်လည်း ယူရမှာပေါ့။ အဲဒီပညာကတော့ ကြည်လွင် ပြောလိုက်တဲ့ စကားတစ်ခွန်း။

"ဒီအမှုမှာ ရဲက လမ်းလွဲပြီး လိုက်နေတာကတစ်ကြောင်း၊ မဆိုင်တဲ့သူတွေကို တရားခံအနေနဲ့ ဖမ်းဆီးစစ်ဆေးလို့ အမှုပေါ်နေပြီဆိုတဲ့ သတင်းစကားတွေကြောင့် တကယ်ခိုးကြတဲ့ ကျွန်တော်တို့ ခိုးယူရရှိတဲ့ ပစ္စည်းတွေကို ထုခွဲဖျောက်ဖျက်ဖို့ အချိန်ကောင်းကောင်းရသွားတာပေါ့ ဆရာရယ်" တဲ့။

မြွေပွေးဟောက်ကို ထိပ်ပုတ်ကစားလို့ အမြွတ်ထုတ်လိုက်တဲ့ မျက်လှည့်ဆရာဖိုးရှုပ် မြွေဟောက်ကိုက်လို့ ... မဆုံ့ သေပွဲဝင်သွားသလို ဘိုးတော်ငရှုပ် လောဘ... အမြတ်ထုတ်ဖို့ မဟုတ်မဟတ် လုပ်ဇာတ်ခင်းပြီး လု... လိုက်တော့ ဇာတ်သိမ်းပွဲမှာ အချုပ်ခန်းထဲ ဝင်သွား... တော့တာပေါ့။

ရဲအုပ်သက်ခိုင် ရဲမင်းကြီးအခန်းသို့ အလေး... ရောက်ပြီး အမှုရဲ့ နောက်ဆုံးအခြေအနေကို သတင်း... လိုက်တဲ့အခါမှာတော့ ရဲမင်းကြီးက "Congratula... မောင်သက်ခိုင်" ဆိုပြီး လက်ဆွဲကာ ချီးကျူးဂုဏ်ပြု... ပါတော့သည်။

မြင်သာ သော...

<u>ဝန်ခံချက်</u>

ရဲအုပ်သက်ခိုင်ဟာ စာရေးသူ ဖြစ်ပါကြောင်း... ကိုယ်တိုင် ပါဝင်ခဲ့သော ကိုယ်တွေ့ဖြစ်ရပ်မှန် ... ကိုယ်တိုင် ပြန်လည်ရေးသား ဖော်ပြခြင်း ဖြစ်ပါ... ဝန်ခံအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်



မစိုးရိမ်ဆရာတော်ကြီး



မင်းကွန်းဆရာတော်ကြီး



ပြည်ဆရာတော်ကြီး

ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေး အသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လှူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၃၄၃၃၊

www.burmeseclassic.com

ညနေ လေးနာရီခန့်အချိန် ရှိလောက်ပြီ ထင်၏။ နှောင်းမိုးသည်လည်း တဖြောက်ဖြောက် ရွာနေသည်။ တောင်ခိုးများလည်း တဝေ့ဝေ့ တက်လာနေ၏။ ထို့ကြောင့် ပတ်ဝန်းကျင် တောတောင်တစ်ခွင်လုံး ညို့မှောင်းအုံ့မှိုင်းစ ပြုလျက်ရှိလာနေလေသည်။



# မင်းဟိန်းဆိတ်
## နွားအိုကြီးနှင့် ကျားအိုကြီးတို့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ကျော်ဇော သူ့နွားများကို ကြည့်သည်။ သူ့မှာ နွားလားကြီးချည်းသက်သက် ကိုးကောင်ဖြစ်သည်။ အိမ်မှာလည်း သားသည်မ၊ နွားပေါက်ပေါင်း ခြောက်ကောင် ကျန်သေးသည်။ ကိုအောင်ကျော်ဇောမှာ စုစုပေါင်း နွား(၁၅)ကောင်ရှိသည်။

သားသည်မနှင့် နွားပေါက်လေးများကို လယ်နားက စားကျက်မှာ လွှတ်ထားခဲ့ပြီး ဤခိုင်းနွားကြီး ရှစ်ကောင်နှင့် ညိုမောင် အမည်ရှိ နွားလားအိုကြီး တစ်ကောင်ကိုသာ အစာပေါသော ဤတောနက်ထဲသို့ လာကျောင်းခြင်း ဖြစ်သည်။

ခိုင်းနွားလားကြီး ရှစ်ကောင်မှာ လယ်ထွန်ပြီးစဖြစ်၍ ပင်ပန်းပိန်လှီနေကြသဖြင့် အစာကောင်းကောင်း ကျွေးရန် လိုနေသလို နွားအိုကြီး ညိုမောင်မှာလည်း အသက်အရွယ် ကြီးရင့်လာ၍ အလုပ်မခိုင်းဘဲ အနားပေးကာ အစာကောင်း ကျွေးထားလေ့ရှိသောကြောင့်ပင် အစာပေါသော ဤတောနက်ထဲမှာ လာကျောင်းခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် သည်နွားအိုကြီး ညိုမောင်သည် အရွယ်ရောက်စကပင် သည်တောနက်ထဲမှာ မကြာခဏ လာကျောင်းလေ့ရှိ၍ အစာကောင်းကောင်း စားလာရသောကြောင့် နွားအားလုံးတို့၏ ဦးဆောင်လမ်းပြ(အုပ်ထိန်း) ကြီးလည်း ဖြစ်နေသည်။

"ရှူး..ရှူး.. ဒုတ်..ဒုတ်"

"ရှမ်း..ဒုံး"

နွားများ နှာမှုတ်သံ၊ ခွာခေါက်သံများကို ကြားလိုက်ရ၍ ကိုအောင်ကျော်ဇော ခေါင်းကြီးသွားသည်။ နွားများ နှာမှုတ်ခြင်း၊ ခွာခေါက်ခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။ သားရဲရန်သူ တစ်ကောင်ကောင်ကိုမြင်၍၊ သို့တည်းမဟုတ် အနံ့ကို ရှူရှိုက်ရ၍သာ ဖြစ်ပေမည်။

နှာမှုတ်ခြင်းမှာ ဦးချိုကို ဝှေ့ယမ်းပြီး ရန်သူအား တိုက်ခိုက်ရန် စိန်ခေါ်သည့် သဘောဖြစ်ပြီး ခွာခေါက်ခြင်းမှာလည်း မြေပြင်ကို ခွာနှင့်ဆောင့်ပြီး ရန်သူအား တိုက်ခိုက်ရန် အသင့်အနေအထား ပြင်လိုက်ခြင်းမျိုးပင် ဖြစ်လေသည်။

ထို့ကြောင့် ကိုအောင်ကျော်ဇော နွားအုပ်နားသို့ ချဉ်းကပ်သွားသည်။ နွားများအားလုံးပင် ထိုဘက်ကမ်းပါးယံကိုကြည့်ပြီး နှာမှုတ်လိုက်၊ ခွာခေါက်လိုက်၊ သစ်ပင်ချုံနွယ်များကို ဝှေ့ခတ်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေကြသည်ကို တွေ့ရလေသည်။

ကိုအောင်ကျော်ဇော နွားများ ကြည့်နေကြသည့် သို့ ထိုဘက် တောင်ကမ်းပါးယံကို ကြည့်သော်လည်း ဘာမျှ မတွေ့ရပေ။ သို့သော်လည်း နွားများ အကြောင်းမဲ့ နှာမှုတ် ရန်မူခြင်း မရှိသည်ကို နားလည်ထား၍ ထိုဘက် တောင်ကမ်းပါးယံကို မသင်္ကာဖြစ်နေသည်။

ထို့ကြောင့် ကိုအောင်ကျော်ဇော အနီးအနားက သစ်ပင်ပေါ်တက်ပြီး ထိုဘက်တောင်ကမ်းပါးယံကို ကြည့်၏။ အပေါ်စီးက ရှာဖွေကြည့်ရှုလိုက်မှ ချုံနားကပ်ဝပ်ပြီး နွားအုပ်ဘက်သို့ စိုက်ကြည့်နေသော ဧရာမရိုးကျားကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။

ကိုအောင်ကျော်ဇော မျက်လုံးပြူးသွားလေသည်။ကိုအောင်ကျော်ဇော အသေအချာကြည့်သည်။ ရိုးကျားကြီးမှာ အမွေးအရောင်များ ခပ်ဖျော့ဖျော့ ဖြစ်နေသည်ကို တွေ့လိုက်ရ၍ ကျားအိုကြီးတစ်ကောင် ဖြစ်ကြောင်းလည်း နားလည်လိုက်သည်။

ကိုအောင်ကျော်ဇောနှင့် ကျားအိုကြီး၏ အကြားတွင် အလံခြောက်ဆယ်မျှသာလှမ်းပြီး အပေါ်စီးကလည်း တက်ကြည့်နေ၍ မြူခိုးများ ရစ်သမ်းအုံ့ဆိုင်းစပြုနေသည့်တိုင်အောင် သဲကွဲစွာပင် မြင်နေရသည်။

ကျားအိုကြီးများကို လျှော့တွက်၍ မရပေ။ ကျားအိုကြီးများမှာ ဇရာသို့ ရောက်လာနေ၍ မျက်စိမွဲကာ အင်အားများလည်း ချည့်နဲ့လာနေသောကြောင့် တောထဲက အမဲများကို ဖမ်းစားရန် မလွယ်ကူသဖြင့် ရွာနားကို ကပ်လာကာ ရွာမွေးတိရစ္ဆာန်များကို အလွယ်တကူ ဖမ်းစားတတ်သလို တောထဲမှာ တွေ့တတ်သော ရွာမွေးတိရစ္ဆာန်များကိုလည်း မလွတ်တမ်း လိုက်ဖမ်းတတ်သည်ကို ကိုအောင်ကျော်ဇော နားလည်ဖူးသည်။

ထို့ကြောင့် ချက်ချင်းပင် အသံကျယ်ကျယ်ဖြင့် အော်ဟစ်ပြီး နွားများကို မောင်းချလာခဲ့လေသည်။ သို့သော်လည်း တောလမ်းအတိုင်း ရွာကိုရောက်အောင် လေးမိုင်ကျော်မျှအထိပင် သွားရပေဦးမည်။ ထိုလေးမိုင်ကျော်ခရီးတစ်လျှောက်တွင်လည်း ဆေးရွက်ကြီးခင်းဟောင်းများနှင့် တောတန်းငယ်တစ်ခုကိုပါ ဖြတ်သွားရဦးမည်ဖြစ်၍ ရွာကိုရောက်ရန် မလွယ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com

နွားအုပ်ကို ခပ်သုတ်သုတ် မောင်းနှင်လာရင်း လမ်းဘေးဝဲယာများကို မျက်ခြည်မပြတ်လည်း ကြည့်သည်။ သိပ်ပြီးမကြာလိုက်ပေ။ တောထဲမှထွက်၍ ဆေးရွက်ကြီးခင်းဟောင်းနားသို့ ရောက်လျှင်ပင် ကျားအိုကြီးသည် ထိုဘက်တောင်ကမ်းပါးယံကိုဖြတ်ပြီး နွားအုပ်အား လိုက်ချောင်း,လိုက်ဆီးသည့် အနေအထားကို တွေ့လိုက်ရသည်။

ထို့ကြောင့် ကိုအောင်ကျော်ဇောမှာ အလွန်အမင်း ထိတ်လန့်ပြီး အခက်ကြုံရလေသည်။ သည်အတိုင်းသာဆိုလျှင် အုပ်ထဲမှ နွားတစ်ကောင်ကောင်သည် ကျားအိုကြီး၏ရန်မှ လွတ်နိုင်မည်ဟုပင် မထင်တော့ပေ။

နောက် ဆေးရွက်ကြီးခင်းဟောင်း ခြောက်ခုမျှကို ဆက်ဖြတ်ရဦးမည်။ ဆေးရွက်ကြီးခင်းဟောင်း တစ်ခုနှင့်တစ်ခု အကြားတွင် တောကျန်ကလေးများလည်း ရှိနေတတ်၍ သဲမဲပြီး လိုက်လာနေသော ကျားအိုကြီး၏ရန်မှ လွတ်မြောက်ရန် ခဲယဉ်းပေလိမ့်မည်။

ကျားအိုကြီးက လူပါလာပြီး သည့်မျှများသော နွားအုပ်ကိုမူ အတင်းလိုက်ဆွဲမည်တော့ မဟုတ်ပေ။ နွားအုပ်လန့်ဖျပ်ပြိုကွဲသွားအောင် အော်ဟစ်ခြောက်လှန့်ကာ အုပ်ကွဲသွားပြီးမှသာ ရရာနွားကို ဆွဲပေလိမ့်မည်။ ဤသည်မှာ ကျားတို့၏ အမဲဖမ်းသော ဉာဏ်ဖြစ်သည်။

ကိုအောင်ကျော်ဇောလည်း အသံကျယ်ကျယ်ကြီးဖြင့် အတတ်နိုင်ဆုံး အော်ဟစ်ကာ နွားအုပ်အား အမြန်ဆုံး မောင်း၏။ ဆေးရွက်ကြီး ခင်းဟောင်းများနှင့် တောကျန်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့ပြီးနောက် တောင်တန်းယံတစ်ခုကို ဖြတ်ကျော်ရန် နီးလာသောအခါ အခက်တွေ့ရလေသည်။

ဗိုက်ကားအောင် စားသောက်ထားကြသော နွားအုပ်အား အပြင်းမောင်းနှင်ရာ၌ နွားပျိုများက အပြေးတစ်ပိုင်း သွားနိုင်ကြသော်လည်း နွားအိုကြီး ညိုမောင်မှာ နွားပျိုများကဲ့သို့ မသွားနိုင်တော့ပေ။ ချည့်နဲ့၍လာလေသည်။ ခြိမ်းခြောက်ပြီး ရိုက်ပုတ်မောင်းနှင်သော်လည်း မြန်မြန်မလျှောက်နိုင်တော့ဘဲ ကိုယ်ကိုကျုံ့ပြီး အရိုက်ခံကာ ဖြည်းဖြည်းမှန်မှန်သာ လျှောက်နေလေသည်။

ကျားအိုကြီးသည်လည်း အတင့်ရဲလာလေသည်။ နွားအုပ်နှင့် သိပ်ပြီးအဝေးကို မခွာတော့ပေ။ ရရာနွားကို ဝင်ဆွဲမည့်သဘောပင် ဖြစ်လာလေသည်။ ရှေ့က တောင်တန်းယံကို ဖြတ်ကျော်သွားလျှင် ရွာနှင့် နီးသွားတော့မည်ဖြစ်၍ သူ နွားအုပ်ကို လက်လွှတ်ရတော့မည်ဟု မုဆိုးဉာဏ်ရှိသော ကျားအိုကြီး သိနေပုံရသည်။

ထို့ကြောင့် ကိုအောင်ကျော်ဇောသည် တောင်တန်းယံကို မဖြတ်ကျော်မီ နောက်ဆုံး ဆေးရွက်ကြီးခင်းဟောင်းတွင် နွားအုပ်ကို ရပ်နားလိုက်၏။

ဤနေရာကို ဆေးရွက်ကြီးခင်းဟောင်းဟု ဆိုသော်လည်း မြက်တောကြီးသာဖြစ်ပြီး သစ်ပင်လေးများလည်း ခပ်ကြဲကြဲသာ ပေါက်နေသောကြောင့် တစ်ဖက်တောစပ်တွင် ရှိနေသော ကျားအိုကြီးကိုလည်း ကောင်းစွာပင် မြင်နေရသည်။

နွားအုပ်မှာလည်း ကျားအိုကြီးကို မြင်နေရ၍ အလွန်အမင်း ကြောက်လန့်နေကြလေသည်။ ဆေးရွက်ကြီးခင်းဟောင်း အလယ်တွင် စုရပ်ပြီး မျက်လုံးများလည်း ပြူးကျယ်နေကြသည်။ နားရွက်များကို ရှေ့ထိုးနောက်လန် လုပ်ကာ တစ်ကောင်နှင့်တစ်ကောင် လှည့်ပတ်ပြီး နှာတမှုတ်မှုတ်၊ ခွာတဆဲဆဲ ဖြစ်နေကြလေသည်။

ရှေ့ကိုဆက်ပြီး နွားအုပ်အား မောင်း၍လည်း အဆင်ပြေမည် မဟုတ်တော့ပေ။ တောင်တန်းယံတစ်လျှောက်၌ မြောင်ကျပ်၊ လမ်းကျပ်များပြီး ချုံနွယ်ပိတ်ပေါင်းလည်း ထူထပ်သည်။

ကျားအိုကြီးကလည်း နွားအုပ်ကို လက်လွှတ်ခံမည် မဟုတ်ပေ။ ဆိုခဲ့သည့်အတိုင်း နွားအုပ် ရွာနှင့်နီးသွားလျှင် လက်လွှတ်လိုက်ရမည်ကို သိနေမည်ဖြစ်၍ ရသည့်နည်းဖြင့် အော်ဟစ်ခြောက်လှန့်ကာ နွားအုပ်လန့်ဖျပ်ပြီး တကွဲတပြား ဖြစ်သွားသည်နှင့် တစ်ကောင်ကောင်ကို အမိအရ ဆွဲပေလိမ့်မည်။

အချိန်အားဖြင့်လည်း ညနေငါးနာရီ ကျော်ပေလိမ့်မည်။ သားရဲတို့၏ သဘောသည် ညနေချိန်တွင် ပိုရဲတင်းသည်။ ထို့ကြောင့် ညနေချိန်တွင် သားရဲများနှင့် ရင်ဆိုင်ရလျှင် လွတ်နိုင်ချေနည်းသည်။ အမှောင်အားကိုးပြီး အတင့်ရဲကာ ဝင်ဆွဲတတ်သည်။

ထို့ကြောင့် လွတ်လမ်းမမြင်သည့်အဆုံး မထူးတော့ ခိုင်းနွား နွားပျိုတစ်ကောင်ကောင် ဆုံးရှုံးခံရမည့်အစား နွားအိုကြီး ညိုမောင်ကိုသာ ခွဲထုတ်ထားခဲ့ရန် (ကျ



www.burmeseclassic.com

www.burmeseclassic.com

ကျွေးထားခဲ့ရန်) စိတ်မကောင်းစွာဖြင့် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် အချိန်ကုန်ရန် မသင့်သဖြင့် ချက်ချင်းပင် အုပ်ထဲမှ နွားအိုကြီးညိုမောင်အား ခွဲထုတ်ထားခဲ့ပြီး နွားပျိုများကို ရွာဘက်သို့ မောင်းလွှတ်လေသည်။ နွားအိုကြီးသည် တအားအားအော်ကာ နွားပျိုများဘက်ကို အတင်းပြေးလိုက်သည်။ ကိုအောင်ကျော်ဇောကလည်း ပေါက် အော်ရိုက်ပုတ်ကာ ခွဲထားခဲ့၏။

ကျားအိုကြီးမှာလည်း နွားပျိုများဘက်ကို ပြေးလိုက်ရမလို၊ နွားအိုကြီးဘက်ကိုပင် ပြေးလိုက်ရနိုး ချီတုံချတုံဖြင့် ခုန်ပေါက်ရင်း နောက်ဆုံးတွင် တစ်ကောင်တည်း အုပ်ကွဲကျန်နေခဲ့သော နွားအိုကြီးဘက်ကိုသာ ပြေးလိုက်သွားလေသည်။

နွားအိုကြီးက တအားအားဖြင့် (ကူပါ ကယ်ပါဖြင့်) အော်ဟစ်ကျန်နေခဲ့သံကို စိတ်မကောင်းစွာ အဝေးအဝေးသို့ ရောက်သည်အထိ ကြားနေရလေသည်။ နွားအိုကြီးကို သနားမိသော်လည်း သည်နည်းမှတစ်ပါး မခြားမရှိ၍ ဘာမျှ မတတ်နိုင်တော့။

* * *

မခင်ဝင်းရီက တရှိုက်ရှိုက်ဖြင့် ငို၏။ ထို့နောက် ပြောသည်။

'ကိုအောင်ကျော်ဇော၊ ညိုမောင်(နွားအိုကြီး)ဟာ ရှင်နဲ့ကျွန်မ မင်္ဂလာဆောင်တုန်းက ရလာတဲ့ လက်ဖွဲ့ပစ္စည်းနော်။ အမေနဲ့ အဖေတို့ လက်ဖွဲ့တဲ့ ညိုမ(နွားအိုကြီး၏ မိခင်)နဲ့အတူ သားပေါက်ကလေးအဖြစ်နဲ့ ပါလာတာပါ။ သူ အရွယ်ရောက်လာပြီးနောက်လည်း ကျွန်မတို့မိသားစု စီးပွားကို ရှန်းကန်ပြီး လုပ်ကျွေးလာခဲ့တာလေ။ အဲဒါကို ရက်ရက်စက်စက်ကြီး ရှင် ကျားစာကျွေးရက်တယ်'

ထိုသို့ပြောပြီး မခင်ဝင်းရီ တရှုတ်ရှုတ်ငို၏။ ကိုအောင်ကျော်ဇောက သက်မ,ချသည်။

'အမှန်က ညိုမောင်ကြီးဟာ ကျွန်မတို့ မိသားစုရဲ့ ကျေးဇူးရှင်ကြီးပါ။ နွေရော မိုးရော လှည်းရုန်း၊ ထွန်ရုန်းနဲ့ လုပ်ကျွေးလာခဲ့တဲ့ ကျေးဇူးရှင်ကြီးပဲ မဟုတ်လား။ အခု အသက်ကြီးလို့ နားခွင့်ရမှ အစာနကလေး စားချင်လို့ တောထဲသို့ လိုက်သွားတော့မှ ဖြစ်ရလေ ညိုမောင်ကြီးရယ်'

မခင်ဝင်းရီ၏ အသံထွက်အောင် ငိုလေသည်။

ကိုအောင်ကျော်ဇော ဘာမျှမပြောနိုင်ဘဲ သက်မကို အကြိမ်ကြိမ်ချ၍သာ နေလေ၏။

'ညိုမောင်ကြီးဟာ ရှင့်မိသားစုကို လုပ်ကျွေးရုံနဲ့ မပြီးဘဲ ရှင့်သားသမီးတွေကိုပါ ကျောပေါ်မှာတင်ပြီး လယ်တောနဲ့အိမ်၊ အိမ်နဲ့လယ်တောကို အကြိမ်ကြိမ် ပို့ပေးခဲ့တာလေ။ အဲဒီကျေးဇူးတွေကိုလည်း ရှင်မငဲ့ဘူး။ သူများတွေမှာ နွားအိုတွေ သေဆုံးသွားရင်တောင် ကျေးဇူးဆပ်တဲ့အနေနဲ့ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပြီး သက်ပျောက်ရက်လည်း လုပ်ပေးကြတယ်။ အခု ရှင် ညိုမောင်ကြီးကို ကျေးဇူးဆပ်လိုက်ပုံက ကြောက်စရာ ကောင်းလှချည်လား၊ ရက်စက်လှချည်လား'

သူတို့အရပ်၌ နွားများကို မိဘနှင့်ပင် နိုင်းနှိုင်းကြ၏။ မိဘများက သားသမီးများကို မွေး၊ ကျွေးကြသလို နွားများကလည်း လယ်ထွန်၊ လှည်းရုန်းပြီး လုပ်ကျွေးကြသဖြင့် နွားများကို ဒုတိယမိဘဟူ၍ပင် ဆိုကြသည်။

ထို့ကြောင့် နွားများ အသက်အရွယ် ကြီးရင့်လာသောအခါ လယ်ထွန်၊ လှည်းရုန်း မခိုင်းတော့ဘဲ အနားပေးထားလေ့ရှိကြသည်။ သူ့ဘာသာ ရှာမစားနိုင်လောက်သည်အထိ အိုရင့်လာလျှင်လည်း အစာနများ၊ ရေကောင်းရေသန့်များကို ရှာဖွေပေးကျွေးပြီး မွေးထားကြသည်။ ဆေးဝါးလည်း တိုက်ကျွေး ကုသပေးကြသည်။

သေဆုံးသွားပြီးနောက်လည်း သီးသန့်သတ်မှတ်ထားသော နွားသင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ကာ သက်ပျောက်မြေကျဆွမ်းလည်း သွတ်ပေးလေ့ရှိကြသည်။

နွားသတ်သူကို မိဘသတ်သူဟု ပြောဆိုကဲ့ရဲ့ကြပြီး နွားသားစားသူတို့အားလည်း မိဘအသားကို စားသောက်သူဟူ၍ပင် ပြောဆိုကဲ့ရဲ့ကြသည်။ တချို့ နွားသတ်သူတို့မှာ သားသမီးရှိလျှင်ပင် အိမ်ထောင်ကျရန် ခဲယဉ်းလေ၏။ အိမ်ထောင်ဖက်တို့ကလည်း လက်မဆက်ဘဲ ပယ်ထုတ်ထားလေ့ရှိကြသည်။

ထိုမျှအထိ နွားများကို တန်ဖိုးထားကြသည်။ သည်အထဲ ကိုအောင်ကျော်ဇောမှာ ညိုမောင်ကြီးကိုသာ ကျားစာကျွေးထားခဲ့မိ၍ မိန်းမဖြစ်သူ၏ ပြောဆိုငြိုငြင်ခြင်းကို ခံနေရသလို ကိုယ်တိုင်လည်း များစွာပင် စိတ်မကောင်းဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အုပ်ထဲမှ ညိုမောင်ကြီးအား ခွဲပြီးထားခဲ့စဉ်က ထိုမျှအထိ မစဉ်းစားမိသော်လည်း ယခုပြန်လည် အမှတ်ရလေ ခံစားရလေ ဖြစ်လာရ၏။ ညိုမောင်ကြီး၏ တအားအားဖြင့် အော်ကျန်နေခဲ့သော အသံသည်လည်း ယခုမှ ကိုအောင်ကျော်ဇော၏ နားထဲ၌ ပိုမိုကျယ်လောင်လာနေလေသည်။ ထို့ကြောင့် အားပြုပြီး မခင်ဝင်းရီအား တစ်ခွန်း ပြောလိုက်၏။

'ငါလည်း အစက အဲလောက်ထိ မစဉ်းစားခဲ့မိလို့ပါ မရီရယ်။ ကျားကြီးကလည်း သဲသဲမဲမဲ လိုက်လာနေတော့ လွတ်လမ်း မမြင်ဘူးလေ။ ဒါကြောင့် နွားအုပ်ထဲက တစ်ကောင်ကောင် ဆုံးရှုံးရတော့မယ်ဆိုတာ သိလိုက်တဲ့အတွက် ခိုင်းနွား(နွားပျို)တစ်ကောင်ကို ဆုံးရှုံးခံမယ့်အစားဆိုပြီး ညိုမောင်ကြီးကို ခွဲထားခဲ့မိတာပါကွယ်။ ခုတော့ ငါ့ကိုယ်ငါလည်း နောင်တရလို့မဆုံး ဖြစ်နေမိပါပြီ'

မခင်ဝင်းရီ ဘာမျှမပြောတော့ပေ။ တအီအီနှင့် ငိုရှိုက်၍သာ နေလေ၏။

ကိုအောင်ကျော်ဇောမှာလည်း သူ့လုပ်ရပ်သူ ခွင့်မလွှတ်နိုင်သည်အထိပင် ရင်ကို လောင်မြိုက်နေလေ၏။ ထို့ကြောင့် သည်ည ကိုအောင်ကျော်ဇော အိပ်၍ပင် ပျော်နိုင်မည် မဟုတ်တော့။

* * *

ကိုအောင်ကျော်ဇော မိုးလင်းသည်နှင့် အိမ်မှ ထွက်လာခဲ့သည်။ ရွာသားများကို လိုက်နှိုးပြီးလည်း နောက်မှ လိုက်လာကြပါဟု မှာကြားထားခဲ့သည်။ ကိုအောင်ကျော်ဇောမှာ ဓားရှည်တစ်ချောင်းနှင့် ပေါက်တူးတစ်လက်ပါသည်။ ဓားရှည်မှာ သူ့အတွက် သက်စောင့်ဖြစ်ပြီး ပေါက်တူးမှာ ညိုမောင်ကြီး၏အလောင်း (ကျားစားကြွင်း) ကို တူးမြှုပ်ရန် ဖြစ်သည်။

လယ်ကွင်းလေး တစ်ကွင်းဆုံးလျှင် တောစပ်ကို ရောက်သည်။ စောလွန်းသေး၍ တောစပ်များသည်ပင် သိပ်ပြီးမလင်းသေးပေ။ သို့သော် ညိုမောင်ကြီးအတွက် အသက်ကိုပင် ပေးရ,ပေးရ ကိုအောင်ကျော်ဇော မကြောက်နိုင်တော့ပေ။ ကြောက်စိတ်လည်း မရှိတော့။ ကျားနှင့် ရင်ဆိုင်တွေ့လျှင်လည်း နောက်ဆုတ်မည် မဟုတ်တော့။

ကိုအောင်ကျော်ဇောမှာ သူ၏ မဆင်မခြင် လုပ်ရပ် ညိုမောင်ကြီး၏ အဖြစ်များကိုတွေးပြီး သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဖြစ်ကာ တစ်ညလုံးလည်း ညိုမောင်ကြီး၏ အဖြစ်ကိုတွေးရင်း တစ်မှေးမျှ အိပ်မပျော်ခဲ့ပေ။

ကိုအောင်ကျော်ဇော တောင်တန်းငယ်ကို ဖြတ်ကျော်လိုက်ပြီးနောက် ညိုမောင်ကြီးအား ခွဲထုတ်ထားခဲ့သည့် (ကျားစာကျွေးထားခဲ့သည့်) ဆေးရွက်ကြီးခင်းကို ရောက်သည်။ ညိုမောင်ကြီး၏ ခြေရာနှင့် ကျားခြေရာများကို စစ်ကြည့်သည်။

ကျားအိုကြီးသည် ညိုမောင်ကြီးကို အလွယ်တကူ အုပ်ဖမ်းနိုင်ခြင်းမရှိဘဲ ညိုမောင်ကြီးက နောက်မှလိုက်၊ ကျားအိုကြီးက ယက်ကန်,ယက်လန် နောက်ဆုတ်ပြေးထားသော ခြေရာများကိုသာ တွေ့နေရသည်။

ကျားများသည်ကား ဉာဏ်ကြီးသည်။ အမဲဖမ်းလည်း တော်သည်။ မပိုင်လျှင် မဖမ်းပေ။ကိုယ်လည်း အန္တရာယ် အဖြစ်မခံပေ။ အဆင်ပြေသည်အထိ လှည့်ပတ်ခြိမ်းခြောက်၍ ပိုင်မှ အပြီးတိုင် အုပ်ဖမ်းလေ့ရှိသည်။

ညိုမောင်ကြီးကလည်း တောထဲတွင် ကျင်လည်လာခဲ့ဖူး၍ တောတောင်အကြောင်း၊ သားရဲများ၏အထာစသည်များကို နားလည်သောကြောင့် အလွယ်တကူ ကျားအိုကြီးဆီမှာ အဖမ်းခံ လိမ့်မည်မဟုတ်ပေ။ ကျားများမှာ သားကောင်ဖမ်းသည့် အစွမ်းနှင့် အတတ်ပညာများ ရှိကြသလို သားကောင်ဖြစ်သည့် နွားများမှာလည်း ထိုက်သင့်သော ခုခံကာကွယ် တိုက်ခိုက်နိုင်သည့် အစွမ်းများ ရှိကြသည်။

နွားနှစ်ကောင်သာဖြစ်လျှင် သတ္တိရှိရှိ တစ်ကောင်နှင့်တစ်ကောင် ဖင်ချင်းပူးကပ်ပြီး ချိုနှင့်ခံထားလျှင် ကျားနှစ်ကောင်၊ သုံးကောင်သည်ပင် ဝင်ဖမ်းရဲခြင်း မရှိပေ။

နွားတစ်ကောင်တည်းသာ ဖြစ်လျှင်လည်း မည်မျှ အထိပင် သတ္တိကောင်းကောင်းဖြင့် လိုက်ခတ်၊ ဝှေ့ယမ်း နေသည့်တိုင်အောင် ရှေ့တစ်ကောင်၊ နောက်တစ်ကောင် ကျားနှစ်ကောင်ဝိုင်းပြီး ခြိမ်းခြောက်တိုက်ခိုက်လိုက်လျှင် နွား၏နောက်ဘက်က ကျားသည် အချိန်တိုအတွင်းမှာ ပင် နွား၏ နောက်ကျောပေါ်သို့ ခုန်တက်သွားပြီး ကုတ်ခြစ် ကိုက်ခဲလိုက်သဖြင့် နွားသည် လဲပြိုသေဆုံးသွားနိုင်၏။

ယခု တစ်ကောင်ချင်းဖြစ်၍ ညိုမောင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ တောင့်ခံတိုက်ခိုက်နိုင်စွမ်း ရှိပါ့မလားဟုတွေးကာ ကိုအောင်ကျော်ဇော စိတ်မကောင်းဖြစ်ရ၏။ ကျားအိုကြီးက ညလုံးပေါက် ကြံစည်ဘိုက်ခိုက်နေမည် ဖြစ်သောကြောင့် ညိုမောင်ကြီး အသက်ရှင်ဖွယ် မရှိပေ။

ကိုအောင်ကျော်ဇော ခြေရာများအတိုင်း လိုက်သွား၏။ ခြေရာများလည်း တောင်ခြေဘက်သို့ တန်းသွား၏။ ကျားအိုကြီးသည် ဆေးရွက်ကြီးခင်းဟောင်း လွင်ပြင်တွင် ညိုမောင်ကြီးအား အလွယ်တကူ အုပ်ဖမ်း၍ မရနိုင်သောကြောင့် တောထဲသို့ မျှားခေါ်သွားပုံရသည်။ တောထဲ၌ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သဖြင့် ကျားတို့၏ သားဖမ်းမာယာ အတတ်ပညာဖြင့် လှည့်ပတ်ချောင်းမြောင်း ဟိန်းဟောက်ပြီး တိုက်ခိုက်လျှင် အလွယ်တကူ ရနိုင်သည်ကို ကျားအိုကြီး သိပေလိမ့်မည်။

ခြေရာများ တောထဲသို့ ဝင်သွားသောအခါ ကိုအောင်ကျော်ဇော ပိုမိုသတိထားလာရသည်။ ယခုအချိန်သည် မနက်စောစောဖြစ်၍ တောစပ်တောင်စပ်များ လင်းရှင်းစမျှသာ ရှိသေးသည်။ တစ်ယောက်တည်းလည်း ဖြစ်နေသည်။ သားစားကြူးသော ကျားအိုကြီးတစ်ကောင်၏ နောက်ကို ခြေရာခံပြီး လိုက်နေရသဖြင့် ပိုပြီးလည်း အန္တရာယ်များလေသည်။

ကိုအောင်ကျော်ဇော ပေါက်တူးကို တောစပ်မှာ ချထားခဲ့ပြီး ဓားရှည်ကြီးကို ကျစ်ကျစ်ဆုပ်ကာ သတိကြီးစွာဖြင့်ပင် တောထဲသို့ ဝင်သွား၏။ တောစပ်သည်လည်း အနည်းငယ် မှော်မိုက်လျက် ရှိနေသေး၏။

သို့သော်လည်း ကုပ်ရာခြစ်ရာ ညိုမောင်ကြီးအား ကျားအိုကြီး အုပ်ဖမ်းသည့် အရိပ်လက္ခဏာများကို မတွေ့ရသေး၍ သိပ်ပြီး အရေးမကြီးလောက်သေးပေ။ အစာမာန်ရှိနေမှ ပိုပြီးသတိထားရလေသည်။

ကိုအောင်ကျော်ဇောသည် ခြေရာများအတိုင်း တောင်တန်းငယ်ကို လျှောက်တက်သွား၏။ ညိုမောင်ကြီး၏ ခြေရာနှင့် ကျားအိုကြီး၏ ခြေရာသည်လည်း တွေ့စကအတိုင်း တစ်ကောင်နှင့်တစ်ကောင် ခုခံရန်မူပြီး မာန်စောင်ရင်း ရွေ့လျောနေသည့် ခြေရာများသာ ဖြစ်၏။

တောင်တန်းငယ်၏ ကျောထိပ်ကိုရောက်၍ ခြေရာညွှန် ဦးတည်သည့်အတိုင်း ခန့်မှန်းပြီး ကြည့်လိုက်ရာ ထိုဘက်ချောက်ထဲတွင် ညိုမောင်ကြီးကိုရော ကျားအိုကြီးကိုပါ တွေ့လိုက်ရလေသည်။

ညိုမောင်ကြီးသည် ချောက်ဖျားလေး တစ်ခု၏ ကျောက်ကမ်းပါးယံကြီးကို ဖင်ပေးကာ တရှူးရှူး နှာမှုတ်လျက် ကျားအိုကြီးအား ဦးချိုနှင့် တေ့ခံထားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျားအိုကြီးလည်း မဝင်ရဲဘဲ မောင်ညိုကြီးအား လှည့်ပတ်ချောင်းမြောင်းနေလေသည်။

ကိုအောင်ကျော်ဇော တစ်အောင့်လေး ငေးနေမိ၏။ အသက်ချင်းလဲက လဲရစေတော့ ရသည့်နည်းဖြင့် ညိုမောင်ကြီးအား ကယ်ထုတ်ရပေတော့မည်။ နွားအိုကြီး တစ်ကောင်ဖြစ်လျက် ယခုအချိန်ထိ ကျားအိုကြီးထံတွင် အစားမခံရသေးဘဲ စွမ်းအားရှိသမျှ ခုခံကာကွယ်ပြီး သခင်လာ့ အကူကို စောင့်မျှော်နေသည့် ညိုမောင်ကြီးကိုလည်း သနား၍မဆုံး ဖြစ်သွားမိသည်။

ထို့ကြောင့် ကိုအောင်ကျော်ဇောသည် တောင်တန်းငယ်ထိပ်က ညိုမောင်ကြီးအားကြည့်ပြီး အရူးတစ်ယောက်ကဲ့သို့ပင် လှမ်းအော်လိုက်လေသည်။

"ညိုမောင်ကြီး အဖေလာပြီကွ။ စိတ်မလျှော့နဲ့။ မင်းအဲဒီအတိုင်းပဲနေ။ အဖေလိုက်လာပြီကွ"

ကိုအောင်ကျော်ဇော၏ အသံကိုကြားလျှင် ညိုမောင်ကြီး ဆတ်ခနဲ တစ်ချက်လှည့်ကြည့်၏။ ကျားအိုကြီးသည်လည်း ထိုနည်းတူစွာပင် လှည့်ကြည့်၏။

ကိုအောင်ကျော်ဇောသည် ထိုကဲ့သို့ အသံကျယ်ကျယ်ဖြင့် အော်ပြောပြီး ဓားရှည်ကြီးကို ကျစ်ကျစ်ဆုပ်ကာ ပြေးဆင်းလိုက်သွားလေသည်။

ထိုခဏ၌ ညိုမောင်ကြီး၏ 'ဘူး‥ဘူး‥'ဟု အော်သံကို ကြားလိုက်ရသည်။ ညိုမောင်ကြီးက ကျားအိုကြီး သူ့အနားမှခွာ၍ ကိုအောင်ကျော်ဇောဘက်သို့ ပြေးလိုက်သွားသည်ကိုမြင်၍ အော်ပြီး သတိပေးခြင်းပင် ဖြစ်သည်။

ကိုအောင်ကျော်ဇောသည် ဘာမျှ မစဉ်းစားနိုင်ဘဲ တောင်ခြေလျှောအတိုင်း အပြေးတစ်ပိုင်း ဆင်းလိုက်သွား၏။

ဤသည်မှာ ကိုအောင်ကျော်ဇော၏ အမှားဖြစ်၏။ ကျားတို့သည် သားကောင်ဖမ်းသောအခါနှင့် ရန်သူတို့အား ချောင်းမြောင်းတိုက်ခိုက်သော အခါများတွင် လူနီးနီး၌ ဉာဏ်ရှိကြသည်။ အထူးသတိထားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကိုအောင်ကျော်ဇောသည် ညိုမောင်ကြီး အော်ဟစ်သတိပေးသည်ကိုပင် အမှတ်မထားဘဲ ပြေးလိုက်သွားလေသည်။

နွားများမှာလည်း ရန်သူ၏အန္တရာယ်ကိုမြင်၍ အော်သောအသံ၊ ကြောက်၍အော်သောအသံ၊ သတိပေးသံ၊ သားပျောက်၊ ဖော်ကွဲခေါ်သံ စသည်ဖြင့် ခြားနားလျက် ရှိကြသည်။ ယခု ညိုမောင်ကြီး၏ အော်သံမှာ ရန်သူ၏ အန္တရာယ်ကိုမြင်၍ အော်သံမျိုးပင် ဖြစ်သည်။

ဤသည်ကို တောသားဖြစ်သည့် ကိုအောင်ကျော်ဇောသည်လည်း သိသည်။ သို့သော်လည်း ကံနိမ့်ချိန်ကြောင့်လောမသိ၊ ကိုအောင်ကျော်ဇော သတိမထားမိပေ။ ထို့ကြောင့် ကိုအောင်ကျော်ဇော အခက်ကြုံရလေသည်။

ကမ်းပါးယံအတိုင်း ပြေးဆင်း၍ အလံနှစ်ဆယ်ခန့်သို့ အရောက်တွင် ချုံအကွယ်မှ ကျားအိုကြီး၏ အုပ်ဖမ်းခြင်းကို ခံရလေသည်။

ရန်သူ၏ အထာကိုသိပြီး သားဖမ်းပရိယာယ်ကြွယ်သော ကျားအိုကြီးသည် ကိုအောင်ကျော်ဇော၏ ဓားကိုင်ထားသော ညာဘက် လက်မောင်းရင်းကိုသာ အမိအရ ကိုက်ခဲလေ၏။



ကိုအောင်ကျော်ဇောလည်း သတ္တိကောင်းသော လူတစ်ယောက်ဖြစ်သည်။ ကျားဆွဲခံနေရသော်လည်း အတတ်နိုင်ဆုံး အန်ကိုခဲပြီး လဲမသွားအောင် တောင့်ထားသည်။ ထို့နောက် ဓားရှည်ကို ဘယ်ဘက်လက်သို့ ပြောင်းကိုင်လိုက်ပြီး ကျားအိုကြီးအား ခုတ်ရန် ကြိုးစားသည်။ သို့သော် ဓားရှည်နှင့်ခုတ်ရန် ရွယ်လိုက်တိုင်း ကျားအိုကြီးက လက်နှင့် လှမ်းပြီး ပုတ်ချ၏။

ကျားလက်သည်းများမှာ ချွန်ထက်သောကြောင့် တစ်ချက်အပုတ်ချခံရရုံဖြင့် ကိုအောင်ကျော်ဇော၏လက်သည် စုတ်ပြတ်ကာ သွေးစိမ်းဖြန်းခနဲ ထွက်သွားလေသည်။ ထို့နောက် ဓားရှည်နှင့် ခုတ်ရန်ကြိုးစားတိုင်း ကျားအိုကြီးက သုံးကြိမ်တိုင်တိုင် ပုတ်ချခြင်းကို ခံလိုက်ရပြီးနောက် ကိုအောင်ကျော်ဇော၏လက်မှ ဓားရှည် ပြုတ်သွားလေသည်။

ထို့နောက်လည်း ကိုအောင်ကျော်ဇော ဖွဲမလျှော့သေးဘဲ လက်သီးဖြင့် ကျားအိုကြီး၏ နှာနကို ထိုး၏။ ဤတွင်လည်း သွေးစိမ်းဖြာထွက်လျက် အားအင်များ ကုန်ခန်းနေပြီဖြစ်၍ ထိရောက်မှု မရှိတော့ပေ။ ထို့နောက်လည်း ဆက်ထိုးရန် အခွင့်မရဘဲ ကြိုးစားပြီး လက်ကိုမြှောက်လိုက်တိုင်း ကျားအိုကြီး၏ ပုတ်ချခြင်းကိုချည်း ခံနေရ၍ မတတ်သာတော့၊ ကိုအောင်ကျော်ဇော၏ တစ်ကိုယ်လုံး တုန်လာလေသည်။

ထို့ကြောင့် ကြံမိကြံရာ မတတ်သာသည့်အဆုံး ညိုမောင်ကြီးကိုပင် လှမ်းအော်လိုက်လေ၏။

'သားကြီး ငါသေရတော့မယ်။ လာကူဦးကွ၊ သားကြီး လာကူဦးကွ'

ညိုမောင်ကြီးသည် ကိုအောင်ကျော်ဇော၏ အော်သံကို ကြားသည်နှင့် တစ်ပြိုင်နက် 'ဂူ' ဟူသော အော်သံကို ပေးပြီး ပြေးလိုက်လာလေ၏။ ထိုအချိန်၌ ကျားအိုကြီးသည် ကိုအောင်ကျော်ဇောကို ဆွဲလှဲရန်သာ ကြိုးစားနေသဖြင့် ညိုမောင်ကြီး ပြေးလိုက်လာနေသည်ကို သတိမပြုမိပေ။

အနားကိုရောက်၍ ညိုမောင်ကြီး ဦးချိုဖြင့် တစ်အားခတ်ကော်လိုက်ရာ ကျားအိုကြီး 'ဝုန်း' ဟု တစ်ချက်သာ



www.burmeseclassic.com

www.burmeseclassic.com

အော်နိုင်ခဲ့ပြီး ချောက်ထဲသို့ ပြုတ်ကျသွားလေသည်။ ညို မောင်ကြီးမှာ တစ်ထွာကျော်သော ချိုတုတ်ကြီးအစုံရှိ သည်။ အုပ်ထိန်းကြီးဖြစ်၍လည်း ကိုအောင်ကျော်ဇောက ညိုမောင်ကြီး၏ ဦးချိုကို ပုလင်းကွဲဖြင့်ခြစ်ပြီး ချွန်ပေး ထားသည်။

ထို့ကြောင့် ယခု ညိုမောင်ကြီး၏ ချိုတုတ်ကြီးနှစ် ချောင်း လက်လှုပ်အောက် အသည်းပုံကို စိုက်ဝင်သွား သဖြင့် ကျားအိုကြီး ဘာမျှမတတ်နိုင်တော့၊ ချောက်ထဲသို့ ခွေကျလျက် တညည်းညည်းဖြင့် အကြောဆွဲနေလေသည်။

ကိုအောင်ကျော်ဇောလည်း မေ့မျောသွား၏။ သို့သော် လည်း သတိကို အားပြုနေချိန်ဖြစ်၍ ခဏမျှသာ။ ကို အောင်ကျော်ဇော ချုံပုတ်ကို မှီထိုင်မေ့မြောနေရာမှ သတိ ပြန်ဇင်လာ၍ မျက်စိဖွင့်ကြည့်လိုက်ရာ ညိုမောင်ကြီးသည် ကိုအောင်ကျော်ဇော၏ လက်ကို လျှာဖြင့် လျက်ပေးပြီး ပြုစုနေသည်ကို တွေ့လိုက်ရသည်။

'သားကြီး မင်းတော်တယ်။ မင်းကျေးဇူးကြောင့် ငါ မသေတာ'

ကိုအောင်ကျော်ဇောက သူ့လက်တစ်ဖက်ကို အား ပြုမြှောက်ပြီး တုန်တုန်ယင်ယင်ဖြင့် ညိုမောင်ကြီး၏ နှုတ် သီးကို ပွတ်သပ်ပေးလိုက်၏။ ညိုမောင်ကြီးလည်း ခေါင်း တလှုပ်လှုပ်ဖြင့် ကျေနပ်နေသည်။

ကိုအောင်ကျော်ဇော အားပြုပြီး လက်ခြေများကို လှုပ်ကြည့်သည်။ ဖြည်းဖြည်းချင်းတော့ ရသည်။ ဒဏ်ရာ မှ သွေးလည်း မြင်မကောင်းလောက်အောင်ပင် ထွက်ကျ နေသည်။

ထို့ကြောင့် သည်အတိုင်းသာ အဆက်မပြတ် သွေး ထွက်လွန်လျှင် ထပ်ပြီး သတိမေ့နိုင်သေးသည်။ သည် တစ်ကြိမ်သာ သတိမေ့မြောသွားလျှင်လည်း ပြန်၍တစ်ဖန် လည်လာနိုင်ဖွယ် မရှိတော့ပေ။

ထို့ကြောင့် ရှိသမျှ အားအင်များကို စုစည်းကာ ညိုမောင်ကြီး၏ ဦးချိုကို ကိုင်ဆွဲပြီး ထ၏။ ထို့နောက် အနီးအနားက ဇာမနီ(ပိစပ်)ပင်ရွက်များကို ဆွတ်ခူးကာ အားပြု အရည်ညှစ်ပြီး ဗရပွဖြစ်နေသော ကျားကိုက် (ထုတ်) ဒဏ်ရာများကို လူး(လိမ်း)၏။

ဇာမနီ(ပိစပ်ပင်)သည် တောသူတောင်သားတို့၏ ဩသဓ ဆေးကြီးသာဖြစ်၏။ ရောဂါအားလုံးနီးပါးကိုပင် ကောင်းကောင်းပျောက်နိုင်၏။ ဓားခုတ်၊ လှံထိုး၊ ထိခိုက် ရှနာ (အနာစိမ်း)များကို သာ၍ နိုင်၏။

ကိုအောင်ကျော်ဇော သုံးလေးကြိမ်မျှ ဇာမနီ(ပိစပ် ရွက်) အရည်ကို ညှစ်ထုတ်ယူပြီး ဒဏ်ရာများအား လူး (လိမ်း)လိုက်ရာ ချက်ချင်းပင် သွေးတိတ်သွား၏။ ကိုက် ခဲနာကျင်ခြင်းများသည်လည်း အထိုက်အလျောက် သက် သာသွား၏။

'ကိုင်း သားကြီး..တို့သားအဖ ဒီတိုင်းနေလို့ မဖြစ် သေးဘူးကွ။ ဒီဒဏ်တွေကို အချိန်မီ ဆေးဝါးကုသဖို့ လိုသေးတယ်။ ရွာကို ပြန်မှဖြစ်မယ်။ ဒါပေမဲ့ ငါ လမ်း မလျှောက်နိုင်တော့ဘူး။ မင်းပဲ သယ်ပိုးပေးပါတော့ကွာ'

ကိုအောင်ကျော်ဇောမှာ ကျားသေကြီးကို ဂရုမစိုက် နိုင်ခဲ့ဘဲ အားပြုပြီး ညိုမောင်ကြီး၏ ကျောကုန်းပေါ်ကို ကုတ်ကပ်တက်ကာ ထိုအနားမှ ခွာလာကြသည်။

သို့သော်လည်း ညိုမောင်ကြီးမှာ နွားအိုကြီးလည်း ဖြစ်၊ တစ်ညလုံးလည်း ကျားအိုကြီးကို ခုခံကာကွယ် တိုက်ခိုက်နေခဲ့ရ၍ ပိုမိုချည့်နဲ့နေလေရာ လမ်းတစ်လျှောက် တွင် ခဏ,ခဏ နားရလေသည်။

တောင်တန်းငယ်ထိပ်ကို ရောက်လာကြမှ ရွာက လိုက်လာကြသော ရွာသားများနှင့် တွေ့ကြရသည်။ ရွာ သားများလည်း တအံ့တဩ အထိတ်တလန့် ဖြစ်ကုန် ကြသည်။ ကိုအောင်ကျော်ဇောလည်း ရှိသမျှ အားအင်ကို စုပြီး (အကျဉ်းမျှ)ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက် သည်။

ထို့နောက် ရွာသားများ လူနှစ်စုခွဲပြီး တစ်စုက ကိုအောင်ကျော်ဇောကို ထမ်းသယ်ယူကာ ရွာသို့ ချက် ချင်း ပြန်လာကြ၏။ နောက်တစ်စုက ပေါက်တူးကိုယူပြီး ကျားသေကြီးကို မြေမြှုပ်ရန် တောထဲသို့ ဝင်သွားကြ သည်။ ညိုမောင်ကြီးကိုမူ သူ့သခင်၏ စားကျက်ကုန်းသို့ မောင်းပို့ထားခဲ့ကြသည်။

<u>**စာကြွင်း**</u>

- ထိုအချိန်က ကျားရိုး ကျားရေ တန်ဖိုးမရှိသေးပေ။ ထို့ကြောင့် ကျားကို ရလျှင်လည်း မြေမြှုပ်ပစ်ကြရ၏။

**မင်းဟိန်းထိုက်**



www.burmeseclassic.com